www.burmeseclassic.com

လာဘ်မိုးရွေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော


# ရောင်ပြန်

မဂ္ဂဇင်း

ဝေဘူဆရာတော်ကြီးနှင့် သက်န်း(စာ-၂၀)


စမတစ်ထောင် ရသေ့တောင်(စာ-၄၂)

မိုင်းဖုန်းဆရာတော်(စာ-၄၉)



ဆာဒူးနှင့် ကျင့်စဉ်

(စာ-၁၀၄)



မော်စားပွဲ

(စာ-၁၅၂)



သွေးစုပ်ဖုတ်ကောင်

(စာ-၁၇၇)

- မြန်မာနိုင်ငံနှင့် လျော်(စာ-၁၃၆)
- ပြည်မြို့ရှိ "မရှိခဏဆရာတော်" ၏ ကျင့်စဉ်(စာ-၁၄၇)
- ဘုရားရှင်၏ လက်တော်ဟန်အမူအရာ "မုဒြာ"(စာ-၁၄၈)
- ဗူဒူးလောကီပညာ(စာ-၁၅၄)

Graphic:
Soe
Win
Htun

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးရွှေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘော မေ၊
သဒါ ဟောတု ဘဝါဘဝေ။

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၆-ခုနှစ်၊ မတ်လ၊ အမှတ် (၂၆)

◉ မောင်မောင်မြင့်အေး စီစဉ်မှုမ်းမံတည်းဖြတ်သည်။ ◉

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ)    အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

[illegible]ဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သမြာဇင်    အယ်ဒီတာရုံးအဖွဲ့ - ဗိုဗို

[illegible] - ဦးမောင်မောင်မြင့်အေး(ဝ၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ [illegible] ပုံနှိပ်သည်။

[illegible] - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်

[illegible] - ရုက်၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ ကျော်ဝင်းမောင်၊ စံလွင်မောင်၊ ဖိုးအောင်တို့က [illegible] မျက်နှာဖုံးဓာတ်ပုံကို စိုးဝင်းထွဋ်မှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ ပေါ်ဒါ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ [illegible] သုတအမြားမြားကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် [illegible]ကြောင်းအရာများ၊ ခေတ်ကာလနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း[illegible]များအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော [illegible] ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် [illegible] ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်[illegible]ကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ မတ်လ၊ အမှတ် (၂၆၆)

## မာတိကာ

### ရောင်ပြန် ကဗျာ

နွေကိုတူး(ပခုက္ကူ)၊ မောင်သုခွေ(သပြေရုံ)၊ သွေးရည်၊ မောင်ခင်မိုင်း(ချောက်)၊ ဝေးနေ၊ တောသားကြီးလှနိုင်၊ မင်းသွေးနွယ်(ဗီးကုန်း)၊ ခက်လှိုင်းကျော်

BURMESE CLASSIC

### ရောင်ပြန် အခန်းဆက်ရသ


တေဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် တမလွန်ချင်းဘု(၁၅)
မောင်ပိန်းကျော် —— ၂၁၀

ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား(၉)
မင်းသိမ် —— ၂၂၄

ဂန္ထီရခွစာ(၉)
ယိုး —— ၂၃၆

အစိမ်းရောင် သစ္စာစကား(၆)
ကျော်မြသန်း —— ၂၅၀

ဒေါ်ခံ့မ၏ သုံးဘဝခရီး(ဇာတ်သိမ်း)
ဝေယံလင်းခေါင် —— ၂၆၂


သွေးစုပ်ပုတ်ကောင်မဟုတ်သည့်

## ဒရက်ကူလာ

စာ-၁၆၅

■ ဦးတိုး(တက္ကသိုလ)



အထူးထူးအထွေထွေ

နှင့်

## ဘူးလေစေတီတော်



သုတေသီ ဆရာငြိမ်း

စာ-၁၇




မောင်မောင်မြင့်အေး

စာ-၄၉

မြည်မြို့ 'မရှိခဏ' ကျောင်းဆရာတော်

## အရှင်အာစာရ (သိကုန်း)

နှင့်

ကျင့်စဉ်များ

■ မြနန်းရှင်

စာ-၁၄၅



www.burmeseclassic.com

www.burmeseclassic.com

သူတော်စင်ပိဋကကြီးတို့၏
## ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ

ပိဋကဓရ ဆရာအောင်



- ၅၅

ဝေဿာရစထာဝ်စမြိန္ဒ
ဇာတ်နိပ်ဇာတ်မြှင့်အလိုက်
ရွှေပုစဝ်းအတွင်း ပျော်ပျော်ပါးပါးနေထိုင်ကြသူများ

တက္ကသိုလ်မျိုး



စာ - ၁၈၀

## ရောင်ပြန် ရသ


ဆန်းတဲ့ ဒေါက်တာသေမင်း
သကျော်ဝင်း ———— ၂၀၂
ကောင်းမှုကိုပယ် ကောင်းမှုကိုဆယ်
ဂမြိုင် ———— ၂၇၄



ကယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
၂ - လမ်း (အောက်)၊ ပုလဲတထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


## မြန်မာ့ရေးရာ


အထူးထူး အထွေထွေနှင့် ဆူးလေစေတီတော်
သုတေသီဆရာငြိမ်း ———— ၁၇
အောင်မြေ ဝေဘူဆရာတော်ကြီး၏ သက်နှင်းတော်နှင့်...
ဝေစည်(ရွှေဘို) ———— ၂၀
ပိဋကမြို့တော်ကြီးထဲက နံကသူလိုဏ်ဂူတော်ကြီး
မင်းတိုင်ပင်(မြရောင်မြေ) ———— ၂၂
ကမ္ဘာ့ဗေဒမိမဂ္ဂဗိုင် ရွှေမြည်ဝင်ဘုရားစေတီတော်...
ဗေဒသုတေသီဆရာမျိုး ———— ၂၇
မြိုင်မြို့နယ်မှ အလောင်းတော်ကဿပ
ရဟန္တာမထေရ်မြတ်၏ ခြေတော်ရာ
ခွေမြင့်ချ(ကြေး/မြေ) ———— ၃၅
မေတ္တာယာကြာနှင့် ဓမ္မစေတီတည်
မောင်စစ်ကြည်(ပန်းတနော်) ———— ၄၀
စမတ်စ်တောင် ရသေ့တောင်၏ ထူးခြားမှုများနှင့်
မြမဥ္စုဝေ(ကျုံမငေး) ———— ၄၂
ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ
အေးအေးသန်း ———— ၄၆
မိုင်းဖုန်းဒေသနှင့် မိုင်းဖုန်းဆရာတော်
မောင်မောင်မြင့်အေး ———— ၄၉


မင်းသိမ်



စာ - ၂၂၆


www.burmeseclassic.com

www.burmeseclassic.com

ဆရာဇူးနှင့်ကျင့်စဉ်

စာ - ၁၈၄

ဝင်းသက်ဝင်း



## လောကီရေးရာ


ရွယ်စုံရ မင်းသမီးကြီး
သမီးချိုအောင်မိုး —— ၅၃

ပြည်တော်ဝင်နေ့ တပေါင်းလပြည့်
တက္ကသိုလ်ချွင်ဥက္ကာ —— ၅၆

ရောင်ခြည်မဂ္ဂင်ပြက္ခဒိန်
အင်ကြင်းမြို့မြို့(တောင်ငူ) —— ၅၉

သည်လများအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် —— ၆၀

ခိုက်ပျို့ရေးရာ သစ်ပြုစရာ
တောကကိုရင် —— ၆၁

မတ်လမှာ ဆောင်ရွက်ပါ
နေမျိုးတွင့်ခေါင် —— ၆၂

အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒီကျော်ခေါင် —— ၆၃

သည်လအတွက် ကောင်းသောရက်
နှယ်သာကီအောင် —— ၆၄

ဆေးဝေဘ်ကြီး
နေဘုန်းသစ် —— ၇၁

မြို့ရှန်ကုန်ဝန်းကျင်မှ ဂန္ဓီရခန်းကြွယ်ဖြစ်ရပ်များ(၂)
မထမံဝိဇ္ဇာအောင် —— ၇၅

ဘဝ၏ စိန်ခေါ်မှုများနှင့်အတူ
တက္ကသိုလ်သန် —— ၈၂

ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး —— ၈၅

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆ မတ်လ···
ကောဇီအောင်သိန်း —— ၈၉

ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၉)
ပထမံဆရာကြီးဦးအောင်သူ —— ၉၃

သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ(၂)
ဝိဇ္ဇာရေဆရာအောင် —— ၉၅

ဗာကျိုးနီးယားမှုစာ(၁)
မောင်ကောင်းမြင့် —— ၉၉

နတ်ချင်းတိုက်သည့် စစ်ပွဲမှ···
နန်းကြေးသျှင် —— ၁၀၁

ထူးဆန်းသော စိတ်စွမ်းအင်
ဒေါက်တာဥမ္မာ —— ၁၀၅

လောကသားတို့၏ အပြင်ကို ခန့်ကျင်ခြင်း
နတ်ထီးလှိုင် —— ၁၀၉

မိဘပစ္စည်းအခွောင် သိဒ္ဓိကြီးအောင်
မော်တင်သိန်းဇော်ဝ —— ၁၁၄





စာ - ၂၅၀


www.burmeseclassic.com



## လောကီရေးရာ


အနိစ္စဒေသနာတော်(၂၁)
ဓားထွန်း —— ၁၂၂
ရှုပြည့်အလှူတော်မင်္ဂလာ...
ရွှေလီသိန်းအောင် —— ၁၂၆
ဓာတ်ဆိုက်ယတြာ ရွှေပညာ
ဘုန်းမှင့်ထွန်း —— ၁၉၆
သင့်ထက်မှာ ဒါမျိုးပါလား
ဒေါက်တာစောယုနွယ် —— ၁၉၉
ဟိုတစ်ချိန်က ဆရာနှင့် တပည့်များ
မောင်ချိုခင်း(ကမ္ဘာ့ရဝတီ) —— ၂၀၆
ချွန်သာကြီးပွားတိုးတက်စေရန် လောကီ-ဂေဟာလီ...
ကျော်ဇောဟိန်း(နံ့သာ) —— ၂၂၀
ကြေးပုံတံဆိပ် အမှတ်အသား
မောင်မောင်စန်းထွေး —— ၂၈၇
အမှုအခင်း ဖယ်ရှားကင်း အောင်မြင်နိုင်မှာ သည်ဂါထာ
ချိန်ရှုဆရာငြိမ်း —— ၂၉၀
၂၀၁၆-နှစ်သစ်ကူး အာဘမင်းသိခ်ံ အောက်မေ့သတိရ အမှတ်တရ
ဒေါက်တာစောယုနွယ် —— ၂၉၂



## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ကြည်း၊ ရေ၊ လေ ခရီးအန္တရာယ်ကြီးမှ ကင်းဝေးရန်
ကောင်းဟိန်း(ကျွန်းသစ်) —— ၁၃၀
ဘုရားစေတီသမိုင်းနှင့် မြန်မာ့ငလျင်
ကိုမောင်သန်းဝင်း —— ၁၃၁
မြန်မာနိုင်ငံနှင့် ငလျင်
ကိုမောင်သန်းဝင်း —— ၁၃၆
မြေငလျင်ကာကွယ်နိုင်သော ဂါထာတော်မြတ် —— ၁၃၉
ငလျင်လှုပ်မည့် အကြိုနိမိတ်များ
ဆရာဇီဝအောင်ထွန်း —— ၁၄၀
မီးဘေးအန္တရာယ်နှင့် မြေငလျင်
ကာကွယ်နိုင်သော ဂါထာမြတ် —— ၁၄၁
မြေငလျင်လှုပ်ခြင်းနှင့် ပတ်သက်သရွေ့
ဆရာသီဟစကြာစိုးမြင့် —— ၁၄၂
ပြည်မြို့ "မရှိခထားကျောင်းဆရာတော် ဘဒ္ဒန္တကုဝေရ"...
မြနန်းရှင် —— ၁၄၅
ပြည်မြို့ "မရှိခထားဆရာတော်"၏
"ပြည်ပအောင်ပွဲ အစီအစဉ်နှံ့" အထူးကျင့်စဉ် —— ၁၄၇
မုဒြာ(ဘုရားရှင်၏ လက်တော်ဟန်အမူအရာ) —— ၁၄၈
ဈေးစားပွဲ...
တက္ကသိုလ်မိုးမြင့်ဇေ —— ၁၅၂

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ဗုဒ္ဓလောကီပညာ
လှမိုး(ပညာရေး) ——— ၁၅၄
ဒရက်ကူလာနောက် ခြေရာကောက်သော်
လှမိုး(ပညာရေး) ——— ၁၆၀
သွေးစုပ်ဖုတ်ကောင် မဟုတ်သည့် "ဒရက်ကူလာ"
ဦးတိုး(တက္ကသိုလ) ——— ၁၆၅
သွေးစုပ်ဖုတ်ကောင် "ဒရက်ကူလာ"အကြောင်း အကျဉ်း
ဦးတိုး(တက္ကသိုလ) ——— ၁၇၇
စေဘာရဟောင်ခြေဦ ဇာတ်နိမ့်ဇာတ်မြင့်...
တက္ကသိုလ်မျိုး ——— ၁၈၀
ဆာဒူးနှင့် ကျင့်စဉ်
သုတေသီမင်းသဏ်ဝင်း ——— ၁၈၄
ဆာဒူးတို့ရဲ့ ရေချိုးပွဲနှင့် အံ့ဖွယ်ရာကျင့်စဉ်များ
ပထမံဆရာကြီး ဦးအောင်သူ ——— ၁၉၀
ဂန္ဓီရုနယ်မြေ ရှေးဟောင်းအမွေ ဂင်္ဂါမြစ်ရေ
ပထမံဆရာကြီး ဦးအောင်သူ ——— ၁၉၃

# ဒရက်ကူလာနောက် ခြေရာကောက်သော်

လှမိုး(ပညာရေး)



စာ - ၁၆၀



စာ - ၂၆၂

## ရောင်ပြန် လူ့ဂုဏ်ဆန်းကြယ်

ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် မောရစ်ကောလစ်
လှမိုး(ပညာရေး) ——— ၆၆
ပြည်တွင်းပြည်ပ ဗိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ——— ၁၁၆

## ရောင်ပြန် တိုင်းရင်းဆေး

ဗိုက်နာ၊ ဝမ်းနာ၊ လေနာရောဂါရှင်များအတွက်
သစ္စါကျော်ဆရာတော် ——— ၂၇၉
အာဟာရပြည့် ဆေးဖက်ဝင် အသီးအနှံများ
သုတေသီဆရာငြိမ်း ——— ၂၈၂

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းလောကီပညာ

လှမိုး(ပညာရေး)



ဈ - ၁၉၇

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် ———— ၃၀၁

## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း

ဒေါက်တာစောယုနွယ် ———— ၃၁၀

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ———— ၃၁၂







အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

## လာဘ်မိုးရွာ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com

# သက်တော်ဖြူ ဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပစ္စုပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
တေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဘိက္ခဝေ-ရဟန်းတို့။ ပစ္စုပက္ကမေန-သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့်။ တထာဂတံ-မြတ်စွာဘုရားကို။ ဇီဝိတာ-ဇီဝိတိန္ဒြေမှ(ဝါ)အသက်မှ။ ယံ ဝေါရောပေယျ-အကြင် ချရာ၏(ဝါ)သတ်ရာ၏။ ဧတံ-ဤသို့ သူတစ်ပါးတို့ လုံ့လပယောဂဖြင့် အသက်ကိုချခြင်း၊ အသတ်ခံရခြင်းသည်။ အဋ္ဌာနံ-အကြောင်းမဟုတ်။ အနဝကာသော-အရာမဟုတ်။ ဘိက္ခဝေ-ရဟန်းတို့။ တထာဂတာ-ဘုရားရှင်တို့မည်သည်။ အနုပက္ကမေန-သူတစ်ပါးတို့ လုံ့လပယောဂ မရှိပါဘဲ(လုပ်ကြံသတ်ဖြတ် ခံရခြင်းမှ ကင်းလျက်)။ ပရိနိဗ္ဗာယန္တိ-အလိုလိုသာ ပရိနိဗ္ဗာန်ပြုတော်မူကြရကုန်၏။

တေနသစ္စဝဇ္ဇေန-ဤမှန်ကန်သော သစ္စာစကားကြောင့်။ သဗ္ဗဒါ-အခါခပ်သိမ်း။ မေ-အကျွန်ုပ်အား(ဝါ)အကျွန်ုပ်တို့ မိသားစုအား။ သောတ္ထိ-ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းသည်။ ဟောတု-ဖြစ်ပါစေသတည်း။

[သူတစ်ပါးအတွက်ဖြစ်လျှင် (မေ)အစား တေ-သင့်အား(ဝါ)သင်တို့မိသားစုအားဟု ပြောင်း၍ဆိုပါ]

www.burmeseclassic.com

www.burmeseclassic.com



# အထည်ကြီးပျက်

## နွေကိုတူး(ပခုက္ကူ)

မှားယွင်းကောန်
သိပ်ပါမှန် လျက်
ဟန်တစ်လုံး ပန်တစ်လုံး
စကားလုံးမလျှော့
ရင်ကော့မာန်တင်း
ခေါင်းမော့ပြင်းကာ
ထမင်းကြမ်းခဲအား
ယပ်ခတ်စား
သနားစရာပဲ သူငယ်ချင်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကဗျာမှန်တိုင်းကြားကလူ သို့မဟုတ်....

တောသားကြီးလှူနိုင်

■ ရောနှိုင်း၌
နားလည်းအူပေါ့
ငယ်မူ့ရုပ်ဆင်း
အားလုံးကင်းလျက်
လည်ပင်းလည်းတွန့်
လက်လည်းတုန်ပြီး
လှုပ်ခုန်နှလုံး
မရပ်ဆုံးမီ
လှည့်လည်၍လာ
နေ့စဉ်သာ
ကဗျာမှန်တိုင်း
စိတ်ဓာတ်လှိုင်း
နေ့တိုင်းတိုက်ခတ်လျက်...။
ညတိုင်းတိုက်ခတ်လျက်...။
လောကကြီးက ပြုံးပျော်လျက်...။




www.burmeseclassic.com

www.burmeseclassic.com




# နှစ်သစ်ခရီး

## မင်းသွေးနွယ်(ဗိုးကုန်း)

■ လူသစ် စိတ်သစ်၊ အတွေးသစ်နဲ့
အပြစ်ခပ်သိမ်း၊ ဖယ်ခွာတိမ်းလို့
ငြိမ်းချမ်းအလှ၊ တည်ဆောက်ကြစေ…။

■ အားသစ်မာန်သစ်၊ ခြေလှမ်းသစ်နဲ့
အချစ်ရိပ်လွှမ်း၊ ပွေ့ဖက်ကာမ်းလို့
ငြိမ်းချမ်းဘဝ၊ လျှောက်လှမ်းကြစေ…။

■ ခေတ်သစ် နှစ်သစ်၊ အလွင်သစ်နဲ့
အနှစ်ပြည့်လျှမ်း၊ ပန်ဆင်မြန်းလို့
ငြိမ်းချမ်းမွေ့၊ မြှင့်မြောက်ကြစေ…။

■ ခြေသံ…
"နှစ်ထောင့်ဆယ့်ခြောက်"
တံခါးခေါက်လာ၊ မျက်မှောက်ချိန်ခါ
မင်္ဂလာစုံစွ၊ သာမယာတည့်
လူဂုဏ်ထူးသစ်၊ မင်္ဂလာနှစ်ကို
ချစ်ရိပ်တုံ့မွမ်း၊ ကြိုဆိုကာမ်းရင်း
ငြိမ်းချမ်းပြည့်ရွာ၊ ဝင့်ထည်စွာဖြင့်
စိမ်းလန်းစည်ဖြာ၊ တင့်တယ်စွာဖြင့်
"နိုင်ငံမှာအောင်လမ်း"၊ အောင်ပိတ်လွှမ်းလျက်
အောဘျမ်းမသက်၊ အေးချမ်းလျက်ဖြင့်
ဟန်ချက်ညီညီ၊ တက်လှမ်းချိကာ
"အောင်စည်ရွှမ်းလျက်၊ အောင်ပွဲဆက်ရေး"
မြကျွန်သစ်၊ မှတ်တမ်းလုပ်ဖို့
နှစ်သစ်ခရီး ဆက်ကြစို့…။

www.burmeseclassic.com

www.burmeseclassic.com



# ပျံ့လေတဲ့ပျံ့လေ

မောင်ခင်မိုး(ချောက်)

- စာကလေးပျံ
  ကျီးကန်းပျံ
  ဆက်ရက်ပျံ
  ကလေးတွေ ကစားသံ ဆူညံ...။
- ကြက်ပျံ
  ဝက်ပျံ
  ငါးပျံ
  အိမ်ရှင်မတွေရင်ခုန်သံ ပူညံ...။

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သောလက်များ

## ဝေးဝေနေ



■ အမှန်တရားတွေ ရင်ထဲမှာမွှင့် သင်းပျံ့နေပုံ
ကမ္ဘာကြီးရေ…
လက်တွေသေချာ ယှက်ကြည့်သွားပြီလား
ဥစ္စာမှန်ရင် ပြန်ရမှာပဲ ဒီငွေမမှု
လူထုရဲ့နှလုံးကြီး ဘယ်တော့မှ မကွဲအက်ဘူး။

■ ချစ်စရာကောင်းတဲ့ ငါတို့လူမျိုး
အမှန်းတွေ ရိုက်ချိုးသန့်စင်
ရိုးသားစွာ လူရာဝင်ချင်ကြသူတို့ အပြုံး
ကြိမ်မီးအုံးသလို ရင်ထဲတနုံ့နုံ့ ကာလတွေဖြတ်ကျော်
ဒီမြေပေါ်နေရခြင်း ရှင်သန်တက်ကြွ
မြန်မာ့စိတ်ဓာတ် သစ္စာတရား
ဘယ်တော့မှ တိမ်ကောမသွားဘူး။

● မှုန်းကျပ်မှောင်မိုက် အခန်းထဲ
ထွက်လာရသလိုမျိုး အသက်ရှူအားပြည့်
လောကဓံတွေ မေ့ဆေးပေးဖို့မလို
ကလေးတွေ သီချင်းဆိုသံ သူတို့အနာဂတ်
တဖျတ်ဖျတ် လင်းသန့်မြင်
သမိုင်းကိုပြန်သင်ဖို့ နေ့ရက်များ
ယခုဝတီမာလာသိန်းရဲ့
"နေရောင်ခြည်မညှိုးခင်"ဝတ္ထုထဲက စကားလုံး
"လူကြီးဆိုတာ လူငယ်တွေရဲ့ ရှေ့ဆောင်လမ်းပြပဲ
ဖြစ်ရမယ်…အာဏာရှင်မဖြစ်စေရဘူး"တဲ့
ကျွန်တော်တို့ ပျော်ခဲ့ပြီ…။

www.burmeseclassic.com



# ကြိုးဆွဲသူ

မောင်သုဆွေ(သမြေရုံ)

■ အစွမ်းမသန်
မတွန်းလှန်
ခံ၍မပြော
သူ့သဘောအမှန်။

■ သူခိုင်းတိုင်းလုပ်
သူလှုပ်တိုင်းနဲ့
သူချဲ့တိုင်းကား၍
မှားခဲ့ဖန်ဖန်။

■ သူဆွဲသမျှ ကရပြို့
အသက်ရှူသံနဲ့ လူ့ရုပ်သေး။

■ သူ့ဟာတဏှာ
လူတကာမညာ
မှမာယာအဆင်ခွဲလို့
ရင်ထဲမှာ တစ်မင်းမှုပေါ်
မခြင်းသူ ချမ်းမြေ့ရေးရယ်
မှန်းဆတိုင်းဝေး။ ။

www.burmeseclassic.com

www.burmeseclassic.com

# သည်ချိန်ဒါ

## သွေးရည်

- ခေါင်းလောင်းဆိတ်ပေမယ့်
ထနောင်းရိပ်မို့လွင်
ကျောင်းရိပ်ခိုဝင်တော့
နောင်းအတိတ် ဟိုယခင်က
ကိုယ်မြင်မိတုန်း။

- နယ်အစွန်တကာပြည့်လေတဲ့
ငယ်အမွန်ပညာတပည့်တွေရဲ့
အချွယ်လွန် အာစရိတို့ကို
နမာမိ ရှိသေစွာနဲ့
"ပူဇာစ ပူဇနေယျာနံ
ဧတံမင်္ဂလ မုတ္တံ" လို့
စံထားဖွယ် ကန်တော့ပွဲကိုဖြင့်
နွဲလို့ရှင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com




# ကံကုသိုလ်

## ခက်လှိုင်းကျော်

■ ခမောက်တစ်လုံး သုံးရာ
အသပြာကြေးမပွင့်၊
နေရာယူပွဲထွက်တော့
ခေါင်းထက်မှာဝင့်။


■ ဖိနပ်တစ်ရန်သိန်းကျော်
မော်လောက်တဲ့ဈေးပေါက်။
ဘဝကံအနေအထားက
ခြေဖဝါးအောက်။ ■

www.burmeseclassic.com

www.burmeseclassic.com

# အထူးထူးအထွေထွေ နှင့် ဆူးလေစေတီတော်

စုတေသီဆရာငြိမ်း



ဆူးလေစေတီတော်သည် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့၏ အချက်အချာကျသော မြို့လယ်တွင် ကိန်းဝပ်စံပယ်တည်ရှိသည့် တန်ခိုးကြီးစေတီတော်တစ်ဆူ ဖြစ်ပါသည်။

အထူးထူးအထွေထွေနှင့် ဆူးလေစေတီတော်ကြီး၏ အကြောင်းခြင်းရာများကို တိုင်းထွာမှတ်တမ်းတင်ခဲ့သော ပုဂ္ဂိုလ်မှာ . . . သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ အမှတ်(၃၃) ဂေဟာနေ၊ ရန်ကုန်မြို့တော် မြေတိုင်းဌာန၊ ကြီးကြပ်ရေးအရာရှိဟောင်း ဦးဘဆိုသူဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## ဆူးလေစေတီတော်နှင့် ပတ်သက်သည့် အတိုင်းအထွာများ

၁။ ဆူးလေစေတီတော်မြတ်ကြီးနှင့် လွှတ်လပ်ရေးကျောက်တိုင်ကြီး၏ အကွာ အဝေးမှာ ၅၂၀·၇ ပေ ဖြစ်ပါသည်။

၂။ ဆူးလေစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၈·၄၃ ပေ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ ဆူးလေစေတီတော်မြတ်ကြီးနှင့် ကိုးထပ်ကြီးဘုရားမှာ ပေပေါင်း ၁၄၉၇၆·၁ ပေ ကွာဝေးပါသည်။

၄။ ဆူးလေစေတီတော်မြတ်ကြီးနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ပေပေါင်း ၉၂၇၅·၅ ပေ ကွာဝေးပါသည်။

၅။ ဆူးလေစေတီတော်မြတ်ကြီးနှင့် အလံပြဘုရားတို့မှာ ပေပေါင်း ၅၉၆၄ ပေ ကွာဝေးပါသည်။

၆။ ဆူးလေစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ရှင်စေတီတော်မြတ်ကြီးတို့မှာ ပေပေါင်း ၅၁၀၂·၃ ပေ ကွာဝေးပါသည်။

## အံ့ဩဖွယ်ရာ ဆူးလေစေတီတော်မင်္ဂလာ

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား ပူဇော်ရာ ဆူးလေစေတီတော်ကြီးမှာ ထူးခြားအံ့ဖွယ်ရာများနှင့် ပြည့်လျှမ်းလျက် ရှိပေသည်။

"ငါသည် အမရပူရနေပြည်တော်သို့ မနက်ဖြန် ပြန်လည်ကြွမြန်းတော့မည်ဖြစ်သဖြင့် ကျွဲ၊ နွား၊ ကြံ့၊ ဆင်တမျှ ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကျိုင်းလှသည့် သမုဒ္ဒရာပင်လယ်ငါးကြီးများ အနေဖြင့် ကုန်းပေါ်တွင် မေးထိုးတင်ပြီး ခံရမည်။ ငါးခေါင်းများကို ရွှေချပေးတော်မူမည်"

နယ်ချဲ့အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့စဉ် ကာလက အမရပူရ၏ စတုတ္ထနန်းစံ ဘကြီးတော်ဘုရင်မင်းလက်ထက်၌ မြန်မာသက္ကရာဇ် ၁၁၈၂ ခုနှစ်တွင် စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် မင်းတရားကြီး ကိုယ်တော်တိုင် ကြွချီလာပြီး ဦးစွာ ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းလုံးပြည့်ရွှေချကာ ကုသိုလ်တော်ကောင်းမှု ပြုလုပ်ခဲ့ပါသည်။ ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဗိမာန် အတန်တန်သော ကုသိုလ်တော်တို့အား ပြုလုပ်ခဲ့ပြီး စတုလောကပါလ သာသနာစောင့်နတ်များကို တိုင်ကြားပသ ပူဇော်နတ်ဆက်စေပြီးမှ ယမထာရွှေကြိမ်လုံးဖြင့် ရေကိုရိုက်၍ ပင်လယ်မှ ငါးများကို ကျွေးမွေးရန် အမိန့်တော်ပြန်ခဲ့ပါသည်။ မင်းတရားကြီးကိုယ်တော်တိုင် ဗိုလ်တထောင်၊ ဆူးလေ၊ အနောက်ဘက်ရှိ ယခုမော်တင်အထိ မှူးမတ်ဗိုလ်ပါ ကိုယ်ရံတော်တို့နှင့် လျှောက်ထားတော်မူပြီး ငါးများကို အစာကျွေးတော်မူပါသည်။ ဤတွင် ပင်လယ်ငါးအားလုံး အပါအဝင် ရေသတ္တဝါတို့မှာ မင်းတရားကြီးက ကြိမ်စကြာရိုက်၍ မျက်နှာတော်ဖူးမြင်ရန် ရေ့က အမိန့်တော်ပြန်သွားလျှင် သူ့ထက်ငါ တိုးဝှေ့ပူးကပ်ကြလျက် မင်းတရားကြီး၏ ရွှေမျက်နှာတော်ကို ဖူးမြင်ကြကုန်၏။ ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာမင်းတို့၏ ဘုန်းကံကို ခံညားလေးစားကြကုန်၏။ ချီးမွမ်းကြကုန်၏။ ဘကြီးတော်မင်းတရားကြီး၏ ဘုန်းကံကြီးမားမှုအပေါ်တွင်လည်း ကြောက်ရွံ့ရှိသေကြကုန်၏။

နောက်တစ်နေ့တွင် မင်းတရားကြီးက အမိန့်တော်ထပ်ပြီးကြေညာလာရာဝယ် "ငါသည် အမရပူရနေပြည်တော်သို့ မနက်ဖြန် ပြန်လည်ကြွမြန်းတော့မည်ဖြစ်သဖြင့် ကျွဲ၊ နွား၊ ကြံ့၊ ဆင်တမျှ ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကျိုင်းလှသည့် သမုဒ္ဒရာပင်လယ်ငါးကြီးများအနေဖြင့် ကုန်းပေါ်တွင် မေးထိုးတင်ပြီး ခံရမည်။ ငါးခေါင်းများကို ရွှေချပေးတော်မူမည်" ဟူ၍ အမိန့်တော်ပြန်ခဲ့သည်။ ဤတွင် သမုဒ္ဒရာပင်လယ်ငါးကြီး ဟူသရွေ့တို့သည် မင်းတရားကြီး၏ ဘုန်းတန်ခိုးလက်ရုံး အာဏာတော်တို့ကို မလွန်ဆန်နိုင်ကြသည့်အလား ကုန်းပေါ် မေးထိုးခံပေးကြကုန်သဖြင့် မင်းတရားကြီး၏ အမိန့်တော်နှင့် မင်းချင်းတို့လည်း ငါးကြီးများ၏ ဦးခေါင်း၌ ရွှေဆိုင်းတစ်ချပ်စီ ချပေးလိုက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆူးလေဓာတ်နှင့် အကျိုးအမြတ်ယူ

ဆူးလေစေတီတော်ကြီး၏ ဓာတ်စွမ်းအားမှာ အံ့မခန်းဖွယ် ဖြစ်ပါသည်။

ဓာတ်တို့၏ စွမ်းပကားမှာ ကြီးမားလှသည်။ အစီအရင် အတော်များများ၌ ဓာတ်သဘောတွေ ပါဝင်နေ၏။ အရာရာ ဖွဲ့စည်းတည်ရှိနေသည့် ဓာတ်တို့အား နေသားတကျ ချထတ်၊ စီရင်တတ်ပါလျှင် ဓာတ်တူနံ့တူများ များလေလေ၊ အင်အား စွမ်းပကား ထက်မြက်လေလေပင် ဖြစ်၏။ ဤ၌ ဆူးလေစေတီတော်မြတ်ကို ဓာတ်တူနံ့တူများ ပေါင်းစုဝန်းရံလျက် ကိုးကွယ်ပူဇော်ခြင်းဖြင့် အခက်အခဲမှန်သမျှ ပြေလည်နိုင်ခြင်း၊ စိတ်ညစ်ညူးမှုများ ကွယ်ပျောက်လွင့်စဉ်ကာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်နိုင်ခြင်း စသည့်အကျိုးထူး၊ အကျိုးမြတ်များကို ခံစားရရှိနိုင်ပါလိမ့်မည်။ လုပ်ဆောင်ရမည်ကား...

၁။ ဆူးလေစေတီတော်မြတ်ကြီး၏ ရုပ်ပွားတော် (သို့မဟုတ်) ဓာတ်ပုံလိုပါမည်။

၂။ ဆူးလေစေတီတော်မြတ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီ၌ "ညောင်ရွက်" တစ်ရွက်စီပါသော "ဆည်းလည်း" နှစ်လုံးကို တစ်လုံးစီ ချိတ်ဆွဲရပါမည်။

၃။ ဆူးလေစေတီတော်မြတ်ကြီး ပုံတော်၏ရှေ့၌ သန့်ရှင်းစင်ကြယ်သော ဇလုံတစ်လုံးကို ချထားရပါမည်။

၄။ အဆိုပါ ဇလုံထဲသို့ လက်စွပ်လေးကွင်း ထည့်ရပါမည်။ (ရွှေ၊ ငွေ၊ ကြေး တတ်နိုင်ရာလက်စွပ်ကို ထည့်ရပါမည်။)

၅။ ထိုဇလုံတွင်းသို့ပင် စွန်ပလွံ (သို့မဟုတ်) စောင်းလျား (သို့မဟုတ်) ဆီးသီးယို တစ်မျိုးမျိုးကို ခုနစ်လုံးစီထည့်ပြီး ဆွမ်းကပ်ရပါမည်။

၆။ ပန်းအိုးတွင် ဇီဇဝါပန်းထိုး၍ ကပ်လှူရပါမည်။

ထိုအလှူကို နေ့တိုင်းလုပ်ဆောင်ပါက အကောင်းဆုံးဖြစ်ပါသည်။ နေ့တိုင်း မလုပ်ဆောင်နိုင်သော်မှ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့များ၌ မပျက်မကွက် လုပ်ဆောင်သင့်ပါသည်။

စင်စစ် ဆူးလေဓာတ်ဆိုသည်မှာ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံတို့ကို ပေါင်းစပ်ထားခြင်းဖြစ်၏။ ဤ၌ ညောင်ရွက်၊ ဆည်းလည်း၊ ဇလုံ၊ လက်စွပ်၊ စွန်(ပ)လွံ၊ စောင်းလျား၊ ဆီးယို၊ ဇီ(ဇ)ဝါ စသည့် ဓာတ်များမှာ ဆူးလေဓာတ်နှင့် လျော်ညီစွာ အင်္ဂါနံ၊

စင်စစ် ဆူးလေဓာတ်ဆိုသည်မှာ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံတို့ကို ပေါင်းစပ်ထားခြင်းဖြစ်၏။ ဤ၌ ညောင်ရွက်၊ ဆည်းလည်း၊ ဇလုံ၊ လက်စွပ်၊ စွန်(ပ)လွံ၊ စောင်းလျား၊ ဆီးယို၊ ဇီ(ဇ)ဝါ စသည့် ဓာတ်များမှာ ဆူးလေဓာတ်နှင့် လျော်ညီစွာ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံများ သက်ဝင်၍ မနေပါသလော။

ဗုဒ္ဓဟူးနံများ သက်ဝင်၍ မနေပါသလော။ မပျက်မကွက် လုပ်ဆောင်သင့်သည့် နေ့များမှာလည်း အင်္ဂါနှင့် ဗုဒ္ဓဟူး။ ထိုသို့ ဓာတ်ပေါင်းစု၍ အလှူဒါနပြုလိုက်သော အကျိုးကြောင့် လောကီအခက်အခဲများ လွင့်ပြယ်ပျောက်ကွယ်ပြီး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခချမ်းသာတို့နှင့် ပြည့်စုံကြပါလိမ့်မည်။

ဆူးလေစေတီတော်မြတ်ကြီးကား မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့အတွက် တကယ့်အထွတ်အခေါင်ပင် ဖြစ်ပေတော့သည်။

သုတေသီဆရာငြိမ်း


စာကိုး
- ဆူးလေစေတီတော်နှင့် ရှေးခေတ်ဟောင်း စိတ်ဝင်စားဖွယ်၊ အံ့ဖွယ်အကြောင်း။ ဖိုးကျော်(ရွှေဘို)၊ နေလင်္ကာရဂျာနယ်။
- ဆူးလေဓာတ်နှင့် အကျိုးအမြတ်ယူ၊ အင်္ဂဝိဇ္ဇာဆရာအောင်၊ ဂမ္ဘီရမြင်ကွင်းဂျာနယ်။

www.burmeseclassic.com

# အောင်မြေ–ဝေဘူဆရာတော်ကြီး၏ သက်န်းတော်နှင့် ထူးခြားဖြစ်စဉ်

ခေစည်(ရွှေဘို)

ရွှေဘိုခရိုင်၊ ခင်ဦးမြို့၏ အရှေ့မြောက်ဘက်ရှိ အင်ကြင်းပင်ရွာဇာတိဖြစ်သော ဆရာတော်ဦးကုမာရအား "အင်ကြင်းပင်ဆရာတော်" ဟုလည်းကောင်း၊ ထိုမှ ရွှေဘိုမြို့ အောင်မြေကျောင်းတိုက်တွင် သီတင်းသုံးတော်မူပြီး အောင်မြေဝိပဿနာ ဂရားဌာနအဖြစ် တည်ထောင်ခဲ့သဖြင့် "အောင်မြေဆရာတော်ဘုရား" ဟုလည်းကောင်း၊ ထိုမှ ကျောက်ဆည်မြို့ ဝေဘူတောင်တွင် သီတင်းသုံးတော်မူပြီး ဝိပဿနာတရားမျိုးစေ့ ချပေးတော်မူခဲ့သောကြောင့် "ဝေဘူဆရာတော်" ဟု မြန်မာတစ်ပြည်လုံး သိရှိကြ၊ ကြည်ညိုကြပါသည်။



အောင်မြေ–ဝေဘူဆရာတော်ကြီး၏ သက်န်းတော်

ဆရာတော်အား ဖူးမြင်ကြရသည့် ပုဂ္ဂိုလ်တိုင်းကား ဆရာတော်၏ နူးညံ့သိမ်မွေ့သော အသံတော်ကို ဦးစွာသတိထားမိကြပါသည်။ ဆရာတော်သည် လိုအပ်သည်ထက်ပို၍ ပြောလေ့မရှိပါ။ ဆရာတော်မှ အသံမာမာဖြင့် ပြောဆိုသည်ကို မကြားဖူးကြရပါ။

ဆရာတော်သည် လပြည့်၊ လကွယ်နေ့များတွင် အောင်မြေကျောင်းတိုက်အတွင်း၌ ခတ်တော်များကို လှည့်လည်၍ အပူဇော်ခံပါသည်။ ရွှေဘိုမြို့ပေါ် ဒကာ၊ ဒကာမများသာမက ရွှေဘိုနှင့်နီးသော တစ်ဂထန်းကျေးရွာ၊ ဘုန်းဘွဲ့ကျေးရွာ၊ ရှားတောကျေးရွာ၊ ဦးတောကျေးရွာ၊ ချိုပါတောင်ရွာ၊ ချိုပါမြောက်ရွာ၊ ကင်းမျှားရွာများမှ ရပ်နီးရပ်ဝေး လူများပါ ခတ်တော်ပင့်ဆောင်ပူဇော်ပွဲသို့ လာရောက်ကြပါသည်။ (ထိုအစဉ်အလာကို ယခု အောင်မြေကျောင်းထိုင်ဆရာတော်ဖြစ်သော ဆရာ

www.burmeseclassic.com

တော်ဦးအဂ္ဂမှ ဆက်လက်ထိန်းသိမ်းပူဇော်သောအားဖြင့် ဓာတ်တော်ပင့်ဆောင်ပူဇော်ပွဲသို့ ကျယ်ဝန်းသာယာလှပသော ဗွေအောင်မြေကျောင်းတိုက်ဝင်းကြီးအတွင်းတွင် ကျင်းပပူဇော်နေလျက် ရှိပါသည်။)

အောင်မြေ - ဝေဘူဆရာတော်ကြီးသည် နေ့စဉ် ဆွမ်းခံကြွပါသည်။ အသက်အရွယ်ကြီးလာသောအခါ မော်တော်ကားဖြင့် ဖြည်းဖြည်းမောင်း၍ ဆွမ်းခံကြွပါသည်။ ဆရာတော်ကြီးအား အလွန်ကြည်ညိုသူများတွင် ပြည်ကြီးပေါက် (တရုတ်ပြည်တွင် မွေးလာခဲ့သော) တရုတ်မိသားစုတစ်စု ရှိပါသည်။ ထိုတရုတ်အမျိုးသမီးကြီး၏ အမည်မှာ ဒေါ်စောဟုတ်ဖြစ်ပြီး ရွှေဘိုမြို့ ဝန်တော်အိမ်ရပ်တွင်နေထိုင်ကြပါသည်။ အဘွား၏ ခြေထောက်များမှာ ငယ်စဉ်က (တရုတ်ပြည်တွင်ရှိစဉ်က ကျပ်စည်းထားသောကြောင့်) သေးသေးလေးတွေဖြစ်ပါသည်။ များသောအားဖြင့် သစ်သားကွင်းထိုးပုံ ဖိနပ်ပါးပါးလေးကို တရွတ်တိုက်ကာ စီးလေ့ရှိပါသည်။ ဒေါ်စောဟုတ်သည် ဆရာတော်ကြီးအား မီတာအရင်းကဲ့သို့ပင် ယူဆပြီး မိရင်းဖရင်းပမာ ပြုစုပါသည်။ လှူပါသည်။ သမီးဖြစ်သူ မလှရင်သည် တရုတ်အမျိုးသား ကိုကောက်နှင့် အိမ်ထောင်ပြုရာ လူငယ်သဘာဝ တစ်ရံတစ်ခါ အရက်သောက်လာသော ကိုကောက်အား သဘောမကျလျှင် ဘုရားကျောင်းဆောင်ရှေ့သွားပြီး ဘုရားကန်တော့၊ ငါးပါးသီလယူပြီး (သက်ရှိထင်ရှားဖခင်အား တိုင်နေသည့်အလား) "အောင်မြေဆရာတော်ကြီးဘုရား တပည့်တော်သမက် မောင်ကောက်က အရက်သောက်လာပါတယ်။ တပည့်တော် မကြိုက်ပါဘူး ဘုရား။ စီးပွားရေးလည်း လစ်ဟင်းလို့ပါဘုရား။ ဆုံးမပါဦးဘုရား။ ဆုံးမပါဦးဘုရား . . ." ဟု အကြိမ်ကြိမ် လျှောက်ထားလေ့ရှိပါသည်။ ဦးကောက်သည် ဆရာတော်မှ အရက်မသောက်ရန် နှုတ်မှဆုံးမခြင်း မပြုသော်လည်း ပို့သသောမေတ္တာကြောင့် အရက်ပြတ်သွားပါသည်။

ဒေါ်စောဟုတ်၏ လျှောက်ထားတောင်းပန်မှုကြောင့် ဆရာတော်သည် ဝတ်ရုံထားသော ကေသီ၊ သင်းပိုင်နှင့် ခုကုဋ္ဌသင်္ကန်းတော်တို့ကို ဒေါ်စောဟုတ်ကပ်လှူသော သင်္ကန်းများနှင့် လဲလှယ်ဝတ်ရုံပြီး ဝတ်ပြီးသုံးထည်ကို စွန့်လိုက်ပါသည်။ ဆရာတော်၏ သင်္ကန်းသုံးထည်မှာ ဘုရားကျောင်းဆောင်ရှေ့ စားပွဲပေါ်ရှိ ခရီးဆောင်သေတ္တာတွင် ရှိရှိသေသေထည့်ပြီး မိသားစုအားလုံးက ပူဇော်ကြပါသည်။

၁၉၇၄-၇၅ ခုနှစ်အကူးတွင် ရွှေဘိုမြို့ကြီး မီးလောင်ပါသည်။ ဦးကောက်တို့ ဝန်တော်အိမ်ရပ်ကွက်သည်လည်း မီးလောင်လေရာ ဒေါ်စောဟုတ်သည် မည်သည့်ပစ္စည်းမှလည်း မသိမ်းပါ။ ဘုရားခန်းထဲမှ (ခေါ်သော်လည်း ထွက်မလာဘဲ) ဘုရားကန်တော့၊ ငါးပါးသီလခံယူပြီး "အောင်မြေဆရာတော်ဘုရားကြီး မီးတွေလောင်နေပါပြီ။ ကယ်ပါဦးဘုရား" ဟု အကြိမ်ကြိမ် လျှောက်ထားပါသည်။ အံ့ဩဖွယ်ကောင်းလှပါသည်။ ထိုအိမ်၏အရှေ့ဘက် လမ်းတစ်ဖက်ရှိ အိမ်များ၊ အိမ်ချင်းကပ်သော တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်မှ အိမ်များအားလုံး မီးဝါးနေပါသော်လည်း ထိုအိမ်မှာ မီးလုံးဝမကူးပါ။ ထိုအိမ်နှင့် ဝါးနှစ်ပြန်အကွာ (၁၀ ကိုက်ခန့်)ရှိ အလွန်ကြီးမားသော (ယောက်ျားကြီးသုံးယောက် ဝိုင်းပတ်လောက်သည် အထိ) မန်ကျည်းပင်ကြီးမှာ မီးလောင်နေပါသည်။ မီးသတ်မှ ငြိမ်းသတ်သော်လည်း တငွေ့ငွေ့လောင်နေသေးရာ ထိုမန်ကျည်းပင်မှ မီးဖွားများ ဒေါ်စောဟုတ်တို့ဘက် လွင့်လာပြီး မီးကူးစက်လေမလားဟု အားလုံးက စိတ်ပူကြသော်လည်း ထိုအိမ်မှာ မီးလုံးဝမလောင်ပါ။ ယနေ့အထိ အကောင်းပကတိရှိနေဆဲ ဖြစ်ပါသည်။

အောင်မြေ ဝေဘူဆရာတော် သင်္ကန်းတော်တန်ခိုးဟု မြို့လူထုက ယုံကြည်ကြပါသည်။ လူအများ ကြည်ညိုနိုင်ကြပါရန် ထိုသင်္ကန်းတော်များကို ပိုင်ရှင်ထံမှ ခွင့်တောင်း၍ ဓာတ်ပုံရိုက်ယူပြီး တင်ပြလိုက်ရပါသည်။

---

**ဝေဧည်(ရွှေဘို)**

---



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာမြို့တော်ကြီးထဲက

# နံ့ကာသူလိုဏ်ဂူတော်ကြီး

မင်းတိုင်ပင်(မြရောင်မြေ)

အနောက်ရိုးမတန်းကြီးသည် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းလျက် အနိမ့်အမြင့် မညီညာသော တောင်စွယ်၊ တောင်တန်း၊ လျှိုမြောင်စိမ့်စမ်းတို့နှင့်အတူ စာရေးသူတို့ မြန်မာနိုင်ငံတော်ကြီးအလယ်ကို ပန်းချီကား ကောင်းတစ်ချပ်ပမာ တည်ရှိနေပါ၏။ အရှေ့ရိုးမ၊ အနောက်ရိုးမ၊ အလယ်ရိုးမ ဆိုသည့် ရိုးမသုံးတန်ကလည်း သဘာဝအလှကိုသာမက လူ့လောကကြီးကို ဖန်တီးနေပြန်၏။ ရောဝတီတိုင်းဒေသကြီးနှင့် အနောက်ရိုးမတောင်တန်းကြီးက ပိုရှုပင် သဘာဝကျပါ၏။ ထို့ကြောင့် လူသူအရောက်အပေါက်နည်းခဲ့သော တောကြီးမျက်မည်းထဲတွင် သဘာဝဂူကြီးများက တည်ရှိနေပါ၏။ ဝိဇ္ဇာမြို့တော် အလုံမြို့သည် မော်တင်စွန်းတောင်မှ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသ နံ့ကာသူလိုဏ်ဂူအထိဟု သိရပါသည်။ (ရှန်းဗဲလား)မြို့တော်ကြီးအဖြစ် ထင်ရှားပါ၏။ လျှို့ဝှက်အကြောင်းအရာ ဒဏ္ဍာရီပုံပြင်တွေက တစ်ထွေးတစ်






www.burmeseclassic.com

www.burmeseclassic.com

ပိုက်ကြီး ဖြစ်ရပ်အစုံစုံက ရင်သပ်ရှုမောစရာတွေ များလွန်းလှပါ၏။ ထို့ကြောင့်လည်း သူတော်စင်၊ သူတော်မြတ်တို့ တရားကျင့်၊ ဂန္ဓာရီကျင့်ရာ ဆိတ်ငြိမ်အေးချမ်းလွန်းသော ဤနေရာမျိုးဖြစ်ပါတော့၏။

ယခုတင်ပြမှာက နံကသူလိုဏ်ဂူတော်ကြီးအကြောင်းပင် ဖြစ်ပါ၏။ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာအနောက်ဘက် မိုင် ၆၀ ကျော် အကွာအဝေးတွင်ရှိပါသည်။ အလွန်ထူးခြားအံ့ဩဖွယ်ရာအကြောင်းများ စုံလင်သည့် လိုဏ်ဂူကြီးဖြစ်ပါ၏။ ရှေးယခင်က တောနက်လွန်းသဖြင့် မုဆိုးကြီးများသာ တစ်ခေါက်တလေမျှ ရောက်ခဲ့ဖူးကြပါသည်။ ထိုလိုဏ်ဂူတော်ကြီးအား ပထမဦးဆုံး ထုတ်ဖော်ပေးသူက ပိန္နဲကွင်းဆရာတော်ဘုရားကြီးဖြစ်ပါသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၁၀၀ ကျော်ခန့်ရှိပြီ ဖြစ်ပါသည်။ တစ်ပါးတည်းသာ ကြွရောက်တော်မူခြင်းဖြင့် ထိုဂူကြီးသို့ရောက်ရှိခဲ့၏။ ထိုအချိန်က သားရဲတိရစ္ဆာန် အလွန်ပေါများကြမ်းတမ်း၏။ ရာသီဥတုကလည်း အလွန်ဆိုးဝါး၏။ တောင်တက်၊ တောင်ဆင်းလမ်းမရှိ မတ်စောက်၍ စိမ့်စမ်းချောင်းမြောင်းများ ပေါများသဖြင့် မည်သူမျှ မသွားရဲသောခရီးကို တစ်ပါးတည်းကြွရောက်၊ တရားဓမ္မများအားထုတ်ခဲ့ခြင်းမှာ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ပါသည်။ ကောဇာသက္ကရာဇ် ၁၁၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက် တနင်္လာနေ့ ရွှေတောင်မြို့ အမိဒေါ်ရစ်မှ မွေးဖွားသော အတိဇာတသားဖြစ်ပါသည်။ ငယ်မည်မှာ မောင်ချိုမြတ်၍ ရဟန်းဘွဲ့အမည်မှာ ဦးကလျာဏဖြစ်ပါ၏။ လောကီ လောကုတ္တရာပညာများ ဆည်းပူးတတ်မြောက်ပြီး သိက္ခာတော်ခုနစ်ဝါအရမှာ ရွှေတောင်မြို့ ပိန္နဲကွင်းကျောင်းအကာကြီး ဦးပန္နရဂိုလ်ကပင့်၍ ကျောင်းဆောက်ပြီး ကိုးကွယ်ပါတော့သည်။ ထိုကျောင်းတော်ကြီးမှာ တိုင် ၁၀၀ ကျောင်းတော်ကြီး ဖြစ်ပါ၏။ သံမရိုက်တံ စိုက်ထူ၍ဆောက်ထားခြင်း၊ ရက်မလျှို့ဆောက်ခြင်းမှာ ရှေးနှစ် ၁၀၀ ကျော်က လက်ရာအတိုင်း ယနေ့တိုင် မပျက်မယွင်းမြင်ရပါဦးမည်။

ထို့နောက် ကျုပ်ပြင်အရပ်၌ ပြောင်းပြီး တောရကျောင်းတည်ဆောက်၍ ၁၅ ဝါန လှည့်လည်ပြောင်းရွှေ့ဝါဆိုတော်မူကာ တရားဓမ္မကျင့်ကြံနေထိုင်တော်မူပါတော့သည်။

**ကောင်းမှုတော်များစေတီများ**

ဆရာတော်ကြီးသည် ကျွဲမသနားတောင်၌ ဘုရားတစ်ဆူ၊ ကမ်းပြိုတောင်၌ စေတီတော်တစ်ဆူ၊ စေတီခုံရွာအနီး၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ တံခွန်တိုင်တောင်ရွာ၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ရန်ကင်းတောင်၌ ပြိုကျပျက်စီးနေသော ရှေးဟောင်းစေတီဘုရားကြီးများ၊ ပိန္နဲကွင်းကျောင်းတိုက်ရှိ ဥမ္မာဒန္တီမင်းသမီးတည်ခဲ့သော ရှေးဘုရားကြီးများကို ပြန်လည်ပြုပြင်ခဲ့ပါသည်။ ထိုသို့ ဆရာတော်ကြီး တရားအားထုတ်တော်မူစဉ် တောတိရစ္ဆာန်များက လာရောက်ဖူးမြော်ကြပါသည်။ ကိုးပင် (ခေါ်) ကျွဲမသနားတောင်တော်၌ သီတင်းသုံးစဉ်က လေးတောင်ခန့်အကွာ ဦးညွှတ်ဝပ်ဆင်းနေသော ကျားကြီးအား အနီး၌ရပ်ပြီး တရားဟောပြောပြတော်မူသည့်အခါ ကျားကြီးသည် တရားနာပြီးနောက် လွတ်ရာကျွတ်ရာတောထဲသို့ ထွက်သွားပါသည်။ ထိုတောထဲ၌ ခပ်လို့ မကုန်နိုင်




www.burmeseclassic.com

www.burmeseclassic.com

အောင်ရှိသော ရေကန်တွင် အမျိုးသမီးတစ်ဦး ရေတွင်းဆင်းမိ၍ ရေခန်းခြောက်သွားသည့်အတွက်၊ ဆရာတော်ကြီးက မေတ္တာရပ်ခံကာ ရေများပြန်ပြည့်လာပါတော့သည်။ စိုင်တောင်တွင် ဆင်မကြပ်တွင်း၌ တောဆင်ရိုင်းကြီးနှင့် ခရီးရင်ဆိုင်ကြုံတွေ့ကာ နောက်၌လိုက်ပါလာသော တပည့်များ ထွက်ပြေးကြတော့၏။ ရန်မူ၍ ဒေါသကြီးနေသော တောဆင်ရိုင်းကြီးများအား တရားမေ့များနှောပြောပြရာ ဒေါသပြ၍ ကိုယ်မလုည့်သာသဖြင့် နောက်ဆုတ်ကာ ဆင်မကြပ်လွှန်မှ ကိုယ်ကိုလှည့်ကာ ထွက်သွားပါတော့၏။ ထို့အတူ နံကသူလိုဏ်ဂူတော်ကြီးအတွင်း ကိန်းအောင်းလျက် တရားအားထုတ်နေစဉ်အခါက မြွေကြီးတစ်ကောင်သည်လည်း လက်ခုပ်ဖဖောင့်လောက်အထိ ပါးပျဉ်းထလျက် ဒေါသကြီးစွာ ဝါးမျိုရစ်ပတ်ရန်အတွက် ပြေးလာသောအခါ ဆရာတော်ကြီးက မေတ္တာပို့၍ တရားပြတော်မူရာ ဒေါသငြိမ်ဝပ်ပြီး ဂါရဝတရားဖြင့် ဦးညွှတ်ကာ လွတ်ရာရှောင်သွားပါတော့၏။ ထိုအချက်များသည် ဆရာတော်ကြီး၏ သီလ၊ သမာဓိ ဂုဏတန်ခိုးများကြောင့်ပင် ဖြစ်ပါတော့၏။

## ကြေးဆင်းတု ရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်

ပိန္နဲကွင်းဆရာတော်ကြီးသည် ၁၂၅၁ ခုနှစ်တွင် ကြေးအချိန် ၂၀၅ပိ သသာရှိ ကြေးဆင်းတုရုပ်ပွားတော်မြတ်ကြီးကို မန္တလေးမြို့၌သွန်း၍ ကွင်းကောက်မြို့မှတစ်ဆင့် နံကသူလိုဏ်ဂူတော်သို့ တပည့်များနှင့်အတူ ပင့်ဆောင်ပူဇော်စေခဲ့ပါသည်။ ထိုဆင်းတုတော်ကြီးမှာ နံကသူလိုဏ်ဂူကြီး၏ မြောက်ဘက်အတွင်း ကိန်းအောင်းစံပယ်နေပါသည်။ ထိုဆင်းတုတော်ကြီး၏ မူလဘုရားဒါယကာမှာ ရေထွက်ခုံရွာမှ ဦးသာအေးအမှူးရှိသည့် ကုသိုလ်ရှင်အပေါင်းတို့၏ ကောင်းမှုပင်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ၁၂၇၀ ပြည့်နှစ်တွင် ဘဝနတ်ထံပျံတော်မူပြီး အလောင်းတော်မြတ်ခြေတော်တွင် သွေးယိုခြင်း၊ ခြေဖဝါးက ဒေါင်းရုပ်ပေါ်ခြင်း၊ ရုပ်ကလာပ်တော်မြတ်သည် ပုပ်သိုးခြင်း အလျဉ်းမရှိပါ။ ထို့ပြင် ဆံပင်၊ မွေးညင်းလည်း ရှည်ထက်လာခြင်း၊ လက်သည်းခြေသည်းများ ရှည်ထွက်လာခြင်းလည်း ရှိပါသည်။ ခန္ဓာဝန်ချပြီး ဂ၂ နှစ်ကြာသည့်အခါ ထိုရုပ်ကလာပ်တော်ကြီးအား လူမသမာများ ခိုးယူ၍ ရွှေများခွာယူခြင်းကြောင့် ရုပ်ကလာပ်တော်ပျက်စီးခြင်းကို ရောက်ခဲ့ရပါသည်။ အနည်းငယ်ကျန်ရှိသော အရိုးများကို ပလ္လင်ခြေတွင် မြှုပ်နှံ၍ ပုံတူသွန်းလုပ်ကာ မူလခေါင်းတလားထဲသို့ ထည့်သွင်းပူဇော်ထားရပါသည်။ ထိုရုပ်ကလာပ်တော်ကြီးနှင့်အတူ ၁၃၀၆ ခုနှစ် ပျံလွန်တော်မူသည့် အရှင်ဝါယမ၊ နောက်ဒူးယားမီးနင်ရွာမှ ကြွလာသည့် ဦးစန္ဒသည် ၁၃၁၁ ခုနှစ်တွင် ပျံလွန်တော်မူသွားသဖြင့် ရုပ်ကလာပ်တော်သုံးပါး ထားရှိပါတော့၏။ ယနေ့တိုင် ဖူးမြော်ကြည်ညိုနိုင်ပါသည်။

## နံကသူနှင့် ရာမညသမိုင်းအစ

မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးအတွင်း၌ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံကို ထေရဝါဒတို့က အာဂုံဆောင်၍ သိမ်းထားတော်မူရာ သင်္ဂါယနာတင်ခြင်းဆိုသည်မှာ ထိုအာဂုံဆောင်ထားသမျှကို တညီတညွတ်တည်း အဖြစ်ရောက်အောင် ပေါင်းစုညှိနှိုင်း၍ ရွတ်ဆိုတော်မူကြခြင်းဖြစ်ပါသည်။ ပေထက်အက္ခရာတင်ခြင်း၊ ကျောက်ထက်အက္ခရာတင်ခြင်းကို သင်္ဂါယနာတင်ခြင်းဟု ခေါ်ပါသည်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီးက တတိယသင်္ဂါယနာတင်လှူတော်မူပြီး ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူခဲ့ပါသည်။ အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိ သထုံသို့ကြွရောက်တော်မူသည်။ သုဝဏ္ဏဘူမိ သထုံပြည်သည်ကား ရာမညတိုင်းဖြစ်ပါသည်။ မွန်လူမျိုးတို့နေထိုင်ရာ ဖြစ်၍ မွန်တိ၊ မွန်စ၊ မွန်ညဟူ၍ မွန်လူမျိုးတို့ဌာနေ သုံးခုရှိကြပါ၏။ မွန်တိလူမျိုးတို့ နေထိုင်ရာ သထုံ၊ မုတ္တမ၊ စစ်တောင်းမြစ်အရှေ့ဘက် အားလုံးကို မုတ္တမမဏ္ဍလဟု ခေါ်ပါ၏။ ထိုမုတ္တမ မဏ္ဍလ၌ မြို့မမြို့ရုံ ၃၂ မြို့ ရှိ၏။ မြို့မမှာ မုတ္တမမြို့ ဖြစ်၍ မုတ္တမမဏ္ဍလ ၃၂ မြို့၌ နေထိုင်သော မွန်လူမျိုးတို့သည် ဥယျာဉ်ခြံမြေ လုပ်ကိုင်အသက်မွေးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မွန်စတို့ နေထိုင်ရာမှာ ဒဂုံ၊ ဒလ စသော စစ်တောင်းမြစ်၏အနောက်ဘက် ရောဝတီမြစ်၏ အရှေ့ဘက်ဖြစ်သည့် နေရာများအားလုံးကို ဟံသာဝတီမဏ္ဍလဟု ခေါ်၏။ ထိုဟံသာဝတီမဏ္ဍလမှာ ၃၂ မြို့ရှိသည်။ မြို့မှာ ပဲခူးဖြစ်၍ ဟံသာဝတီမဏ္ဍလ ၃၂ မြို့၌နေထိုင်သော မွန်လူမျိုးတို့သည် ဆားချက်ခြင်းလုပ်ငန်းဖြင့် အသက်မွေးကြ၏။

မွန်ညလူမျိုးတို့နေထိုင်ရာ ပုသိမ်၊ မြောင်းမြ စသော ရောဝတီမြစ်၏အ နောက်ဘက်ဖြစ်သော အရပ်အဝန်းအားလုံးကို ကုသိမမဏ္ဍလဟု ခေါ်သည်။ ထိုကုသိမမဏ္ဍလမြို့၌ မြို့မနှင့် မြို့ရံ ၃၂ မြို့ ရှိ၏။ ထိုမြို့မှာ ပုသိမ်မြို့ ဖြစ်၏။ ကုသိမမဏ္ဍလ ၃၂ မြို့၌ နေထိုင်ကြသော မွန်ညလူမျိုးတို့သည် အင်းအိုင်ချောင်းမြောင်းတို့၌ ငါးဖမ်းလုပ်ကိုင်၍ အသက်မွေးမြူကြသည်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာ ရာမညတိုင်း။ မွန်ညဒေသသည် ရောဝတီတိုင်းအနံ့ဖြစ်ခဲ့၏။ ထိုအခါမှ မင်းကြီး၏ ကောင်းမှုတော်များစွာတွေ့ရ၏။ ထို့အတူ • • • အလောင်းစည်သူမင်းကြီး။ သမုဒ္ဒယောသမင်းကြီးနှင့် ဥမ္မာဒန္တီမင်းသမီးတို့သည် ထင်ရှားသောမင်းများ ဖြစ်ကြ၏။ ရှေးအဆိုအရ မုတ္တမ မဏ္ဍလတွင် နေထိုင်သော မွန်တိလူမျိုးများကို ခြံမွန်၊ ဟံသာဝတီတွင်နေထိုင်သော မွန်စလူမျိုးများတို့ လယ်မွန်၊ ကုသိမဏ္ဍလတွင် နေထိုင်သော မွန်ညလူမျိုးများကို အင်းမွန်ဟုခေါ်လေ့ရှိကြောင်း မှတ်သားရပါသည်။ မွန်ညလူမျိုးတို့နေထိုင်ရာ ကုသိမဏ္ဍလ ပုသိမ် ၃၂ မြို့တွင် သုနန္ဒပလ (ခေါ်) နန္ဒသူခေါ် နံ့ကသူမြို့လည်း ပါဝင်ပေ၏။ နံ့ကသူမြို့သူမှာ ယခုအခေါ် ကွင်းကောက်ဟူ၍ ထင်ရှားပါ၏။ ရှေးအခါက ကုသိမဏ္ဍလတွင် ပအိုဝ့်လူမျိုးများ လာရောက်နေထိုင်ခြင်းမှ ပုသိမ်ဟူ၍ ပြောင်းလဲလာကြောင်း ကွင်းကောက်၏အမည်ခေါ်ပုံမှာ အနောက်ရိုးမတောင်တန်းပေါ်ရှိ ဓါးကိုးရုံဟူသောအရပ်မှ ချောင်းဖျားစ၍ နံ့ကသူလိုဏ်ဂူတော်ကြီးအနီးမှဖြတ်ကာ အရှေ့ဘက်သို့စီးဆင်းသော နံ့ကသူချောင်းသည် ကွင်းမြေပြန့်သို့ရောက်သောအခါ ကွေ့ကောက်စီးဆင်းရာ ချောင်းကွေ့နေရာကို ကွေ့ကောက်မှ နောင်တွင် ကွင်းကောက်ဟု ကာလရွေ့လျားလာတော့၏။ ထိုမှ မြောက်ရှာဖြတ်စီး၍ ငရန့်မြစ်အတွင်း စီးဝင်သွားပေ၏။ နံ့ကသူချောင်းရေသည် နွေအခါတိမ်ပြီး စိမ်းလဲ့ကြည်လင်အေးမြ၍ တသွင်သွင်စီးဆင်းကာ သဲသောင်ခုံများဖြစ်ထွန်း၍ သာယာလျက်ရှိပေ၏။ ကွင်းကောက်သည် တောင်ကုန်းပေါ်၌ နန္ဒလှ၊ နန္ဒာမုနိ၊ နန္ဒာသီရိ အမည်ရှိသော ရှေးဟောင်းဘုရားသုံးဆူကို အထင်အရှားဖူးတွေ့ရပါဦးမည်။ ထိုဘုရားများ၏ ဒါယိကာမသည် ဥမ္မာဒန္တီမင်းသမီးဖြစ်ကြောင်း တွေ့ရပြန်ပါသည်။

## ရိုးမတစ်ခွင် နံ့ကသူခရီးစဉ် သွားဖူးချင်လျှင်

နံ့ကသူလိုဏ်ဂူကြီးသို့ သွားမည်ဆိုလျှင် ဟိုးနှစ်ပေါင်း ၁၀၀ကျော်က ပိန္နဲကွင်းဆရာတော်ကြီး ဦးကလျာဏနှင့် ဒကာများ ကြေးဆင်းတုတော်ကြီးပင့်သည့် လမ်းစဉ်အတိုင်း ဖော်ပြပါမည်။ ကွင်းကောက်မှ ယခုဆိုလျှင် နံ့ကသူရေတာတာကြီးအနီးမှ အနောက်ဘက်သို့ သွားမည်ဆိုပါက ကျွန်းတောစေတီခုံရွာ၊ မဲဇလီကွင်းရွာ၊ သပြေပင်ရွာ၊ ငွေးခုံရွာခေါ် ရေထွက်ခုံရွာ၊ လှည်းမှောက်ရွာ၊ သရက်ခုံရွာ၊ ယောက်ခလုတောင်ကြော၊ မိုးကောင်းရွာ ထိုမှလွန်သော် တောစခန်း၊ တောင်စခန်းများတွင် ဖြတ်သန်းရပါဦးမည်။ မိုးကောင်းရွာမှထွက်လျှင် ရေတံခွန်တစ်ခုကို ဖြတ်ရမည်။ ထို့နောက် သပြုရေလယ်စခန်း၊ ထိုမှ တောနက်လာမည်။ သားရဲတိရစ္ဆာန်အလွှန်ပေါလာပါတော့၏။ ထို့နောက် တောဝင်၊ တောင်တက်ခရီးဆက်လျှင် ချောင်းခွစခန်းသို့ ရောက်ပါမည်။ ကျောက်ပါးစပ်လိုဏ်ဂူတို့မှ ဝဲဘက်သွားလျှင် ကနစိုချောင်း ငှက်မျိုးတို့ပျော်စံရာ ဌာနကြီးဖြစ်ပါ၏။ သန်လျက်စွန်းတွင် ခရီးနား၍ သွားခဲ့ပါလျှင် ငွေးချိုစခန်းသို့ရောက်ပါမည်။ ငွေးချိုစခန်းမှထွက်ခဲ့လျှင် ညို့ညို့မှိုင်းမှိုင်း ထီးတည်းမားမား မြင်ရသည့် နံ့ကသူလိုဏ်ဂူတော်ကြီးပင် ဖြစ်ပါတော့၏။

နံ့ကသူလိုဏ်ဂူတော်သည် အပေါ်ဂူ၊ အောက်ဂူဟူ၍ရှိရာ အပေါ်ဂူ၌ ဂူသုံးပေါက်ရှိပါ၏။ အရှေ့၊ အနောက်၊ မြောက်ဘက်၌ တစ်ပေါက်စီရှိပါသည်။ မြောက်ဘက်ဂူပေါက်၌ ကြေးချိန် ၂၀၅ ပိဿာ၊ အမြင့် သုံးတောင်ထွာစ်မိုက်ရှိ ကြေးဆင်းတုတော်မြတ်ကြီးအား ပူဇော်ထားရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘေားပတ်ချာလည်တွင် သံတိုင်များစိုက်ထားပြီး မျက်နှာကြက်ပါ ပြုလုပ်ထားရ၏။ ဂူထဲ၌ လင်းနို့ချေးများ၊ လင်းဆွဲများရှိသဖြင့် အော်သံများ အဝေးမှပင်ကြားနိုင်ပါသည်။ အတွင်းဘက်လိုဏ်ဂူအမြင့်မှာ ၁၆ တောင်ခန့်ရှိ၏။ ဆင်များဂူထဲတွင် နိုအောင်းနေတတ်၍ပင်ဖြစ်၏။ စကြံလမ်းဝင်သွားသော် အောက်ဂူသို့ဝင်ရာ ဥမင်တစ်ခုရှိပါ၏။ ဥမင်၏အရှည်မှာ ၄၉ တောင်ရှိပါသည်။ ထိုဥမင်မှ တောင်ဘက်သို့ ဆင်းသွားလျှင် ၂၀ တောင်ရှည်လျား၏။ ထိုဥမင်၏အရှေ့ဘက်တွင် နှစ် ပေါင်းများစွာက ဇော်ဂျီ ဝိဇ္ဇာများ ပျော်ရွှင်နေထိုင်ရာ ဂူချောင်းလည်းရှိပါ၏။

ထိုဂူချောင်းအမြင့်မှာ ၁၅ တောင်၊ ဒါကျယ် ၇ တောင် ရှိ၏။ အရှေ့သို့ ဆက် လျှောက်လျှင် မွန်းတည့်ပေါက်ရှိ၏။ အလျားအနံ ၇ တောင်ကျယ်သည်။ အမြင့်မှာ အတောင် ၆၀ ခန့်ရှိပြီး လုံးပတ် ၇၃၅ တောင်ရှိ၏။ မွန်းတည့်ပေါက် လေးပေါက်ရှိ၏။ အောက်ဂူအပေါက်ဝ၌ ရာဝင်ပုတ်ခန့်ရှိသော ကျောက်တုံးကြီးတစ်လုံးသည် သင်္ဘောသီးလိုတွဲလွဲကျလျက် ရှိနေပါသည်။ သူ၏အညာမှာ တစ်ထွာခန့်ရှိ၍ ပြုတ်ကျတော့မလို ထင်ရပါမည်။ ထိုကျောက်ဂူကြီးအောက်မှ အလျားမှောက်ပြီး အတွင်းသို့ဝင်ရသည်။ အတွင်းလမ်းရောက်လျှင် သဲဖြူအပြည့်ခင်းထားကာ သူ့အခန်းနှင့်သူ၊ သူ့အကန့်နှင့်သူ တသီးတခြားတွေ့ရပါမည်။ ကျောက်ကမ္ဘည်း၊ ကျောက်ခုတင်၊ ဆေးကြိတ်ကျောက်တုံးကို တွေ့ရ၏။ တစ်ခန်းတစ်ခန်းတွင် ပတ္တမြားမျက်ရှည် တစ်လုံးတစ်လုံးစီကို ကလာပ်ပေါ်တွင်တင်ထားပြီး ပြဒါးများနှင့်အတူတကွ ရတနာမျိုးစုံ စုပုံလျက် နောင်ပွင့်တော်မူမည့် အရိမေတ္တယျမြတ်စွာဘုရားအား လှူဒါန်းရန်ထားရှိပါသည်။ ရွှေပုရပိုက်နှင့်အတူ ဗေဒ္ဓနာရကာသုဝဏ္ဏဇော်ဂျီရုပ်လည်း ရှိပါသည်။

ဝိန္ဓုကွင်းဆရာတော်ဘုရားကြီး ဂူမခုံးသေးကြောင်း ထိုနေရာ၌ သူ ယောင်မယ်တစ်ဦးက လမ်းတွင် ကန့်လန့်ဖြတ်အိပ်နေရာ တရားဟောမေတ္တာရပ်ခံသော်လည်း လုံးဝမရသဖြင့် ဆက်၍သွားမရပါ။ နောက်ပြန်လှည့်ခဲ့ရသော နေရာပင် ဖြစ်ပါ၏။ ဆရာတော်ကြီးမရှိသည့်နောက် နောက်ပိုင်းကာလများတွင် လူသူနှင့်ကင်းဝေးလာတော့၏။ သောင်းကျန်းသူတို့နိုအောင်းရာ ပုန်းရှောင်ရာဒေသဖြစ်ခဲ့ရသဖြင့် တဖြည်းဖြည်း အဆက်ပြတ်ခဲ့ရလေတော့သည်။ ထို့နောက်မှာ ဒုတိယအကြိမ် ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါ၏။ ၁၉၇၆ ခုနှစ်မှစ၍ နံကသူလိုဏ်ဂူတော်ကြီးဆီသို့ ခရီးဆက်ခဲ့ပါသည်။ တောချုံများဖုံးအုပ်လျက်ရှိသော ဤဂူကြီးသည် သားရဲတိရစ္ဆာန်ပေါများ၏။ ဂူအတွင်း၌ လင်းနို့ချေးများ လူတစ်ရပ်ခန့်ထူပြောပါ၏။ စိမ့်ကြီးမြိုင်ကြီး တောကြီးမျက်မည်းဖြစ်၍ အရိုးကွဲမတတ် အေးလွန်းပါ၏။ မီးဖို၍ အနွေးဓာတ်ယူရပါသည်။ ထိုသို့နေထိုင်ပြီး ခက်ခက်ခဲခဲ ခုတ်ထွင်ရှင်းလင်းခဲ့ရပါသည်။ ဝေဘူချောင်မေတ္တာရှင် ဘဘုန်းဦးဝိသိပ္ပသည် ထိုဂူတော်ကြီး၌ အဓိဋ္ဌာန်ပါရမီ ၄၉ ရက်ကျင့်ခဲ့ဖူးပါသည်။

ယခုအခါ သစ်ထုတ်လုပ်ရေးလမ်း၊ နံကသူချောင်းရေအေး တာတမံဆည်ဖို့ထားသဖြင့် စက်လှေများနှင့် သွားလာနိုင်သဖြင့် ရေးအခါ ခရီးကကြမ်း၊ လမ်းကကြမ်း၊ သားရဲပေါသော ဤအနောက်ရိုးမတောင်ပေါ်က နံကသူလိုဏ်ဂူတော်ကြီး ယခုအခါမှာတော့ ခရီးလမ်းချောမွေ့စွာ သွားနိုင်ပြီ။ ရန်ကုန်မှလည်း ပုသိမ်-ရန်ကုန်လမ်းမကြီးနှင့် ခရီးနှင်ပြီး ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီးမှ ကွင်းကောက်မြို့လေး၏ ခရီးစဉ်အတိုင်း သွားနိုင်ပါတော့သည်။

ဤသို့ အံ့ဩဖွယ်ရာ ရှေးဟောင်းသမိုင်းအမွေအနှစ်များရှိရာ ဝိဇ္ဇာမြို့တော်ကြီးအတွင်းက (ရှန်ဗဲလား)နံကသူလိုဏ်ဂူတော်သို့ သွားရောက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ချင်ပါသည်။

သာသနာတော်မြတ် ဝိဇ္ဇာဓာတ် ထွန်းလင်းကမ္ဘာတည်ပါစေ...။

မင်းတိုင်ပင်(မြရောင်မြေ)

၀၉-၃၁၀၇၈၃၆၂



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ဇေယျာဗိမန်ကျိုင် ရွှေပြည်ဝင်ဘုရားစေတီတော်

## ( သို့ မ ဟု တ် )


# မြန်မာ့လွတ်လပ်ရေးခေတ်မီ ဆန်စေတီ

ဣန္ဒာသယမဟိန္ဒိစေ **ပေဒသုတေသီဆရာမျိုး**

ကျွန်ုပ်သည် တစ်နေ့သ၌ ရမည်းသင်း မြောက် ရွှေစည်းခုံ ကားဂိတ်မှ မေတ္တာလမ်းအတိုင်း ပေ ၃၀၀ ခန့် လျှောက်မိလေသောအခါ အထက်တန်းကျောင်း၏ မြောက်ဘက်၊ သံလမ်း၏ အနောက်ဘက်တွင် စာရေးသူ၏ သက်တမ်းတစ်လျှောက်၌ ဖူးမြော်ဖူးခြင်းမရှိသေးသော အလွန်ထူးခြားဆန်းကြယ်သည့် ဘုရားစေတီအုပ်စုအား တွေ့ရှိရပါလေ၏။

ဘုရားဝင်မုခ်ဦး၌ ကမ္ဘာ့ဇေယျာဗိမန်ကျိုင် ရွှေပြည်ဝင် ဘုရား၊ မြန်မာသက္ကရာဇ် ၁၃၇၂ ခု၊ ခရစ်သက္ကရာဇ် ၁၆-၄-၂၀၁၁ ဦးနန်းဖေ+ဒေါ်မြင့်၊ ဦးအောင်ခင်+ဒေါ်ရီတို့အား အမှူးထား၍ ဗိုလ်ကြီးယဉ်ထွေး+ ဒေါ်တင်စန်းမြွေး မိသားစု ကောင်းမှုဟူ၍ ပါရှိပါသည်။ ထို့နောက် စာရေးသူသည် ဘုရားဝင်းအတွင်းရှိ ဆန်စေတီကျောင်းတိုက်မှ ဆရာတော် ဦးပညာဇေအား တွေ့ဆုံဖူးမြော်၍ စာရေးဆရာဖြစ်ကြောင်း လျှောက်ထားလေသောအခါ ဆရာတော်ကြီးမှ ဝမ်းမြောက် ဝမ်းသာစွာဖြင့် ကြိုဆိုဧည့်ခံပြီးသကာလ ဘုရားသမိုင်းကို ရေးဖွဲ့သီကုံးနိုင်ရန်အတွက် လိုအပ်ချက်များကို ရှင်းလင်း မိန့်ကြားတော်မူပါလေ၏။

ဆရာတော် ဦးပညာဇေသည် ခမည်းတော် ဦးလှ အေး မယ်တော် ဒေါ်ငွေရီတို့မှ ဖွားမြင်သော မွေးချင်း ၁၀ ဦးတွင် စတုတ္ထမြောက် သားရတနာဖြစ်၍ ရမည်းသင်းမြို့ ပန်းထိမ်ရပ်ဇာတိ ဖြစ်ပါသည်။ သက်တော် ၄၂ နှစ်တွင် ရဟန်းခံခဲ့ရာ ယခုအခါ သက်တော် ၇၅ နှစ်၊ ဝါတော် ၃၃ ဝါ ဖြစ်ပါသည်။ ၉ ဝါမြောက်တွင် ဆန်စေတီကျောင်း တိုက်သို့ရောက်ရှိ၍ ၁၂ ဝါ ရရှိသော ၁၃၅၃ ခု၊ ကဆုန်လ




ကျိုက်စေတီတော်နှင့် ကကုသန်ဘုရား

ဆန်း ၉ ရက်၊ (၂၁-၄-၉၁)၊ တနင်္ဂနွေနေ့တွင် မူလ ဆရာတော် ဦးစကြဝံသမှ ဦးပညာဇေသို့ ဆန်စေတီ ကျောင်းအပ်နှံပါသည်။ မူလဆရာတော်ဦးစကြဝံသသည် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဖြစ်ခဲ့ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ငုံးမင်းစေတီ

သက်တော် ၉၄ နှစ်၊ ဝါ တော် ၇၄ ဝါတွင် ပျံလွန်တော်မူပါသည်။

"ဒီဘုရားကို ၁၉၄၅ ခုနှစ် လွတ်လပ်ရေးမရမီ အချိန်က နေသူရိန်ရသေ့မှ ဦးစီးပြီး UNP မှ ဗိုလ်ကြီးလှအောင်နှင့် အကျဉ်းဦးစီးဌာနတို့မှ စုပေါင်းတည်ထား ကိုးကွယ်ခဲ့ပါတယ်။ ဒီဘုရားဟာ ရန်ကုန်မှာ ဦးနုတည်တဲ့ ကမ္ဘာအေးဘုရားထက်စောပါတယ်။ မြန်မာပြည် လွတ်လပ်ရေးရအောင် ကြံဆောင်ခဲ့တဲ့ ဘုရားပေါ့။ ကမ္ဘာလုံး အောက်ခြေထောင့်လေးထောင့်ပစ္စယံမှာ ခိုခြောက်ကောင်ရံထားတယ်။ အဓိပ္ပာယ်က မြတ်စွာဘုရားဟာ ခိုဘဝ ခြောက်ကြိမ်ဖြစ်ခဲ့ပြီး ခြောက်ကြိမ်လုံး ဘေးဥပဒ်အန္တရာယ် ကင်းစင်ပြီး လွတ်လပ်စွာနေထိုင်ခဲ့ရတာကို ရည်စူးပြီး မြန်မာပြည်ကြီး လွတ်လပ်ပြီး အန္တရာယ်ကင်းစေဖို့ရည်ရွယ်တယ်။ ကမ္ဘာလုံးအထက်စေတီမှာ အရှေ့အရပ်မှာ ဒေါင်းတစ်ကောင်(ဥဒေတယံ)နဲ့ အနောက်အရပ်မှာ ဒေါင်းတစ်ကောင် (အပေတယံ)ပါရှိတယ်။ အဲဒါကတော့ နေထွက်၊ နေဝင်ကို ရည်ညွှန်းတယ်။ ကျုပ်တို့တိုင်းပြည်မှာ နေထွက်ချိန်မှာလည်း ဘေးမရှိရဘူး။ နေဝင်ချိန်မှာလည်း ဘေးမရှိရပေဘူး။ လာဒကာကြီး ကျုပ်တို့ဘုရားဖူးရင်း အသေးစိတ်လေ့လာကြရအောင်"

ထို့နောက် ဆရာတော်ကြီးမှ တနင်္ဂနွေထောင့်မှ စတင်၍ စေတီတစ်ဆူချင်း အသေးစိတ်ရှင်းလင်းမိန့်ကြားပါသည်။

## တနင်္ဂနွေထောင့်


"ဒီဘုရားကအောက်မှာ ဆန်ဇလားခံပြီးတော့ ဆန်ဌာပနာပြီးတည်ထားတဲ့အတွက် ဆန်စေတီဘုရား ခေါ်ပါတယ်။ ဒီဘုရားကို အမှီပြုပြီး ဆန်စေတီကျောင်းတိုက်၊ ဆန်စေတီရပ်ကွက်ရယ်လို့ ပေါ်ပေါက်လာခဲ့တာပေါ့။ အဓိပ္ပာယ်ကတော့ ကျုပ်တို့နိုင်ငံတော်ကြီးမှာ ဆန်ရေစပါး ပေါများကြွယ်ဝရမယ်ဆိုတဲ့ ဓာတ်ကိုဖော်ဆောင်ပါတယ်"

## တနင်္လာထောင့်

"ဒါက ငါးရံ့မင်းစေတီပေါ့။ မိုးလေဝသမှန်ကန်စေဖို့ ရည်စူးတယ်။ ဒီဘက်က ဂဠုန်မင်းစေတီ၊ အရှေ့မှာ ဦးယက္ခ ဘုရားကန်တော့တဲ့ပုံပါတယ်။ ဂဠုန်က ညာဘက်လက်နဲ့ နဂါးကို ကုတ်ထားတယ်။ အဲဒါကတော့ 'မုဆိုးစည်းတွင်း နဂါးဆင်း၊ သမုဒ်ပင်လယ်ဝေလတ္တံ့။ မာန်ပြင်းတောင်ဟုန် ဂဠုန်သုတ်ယူ၊ ဂဠုန်လည်းတွတ် နဂါးမြုပ်၊ ဇမ္ဗူတရစ်သာလတ္တံ့''ဆိုတဲ့ တဘောင်လင်္ကာအရ တည်ထားတာ။ နဂါးဂဠုန် ကမ္ဘာဆယ်ယက္ခ စောင့်ရှောက်တယ်လို့လည်း တစ်နည်းအဓိပ္ပာယ်ဖွင့်နိုင်တယ်။ အဲဒီရဲ့ ဒီဘက်က ကြက်ဖစေတီပေါ့။ ဒါကတော့ 'ကြက်မတွန်လို့ မိုးမလင်းဘူး။ ကြက်ဖတွန်မှ မိုးလင်းမယ်' ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်တယ်။ ဒီစေတီရဲ့ဒကာကတော့ ဒေါ်ညိုမရဲ့သမီး ဒေါ်သိန်းနဲ့ သားကျော်စိန်တို့ဖြစ်ပါတယ်။ ဒေါ်ညိုမက ကျုပ်အဖေရဲ့အစ်မဆိုတော့ ကျုပ်ရဲ့ကြီးတော်ပေါ့။ ဝိတိုရိယလို နေမဝင်ဘုရင်မဲကာ ကျုပ်တို့တိုင်းပြည်ကို ကြာကြာမသိမ်းပိုင်စေရဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့စေတီမဏ္ဍိုင် ရွှေပြည်ဝင် သာသနာ့ပရိဂုဏ်ကြီး

ဂါထောင့်

"ဒါကတော့ သိမ်စေတီပေါ့။ 'သိကိုရေချိုး ဆေးရိုးမီး ပွဲ စပါးတောင်လိုပုံ၊ စားတော်မကုန်' ဆိုတဲ့ တဘောင် ကာအရတည်တာ။ ဒီစေတီအောက်မှာ သိအိုးရှိတယ်။ ပိအိုးထဲ သိထည့်ပြီး သိဋ္ဌာပနာထားတယ်လေ။ ဘုရား တကာတော့ ဦးထွန်းသာ+ဒေါ်သိန်းမြ"

ဒ္ဓဟူးထောင့်

"ဒါက လေးကျွန်းစကြာဘုရား။ ဒကာက ဒေါ်အေး ဝင်း 'မြေ့ဒီပါလက်ယာတောင်ကျွန်း ဩဘာနှိမ်မိတ်ထွန်း' ဆိုတဲ့ တဘောင်လင်္ကာအရ တည်တာပါ။ ဒီတောင်တည့် တည့်က မြသလွန်ဘုရား။ စစ်သူကြီးလေးဦးပါတယ်။ လွန်ပေါ်မှာ ဆုတောင်းပြည့်စေတီကို တည်ထားတယ်။ လွန်ရှေ့တည့်တည့်မှာ ကျောက်သာသနာပွဲရှိတယ်။ 'သံ မောက်ခေါင်း လေးယောက်ပေါင်း၊ အောင်ကြောင်းပေါ် တော့မည်။ အောင်ကြောင်းပေါ်ဖို့ မင်းလောင်းမျှော်သည်' ဆိုတဲ့ တဘောင်လင်္ကာနဲ့ တည်ထားတာဖြစ်တယ်။ ပေါက္ကံ ပြည်မှာ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦး ဖီးဆိုတဲ့ စစ်သည်လေးသိန်းအင်အားနဲ့ ညီမျှတဲ့ စစ်သူကြီး လေးယောက်ခြံရံတဲ့အလယ်က သလွန်ပေါ်မှာ အနော် ရထာဘုရင် စံမြန်းပြီး ကျုပ်တို့တိုင်းပြည်ဟာ တစ်ခေတ် တစ်ခါက ထင်ပေါ်ကျော်ကြားပြီး တိုင်းတစ်ပါးသားတို့ မယှဉ်ပြိုင်ဝံ့ခဲ့တာကို ပြန်လည်ဖော်ဆောင်တယ်"

"အဲဒီဘက်က ပဒေါင်းစကြာဘုရား။ အောက်ဘက ကြိုတ်ပုံခံဆောင်ထားတယ်။ 'ပဒေါင်းစကြာသွက်သွက်ခါ' တဲ့။ ဒီကြိုတ်ပုံဟာ သွက်လက်လည်ပတ်နေသမျှ ဆန်ရေ စပါးပေါများကြွယ်ဝနေမှာဖြစ်တယ်။ ဒကာကတော့ ဦးသူတော် + ဒေါ်အေးပေါ့"

စနေထောင့်

"ဒါ ပန်းကန်စေတီခေါ်တယ် ဒကာကြီး၊ ပန်းကန်

www.burmeseclassic.com

လုံးပေါ်မှာ တည်ထားတာလေ။ လူတွေ ဝဝလင်စားသုံး နိုင်ပါစေလို့ ရည်ရွယ်တယ်။

## ကြာသပတေးထောင့်


"ဒါက ဗုဒ္ဓစကြာဘုရား။ အောက်ခြေမှာလိုဏ်ဂူပုံစံ လုပ်ထားတယ်။ ဂဏ်ဝါဠ သဲစုမက ပွင့်တော်မူကြသော ဘုရားများစွာကို ရည်စူးပါတယ်။ ဗုဒ္ဓစကြာဘုရားမှာ မြား ကိုင်နဲ့ မြားဘူးပုံစံပါတယ်။ အဓိပ္ပာယ်ကိုတော့ ကျုပ်လည်း မသိဘူး။ အလှူရှင်က ဒေါ်ပန်းရင် သားသမီးများ ပျော် ဘွယ်မြို့တဲ့။ ဒီဘက်က ယုံဘုရား၊ 'ယုံရင်လုပ်၊ မယုံရင် မလုပ်နဲ့'လို့ အဓိပ္ပာယ်ရတယ်။ ဒီဘက်က ရွှေယဉ်မျှော် ဘုရား။ ပန်းအိုးခံပြီး စေတီတည်ထားတာ။ အရှေ့ဘက်က ရွှေမြင်တင်ဘုရားကို မျှော်ထားတာ။ ဘုရားဒကာက ဦးလုဖေ၊ သား မောင်ကိုကြီး၊ သမီး မသန်းကြည်၊ မခင်မြ ပျော်ဘွယ်ကောင်းမှုဖြစ်ပါတယ်။ ရွှေမြင်တင်ဘုရားနဲ့ ဆက် စပ်ပုံကိုတော့ ကျုပ်လည်းမသိဘူး"

## ရာဟုထောင့်

"ဒါက ဟသ်ာစေတီ၊ မြတ်စွာဘုရားဟာ ဟသ်ာ ကိုးဘဝဖြစ်ခဲ့ဖူးတယ်။ ဟသ်ာဆိုတဲ့ငှက်ဟာ အလွန်လျင် မြန် ဖျတ်လတ်မြန်ဆန်တယ်။ နေဆီကိုတောင် ရဲရင့်စွာ ပျံသန်းတဲ့ငှက် ဖြစ်တယ်။ ကျုပ်တို့နိုင်ငံဟာ လျင်မြန်သော အဟုန်နဲ့ ရဲရင့်မြန်ဆန်စွာဖြင့် လွတ်လပ်ရေးကို ရရှိစေ ရမယ်"

## သောကြာထောင့်

"ဒါက ကိုးသိန်းကိုးသန်း ဂြိုဟ်ပြေရန်ပြေဘုရား လို့ခေါ်တယ်။ အရှေ့ဂြိုဟ်စင်ဘုရားလို့လည်း ခေါ်တယ်။ မကောင်းတဲ့ဘေး၊ မကောင်းတဲ့ရန်၊ မကောင်းတဲ့ ဂြိုဟ်စီး ဂြိုဟ်နင်းတွေ ပပျောက်ဖို့ လှူထားတယ်။ ဘုရားဒကာ ဦးဘစိန်+ဒေါ်အေးခင်တဲ့။ ဒီဘက်က နေလဘုရား။ အရှေ့ ကနေထွက်ပြီး အနောက်က လထွက်တဲ့ သဘောတရားကို အခြေခံပြီး ဒေါင်းနဲ့ယုန်ကိုယ်စားပြုတဲ့ နေ–လဘုရား




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တယ်။ 'နေနဲ့လနဲ့ နှစ်ပါးဆိုင် သိကြားကိုယ်တိုင်မမယ့် ယောက်ျား'ဆိုတဲ့ တဘောင်လင်္ကာနဲ့ အညီတည်ထားတာ။

ဒီဘက် ရွှေဘုန်းပွင့်စေတီကတော့ ပြည်သူပြည်သားများ ကောင်းမှုဖြစ်တယ်။ အရင်က သာသနာပွဲပါတာ အခုပျက်သွားပြီ။ ရက်ကန်းစင်ပုံကိုတွေ့ရလိမ့်မယ်။ ယက္ကန်းစင်တောင် ဆရာတော်ကြီးဦးဩဘာသကို တိုင်ပင်ရမယ်လို့ ဆိုလိုတယ်။ မြန်မာပြည်သူပြည်သားတွေ ဘုန်းကံမြင့်မားဖို့ ရည်ရွယ်တယ်"


ဂြိုဟ်ရှစ်ခွင်စေတီများကို လေ့လာဖူးမြော်ပြီးတော့ အရှေ့ဘက်ကို ဆက်လျှောက်လာကြပါတယ်။

"ဒါက ခိုစေတီ၊ ခိုစေတီတော်က ငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် တည်တာပေါ့။ ကမ္ဘာစစ်မီးငြိမ်းစေဖို့ ရည်ရွယ်တာပေါ့။ ဒီဘက်က ဒေါင်းမင်းစေတီ၊ အမှုအခင်းတွေ ကင်းစင်ငြိမ်းချမ်းဖို့ ရည်ရွယ်တယ်။ ဟိုဘက်က ငုံးမင်းစေတီ၊ မီးဘေးအန္တရာယ် ကင်းစင်ဖို့အတွက်တည်တာ။ ဒီသုံးဆူစလုံးဟာ အနောက်ဘက်ကိုလှည့်ထားတယ် ဒကာကြီး။ ဟိုရှေ့က တစ်ဆူတည်းသော စေတီကတော့ စာဖို–စာမစေတီလို့ ခေါ်တယ်။ အရှေ့ဘက်ကို မျက်နှာမူထားတယ်။ အဓိပ္ပာယ်ကတော့ "စာဖို–စာမ နေ့,လပြု၊ လိုတရ ကမ္ဘာကောက်ရအကွရာ"တဲ့။ အဘဘိုးမင်းခေါင်ပြောတာ။ ဒီဘုရားပြီးတာနဲ့ နေသူရိန်ရသေ့ဟာ ထွက်ရပ်ပေါက်သွားခဲ့သတဲ့။ ဒါကြောင့် ထွက်စေတီအဖြစ်နဲ့ အရှေ့ကို မျက်နှာမူထားတာပေါ့"

စာဖို–စာမစေတီ အရှေ့ဘက်တွင်ရှိသော မှုကွှစိုးနန်းနှင့် ဧည့်ဂေဟာပင်မှာ ဘုရားတည်ခါစကတည်းက တည်ရှိကြောင်း သိရှိရပါသည်။

"ဘုရားတွေရဲ့အရှေ့မှာ ကန်တစ်ကန်ရှိတယ်။ အရင်က တိမ်တိမ်လေး။ ကျုပ်က ကိုးပေနက်အောင် ပြန်တူးခဲ့တယ်။ ဒါက ကြိုးကြာရေသောက်တဲ့ ကန်ပေါ့။ အစ ကြိုးကြာဆိုတဲ့ လင်္ကာအရ ကြိုးကြာကန်က စရတာ။

ကန်၏ထိပ်တွင် မဟာကရုဏာရုပ်တော်မှ ဗျာဒိတ်ပေးရုပ်ပွားတော်အား ကိုခင်မောင်ဝင်း + မအိအိချော ဆန်စေတီရပ်ကွက်မှ ၁၃၇၃ ခုနှစ်တွင် လှူဒါန်းထားပါသည်။ လက်ဝဲရံအလှူရှင်မှာ ဦးထွန်းထွန်းလတ်+ဒေါ်သန်းသန်းနုဖြစ်၍ လက်ယာရံအလှူရှင်မှာ ပျဉ်တပ်ရပ်ကွက်မှ ကိုအောင်နိုင်+ မသီတာ ဖြစ်ပါသည်။ ၎င်း၏အရှေ့တောင်ထောင့်တွင် ပြည်လုံးချမ်းသာ တံခွန်တိုင်ကို ၁၃၅၈ ခု၊ ကဆုန်လဆုတ် ၅ ရက်နေ့တွင် ဦးပိုင် + ဒေါ်ပုမိသားစုနှင့် ဦးသန်းမောင်+ ဒေါ်စန်းမိသားစုတို့မှ လှူဒါန်းထားပါသည်။ ဓမ္မစကြာမုဒြာကို ၁၆–၉–၂၀၁၁ တွင် ဦးကျော်သူ+ဒေါ်ခင်





www.burmeseclassic.com

www.burmeseclassic.com

သန်းငွေနှင့် သမီးများ (မြသုခဆန်စက်) လက်ဆည်ကန်မှ လှူဒါန်းပါသည်။ ပဥ္စဝဂ္ဂီငါးပါးတွင် သုံးပါးအလှူရှင်မှာ ဦးတင်ထွန်း + ဒေါ်ကျော်မွေးဖြစ်၍ နှစ်ပါးအလှူရှင်မှာ ဦးကျော်သူဖြစ်ပါသည်။

၎င်း၏နောက်တွင် ဓာတ်ပေါင်းဥသျှောင် အောင်မင်းခေါင်နန်းကို ကံမြင့်ရွာ ဦးစိုးမြင့်+ဒေါ်မြနှင့် ဦးအောင်စိန်+ဒေါ်တင်အေး၊ ဆန်စေတီရပ်ကွက်မှ ဦးချစ်မောင်တို့မှ မတည်လှူဒါန်းပြီး ဦးပညာဝံသမှ ၈–၄–၂၀၁၃ အင်္ဂါနေ့တွင် အပြီးလှူဒါန်းပါသည်။ ၎င်း၏နောက်ဘက်တွင် ၃၇ မင်းနတ်နန်းကို ဦးခင်မောင်ကျော်+ဒေါ်လှကြည် မိသားစုမှ နေ့ချင်းပြီး လှူဒါန်းပါသည်။ ထို့နောက် ကမ္ဘာ့အေးဗောဓိမဏ္ဍိုင်ရွှေပြည့်ဝင်မြတ်စွာဘုရားကို ဆက်လက်ဖူးမြော်ပါသည်။ ရုပ်ပွားတော်အလှူရှင်မှာ ဆရာတော် ဦးပညာဝံသ ဖြစ်ပါသည်။ ၁၃၇၃၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ (၁၇–၇–၂၀၁၁)နေ့တွင် လှူဒါန်းထားခြင်းဖြစ်ပါသည်။ ပလ္လင်၌ "သေံဝိဓာပုကာယမ၊ မယကာပုဓာဝိသံင"ဟူ၍ စာလုံး ၁၆ လုံးပါရှိပါသည်။ ဆရာတော် ရှင်းပြသည်မှာ –

"ပလ္လင်အောက်မှာ သွပ်အစစ်နဲ့ အင်းတစ်ခုမြှုပ်ထားတယ်။ အဲဒီအင်းဆံမှ ဂါထာဖြစ်တယ်။ 'ရတနာသျှမ်ဓာအင်း'လို့ခေါ်တယ်"

အာရုံခံ၏မျက်နှာစာတွင် "အရဟံ–ဝရဗုဒ္ဓါင–ဝရဓမ္မောင–ဝရသံဃောင–မ၊ အရဟံ–ဝရိသာရောင–ဝရစေတောင–ဝရဒေတုဝရေဟိမေဝရံင–မ"ဟူ၍ ပါရှိပါသည်။

"ဒီဂါထာ ကျုပ်ဖြည့်ထားတာပါ။ 'င'ဆိုတာက 'သောတ္ထိ'–အစဦး ဤသို့တည်းလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ နေသူရိန်ရသေ့ဟာ ဒီနေရာကနေ စတင်အဓိဋ္ဌာန်ဝင်ပြီး စာဖို၊ စာမ ဘုရားမှာ ထွက်ရပ်ပေါက်သွားတာဖြစ်ပါတယ်။ စေတီပတ်လည်မှာ ပဋ္ဌာန်းအင်းရှိသေးတယ် ဒကာကြီး"

အခြားမျက်နှာစာတွင် ပဋ္ဌာန်းအင်းစေတီကို အသေးစိတ်စီရင်ခြယ်မှုန်းထားတာကို တွေ့မြင်ရပါသည်။ ထို့နောက်မြောက်ဘက် မျက်နှာစာတွင် ရွှေမုဋ္ဌောဘုရား၏ သုံးထပ်တံခါးထက်တွင် စီရင်ထားသော နေ–လ အင်းစမပုံတော်ကို ဖော်ပြထားပါသည်။ "ရင်ပြင်တော်အုတ်ခင်း အလှူရှင်အဖြစ် ဦးခင်မောင်ကျော်+ဒေါ်လှကြည်တို့က ၂၈–၂–၂၀၀၃ သောကြာနေ့က တစ်နေ့တည်း နေ့ချင်းပြီး လှူဒါန်းခဲ့တာပေါ့"

ထို့နောက် ဆရာတော်နှင့် စာရေးသူတို့သည် ကျောင်းပေါ်သို့ ပြန်တက်ခဲ့ကြပေသည်။ ထို့နောက် ဆရာတော်မှ ကျောင်းပေါ်ရှိ ဘုရားခန်းကို မှတ်တမ်းတင်စေပါသည်။

"ဒီဆင်းတုတော်က အရင်က ထွက်ရပ်ပေါက်ဘုရားမှာ ပူဇော်ထားတာ ဒကာကြီး။ မဏိတော်မှာ နဝရတ်ကိုးသွယ်ပါရှိတယ်။ ဘုရားရဲ့ပလ္လင်မှာ 'စာဖို၊ စာမ နေ–လပြု ကမ္ဘာ့ကောက်ရ အကွရာ'ဆိုတာ ပါရှိတယ်။ ကူးထားဦး ဒကာကြီး။ အနက်အဓိပ္ပာယ်ကိုတော့ တတ်ကျွမ်းနားလည်သူတွေကို အကူအညီတောင်းပေါ့"

| | | | |
|---|---|---|---|
| ဃ | က | ရ | ဇ |
| သ | ည | က | မှ |

"ဒီဆင်းတုတော် ရတနာတွေကို ဖြုတ်ခိုးဖို့ ကြိုးစားကြတဲ့အတွက်လည်း ကျုပ်လည်း စိတ်မချတာနဲ့ ကျောင်းပေါ်တင်ပြီး ကိုးကွယ်ထားလိုက်တာ။ ဒါတောင်မှ ပတ္တမြားတစ်လုံးပါသွားသေးတယ်"

ထို့နောက် ဆရာတော်မှ လိုအပ်သည်များကို ဆက်လက်၍ ဖြည့်စွက်မိန့်ကြားပါသည်။

"တံခွန်တိုင်စေတီရဲ့ အင်္ဂါထောင့် ခေါင်းလောင်းအတွင်းမှာ ရှင်ဥပဂုတ္တမထေရ်ကို ဌာပနာထားပြီးတော့ ထီးတော်အပေါ်မှာရှိတဲ့ စိန်ဖူးတော်အတွင်းမှာ ရှင်သီဝလိမထေရ်ကို ဌာပနာထားတယ် ဒကာကြီး။ ဒီမှာ တော်ရုံလူလာထိုင်လို့မရပေဘူး။ ပါရမီဆက်၊ ပဋ္ဌာန်းဆက်ပါတဲ့သူမှ ရောက်နိုင်တယ်။ သာသနာ့အလုပ်လုပ်၊ သာသနာပွဲပါရမယ်။ ဘာလို့လဲဆိုတော့ သာသနာကို တိုင်တည်ရမှာဖြစ်လို့ပဲ။ ကျုပ်က အင်းပေါင်း ၁၀၆၄ အင်း သောက်ပြီးချိန်မှာ ဘိုးမင်းခေါင်ကတားတယ်။ အင်းလုပ်ငန်းက အရှင်ဘုရားနဲ့မသက်ဆိုင်ဘူး။ ကိုယ့်ကိစ္စပဲကိုယ်ပြီးအောင်လုပ်ပါ။ ကိုယ်တော်အချိန်နီးနေပြီလို့ အမိန့်ရှိထားတယ်။ အရင်က ဒီနေရာဟာ နွားခြံဖြစ်တယ်။ ဦးဆဖလားဟူစိန်နဲ့ သိမ်ကုန်းသူ ဒေါ်မိတို့က ပိုင်တယ်။ သူတို့ရဲ့ ပထမသမီးက ဒေါ်ဘူကင်း၊ ဒုတိယသမီးက ဒေါ်ဘီဘီ၊ တတိယသမီးက ဒေါ်ပန်းခင်၊ စတုတ္ထသားက ဦးတင်မောင် တို့ဖြစ်တယ်။ ရမည်းသင်းမြို့ရဲ့ စနေထောင့်မှာ ဘုရားတည်နိုင်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com

တတိယသမီး ဒေါ်ပန်းခင်ကနေပြီးတော့ ဒီမြေကိုလှူခဲ့တာ ဖြစ်တယ်။ ကျုပ်ဒီမှာ အုတ်တံတိုင်းလုပ်နေတာ မပြီးသေးဘူး။ အုတ်တံတိုင်းခတ်ပြီးရင် တော်ပြီ။ ကျန်တာမလိုတော့ဘူး။ ဒီအုတ်တံတိုင်းဆိုတာ သာသနာမြေနဲ့ လူမသမာသူတို့ကို ကမ္ဘာခြားဖို့ကြိုးစားတာပဲ။ လူသားနေအိမ်တွေနဲ့ ရောနေရင် ပြဿနာရှိတယ်"

"ပြည်ထဲရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ၈-၂-၁၉၉၈ နေ့စွဲပါ စာအမှတ် ၂၀၀/၁-၇- ဦး၁နှင့် ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး အခွန်တော်အမှုတွဲအမှတ် ၄/၉၃-၉၄ အရ၊ သင်းကြီးအမှတ် ၁၅/ ၁၉၆၄ အရ၊ ဆန်စေတီကျောင်းပရိဝုဏ် (ဧ. ၇၃၃)ကေကို ၁၃၆ဝ ခု၊ နယုန်လဆန်း ၂ ရက်၊ (၂၇-၅-၁၉၉၈)မှာ သာသနာနယ်နိမိတ်အဖြစ် လွှဲပြောင်းပေးအပ်မှုကို လက်ခံရရှိခဲ့ပါတယ်"

ဘုရားဝင်းအတွင်း၌ စေတီပေါင်း ၂၁ ဆူ သီတင်းသုံးစံမြန်းလျက်ရှိပြီး စေတီအားလုံးတွင် အရပ်နှင့် စဝ၀ဝ စမျှားမြှုပ်နှံလှူဒါန်းထားပါသည်။ ဗုဒ္ဓရုပ်ပွားတော်မှာ သုံးဆူဖြစ်၍ ရဟန္တာပေါင်း ခုနစ်ပါးဖြစ်ပါသည်။ ထို့နောက် ၄င်းစေတီတော်များအား အဓိဋ္ဌာန်နှင့် ကိုးကွယ်ပူဇော်နည်း အကျိုးအာနိသင်များကို ဆရာတော်ကြီးမှ ထပ်ဆင့်ရှင်းလင်းမိန့်ကြားပေးပါသည်။

ဒီဘုရားစေတီတွေဟာ ဂေါတမမြတ်စွာဘုရားရဲ့ ဖြစ်တော်ပေါင်းတွေနဲ့ ပူးတွဲသရုပ်ဖော်ထားတာ ဖြစ်တဲ့အတွက် အစ-ကြိုးကြာဂါထာကို ရွတ်ဆိုကန်တော့သင့်ပါတယ်"

## အဘယဓာတက မန္တန်တော်ကြီး

အစ်ကြိုးကြာ ၁၆ ခါတည်း၊ ဟင်္သာ ၉ ဖြစ်၊ ၆ ဖြစ်ကားနို၊ ကျေးညီ ၃ ခါ၊ သံသာကြူးဟိတ် ကရဝိက်၍ လေးပါးကိန္နရီ၊ ဓာမဏီ ၁၅၊ မျောက်ကား ၁၀၊ ဆင်ထယ် ၁၁၊ နွားဖြစ် ၁၄၊ ငေ သိန္ဓဝ၊ ကျွဲအဌဲနဲ့၊ သံမြသာညောင်၊ ဥဒေါင်း ၂ ခါ၊ သာလိကာ သတ္တ၊ ဒွိဒသကြက်၊ ဝက်ကား ၁၃၊ ပေါင်းရုံးများစွာ၊ ၁၃၆ ဖြစ်ဝယ်၌ အန္တရာယ်တစ်၊ ဘေးမရှိသည့်၊ မြတ်မုနိလောင်း ဖြစ်တော်ပေါင်းကို၊ ညွှန်ပြောင်းတုပ်ကွ၊ ပဏာမဖြင့် ကြည်စွာသဒ္ဓါရှိ နိုးပါ၏ဘုရား။

"အင်းဂဏန်းရေးလျှင် အချိုးအစားမှာ ဂဏန်း၏ခေါင်းပိုင်းတစ်ချိုး၊ ဂဏန်း၏အမြီးပိုင်း နှစ်ချိုးဖြစ်ရမည်။ အဘယဓာတက အင်းတော်ကြီး စီရင်ပြီးလျှင် မန္တန်ကြီးဖြင့် ကိုးခေါက်ဟိန်းရမည်။အင်းစီရင်စဉ်တွင် ဂဏန်းများကို မန္တန်လက်အလိုက် ရွတ်ဆိုပြီး စီရင်ရမည်။ အင်းကို ရေဒိုးထဲ စိမ်ထား၍ သောက်ပါက သင့်မြတ်ကောင်းမွန်၏။ မီးပူဇော်၍လည်း သင့်လျော်၏။

"အမွှအခင်းနှင့် ကြုံတွေ့သူတွေဟာ ဒေါင်းစေတီမှာ အောက်ပါဂါထာနဲ့ ပူဇော်ရမယ်"

ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော
တံတံနမဿာမိ ဟရိဿဝဏ္ဏံ
ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

"မီးဘေးအတွက်ဆိုရင် ငုံးစေတီမှာ ဝဋ္ဋသုတ်ပရိတ်တော်ရွတ်ရမယ်။ မိုးလေဝသခေါင်းပါးတဲ့အချိန်မှာ ငါးစေတီမှာ ငါးရံ့မင်းပရိတ်ရွတ်နိုင်တယ်။ ဆန်ရေစပါး ပေါများကြွယ်ဝဖို့နဲ့ စားနပ်ရိက္ခာ မရှားပါးဖို့အတွက်ကို ဆန်စေတီ၊ ဆိုစေတီ၊ ပဒေါင်းစကြာဘုရား၊ ပန်းကန်ဘုရားတွေကို အဓိဋ္ဌာန်နဲ့ပူဇော်နိုင်တယ်။ ဘေးရန်အန္တရာယ်ကင်းပြီး ယှဉ်ပြိုင်တိုင်း အနိုင်ရရှိဖို့အတွက် မြသလွန်စေတီကို ပူဇော်နိုင်တယ်။ သိုက်စက်-ပဋ္ဌာန်းစက်အတွက် ရွှေယဉ်မျှော်ဘုရားကို ပူဇော်နိုင်တယ်။

"နေ-လဘုရားမှာ သာသနာပွဲတင်ပြီး ကိုယ့်မွေးနေ့နဲ့ ကိုက်ညီမယ့် မြန်မာလဆန်း (၁,၂,၃) ရက်အတွင်း သာသနာစောင့်နတ်မင်းကို ပွဲအပ်ပါ။ သာသနာစောင့်နတ်မင်းမှတစ်ဆင့် ဘုရားကိုလှူဖို့ပန်ကြားပါ။ ဒီအဓိဋ္ဌာန်ကို လုပ်တဲ့နေရာမှာ အချက်သုံးချက်နဲ့ ညီ ညွတ်ရမယ်။

### ၁။ အချိန်မှန်ရမယ်

နံနက် ၆ နာရီမှ ၇း၃၀ နာရီ အတွင်း လုပ်ရမယ်လို့ဆိုလိုတယ်။ ဖြစ် နိုင်ရင် ၆း၄၀ နာရီမှ ၆း၅၀ နာရီအတွင်း ပြီးအောင်လုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**၂။ နေရာမှန်ရမယ်**

ဒီနေ–လာဘုရားမှာ လုပ်ရမယ်လို့ ဆိုလိုတယ်။

**၃။ စိတ်ဆန္ဒမှန်ရမယ်**

ကိုယ်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်ပေါ့လေ။ ထီပေါက်ချင်တာလား။ ချမ်းသာချင်တာလား။ ဒီနေရာမှာ ဗားမဲ့ဆရာတော်ကြီးရဲ့ အဆုံးအမတစ်ခုရှိတယ်။ အဲဒါကတော့ လောဘစိတ်နဲ့ မလုပ်ရဘူး။ နေရာတကာကို ပြဋ္ဌာန်းစိတ်နဲ့ လုပ်ရမယ်တဲ့။ ဆိုလိုချင်တာက ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင် မဖြစ်ဘူး။ ဒါပေမယ့် ကိုယ်ကြိုးစားရမှာက ကိုယ့်အလုပ်၊ အဲဒါကို သဘောပေါက်ဖို့လိုတယ်။

နောက်ပြီးရင် ရွှေမုဋ္ဌောဘုရား သုံးဆပ်တံခါး အထက်မှာ စီရင်ထားတဲ့ နေ–ဇ စမကို အသက်ထက် တစ်ကြိမ် ပိုပြီးသောက်ရမယ်"

"ရွှေဘုန်းပွင့်စေတီကိုတော့ ငါကြီးချင်၊ ရာထူးတက်ချင်ရင် ပူဇော်ရတယ်။ လက်ခမောင်းခတ်၍ သစ္စာကျိန်ဆိုပြီး သာသနာပွဲနဲ့ အလုပ်လုပ်ရင် ကိုးထောင်ကကြားတယ်။ (ကိုးပြည်ထောင်က ကြားတယ်လို့ ဆိုလိုတယ်)"

"စာစေတီမှာ နံနက် ၆း၄၀ မှ ၆း၅၀ အတွင်း အရှေ့ဆွမ်းကပ်ပြီး အနေကဇတင်ရမယ်။ 'ဝရဗုဒ္ဓေါ၊ ဝရမမ္ဗော၊ ဝရသံဃော၊ ဝရသရော၊ ဝရစေတော၊ ဝရဒေဝတု၊ ဝရေဟိမေ၊ ဝရံဝရံ' ဒီဂါထာကို ရွတ်ရမယ်။ ဒါကတော့ အကြားအမြင် ထွက်ရပ်လမ်းကို ညွှန်ပြတယ်"

"ဝရဂါထာကို ကိုယ့်မွေးနေ့နဲ့ တိုက်ဆိုင်သော လဆန်း ၁၊ ၂၊ ၃ ရက်မှာ နံနက် ၆ နာရီကစပြီး တောင်နဲ့ မြောက်ကို တန်းလျှောက်ရင်းနဲ့ ရွတ်နေရမယ်။ နေတက်လာလိမ့်မယ်။ အနောက်က လဝင်သွားတာကိုလည်း မြင်ရမယ်။ နေထွက်၊ လဝင်အမိဋ္ဌာန်လို့ ခေါ်တယ်။ လက အနောက်အရပ်နဲ့ ရာဟုထောင့်ကြားမှာ ဝင်တာ။ နေက အရှေ့အရပ်နဲ့ အဂ္ဂိထောင့်ကြားထဲက ထွက်တာ။ အဲဒီ တစ်တန်းတည်းဖြစ်သွားတဲ့အချိန် (ထမ်းပိုးထမ်းလို့ခေါ်တယ်) အဲဒီလိုညီသွားတဲ့အချိန်မှာ အိမ်မြှောင်နဲ့ တောက်တဲ့ တို့က အော်တယ်။ အိမ်မြှောင်–တောက်တဲ့အော်ပြီဆိုရင် ခင်ပျားလုပ်တာ သိဒ္ဓိဝင်ပြီ။ တောင်နဲ့မြောက်ကို လျှောက်နိုင်းတာက နေ၊ လကိုမြင်အောင် မျက်လုံးကိုအလုပ်လုပ်ခိုင်းတာ"

"ကြက်စေတီမှာ ကြက်မင်းဂါထာတော်ကို အချိန်ကိုက်ရွတ်ဆိုရင် ကိုယ်ပျောက်ရှိန်းရတယ်"

"ဥုမ် နတ္တိမေ သရဏံ ဆာယံ၊ အဟံ ကာယံ ဆာယံ ဆာယံ၊ ဣသသရိ ယံ–ရတ္တိယံ၊ ဩကြင်းအယံမမ မေ သရဏံ ဆာယံ၊ ဘဝန္တု အံအံ ဩကြင်း အဟံ အံအံ သမန္တေ မေ"

"အရှေ့အရပ်မှာ ရက္ခစိုးစင်ရှိတယ်။ ရက္ခစိုးဂါထာတော်ကြီးကို ညစဉ် ၃၇ ခေါက်နဲ့ ၃၇ ရက်ပြည့်အောင် ရက္ခစိုးစင်အောက်မှာ ရွတ်နိုင်ရင် အရာအားလုံး ပြည့်စုံအောင်မြင်ပါလိမ့်မယ်"

## ရက္ခစိုးဂါထာတော်ကြီး

ဥုမ် ဘုမ္မတ္တ ဒေဝလာဘာမိ၊ ဥုမ် ဘုမ္မတ္တ ဒေဝ ခန် သုခံ လာဘံ ဘောဂဋ္ဌ ယာစာမိ သမ္ပတ္တိံ ဒေဟိမင်္ဂလာ။

ဥုမ် ရက္ခသ ဒေဝ လာဘာမိ၊ ဥုမ် ရက္ခသ ဒေဝ ခန် သုခံ လာဘံ ဘောဂဋ္ဌ ယာစာမိ သမ္ပတ္တိံဒေဟိမင်္ဂလာ။

ဥုမ် အာကာသတ္တ ဒေဝလာဘာ မိ၊ ဥုမ် အာကာသတ္တ ဒေဝခန်သုခံ လာဘံ ဘောဂဋ္ဌ ယာစာမိ သမ္ပတ္တိံ ဒေဟိ သဗ္ဗဒါ။

"ကဲ ... ဒါလောက်ဆိုရင် ပြည့်စုံလောက်ရောပေါ့ ဒကာကြီး"

စာရေးသူသည်ဆရာတော် ဦးပညာဇောတိ ရှိသေစွာ ဦးချနှုတ်ဆက် ကန်တော့၍ လာရာလမ်းကို သွက်လက်ပေါ့ပါးသော ခြေလှမ်းများနှင့်အတူ ပြန်လာခဲ့ပါပေတော့၏။ အကြင်စာရှုသူများအနေနှင့်လည်း မြန်မာ့လွတ်လပ်ရေး တစ်ခေတ်မီအောင် သမိုင်းတွင်ရစ်သော ဆန်စေတီ (သို့မဟုတ်) ကမ္ဘာ့ဗောဓိမဏ္ဍိုင် ရွှေပြည်ဝင်ဘုရားစေတီတော်သို့ လာရောက်ဖူးမြော်ပြီးလျှင် အမိဋ္ဌာန်ဝင်ရောက်ကြခြင်းအားဖြင့် မိမိတို့၏ လိုရာဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက်။

ဏ္ဏသာသယမဟိဒ္ဓိစေ
ဗေဒသုတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

# မြင်းမြို့နယ်မှ

# အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ်၏ ခြေတော်ရာ

■ ဆွေမြင့်သူ(ကျေး/မြေ)

**နိဒါန်း**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး ခရိုင်၊ မင်းဘူးမြို့နှင့် ၁၃ မိုင်အကွာရှိ ရွှေစက်တော် သစ်တောကြီးဝိုင်းအတွင်း မန်းစက်တော်ရာ ဘုရားပွဲအား စည်စည်ကားကား ကျင်းပနေချိန်တွင် အထက်စက်တော်ရာ၊ အောက်စက်တော်ရာ ဟူသည့် ရှင်တော်ဂေါတမ မြတ်စွာဘုရားရှင်၏ ခြေတော်ရာအစုံကို ရဟန်းရှင်လူများ ဖူးမြော်ကန်တော့နေကြသည့်ကို သာဓုအနုမောဒနာပြုမိပါသည်။ တစ်ဆက်တည်းမှာပင် မြတ်စွာဘုရားရှင်၏ အဂ္ဂမဟာသာဝက ရှတင် ၁၃ ပါး အပြည့်ဆောင်၊ သင်္ဂါယနာတင် အရှင်မဟာကဿပမထေရ်မြတ်ကြီး ပထမသင်္ဂါယနာတင် အရှင်မဟာကဿပမထေရ်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

၏ ခြေတော်ရာကိုလည်း ဗုဒ္ဓဘာသာကလျာဝင် သူတော်စင်အပေါင်း သိရှိဖူးမြော်နိုင်ကြစိမ့်သော ငှာ စေတနာဖြင့် ရေးသားတင်ပြလိုက်ပါသည်၊

## အလောင်းတော်ကဿပနှင့် ပေါင်းလောင်းမဟာကဿပ

စာရေးသူသည် "ပေါင်းလောင်း အရှင်ကဿပမှသည် အလောင်းတော်ကဿပဆီသို့"ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားပေးပို့ခဲ့ပါသည်။ အချို့က အလောင်းတော်ကဿပကို ပေါင်းလောင်းမဟာ ကဿပဟု မှုကွဲဆိုကြသည်။ မည်သို့ပင်ဆိုစေ အလောင်းတော် ကဿပ၏ ရုပ်ကလာပ်တော် တည်ရှိသည်ဆိုသော လိုဏ်ဂူမှာ ယခု ခြေတော်ချခဲ့ရာနေရာနှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိသဖြင့် ရဟန္တာမထေရ်မြတ်တစ်ဦးတည်းသာ ဖြစ်ပါချိမ့်မည်။

## ခြေတော်ရာ၏ တည်နေရာ

အလောင်းတော်ကဿပ၏ ခြေတော်ရာကို ရှာဖွေတွေ့ရှိခြင်းနှင့် ပတ်သက်၍ ထူးခြားအံ့ဩဖွယ်ရာ၊ ကြည်ညိုစရာများအား လျှို့ဝှက်ဆန်းပြားစွာ ကြားသိခဲ့ပါသည်။ သမိုင်းကြောင်းကို ကောက်ရပါသော် အထက်တွင်ဆိုခဲ့သည့်အတိုင်း မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းရှိ "ကန်ယာကောင်း"ဟူသည့် ရွာကြီးတစ်ရွာကို အခြေခံရပါမည်။ ယင်းရွာကြီး၏အနီး "ကျောက်သလင်း"တောင်မြတ်ရှိ "ပါဒစကြာစေတီ"တွင် အလောင်းတော်ကဿပရဟန္တာ၏ခြေတော်ရာကို ပူဇော်ထားရှိပါကြောင်း ပဏ္ဏာမတင်ပြအပ်ပါသည်။

## ကန်ယာကောင်းရွာအကြောင်း

ယခု ကန်ယာကောင်းရွာဟု တရားဝင်စာရင်းပေါက်သောရွာကို ရှေးယခင်က"ကန်ညာကောင်း"ဟု ခေါ်တွင်ခဲ့သည်။ တစ်ခုသောရေကန်ကြီး၏ အညာဘက် (အထက်ဘက်)မှ သီးနှံစိုက်ပျိုးလုပ်ကိုင်ရန် ကောင်းမွန်သော မြေကို ရွာတည်ရန်ရွေးချယ်ခဲ့ရာမှ ကန်ညာကောင်းဟူ၍ သမုတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ရွာ၏သက်တမ်းမှာ အနှစ်တစ်ရာကျော်ခဲ့ပြီး ယခု ကန်ယာကောင်းရွာမှာ အိမ်ခြေ ၁၅၀၊ လူဦးရေ ၅၀၀ ခန့်ရှိ၍ ကျေးရွာသား/သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့်အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်။

မူလ ကန်ညာကောင်းရွာမှ အင်္ဂလိပ်အစိုးရလက်ထက်က ထိုအရပ်ဒေသ၌ ပြန့်နှံ့တည်ရှိသော လူနေအိမ်ခြေများနှင့် ရပ်သူရွာသားများကို တစ်ပေါင်းတည်းစုစည်း၍ တစ်ရွာတည်း တည့်လိုက်ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ၁၂၄၇ ခုနှစ်၊ သီပေါ်မင်းပါတော်မူပြီးနောက်၊ ဗိုလ်ကွယ်၊ ဗိုလ်သာခိုင် အပါအဝင် ဒေသခံမျိုးချစ်သူရဲကောင်းများက သူ့ကျွန်မခံဇာတိမာန်ဖြင့် အင်္ဂလိပ်တပ်များကို တိုက်ခိုက်ချေမှုန်းရန် သူပုန်ထခဲ့ကြရာ ဗိုလ်ကွယ်တို့၏ လက်ချက်ကြောင့် အဖက်ဖက်က အထိနာခဲ့ရသဖြင့် သူပုန်များကို သက်ရမဖမ်းမိသည့်အဆုံး ဥပါယ်တံမျဉ်ဖြင့် နယ်မြေကို အုပ်စိုးရန်ကြံစည်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမှစ၍ ကန်ညာကောင်းရွာဟူ၍ ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။

## တောင်လေးတောင်နှင့် လေးမည့်ရ ကျောက်သလင်းတောင်

ကန်ယာကောင်းရွာကို တောင်လေးလုံးဝန်းရံထားသည်ဟု ဆိုသည်။ ယင်းတို့မှာ –

အရှေ့ဘက် – ရှင်မတောင်၊
အနောက်ဘက် – ကျောက်သလင်းတောင်၊
အရှေ့မြောက် – မြိုင်တောင်၊
အနောက်မြောက် – နှမ်းစကျင်းတောင်။

ယင်းတို့အနက် ကျောက်သလင်းတောင်သည် အမြင့်ပေ ၁၂၂၂ ရှိ၍ ပခုက္ကူနှင့် မြိုင်မြို့အကြား (ပခုက္ကူမြို့၏အနောက်မြောက်ဘက် ၂၁ မိုင်အကွာ၊ မြိုင်မြို့၏ အနောက်တောင်ဘက် ၇ မိုင်အဝေး)တွင် တည်ရှိ၏။ ကျောက်သလင်းတောင် (သို့) ကျောက်စလင်းတောင်ကို ရွှေသလင်းတောင်၊ ဝိဇ္ဇာမဟိဒ္ဓိတောင်၊ ပါဒစကြာတောင် ဟူ၍လည်း အစဉ်အဆက်ခေါ်ဝေါ်ခဲ့ကြသဖြင့် လေးမည့်ရ ကျောက်သလင်းဟု ဆိုနိုင်သည်။ ရှေးဟောင်းစကားများအရ ကမ္ဘာဦးအစကတည်းက တည်ရှိခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်သလင်းတောင်၏ မြောက်ဘက်တွင် အလောင်းစည်သူမင်းကြီး၏ နမြးတော် နရပတိစည်သူမင်း တည်ထားခဲ့သော ဘုရားတစ်ဆူရှိသည်။ နရပတိစည်သူမင်းသည် မြို့သာနယ်၊ သက္ကလကျေးရွာမှ ဦးရွှေခန့်၏ သမီး မစောဖြူအား တွေ့ကြုံစုံမက်၍ ကောက်တော်မူခဲ့ရာ ဆုတော်လာဘ်တော် အမြောက်အမြား ပေးသနားခြင်း ခံရသော ဦးရွှေခန့်က ထိုရွှေငွေကျောက်သံပတ္တမြားကို ဌာပနာ၍ မူလစေတီကိုဖုံးပြီး ၁၇ တောင်ဘုရား တည်ထားကိုးကွယ်သည်။ ယခု "စတုဒိသာပြည်လုံးချမ်းသာ"ဘုရားဟု အများသိကြသည်။

ကျောက်သလင်းတောင်၏ တောင်ဘက်ကုန်းပေါ်တွင်ကား သလင်းတောင် သာသနာ့ပြုအရှင်မြတ် "ဆရာတော် ဦးတိက္ခ"၏ အုတ်ဂူကျောင်းများ တည်ထားကိုးကွယ်ခဲ့သော "မေဓာဝီရတနာ"ဘုရားကို ဖူးမြော်မြင်နိုင်ကြပါသည်။

## ဆရာတော် ဦးတိက္ခနှင့် ကျောက်သလင်းသာသနာ

ကျွဲတဲကျေးရွာ၊ မဟာစည်သာသနာ့ရိပ်သာ၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတိက္ခ ဆရာတော်ကြီးသည် အသက် ၁၃ နှစ်သားအရွယ်ကတည်းက ကိုရင်ဝတ်ခဲ့၍ အသက် ၂၀ ပြည့်နှစ်တွင် ရဟန်းဘောင်သို့ ဝင်ခဲ့သည်။ ပခုက္ကူမြို့ရှိ မဟာဝိဇယာရာမ စာသင်တိုက်(အရှေ့တိုက်)၌ ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် မြင်းခြံမြို့ ကျေးဖူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးထံပါး၌လည်းကောင်း၊ ၁၃၁၃ ခုနှစ်တွင် မဟာစည် နယ်လှည့်မွေ့ကထိက ဦးပညာဝါ၏ တရားစခန်း၌လည်းကောင်း၊ ၁၃၁၇ ခုနှစ်တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၊ မဟာစည်ဆရာတော်ဘုရားကြီး ရှေ့မှောက်၌လည်းကောင်း ပဋိပတ္တိကျင့်စဉ်အားဖြင့် တရားအားထုတ်ကျင့်ကြံ၍ သတိပဋ္ဌာန်ဘာဝနာများ ကျင့်ပွားခဲ့သည်။

## ဆရာတော် ဦးတိက္ခ၏ ဆန်းကြယ်သောအိပ်မက်

မြန်မာသက္ကရာဇ် ၁၃၂၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် ဗုဒ္ဓဟူးနေ့ ညဉ့် ၁ နာရီကျော်အချိန်တွင် ဆရာတော်သည် တုံးတုံးလုံ့အိပ်လိုက်မိရာမှ ၂ နာရီခန့်၌ မကြုံစဖူး ထူးကဲတိုက်ဆိုင် သည်းဆိုင်သူပွက် အိပ်မက်တစ်ခုကို မြင်မက်ပါလေသည်။

အိပ်မက်ထဲတွင် ဆရာတော်သည် ကျွဲတဲရိပ်သာ၌ ကျိန်းစက်နေရာမှ ကျောက်သလင်းတောင်ဆီသို့ ဖြန်းခနဲ ရောက်သွားပြီး အရှေ့မြောက်ဆီမှ တောင်ခြေကိုပတ်၍ ခြေလျင်လျှောက်သွားစဉ် ရုပ်ဒြပ်အကောင်မမြင်ရဘဲ အသံချည်းသက်သက်ကြားလိုက်ရသည်မှာ "အောက်နိုင်ငံက မင်းမျိုးမင်းနွယ် မောင်နှမတို့သည် ဘုရင်၊ မိဖုရား၊ မိဘများ စစ်ရှုံးပြီး ရန်သူများက မောင်ဖြစ်သူကိုဖမ်းမိ၍ သတ်လိုက်ကြသဖြင့် တောင်စောင့်နတ်ဖြစ်ရရှာကြောင်း၊ နှမခမျာလည်း အရှေ့တောင်ဘက် ထွက်ပြေး၍ တောင်ကြားထဲမှာပုန်းခိုရင်း ခရီးကပန်း၊ အစာရေစာပြတ်ဖြစ်နေရာမှ မောင်ဖြစ်သူ သေဆုံးသွားသည်ကို သိသွားသည့်အခါ ရင်ကွဲနာကျပြီး ခန္ဓာရုပ်စဲ သေပွဲဝင်ကာ အရှေ့တောင်ပိုင် သခင်မ ဖြစ်ခဲ့ရကြောင်း၊ နှမဖြစ်သူကွယ်လွန် သည့်နေရာတွင် အထိမ်းအမှတ်အဖြစ် လွမ်းစေတီတစ်ဝဂူဘုရား တည်ထားခဲ့ကြောင်း"ဟူ၍ ဖြစ်ပါသည်။

အသံနှင့်တစ်ပြိုင်တည်း ဆိုသလို မရှေးမနှောင်း၌ ဆရာတော်သည် အဆိုပါလွမ်းစေတီသို့ ရောက်သွားပြီး လွမ်းစေတီမှ မြောက်ဘက်တောင် စောင်းအတိုင်းသွား၍ အရှေ့မြောက်ဘက်လှည့်လိုက်ရာ ချုံနွယ်ပေါင်းထဲရှိ ကျောက်ဖျာတစ်ချပ်ပေါ်တွင် ခြေရာကြီးတစ်ခုကို အထင်အရှား တွေ့လိုက်ရသည်။

(ယင်းခြေရာမှာ တောင်စောင့်နတ် (သို့) ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးပါး၏ ခြေရာလား၊ ငါအိပ်မက်မက်နေတာလား၊ တကယ်ဖြစ်နေတာလား)ဟု ဝေဖန်စဉ်းစားနေဆဲမှာပင် မြောက်ဘက်မှ ဘုရားတည်ရာသို့ ဝွေ့ခနဲရောက်သွားပြန်ပါသည်။ ဤတွင် ဘုရားရင်ပြင်၌ ဘုန်းတော်ကြီးတစ်ပါးနှင့်တွေ့ရ၍ ဆရာတော် ချက်ချင်းသွားရောက် ပတ်ဖြည့်လိုက်မိရာ (အသက်ငါးဆယ်ခန့်ရှိ၍ နီညိုရောင် သင်္ကန်းဆင်မြန်းထားသော) ဘုန်းကြီးက ပြုံးပြုံးရွှင်ရွှင်ဖြင့် အောက်ပါအတိုင်း မိန့်ကြားခဲ့လေသည်။

"သည်တောင်သည် သာမညတောင်မဟုတ်ဘဲ ကမ္ဘာဦးအစက စိန်၊ သံ္တာ၊ ကျောက်သလင်း စသည့် အဖိုးတန်ရတနာများစွာ ထွက်ရှိသည့်အနက် ကျောက်သလင်းအများဆုံးထွက်ကြောင်း၊ ရှေးက ကျောက်စလင်းတောင်ဟု ခေါ်ကြကြောင်း၊ သည်တောင်မှာ အင်းဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



## အလောင်းတော်ကဿပ ခြေတော်ရာ

ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာတို့ စုပေါင်းရောက်ရှိသည့် နေရာဖြစ်ခြင်းကြောင့် နောင်တစ်ခေတ်မှာ ဝိဇ္ဇာမပဟိဒ္ဓိတောင်ဟုလည်း ခေါ်ဝေါ်ကြောင်း၊ (အနောက်မြောက်ဘက်သို့ လှည့်၍ လက်ညှိုးထိုးပြရင်း) အလောင်းတော်ကဿပ ရဟန္တာမြတ်ကြီးသည် သည်တောင်ကိုကြွလာပြီး ခေတ္တသီတင်းသုံးနေထိုင်ဖူးကြောင်း ခြေပါဒနှစ်လီဖြင့် လှည့်လည်ရာတောင်ဖြစ်၍ ပါဒစကြံတောင်ဟု အမည်တွင်ခဲ့ကြောင်း၊ ခြေရာတစ်ခုရှိသည်တို့ ပိုင်းခြား၍ မှတ်သားစေလိုကြောင်း''ဟူ၍ ဖြစ်ပါသည်။ စကားအဆုံးတွင် ဘုန်းကြီးလည်းပျောက်၊ တောင်၏မြင်ကွင်းလည်းကွယ်၊ ဆရာတော်လည်း ကျိန်းရာမှ နိုးသွားလေသတတ်။

### အိပ်မက်အရ ခြေတော်ရာရှာပုံတော်

ဆရာတော်သည် မြိုင်မြို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသော ကန်ယာတောင်သူကြီး ဦးကိုလေးထံ အိပ်မက်ထူးမက်ပုံကို စာရေး၍ စာတိုက်မှ ပို့လိုက်လေ၏။ ဦးကိုလေးသည် ဆရာတော်ထံ လာရောက်တွေ့ဆုံပြီးနောက် ရွာသူရွာသား၊ ဒကာများနှင့် အတူတကွ ခြေတော်ရာကို ရှာဖွေကြသော်လည်း အမောသာအဖတ်တင်ခဲ့ပြီး အိပ်မက်ထဲမှ ခြေတော်ရာကို ရှာမတွေ့ပေ။ သို့သော် မြန်မာသက္ကရာဇ် ၁၃၂၅ ခုနှစ်တွင် ဥပုသ်သည်များ၏ နဝကမ္မအလှူများဖြင့် တောင်ပေါ်တွင် ဇရပ်တစ်လုံးနှင့် ရေလှောင်ကန်တစ်ခု တည်ဆောက်ဖြစ်ခဲ့သည်။

၁၃၂၆ ခုနှစ်၊ တန်ခူးလ သင်္ကြန်အခါသမယတွင် ဆရာတော်သည် ဦးဇနက္ကနှင့် ဦးသုမနအမည်ရှိ ဦးပဉ္စင်းနှစ်ပါးကို တောင်ပေါ်သို့ပို့၍ တစ်ပါးကို သီလပေးရေစက်ချ၊ တစ်ပါးကို တရားအားလုတ်စေခဲ့သည်။ ထိုအချိန်တွင် သံဃာ့နာယကကြီးများက တောင်တော်ကို စောင့်ရှောက်ရန်လိုအပ်ကြောင်း မိန့်ကြားလာကြသဖြင့် ရဟန်းနာယကာ



www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးငြိမ်းအား ကိုရင်ကြီးအဖြစ် သင်္ကန်းစည်း၍ တောင်ပေါ်တွင် တာဝန်ပေးထားလိုက်သည်။

၁၃၂၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် ညနေတွင် ဦးဖိုးငြိမ်းတစ်ဖြစ်လဲ ကိုရင်ကြီးသည် ဝိဇ္ဇာမဟိဒ္ဓိတောင်ပေါ်ရှိ "စတုဒီသာ. ပြည်လုံးချမ်းသာစေတီ"ကို တက်ရောက်ဖူးမြော်ပြီး ပြန်အဆင်း၌ သန်းပင်၊ ကျွန်းပေါင်းနွယ်ပင်များ လေးဘက်လေးတန် ဖုံးအုပ်နေသော ချုံတစ်ချုံအတွင်းသို့ ထင်းအလို့ငှာဝင်ဆွဲမိရာ ချုံနွယ်ပိတ်ပေါင်းများကြားမှ ကျောက်သားကျောက်ဖျာပေါ်မှာ ပကတိ လူခြေရာအတိုင်း ထင်ရှားပြတ်သားစွာပေါ်နေသော ခြေရာကို တွေ့မြင်မိတော့သည်။ ကိုရင်ကြီး ဒါယကာများကို အသိပေးလိုက်ရာမှ အုတ်အော်သောင်းနင်းဖြစ်ကုန်ပြီး ဆရာတော်ဗဟိုထိ နားပေါက်၍ ယင်းခြေရာကို ဆရာတော်ကိုယ်တိုင် စစ်ဆေးကြည့်ရှုသည်။ ထိုအခါကျမှ ဆရာတော်အိပ်မက်ထဲက မြင်ကွင်း၊ အိပ်မက်ထဲကနေရာ၊ အိပ်မက်ထဲက ကျောက်ဖျာ၊ အိပ်မက်ထဲက ခြေတော်ရာကို ရှင်းသပ်ရှုမော၊ အံ့ဩစရာ၊ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရဟန်းရှင်လူအများ အမှန်တကယ်ဖူးတွေ့နိုင်ကြပြီ ဖြစ်ပါသည်။

## အထွေထွေ

အလောင်းတော်ကဿပ မထေရ်မြတ်၏ ခြေတော်ရာမှာ လက်ဝဲခြေတော်ရာဖြစ်၍ အရှည်သန်တောင် ၁ ထေ ၄ လက်မခန့်ရှိပါသည်။ ဆရာတော်သည် ၁၃၂၇ ခုနှစ် သင်္ကြန်မလွန်မီမှာပင် ခြေတော်ရာပေါ်၌ တိုင်လေးတိုင်စိုက်၍ သွပ်မိုးဆောင်နှင့် ပူဇော်ထားခဲ့သည်။ နေ့ချင်းညချင်း နတ်ဘုံနတ်နန်းများ ပေါ်ပေါက်သလို ဝင်းလက်တောက်ပလာသော ကျောက်သလင်းတောင်တစ်ခွင်ဝယ် ဆရာတော်ဘုရားနှင့် တပည့်ဒါယကာများစုပေါင်း၍ သာသနာတော်ကြီး အဓွန့်ရှည်ကြာစွာ ထွန်းကားပြန့်ပွားစေရေးအတွက် သာဿနိကအဆောက်အအုံများကို ဘက်စုံပြီးပြည့်စုံ တည်ဆောက်ခဲ့ကြပါသည်။

ဆရာတော်ဘုရား ကြပ်မတ်ဦးဆောင်လျက် တည်ဆောက်ပြုပြင်ခဲ့သော ဘုရားပုထိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ပါဒစကြာ အောင်ဆုပန်စေတီ (ခြေတော်ဘုရား)၊
(၂) မဟာဗောဓိဘုရား (ဉာဏ်တော် ၁၃ တောင်)၊
(၃) စတုဒီသာ ပြည်လုံးချမ်းသာဘုရား (တောင်ပေါ်ထိပ်)၊
(၄) ဝိဇ္ဇာကျောင်းနှင့် ကိုရင်ကြီးကျောင်း၊
(၅) တိုက်ကျောင်း နှစ်ကျောင်း။
(၆) ဇရပ်ခြောက်ဆောင်၊
(၇) နတ်မောင်နှမနတ်ကွန်း (မောင်ခင်ရွှေ၊ မခင်မေ)။

## နိဂုံး

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့။ ဝေဘာရ၊ ဝေဘူရ၊ သုနန္ဒရ တောင်သုံးလုံးတည်ရာ ကနီနယ်ရှိ အလောင်းတော်ကဿပမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တောင်သို့ သွားရောက်ဖူးမြော်ကြည်ညိုရင်း မြိုင်မြို့နယ်၊ ကန်ယာကောင်းရွာအနီး ကျောက်သလင်းတောင်ပေါ်ရှိ ပါဒစကြာအောင်ဆုပန်စေတီနှင့် အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ်ကြီး၏ ခြေတော်ရာတို့လည်း ဖူးတွေ့ကြည်ညိုနိုင်ပါကြောင်း သတင်းကောင်းပါး. ရေးသား တင်ပြအပ်ပါသည်။

**ဝန်ခံချက်** ။ ။ ကျွဲတဲသာသနာ့ ရိပ်သာ၊ ကမ္မဋ္ဌာနစရိယဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ၏ မိန့်ကြားချက်အပေါ် အခြေခံ၍ စီစဉ်ရေးသားခဲ့သော ညီညီနိုင်၏ မှတ်တမ်းအား မှီငြမ်းပါသည်။

**ကျေးဇူးတင်လွှာ** ။ ။ ညီညီနိုင် မှတ်တမ်းတင်သည့် ပါဒစကြာအောင်ဆုပန်စေတီ ဘုရားသမိုင်း(အကျဉ်း) စာအုပ်အား လွှဲပြောင်းပေးပို့၍ ဆောင်းပါးရေးသားရန် တိုက်တွန်းအကြံပြုသော ဦးတင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထက်မြန်မာပြည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မန္တလေးအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဆွေမြင့်သူ(ကြေး/ မြေ)**
၀၉-၂၁၁၀၁၀၄




www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာယဉ်ကျေးနှင့် စမ္မစေတီတည်

မောင်စစ်ကြည်(ပန်းတနော်)



ယခုအခါ လူ့ကမ္ဘာ၌ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များပြည့်စုံတော်မူကြကုန်သော ဆရာတော်၊ သံဃာတော်များ၏ ကြိုးစားအားထုတ်မှုစွမ်းအားကြောင့် မြတ်စွာဘုရားရှင်၏ ထေရဝါဒဗုဒ္ဓသာသနာတော်မှာ တည်တံ့ပြန့်ပွားတော်မူလျက်ရှိပါသည်။ မြတ်စွာဘုရားရှင်၏ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူလျက်ရှိသော သံဃာတော်များတွင် ဆရာတော်ဘဒ္ဒန္တပညာသာမိလည်း ပါဝင်ပါသည်။

ဆရာတော် ဘဒ္ဒန္တပညာသာမိသည် ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်အတွင်းရှိ သာသနဟိတာရာမပုခမ်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်သကဲ့သို့ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်လည်းဖြစ်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တော်ဆပ်ကပ်ပူဇော်တော်မူခြင်း ခံခဲ့ရပြီးသော ဆရာတော်ဘုရားကြီးလည်း ဖြစ်ပါသည်။

ဆရာတော်ဘဒ္ဒန္တပညာသာမိ



www.burmeseclassic.com

www.burmeseclassic.com

ထာဝစဉ် ပွားများအားထုတ်တော်မူလျက်ရှိသော မေတ္တာယတြာနှင့် ဓမ္မစေတီတည်တော်မူပုံကို သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များ၊ ယောဂီများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ခုနစ်နေ့သားသမီးများ သိရှိသိုက်နာကျင့် ကြံအားထုတ်နိုင်စေရန် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ဖော်ပြပါသည်။

## မေတ္တာယတြာ

တစ်နေ့လျှင် နံနက်၊ သို့မဟုတ် ည အနည်းဆုံးတစ်ကြိမ် မြတ်စွာဘုရားအား သောက်တော်ရေ ဆီမီး ပန်းစသည်တို့ကို လှူဒါန်းပါ။ လှူဒါန်းပြီး ဘုရားရှိခိုးပါ။ သီလဆောက်တည်ပါ။ မေတ္တာပို့ပါ။

ထို့နောက် မြတ်စွာဘုရားရှင်၏ ရင်ငွေ့တော်ကို ယပ်တောင်ဖြင့် တနင်္ဂနွေသားသမီး ၆ ချက်၊ တနင်္လာသား သမီး ၁၅ ချက်၊ အင်္ဂါသားသမီး ၈ ချက်၊ ဗုဒ္ဓဟူးသားသမီး ၁၇ ချက်၊ ကြာသပတေးသားသမီး ၁၉ ချက်၊ သောကြာသားသမီး ၂၁ ချက်၊ စနေသားသမီး ၁၀ ချက် ယပ်ခတ်ပါ။

ပြီးလျှင် မြတ်စွာဘုရားရှင်၏ ရင်တွင်း နှလုံးတွင်း အေးမြချမ်းသာသလို သားတို့သမီးတို့ ရင်တွင်း နှလုံးတွင်လည်း အေးမြချမ်းသာကြပါစေဟု ဩဒိသမေတ္တာပို့ပါ။

မြတ်စွာဘုရားရှင်၏ ရင်တွင်း နှလုံးတွင် အေးမြချမ်းသာသလို တိုင်းချစ်ပြည်သား ကမ္ဘာသူ ကမ္ဘာသားတို့၏ ရင်တွင်း နှလုံးတွင်းလည်း အေးမြချမ်းသာကြပါစေဟု အနောဒိဿမေတ္တာပို့ပါ။

## ဓမ္မစေတီတည်ရန်

ဓမ္မစေတီတည်တော်မူရန် ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိဟု အုတ်မြစ်ချပါ။

ဣတိပိသော ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါဟု စေတီတော်၏လုံးပတ်တော်ကိုတည်ပါ။

ပု၊ ဒိ၊ အာဟု ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်တွင် ဆပ်ကပ်လှူဒါန်းပူဇော်ပါ။

ထို့နောက် - - ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိဟူသော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရှိသေလေးစားစွာ ရွတ်ဆိုပူဇော်တော်မူခြင်းဖြင့် စေတီတော်မှ ရောင်ခြည်တော်များ လွှတ်ပါလိမ့်မည်။

မှတ်ချက် ။ ။ သရဏဂုံ၊ ဂုဏ်တော်ကိုးပါး၊ ပုဒိအာနှင့် ပဋ္ဌာန်းဒေသနာတော်ကို အနည်းဆုံးတစ်ခေါက်စီ ရွတ်ဆိုပူဇော်ရန်ဖြစ်ပါသည်။

## သစ္စာဆိုရန်

ဓမ္မစေတီ တည်ထားကိုးကွယ်ပါ၏။ ဤသို့ မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့် ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့ ကျန်းမာရွှင်လန်းဝမ်းမြောက်ကြပါစေ။

ဤသစ္စာ၏ တန်ခိုးတော်ကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပေါင်းတို့သည် ကျန်းမာရွှင်လန်းဝမ်းမြောက်ကြပါစေ။

ဤသစ္စာ၏တန်ခိုးတော်ကြောင့် ခုနစ်ရက်သားသမီး၊ လူ၊ ရှင်၊ ရဟန်း အပေါင်းတို့ ကျန်းမာရွှင်လန်းဝမ်းမြောက်ကြပါစေ။

ဤသစ္စာ၏ တန်ခိုးတော်ကြောင့် ဝိဇ္ဇာအပေါင်းတို့၊ နတ်ဒေဝါအပေါင်းတို့၊ သူတော်ကောင်းအပေါင်းတို့ ကျန်းမာရွှင်လန်းဝမ်းမြောက်ကြပါစေ။

ဤသစ္စာ၏တန်ခိုးတော်ကြောင့် ဘုရားတပည့်တော်၏ စိတ်သန္တာန်၌ ဗုဒ္ဓစက်တည်ပါစေသတည်း။ ဓမ္မစက်တည်ပါစေသတည်း။ သံဃစက်တည်ပါစေသတည်း။

**မောင်စစ်ကြည်(ပန်းတနော်)**



www.burmeseclassic.com

www.burmeseclassic.com

# စမတစ်ထောင် ရသေ့တောင်
# ၏
# ထူးခြားမှုများနှင့်
# ရသေ့ကြီးဘိုးဝဏ္ဏသိဒ္ဓိလင်္ကာရ၏ ဒါနအား

မြမဥ္ဇူပြေဝ(ကျုံမငေး)

မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့နယ် သာဝတ္တိမြို့သည် စာရေးသူ၏ ညီကိုမောင်နှမများ နေထိုင်ကြရာ မြို့လေးဖြစ်၍ မကြာခဏဆိုသလို ရောက်ခဲ့ရပြီး ရောက်သည့်အခါ၌လည်း အေးအေး ဆေးဆေးနေပြီး သာဝတ္တိမြို့တွင်းမြို့ပြင်မှ ဘုရား စေတီ၊ ဘုန်းတော်ကြီးကျောင်းများသို့ ရောက် အောင်သွားလေ့ရှိပါတယ်။ ပို၍သွားဖြစ်သည်က ညီမလေးအိမ်နှင့် ခြံတစ်ခြံကျော်မှ အများအခေါ် သာဝတ္တိတောင် (ခေါ်) ရသေ့တောင်သို့ နေ့စဉ် ရောက်ရှိပါသည်။

ရသေ့တောင်တွင် တည်ရှိကိန်းဝပ်နေသော "စမတစ်ထောင်"စေတီကို ကျွန်မတို့ခြံထဲကနေ လှမ်းမြင်နေရပြီး ညအခါမှာလည်း ဆီမီးရောင် နီကြင်ကြင်လေးနှင့် လေအလာမှာ ဆည်းလည်း သံလေး လွင့်ပျံနေသံကိုပါ ကြားနေရပါသည်။ လူ သူအသွားအလာ အလွန်နည်းသောကြောင့် ကျွန်မ အဖို့ သွားသာသွားနေရပါတယ်။ ဘယ်လိုသော သမိုင်းစဉ်နှင့် တည်ခဲ့သည်ကို ယခင်က မေးမရ သည့်အတွက် ရောက်ရုံသာ သွားခဲ့သည့်သဘော ပါပဲ။

သို့သော်လည်း ယခုတော့ သိခွင့်ကြုံရန်




အဘဘိုးဝဏ္ဏ ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



အောင်သိဒ္ဓိ ဆုတောင်းပြည့် စေတီတော်သို့ အတက်စင်္ကြံ

အကြောင်း ဖန်လာခဲ့သောအခါ သိခဲ့ရပြီး စိတ်လည်းဝင်စား သွားခဲ့တာကြောင့် လေ့လာမေးမြန်းမိခဲ့ပါတယ်။ ဒေသခံ မိတ်ဆွေတစ်ဦး၏ဖခင် အသက် ၉၇ အရွယ် အဘဦးအုံးက သူသိသမျှ ပြောပြလိုက်ပါတယ်။ ရန်ကုန်ပြန်ရောက်သော အခါ သိရှိသူများနှင့် စာပေများမှတစ်ဆင့် ဝိဇ္ဇာ၊ ဇော်ဂျီများ အကြောင်း လေ့လာမိသောအခါ ပို၍ပြည့်စုံစွာ သိခဲ့ရပါ တယ်ရှင်။

ရှေးလွန်ခဲ့သောအခါက "စမတစ်ထောင် ရသေ့ တောင်"ဟု အမည်တပ်ကာ ကျင့်စဉ်စခန်းဝင်ကြသူများ၊ တရားရှာရန်နှင့် သိဒ္ဓိ၊ မဟိဒ္ဓိများ ကျင့်စဉ်ပွားကာ သီတင်း သုံးခဲ့ရာဖြစ်ကြောင်းနှင့် တောင်မြတ်တစ်ခွင်တွင် ရှေးကျသော အဆောက်အအုံ သာသနိကများစွာက သက်သေခံနေပါ တယ်။ သေသေချာချာလေ့လာပါဟု ဆိုကြပါတယ်။

ရှေးအခါက "ရသေ့"များ သီတင်းသုံးနေသောကြောင့် "ရသေ့တောင်"ဟု ခေါ်ခဲ့ကြသော်လည်း နောင်းခေတ်အခါ တွင် ရဟန်းသံဃာများ၊ သီလရှင်များသာ သီတင်းသုံးနေ သည်ကိုလည်း တွေ့မြင်ရမှာဖြစ်သည်ဟု ဆိုသောစကားနှင့် လည်း ညီပါတယ်။ စာရေးသူရောက်ခဲ့ရသော အချိန်များမှာ ဘုန်းကြီးကျောင်း နှစ်ကျောင်းနှင့် သီလရှင်ကျောင်းတစ် ကျောင်းသာ တွေ့ရပါတယ်။ ဘုရားစေတီနှစ်ဆူ၊ သုံးဆူနှင့် မစိုး၊ မမိုးတောင်ပေါ်က ဘုရားစေတီလေးနှင့် ရေကန်ကျယ် ကြီး၊ ကန်ပတ်လည်စင်္ကြံလမ်းလေးက အမိုးနှင့် လုံခြုံစွာ သွားရန် စီမံဆောက်လုပ်ခဲ့ရသော်လည်း ယခုမြင်ကွင်းက အရပ်ရှည်သူများ ခေါင်းငုံ့သွားရပါတယ်။

စာရေးသူ ဖော်ပြခဲ့သည်က ယနေ့ကာလ မြင်ကွင်း များပါ။ စာပေတွေထဲမှာ ရေးသားထားသော ရှေးယခင်က သာဝတ္ထိတောင်(ခေါ်) ရသေ့တောင်တွင် ရသေ့ကြီး သီတင်း သုံးနေထိုင်ပြီး ကြီးမားသောရေကန်ကြီးတစ်ကန် ရှိခဲ့ပါတယ်။ ရသေ့ကြီး၏ ကျင့်စဉ်မှတ်တမ်းပြုခဲ့သည်က ရေကန်ကြီး၏


- တောင်ဘက် တောင်ကုန်းသည် "စ"အက္ခရာ တောင်ကုန်း။
- မြောက်ဘက်တောင်ကုန်းသည် "မ"အက္ခရာ တောင်ကုန်း။
- အရှေ့ဘက်တောင်ကုန်းသည် "ဗ"အက္ခရာတောင် ကုန်း၊
- အနောက်ဘက်တောင်ကုန်းသည် "ဝ"အက္ခရာ တောင်ကုန်း။

ဟု အမှတ်အသားထားကာ "စမဗဝ" တောင်ကုန်း



www.burmeseclassic.com

www.burmeseclassic.com




ဖျည်းစမတံခွန်တိုင်(စဇဗဝ)အက္ခရာဖြင့်

များအပေါ်၌လည်း စေတီငယ်များ တည်ထားခဲ့ပြန်ပါတယ်။ ထိုစေတီများမှာ . . .

- "စ"အက္ခရာ တောင်ကုန်းပေါ်တွင် အောင်သိဒ္ဓိစေတီတော်
- "ဇ"အက္ခရာ တောင်ကုန်းပေါ်တွင် ရန်ကြီးအောင်ပတ္တမြားစေတီ
- "ဗ"အက္ခရာ တောင်ကုန်းပေါ်တွင် ပြည်လုံးချမ်းသာစေတီ
- "ဝ"အက္ခရာ တောင်ကုန်းပေါ်တွင် မြစည်းခံဝေစေတီ

ဟူ၍ တည်ထားခဲ့ပါတယ်။ ရသေ့ကြီး အခြေစိုက်ခဲ့သော ဤတောင်တွင် ယနေ့တိုင်လည်း ထူးခြားမှုများရှိနေသေးပါတယ်။ အောင်သိဒ္ဓိစေတီတော်၏ တနင်္ဂနွေထောင့်တွင် ရင်ကပ်ပန်းပင်ကြီး တစ်ပင်ရှိနေပြီး တစ်နှစ်ပတ်လုံး ဖူးပွင့်နေပြီး စနေထောင့်ရှိ ဗောဓိညောင်ပင်ကြီးမှာလည်း သက်တမ်းရှည်စွာရှိခဲ့ပြီး ဖြစ်သော်လည်း ပင်ပျိုကလေးကဲ့သို့ စိမ်းစိုနေသည့်ပြင် ညောင်ရွက်များကလည်း ကန်တော့ထိုးနေကြပါတယ်။

ရသေ့တောင်အကျယ်မှာ ကေအားဖြင့် ၂၆ ကေကျော်ရှိပြီး ရေကန်ကြီးမှာလည်း ရေခန်းသွားသည်မရှိ၊ ကြာမျိုးငါးပါးလည်း ရာသီမရွေး ဖူးပွင့်နေသည်ကို စာရေးသူမြင်ခဲ့ရဖူးပါတယ်။ ဤအကြောင်းအရာများအပြင် အဘဘိုးတော်များ၏ ရုပ်တုများ၊ မဏိမဏိုးတောင်ပေါ်မှ "ဒန်း"ကလေးများသည်လည်း အလွန်အသက်ဝင်လှပါတယ်။ တစ်ခါတစ်ခေါက် ရောက်သင့်၊ သွားသင့်၊ လေ့လာ သင့်သော နယ်မြေဟု ဆိုပါရစေ။




ဖျည်းစမစေတီ(စဇဗဝ)အက္ခရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲခြေတော်ရာ (အောင်သိဒ္ဓိကုန်းမြေ)

ယခုတစ်ဖန် ရသေ့သူတော်စင်၏ ပုံရိပ်များကို ဖော်ပြပါဦးမည်။ သာဝတ္ထိတောင်ဟု ရှေးအခေါ်ရှိခဲ့သော်လည်း ရသေ့ကြီးတစ်ပါး လာရောက်သီတင်းသုံးခဲ့ရာမှစ၍ "ရသေ့တောင်"ဟု အမည်တွင်သွားပါတယ်။ တောင်ကြီးတွင်လည်း ရသေ့ကြီး၏ အဓိဋ္ဌာန်ပြုမှု "စေတီ"များဖြင့် ထုံမွမ်းနေမှုများ ထင်ထင်ရှားရှားဖြစ်နေသည်ကို တွေ့မြင်ရပါတယ်။ ရသေ့ကြီးကို ...ကား "ဘိုးဝဏ္ဏ"ဟု ဒေသခံများက သိထားသော်လည်း ရှေးအခါတွင် "ဘိုးဝဏ္ဏသိဒ္ဓိလက်ဘရ"ဟု ထင်ရှားခဲ့ပါတယ်။

တစ်ချိန်သောအခါက နယ်ချဲ့တော်လှန်ရေးသမားကြီး ဆယ်ရာညွှန့်၏ ညီဖြစ်ပြီး ကျွန်ဘဝကို မုန်းတီးသူဖြစ်၍ ရသေ့ ...တ်ကာ မြန်မာပြည်တော့တောင်အနံ့တွင် နေထိုင်ခဲ့ပါတယ်။ အသက် ၆၂ နှစ်အရွယ်တွင် သာဝတ္ထိမြို့သို့ ရောက်ရှိခဲ့ရာ ...သာန်၌ တစ်ပါးတည်း ၄၅ ရက်တိုင် အမိုးအကာမရှိ သီတင်းသုံးခဲ့ပါတယ်။

ဆွမ်းအလို့ငှာ နေ့စဉ် အိမ်ခုနစ်အိမ်ခန့်သာကြွပြီး အသက်သတ်လွတ်စားသုံးကာ ချိုးခြံစွာ ကျင့်ကြံအားထုတ်နေပါတယ်။ ကာလတစ်ခု လွန်လာသောအခါ အထက်က ရေးသားခဲ့သော သာသနိကအဆောက်အအုံများကို တည်ဆောက်ခဲ့ပါတယ်။ တောရဆောက်တည်ကာ အသက်လွတ်ဆွမ်းကိုသာ စားခဲ့သော ဘရသေ့ကြီးသည် ဂုဏ်တော်ကိုးပါးကို တစ်ပါးကျစီနှင့် ၁၀၈ လုံးပုတီးကုံးဖြင့် နေ့စဉ် ၁၀၈ ပတ် ရက်ပေါင်း ကိုးရက်စီကို ပွားများအဓိဋ္ဌာန်ပြုခဲ့ကြောင်းလည်း စာပေများတွင် ရေးသားထားသလို သိရှိခဲ့သူ ဆွေစဉ်မျိုးဆက်ကလည်း ပြောပြပါတယ်။

တပည့်သားမြေးများကို ဆုံးမစကားဆိုသည်ကလည်း ရိုးရှင်းပါတယ်။

"သာသနာပြုရာတွင် ရုပ်မပြနှင့် အလုပ်ပြပါ"

ဟူသောစကားကို ပြောဆိုဆုံးမတတ်ပါတယ်။ အဘဘိုးဝဏ္ဏသည် မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ သက်တော် ၉၆ နှစ်တွင် ဘဝဇာတ်သိမ်းခဲ့ပြီး အဘ၏ အရိုက်အရာကို ဆက်ခံသာသနာပြုသူမှာ ဦးခန့်(အဘခန့်)ဖြစ်ပါတယ်။ လယ်ဝေးမြို့နယ် သပြေကုန်းရွာသားဖြစ်ပြီး သွေးသားတော်စပ်သည်ဟုလည်း ဒေသခံများက ဆိုပါတယ်။ အဘခန့်သည်လည်း အသက် ၈၀ ကျော်၌တွင် ကွယ်လွန်ခဲ့ပြီး တပည့်သားမြေးများက ယနေ့တိုင် စောင့်ရှောက်သာသနာပြုနေကြပါတယ်။

သွားရောက်လိုသူများအတွက် ခရီးလမ်းညွှန်ရလျှင် ရန်ကုန်-မန္တလေး ရထားလမ်း၊ ကားလမ်းဆုံရာအရပ် မိုင်တိုင် ၂၃၀ တွင် တည်ရှိနေသော "ရသေ့တောင်"ဟူသော တောင်အဝင် မုခ်ဦးက ဆီးကြိုနေမှာဖြစ်ပါကြောင်း စာတွေ့ရှာဖွေတွေ့ရှိမှုနှင့် ဇာတိမြေအဖြစ် ရင်းနှီးခဲ့ရသော "ရသေ့တောင်"၏ ထူးခြားမှု ရှေးဟောင်းအမွေခံများကို လေ့လာမိသမျှ ရေးသားဖော်ပြရင်း ဇိတ်ခေါ်အပ်ပါတယ်။

မြမဥ္ဇူဝေ(ကျူး-ငေး)

မှီငြမ်းမှု

- သာဝတ္ထိမြို့သို့ ရောက်ခဲ့စဉ်အခါများ၌ ရသေ့တောင်သို့ ဘုရားဖူးရောက်ခဲ့စဉ် မှတ်တမ်းများ။
- ဝိဇ္ဇာပေါင်းချုပ် (ပထမတွဲ) (မောင်ပန်းမွှေး)



www.burmeseclassic.com

www.burmeseclassic.com

# ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ


## (သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)

■ အေးအေးသန်း

ခေတ်တစ်ခေတ်တွင် ထူးချွန်သူ ပုဂ္ဂိုလ်တစ်ဦးစီ၏ တီထွင်လုပ်ဆောင်ချက်တို့သည် သမိုင်းတွင်ရစ်စေခဲ့တတ်ပါသည်။ သိပ္ပံပညာရပ်မှာဖြစ်စေ၊ ဝိဇ္ဇာပညာရပ်မှာဖြစ်စေ၊ လူမျိုးတစ်စုမှာဖြစ်စေ၊ တိုင်းပြည်တစ်ပြည်မှာဖြစ်စေ ထူးချွန်သူ ပုဂ္ဂိုလ်တစ်ဦးစီ၏ စွမ်းဆောင်ချက်တစ်ရပ်သည် အများကောင်းကျိုးအတွက် ဖြစ်ထွန်းကျန်ရစ်တတ်ကြသည်။

မိလိန္ဒမင်းကြီးလက်ထက် အရှင်နာဂသေန အရှင်မြတ်တို့ကဲ့သို့ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်ခဲ့ဖူးပါသည်။ မျက်မှောက်ခေတ်တွင်လည်း မင်းကွန်းတိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ပုဂ္ဂိုလ်တို့ကဲ့သို့ ထူးချွန်သူများ သူ့နေရာနှင့်သူ ပေါ်ပေါက်ခဲ့ပါသည်။

ယခုအခါတွင်လည်း ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ မင်္ဂလာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇ ဓမ္မာစရိယအဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ) အရှင်မြတ်သည် သာသနာတော် အဓွန့်ရှည်



ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ

www.burmeseclassic.com

www.burmeseclassic.com

ရှည် တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ တွေးခေါ်စိတ်ကူးကြံစည်မိသည့်အတိုင်း ရွှေဝါရောင်ကြေးပြားပေါ်တွင် ကြေးပိဋကတ်တော်တစ်ဆူဖြစ်လာအောင် ကြိုးစားအားထုတ် ပြုလုပ်ခဲ့ပါသည်။ ဆရာတော်ဘုရားသည် ၁၃၆၄ ခုမှ ၁၃၇၀ ခုအထိ ခုနစ်နှစ်တာကာလအတွင်း ပါဠိပိဋကတ်တော်စာအုပ် ၄၀၊ ကျမ်းပေါင်း ၅၂ ကျမ်းကုန်အောင် ပြုလုပ်လှူဒါန်းခဲ့နိုင်ပါသည်။

မြတ်ဗုဒ္ဓ၏ ထေရဝါဒပိဋကတ်တော်တွင် (၁) သုတ္တန်ပိဋက၊ (၂) ဝိနည်းပိဋက၊ (၃) အဘိဓမ္မာပိဋကဟူ၍ ပိဋကတ်တော်တော်သုံးပုံ ရှိသည့်အနက် "သာသနာတော်၏အသက်သည် ဝိနည်းဖြစ်သည်" နှင့်အညီ ဝိနည်းပိဋကတ်တော်ကို ဦးစွာစတင်ပြုလုပ်ခဲ့ပါသည်။ လုပ်ဖောက်ကိုင်ဘက် ဆရာများ၏ အကူအညီနှင့် သာသနာရေးဦးစီးဌာန စာတည်းမှူးတို့၏အကူအညီ ခွင့်ပြုချက်ဖြင့် ရှေးဦးစွာ ဝိနည်းပိဋကတ်တော်ဝင် ပါရာဇိကပါဠိတော်ကျမ်းကို စတင်၍ ကြေးပိဋကတ်တော် ပြုလုပ်ခဲ့ပါသည်။

ဆရာတော်သည် ကြေးပိဋကတ်တော် ပြုလုပ်ကြိုးပမ်းအားထုတ်ပြီးသော်လည်း ဝီရိယမလျှော့(ဇွဲမလျှော့)ဘဲ အသက်ခန္ဓာ ကျန်းမာနေသမျှ ပရိယတ္တိလုပ်ငန်း၊ ပဋိပတ္တိလုပ်ငန်းများကို အပတ်တကုတ် ကြိုးပမ်းအားထုတ်၍ ၂၀၀၉ ခုနှစ်၊ ဇွန်လမှစ၍ မြန်မာပြည်ပိဋကတ်တော်ကို ကြေးပြားတွင် အက္ခရာတင်ရေးထွင်း၍ "မြန်မာပြည် ကြေးပိဋကတ်တော်တစ်ဆူ" ထပ်မံပြုလုပ်လှူဒါန်းနေပါသည်။ ထိုအလှူသည် အလွန်တန်ဖိုးရှိသော အလှူဒါနတစ်ရပ်ဖြစ်၍ ထိုအလှူသည် ကြေးပိဋကတ်ဓမ္မစေတီတော် လှူဒါန်းခြင်းဖြစ်ပါသည်။ မြန်မာပိဋကတ်တော်ကို ဖတ်ရှုလေ့လာကြလျှင် ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သလို မြတ်ဗုဒ္ဓ၏ ပိဋကတ်ဘုရားတော်အဆီအနှစ် "ဝိမုတ္တိရသ" သည်လည်း သဒ္ဓါတရားဝင်သူတော်စင်တို့ နှလုံးသားတွင်သာ တည်တံ့ခွင့်ရနိုင်ပါလိမ့်မည်။ ထိုမျှသာမက လူ့သဘာဝ စရိုက်ဆိုးများ လောဘ၊ ဒေါသ၊ မောဟတို့ ပပျောက်စေ၍ လူ့သဘာဝစရိုက်ကောင်းများ၊ စိတ်ကောင်းထား၊ မေတ္တာပွား၊ ဘာဝနာတရားပွားကြ ကိုယ်ကျင့်တရားကောင်းမွန်လာအောင် ဖော်ဆောင်ပေးပါလိမ့်မည်။ ခေတ်နှင့်လျော်အောင် နေတတ်၊ ထိုင်တတ်၊ စားတတ်၊ သောက်တတ်၊ လုပ်ကိုင်တတ်သည့်အပြင် ဘဝ



ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏနှင့်
ပြုလုပ်ပြီး ကြေးပိဋကတ်တော်များ

လွတ်မြောက်ကြောင်း အကျင့်ကောင်းများကိုပါ ကျင့်ကြံအားထုတ်နိုင်သည့် ဗဟုသုတများလည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။

ဤမည့် လောကုတ်၊ လောကီနှစ်လီပွားတိုး အကျိုးများသည့် "ကြေးပိဋကတ်"တော်နှင့် မြန်မာပြည် "ကြေးပိဋကတ်တော်"ကို ပြုလုပ်လှူဒါန်းသူများသည် အလွန်ကံထူးသော အလှူရှင်များ ဖြစ်ကြပါသည်။

ကျွန်မ၏မွေးနေ့ ၈-၂-၂၀၁၅ တွင် ယခင်ကတည်းက လှူဒါန်းရန်ရည်ရွယ်ထားသော ကြေးပိဋကတ်တော်နှင့် မြန်မာပြည် ကြေးပိဋကတ်တော်အား ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာရွှေကျင်တိုက်ရှိ မင်္ဂလာတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏထံ ကိုယ်တိုင်သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

လှူဒါန်းခဲ့ပါသည်။ ကွယ်လွန်သွားသူ ခင်ပွန်း ဦးဝင်းနိုင်အားလည်း ရည်စူး၍ သီးသန့်လှူဒါန်းခဲ့ပါသည်။ ဘဝဆက်တိုင်း တရားစစ်တဲ့ တရားမှန်ကိုသိမြင်ပြီး သံသရာစက်ဝန်းကြီးမှ လွတ်မြောက်၍ အေးချမ်းရာအမှန် ပြည်နိဗ္ဗာန်သို့ ရောက်ရှိရပါလို၏ဟု ကျွန်မနှင့် သမီးကြီးခိုင်ဝင်းသူ(မာတလီ ဗုဒ္ဓယာဉ်ဘုရားဖူးပို့ဆောင်ရေး)တို့မှ ဆုတောင်းခဲ့ကြပါသည်။ ကွယ်လွန်ခဲ့ပြီးဖြစ်တဲ့ ခင်ပွန်းလည်း ကျွန်မအလှူဒါနများကို သိနိုင်၊ မြင်နိုင်၊ ကြားနိုင်ရန် ဆန္ဒပြုလိုက်ပါသည်။

မြတ်ဗုဒ္ဓသာသနာ သင်္ဂါယနာ ခြောက်တန်မှ အတည်ပြုထိန်းသိမ်းခဲ့ကြသော တရားပေါင်းချုပ်ပိဋကတ်သုံးပုံ (ပေစာ၊ ကျောက်စာ၊ စက္ကူဖြင့် မှတ်တမ်းတင်ထားသော စာအုပ် ၄၀၊ ကျမ်းအားဖြင့် ၅၂ ကျမ်း)တို့ကို မပျက်မစီး မပပျောက်စေဘဲ ကမ္ဘာတည်သရွေ့ နှစ်သန်းပေါင်းများစွာအထိ အခွန့်ရှည် တည်တံ့ပြန့်ပွား ထွန်းကားတောက်ပနေစေရန် ဆန္ဒမွန်ဖြင့် စက္ကူပိဋကတ်သုံးပုံကို ကြေးပြားကြေးချပ်၌ ကွန်ပျူတာစာလုံးထွင်းလျက် "ကြေးပိဋကတ်တော် တစ်ဆူ" ပြုလုပ်ဆောင်ရွက်ခဲ့သော ဆရာတော် ဘဒ္ဒန္တဉာဏအရှင်မြတ်သည် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကျိန်းတိုက်နယ် တောင်ပို့ကြီးကျေးရွာအုပ်စု၊ ပေယင်းကျေးရွာ၌ ဖွားသန့်စင်တော်မူခဲ့ပါသည်။ ခမည်းတော် ဦးထွန်းမောင်၊ မယ်တော် ဒေါ်အုံးချေတို့မှ မွေးချင်းငါးယောက်တွင် အငယ်ဆုံးသားဖြစ်ပါသည်။

၁၃၀၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ၁-၆-၁၉၄၃ အင်္ဂါနေ့တွင် ဖွားမြင်တော်မူပါသည်။ ကောဇာသက္ကရာဇ် ၁၃၁၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် ၃-၃-၁၉၅၂ တနင်္လာနေ့ ရှစ်နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့ပါသည်။ မြတောင်တောရဆရာတော် ဦးဉာဏဝံသ (ဆရာတော်၏မွေးဖခင်)ကို ဥပဇ္ဈာယ်ပြု၍ ရှင်ဖြစ်ခဲ့ပါသည်။ ဆရာတော်သည် ရှင်သာမဏေဘဝမှစ၍ ဆရာရင်းများထံတွင် စာပေပရိယတ္တိသင်ကြားခဲ့ရာ မင်းပြား၊ စစ်တွေ၊ ရန်ကုန်မြို့၊ ပဲခူးမြို့တို့ရှိ စာသင်တိုက်အသီးသီးတွင် ပရိယတ္တိစာပေများ သင်ယူခဲ့၍ အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး ဓမ္မာစရိယတန်းပေါက် သာသနဓဇဓမ္မာစရိယဘွဲ့ရ အောင်မြင်ခဲ့ပါသည်။ ဆရာတော်သည် မိမိသင်ယူတတ်မြောက်ပြီးသော ပိဋကတ်စာပေများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျောင်းထိုင်အဖြစ် သီတင်းသုံးကာ တိုက်တွင်း၊ တိုက်ပြင် စာသင်သား တပည့်သံဃာများအား တန်းစုံပေါက်အောင် နှစ်စဉ်တာဝန်ယူ စာပေသင်ကြားပို့ချပေးလျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှ တာဝန်ပေးချက်အရ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းပြည်နယ်ဝိနည်းဓိုရ် (တရားစီရင် ဆုံးဖြတ်ရေးဆိုင်ရာ) ဝိနိစ္ဆယတာဝန်များကို အကြိမ်ကြိမ်ဆုံးဖြတ်ပေးလျက် သာသနာ့တာဝန်ကို ထမ်းဆောင်ပေးရပါသည်။ ၂၀၀၉ ခုနှစ်မှစ၍ ကြားတောရရပ်ကွက်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)အဖြစ် တာဝန်ယူ လုပ်ဆောင်လျက်ရှိပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ ၁၃၆၂ ခုနှစ်(၂၀၀၁ ခုနှစ်)တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ ၁၃၆၉ ခုနှစ် (၂၀၀၈) တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်တို့ကို ထိုက်ထိုက်တန်တန် ဆက်ကပ်လှူဒါန်းခြင်းခံရပါသည်။ ဆရာတော်သည် ငယ်စဉ်ကပင် စာပေဝါသနာပါခဲ့၍ ဗုဒ္ဓဓမ္မလောကစာစောင်၊ ဓမ္မဗျူဟာစာစောင်တို့တွင် ကဗျာ၊ ဆောင်းပါးတို့ကို ရေးသားခဲ့ပါသည်။ "ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ"စာအုပ်ကိုလည်း ရေးသားပြုစု၍ လှူဒါန်းခဲ့ပါသည်။ သမိုင်းရေးရာ တင်ပြချက်ဆောင်းပါးများ၊ လူမှုပြုပြင်ရေးဆောင်းပါးများကိုလည်း ကလောင်ခွဲအမျိုးမျိုးဖြင့် ရေးသားခဲ့ပါသည်။ ယခုအခါ ဘုရားဟောပိဋကတ်တော်ကို "ကြေးပိဋကတ်တော်"ဖြစ်အောင် ကြိုးစားပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် ၂၀၀၉ ခုနှစ်တွင် ဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲတွင် အခြားစာဆိုရှင် ပုဂ္ဂိုလ်ကြီးနှင့်အတူ ဆရာတော်သည် "ဓမ္မစာဆိုတော်ကြီး"အဖြစ် ပူဇော်ခံခဲ့ရပါသည်။ ကြေးပိဋကတ်တော်အဆူဆူ ပြုလုပ်လှူဒါန်းနေခြင်းကြောင့် ဆရာတော် ဘဒ္ဒန္တဉာဏအား အလှူရှင် ဒကာ၊ ဒကာမတို့က ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြင့် "ကြေးပိဋကတ်ဆရာတော်"ဟု ခေါ်တွင်သမုတ်ကြပါသည်။


**အေးအေးသန့်**


ကျမ်းကိုးစာရင်း

၁။ ကြေးပိဋကတ်ဓမ္မစေတီတော်

၂။ ဗုဒ္ဓသာသနာတော်ကို ကြေးပိဋကတ်တော်ဖြင့်ပူဇော်ခြင်း

www.burmeseclassic.com




# မိုင်းပုန်းဒေသနှင့် မိုင်းပုန်းဆရာတော်

မောင်မောင်မြင့်အေး

သက်တော်ထင်ရှား ဆရာတော်ကြီးများကို ဖူးမြော်လေ့ရှိသော ကျွန်တော်သည် မဟာဗောဓိမြိုင်ဆရာတော်ကြီးကို မဖူးမြော်ခဲ့ဖူးပါ။ မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် ကျွန်တော်မှာ အကြောင်းကံ မဖန်၍ မတွေ့ခဲ့ရပါ။

မဟာဗောဓိမြိုင်ဆရာတော်ကြီး သက်န်းကျွန်းသို့ လာရောက်စဉ်က ဆရာကြီးမင်းသိခ် သည် ဆန်း ဆီ၊ ဆား၊ သက်န်းပရိက္ခရာ အစုံအလင်နှင့် သွားရောက်စဉ်ကလည်း မပါ။ ပျဉ်းမနား အထက်လုပ်တောင်တွင် သီတင်းသုံးစဉ် ဆရာကြီးက ဘုန်းကြီးဝတ်နှင့်သွားရောက် ဖူးမြော်စဉ်ကလည်းမပါ



www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီး မဟာမြိုင်ကွင် သီတင်းသုံးစဉ် ကျွန်တော့်ဇနီးနှင့်သားငယ်တို့ သွားရောက်ဖူးစဉ်ကလည်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းညီလာခံနှင့် တိုက်နေ၍ မပါဝင်ခဲ့ပြန်ပါ။

ဒီတစ်ခါ မိုင်းဖုန်းဆရာတော်၏ ခရီးစဉ်တွင်တော့ မပါမဖြစ်ပါစေရန် စီစဉ်ဆောင်ရွက်ရပါတော့၏။

မိုင်းဖုန်းဆရာတော်၏ ငယ်စဉ်ဘဝမှ ခုတင်သည့်အထိ အကြောင်းအရာများကို ရောင်ပြန်မဂ္ဂဇင်းတွင် ကျွန်တော် စတင်ဖော်ပြခဲ့၏။ စာရေးဆရာ သီပေါကိုလတ်ကို မိုင်းဖုန်းဆရာတော် အကြောင်း စုံစမ်းပြီးရေးပေးရန် အကူအညီတောင်းခဲ့ရာ ထိုစဉ်ကာလက အခြားမဂ္ဂဇင်းများထက် ကျွန်တော့် ရောင်ပြန်မဂ္ဂဇင်းတွင် ပြည့်ပြည့်စုံစုံပင် ဖော်ပြနိုင်ခဲ့၏။

ထိုစဉ်ကတည်းက မိုင်းဖုန်းဆရာတော်ကို ဖူးမြော်လိုသောဆန္ဒသည် ပြင်းပြနေခဲ့၏။ တောင်ကြီးမြို့ သင်ဇင်စတိုး ပိုင်ရှင် ကိုမောင်ဝင်း+နန်းညွန့်ညွန့်အေး ဇနီးမောင်နှံမိသားစုတို့သည် အလှူအတန်းရက်ရောပြီး သဒ္ဓါသီလတို့နှင့် ပြည့်စုံသော ဇနီးမောင်နှံဖြစ်ကြ၏။




တစ်နေ့ ၎င်း၏အိမ်တွင် စကြာမုနိရှေးဟောင်းဘုရား(၃)ဆူကိုဖူးမြော်ရန်အတွက် တောင်ကြီးမြို့သို့ ဖိတ်ခေါ်ခဲ့ရာ ကျွန်တော်တို့ ဇနီးမောင်နှံသည် ရောက်ရှိခဲ့၏။ ထိုစကြာမုနိရုပ်ပွားတော်များသည် ဉာဏ်တော်ငယ်သည် မှအပ စစ်တွေမြို့တွင် သီတင်းသုံးသော စကြာမုနိရုပ်ပွားတော်နှင့် ထပ်တူ တူနေသည်ကို ဖူးတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တာချီလိတ် တောင်ကြီး ကူးချည် သန်းချည် သွားနေသူများဖြစ်ကြ၏။ တောင်ကြီးရောက်စဉ် ကျွန်တော်တို့ကို တောင်ကြီးမြို့လယ်ရှိ ဒီဇင်ဘာဟော်တယ်တွင် တည်းခိုဖြစ်ပြီး၊ ကက္ကူမွေတော်၊ တောင်ကြီးစုဋ္ဌာမုနိ၊ အင်းလေးဖောင်တော်ဦး အင်းလေးကန်ရှိ ရှေးဟောင်းမွေတော်စေတီတော်တို့ကို လိုလေသေးမရှိ ပို့ဆောင်ပေးခဲ့သော သာသနာပြုပုဂ္ဂိုလ်များပင်ဖြစ်၏။

ထိုကဲ့သို့ ဘုရားများ ဖူးစေခြင်းကုသိုလ်ထူးသည် ၎င်းတို့မိသားစု ပြည့်စုံစွာရကြပါပေ၏။ ကျွန်တော်တို့ကလည်း ကုသိုလ်များရလေ လိုလေ အိုတရွေလို့များ ပြောရလေမလား . . .

"မောင်းဝင်းနဲ့ နန်းညွန့်အေးတို့ရယ် အမေတို့ကို ဒီလို ပို့ပေးတဲ့အတွက် နိဗ္ဗာန်တံခါးက မင်းတို့ရဲ့ လက်တစ်လှမ်းမှာပါ။ အမေကို ဆန္ဒတစ်ခုတော့ ဖြည့်ပေးပါဦး အမေ မိုင်းဖုန်းဆရာတော်ကို ဖူးချင်ပါတယ်" ဟု ကျွန်တော့်ဇနီးက ပြောလိုက်သည်နှင့် . . .

"ကိုမောင်ဝင်း ရော နန်းညွန့်အေးကပါ မပူနဲ့အမေ ပို့ပေးမယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာ ကျွန်မတို့အမေ မွေးနေ့ရှိတယ်။ ဆရာတော်ကို လှူဖို့ရှိတယ်။ အဲဒီကျ ဆရာတော်လည်း မိုင်းဖုန်းကို ကြွလာလိမ့်မယ်။ အဲဒီကျရင် ဖူးရမယ် စိတ်ချ စိတ်ချ" ဟု ကိုမောင်ဝင်း ကလည်း ပြော၏။

ကျွန်တော်တို့ကို အပြန်ခရီးအတွက်လည်း လေယာဉ် လက်မှတ်ဝယ်ပေးကာ ကိုယ်တိုင်လေဆိပ်လိုက်ပို့ပြီး လက်ဆောင်ပစ္စည်းများလည်း တနင့်တပိုး ပေးကြပြန်၏။ ၎င်းလက်ဆောင်များအနက် တောင်ကြီး

www.burmeseclassic.com

ရောက်ရောက်ချင်း ၎င်း၏ကားပေါ်တွင် အသင့်ပါလာသော စပါးကြီးသည်းခြေ နှင့်ဝက်ဝံသည်းခြေသည် တန်ဆောင်မုန်းလပြည့် ဆေးပေါင်းခပွဲတွင်သုံးရန်အတွက် လွန်စွာမှပင် ကျေးဇူးတင်ရ၏။ ကျေးဇူးတင်ပါတယ် ကိုမောင်ဝင်းနှင့်နန်းညွန့်အေး တို့ခင်ဗျား။

သည်လိုနှင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထဲတွင်ပင်...

"ကိုမောင်ဝင်းက ဖုန်းဆက်ပြီး ဆရာတို့လိုက် ဖြစ်လား မိသားစု ဘယ်နှစ်ယောက်လဲ ကျွန်တော် လေယာဉ်လက်မှတ်ပို့လိုက်မယ်။ ကျွန်တော်တို့က တာချီလိတ်ကြိုရောက်မယ်"

ဟုပြောရာ ကျွန်တော်ကလည်း မိသားစု(၆)ယောက်ဖြစ်ကြောင်း ဇန်နဝါရီ(၂)ရက်နေ့ရောက်မည်ဖြစ်ကြောင်း ပြောလိုက်၏။ နောက်ရက် မကြာမီတွင်ပင် AIR KBZ လေယာဉ်လက်မှတ်(၆)စောင်၊ ဇန်နဝါရီ(၂)ရက် နံနက်(၈) နာရီသွားရန် ရောက်လာတော့၏။

ကျွန်တော်တို့မိသားစုသည် ၂-၁-၂၀၁၅ နံနက်(၈)နာရီ လေဆိပ်ရောက်သောလည်း တာချီလိတ်လေဆိပ်တွင်မြူများဆိုင်းနေ၍ လေယာဉ်ရောက်မလာဘဲ(၁၀)နာရီမှ ရောက်လာတော့၏။ တာချီလိတ်လေဆိပ်သို့ (၁၂)နာရီခန့်တွင်ရောက်သွားရာ ကိုမောင်ဝင်းနှင့် တပည့်များ ကားနှစ်စီးနှင့်အသင့်လာကြိုနေကြ၏။ တာချီလိတ် လေဆိပ်ကစားသောက်ဆိုင်တွင် ကြာဆံကြော်ဖြင့် ညှိခံပြီး ၎င်းတို့အိမ်ရှိရာ ဟာလော့ရပ်ကွက်သို့ ထွက်ခွာလာတော့၏။

တာချီလိတ်သည် ကျွန်တော်နှင့် မစိမ်းခဲ့ပါ။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းတွင် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ်(၁၂)နှစ်ဆောင်ရွက်သမျှ ကာလပတ်လုံး၊ တစ်ကြိမ်တည်းသော ခရီးထွက်ခွင့်ရခဲ့သော အခွင့်အရေးနှင့် ဦးသန်းလှိုင်(ဆရာတက္ကသိုလ်သိန်)၊ ဆရာမောင်မြင့်ကြွယ်တို့နှင့် မြို့နယ်စာပေဟောပြောပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့



၏။ မြို့နယ်စာနယ်ဇင်းဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်၊ အတွင်းရေးမှူး မင်းရဲအေးငြိမ်း တို့၏ဖိတ်ကြားချက်ဖြစ်၏။ မမျှော်လင့်ဘဲ ယခင်က မော်လမြိုင် မြို့မစခန်းမှူးအနေနှင့် သိကျွမ်းခဲ့ဖူးသော ကိုမြင့်ဦးသည် မူးယစ်အထူးအဖွဲ့ရဲမှူးဘဝဖြင့် ပြန်တွေ့ခဲ့ရ၏။ ၎င်းက ကျွန်တော်တို့အတွက် ကားတစ်စီး ကူညီ၏။ ထိုစဉ်က မဂ်လာလမ်းရှိ မြို့နယ်တရားရုံးဘေးက ဟော်တယ်တွင် တည်းခဲ့ရ၏။

ထိုစဉ်က တာချီလိတ်နှင့် ယခုတာချီလိတ် မတူတော့ပါ။ ကျွန်တော်တို့ကို ကိုမောင်ဝင်းက ဟာလော့ရပ်ကွက် ချယ်ရီလမ်းမှာရှိသော ၎င်း၏အိမ်သို့ခေါ်ဆောင်သွားခဲ့ပြီး မိသားစုနှင့် တွေ့ဆုံစေခဲ့၏။

ဆက်ပါဦးမည်...

မောင်မောင်မြင့်အေး

www.burmeseclassic.com

www.burmeseclassic.com

# စွယ်စုံရ မင်းသမီးကြီး

## သမီးဗဂျီအောင်စိုး

မြန်မာလူမျိုးမဟုတ်ဘဲ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုများကို နှစ်သက်မြတ်နိုးသော ဆရာမဒေါ်ရှိစီအား စာရေးသူက "စွယ်စုံရမင်းသမီးကြီး" ဟု တင်စားခေါ်ဆိုထားခြင်း ဖြစ်ပါသည်။ ဆရာမဒေါ်ရှိစီသည် ရှေးဘဝက မြန်မာလူမျိုး မင်းမျိုးမင်းနွယ်မှ ဝင်စားလာခြင်း ဖြစ်နိုင်သည်ဟု ထင်မြင်မိပါသည်။ မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုထင်ရှုံဖြစ်သည့် အင်္ကျီလက်ရှည်နှင့် ချိတ်ထဘီကို အထူးပင် နှစ်သက်မြတ်နိုး၍ဘာ အစဉ်အမြဲဝတ်ဆင်လျက်ရှိပါသည်။

စာသင်ကြားသောအခါတွင် အင်္ကျီအဖြူလက်ရှည်နှင့် ထဘီအစိမ်းကို အထူးပင် သဘောကျလျက်ရှိပါသည်။ အိမ်မှာ နေရင်းဝတ်ဆင်သောအခါ ပေါ့ပါးသောအဝတ်အစားများကို ဝတ်ဆင်ခြင်းမရှိဘဲ အင်္ကျီလက်ရှည်နှင့် မြန်မာထဘီကိုသာ ဝတ်ဆင်လျက်ရှိပါသည်။ အမျိုးမျိုးရှိသော နိုင်ငံခြားသို့ သွားသောအခါတွင်လည်း မြန်မာဝတ်စုံကိုသာ ဝတ်ဆင်ပါသည်။ ပုံတွင်ပြထားသည့်အတိုင်း ဒေါ်ရှိစီသည် ရှေးခေတ် နန်းတွင်းသူများဝတ်ဆင်သကဲ့သို့ ဝတ်စားဆင်ယင်ပြီး ဆွမ်းအုပ်ဖြင့် မြန်မာအမျိုးသမီး နန်းတွင်းသူတစ်ယောက်ကဲ့သို့ ဓာတ်ပုံရိုက်ထားသည်မှာ ကျက်သရေအလွန်ရှိပါသည်။

ဒေါ်ရှိစီသည် နိုင်ငံခြားသူ ခရစ်ယာန်ဘာသာဝင် တစ်ဦး ဖြစ်ပါသည်။ သို့သော် မြန်မာပြည်မှာနေထိုင်ပြီး ကျောင်းဆရာမဘဝဖြင့် စာပေသင်ကြားခြင်းအလုပ်ကို လုပ်ကိုင်ခဲ့ပါသည်။ ဤအလုပ်သည် သူမနှင့် အသင့်လျော်ဆုံး အလုပ်ဖြစ်ပါသည်။ မြန်မာဆန်ဆန်ဝတ်ဆင်ရပြီး မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာအကများကို သူမ လက်တွေ့ထိတွေ့နေရ



မြန်မာဆန်ဆန်
မြန်မာ့မှု၊
မြန်မာ့ဟန်ဖြင့်
ဓာတ်ပုံရိုက်ထားသော
ဆရာမဒေါ်ရှိစီပုံ



www.burmeseclassic.com

www.burmeseclassic.com

၍ ပျော်ရွှင်စွာ လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

"စွယ်စုံရမင်းသမီးကြီး"ဟု ခေါ်ဆိုရခြင်းမှာ ဆရာမ ဒေါ်ရိုစီသည် စာပေသင်ကြားရာတွင် ဘက်စုံကျရာနေရာ များတွင် တာဝန်ယူလုပ်ဆောင်နိုင်၍ စွယ်စုံရသောကြောင့် ဖြစ်ပါသည်။ မင်းသမီးဟုဆိုရာတွင် အငြိမ့်မင်းသမီး၊ ပြဇာတ် မင်းသမီး၊ ရုပ်ရှင်မင်းသမီး အစရှိသည်ဖြင့် အမျိုးမျိုးရှိရာ ၎င်းတို့သည် အလွမ်း၊ ဟာသ၊ သဘာဝသရုပ်ဆောင်မှုများကို အားလုံးလုပ်ဆောင်နိုင်လျှင် စွယ်စုံရသည်ဟု ခေါ်ဆိုပါသည်။ အချို့က တစ်မျိုးတည်းကိုသာ ပိုင်နိုင်စွာသရုပ် ဆောင်နိုင်ကြ သည်လည်း ရှိပါသည်။

ကျောင်းဆရာမ အမျိုးမျိုးရှိပါသည်။ အချို့မှာ စာသင် ကြားရေးတစ်ခုတည်းကို စိတ်ဝင်စားကြပြီး အခြား ဖွံ့ဖြိုးရေး လုပ်ငန်းများကို မပြုလုပ်လို ကြပါ။ အချို့မှာ ဘက်စုံလုပ်ငန်း များကို လုပ်ကိုင်နိုင်ကြပါသည်။ ဤသို့ ဘက်စုံလုပ်ကိုင် နိုင်သော ဆရာမများတွင် ဒေါ်ရိုစီ ပါဝင်ပါသည်။ စွယ်စုံရ ဆရာမတစ်ဦးဖြစ်သည်။ စာပေသင်ကြားရာတွင် "နာသုံးနာ" နှင့် ပြည့်စုံပါသည်။ ဝါသနာ၊ စေတနာ၊ အနစ်နာခံ၍ သင် ကြားပေးပါသည်။ ကလေးများကို ဝါသနာပါသည့်အတိုင်း စေတနာနှင့် သင်ကြားပေးပါသည်။ အနစ်နာခံသည်ဆိုရာတွင် တာဝန်ကျေရုံ သင်ကြားပေးခြင်းမဟုတ်ဘဲ မတတ်တတ် အောင် သင်ကြားပေးခြင်း၊ မိဘများအား စည့်သောကလေး များအတွက် ဆွေးနွေးပေးပြီး စိတ်ရှည်စွာဖြင့် သည်းခံသင် ကြားပေးပါသည်။

ဒေါ်ရိုစီသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်သူဖြစ် သော်လည်း ကျောင်းမှ ဘာသာရေးပွဲများတွင်လည်း ကူညီ လုပ်ကိုင်ပေးပါသည်။ မောင်နှင့် ညီမများမှာ ခရစ်ယာန် ဘုန်းကြီးနှင့် သီလရှင်များ ဖြစ်ကြသည်။ ၂၀၀၅ ခုနှစ်တွင် ဆွေမျိုးများရှိသော ဩစတေးလျနိုင်ငံသို့ အလည်အပတ် သွားရောက်ပြီး အမျိုးများနှင့်တွေ့ဆုံရာ နေထိုင်ခွင့်ပါမစ်ကို အမျိုးများက လျှောက်ပေးကြ၍ ရရှိခဲ့သော်လည်း ဒေါ်ရိုစီက မိမိတပည့်များကို မခွဲနိုင်ဟုဆို၍ နေထိုင်ခွင့်ကို စွန့်လွှတ်ပြီး တပည့်များသံယောဇဉ်ဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့ပါသည်။ အနန္တော အနန္တဂိုဏ်းဝင် ဆရာသခင် ပီသပါသည်။ ဒေါ်ရိုစီ သည် ယခု ၇ အသက် ၇၄ နှစ်ရှိပြီဖြစ်သော်လည်း သွက် လက်ဖျတ်လတ်ပြီး လန်းဆန်းတက်ကြွစွာ စာသင်ကြားလျက် ရှိပါသေးသည်။

ဒေါ်ရိုစီသည် မိမိရောက်ရှိသော ကျောင်းများတွင် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ ဒေါ်ရိုစီ၏ ထူးချွန်မှုမှာ အနုပညာပိုင်းတွင် ပိုမိုထူးချွန်ပါသည်။ ထိုစဉ်အခါက နှစ်စဉ် ပညာရည်ချွန်ဆုပေးပွဲများတွင် ကျောင်း သားကလေးများ ပါဝင်ကပြသော ကျောင်းကပွဲများကို တစ်နှစ် တစ်မျိုး သူမ တတ်ကျွမ်းသော မြန်မာအက၊ ကဗျာလွတ် အက၊ ယိမ်းအကများကို ကပြတင်ဆက်ခဲ့သော်လည်း စာရေး သူမှာမူ နှစ်တိုင်း လူကြိုက်များသော ကျောင်းသားလေးများ သာ ပါဝင်သော ဝိတ်ဖြူမတ်ပြီး ပုဏ္ဏားလိုဝတ်ဆင်ကာ ခေါင်း တွင် ကတ်ထူစက္ကူကို ခေါင်းပေါင်းလုပ်ပြီး မီးစာကြိုးနှစ် ချောင်းကို လည်ပင်းတွင်ခွေပြီး ကြက်ခြေခတ်ခွဲကာ တကယ့် ပုဏ္ဏားများ ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်စေပါသည်။ ဆန်မှုန့် ခဲကို ခက်ခဲစွာရှာဖွေ၍ နဖူးတွင် သုံးချက်၊ လည်ပင်း အောက် တွင် သုံးချက်တားပေးပြီး လူများရယ်မောပျော်ရွှင်အောင် ဖန်တီးခဲ့ပါသည်။ ပါးနှစ်ဖက်တွင် ဆန်မှုန့်ခဲဖြင့်ဝိုင်း၍ ပါးကွက် နှစ်ဖက်လုံး လုပ်ခဲ့ပါသည်။ ပုဏ္ဏားသီချင်းကို ကက်ဆက် ခွေတွင်သွင်းထားပြီး ဇာတ်တိုက်ခဲ့ပါသည်။ ထိုပုဏ္ဏားသီချင်း မှာ စာရေးသူကိုယ်တိုင်ရေးစပ်ပြီး "ထိပ်တင်ဝင်း"ဂီတတီး ဝိုင်းဖြင့် ကလေးများသီဆိုထားသည်ကို အသံသွင်းထားခြင်း ဖြစ်ပါသည်။

ဒေါ်ရိုစီမှာမူ အင်္ဂလိပ်ကဗျာများကို ကလေးများအား နှုတ်တိုက်သင်ကြားပေးပြီး ကိုယ်တိုင်သီဆိုစေပါသည်။ ကဗျာ လွတ်အကကို ခွေသွင်းထားပါသည်။ အခြား မြန်မာယိမ်းအက များ၊ အင်္ဂလိပ်သီချင်းများကို (Play back) နောက်ခံဖွင့်ပေး ပြီး ကစေပါသည်။ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အလွန် မှ ပျော်ရွှင်စရာကောင်းပါသည်။ ဤသည်မှာ ဒေါ်ရိုစီ၏ စာသင်ကြားခြင်း၊ အနုပညာဝါသနာအရ ထူးချွန်စွာ ဆောင် ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ဒေါ်ရိုစီသည် အလက(၄)တွင် နှစ်ပေါင်း ၂၄ နှစ် ကြာအောင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကျောင်းပေါင်းစုံ အက ပြိုင်ပွဲများတွင် အစဉ်ပထမရခဲ့ပါသည်။ အလက(၄)မှ အလက(၇) တောင်ဥက္ကလာ(၅)ရပ်ကွက်သို့ ဒေါ်ရိုစီသည် အလယ်တန်းပြဆရာမအဖြစ် ရာထူးတိုးပြောင်းရွှေ့သွားရာ ထိုကျောင်းမှာလည်း အကပြိုင်ပွဲများကို ပထမရအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားပေးခဲ့ပါသည်။ ထိုမှတစ်ဆင့် မြို့နယ်အဆင့်မှ တိုင်းအဆင့်သို့ တက်သောအခါတွင်လည်း ပထမရပါသည်။ အနုပညာတွင် ပါရမီထူးချွန်သော ပါရမီရှင်တစ်ဦးဖြစ်ပါသည်။

ဒေါ်ရှိစီသည် ယခင် ကျောင်းများ ပြည်သူပိုင်မသိမ်းမီက ရန်ကင်း ကျောက်ကုန်း စိန့်မိုက်ကယ်လ်ကျောင်းတွင် ကျောင်းဆရာမအလုပ်ကို စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် ထိုကျောင်းမှ တောင်ဥက္ကလာပ (၃) ရပ်ကွက် စိန့်မိုက်ကယ်ကျောင်းတွင် တာဝန်ခံအဖြစ် လုပ်ဆောင်ခဲ့ပါသည်။ ပြည်သူပိုင်သိမ်းပြီးနောက် အခေါ်အဝေါ်များ ပြောင်းလဲသွားကာ ကျောက်ကုန်း စိန့်မိုက်ကယ်လ်မှာ အထက(၂)ရန်ကင်း ဟူ၍လည်းကောင်း၊ တောင်ဥက္ကလာပ စိန့်မိုက်ကယ်လ်မှာ အလက(၄) တောင်ဥက္ကလာ ဟူ၍လည်းကောင်း အမည်ပြောင်းသွားပါသည်။ အလက(၄)မှာ အလက(၇)သို့ ပြောင်းသွားသော်လည်း အလက(၄)ကျောင်းကပွဲများကို ဆက်လက်လုပ်ဆောင်ရာတွင် ဒေါ်ရှိစီအား အကူအညီတောင်းကာ ဆက်လက် ကပွဲများကို ကျင်းပလျက်ရှိပါသည်။ တောင်ဥက္ကလာပမြို့နယ်မှ ကျောင်းအတော်များများမှာ ဒေါ်ရှိစီအား မသိသူမရှိသလောက်ဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ်တွင် ကျောင်းပေါင်း လေးဆယ်ကျော်ရှိရာ မသိသောကျောင်းမှာ လေးကျောင်းငါးကျောင်းလောက်သာ ရှိပါမည်။ ဆရာမဒေါ်ရှိစီအား လူသိများသောအမည်မှာ "တီချာရှိစီ" ဖြစ်ပါသည်။ ပြည်သူပိုင်မသိမ်းမီ ကျောက်ကုန်း စိန့်မိုက်ကယ်လ်နှင့် တောင်ဥက္ကလာပ စိန့်မိုက်ကယ်လ်ကျောင်းများမှာ ခရစ်ယာန်ဘုန်းကြီးများ၊ သီလရှင်များ အုပ်ချုပ်ပါသည်။ အင်္ဂလိပ်ကျောင်းများဖြစ်၍ ဆရာမများကို တီချာ(teacher) ဟုသာ ခေါ်ကြရာ တီချာရှိစီမှာ နှစ်ကျောင်းစလုံးတွင် ပြည်သူပိုင်မသိမ်းမီက လုပ်ကိုင်ခဲ့၍ မိမိကိုယ်ကို တီချာဟူသော အသုံးအနှုန်းကို ယနေ့တိုင်သုံးနှုန်းလျက်ရှိခြင်း ဖြစ်ပါသည်။

ဒေါ်ရှိစီသည် ခင်ပွန်းဖြစ်သူ ဗမာ့တပ်မတော်မှ ရဲဘော်ဟောင်းတစ်ဦးဖြစ်သော ဦးကိုကိုလေး(နိုင်ငံခြားသတင်း အရာရှိ ရေဒီယိုအော်ဖစ်ဆာ) ကွယ်လွန်ပြီးချိန်၊ မိမိပင်စင်ယူပြီးချိန် ၁၉၉၄ ခုနှစ်မှစ၍ ယနေ့ အသက် ၈၄ နှစ်တိုင်အောင် ဝါသနာပါသော စာသင်ကြားခြင်းအလုပ်ကို မိမိနေအိမ် တောင်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၄၀၁)တွင် (ROYAL ROSE)အမည်ဖြင့် အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာပေသင်တန်းများကို မူကြိုမှ အထက်တန်းအဆင့်ထိလည်းကောင်း၊ နိုင်ငံခြားသွားမည့်သူများအား အင်္ဂလိပ်စကားပြောကိုလည်းကောင်း၊ တစ်ဦးတည်းသီးသန့် သင်ကြားသော အိမ်တိုင်ယာရောက် (HOME TUTION) များကို သင်ကြားလျက်ရှိပါသည်။

ဤသို့ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်၍ သင်ကြားရေးကို သမီးဖြစ်သူ ဆရာမ ဒေါ်အေးအေးသင်း အမက(၁၂) တောင်ဥက္ကလာပ အလယ်တန်းပြဆရာမမှ တာဝန်ခံကာ အုပ်ချုပ်ရေးပိုင်းရော သင်ကြားရေးပိုင်းပါ ကျောင်းမှ အနားယူထွက်လိုက်ကာ မိခင်အား ကူညီပေးလျက်ရှိပါသည်။ ဒေါ်အေးအေးသင်းမှာလည်း မိခင်ကဲ့သို့ ထက်မြက်သူတစ်ဦး ဖြစ်ပါသည်။ ဖခင်ကဲ့သို့ မျိုးချစ်စိတ်ရှိပြီး မိခင်ကဲ့သို့ ဘက်စုံတော်သော ဒေါ်ရှိစီ အားကိုးရသော သမီးတစ်ဦးဖြစ်ပါသည်။ ဒေါ်ရှိစီတွင် သားသုံးယောက်၊ သမီးတစ်ယောက်ရှိပြီး သားအငယ်ဆုံးမှာ ကွယ်လွန်ပြီးဖြစ်ပါသည်။ မြေးခုနစ်ယောက်ရှိသော အဘွားဖြစ်သည်။ ထို့ကြောင့် ဆရာမဒေါ်ရှိစီအကြောင်းကို ရေးသားမည်ဆိုလျှင် မပြီးဆုံးနိုင်သော ရေးစရာများ အမြောက်အမြားရှိ၍ ယခုအခါ ဆရာမအရွယ်မှ ဆရာမကြီး ဖြစ်နေပြီဖြစ်ပါ၍ "စွယ်စုံရမင်းသမီးကြီး" ဟု တင့်စားခေါ်ဆိုရခြင်း ဖြစ်ပါသည်။

စာရေးသူတို့ အလက(၄) တောင်ဥက္ကလာမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲတွင် ဆရာမဒေါ်ရှိစီအား ဩဝါဒစကားပြောခိုင်းလျှင် ကျောင်းသားဟောင်းများ၊ လက်ရှိကျောင်းသားများ၊ ဧည့်သည်များ၊ ဆရာဟောင်းများ (အကန်တော့ခံ ဆရာများ) လက်ရှိဆရာများအားသုံး စိတ်ဝင်စားအောင် ဟောပြောနိုင်ပါသည်။ ဆရာမကြီးက စာရေးသူအား "ရင်တွင်းစကား" ဟု ဆို၍ ဤသို့ ပြောကြားခိုင်းပါသည်။

"ယခင့်ယခင် အချိန်များမှ ယခု အချိန်ထိတိုင်အောင်လည်းကောင်း၊ ယခုအချိန်မှ နောင်စာပေသင်ကြားနိုင်သရွေ့ အချိန်များတွင်လည်းကောင်း ရေးခက်၍ ဝါပြည့်များကို ပြုစုပျိုးထောင်သွားမှာပါ"


*(တီချာရှိစီအား ဂုဏ်ပြုလျက်)*

သမီးဗဂျီအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ပြည်တော်ဝင်နေ့ တပေါင်းလပြည့်

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ဗုဒ္ဓဘာသာဝင်များအဖို့ တပေါင်းလပြည့်နေ့ကို မြတ်စွာဗုဒ္ဓ ပြည်တော်ဝင်အခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပကြလေသည်။

ထိုသို့ ကျင်းပရခြင်းမှာ တပေါင်းလပြည့်နေ့၌ ကာဠုဒါယီမထေရ်က ဘုရားရှင်အား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ ကျင်းပခဲ့ခြင်းဖြစ်လေသည်။ ထိုအချိန်က မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်ကာ အင်္ဂတိုင်းသားများနှင့် မာဂဓတိုင်းသားများအား တရားရေအေး တိုက်ကျွေးလျက်ရှိနေသည်။ အဆိုပါသတင်းကို ကြားသိရသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ကပိလဝတ်နန်းတော်ရှိ အမတ် ၁၀ ဦးတို့အား ခေါင်းဆောင်စေလျက် နောက်ပါအခြွေအရံတစ်ထောင်စီဖြင့် ၁၀ ကြိမ်မီခွဲကာ ရာဇဂြိုဟ်ရှိ ဘုရားရှင်အား ပင့်တော်မူစေခဲ့သည်။ သို့ရာတွင် သွားကြသူအားလုံး ဘုရားရှင်၏ တရားတော်၌ နှစ်သက်မိသွားကြကာ သာသနာ့ဘောင်သို့ ဝင်ရောက်သွားကြလေတော့၏။

ဤ၌ နောက်ဆုံးအသုတ်အဖြစ် အမတ်ကြီး ကာဠုဒါယီခေါင်းဆောင်လျက် အခြွေအရံအပေါင်းဖြင့် ဘုရားရှင်အား ပင့်ဆောင်ရန် ရာဇဂြိုဟ်သို့ ရောက်ရှိသွားခဲ့ကြသည်။ ဘုရားရှင်နှင့် တွေ့ဆုံပြီးသကာလ တရားနာရခဲ့သောအခါ ဧဟိဘိက္ခုရဟန်းအဖြစ် ကူးပြောင်းသွားခဲ့ကြလေသည်။ ဤ၌



www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓေါဒနမင်းကြီးအား ကတိခံထားခဲ့သည့်အတိုင်း ရဟန္တာဖြစ်ပြီးသော ရှင်ကာဠုဒါယီမထေရ်သည် ဘုရားရှင်ကို ပင့်ဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်ပါရတော့သည်။ သူကြိုးပမ်းအားထုတ်ရသည်ကား တပေါင်းလ၏ သာယာပုံကို ဂါထာပေါင်း ၆၄ ဂါထာ သီကုံး၍ ခမည်းတော်ရှိရာ ကပိလဝတ်ဘွားနေသို့ မြန်းကြွစေဖို့ပဲ ဖြစ်လေသည်။ သို့ဖြင့် ၎င်းသီကုံးထားသော ၆၄ ဂါထာဖြင့် ဘုရားရှင်အား လျှောက်ထားခဲ့သလေ၏။

ကာဠုဒါယီ၏ လျှောက်ထားချက်ကို ထိုရောက်သည်ဟု ဆိုရပေလိမ့်မည်။

ဘုရားရှင်သည် ရဟန္တာပေါင်းနှစ်သောင်း ခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်ပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ (နှစ်လကြာမျှ) ဒေသစာရီ ကြွချီတော်မူခဲ့သည်။

ဤကဲ့သို့ မြတ်စွာဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းဖြင့် သာသနာတော်သမိုင်း၌ ထူးခြားသော အကျိုးဆက်များ ဖြစ်ပေါ်လာရပါသည်။ ထိုအကျိုးဆက်များမှာ -

၁။ နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာခြင်း။

၂။ သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးကို ရွာသွန်းစေခြင်း။

၃။ ဂါထာတစ်ထောင်ဖြင့် ဆင်ယင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့ခြင်း။

၄။ မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်ပြီး နောင်သောအခါ အရဟတ္တမဂ်သို့ ဆိုက်ရောက်ခြင်း။

၅။ မိထွေးတော် သောတာပန်တည်ခြင်း။ နောင်သောအခါ ဘိက္ခုနီသာသနာ ထူထောင်ခွင့်ကြုံခြင်း။

၆။ ယသော်ဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီးကို ဟောကြားခြင်း။

၇။ ဇနပဒကလျာဏီ၏ ကြင်ရာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း။

၈။ သားတော်ရာဟုလာ အမွေတောင်း၍ သာမဏေဘဝသို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ခြင်း။

၉။ သာကီဝင်မျိုးမှ မင်းသားတစ်ထောင်တို့ ရဟန်းဘောင်သို့ ရောက်ရှိကြခြင်း။

၁၀။ ကာဠုဒါယီမထေရ်အား ဆွေမျိုးတို့အား မြတ်စွာဘုရားကို ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြတ်ဆုံးဘွဲ့ "ကုလပ္ပသာဒ" တံဆိပ်ကို ချီးမြှင့်တော်မူခြင်း။

၁၁။ အရှင်သာရိပုတ္တရာလျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူခြင်း

စသည့် အကျိုးဆက်များ ဖြစ်ကြပါသည်။ ဤ၌ ကာဠုဒါယီ လျှောက်ထားခဲ့သော နောက်ဆုံးဂါထာကို တင်ပြလိုပါသည်။ ထိုဂါထာကြောင့်လည်း ဘုရားရှင်အဖို့ မွေးဇာတိ ကပိလဝတ်ပြည်သို့ ပြည်တော်ဝင်လိုစိတ်များ ပေါ်ပေါက်လာရသည်ဆိုလျှင် မှားအံ့မထင်ပါချေ။

နာတိသီတံ နာတိဉှဏံ၊
နာတိ ဒုဗ္ဘိက္ခ ဆာတကံ။
သဒ္ဒလာ ဟရိတာ ဘူမိ၊
ဧသ ကာလော မဟာမုနိ။

အနက်အဓိပ္ပာယ် ပြန်ဆိုရလျှင် . .

"မုနိတို့၏ သခင်ဖြစ်တော်မူသော မြတ်စွာဘုရား။

ဆောင်းနှောင်းနွေဦး တပေါင်းလ ဤအခါထူးသည် အေးလည်း မအေးလွန်းလှပါဘုရား။ ပူလည်း မပူလွန်းလှပါဘုရား။ ကောက်ပဲသီးနှံစ ဥတုမျှ၍ အာဟာရမွတ်ရှား ခေါင်းပါးခြင်း၊ ဆာလောင်ခြင်းမှလည်း၊ ကင်းရှင်းပါသည်ဘုရား။ မြေအပြင်သည်လည်း နေဇာမြက်ညွန့် ပေါက်ရောက်ရှင်သန်၍ မြစိမ်းရောင်လွှမ်း စိုပြည်လန်းဆန်းနေပါသည်ဘုရား။

ဆောင်းနှောင်းရာသီ တပေါင်းလ ဤအခါထူးသည် မွေးရပ်ဌာနီ ကပိလဝတ်နေပြည်သို့ ကြွချီရန် လျော်ကန်လျှောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ဖြစ်သည်။ ကာဠုဒါယီ၏ ဂါထာအပေါ် မူတည့်လျက် အင်းဝခေတ် ပေလေးပင် ရှင်လေးပါးအဝင် စာဆိုရှင်ရှင်အုန်းညိုကလည်း ဂါထာ ၆၀ ပျို့ကြီးကို ရေးစပ်အမှုကွန်းတင်ခဲ့သည်။ ထိုပျို့မှ အချို့ကို ကောက်နုတ်ပြရသည်ရှိသော်

"...ဖွားချက်မြှုပ်ထွေး၊ ဇာတိနေသား။ အောင်မြေပြည်မ၊ ကပိလတွင်။ မွေးဘာသုဒ္ဓေါ်၊ ဒကာတော်နှင့်၊ ယသော်ရော၊ ဗိမ္ဗာမြောက်သား။ သည်းချားရာဟု၊ မျှော်ရာရှုလျက်၊ တစ်စုတစ်ရုံး ပန်းနှယ်ကုံးမျှ သက်လုံးမေတ္တာ၊ ပြက်ကြြင်နှာသော်၊ ဖူးပါလုချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း။ နှစ်ရွလွမ်း၍ ပျက်ယမ်းထိထိ၊ မျှော်ချင်ဘိဟု၊ ကြားသိတုံလို၊ တစ်သောင်းဗိုလ်တွင်၊ ကျွန်းကိုနောက်ဆင့်၊ ချီပင့်ရရှာ၊ ဤအခါကား ဟေမာချမ်းဆောင်း။ ကြွလဲပြောင်းသား။ တပေါင်းနွေလ၊ ဂိမှာနဟု၊ သာလှပျော်မှု၊ သည့်ရတုဦး ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း။ ပွင့်ရောင်တိချည်။ ဖြင်ပေါပည်း၏ ခမည်းတော်ကောင်း။ ပြည်တော်ပောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ဇွှာသည်၊ သွားခါကာလ တန်ပြီဘုရား"

ဟူ၍ ဖြစ်ချေသည်။

စင်စစ် တပေါင်းလကား သာမန်လ မဟုတ်ပါချေ။ ဆယ့်နှစ်လရာသီ ရှိကြလေသည့်အနက် အသာယာဆုံးလ ဖြစ်သည်မို့ "တပေါင်းသာ့ခေါင် လများနောင်"ဟူ၍ပင် တင်စားသမှု ပြုကြလေသည်။

ဆိုသည့်အတိုင်းပင် တပေါင်းလသည် ဆောင်းအကုန်နွေအကူး ပွင့်လင်းသောရာသီ၊ အချမ်းအပူမျှတသော အနေအထား။ တောင်လည်းသာမော၊ တောလည်းသာတွေ၊ ပသာဒတွေ ဝေဆာနေတော့၏။ တောင်သူဦးကြီးတို့မှာလည်း လယ်ယာကောက်ပဲသီးနှံများ ရိတ်သိမ်းရောင်းချပြီးသည့် သမယမို့ လက်ထဲ၌ ငွေကြေးများ ရှင်လျက်နေတော့၏။ ဤ၌ အလှူရေစက် လက်နှင့်မကွာသော စိတ်ဓာတ်အခြေခံအရ ရဟန်းခံ၊ ရှင်ပြုအလှူများ ပေးကြခြင်းဖြင့် ပျောသံတွေ မစဲအောင် လှိုင်ပျံ့နေသလို၊ သဲပုံစေတီပွဲကိုလည်း ကျင်းပကြလေသည်။ ထို့ပြင်မက ဆွမ်းတော်ကြီးတင်ပွဲ၊ အရုဏ်တော်လှည်ပွဲ၊ ဘုန်းကြီးပျံ(ရှိပါက) ပွဲများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ကြသည်က ရပ်ဝေလေ့ ရွာဝေလေ့အဖြစ် အမြစ်တွယ်နေခဲ့ပေပြီ။ ထို့ပြင်မက စည်တော်ကြီးပွဲလည်း ရှိပါသေးသည်။

"မိန့်ရာသီ လတပေါင်းမို့
ညှာညောင်းလို့ ရွက်သစ်ချီ၊
ဖူးညွန့် စီစီ။
မန်းရွှေပြည်
သဲစေတီ လှူတော်ပွဲနှင့်
လွှဲပြီဖျလေး"

ဟူသည့် တပေါင်းလဘွဲ့ စည်တော်ယွန်းသံများကို ကြားရလျှင် ပါတော်မူ အရှင်နှစ်ပါးကို မြင်ယောင်ကြမည်ထင်သည်။

မည်သို့ဆိုစေ တပေါင်းလ၏ သရုပ်သကန်ကတော့ အဟုတ်အမှန်ကို လှပ၍ လွမ်းဆွတ်စဖွယ် ကောင်းနေသည် သည့်အတွက်ကြောင့်ပင် ကုန်းဘောင်ခေတ် စာဆိုတော် မဟာအတုလမင်းကြီးက အောက်ပါလွမ်းချင်းကို စပ်ဆို ခြင်း ဖြစ်ပေလိမ့်မည်တကား။

"မြိုင်ခြေငယ် သင်းပါလို့
အင်ကြြင်းငယ် ရွှေဖီ
ဝတ်မှုန်ငယ် စီသည်
မြနန္ဒီ သောင်တစ်ခိုက
မောင်မယ်ညို မြူးပြန်တော့တယ်လေး။
ရာသီမိန်ငယ်
ဂိမှာန်ရက်ပြောင်း။ လတပေါင်းမို့
ရွက်ပေါင်းကြွေကာ၊ ဥတ္တုရာနှင့်
ကြယ်မှာဘဒြပိုက်၊ လေးချက်ချိန်ကို
တီမ်ခြေဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ
ကိုတံငါလည်း။ ဘာသာတောင်တင်
ပျော်မြူးသာရှင်တော့တယ်
သဘင်လ ခါမှီကို
သဲစေတီ သောင်ငွေကမ်းက
လွမ်းလှတယ်လေး...။

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ သျှမ်း


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၇ ခုနှစ်၊ တပို့တွဲလ - တပေါင်းလ

## 2016 MARCH

| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 ၇ ရက်ရာဇာ အမြိတ္တစုတ်ရက် | |
| ဗုဒ္ဓဟူး Wednesday | 2 ၈ တောင်သူလယ်သမားနေ့ | |
| ကြာသပတေး Thursday | 3 ၉ ရက်ရာဇာ | |
| သောကြာ Friday | 4 ၁၀ | 18 ၁၀ |
| စနေ Saturday | 5 ၁၁ | 19 ၁၁ |
| တနင်္ဂနွေ Sunday | 6 ၁၂ | 20 ၁၂ ရက်ရာဇာ |
| တနင်္လာ Monday | 7 ၁၃ | 21 ၁၃ |
| အင်္ဂါ Tuesday | 8 ၁၄ ရက်ရာဇာ တပို့တွဲလကွယ် | 22 ၁၄ |
| ဗုဒ္ဓဟူး Wednesday | 9 ၁ ရက်ရာဇာ | 23 ၁၅ တပေါင်းလပြည့် |
| ကြာသပတေး Thursday | 10 ၂ | 24 ၁ |
| သောကြာ Friday | 11 ၃ | 25 ၂ |
| စနေ Saturday | 12 ၄ | 26 ၃ |
| တနင်္ဂနွေ Sunday | 13 ၅ ရက်ရာဇာ | 27 ၄ ရက်ရာဇာ တပ်မတော်နေ့ |
| တနင်္လာ Monday | 14 ၆ | 28 ၅ မဟာရက်ကြမ်း |
| အင်္ဂါ Tuesday | 15 ၇ အမြိတ္တစုတ်ရက် | 29 ၆ |
| ဗုဒ္ဓဟူး Wednesday | 16 ၈ ရက်ရာဇာ | 30 ၇ ရက်ရာဇာ |
| ကြာသပတေး Thursday | 17 ၉ | 31 ၈ |



၁. ၃. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၄. ၃. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၃. ၂၀၁၆ တနင်္လာနေ့ မွန်းတည့် ၁၂ နာရီ ၃ မိနစ်တွင် မိန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂. ၃. ၂၀၁၆ ဗုဒ္ဓဟူးနေ့ နံနက် ၀ နာရီ ၅၈ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၉. ၃. ၂၀၁၆ အင်္ဂါနေ့ နံနက် ၅ နာရီ ၂၅ မိနစ်တွင် မိန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၇. ၃. ၂၀၁၆ တနင်္လာနေ့ ည ၉ နာရီ ၅၂ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် မနုသိင်္ဂီနက္ခတ်နှင့် စန်းယှဉ်ချိန်

(၇. ၃. ၂၀၁၆)တနင်္လာနေ့ နံနက် ၄ နာရီ ၃၉ မိနစ် ၅၀ စက္ကန့်။

(၁. ၃. ၂၀၁၆)ရက်နှင့် (၁၅. ၃. ၂၀၁၆)ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

ပညာနှင့်ယှဉ်သော အလုပ်များကို လုပ်ရတတ်သည်။ ရေနှင့်ပတ်သက်သောလုပ်ငန်းများ ဖြစ်မည်။ မိတ်ဆွေအပေါင်းအသင်းများ၏ အကူအညီမှုကို ခံရမည်။ ရပ်ဝေးဒေသမှ အဖိုးတန် လက်ဆောင်ပစ္စည်းများ ရမည်။ မင်္ဂလာစကားကို ကြားရမည်။ စီးပွားရေးအလုပ်ကိစ္စများ ရင်းသန့်ခန့်မှုနှင့် ကြုံရတတ်၏။ အကျိုးအမြတ်မပေါ်ဘဲ ဖြစ်နေတတ်သည်။ ထိုင်နေက ပို၍ကောင်းမည်။ လုပ်တိုင်း အပြစ်အနာအဆာ ရှိနေမည်။

မနာလိုစိတ်များ မကြာခဏဖြစ်ပေါ်တတ်သည်။ အိမ်ထောင်ရေးကိစ္စများ၌ မိမိ၏ အိမ်ထောင်ဖက်သည် ခြေပုန်းခုတ်နေတတ်၏။ မိသားစုအတွက် စိတ်ပူပန်သောကရောက်ရတတ်ပါသည်။ အဝတ်ကောင်း၊ ပစ္စည်းကောင်းများ ရရှိတတ်ပါသည်။ ရတနာပစ္စည်းများ ဝင်လာတတ်သည်။ ခရီးသွားရမည့် ကိစ္စများတွင် အထစ်အငေါ့များ ဖြစ်နေတတ်သည်။ ဖခင်လုပ်သူ၏ ဟန့်တားမှုကို ခံရတတ်သည်။

အစွပ်အစွဲ အထင်အမြင်မှားမှုများ ခံရတတ်သည်။ အလုပ်တွင် ကြီးကြပ်သူများ၏ စိတ်ဘဝင်မကျမှု၊ အလိုမကျမှုများကို မကြာခဏ ခံရတတ်သည်။ လုပ်သမျှအလုပ်တို့တွင် အမှားအယွင်းများနှင့် ကြုံနေတတ်သည်။ ယုံကြည်၍ ပေးအပ်ထားခဲ့သော ငွေကြေးပစ္စည်းများ ပြန်မရဖြစ်တတ်သည်။ မိမိ၏နာမည်ဂုဏ်သိက္ခာကို ကျဆင်းစေတတ်သော ကိစ္စများ ဖြစ်တတ်သည်။ အမျိုးသမီးများ၏ အရေးပေးမှုကို ခံရတတ်သည်။

ပဲ၊ ပြောင်း၊ စပါးတို့ကို ဝယ်ယူသိုလှောင်ထားပါက အမြတ်အစွန်းရမည်။ အုန်းသီး၊ နှမ်းဆီ၊ ခြုံစောင်၊ ပဝါ၊ ရွှေရည်စိမ်ပစ္စည်းများ၊ ဆေးဆိုးပန်းရိုက်အထည်များမှာ သိပ်အကျိုးမပေးပါ။ ကျွဲ၊ နွားများလည်း ထိုနည်းလည်းကောင်းပင်။ လျှပ်စစ်နှင့် ပတ်သက်သော ပစ္စည်းများ၊ အင်္ကျီဆက်များ၊ လယ်ထွန်စက်၊ ဘတ်စ်ကား၊ အင်ဂျင်စက်၊ သံ၊ သံမဏိထည်များ အကျိုးပေးမည်။ စိုက်ပျိုးရေးထွက်ကုန်များ၊ စက္ကူ၊ စာရေးကိရိယာ၊ ဝါး၊ ဝါးနှင့်ပတ်သက်သော ပစ္စည်းများ၊ ဂုန်လျှော်၊ ပြောင်းဆန်၊ မြင်းစားပဲ၊ ဂျုံ၊ ပဲတီစိမ်း၊ အနံ့၊ အချေ၊ အဆန်၊ ပဲတောင့်ရှည်အမျိုးမျိုး ဝယ်ရောင်းကသင့်ရုံအကျိုးပေးလိမ့်မည်။ ဝါဂွမ်း၊ အထည်အလိပ်၊ ပိုးထည်၊ နိုင်လွန်၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များ ရောင်းဝယ်ပါက အထူးပင် အကျိုးပေးမည် ဖြစ်ပါကြောင်း။

ရာထူး၊ လစာ၊ အခွင့်အာဏာ တိုးတက်မည်။ လူကြီးများ၏ နှစ်သက်သဘောကျမှု ခံရမည်။ အမျိုး၏ လေးစားအားကိုးမှုကို ခံရမည်။ စီးပွားရေးအလုပ်ကိစ္စများအတွက် အတူနေသူများ၏ ပံ့ပိုးကူညီမှုများကို ရရှိမည်။ အိပ်မက်ကောင်းများ မက်တတ်သည်။ ထူးဆန်းသော ပစ္စည်းများ ဝင်လာတတ်သည်။

*ယတြာပြုလုပ်လိုပါက* - မွေးနေ့ရောက်တိုင်း သက်သတ်လွတ်စား၍ ဂုဏ်တော်ပုတီးကို ကိုးပတ်ပြည့်အောင် စိပ်ပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သတိပြုစရာ

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်ရွယ်ကာ ဤကာလ အခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးရာကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ မတ်လ (၁)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၇)၊ (၃၁) ကျရောက်သော ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ မတ်လ (၅)၊ (၉)၊ (၁၅)၊ (၁၈)၊ (၂၂) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးခြင်းနှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ မတ်လ (၁)၊ (၂)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၇) ကျရောက်သော ရက်များ၌ လယ်မြေ ယာမြေ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ ချုံနွယ်၊ အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ၊ အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ မတ်လ (၁)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၇)၊ (၃၁) စသော ရက်များ၌ သီးနှံမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

● တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# မတ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

**နေမျိုးထွင့်ခေါင်**

**မတ်လ (၄)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၉) စသော ရက်များသည် . . .**

"နန္ဒာတိထိ" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ် စသည်တို့ ဆောက်လုပ်ခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုတို့ကို လုပ်ကိုင်နိုင်ပါသည်။

**မတ်လ (၅)၊ (၁၀)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၃၀) စသော ရက်များသည် . . .**

"ဘဒြာတိထိ" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာဆင်ယင်ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

**မတ်လ (၁)၊ (၆)၊ (၈)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၂၆) စသော ရက်များသည် . . .**

"ဇယာတိထိ" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်းတို့ ပြုလုပ်နိုင်ပါသည်။

**မတ်လ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၇) စသော ရက်များသည် . . .**

"ရိတ္တာတိထိ" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိစင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားဖောင်ခြင်း စသောအမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ပါသည်။

**မတ်လ (၃)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၈) စသော ရက်များသည် . . .**

"ပုဏ္ဏာတိထိ" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော လောကီ၊ လောကုတ် မင်္ဂလာကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

**မတ်လ (၁၅) ရက်သည် . . .**

"အမြိတ္တစုတ်" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစေကာမူ ထိုကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

**မတ်လ (၁)၊ (၃)၊ (၈)၊ (၉)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၇)၊ (၃၀) စသော ရက်များသည် . . .**

"ရက်ရာဇာ" တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းသည် ထင်ရှားကျော်စောတော်ပါသည်။

**နေမျိုးထွင့်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

**မဟိဒ္ဓိကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

မတ်လ (၂)၊ (၃)၊ (၄)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

မတ်လ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

မတ်လ (၁)၊ (၂)၊ (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၆)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

မတ်လ (၅)၊ (၆)၊ (၁၁)၊ (၂၆)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

မတ်လ (၅)၊ (၆)၊ (၇)၊ (၈)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၄) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

မတ်လ (၄)၊ (၅)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၆) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

မတ်လ (၃)၊ (၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

မတ်လ (၅)၊ (၈)၊ (၁၁)၊ (၂၆)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

နွယ်သာကီအောင်

ပေါက်လဲတို့ ဖူးငုံစီလျက် အင်ကြင်းငယ်တို့ ရဲရဲနီလာကြပေပြီ။

ရဂုံမြို့တွင်း တောလုံးလင်းလျက် တောင်လည်းသာမော၊ တောလည်းသာတွေ့ ဂိမှာန်နွေသို့ ရာသီစက်ဝန်းက ချဉ်းနင်းလာခဲ့ချေပြီကော။ ဖလ်သူရိန် ထိန်လက်အသန်းမှာတော့ အအေးဓာတ်တို့ လွင့်ပါးပျောက်ပျက်ကာ ပူလောင်ငွေ့တွေက ဝေ့ဝဲလျက်။ လေရူးတွေလည်း မြူးကြကုန်၏။ တံလျှပ်ရိပ်တို့မှာလည်း တဖိတ်ဖိတ် တလက်လက်။

လင်းပွင့်လာသော ရာသီနွေနှင့်အတူ မိမိတို့ လောကီလူသားတွေမှာလည်း စီးပွားလာဘ်လာဘတွေ တိုးတက်အောင်၊ ပညာရေး ကျန်းမာရေး လူမှုရေးကိစ္စများ၌ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရပေမည်။ သည့်အတွက်. . .

၁။ **နေအိမ်ဝယ်ယူရန်**

မတ်လ (၃)၊ (၁၁)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၉) စသော ရက်များသည် နေအိမ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်ဝယ်ယူရန်**

မတ်လ (၈)၊ (၁၈)၊ (၂၇) စသော ရက်များသည် ကား/ယာဉ် ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ငါးဖမ်းရန်**

မတ်လ (၁)၊ (၂)၊ (၈)၊ (၉)၊ (၁၀)၊ (၁၈)၊ (၁၉)၊ (၂၇) စသော ရက်များသည် ငါးဖမ်းရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

မတ်လ (၂)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၉)၊ (၂၁)၊ (၂၄) စသော ရက်များသည် ရွှေ/ကျောက်တူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ယာဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ**

မတ်လ (၁)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၂၉) စသော ရက်များသည် ယာဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကျောင်း/အိမ်ဆောက်လုပ်ရန်**

မတ်လ (၂)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၃၁) စသော ရက်များသည် ကျောင်း/အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ပဉ္စင်းခံ/ ရှင်ပြု/ နားသမင်္ဂလာကျင်းပရန်**

မတ်လ (၁)၊ (၂)၊ (၈)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၉)၊ ... (၂၉) စသော ရက်များသည် ပဉ္စင်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

မတ်လ (၁)၊ (၂)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ ... စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**အမည်ပေး၊ ဆိုင်းဘုတ်တင်ရန်**

မတ်လ (၁)၊ (၃)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ ... (၂၉) စသော ရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**လက်ထပ်မင်္ဂလာ ကျင်းပရန်**

မတ်လ (၃)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၂၀)၊ ... (၂၃)၊ (၂၄)၊ (၂၇)၊ (၃၁) စသော ရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ခရီးသွားရန်**

မတ်လ (၁) (၈)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ ... စသောရက်များသည် ခရီးသွားရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၁၂။ **လယ်ထွန်မင်္ဂလာကျင်းပရန်**

မတ်လ (၁) (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၇)၊ (၃၁) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **အရောင်းအဝယ်လုပ်ကိုင်ရန်**

မတ်လ (၁) (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၇)၊ (၃၁) စသော ရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဖန်နဝါရီလ (၁) (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၇)၊ (၃၁) စသော ရက်များသည် သီးနှံမျိုးစေ့ကဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန် တူးဖော်ရန်**

မတ်လ (၁)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၀)၊ (၂၇)၊ (၃၀)၊ (၃၁) စသောရက်များသည် ရေတွင်းရေကန်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **ပညာသင်ယူရန်**

မတ်လ (၁)၊ (၃)၊ (၈)၊ (၁၈)၊ (၁၉)၊ (၂၄)၊ (၂၇) စသော ရက်များသည် ပညာသင်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

## ဝန်ကြီးချုပ်ဟောင်းဦးနု နှင့် မောရစ်ကောလစ်

■ လှမိုး(ပညာရေး)

လန်ဒန်မြို့ရှိ ပြည်ထောင်စုမြန်မာသံရုံးသည် စတင်ဖွင့်ခဲ့သည့် အချိန်မှစ၍ ကျွန်တော့်အားအလေးထား၍ ဆက်ဆံခဲ့သဖြင့် သံအမတ်ကြီးများနှင့် သံရုံးအမှုထမ်းများအား အထူးကျေးဇူးတင်မိပါ၏။ မှတ်မှတ်ရရ ၁၉၅၂ ခု၊ ဇန်နဝါရီလတွင် မြန်မာသံအမတ်ကြီး ဦးကာ်စီသည် ကျွန်တော့်အား သံရုံးသို့ဖိတ်ခေါ်၍ အထူးလက်ဖက်ရည်ပွဲတည်ခင်းပြီး သူနှင့်ကျွန်တော်တို့သည် ရေးဟောင်းနှောင်းဖြစ်များကို အချိန်အတော်အသင့်ကြာအောင် ပြောဆိုခဲ့ကြသည်။

ကျွန်တော် မြန်မာနိုင်ငံတွင် အိုင်စီအက်(စ်) (အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း) အရာရှိတစ်ဦးအဖြစ် စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်၊ ကျောက်ဖြူ၊ စစ်တွေ၊ မြိတ်မြို့များတွင် နယ်ပိုင်အရေးပိုင်များဖြင့် အမှုထမ်းခဲ့စဉ်က မြန်မာအမျိုးသား အိုင်စီအက်(စ်) ဦးကာစီနှင့် တွေ့ဆုံခဲ့ရခြင်းမရှိသော်လည်း သံအမတ်ကြီးဦးကာစီသည် ကျွန်တော့်အား မိတ်ဆွေအပေါင်းအသင်းဟောင်းများကဲ့သို့ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီးဆက်ဆံခဲ့ပါသည်။

ကျွန်တော့်အား ညွှန်ခံရာတွင်ပင် သံရုံးအပေါ်ထပ် သံအမတ်ကြီး၏အခန်းမှာပင် ညွှန်ခံပါသည်။ ကျွန်တော့်အား သံအမတ်ကြီးနှင့်တွေ့ဆုံနိုင်ရန် စီစဉ်ပေးသူမှာ သံရုံးအမှုဆောင်အရာရှိ မောင်မောင်ကြီး ဖြစ်ပါသည်။

မောင်မောင်ကြီးမှာ ကျွန်တော်နှင့် မစိမ်းပါ။ ကျွန်တော် ရန်ကုန်တွင် ခရိုင်တရားသူကြီးအဖြစ် ၁၉၃၀ ပြည့်နှစ်က အမှုထမ်းစဉ်ကပင် သူ့ကို ကောင်းစွာသိခဲ့ရ၏။ မှတ်မှတ်ရရ ထိုစဉ်က အိန္ဒိယအမျိုးသား ဆင်ဂုတ်တာဆိုသူ၏ ဗြိတိသျှ အစိုးရ အကြည်ညိုပျက်စေရန် တရားဟောမှုတွင် မောင်မောင်ကြီးမှာ သတင်းနှင့် ပြန်ကြားရေးအရာရှိအဖြစ် သက်သေခံ သူဖြစ်ပါသည်။ (ထိုအမှုကြီး၏ အသေးစိတ်ဖြစ်စဉ်ကို မောရစ်ကောလစ်ရေးသော "Trials in Burma" မြန်မာနိုင်ငံတွင် စစ်ဆေးခဲ့သော အမှုအခင်းများတွင် ရေးသားဖော်ပြပြီးဖြစ်ပါသည်။)

ကျွန်တော်နှင့် ဦးကာစီသည်ကို မောင်မောင်ကြီး စီစဉ်ပေးသည့်အတိုင်း ဆိုဖာတစ်လုံးပေါ်တွင် အတူထိုင်ကာ စကားပြောခဲ့ကြပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် မြန်မာနိုင်ငံ ဗြိတိသျှစနသံဟာယအတွင်း ဝင်ရောက်ခဲ့ခြင်းမရှိသည့်ကိစနှင့် ၁၉၄ ခုနှစ် လွတ်လပ်ရေးပြီးစ တိုင်းပြည်နယ်တွင် ကွဲအက်ရေးနှင့် ခွဲထွက်ရေးသမား များကြောင့် မုန်တိုင်းထန်ကာ မီးခိုးနယ်မြေ ယမ်းနံ့တွေ ဖုံးခဲ့ရသည့် အရေးအခင်း များ၊ နိုင်ငံတကာ သတင်းမီဒီယာများက ဝန်ကြီးချုပ်ဦးနု၏ ပြည်ထောင်စုမြန်မာ



www.burmeseclassic.com

နိုင်ငံအစိုးရအား ရန်ကုန်အစိုးရဟု ပြောင်လှောင်ရေးသားခဲ့ပုံ၊ ဦးနုသည် ဇွဲကောင်းကောင်း ပါးပါးနပ်နပ်နှင့် ပြည်တွင်းစစ်ကို ကြိုးစားရင်ဆိုင်ခဲ့ရပုံများကို ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့ကြပါသည်။


ဝန်ကြီးချုပ်ဦးနုအား ၁၉၅၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ကျွန်တော်တွေ့ခဲ့ရပါသည်။ ထိုစဉ်ကာလက ဝန်ကြီးချုပ်ဦးနုသည် လန်ဒန်မြို့ရှိ(ဇ)ဟိုတယ်တွင် တည်းခိုနေထိုင်ပြီး ၁၉၅၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် နေ့လည်ပြုညစာစားပွဲ ကျင်းပခဲ့ပါသည်။ ထိုညစာစားပွဲသို့ ကျွန်တော့်အား အထူးဧည့်သည်တော်တစ်ဦးအဖြစ် ဖိတ်ကြားခဲ့သဖြင့် တက်ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ မှတ်မှတ်ရရ ထိုညစာစားပွဲတွင် မြန်မာသံအမတ်ကြီး ဦးအုန်းနှင့် ဘုရင်တော်၏အကာယ်ဒမီမှ ဆာကာယ်လီလည်း တက်ရောက်ခဲ့ပါသည်။

ထမင်းစားပွဲပြီးသည်နှင့် ဝန်ကြီးချုပ်ဦးနုသည် သူ့အနီးကျွန်တော့်အား ဖိတ်ခေါ်၍ စကားပြောကြပါသည်။ ဦးနုအားကျွန်တော် မြန်မာနိုင်ငံအတွင်း အရေးပိုင်အဖြစ် အမှုထမ်းခဲ့စဉ်က မတွေ့ဖူးပါ။ ယခုအကြိမ်သည် သူ့အား ပထမဦးဆုံးတွေ့ရခြင်းဖြစ်သော်လည်း ဦးနုသည် ကျွန်တော့်အား ရင်းရင်းနှီးနှီး မိတ်ဆွေတစ်ဦးကဲ့သို့ ဆက်ဆံပါသည်။

ဦးနု၏ အင်္ဂလိပ်မိတ်ဆွေအသိုင်းအဝိုင်းမှာ အားနည်းသည်ဟုထင်ရသည်။ သူ့အားအနီးကပ် လေ့လာချက်အရ သူသည် ထူးထူးခြားခြား တည်ကြည်ခံ့ညားသည့် ဥပမိရုပ်ကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပါသည်။ သူ့ရုပ်ရည်မှာ တစ်ခါမြင်ဖူးရုံနှင့် မမေ့နိုင်သည့်ရုပ်မျိုး ဖြစ်ပါသည်။ စကားပြောသိမ်မွေ့၍ အသောက်အစားကင်းသူတစ်ယောက် ဖြစ်နေသည်ကို အံ့ဩဖွယ်တွေ့ရ၏။ သူ့မြန်မာနိုင်ငံအား နိုင်ငံတကာမှ လေးစားသည့် နိုင်ငံတစ်နိုင်ငံဖြစ်အောင် မည်သို့မည်ပုံ ဆောင်ရွက်မည့်အကြောင်းများကို စိတ်အားထက်သန်စွာ ပြောပြခဲ့သည်။ သူ့ရေးသားထုတ်ဝေပြီးဖြစ်သော စာအုပ်များအကြောင်းကိုလည်း အသေးစိတ်ပြောနေသဖြင့် အချိန်ကုန်မှန်းမသိတော့။ ည ၁၀ နာရီ ၃၀ မိနစ် ဖြစ်နေပြီဖြစ်သဖြင့် ဝန်ကြီးချုပ်ဦးနုသည် ထမင်းစားပွဲတက်ရောက်သူများအား နှုတ်ဆက်ကာ ကောင်းပါပြောဆိုပြီး ထမင်းစားပွဲကို နိဂုံးချုပ်ခဲ့ပါသည်။

အထက်ဖော်ပြပါ စာပိုဒ်သည် ဗြိတိသျှအမျိုးသား အိုင်စီအက်(စ်)အရေးပိုင်ဟောင်း မောရစ်ကောလစ်ရေးသား ထုတ်ဝေခဲ့သော "The Journey up" အမှတ်တရပုံရိပ်များ (၁၉၃၄-၁၉၆၈)စာအုပ်မှ စာပိုဒ်တစ်ပိုဒ်အား ဆီလျော်အောင် မြန်မာဘာသာပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။

ဤစာအုပ်မှာ မြန်မာနိုင်ငံ အရေးပိုင်ဟောင်းနှင့် ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ် မကွယ်လွန်မီ နှစ်နှစ်ခန့်(၁၉၇၀)က ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။ အမှန်အားဖြင့် ဤစာအုပ်သည် သူ ၁၉၃၄ ခုနှစ်၌ မြန်မာနိုင်ငံ အရေးပိုင်ဘဝမှ အငြိမ်းစားယူခဲ့ပြီး စာပေလောကသို့ ခြေစုံပစ်ဝင်ရောက်ခဲ့သည်မှ ၁၉၆၁ ခုနှစ်အထိ သူ့ဘဝအတွေ့အကြုံကို ဖော်ပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်သာမက သူရေးသားထုတ်ဝေခဲ့သော စာအုပ် ၃၀ အားမည်ကဲ့သို့ ရေးသားထုတ်ဝေခဲ့ကြောင်း အသေးစိတ် ရေးသားဖော်ပြထားသော စာအုပ်ဖြစ်ပါသည်။ ထို့အတူ သူသံယောဇဉ်ရှိခဲ့သော မြန်မာနိုင်ငံနှင့် လက်ပွန်းတတီးနေခဲ့ရသော မြန်မာမိတ်ဆွေများနှင့် မြန်မာလူထုအား အဝေးမှ သူမြင်သည့်အတိုင်း ဝေဖန်ထားသည်။ သူ၏ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပါသည်။



မောရစ်ကောလစ်



www.burmeseclassic.com

www.burmeseclassic.com

ထိုစာအုပ် မြန်မာဘာသာပြန်ဆိုထုတ်ဝေခြင်း မပြုကြပေ။ ကျွန်တော်သည် လွန်ခဲ့သော ငါးနှစ်က ထိုစာအုပ်အား ဘာသာပြန်ဆိုရန် ကြံရွယ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဘာသာပြန်ဆိုနိုင်ခြင်းမရှိခဲ့။

ကျွန်တော်သည် အိုင်စီအက်(စ်) အရေးပိုင်ဟောင်း မောရစ်ကောလစ်ကို လူကိုယ်တိုင်မတွေ့ဖူးပါ။ သူအရေးပိုင်ဘဝမှ အငြိမ်းစားယူသွားသောနှစ်တွင် ကျွန်တော့်မှာ လူမမည်ဘဝသာ ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ လွှမ်းမိုးလာသောအချိန်တွင် မြန်မာဘာသာပြန်စာအုပ်များကို လူလူသူသူ ဖတ်နေပြီဖြစ်သော အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်နေပြီဖြစ်ရာ အိုင်စီအက်(စ်)အရေးပိုင်ဟောင်း မောရစ်ကောလစ်ရေးသား၍ ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်အမာ မြန်မာဘာသာပြန်ဆိုထုတ်ဝေသော "မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ" စာအုပ်နှင့် "စန္ဒမာလာ" ဟူသော စာအုပ်များကို ဖန်တရာတေအောင် ဖတ်ရှုခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် သူရိယသတင်းစာကြီးတွင် နေ့စဉ်ဖော်ပြထားသည့် မြန်မာဘာသာပြန်ဆိုသူ ကလောင်ရှင် မမှတ်မိသော မောရစ်ကောလစ်ရေးသားထုတ်ဝေသော "She was a Queen"အား "စောဒေဝါ" အမည်နှင့် ဘာသာပြန်နှင့် Siamese white ယိုးဒယားပို့က် ဘာသာပြန်များကိုလည်း ဖတ်ရှုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မစ္စတာမောရစ်ကောလစ်အား ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးရန် မလိုဟု ယူဆမိပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံ အရေးပိုင်ဟောင်း မစ္စတာမောရစ်ကောလစ်သည် စာရေးဆရာလောကသို့ အလွန်နောက်ကျမှ ဝင်ရောက်ခဲ့သူတစ်ယောက် ဖြစ်ခဲ့သော်လည်း စာရေးအားကောင်းသူတစ်ယောက် ဖြစ်ပါသည်။ သူစာရေးဆရာလောကသို့ ဝင်ရောက်သည့် ၁၉၃၄ ခုနှစ်မှ ၁၉၇၂ ခုနှစ် သူကွယ်လွန်သည်အထိ စာအုပ်ပေါင်း ၃၀ ကျော်ကို ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ သူရေးသားခဲ့သော ဝတ္ထု၊ ခရီးသွားမှတ်တမ်း၊ သမိုင်းနောက်ခံ၊ ဝတ္ထုများ၊ ပြဇာတ်များ၊ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိများအနက် အချို့စာအုပ်များအား ဂန္ထဝင်မြောက်စာအုပ်များဖြစ်သည်ဟု စာပေအကဲဖြတ်သူများက တညီတညွတ်တည်း ဆိုခဲ့ကြသည်။ သို့ဖြစ်၍ ယခုဆောင်းပါးရေးနေသောအချိန်ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ဖြစ်ပါသည်။ (သူ့စာအုပ်အချို့အား မြန်မာစာရေးဆရာကြီးများဖြစ်သော ဒေါ်အမာ၊ ဦးခင်မောင်ကြီး(မိုးဝေ)၊ ဆရာကျော်အောင်၊ ဆရာမြသန်းတင့်၊ ဦးလှဒင်၊ တောင်တွင်းဦးကိုကိုကြီးနှင့် ဗိုလ်အောင်စိန်တို့က မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။)

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ မြန်မာအလိုတော်ရိ အိုင်စီအက်(စ်)အရေးပိုင်ဟောင်း မောရစ်ကောလစ်သည် ၁၉၃၄ ခုနှစ်တွင် အရေးပိုင်ဘဝမှ ၁၉၃၄ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ၁၉၃၆ ခု၊ ဖေဖော်ဝါရီလတွင် သူ၏ ပထမဆုံး Siamese White (ယိုးဒယားပို့က်)စာအုပ် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်သည် သူမြန်မာနိုင်ငံ၊ မြိတ်မြို့တွင် အရေးပိုင်အဖြစ် အမှုထမ်းနေစဉ်က လေ့လာသုတေသနပြုခဲ့သော ပေါ်တူဂီအမျိုးသားပင်လယ်ဓားပြဗိုလ်ကြီး ဆင်မြူရယ်ပို့က်၏ လွှမ်းမောတသဖွယ် ဘဝအထွေထွေကို ရေးသားပြုစုထားသော စာအုပ်ဖြစ်ပါသည်။

"ယိုးဒယားပို့က်" စာအုပ်သည် မောရစ်ကောလစ်၏ ပထမဦးဆုံး ရေးသားထုတ်ဝေသော စာအုပ်ဖြစ်သော်လည်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော စာအုပ်တစ်အုပ်ဖြစ်ခဲ့ပြီး သူ့အား ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦးအဖြစ် စာပေအကဲဖြတ်သူတို့က အသိအမှတ်ပြုခဲ့သည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော လန်ဒန်တိုင်း စာပေဝေဖန်ရေးသတင်းစာ၊ အော့(စ်)ဇာဘာ သတင်းစာ လန်ဒန်ရုပ်စုံသတင်းစာကြီးနှင့် အီဗီနင်းစတင်းဒတ်သတင်းစာကြီးများကလည်း ထိုစာအုပ်အား ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ရေးသားခဲ့ကြသည်။ မြန်မာနိုင်ငံမှ သူ့မိတ်ဆွေ အိုင်စီအက်(စ်) အရာရှိများနှင့် မြန်မာ့မိတ်ဆွေများကလည်း သူ့ထံသို့ စာရေးသား၍ ယိုးဒယားပို့က်စာအုပ်အား ချီးမွမ်းခဲ့ကြ၏။

၁၉၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ ခေတ္တဘုရင်ခံအဖြစ်ဆောင်ရွက်ခဲ့သူ ဆာဂျိုဇက်မောင်ကြီး (ဆာဂျေမောင်ကြီး)ကလည်း မောရစ်ကောလစ်ထံ ၁၉၃၈ ခုနှစ်၊ ဇီဇင်ဘာလတွင် စာတစ်စောင်ရေးသားပေးပို့ခဲ့၏။ ယင်းစာတွင် မြန်မာနိုင်ငံ မြိတ်မြို့အား နောက်ခံထား၍ ရေးသားခဲ့သော သမိုင်းဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

မှန် "ယိုးဒယားပိုက်"ဝတ္ထုအတွက် များစွာဂုဏ်ယူပါကြောင်း နှင့် မြိတ်ဒေသခံ မြန်မာအမျိုးသားများက မြိတ်မြို့ဆိပ်ကမ်း နှင့် မျက်နှာချင်းဆိုင် ကျွန်းကလေးပေါ်ရှိ စေတီအား ကောလစ်ဘုရားဟု ခေါ်ဝေါ်ကြပုံ ဒေသခံအများက မောရစ်ကောလစ်အား တသသဖြစ်နေကြသည်ဟု ဖော်ပြထားသည်ဟု သိရ၏။ မြန်မာအလိုတော်ရိ အိုင်စီအက်(စ်) မောရစ်ကောလစ်အား မြန်မာ့နိုင်ငံသမိုင်းနောက်ခံ ဝတ္ထုတစ်ပုဒ်ကပင် အောင်မြင်ပေါက်ရောက်သော ကမ္ဘာ့စာရေးဆရာကြီးဖြစ်စေခဲ့၏။

မြန်မာနိုင်ငံ အရေးပိုင်ဟောင်း အိုင်စီအက်(စ်)မောရစ်ကောလစ်မှာ သူနှင့်ခေတ်ပြိုင် ဗြိတိသျှလူမျိုး ခေတ်ပြိုင် အိုင်စီအ က်(စ်)အရာရှိများနှင့် လုံးဝသဘောထားတိုက်ဆိုင်သူမဟုတ် ပေ။ သူသည် မြန်မာလူမျိုးများအပေါ် သံယောဇဉ်ရှိသူ မြန်မာ လူမျိုးတို့၏ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှုကို အလေးထားသူ လေ့လာလိုက်စားသူတစ်ဦး ဖြစ်သည်။ ကျေးလက်နေ မြန်မာလူထုနှင့် လက်ပွန်းတတီး ဆက်ဆံသူဖြစ်သည်။ သို့ဖြစ်၍ ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများက သူ့အား မြန်မာအလိုတော်ရိ မလိုလားအပ်သူတစ်ဦးဟု မှတ်ယူထားကြ၏။

သာဓကအားဖြင့် သူ ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးအဖြစ် အမှုထမ်းနေစဉ် ဗြိတိသျှအမျိုးသားများ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများတွင် ဗြိတိသျှလူမျိုးတို့ဘက်မှ ဘက်လိုက်ခြင်းမရှိ တရားဥပဒေအတိုင်း စီရင်ခဲ့သဖြင့် မောရစ်ကောလစ်အား မြန်မာအမျိုးသားများဘက်မှ လိုက်သူဟု သတ်မှတ်ခဲ့ကြ၏။ ထိုစဉ်ကာလက ရန်ကုန်မြို့ရှိ ဗြိတိသျှအမျိုးသားများသာ ပါဝင်ခွင့်ရသော ပဲခူးကလပ်နှင့် ဂျင်မခါနာကလပ် စသော အသင်းများတွင် မောရစ်ကောလစ်အား လိုလိုလားလား ဆက်ဆံကြခြင်းမပြုခဲ့ကြသည်သာမက မြန်မာအလိုတော်ရိတစ်ဦးဟု သတ်မှတ်ခဲ့ကြ၏။

ထိုစဉ်က မောရစ်ကောလစ်၏ အတွေးအခေါ်များသည် ရှေးသို့ နှစ်ပေါင်းများစွာကျော်ရောက်နေသည်ဟု ဆိုရမည်ဖြစ်၏။ မြန်မာ့လူမျိုးတို့က လွတ်လပ်ရေးရရှိရေးအတွက် နည်းမျိုးစုံနှင့် ဗြိတိသျှအစိုးရအား ဆန့်ကျင်နေသည့်ကာလဖြစ်သည်။ သို့ဖြစ်၍ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ်ကို တိတိပပ အကဲခတ်နိုင်သူဖြစ်၏။ ထိုကာလက အိုင်ယာလန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံရှိ သူ့ခွေမျိုးသားချင်းများ၊ မိတ်ဆွေများထံ သူရေးသားသည့်စာများတွင် ဗြိတိသျှတို့၏ နောက်ကျနေသော အတွေးအခေါ်များကို ပြောင်းလဲခြင်းပြုသင့်ကြောင်း ဖော်ပြခဲ့သည်။ ပြုပြင်ပြောင်းလဲခြင်း မရှိပါက ဗြိတိသျှတို့၏ သမိုင်းအဆက်ဆက် ဟိုးဟိုးကျော်ခဲ့သော နေမဝင်အင်ပါယာကြီးသည် တစ်စစီပြိုကွဲသွားမည်မှာ သေချာသည်ဟုလည်း ဟောကိန်းထုတ်ခဲ့၏။

ဗြိတိသျှ ရိုကရက်တို့၏ မြန်မာလူထုအပေါ် အပေါ်စီးကြည့်တတ်မှုကို မောရစ်ကောလစ်က စက်ဆုပ်သည်။ သို့ဖြစ်၍ ဗြိတိသျှအုပ်ချုပ်အရာရှိများက မောရစ်ကောလစ်ကို မလိုလားအပ်သော လူ့ခွစာ မြန်မာအလိုတော်ရိဟု သတ်မှတ်ထားသည်။ ဤကဲ့သို့ သတ်မှတ်ခံရသူများကို မြန်မာနိုင်ငံ၏ မဲဇာဟု သတ်မှတ်ခံရသော အသွားအလာ အဆက်အသွယ်ခဲယဉ်း၍ ချောင်ကျသောဒေသများသို့ စေလွှတ်လေ့ရှိ၏။ သို့ဖြစ်၍ မောရစ်ကောလစ်မှာ ရခိုင်တိုင်း (ယခု ရခိုင်တိုင်းဒေသကြီး)နှင့် တနင်္သာရီတိုင်းတို့အတွင်းရှိ ချောင်ကျသော ခရိုင်များတွင် တာဝန်ယူစေခဲ့၏။

ရခိုင်တိုင်းရှိ ကျောက်ဖြူနှင့် မြန်မာနိုင်ငံတောင်ဘက်စွန်းရှိ မြိတ်ခရိုင်တို့တွင် အရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်စေခဲ့သည်။ ဤသို့ မဲဇာဟု ကင်ပွန်းတပ်ခံရသော ဒေသများတွင် တာဝန်ထမ်းဆောင်ရခြင်းမှာ သူ့အဖို့ ဆိုင်ကော်၍ ချုံပေါ်ရောက်ခဲ့သည်။ ထိုဒေသများတွင် တာဝန်ယူခံရစဉ် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများရရှိခဲ့ရာ သူ့အား ကမ္ဘာကျော်စာရေးဆရာကြီးအဖြစ် ပို့ဆောင်ပေးခဲ့သည်ဟု ဆိုရပေတော့မည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာအလိုတော်ရိ ဗြိ ဘိသျှ အမျိုးသား အိုင်စီအက် အရေးပိုင်ဟောင်း မောရစ်ကေ ာလစ် ရေးသားသော မြန်မာ့သမိုင်းနောက်ခံ ဝတ္ထုများနှင့် သ ူ့အတွေ့အကြုံများကို မှတ်တမ်းတင်ရေးသားသည့် ခရီးသွားမှတ်တမ်းစာအုပ်များသည် သူ၏ ကိုယ်ရေးဝတ္ထု၊ အတ္ထုပ္ပတ္တိစာအုပ်များသည် သော က်သောက်လဲ ရောင်းချရသည့် စာများဖြစ်ခဲ့သည်။ သူကွယ်လွန်ခဲ့သည့်တိုင် ယနေ့ထိ အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေရသော စာအုပ်များဖြစ်ခဲ့သည်။ သူ့စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

များတွင် ကျွန်တော်တို့ ထဲထဲဝင်ဝင် မသိခဲ့ရသော ဒုတိယကမ္ဘာစစ်ကြီးကာလက ဗြိတိသျှတို့ ကျင့်သုံးခဲ့သော နယ်ချဲ့အုပ်ချုပ်ရေးစနစ်အကြောင်း သိခွင့်ရခဲ့သည်။

ရှမ်းပြည်နယ် တိုင်းမင်းကြီး ဖော်ဂါတီ၏ ဖိတ်ကြားချက်အရ မောရစ်ကောလစ်သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်သောအခါ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေမှာ သူ့အိုင်စီအက်(စ်) အရေးပိုင်အဖြစ် အမှုထမ်းစဉ်ကနှင့် မတူတော့။ မြန်မာနိုင်ငံသည် အရေးတော်ပုံခေတ်သို့ ရောက်ခဲ့ပြီဖြစ်၏။ ရန်ကုန်ယူနီဗာစတီသမဂ္ဂမှ အမျိုးသားနိုင်ငံရေးကို စိတ်ဝင်စားသော လူငယ်များ၊ မန္တလေးကောလိပ်မှ ကျောင်းသားလူငယ်များသည် ဗြိတိသျှနယ်ချဲ့အစိုးရအား ပြောင်ပြောင်တင်းတင်းဆန့်ကျင်သည့် အရေးတော်ပုံတပ်သားများ ဖြစ်နေကြပြီဖြစ်သည်။ ထိုလူငယ်များဖြစ်သော မောင်နု၊ ကိုအုံး၊ ကိုလှဖေ(ဗိုလ်လကျော်)၊ ကိုကျော်ငြိမ်း၊ ကိုအောင်ဆန်း၊ ကိုရာရှစ်တို့အကြောင်းကို မောရစ်ကောလစ်၏ မိတ်ဆွေများက ပြောပြခဲ့ကြ၏။

ထိုစဉ်ကာလက မြန်မာလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့နေသော လက်သုံးစကားမှာ "သခင်ပေါက်၏၊ ထောင်ခြောက်လ"၊ "အမေကမွေး၊ ထောင်ကကျွေး"ဟူသော စကားများဖြစ်သည်။ သူတွေ့လိုသော အထက်ဖော်ပြပါ အရေးတော်ပုံ တပ်သားကျောင်းသားလူငယ်အများမှာ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ဗြိတိသျှအစိုးရ၏ အကျဉ်းထောင်များတွင် အစိုးရဧည့်သည်များအဖြစ် ရောက်နေကြသဖြင့် တွေ့ခွင့်မရခဲ့။

သို့သော် ထိုစဉ်ကာလက ရန်ကုန်မြို့မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများတွင် သခင်အောင်ဆန်းနှင့် ကိုနုတို့အကြောင်းများကို ဖတ်ရှုခွင့်ရခဲ့သည်။ ၁၉၃၉ ခု၊ စက်တင်ဘာလတွင် ဥရောပတိုက်၌ ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့သည်။ မြန်မာနိုင်ငံမှာလည်း တရုတ်-မြန်မာလမ်းမကြီးကို အကြောင်းပြု၍ ဖက်ဆစ်ဂျပန်တို့၏ ကျူးကျော်တိုက်ခိုက်ရန် ပစ်မှတ်ဖြစ်လာခဲ့ရ၏။

ဒုတိယကမ္ဘာစစ်မီးကြီးအတွင်း ထုတ်လွှင့်သော အသံလွှင့်အစီအစဉ်များတွင် သူစစ်ကြိုခေတ်က မတွေ့ခဲ့ရသော အရေးတော်ပုံတပ်သားများဖြစ်သော သခင်အောင်ဆန်းနှင့် သခင်နုတို့အကြောင်း ပါဝင်လာခဲ့သည်။ သတင်းမီဒီယာများကလည်း အတော်အသင့် ပြည့်ပြည့်စုံစုံဖော်ပြခဲ့ကြသည်။ သခင်အောင်ဆန်းမှာ မြန်မာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာခဲ့ပြီး တစ်ချိန်က ရန်ကုန်ယူနီဗာစတီကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုနုမှာ ဂျပန်ဖက်ဆစ်တို့ပေးသော ရွှေရည်စိမ် မြန်မာနိုင်ငံလွတ်လပ်ရေးရသော ခေတ်တွင် အာဏာရှင်အဓိပတိ ဒေါက်တာဗမော်အစိုးရအဖွဲ့၏ ဝန်ကြီးတစ်ယောက်အဖြစ် တာဝန်ယူခဲ့သည့်အကြောင်း သိရှိခဲ့ရသည်။

၁၉၄၅ ခုနှစ်၊ မေလတွင် ဥရောပတိုက်၌ တောက်လောင်ခဲ့သော စစ်မီးကြီးပြီးဆုံးခဲ့ပြီး ဩဂုတ်လတွင်လည်း အရှေ့တောင်အာရှတွင် သုံးနှစ်ကျော် လေးနှစ်နီးပါး တောက်လောင်ခဲ့သော စစ်မီးကြီးသည် ပြီးဆုံးခဲ့ရ၏။ မောရစ်ကောလစ်အဖို့ စစ်ကြိုခေတ်က တွေ့ခွင့်မရသော မြန်မာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ၁၉၄၇ ခု၊ ဇန်နဝါရီလ ဒုတိယအပတ်တွင် တွေ့ခွင့်ရခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင်မူ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် အေးအေးဆေးဆေး စာရေးဆရာလောကသို့ဝင်ရောက်ရန် စီစဉ်ထားသော သခင်နုမှာ သမိုင်း၏တောင်းဆိုချက်အရ လွတ်လပ်သော မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ရန်ကုန်ယူနီဗာစတီသမဂ္ဂဥက္ကဋ္ဌကိုနု၊ သခင်နု၊ ကိုကြီးနု၊ ဝန်ကြီးချုပ်ဦးနု၊ မြန်မာနိုင်ငံ၏ အာဏာရပါတီဖြစ်သော ဖဆပလအဖွဲ့ကြီး၏ ဥက္ကဋ္ဌဦးနု စသဖြင့် ဟိုးဟိုးကျော်နေသော သခင်နုအား ဗြိတိသျှမြန်မာနိုင်ငံ အရေးပိုင်ဟောင်း စာရေးဆရာကြီး မောရစ်ကောလစ်က ၁၉၅၀ ခုနှစ်တွင် လန်ဒန်မြို့၌ တွေ့ဆုံခဲ့ရသည်ဟု သိရှိရပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) The Journey up By M. Collis



www.burmeseclassic.com

www.burmeseclassic.com



# ဆေးတော်ကြီး

## နေဘုန်းသစ်

ကျွန်တော့်ရဲ့ဖခင်ဖြစ်သူဟာ ကျွန်တော်တို့ လူမှန်းသိတတ်ခါစ အရွယ်ကတည်းကစလို့ ဘာသာရေးကို လေ့လာလိုက်စားရင်း ဝိဇ္ဇာတို့ရဲ့ ကျင့်စဉ်နဲ့တကွ ဗေဒင်လက္ခဏာပညာရပ်များကို ဆရာကောင်း သမားကောင်းများထံမှ လေ့လာသင်ယူလျက်လည်း ရှိပါတယ်။ ပထမံဂိုဏ်းတော်ကြီးရဲ့ ဦးစီးပဓာနဆရာကြီး ဦးကြည်ထံမှာ ပညာအမွေဆက်ခံရင်း နောင်တစ်ချိန်မှာ ဆရာတစ်ဆူအဖြစ် ထင်ရှားလာပြီး တပည့်တပန်းပေါင်းများစွာကို ပညာပြန်လည်ဝေငှပေးရင်း စုန်း၊ မှော်၊ ပယောဂ၊ အမှောင့်အတိုက်များစွဲကပ်နေတဲ့ ဝေဒနာရှင်များကိုလည်း ကုသပေးရင်း တစ်ဖက်ကလည်း ကိုယ်တိုင်ကျင့်ကြံအားထုတ်ကာ ဂန္ဓာရီစခန်းများလည်း လှည့်လည်နေခဲ့ပါတယ်။ တပည့်တပန်းများ အိမ်ကို လာရောက်လည်ပတ်တဲ့အခါတိုင်း မိခင်ဖြစ်သူဟာ မညည်းမညူ ချက်ပြုတ်ကျွေးမွေးညှဉ့်ခံပါတယ်။ ကျွန်တော်တို့ မိသားစုဝင်တွေကိုလည်း အမှောင့်ပယောဂဘေးရန်တွေက ၄ ဘ ကွယ်နိုင်အောင် စမ၊ အင်းစာဘဲ့ အစောင့်အရှောက်များကို တိုက်ခက္ခရင်း အထက်ပုဂ္ဂိုလ်များကိုလည်း တပည့်သားမြေးအဖြစ် အပ်နှံပေးထားပါတယ်။

မိဘကိုယ်တိုင်က ဘာသာရေးကို ဇောင်းပေးပြီး လုပ်ကိုင်နေတာ မြင်တွေ့နေရလို့လည်း ကျွန်တော်ဟာ ငယ်စဉ်ကတည်းက ဖခင်လုပ်သမျှ လိုက်လုပ်နေမိပါတယ်။ အသက်သတ်လွတ်စားခြင်း၊ ပုတီးစိပ်ခြင်းများကို မပျက်



www.burmeseclassic.com

www.burmeseclassic.com

တမ်းနီးပါး လုပ်ဆောင်နေခဲ့ပါတယ်။ ငယ်ရွယ်သူဖြစ်လို့ ရည်ရွယ်ချက်ကြီးကြီးမားမား မရှိသော်ငြား ကျေနပ်နေမိပြီး ဂုဏ်ယူနေမိတာလည်း ပါပါတယ်။ ဖခင်ဟာ ဗေဒင်ပညာရပ်များကို လူပျို ပေါက်အရွယ် ရောက်လာတဲ့အချိန်မှာ ကျမ်းစာအုပ်များ လေ့လာဖတ်ရှုစေပြီး သင်ကြားပေးလျက်လည်း ရှိပါတယ်။ အဖေ့ရည်ရွယ်ချက်က သားဖြစ်သူကို ပညာအမွေပေးစေလိုလို့ ဆိုတာ နောင်တစ်ချိန်မှာသဘောပေါက်လာမိပါတယ်။

ကျွန်တော်တို့ နေအိမ်မှာလည်း အိမ်ရှေ့ခန်းတစ်ခန်းလုံး ကြီးမားတဲ့ ဓာတ်ခန်းတစ်ခုကို ခင်းနားစွာထားရှိပြီး ဘုရားပုံတော်များ၊ ရဟန္တာပုံတော်များရဲ့ ရုပ်တုများ၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် ရုပ်တုများနဲ့ အခြားနတ်ပိုင်းဆိုင်ရာ ရုပ်တုများလည်း ထားရှိပူဇော်ထားပါသေးတယ်။ အဖေ့ဆီကို ပယောဂဝေဒနာတွေ စွဲကပ်နေလို့ ကုသမှုခံယူဖို့ ရောက်ရှိလာကြတဲ့ ပရိသတ်ဟာလည်း စနေ၊ တနင်္ဂနွေရက်များဆို စည်ကားနေတတ်ပါတယ်။ ဖခင်ဖြစ်သူဟာ အခကြေးငွေ မယူဘဲ မေတ္တာနဲ့သာ ကုသပေးတာမို့ ဝေဒနာပျောက်ကင်းသွားတဲ့အခါ ပေးလာတဲ့ လက်ဆောင်ပစ္စည်းသာ လက်ခံယူလေ့ရှိပါတယ်။

ကျွန်တော် အိမ်ထောင်ကျပြီး နောက်ပိုင်း ရုပ်နီး/ရုပ်ဝေးများကို အရောင်းအဝယ်ကိစ္စများနှင့် ခရီးထွက်လေ့ရှိပါတယ်။ သွားလာရာနေရာတိုင်းမှာ ဂုဏ်တော်ပွားများခြင်း၊ အလျဉ်းသင့်သလို အဓိဋ္ဌာန်စခန်းဝင်ပြီး ပုတီးစိပ်ခြင်းများကိုလည်း အားထုတ်လျက်ရှိလို့ သောအန္တရာယ်တစ်စုံတစ်ရာ ကျရောက်ခြင်းနဲ့ မကြုံတွေ့ခဲ့ဖူးပါ။

တစ်နေ့သောအခါ ဖခင်ဖြစ်သူမှ ကျွန်တော့်အား ဆရာတစ်ဦးဆီ ခေါ်သွားပါတယ်။ "နဂါးမာန်ဝင်းဂိုဏ်းဆရာချစ်" လို့ အမည်တွင်ပြီး ကြည့်မြင်တိုင်မြို့နယ်ထဲမှာ နေထိုင်ပါတယ်။ ကျွန်တော်တို့သားအဖနှစ်ယောက်ဟာ လမ်းတစ်လမ်းအတွင်း ဝင်ရောက်ခဲ့ပြီး ဆရာချစ်အိမ်ထဲကို တန်းပြီးဝင်သွားခဲ့ပါတယ်။ အိမ်ရှေ့ခန်းမှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေတဲ့ "ဆရာချစ်"ကို တွေ့တဲ့အခါ ဖခင်ဖြစ်သူမှ "ဆရာချစ်နေကောင်းရဲ့လား"ဆိုပြီး နှုတ်ဆက်စကားဆိုတော့ ဆရာချစ်မှ "ဆရာဦးအောင်သူပါလား။ ပေါ်မလာတာတောင် အတော်ကြာပြီပဲ ထိုင်ကြပါ"ဆိုပြီး ကုလားထိုင်များရှိရာ ညွှန်ပြပြီး ဧည့်ဝတ်ပြုပါတယ်။ ဘာသာရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ ဆွေးနွေးပြီးတဲ့အခါ ဖခင်ဖြစ်သူမှ -

"ဆရာချစ်သူက ကျွန်တော့် သားကြီးပါ။ ဆရာ့ဆီလာအပ်တာပါခင်ဗျာ"

"သြော် . . . ဟုတ်လား။ အရွယ်တောင် တော်တော်ကြီးပြီပဲ"ဟုဆိုကာ

"ဘာများ လုပ်ပေးစေချင်လို့လဲ ဆရာ"ဟု အမေးစကားပြုပါတယ်။

"သားကြီးကို ဒေဝကုမ္ဘဏ် ဆေးတော်ကြီး ထိုးပေးဖို့ ဆရာ့ဆီ ခေါ်လာတာပါ"

"သူက အရောင်းအဝယ်ကိစ္စနဲ့ ခရီးခဏခဏထွက်ရတတ်လို့ အစောင့်အရှောက်အဖြစ် ထိုးပေးစေဖို့ပါပဲဆရာ" ဟု ဖခင်မှ ပြောဆိုပါတယ်။

> ရှောင်ကြဉ်ရမယ့် ကိစ္စတွေ မေးကြည့်တဲ့အခါ သူတစ်ပါးသားမယား ပြစ်မှားခြင်းနဲ့ အရက်သေစာ သောက်စားခြင်း၊ မြွေသားစားခြင်းတို့ လောက်ပဲ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ဆရာချစ်မှ ဆောင်ရန်၊ ရှောင်ရန်တွေကို ပြောဆိုပြီး ဆင်ခြင်တုံတရားနဲ့ စောင့်ထိန်းနိုင်မယ်ဆိုရင် ဆေးတော်ကြီးကို ထိုးပေးပါ့မယ်လို့ ကတိပြုပါတယ်။ ကျွန်တော်လည်း ရှောင်ကြဉ်ရမယ့် ကိစ္စတွေ မေးကြည့်တဲ့အခါ သူတစ်ပါးသားမယား ပြစ်မှားခြင်းနဲ့ အရက်သေစာ သောက်စားခြင်း၊ မြွေသားစားခြင်းတို့လောက်ပဲ ဖြစ်ပါတယ်။ အဓိကရှောင်ကြဉ်ရမှာကတော့ သူတစ်ပါးသားမယား ပြစ်မှားစော်ကားခြင်းဖြစ်လို့ ကျွန်တော့်ဘက်ကလည်း ဒီအမှုကံကို ထိန်းသိမ်းနိုင်သူမို့ ကတိပေးလိုက်ပါတယ်။

ကျွန်တော့်ဘက်က ဒီအမှုကံကို လုံးဝထိန်းသိမ်းစောင့်ရှောက်နိုင်တယ်ဆိုတာ ဒီနေ့ထိတိုင် ယုံကြည်နိုင်မှာ

www.burmeseclassic.com

လျက်ရှိပါတယ်။ လှုငယ်ဝီဝီ သိလိုစိတ် ပြင်းပြနေလို့ မေးမိပါတယ်။

"ကျွန်တော်ကြားဖူးတာ ဒီလို ဖောက်ဖျက်ရင် ရူးတတ်တယ်ဆို ဆရာကြီး"

"အဘအနေနဲ့က ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ ရူးမယ်၊ နှမ်းမယ်၊ အသက်ဆုံးရှုံးနိုင်မယ်လို့ မပြောလိုဘူး။ မိမိရဲ့ ဖြူသမျှကံတာ တစ်နည်းမဟုတ်တစ်နည်း အနေးနဲ့အမြန် ကျရောက်လာမယ်ဆိုတာပဲ"

ဆရာချစ်မှ စိတ်ရှည်လက်ရှည် ရှင်းပြပြီးတဲ့နောက်မှာ ကန်တော့ပွဲထိုးဖို့ အဖေ့ကို စီစဉ်ခိုင်းတဲ့အခါ ဆရာချစ်ပဲ သင့်တော်သလို စီစဉ်ပါဆိုပြီး ကန်တော့ပွဲဖိုး ပူဇော်ကန်တော့လိုက်ပါတယ်။ ဒါနဲ့ပဲ ဆရာချစ်အိမ်မှာ ကြိုပြီးရောက်နေတဲ့ တပည့်တစ်ဦးကနေ အနီးမှာရှိတဲ့ ဈေးမှာ ဒုန်းသီး၊ ငှက်ပျောသီးနဲ့ လိုအပ်တာတချို့ သွားဝယ်ဖို့ အကူအညီပေးပါတယ်။ ကန်တော့ပွဲထိုးပြီးတဲ့အခါ ကျွန်တော့်ကို ဘုရားဝတ်ပြုခိုင်းပြီး ဓာတ်ပျဉ်ခွေထိုင်စေပါတယ်။ ဆရာချစ်က ပါးစပ်က ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်ဖတ်ပြီးတဲ့နောက် ကတ္တီပါ အနီရောင်အကွပ်နဲ့ သေတ္တာရှည်မျောမျောတစ်ခုအတွင်းကနေ ကြေးရောင်ပြောင်လက်နေတဲ့ စုတ်တံတစ်ချောင်းကို ထုတ်လိုက်ပါတယ်။

ပြီးတဲ့အခါ ဆေးတောင့်အမည်းရောင်ကို ကျောက်ပျဉ်တစ်ခုနဲ့သွေးလို့ ရလာတဲ့အနှစ်တွေကို ခွက်တစ်လုံးထဲကို လက်ညှိုးနဲ့သိမ်းယူပြီး ထည့်နေပါတယ်။ နောက်တော့ "ဒေဝကုမ္ဘဏ်" အမည်ရ ဆေးတော်ကြီးကို ကျွန်တော့်ရဲ့ ဦးခေါင်းငယ်ထိပ်ကို စတင်ပြီးထိုးပါတယ်။ အနည်းငယ်နာသယောင်ရှိပေမယ့် အံကြိတ်ပြီး တင်းခံနေမိပါတယ်။ သုံးလေးချက်ထိုးပြီးတဲ့အခါ မဟုံးနှစ်ဖက်ကို တစ်ခါထပ်ပြီး ထိုးပါတယ်။ တစ်နေရာစည်းကို အစက်အပြောက်သဖွယ် ဖြစ်အောင် ထိုးနေတာပါ။ ခွက်ထဲက အရည်ကို တို့ယူလိုက်၊ ထိုးလိုက်နဲ့ လုပ်နေရတာပဲ ဖြစ်ပါတယ်။

လက်မောင်း နှစ်ဖက်မှာတော့ "စဝဗဝ" အင်းစကို စိမ်ပြေနပြေထိုးပေးပြီး ညာဘက်လက်ခုံနဲ့ ဘယ်ဘက်လက်ခုံပေါ်ကိုတော့ အစက်နှစ်စက်စီ ထိုးပါတယ်။ နောက်ပြီး ဒူးနှစ်ဖက်နဲ့ ခြေမျက်စိနားကိုလည်း ဆက်ပြီးထိုးပေးပါတော့တယ်။ ၄၅ မိနစ်ခန့် ကြာတဲ့အခါမှာ ဆေးထိုးခြင်းကိစ္စပြီးသွားလို့ ခေတ္တခဏ အနားယူတဲ့အနေနဲ့ စကားစမြည် ပြောဖြစ်ကြပါသေးတယ်။

ဆရာချစ်က အသက် ၇၀ လောက်ရှိပါပြီ။ အသားအရည်ဖြူနုနေပြီး စကားပြောတဲ့အခါ ချိုချိုသာသာနဲ့ ခပ်အေးအေးပြောတတ်ပါတယ်။ စကားပြောဆိုပြီးတဲ့အခါ ဓာတ်ခန်းရဲ့စင်တစ်ခုမှာ ပူဇော်ထားတဲ့ ဘိလူးရုပ်တုကိုပြသပြီး အာရုံပြုခိုင်းပါတယ်။ ကျွန်တော်လည်း ဘုရားရှင်ကို အရင်ဝတ်ပြုပြီး ဆရာချစ်ပြသပေးတဲ့ "ဒေဝကုမ္ဘဏ်ကိုယ်တော်ကြီး"ကို ဦးတိုက်ဂါရဝပြုလိုက်ပါတယ်။

အဲဒီနောက်မှာတော့ ဆရာကြီးမှနေပြီး အရှေ့ကထိုင်ပေးတာကို လိုက်ဆိုရပါတယ်။ သဘောကတော့ "ဒေဝကုမ္ဘဏ်ဆေးတော်ကြီး" ထိုးပြီးချိန်ကစလို့ အပေါ်မှာရေးပြခဲ့တဲ့အတိုင်း ရှောင်ကြဉ်ရမဲ့ဟာတွေကို ရှောင်ကြဉ်ပါမယ်လို့ ကတိပြုခိုင်းတာပါပဲ။ ဆရာကြီးမှ ခေါင်းပေါ်ကို လက်ဝါးတစ်ဖက်တင်ထားတဲ့ အတွေ့အထိကိုလည်း ခံစားနေရပါတယ်။ ပါးစပ်မှလည်း ဆီမန်းမန်းသလို တတွတ်တွတ် ရွတ်နေသံကို ကြားမိပေမယ့် ဆရာကြီးအသံက တိုးလျလွန်းလို့ အတိအကျ မမှတ်မိပေမယ့် ဒေဝကုမ္ဘဏ်ကိုယ်တော်ကြီးကို အစောင့်အရှောက်အဖြစ် အပ်ပါကြောင်းနဲ့ ကူညီပေးပါရန် မေတ္တာရပ်ခံနေကြောင်းကိုတော့ နားစွန်နားဖျား ကြားမိပါတယ်။

ကျွန်တော်လည်း အာရုံပြုနေရင်းက အသားတွေ တဆတ်ဆတ်တုန်လာပြီး ဦးတင်ထားတဲ့ လက်နှစ်ဖက်ဟာ နဖူးပြင်ကို တဖြတ်ဖြတ်နဲ့ နတ်ပုး

လူလည်း
မိုက်ခန့် တစ်ချက်ဖြစ်ပြီး
အသားလည်း တဆတ်ဆတ်
တုန်ယင်လာကာ
ဒေါသလည်း အထွတ်အထိပ်
ရောက်သွားပြီး မျက်စိထဲ
ဘာမှကို
မမြင်တော့လောက်အောင်
သတိလက်လွတ်
ဖြစ်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သလို ဖြစ်လာပါတယ်။ ကျွန်တော်ဟာလည်း သတိရတစ်ချက်၊ မရတစ်ချက် သတိလစ်ချင်သလို ဖြစ်နေခဲ့ပါတယ်။ အသိပြန်ဝင်လာချိန်မှာတော့ ကျွန်တော်ဟာ ဘုရားကို ဦးတိုက်ကန်တော့နေပြီး ဖြစ်ပါတော့တယ်။ လူလည်း ချွေးတွေ ပြန်ပြီး မောပန်းနေသလို ဖြစ်နေလို့ ဆရာကြီးမှ ဘုရားကျောင်းဆောင်ပေါ် တင်ထားတဲ့သောက်ရေခွက်ကို သောက်စေပါတယ်။

ဆရာကြီးက ဆုံးမဩဝါဒ နည်းနည်းပါးပါး ပြောဆိုပြီးတဲ့နောက် ဆရာကြီးကိုကန်တော့ပြီး ကျွန်တော်တို့ သားအဖလည်း အိမ်ကိုပြန်လာခဲ့ကြပါတော့တယ်။

× × ×

ကျွန်တော်ဟာ အပေါ်မှာ ပြောခဲ့တဲ့အတိုင်း ခရီးများထွက်ရလေ့ရှိလို့ သွားလေရာ နေရာတိုင်း ဘုရားဂူထဲတော်များ ပွားများခြင်း၊ ခရီးလမ်းတစ်လျှောက် "ဒေဝကုမ္ဘဏ်ကိုယ်တော်ကြီး"ကို ပင့်ဖိတ်ပြီး လိုက်ပါစောင့်ရှောက်ပါရန် ပန်ကြားခြင်းအမှုတို့ကို ပြုလုပ်ခဲ့ပါတယ်။

တစ်ခါက ပုသိမ်မော်တင်စွန်း ဘုရားပွဲတော်မှာ ၁၂ ပွဲဈေးသည်အဖြစ် အလုကုန်ပစ္စည်း သွားရောက်ရောင်းချခဲ့ပါတယ်။ လူတစ်ယောက်နဲ့ အရောင်းအဝယ်ကိစ္စစကားပြောရင်း အဆင်မပြေဖြစ်လို့ သူကပဲ အရင်ရန်ရှာခဲ့တာနဲ့ ကျွန်တော်လည်း ပြန်လည်ကာကွယ်ရင်း လက်သီးနဲ့ထိုးချလိုက်တာ အဲဒီလူပါးစပ်ကနေ သွေးတွေထွက်လာပါတယ်။ လူတွေဝိုင်းဆွဲတာနဲ့ ဒီလူလည်း ပြန်သွားပါတယ်။ နာရီဝက်လောက်အကြာမှာ သူ့လူလေးငါးယောက်ခေါ်လာပြီး တုတ်ကိုယ်စီနဲ့ ရောက်လာပြီး ကျွန်တော့်ကို မပြောမဆိုနဲ့ ဝင်ရိုက်ပါတော့တယ်။ အမှတ်တမဲ့မို့ ခေါင်းကို ရိုက်မိပါတော့တယ်။ လူလည်း မိုက်ခနဲ တစ်ချက်ဖြစ်ပြီး အသားလည်း တဆတ်ဆတ်တုန်ယင်လာကာ ဒေါသလည်း အထွတ်အထိပ်ရောက်သွားပြီး မျက်စိထဲ ဘာမှကို မမြင်တော့လောက်အောင် သတိလက်လွတ်ဖြစ်လာပါတယ်။ မည်းမည်းမြင်ရာ ထိုးကြိတ်ကန်ကျောက်နေရင်း မျက်လုံးက ကောက်ညှင်းကျည်တောက်ရောင်းနေတဲ့အသည်ဆီ ရောက်သွားပြီး ပြေးယူလိုက်ပါတယ်။ နောက်တော့ ရန်ပြုနေသူတွေကို ပြန်လည်ခုခံကာကွယ်ရင်း လိုက်ရိုက်နေမိတာ နောက်ဆုံး ကြေမွကုန်ပြီး ရိုက်မရတော့ပါဘူး။ ခဏကြာတော့ ဘုရားလုံခြုံရေးတွေရောက်လာပြီး ယာယီရုံးခန်းကို ခေါ်သွားပါတယ်။ ကျွန်တော်လည်း ဖြစ်ပျက်သမျှတွေပြောပြရင်း ရန်ပြုလာသူတွေကို ကြည့်မိတဲ့အခါ မျက်နှာတွေ ဖူးရောင်ပေါက်ပြဲနေကြပြီး ကျွန်တော့်ဆီမှာ သွေးထွက်သံယိုမကျန်ခဲ့တာ သတိထားမိပါတယ်။ နောက်တော့မှ ကိုယ်တွေလက်တွေ နာကျင်တာတော့ ခံစားရပါတယ်။ ဒါနဲ့ပဲ ခံဝန်လက်မှတ်တွေထိုးကြရပြီး ပြန်လွှတ်ပေးလိုက်ပါတော့တယ်။

ငယ်ရွယ်သေးတဲ့ အချိန်ဖြစ်လို့ တခြားပြဿနာ အနည်းအပါးတွေလည်း ဖြစ်ဖူးခဲ့ပေမယ့် တစ်ခါမှ ကြီးကျယ်ကျယ် ခံလိုက်ရတာ မရှိခဲ့ပါဘူး။ တစ်ခါတုန်းက မြန်မာပြည်နယ်စပ်ဖြစ်တဲ့ ကော့သောင်းမြို့နဲ့ ၁၅ မိုင်လောက်ဝေးတဲ့ ဆီအုန်းစိုက်ပျိုးရေးစခန်းမှာ သုံးနှစ်နီးပါး သွားရောက်နေခဲ့ရဖူးပါတယ်။ တောတောင်ထူထပ်ပြီး သားရဲတိရစ္ဆာန်ကြီးကြီးမားမား မရှိပေမယ့် တောဝက်လို အကောင်မျိုးနဲ့တော့ ရင်ဆိုင်ကြုံတွေ့ဖူးခဲ့ပါတယ်။

ဆီအုန်းသီးတွေခုတ်ပြီး စခန်းကိုအပြန် လမ်းမပေါ်မှာပါ ဘေးနှစ်ဖက်က ဆီအုန်းတောကြီးက အုပ်မိုးထားပြီး မြေသားလမ်းကျဉ်းလေးပေါ်မှာ မျက်နှာချင်းဆိုင် တွေ့ကြတာပါ။ တောဝက်က လမ်းဘေးအစပ်မှာ တရှူးရှူးနဲ့ မြေကြီးကို ထိုးကော်နေချိန်မှာ ကျွန်တော်လည်း မြုန်းခနဲ တွေ့လိုက်ရတာပဲဖြစ်ပါတယ်။ ကျွန်တော်လည်း ကြောင်ပြီးကြည့်နေမိပါတယ်။ တောဝက်လည်း လူအနံ့ရသွားလို့ထင်ပါတယ်။ ကျွန်တော့်ကိုမြင်တွေ့သွားပြီး စူးစူးစိုက်စိုက် ကြည့်နေပါတယ်။ ဒီတော့မှ အသိဝင်လာပြီး ဘုရားတရားအာရုံပြုရင်း "ဒေဝကုမ္ဘဏ်ကိုယ်တော်ကြီး"ကို စိတ်ထဲကနေ တ,နေမိပါတယ်။ တောဝက်ရဲ့ အရိပ်အခြည်ကို စောင့်ကြည့်နေတုန်းမှာပဲ တောထဲကို လိမ့်ဖည်လိမ့်ဖည်နဲ့ ဝင်သွားပါတော့တယ်။

တခြားကိစ္စရပ်အချို့ ရှိခဲ့ပေမယ့်လည်း အသက်အန္တရာယ် ကြုံတွေ့ခဲ့ရခြင်း မရှိခဲ့ပါဘူး။ ဒီနေ့ထိတိုင် စောင့်ရှောက်ကူညီနေဆဲလို့ ယုံကြည်နေမိပါတော့တယ်။

နေဘုန်းသစ်



www.burmeseclassic.com

www.burmeseclassic.com

# မြို့ရန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ (၂)

ပထမံဝိဇ္ဇာအောင်

## ကုန်းဘောင်ခေတ်နှောင်းမှ ဗြိတိသျှအစိုးရလက်ထက် အခြေအနေ

ကုန်းဘောင်ခေတ်နှောင်းကာလတွင် ကမာရွတ်နယ်မြေကို သစ်သီးဝလံ၊ ပန်းမာလ်များ စိုက်ပျိုးရာ ကျေးလက်ဒေသအဖြစ် တွေ့ရှိရ၏။ သို့ကြောင့်လည်း ကျေးလက်တောရွာကလေးများ၊ လူနေရပ်များ၏ အမည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်နေသည်ကို တွေ့ရခြင်းဖြစ်သည်။ ယခုရပ်ကွက်များ ဖွဲ့စည်းထားရာ အမှတ်(၁)ရပ်ကွက်တွင် ကင်မွန်းပင်၊ လက်ခုပ်ပင်၊ အိမ်စုကလေးများ ရှိကြသည်။ ဦးထွန်းလင်း၏ မြဲ့ဝကျယ်၊ အမှတ်(၂)ရပ်ကွက်တွင် ကြံတောနှင့် နာနတ်တော၊ အမှတ်(၁)ရပ်ကွက်တွင် ရှောက်ဝင်ခြံ၊ စံပယ်ခြံ စသည်ထို့ ပါဝင်ပါသည်။



### ဆင်မလိုက်အကြောင်း သိကောင်းစရာ

ဤတွင် ဆင်မလိုက်ရပ်ကွက်နှင့် ပတ်သက်၍ ရှေးခေတ်က ကမာရွတ်နယ်မြေမှာ တောတောင်ထူထပ်ပြီး ဆင်များရှိကြောင်း သိရ၏။ ဆင်များက လူကိုလိုက်သည့်အခါ ယင်းနေရာ၌ ရွံ့နွံများ ကျွံ၍ ဆင်မလိုက်နိုင်တော့သောကြောင့် ထိုအရပ်များကို ဆင်မလိုက်ဟု ခေါ်ဆိုကြောင်း နဂါးထိပ်တင်ထွေး၏ ရန်ကုန်ရာဇဝင်စာအုပ်တွင် တွေ့ရှိရသည်။

မွန်ဘာသာ ကျွမ်းကျင်ပညာရှင်တစ်ဦးကမူ ဆင်မလိုက်မှာ မွန်ဘာသာ ဘော်မလာ်(ဆင်မလိုက်)မှ ဆင်းသက်လာကြောင်း၊ 'ဆင်' မှာ ကမ်းပါး၊ 'မလိုက်' မှာ ပြိုခြင်းဖြစ်သဖြင့် 'ကမ်းပါးပြိုရပ်'ဟု အဓိပ္ပာယ်ရကြောင်း ဆိုပါသည်။ လှည်းတန်းရပ်မှာမူ အနီးဝန်းကျင်ရွာများမှ ရွှေတိဂုံစေတီတော်ကို လှည်းများဖြင့် သွားရောက်ဖူးမြော်ကြရာတွင် စခန်းချရာအရပ်ဟုဆို၏။

### ကြည့်မြင်တိုင်မြို့နယ်

ကြည့်မြင်တိုင်သည် မွန်ဘာသာစကား (ကွာင်ချင်) အသံထွက် ကမန်ဒိုင်မှ ဆင်းသက်လာပြီး မြို့ရိုးရှိသော မြို့ဟူ၍ အဓိပ္ပာယ်ရသည်။ ရှေးခေတ် မွန်ဘုရင်များလက်ထက်ကပင် အထင်အရှား

www.burmeseclassic.com

ရှိခဲ့သည့် မြို့တစ်မြို့ဖြစ်၏။ ခရစ်နှစ် ၁၄၇၀ ပြည့်နှစ် ဓမ္မစေတီမင်းလက်ထက်က ရွှေတိဂုံစေတီတော် ဝတ္တကမြေ သတ်မှတ်ရာတွင် 'အနောက်ကိုလားသော် ကျေးမြင်တိုင်အောင် အင်းဝပေါက်ချောင်းထိ' ဟု တွေ့ရှိရသည်။ အလောင်းမင်းတရားကြီး ရန်ကုန်မြို့ကို တည်ဆောက်စဉ်က ကြည့်မြင်တိုင်အရပ်၌ လှေတော်ထမ်းအစုတို့အား နေရာချထားပေးခဲ့၏။ ထိုစဉ်က ကြည့်မြင်တိုင်မှာ သစ်တောများ အုပ်ဆိုင်းလျက်ရှိပြီး မိုးများသည်းထန်စွာ ရွာသွန်းသည့်အခါ ရေဝင်လျက် ရွှံ့နွံများ ထူထပ်စွာ ရှိခဲ့လေသည်။

ဘကြီးတော်မင်းလက်ထက် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတာလအတွင်း ၁၈၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ဗြိတိသျှတပ်များ ကြည့်မြင်တိုင်ရှိ ခံတပ်ကို ကြည်းကြောင်း၊ ရေကြောင်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်ခဲ့ကြ၏။ ဗြိတိသျှတပ်များသည် ကြည့်မြင်တိုင်ရွာကို မီးရှို့ဖျက်ဆီးကာ ပြန်လည်ထွက်ခွာသွားကြပြီး ဇွန်လ ၁၁ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ကြ၏။

သာယာဝတီမင်းလက်ထက်တွင် ကြည့်မြင်တိုင်ကို မြို့တစ်မြို့အသွင် တွေ့ရှိရပြီး သူကြီးဦးမှိုင်းက အုပ်ချုပ်ရသည်။ ထိုစဉ်က ကြည့်မြင်တိုင်ဆိပ်ကမ်းသည် အရေးပါသော မြစ်ဆိပ်တစ်ခုဖြစ်သည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအတွင်း ၁၈၅၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဗြိတိသျှရေတပ်မှ တိုက်သင်္ဘောနှစ်စင်းသည် ကြည့်မြင်တိုင်ဆိပ်ကမ်းရှိ မြန်မာတိုက်လှေများကို သိမ်းယူလျက် လာရောက် တပ်စွဲခဲ့ကြသည်ဆို၏။

### ဖားက မြွေကိုမျိုသည့် စမ်းချောင်း

စမ်းချောင်းရပ်သည် ကုန်းဘောင်ခေတ်တစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ပြီး တောင်ကုန်း၊ တောင်တန်း၊ ချိုင့်ဝှမ်းများ ထူပြောရာဒေသဖြစ်၏။ အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့ရှိ တောင်ကုန်းတောင်တန်းများဆီမှ အနောက်ဘက်ချိုင့်ဝှမ်းအတွင်းသို့ စမ်းချောင်းလေးများ တသွင်သွင်စီးဆင်းလျက် ရှိကြ၏။ အထင်ကရ စမ်းချောင်းတစ်ခုမှာမူ ယခု မြေနီကုန်းလမ်းဆုံအနီး ပဒုမ္မာဇာတ်ရုံအနီး၌ တည်ရှိခဲ့သည်။

ရှေးအခါက စမ်းချောင်းရပ် ဖြစ်လာမည့် တောင်ကုန်း၊ တောင်တန်းများထက်တွင် ရှမ်းတိုင်းရင်းသားများသည် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကာ တောင်ယာလုပ်ငန်းများ လုပ်ကိုင်ကြ၏။ ခရစ်နှစ် ၁၈၅၄ ခုနှစ်တွင် ဦးကျံနှင့် ဦးဖိုး ဆိုသူတို့က စမ်းချောင်းရပ်ကို ကျေးရွာကလေးတစ်ရွာအဖြစ် စုစည်းတည်ထောင်လိုက်သည်။ ထိုစဉ်က ပဒုမ္မာကွင်းအနီးရှိ စမ်းချောင်းထဲတွင် ဖားက မြွေကို မျိုနေသည်ကို တွေ့ရသဖြင့် အန္တရာယ်ကင်းမည့် နိမိတ်ဟု ဆိုခဲ့ကြ၏။ ၁၈၅၈ ခုနှစ်တွင် စမ်းချောင်းကျေးရွာ၌ လူနေအိမ်တဲလေးများ အများအပြား ရှိလာသည်။ စမ်းချောင်းရွာဟူ၍လည်း တရားဝင် ပေါ်ပေါက်လာလေသည်။ ၁၈၆၈ ခုနှစ်တွင် မဟာဝန်ရှင်တော်မင်းကြီးက မှီးသားလှသည့် စမ်းချောင်းရွာနေ ရှမ်းတိုင်းရင်းသားတို့အား ဧက ၄၀ ခန့်ရှိ မြေကို ကျပ် ၆၀၀ ဖြင့် ဝယ်ယူခွင့်ပြုလိုက်သည်။ သို့သော် တောင်





www.burmeseclassic.com

www.burmeseclassic.com

ထာလုပ်ကိုင် စားသောက်ကြသူ တိုင်းရင်းသားတို့ အနေဖြင့် ဝယ်ယူနိုင်ခြင်း မပြုနိုင်ပေ။

ဤသို့ဖြင့် ဗြိတိသျှအစိုးရက နှစ် ၉၀ အတွင်း မြေခွန်မြေခ မပေးရဘဲ နေထိုင်လုပ်ကိုင် စားသောက်ရန် ဝရန်ထုတ်ပေးခဲ့၏။ ဂရန်မြေကို ဦးနန္ဒာ၊ ဦးခိုင်၊ ဦးစန်ခ ဆိုသူတို့က လိန်းသိမ်းခဲ့ကြ၏။ ခရစ်နှစ် ၁၈၇၁ ခုနှစ်တွင် စမ်းချောင်းရွာ၌ ဖွားမြင်ခဲ့သူ "ဆေးဆရာကြီး ဦးနော်" ဆိုသူမှာ စမ်းချောင်းရွာကို စတင်တည်ထောင်ခဲ့သည်။ ဦးကျံ၏ မြေးတော်စပ်သူ ဖြစ်ပြီး စမ်းချောင်းရွာတစ်ရွာလုံးက အားကိုးအားထား ပြုရသူဖြစ်သည်။

ထို့ကြောင့် စမ်းချောင်းရွာအကြောင်း ပြောရလျှင် "ဦးနော်" မပါဘဲ မပြီးဟု ဆိုစမှတ်ပြုကြရသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့**

ဒလသည် မွန်ဘာသာအခေါ်ဖြစ်ပြီး (ချင်ခွန်ဇလ)အသံထွက် ဒုံဒန်းဇလဲ့မှ ဆင်းသက်လာခြင်း ဖြစ်၏။ 'ဒုံ' မှာ မြို့ဟု အဓိပ္ပာယ်ရပြီး 'ဒန်းဇလဲ့' မှာမူ ကြခတ်ဝါးဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ကြခတ်ဝါးများ ပေါက်ရောက်ရာမြို့ဟု ဆိုနိုင်ပါသည်။ ရှေးဟောင်းဒဏ္ဍာရီအရ မောင်ဒီနှင့် လက်ထပ်ရန် လာသော မင်းသမီးနေရာမြို့ ဖြစ်သည်ဆို၏။ မင်းသမီးသည် မောင်ဒီထံသို့ လာရောက်စဉ် မောင်ဒီသည် သစ်ပင်ထက်မှ လိမ့်ကျ သေဆုံးသွားသဖြင့် နေရင်းမြို့သို့ မပြန်တော့ဘဲ ကြခတ်ဝါးများ ဝိုင်းနေသည့် ဤမြို့၌ နေထိုင်ခဲ့သည်ဆို၏။ နောက်ပိုင်းတွင် အိန္ဒိယမှ မင်းသားတစ်ပါးက မင်းသမီးကို ခေါ်ယူရန် ကြခတ်ဝါးများအကြား ငွေခဝါးများ ကြဲစေရာ ဒဂါးများ ရှာဖွေရန် ခုတ်ခဲ့လူတို့ ခုတ်ထွင်း ရှင်းလင်းလျက် ရှိရာတွင်တွေ့၍ မင်းသမီးကို ဆောင်ယူသွားကြောင်း ဒဏ္ဍာရီအာတ်လမ်း၌ တွေ့ရှိရ၏။ ကြခတ်ဝရာဟု အမည်ခေါ်ထားသည့် ရှေးမြို့ဟောင်းတစ်ခုကိုလည်း ဒလမြို့အနီး၌ တွေ့ရှိရပါသည်။



ယခုလက်ရှိ ဒလမြို့တစ်နေရာမှာ ရှေးဟောင်း "မိုင်းသူ ခေါ် ပိုင်တူဝါ" နေရာဖြစ်သည်။ ပုဂံကျောက်စာများတွင် တွေ့ရှိရသည့် ဒလမှာ ယခုတွံတေးမြို့၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး ခရစ်နှစ် ၁၇၉၅ ခုနှစ်ခန့်တွင်းမှ မိုင်းသူသို့ ဒလမြို့ဝန် ပြောင်းရွှေ့ရုံးစိုက်ခဲ့ကြောင်း သိရှိရ၏။

ဆင်ဖြူရှင်(မြေဒူးမင်း)က "မွန်ဒီချယ်ရီမြို့"ရှိ သစ်ကောင်စစ်ဝန်ထံ ပေးအပ်သည့် သဝဏ်လွှာတွင် လွတ်လပ်စွာ နေထိုင်ခွင့်ကို ကျွန်ုပ်က ပေးသနားလိုက်ကြောင်း အကြောင်းကြားလိုက်သည်ဟု ဖော်ပြပါရှိရာ ဒလနယ်သည် ကုန်းဘောင်ခေတ်ဦးက ပြင်သစ်ပိုင်နယ်မြေ ဖြစ်ခဲ့လေသည်။ ၁၇၈၃ ခုနှစ်တွင် မွန်တိုင်းရင်းသားတို့ ပုန်ကန်ထကြွမှု ဖြစ်ပွားခဲ့ပြီးနောက် ၁၇၈၅ ခုနှစ်မှစ၍ ပြင်သစ် အခြေစိုက်စခန်းများ ရုပ်သိမ်းသွားကြသည်။


**ဒလခံတပ်တိုက်ပွဲ**

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း မဏိပူရစစ်မျက်နှာ၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားစဉ် ၁၈၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်အာချီဘော်ကင်းဘဲ ဦးစီးသော ဗြိတိသျှတပ်များ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆိပ်ကမ်းသို့ ရေကြောင်းမှ အလစ်ဝင်ရောက်သိမ်းပိုက်ခဲ့၏။ ထိုစဉ်က ရန်ကုန်မြို့ဝန်မှာ နေပြည်တော်သို့ ရောက်ရှိပြီး ရုတ်ထရက် တွယ်ယှွန်သွားရာ ရန်ကုန်၌ ရေဝန်ဦးစီး၍ ခုခံတိုက်ခိုက်ခဲ့ရ၏။ ဗြိတိသျှတပ်များသည် ရွှေတိဂုံတုန်းတော်အထိ ချီတက်တပ်စွဲထားကြပြီး ကြည့်မြင်တိုင်၊ ဘာမာရွတ်၊ တာမွေစသည့် မြန်မာခံတပ်များ ရှိရာသို့ စစ်သည်များစေလွှတ်တိုက်ခိုက်ခဲ့ကြသည့်နည်းတူ ဒလမြို့ဝန်လက်အောက်ခံ ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလခံတပ်ကိုလည်း ၁၈၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ လက်နက်အင်အားမမျှတမှုကြောင့် မြန်မာစစ်သည်များ ဒလခံတပ်ကို စွန့်ခွာခဲ့ကြရလေသည်။

၁၈၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် မြန်မာတပ်ဖွဲ့သည် ဗြိတိသျှတို့ သိမ်းပိုက်ထားရာ ဒလခံတပ်ကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် မြန်မာရဲမက်တို့၏ ကြိုးပမ်းတိုက်ခိုက်ခဲ့ပုံကို ဗြိတိသျှစစ်အရာရှိများကပင် အသိအမှတ်ပြုကြရ၏။ နှစ်ဦးနှစ်ဖက် ပြင်းထန်စွာ ထိခိုက်ကျဆုံးမှုများ ရှိခဲ့ပြီးနောက် မြန်မာတို့ ဒလခံတပ်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြလေသည်။

**တွံ့တေးတူးမြောင်း**


တွံ့တေးတူးမြောင်းသည် ဆိပ်ကြီးခနောင်တိုမြို့၏ တောင်ဘက်စွန်း နယ်နိမိတ်စွန်းဖြစ်ပြီး ရန်ကုန်မြစ်နှင့် တိုးမြစ်(ခေါ်)ကျိုက်ထော်မြစ်(ဗြိတိသျှ မှတ်တမ်းများအရ ချိုင်းနာဗာကာမြစ်)တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည်။ တူးမြောင်း၏ အရှည်မှာ နှစ်ဆယ့်တစ်မိုင်ရှိသည်၊ တွံ့တေးတူးမြောင်းတို ၁၈၇၃ ခုနှစ်တွင် တွံ့တေးမြို့အနောက်ပသီချောင်းဖျားနှင့် အရှေ့ဘက် ခနောင်တိုချောင်းများရှိ မူလ ငွေပန်းစုရိုးငယ်နှင့်ဆက်စပ်ကာ စတင်ဖောက်လုပ်ခဲ့၏။ အိန္ဒိယမှ အလုပ်သမားများ ခေါ်ယူကာ လူအားဖြင့် စတင်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး လုပ်ငန်းစတင်ချိန်ကို 'အောက်တစပါး'(၁၂၃၅ ခုနှစ်)ဟု နေ့သင့် နံသင့်မှတ်သားထားကြသည်။(ဂမ္ဘီရပညာ) ထိုစဉ်က အရှည်သုံးပိုဒ်ခွဲမျှသာ ရှိသေးပြီး ၁၈၈၅ ခုနှစ်တွင် မိုင်တိုင် ၃½ မှ ၁၀ မိုင်အထိကို ၂၅ ပေကျယ် မြောင်းကြီးအဖြစ် ဗြိတိသျှအစိုးရက အကျဉ်းသားများ အကူအညီဖြင့် ဆက်လက်တူးဖော်ခဲ့သည်။

၁၉၂၁ ခုနှစ် ခရိုင်အင်ဂျင်နီယာ(MRHAI-MANHUNT)က ဦးစီးပြီး အံပိုင်းသုံးပိုင်းခွဲကာ တိုးချဲ့တူးဖော်ကြပြန်သည်။ မိုင်တိုင်(၀. ၆)ကို (MR.AMNPHRU)နှင့် လမ်းဗိုလ် ဦးဖေ၊ မိုင်တိုင်(၆. ၁၁)ကို (MR.GARETH)နှင့် လမ်းဗိုလ်(MR.JHOE)တို့က တာဝန်ယူခဲ့ကြရာ တူးမြောင်းမှာ အတော်အတန်ကျယ်ဝန်းလာပါသည်။ တူးမြောင်းအတွင်း သွားလာသော လှေသင်္ဘောများ တစ်စတစ်စ များများလာသဖြင့် ၁၉၃၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးဌာန ဆည်မြောင်းဌာနခွဲ အမိန့်တစ်ရပ် ထုတ်ပြန်ကာ ဇွန်လ ၁ ရက်နေ့မှစ၍ အခွန်အကောက်များ ကောက်ခံခဲ့သည်။ ယခုအခါ တွံ့တေးတူးမြောင်းသည် ပေ ၅၀၀ မှ ၁၀၀၀ အထိ ကျယ်ဝန်းပြီး အကျဉ်းဆုံး လက်ပံကုန်းစခန်းနေရာ၌ အကျယ် ၂၄၇ ပေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အတိမ်ဆုံးနေရာ၌ ရေ ၉ ပေ အနက်ဖြင့် ရေရှူး ၈ ပေ ၆ လက်မထက် ပိုသော ရေယာဉ်များကို ဝင်ရောက်ခွင့် ပေးသည်။

**ပုဇွန်တောင်ချောင်း**

ရန်ကုန်မြို့၏ အရှေ့အရပ်တွင် ပုဇွန်တောင်ဟု ခေါ်တွင်သည့် အရပ် တစ်ခုရှိပြီး ထိုအရပ်တွင် ပုဇွန်တောင် ချောင်းဟုခေါ်သည့် ချောင်းငယ်တစ်ခု အဆင်ကရှ ရှိခဲ့သည်။

ရှေးဟောင်းရာဇဝင်အရဆိုလျှင်. .

ဂေါတမမြတ်စွာဘုရားရှင် မပွင့်မီ ပွင့်ခဲ့လေ ပြီးဖြစ်သည့် ဘုရားသုံးဆူတို့အနက် ဤဘဒ္ဒကမ္ဘာ၌ ပထမဆုံး ပွင့်တော်မူသည့် ကကုသန်ဘုရားရှင် ပွင့် တော်မူသည့်ကာလတွင် သိင်္ဂုတ္တရကုန်း၌ လွန်စွာကြီး မားသည့် ကင်းခြေများကြီးတစ်ကောင်သည် ကျက်စား လျက်ရှိ၏။

ထိုကင်းကြီးသည် ဆင်များအား သတ်စား ၏။ အစွယ်များအား အသိုက်ပြုလုပ်လျက် နေသည် ဟု အဆိုရှိ၏။

ထို့ပြင် ပင်လယ်၌ ဘောမမည်သော ပုစွန် ကြီးနှင့် 'ဂန္ဓပ္ပ' အမည်ရှိသော ပုစွန်လုံးတို့ ကျင်လည်ကျက်စားလျက်ရှိ၏။ ဤကဲ့သို့ပင် ထိုသတ္တဝါ တို့ နယ်ပယ်ရှိ သိင်္ဂုတ္တရကုန်းမဟာ၌ လောကီချာန် ရသည့် ရသေ့တစ်ကျိပ်သည်လည်း ကုန်းငယ်တစ်ခုစီ ၌ သီတင်းသုံးနေကြကုန်၏။

အခါတစ်ပါး၌ လောကီဈာန်ရ ရသေ့တို့၏ အကြီးအကဲဖြစ်သည့် 'ရာဂ' အမည်ရှိသော ရသေ့ကြီး တစ်ပါးသည် စုတေ.ပြွယ်လွန်လျှင် ဗာရာဏသီပြည်၌ မင်းကြီးဖြစ်ခဲ့၏။ တစ်ရံသောအခါ၌ မင်းကြီးသည် ပြင်းစွာသော ခေါင်းကိုက်ဝေဒနာအား ခံစားရ၏။ သမားတော် အကျော်အမော်တို့နှင့် ကုသသော်လည်း ပျောက်ကင်းခြင်းမရှိ၊ မင်းကြီး ခေါင်းကိုက်ဝေဒနာ ခံစားနေရသည်ကို နတ်တို့ မရှုစိမ့်သဖြင့် တစ်ညသ၌



နတ်တို့က မင်းအား အိပ်မက် ပေး၏။

"အရှင်မင်းကြီး အရှင် မင်းကြီးရဲ့ ဆိုးဝါးပြင်းပြစွာ ခံစားနေရသည့် ခေါင်းကိုက် ဝေဒနာ ပျောက်ကင်းလိုက သိင်္ဂုတ္တရကုန်း၌ ရှိကြကုန်သော ရသေ့တို့အား ပူဇော်ကန်တော့ လော့" ဟု ဆို၏။

ထိုအိပ်မက် မြင်မက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးသော် မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ခံစားရ၏။ ချက်ချင်း သဘော်ခုနစ်စင်းအား ပြင်ဆင်စေပြီး တာရာဏသီပြည်မှ ထွက်ခဲ့၏။ မင်းကြီးသည် သိဂ်ုတ္တရ ကုန်းသို့ရောက်လျှင် ရသေ့တို့အား ပူဇော်ကန်တော့၏။ ရသေ့တို့သည် တစ်ချိန်က မိမိတို့၏ အကြီးအကဲဖြစ်ပြီး ယခု တာရာဏသီမင်းဖြစ်နေသည့် မင်းကြီးအား ကြည့်ကာ ပြုံးတော်မူ၏။ ထိုအတူ အတိတ်ဘဝ၏ အကြောင်းများအား သိခဲ့ရသလို ခေါင်းကိုက်ဝေဒနာလည်း ပျောက်ကင်းခဲ့ပြီး ဖြစ်သဖြင့် ကြည်နူးဝမ်းမြောက်လှစွာ ရသေ့တို့အား အနူးအညွတ် တောင်းပန်ခြင်း၊ ခွင့်ပန်ခြင်းကိုပြုပြီး နေပြည်တော်ကို ပြန်ခါနီး သိဂ်ုတ္တရကုန်းအား လိုက်လံကြည့်ရှုရင်း ဆင်စွယ်ပေါင်း မြောက်မြားစွာဖြင့် ပြုလုပ်ထားသည့် ကင်းကြီး၏ အသိုက်အား မြင်သွားလျှင် 'တောတောင်ထဲမှာ အဲဒီ အတိုင်းထားလျှင် ဆင်စွယ်တွေ ပျက်စီးသွားမယ်၊ နေပြည်တော်ကို ယူသွားရင် အများကြီး အဖိုးတန်မယ်၊ တိုင်းပြည်လည်း အကျိုးရှိမယ်' ဟု စဉ်းစားပြီး မင်းကြီးသည် ဆင်စွယ်တို့အား သဘော်ခုနစ်စင်း၌ တင်ကာယူခဲ့၏။ မင်းကြီး ဆင်စွယ်တို့အား ယူစဉ်က ကင်းကြီးသည် အစာရှာထွက်နေချိန် ဖြစ်လေ၏။

သို့သော် ကင်းကြီး အစာရှာရာ၌ ပြန်လာသော် မိမိ၏ အသိုက်အား မမြင်မတွေ့ရဘဲ ပျောက်ဆုံးနေသဖြင့် ဒေါသအမျက်ထွက်လေ၏။

"ငါ့အသိုက်အား မည်သည့်ရန်သူ ဖျက်သနည်း"

ဟု စဉ်းစားပြီး ရန်သူ မည်သူ၊ မည်ဝါ ဖြစ်သည်ကို သိလိုသဖြင့် ကုန်းတော်ထက်သို့တက်ကာ ကြည့်လေသော် ပင်လယ်ပြင်၌ ရွက်လွှင့်နေသည့် သဘော်ခုနစ်စင်းအား မြင်သော်. . .

'ငါ့အသိုက်ဖျက်တဲ့ ရန်သူတွေဟာ သူတို့ပဲ ဖြစ်မယ်' ဟု စဉ်းစားပြီး ပြင်းသောအဟုန်ဖြင့် ရေတွင် ကူးကာ လိုက်၏။ ယင်းသို့ ကင်းကြီးလိုက်လာသည်ကို တာရာဏသီမင်း မြင်သော်. . .

"ကင်းကြီး သူ့အသိုက်ဖျက်လို့ ငါတို့နောက် လိုက်လာပြီ၊ သူ မမီနိုင်ရန် အမြန်နှင်လော့"

ဟု အမိန့်ပေး၏။ ထိုအချိန် ပင်လယ်၌ ကျက်စားသည့် 'ဂန္ဓပ္ပ' ပုစွန်လုံးသည် လှိုင်းဝယက် ဆူပွက်သံအား ကြားသဖြင့် သူ၏လက်မအား ရေပေါ် ထောင်၍နေ၏။

လက်မကြားမှ သဘော်ခုနစ်စင်း ဖြတ်၍ သွား၏။ ထိုအစဉ် ဒေါသဖြင့် အဟုန်ပြင်းစွာ လိုက်လာသည့် ကင်းကြီးသည် ပုစွန်လုံး၏ လက်မကြားမှ ဖြတ်သော် ပုစွန်လုံးသည် လက်မနှင့်ညှပ်ကာ ကင်းကြီးအား အပိုင်းပိုင်း ပြတ်စေ၏။ ကင်းကြီး သေလေသော် ကင်းကြီး၏ အသားအား ဘောဂမည်သည့် ပုစွန်လုံးကစား၏။ သဘော်ခုနစ်စင်းမှုကား ဘေးကင်းစွာ တာရာဏသီသို့ ပြန်နိုင်ခဲ့လေသည်။ ဤသို့ ဂန္ဓပ္ပပုစွန်လုံး ရေပေါ်သို့ လက်မထောင်ခြင်းအား အစွဲပြု၍ ထိုအရပ်ကို ပုဇွန်တောင်ဟု ခေါ်ခဲ့ရာ ယနေ့တိုင်ပင် ဖြစ်ချေ၏။ ယခင်က ဤနေရာသည် ရေပြင်ကျယ် ပင်လယ်ကြီး ဖြစ်ခဲ့သော်လည်း ယခု အခါ ပင်လယ်ရေတိမ်ကော၍ ကုန်းဖြစ်ခဲ့ပြီး ချောင်းငယ်တစ်ခုအသွင် တည်ရှိနေ၏။ ထိုချောင်းအား ပုဇွန်တောင်ချောင်းဟု ခေါ်တွင်ခဲ့လေသတည်း။

**ပုဇွန်တောင်နှင့် ကုန်းငါးကုန်း**

ပုဇွန်တောင်သည် မွန်ဘာသာအမည်(ပသုန်ဒုံ) အသံထွက် 'ပဆွန်ဒေ' မှ ဆင်းသက်လာခြင်းဖြစ်ပြီး ပသုန်(ပဆွန်)မှာ ငါးချဉ်၊ ဒုံ(ဒေ)မှာ တောင်ကုန်း ဖြစ်သဖြင့် တောင်ငါးလုံးဟု အဓိပ္ပာယ်ရသည်။ တောင်ကုန်းငါးကုန်းမှာ မလ္လကုန်း၊ မအူကုန်း၊ သစ်ဆိမ့်ကုန်း၊ ပိန္နဲကုန်းနှင့် ညောင်ကုန်းတို့က ပါဝင် လျက်ရှိကြပြီး သစ်ဆိမ့်ကုန်း၊ ပိန္နဲကုန်းနှင့် ညောင် ကုန်းတို့မှာလည်း နောင်တွင် ပေတောကုန်း၊ ချစ်တီး ကုန်းနှင့် ပုရွက်ဆိတ်ကုန်း ဟူ၍ ပြောင်းလဲခေါ်ဝေါ် လာကြကြောင်း ဆိုပါသည်။ ပုဇွန်တောင်သည်



www.burmeseclassic.com

www.burmeseclassic.com

ညောင်ရမ်းခေတ် အနောက်ဘက်မင်းလက်ထက်က ပင် ဒဂုံနယ်နိမိတ်အတွင်း ပါဝင်ခဲ့၏။

**ကန်တော်ကြီးအကြောင်း**

ရန်ကုန်မြို့၏ ကျက်သရေဆောင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်၌ ကျယ်ဝန်းသော ကန်ကြီးတစ်ကန် ရှိ၏။

ထိုကန်၏ရေက ကြည်လင်သန့်စင်ပြီး တင့်တယ်သာယာလှ၏။ မြို့၏ ကျက်သရေဆောင်ကန်ကြီးဟု ခေါ်ရမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်က ဖြစ်သည်။

ဥက္ကလာပမင်းကြီးသည် သိင်္ဂုတ္တရကုန်းတော်၌ ရွှေတိဂုံစေတီတော်ကြီးအား တည်တော်မူသည့်အခါ၌ ယခု ကန်တော်ကြီးဟုခေါ်သည့် ကန်တော်ကြီးသည် စေတီတော်၏ အရှေ့ဘက်၌ရှိသည့် ချိုင့်တစ်ခုအတွင်းမှ အင်းကြီးမျှသာ ဖြစ်သည်။ ထိုစဉ်အခါက ယင်းအင်းကြီး၏ အနီးအပါးတွင် လူနေအိမ်ခြေဟူ၍ မရှိပါ။ အင်းကြီး၏ အနီးအပါးတွင် ရွှံ့နွံများ၊ ချုံနွယ်ပိတ်ပေါင်းများသာ ရှိသည်။

သို့သော် ယင်းနောက် နှစ်ပေါင်းများစွာကြာ၍ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က အလောင်းဘုရားဒဂုံ(ခ)ရန်ကုန်သို့ ရောက်စဉ်အခါက ထိုအင်းကြီးအနီး၌ အလောင်းဘုရားသည် ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်း၍ စစ်စခန်း ချနေ၏။

ထိုစဉ်က အလောင်းဘုရား ချစ်မြတ်နိုးသည့် မင်းလှသူဇာ(ခေါ်)အပျိုတော်ကြီးတစ်ယောက်သည် မင်းကြီးနှင့်အတူ ပါလာသည်။

တစ်နေ့သ၌ အပျိုတော်ကြီး မင်းလှသူဇာ စခန်းအနီးသို့ လှည့်ပတ်ကြည့်ရှုနေစဉ် မင်းတရားကြီး၏ ရန်သူဖြစ်သည့် မွန်တို့သည် ထိုအပျိုတော်ကြီးအား အတင်းဖမ်းယူသွားကြ၏။ ထိုအကြောင်းအား မင်းတရားကြီး ကြားသိလျှင် ဗိုလ်မှူးသူရိန်ဝေရကျော်နှင့် သွေးသောက်များအား ခေါ်ယူ၍. . .

"အပျိုတော်ကြီးမင်းလှသူဇာကို မွန်တို့ ဖမ်းသွားကြတယ်၊ အမြန်ဆုံးလိုက်ပြီး ကယ်ဆယ်ပါ"

ဟု အမိန့်ပေးလျှင် ဗိုလ်မှူးသူရိန်ဝေရကျော်နှင့် သွေးသောက်တို့က မွန်တို့နောက်သို့ အပြင်းလိုက်ကြ၏။ မိမိတို့နောက်သို့ ဗိုလ်မှူးသူရိန်ဝေရကျော်နှင့်အဖွဲ့လိုက်လာကြောင်း မွန်တို့သိလျှင် အပျိုတော်ကြီးမင်းလှသူဇာအား ကျွန်းတစ်ခု၌ ထားခဲ့ကာ ကိုယ်လွတ်ရုန်း ပြေးကြ၏။ ယင်းသို့ဖြင့် အပျိုတော်ကြီးအား အသက်ဘေးမှ လွတ်ခဲ့၏။

အပျိုတော်ကြီး မင်းလှသူဇာ အသက်ဘေးမှ လွတ်ကင်းသည့် ကျွန်းအား 'သက်လွတ်ကျွန်း' ဟု အမည်တွင်ခဲ့သလို မင်းလှသူဇာကိုယ်တိုင်ကလည်း ထိုကျွန်း၌ သဲပုံစေတီ တည်ကာ ပန်းများ တင်လှူ၏။ ထိုဘုရားအား 'သူဇာပန်းတင်ဘုရား' ဟု ခေါ်တွင်စေ၏။ ယခုအခါ ထိုစေတီငယ်သည် မရှိတော့ချေ။

ယင်းအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် အင်းဝတွင် အလောင်းဘုရား၏ သားတော်အငယ်ဆုံးဖြစ်သည့် မင်းသားသည် ဘိုးတော်ဘုရားအမည်နှင့် ထီးနန်းစိုးစံ၏။

ဘိုးတော်ဘုရားလက်ထက် ကျွန်ရင်းတစ်ဦးဖြစ်သည့် ဦးကျော်ရွှေအား ရန်ကုန်မြို့သို့ စေလွှတ်ကာ မြို့ဝန်အဖြစ် အုပ်ချုပ်စေ၏။ ဦးကျော်ရွှေသည် ရန်ကုန်မြို့၌ မြို့ဝန်အဖြစ် အုပ်ချုပ်ရာ သစ်တပ်မြို့အား ကောင်းစွာပြုပြင်သည့်အပြင် မင်းတရားကြီး၏ အချစ်တော်ဖြစ်သည့် အပျိုတော်ကြီး မင်းလှသူဇာကို ကိုယ်တွေ့ ငါလည်း မြင်ခဲ့သည်။ ကန်တော်အား ကောင်းစွာပြုပြင်ပြီး ကန်တော်ကြီးဟု အမည်ပေးကာ မင်္ဂလာကန်တော်အဖြစ် တည်စေ၏။

ယခုအခါတွင်ကား ကန်တော်ကြီးသည် ရန်ကုန်မြို့၏ လှပတင့်တယ်သည့် ရှုမျှော်ခင်းများနှင့် ရှိနေပြီး မင်းလှသူဇာ၏ ကျွန်းကလေးသည်လည်း အလယ်ကျွန်းဟူ၍ ထင်ရှားလေတော့သတည်း။

---

ပထမ်ဝိဇ္ဇာအောင်

---



www.burmeseclassic.com

www.burmeseclassic.com

# ဘဝ၏
# စိန်ခေါ်မှုများနှင့်အတူ

တက္ကသိုလ်သဉ်

ထွေးနှင့် ကိုမင်းမောင်တို့ အိမ်ထောင်ကျခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ပေပြီ။ သျှောင်နောက်ဆံထုံးပါဆိုသလို ကိုမင်းမောင် ဝန်ထမ်းဘဝနှင့် ပြောင်းရွှေ့လာရာ "ထွေး"လိုက်ပါခဲ့ရ၏။

ထွေးနှင့် ကိုမင်းမောင်တို့ နှစ်ဦးစလုံး မော်လမြိုင်ဇာတိ ဖြစ်ကြသည်။ ကိုမင်းမောင် မော်လမြိုင်တွင် ဝန်ထမ်းဘဝဖြင့် ခြောက်နှစ်ခန့်နေပြီးနောက် သံဖြူဇရပ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ အချိန်ကာလမှာ ၁၉၆ဂ ခုနှစ် ဝန်းကျင်ကာလဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများ ဆူပူနေချိန်ဖြစ်၍ အေးအေးချမ်းချမ်းမရှိပါချေ။ နေ့မဟုတ်၊ ညမရှောင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်နှောင့်ယှက်တတ်သည့် သံဖြူဇရပ်မြို့လေးသည် အကျည်းတန်ခဲ့ရ၏။

ကိုမင်းမောင် အလုပ်တာဝန်ဖြင့် ရန်ကုန်မြို့သို့ တစ်ပတ်ဆယ်ရက် သွားရသည်များရှိသလို တစ်လ၊ နှစ်လကြာသင်တန်းတက်ရသည့်အခါများလည်း ရှိ၏။ ထိုအခါ ဇနီးသည်ထွေးနှင့် သားသမီးလေးဦးကို သံဖြူဇရပ်တွင် ထားရစ်၍ သွားခဲ့ရ၏။ "သူ့ဝန်စားရဲ့"ဆိုသကဲ့သို့ ဝန်ထမ်းဘဝတွင် နိုင်ရာလုပ်၊ စေရာသွားရသည်မို့ ကိုမင်းမောင်မငြင်းသာ။ ထိုအဖြစ်ကို ဇနီးသည်ထွေးကလည်း သဘောပေါက်၏။

ကိုမင်းမောင် ရန်ကုန်မြို့သို့ အလုပ်ကိစ္စဖြင့် ခရီးသွားနေစဉ်တစ်နေ့၌ သံဖြူဇရပ်သို့ အကြမ်းဖမ်သောင်းကျန်းသူများ နေ့ခင်းကြောင်တောင် ဝင်ရောက်နှောင့်ယှက်ကြ၏။ ထိုအချိန်တွင် ထွေးသည် သားဖြစ်သူစိုးမိုးအား ဈေးသို့ခိုင်းလိုက်သည့်အချိန်နှင့် ကြုံကြိုက်သွား၏။ ဈေးနှင့်အိမ်မှာ အနည်းငယ်လှမ်းသည်။ သားဖြစ်သူ အိမ်ပြန်မရောက်မီ သေနတ်သံများဆူညံစွာ ထွက်ပေါ်လာသဖြင့် ထွေးသည် သားဖြစ်သူအတွက် ရတက်မအေး ပူဆွေးသောကရောက်ရ၏။ ဈေးသို့ပြေး၍ သားဖြစ်သူအား ရှာဖို့ဆိုသည်ကလည်း သေနတ်သံများကြောင့် အိမ်ထဲမှ အိမ်ပြင်သို့မထွက်ရဲ၊ အထွေးသည် မိခင်တို့ဘာဝ မျက်ရည်ကိုသာ အဖော်ပြုရတော့၏။ အိမ်ရှေ့တံခါးကို အနည်းငယ်ဟရုံဖွင့်၍ သားဖြစ်သူအား မျှော်ရ၏။ သားကြီးစိုးမိုးမှာ အသက်ခြောက်နှစ်အရွယ်သာ ရှိသေးသဖြင့် ဈေးနှင့် အိမ်အကြား မည်သို့များဖြစ်နေမည်လဲဟု ပူပန်ရ၏။ ဈေးမှအိမ်သို့ ပြန်ပြေးလာမည်ဆိုလျှင်လည်း လမ်းကွေ့ တစ်ခုခုများ ဖြစ်ခဲ့သော် စသည်ဖြင့် စိုးရိမ်စိတ်ဝင်ရပြန်၏။

တစ်နာရီခန့်ကြာသော် အကြမ်းဖက်သောင်းကျန်းသူများ ထွက်သွားကြသည်။ တပ်မတော်မှ ဝင်ရောက်ရှင်းလင်းသဖြင့် သူတို့ ဆုတ်ခွာသွားခြင်းဖြစ်သည်။

သေနတ်သံများ စဲသွားသဖြင့် အထွေးသည် အိမ်ရှေ့တံခါးမကြီးကို ရဲရဲတင်းတင်းဖွင့်၍ သားအလာကို စောင့်မျှော်ပြန်သည်။ မကြာပါချေ၊ သားကြီးစိုးမိုးသည် လက်တွင် အထုပ်တစ်ထုပ်ကိုဆွဲရင်း အိမ်သို့ ပြန်လာသည်။ ထွေးသည် သားကိုမြင်ရသဖြင့် ရင်တွင်းတောက်လောင်ခဲ့ရသည့် အပူမီး အေးငြိမ်းသွားသော်လည်း သားဖြစ်သူအား ဖက်ပွေ့၍ ငိုချင်းချတော့၏။

"ဒီလောက်တောင် သေနတ်သံ

www.burmeseclassic.com

တွေ့ ဆုညံနေတာ သားဘယ်မှာသွား နေတာလဲ ပြောစမ်းပါဦး အမေ့ကို"

ငိုရင်းနှင့် သားဖြစ်သူအား ထွေးက အလျဉ်းစလို မေးမြန်းနေသည်။

"သေနတ်သံကြားတော့ သားလည်း အိမ်ကိုပြေးပြန်လာတာပေါ့။ ဒါပေမယ့် လမ်းမှာ ဒေါ်ဒေါ်အေးနဲ့တွေ့ပြီး သူ့အိမ်ကို ခေါ်သွားတယ်အမေ။ သားလည်း ကြောက်ကြောက်နဲ့ပဲ ဒေါ်ဒေါ်အေးအိမ်ကို လိုက်သွားပြီး အဲဒီအိမ်မှာ ပုန်းနေတယ်အမေ"

သားဖြစ်သူ ပြန်လည်ရှင်းပြတော့မှ ထွေးလုံးလုံးလျားလျား စိတ်အေးသွားတော့သည်။

ဒေါ်ဒေါ်အေးဆိုသူမှာ ထွေးတို့မိသားစုနှင့် အလွန်ရင်းနှီးကြသူများဖြစ်သည်။ ဒေါ်ဒေါ်အေးမှာ အပျိုကြီးဖြစ်ပြီး မိခင်အိုကြီးနှင့်အတူနေသည်။ သူတို့အိမ်မှာ ဈေးအနီးတွင်ရှိသဖြင့် သားကြီးစိုးမိုးအားတွေ့၍ အိမ်သို့ခေါ်ယူသွားခြင်းဖြစ်လေသည်။ ကလေးချစ်တတ်သူ ဒေါ်ဒေါ်အေးသည် သေနတ်သံများစဲသွားပြီး စိတ်ချရသည့်အခါမှ စိုးမိုးအား အိမ်သို့ပြန်လွှတ်လိုက်သဖြင့် ဒေါ်ဒေါ်အေးကို ထွေးစိတ်တွင် ကျေးဇူးတင်၍ ဆုံးရှိသည်။

ထွေးသည် အတော်သတ္တိရှိသည်ဟု ဆိုရမည်။ ခင်ပွန်းသည်ကိုမင်းမောင် ခရီးထွက်နေချိန်များတွင်လည်း ကလေးသေးသေးယောက်နှင့် မကြောက်မရွံ့နေရဲသည်။ တစ်ခုတော့ရှိ၏။ ပတ်ဝန်းကျင်မှလူများက ထွေးတို့မိသားစုကို ကူညီဆောင်ရွက်ကြသည်။

ကိုမင်းမောင် ရက်ရှည်ခရီးထွက်နေချိန်တွင် ဘွားလေးဆိုသည့် အခေါ်ကြီးတစ်ဦးက ထွေးတို့နှင့်အတူ ညဘက်လာအိပ်ပေးသည်။ ထွေးတို့အိမ်နှင့် ဘွားလေးတို့အိမ်မှာ နှစ်အိမ်သာခြားသည်။ ဘွားလေးမှာ အိမ်ထောင်သည်မဟုတ်။ တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်၏။ သူနှင့်အတူ အသက် ၁၃ နှစ်အရွယ် တူမလေးတစ်ဦးက ကူဖော်လောင်ဖက်အဖြစ် နေပေးသည်။

ထွေးတို့အိမ်ခြေရင်းတွင် ဦးကွန်ဘလိုင်တို့မိသားစု နေကြသည်။ မွန်တိုင်းရင်းသားများဖြစ်ကြသည်။ ထွေးတို့မိသားစုအတွက် အိမ်နီးချင်းကောင်းဖြစ်၏။ ခေါင်းရင်းအိမ်တွင် မူလတန်းကျောင်းဆရာကြီး ဦးထွန်းအိမ်တို့နေသည်။ သူတို့လည်း မွန်တိုင်းရင်းသားများဖြစ်ကြသည်။ အထွေးတို့မိသားစုနှင့်

*မည်သို့ဆိုစေ*
*တစ်ဦးနှင့်တစ်ဦး*
*မခွဲမခွာကြရသေးမီ*
*ကာလအတွင်း ဒါန၊*
*သီလ၊ ဘာဝနာတရား*
*ပွားများကြကာ*
*ဘဝဇာတ်စိန်ခေါ်မှုများကို*
*ရဲရဲဝံ့ဝံ့*
*ရင်ဆိုင်ဖြတ်ကျော်သွားရန်*

ရင်းနှီးကြသည်။ ဆရာကြီးဦးထွန်းအိမ်မှာ ကိုမင်းမောင်နှင့် အဖွဲ့အစည်းတစ်ခုတွင် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသဖြင့်ပို၍ ခင်မင်ရင်းနှီးကြသည်။

ထွေးတို့ အိမ်ခြံနောက်ဘက်တွင် ဦးကြောင်စိန်ဆိုသူနေသည်။ သူက အရက်ကို လွန်စွာကြိုက်သူဖြစ်၍ တစ်ချိန်လုံးလိုလို အရက်သောက်နေတတ်သည်။ ဘာအလုပ်လုပ်မှန်းမသိ။ ၎င်းမိသားစုက လေးငါးဦးခန့်ရှိမည်ထင်သည်။ ထွေးတို့မိသားစုက ဦးကြောင်စိန်နှင့် သိပ်ပြီး ရင်းနှီးမှုမရှိ။ သူက ခပ်တည်တည်နေတတ်သဖြင့် အခေါ်အပြောနည်း၏။ သို့ရာတွင် ဦးကြောင်စိန်သည် ထွေးတို့မိသားစုကို အနှောင့်အယှက်ပေးခြင်းတော့ မရှိပေ။

ကိုမင်းမောင် သံဖြူဇရပ်မြို့တွင် ခုနစ်နှစ်ကျော်မျှ တာဝန်ထမ်းဆောင်ပြီးနောက် ရန်ကုန်မြို့သို့ ၁၉၇၄ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့ရသည်။ ထိုအခါ ထွေးနှင့် ကလေးလေးဦးတို့သည်လည်း ကိုမင်းမောင်နှင့်အတူ ရန်ကုန်မြို့သို့ မျက်စိသူငယ် နားသူငယ်ဖြင့် ပြောင်းရွှေ့လာကြပြန်သည်။ တော်သေးသည်ကား အထွေး၏မိခင် ကိုမင်းမောင်၏ ယောက္ခမကြီးက အဖော်အဖြစ်လိုက်ပါပြီး နေထိုင်ပေးသဖြင့် အဆင်ပြေလှပါ၏။ သံဖြူဇရပ်မြို့နှင့် ရန်ကုန်မြို့ရာသီဥတုမှာ မတူပေ။ သံဖြူဇရပ်မြို့သည် တောင်ပတ်လည်ဝိုင်းရံထားသဖြင့် အအေးပိုသည်။ မိုးကာလတွင် မိုးများသည်။ ရန်ကုန်မြို့က သံဖြူဇရပ်မြို့ထက် အပူကဲသည်။ သို့ဖြစ်၍ ထွေးနှင့်ကလေးများ

www.burmeseclassic.com

ဖျားနာကြသည်။ ထွေးဆိုလျှင် လေးဘက်နာရောဂါဖြစ်သည်။ ကလေးနှစ်ယောက်က ဖျားသည်။ ကိုမင်းမောင်အဝတ်ကုယူရသည်။ ငွေတတ်နိုင်သဖြင့်သာ အခြေအနေဆိုးမသွားဘဲ သက်သာရာရခဲ့သည်။

သည့်နောက်တော့ ထွေးနှင့် ကိုမင်းမောင်တို့ မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ၁၉၇၆ ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ကြသည်။ ကိုမင်းမောင်လည်း ရာထူးတွေ အဆင့်ဆင့်တိုးလာသည်။ ဖုန်းနှင့်၊ ကားနှင့် ဖြစ်လာသည်။ ကိုမင်းမောင်က အလုပ်ပင်ပင်ပန်းပန်းလုပ်ရ၏။ နံနက် ၈ နာရီခွဲရုံးတက်ပြီး ည ၉ နာရီ ၁၀ နာရီမှ အိမ်ပြန်ရောက်သည်။ သားရေး သမီးရေး ဘာမှမလုပ်နိုင်။ ကလေး လေးယောက်စလုံးတာဝန်ကို "ထွေး"ကပင် တာဝန်ယူရသည်။ စားရေးသောက်ရေးအစ ကလေးများ ပညာသင်ကြားရေးအဆုံး အားလုံးတာဝန်ယူရ၏။ အလုပ်များဖြင့် လုံးလည်ချာလည်လိုက်နေသော ခင်ပွန်းသည် ကိုမင်းမောင်ကို စိတ်အရှုပ်မခံစေဘဲ မိသားစုအခက်အခဲကို ကြိုးစားဖြေရှင်းခဲ့သည်။

တစ်နေ့ အိမ်တွင်ထားသောရုံးကားကို သားကြီးစိုးမိုးယူမောင်းရာမှ ယာဉ်တိုက်မှုဖြစ်သည်။ ထိုအချိန်တွင် ကိုမင်းမောင်မှာ ရုံးတွင်ရှိနေသည်။ အိမ်နှင့်အနီးအနားတွင် ယာဉ်တိုက်မှုဖြစ်သဖြင့် အသိမိတ်ဆွေများလာပြော၍ "ထွေး"သိရ၏။ "ထွေး"က ကိုမင်းမောင်ထံဖုန်းဆက်၍ အကြောင်းကြားသည်။ သားကြီးစိုးမိုး ယာဉ်တိုက်မှုသတင်းကြားသည်နှင့် သားအတွက် ရတက်ပွေရသူ "ထွေး"မှာ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရ၏။ ကံကောင်းသည်ဟု ဆိုရမည်။ သားကြီးစိုးမိုး တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ယာဉ်နှစ်စီးစလုံး အနည်းငယ်ပျက်စီးသွားသည်။ စိုးမိုးဘက်ကလွန်သဖြင့် ယာဉ်ပျက်စီးမှုအတွက် "ထွေး"တို့ တာဝန်ယူပေးရသည်။ ရှိစုမဲ့စုငွေလေး ပြောင်သွားသည်။ ဤသည်မှာ လောကဓံတရားပေမို့ "ထွေး"ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ဘဝ၏စိန်ခေါ်မှုများဟုပင် ထွေးက ခံယူခဲ့သည်။

လွန်ခဲ့သည့် အနှစ်လေးဆယ်ကျော်က အဖြစ်အပျက်များကို "ထွေး" ပြန်လည်စဉ်းစားရင်း မှန်းကျပ်သလို ခံစားရသည်။ ခယောင်းလမ်းကို ဖြတ်သန်းကျော်လွှားခဲ့ရသည်များရှိသလို ရာဇမတ်ကာ၊ သဲဖြူခင်းသည့်လမ်းကို ဖြတ်သန်းရသည်လည်းရှိပါ၏။ ဘဝဆိုသည်မှာ သာတစ်လှည့်၊ နာတစ်လှည့် ပါလားဟုလည်း "ထွေး"ထွေးမိ၏။

ယခုတော့ သားသမီးလေးဦးစလုံး သူ့အိမ်ထောင်နှင့်သူ ဖြစ်ကုန်ကြပြီ။ "ထွေး"နှင့်ကိုမင်းမောင် နှစ်ဦးသာ ကြင်ဖက်သက်နှံအဖြစ် ကျန်ခဲ့သည်။ ယခုဆိုလျှင် "ထွေး"မှာ အသက် ၆၁ ကျော်ပြီမို့ ဘွားဘွားဒေါ်ထွေးဖြစ်လာပါပြီ။ ဆံဖြူ၍ သွားတွေကျိုးလာပေပြီ။ မျက်လုံးကလည်း သုံးကြိမ်သုံးလီ ခွဲစိတ်ခံထားသည်မို့ အမြင်ချွတ်ယွင်းလာပေပြီ။ ကိုမင်းမောင်ဆိုလျှင် အသက် ၇၀ သို့ပင် ချဉ်းနင်းဝင်ရောက်လာပြီမို့ ဘဘဦးမင်းမောင် ဖြစ်လာပြီ။ ဇရာ၏ လက္ခဏာများဖြစ်သည့် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ ဟိုကနာ၊ ဒီကနာ စသည့် ဝေဒနာများက စ၍လာပေပြီ။

သို့ရာတွင် ဒေါ်ထွေးနှင့် ဦးမင်းမောင်တို့နှစ်ဦးသား တွေ့ကြုံရသည့် အခက်အခဲများကို လက်မြှောက်အရှုံးမပေးဘဲ ရင်ဆိုင်ကျော်လွှားခဲ့ကြ၏။ ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင်ရှိခဲ့၏။ လင်နှင့်မယား လျှာနှင့်သွားဆိုသကဲ့သို့ အနည်းအကျဉ်း ကတောက်ကဆဖြစ်မှုလေးများတော့ ရှိ၏။ နေလာလျှင် နှင်းပျောက်သကဲ့သို့ သံယောဇဉ်မေတ္တာတရားကြောင့် သောကဝေဒနာများ လွင့်ပါးပျောက်ကွယ်သွားကြသည်သာ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော တရားသဘောကို ဆေးကြောမိကြသည့် ဒေါ်ထွေးနှင့်ဦးမင်းမောင်တို့သည် ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိသည်ဆိုသော ဖြစ်စဉ်ကိုလည်း နားလည်ထားကြသည်။

မည်သို့ဆိုစေ တစ်ဦးနှင့်တစ်ဦး မခွဲမခွာကြရသေးမီ ကာလအတွင်း ဒါန၊ သီလ၊ ဘာဝနာတရား ပွားများကြကာ ဘဝ၏စိန်ခေါ်မှုများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြတ်ကျော်သွားရန် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ထားကြပြီဖြစ်သဖြင့် ဘဝခရီးလမ်းသည် နေပျော်စရာကောင်းလှသည်ဟု ခံစားမိခဲ့ကြလေသည်။

တက္ကသိုလ်သခ်

၀၉-၄-၁၉၉၂ မြင်း



www.burmeseclassic.com

www.burmeseclassic.com

# ၁၀၀ ဟာ မောစင်မယ့် လူတောတစ်ခွင်ဟာသများ

ဦးကောင်းထူး

## မုန့်လက်ကောက်ကောင် မရှိဘူး

လူတောရွာတွင် ဘုံကထိန်ပွဲကျင်းပရန် စီမံနေသောအခါကဖြစ်၏။ ခေါင်းဆောင်များက လူငယ်တစ်ဦးကို အနီးရွာသို့ ဘုန်းကြီးပင့်ခိုင်းလေရာ –

"မင်းမှာ စက်ဘီးရှိတယ် မဟုတ်လား"ဟု မေးလေ၏။

ဤတွင် အမေးခံရသော လူငယ်က –

ဟလိုလေးဗျာ . . . ကျုပ်မှာ စက်ဘီးနဲ့တူတာဆိုလို့ မုန့်လက်ကောက်ကောင် တုတ်ထောက်ပြီး မစီးနိုင်တဲ့ ဘဝပါဗျာ"

ဟု အဖြေပေးလေသတည်း။

• • •

## ဘယ်ဟာမှ မလွတ်ပါပဲလား

လူတောသားအုပ်စုတွင် နားလေးသူတစ်ယောက်ပါနေ၏။ အပေါင်းအသင်းတွေလည်း သူမမြင်အောင် ပါးစပ်မလှုပ်ရဲ၊ သူလာလျှင် ငြိမ်ကုပ်နေရ၏။

ခုလည်း စကားကောင်းနေဆဲ နားလေးသည့်လူလာနေသည်ကို လှမ်းမြင်ရာက လက်ကုတ်ပြီး သတိပေးလိုက်ပုံက –

"ဟေ့ . . . ဟိုမှာ မောင်ရင်နားထိုင်း လာနေပြီ။ တိုးတိုးပြောကြ။ ပါးစပ်လှုပ်တာမြင်တာနဲ့ သူ့အတင်းချနေတယ်ထင်ဦးမယ်။ ပါးစပ်အကျယ်ကြီးဟာပြီး သမ်းရင်လည်း မင်းတို့ဆိုတာ ဘာသီချင်းလဲ၊ စာသားပေးပါလို့ အတင်းတောင်းနေမှာ"

• • •

## သေရချည်ရဲ့

သရက်သီးပေါ်ချိန်ကာလ၌ လူတောသားတစ်ယောက် ဈေးထဲသို့ရောက်သွား၏။ သရက်သီးဆိုင်ရှေ့ရောက်လေသော် တစ်ဈေးလုံး သရက်သီးမိုးရွာထားသကဲ့သို့ ပြည့်နေ၏။ သရက်သီးမှည့်များမှာလည်း ပျားရည်ဆမ်းမျက်နှာများနှင့် ဖော်ဖော်ရွှေရွှေ ကြိုဆိုနေကြသည်။

"ဟောဒါ မ စိစု၊ ဟိုဟာက ရင်ကွဲ၊ ဒီဘက်က စိန်တစ်လုံး၊ မြည်းကြည့်ကြပါဦးလား"

ဟု ဆိုကာ သရက်သီးတစ်လုံးကို ဓားနှင့်ခွဲပြီး အမြည်းပေးလေ၏။ လူတောသားလည်း အမြည်းစားကြည့်ရာက –

"ဟလိုလေးကွယ် . . . ချဉ်လိုက်တဲ့ အသီးရယ်။ ပါးဝိတ်ရှိက်သလားမှတ်ရ။ တစ်ခြမ်းစားတာတောင် ထိချက်မသက်သာ။ တစ်လုံးသာကုန်အောင်စားရရင် ရင်ကွဲသေရချည်ရဲ့။ ဒါမှ တကယ့်ရင်ကွဲ"

• • •

## စပ်ပြီးကျသလားမှတ်ရတယ်

လူတောရွာရှိ ရိုင်ပတ်ကာ ရုပ်ရှင်ရုံကြီးတွင် ဟိုးတစ်ခါက သန်းနွဲ့၊ အေးကိုတို့ပါဝင်သော စံရှားဒိန်ဒေါင် ရုပ်ရှင်ကား လာပြလေ၏။ သန်းနွဲ့က ပိန်ပိန်၊ အေးကိုက ချည်နဲ့နဲ့။

ဤတွင် လူတောသားတစ်ယောက် ငေါ့ပြောလိုက်ပုံက –



www.burmeseclassic.com

www.burmeseclassic.com

"ဟာလိုလေး ... ဦးဒိန်းဒေါင်ရဲ့ ကာယဗလကြီး မားလိုက်လေ။ ပန်းပဲမောင်တင့်တယ်နဲ့ အားနီးတို့ စပ်ပြီး ကျထား သလားမှတ်ရပေါ့"

• • •

## ပိုလို့တောင် ဆိုးပါသေး

ညဘက်အရက်ဝိုင်းတွင် ဖြစ်ပျက်ခဲ့သည်များကို မနက် လက်ဖက်ရည်ဆိုင်၌ ပြန်ဆုံကြလေသော် စားမြုံ့ ပြန်နေကြလေ၏။

"မင်းတို့ကတော့ကွာ၊ အရက်များဆိုရင် နွားငတ် ရေကျ အနံ့ရရုံနဲ့ အမြီးနှန့်နေတဲ့ ဟိုကောင်တွေလိုပဲ"

"အံမယ် ... ငါတို့တော့ပြောတယ်။ မင်းတို့က တော့ အောင်နက်နဲ့ ကုပ်ကျား ဘာထူးတာမှတ်လို့။ မူးလိုက်ကြတာ ဥမ္မာဒန္တီအိမ်ရှေ့မှာ ပုဏ္ဏားတွေ ဖင် ထောင်ပြီး ရေကူးနေသလားမှတ်ရ"

• • •

## သတိရလိုက်တာမှ

ဘုန်းကြီးလူထွက်ဖြစ်သော လူပြတ်တော်တစ် ယောက်သည် မိမိနေထိုင်သည့် ကျောင်းအနီးရှိ လယ် ကွက်၌ ပင်ပန်းတကြီး လယ်ထွန်နေရှာ၏။ ကျောင်းထိုင် ဆရာတော် ဖြတ်ကြွသည်နှင့် ကြုံသဖြင့် ထွန်ပေါ်က ဆင်းကာ ဒူးတုပ်ဝတ်ဖြည့်လေသော် -

"ရသေ့ကြီးရဲ့ မှတ်ဆိတ်မွေးကို မိဖုရာကြီးက ဆောင့်ဆွဲတဲ့ဇာတ်ကို သတိမရဘူလား ကိုရင်ဒကာ"

ဆရာတော်စကားအဆုံး လူပြန်တော်က ယခုကဲ့ သို့ ပြန်လျှောက်ထားလေ၏။

"ရပါပြီဘုရား ... ရပုံကတော့ တပည့်တော်ရဲ့ အသားအရေသာ ကြည့်ပါတော့ဘုရား။ ခရမ်းသီးမီးဖုတ် ထားတဲ့ အတိုင်းပါပဲဘုရား။ ကျောတစ်ပြင်လုံးလည်း မိကျောင်းရေခွံ့ခွာပြီး နေလှန်းထားသလားမှတ်ရ။ ဒီ ကျောင်းနားလာပြီး လယ်လုပ်မိတာကတော့ အိမ်သာ ဆောက်မိသို ဖြစ်နေပါပြီဘုရား"

ဟူ၍ ဖြစ်သည်။

• • •

## အကျီသာ ချုပ်ဝတ်လိုက်ပါတော့

သစ်ဆိုင်တစ်ဆိုင်၌ ဝယ်သူ၊ ရောင်းသူများ အလုပ်ရှုပ်နေကြချိန်ဖြစ်၏။ လုတောသားတစ်စု သစ် ဝယ်ရန် သစ်များကို လျှောက်ကြည့်ခဲ့ရာက တစ်ယောက် က စကားစလိုက်ပုံမှာ -

"ထူထူလိုချင်တော့မှပဲ သစ်ပါးတွေချည်းတွေ့ပါ ကလား။ တစ်ခွဲဆိုတဲ့ ပျဉ်ဟာ ငါ့အထင်တော့ တစ်မတ်မှ ပြည့်ရဲ့လား မသိဘူး။ တယ်စွန်းတာပဲ"

ဒီတော့ နောက်တစ်ယောက်က ဖောက်ပြီး -

"အလိုလေးကွဲ့ ... ပျဉ်တဲ့။ ဖော့ရှုန်တို့၊ တက် ထရက်ရှုန်တို့လားမှတ်ရ။ အိမ်မကာပါနဲ့ ... အကျီသာ ချုပ်ဝတ်ပါတော့"

• • •

## လွန့်ကို လွန်လွန်းတယ်

ထမင်းကျွေးသည့် မင်္ဂလာဆောင်တွင် ကာလ သားများ တပျော်တပါး စားနေကြ၏။ စားသမှ အလု အယက်။ ဝေသာလီပြည် ဘီလူးဝင်သကဲ့သို့ အရိုးတွေ တောင်လိုပုံသွားသည် အထိပင်။

ဤတွင် ဟင်းလိုက်သူတစ်ယောက်က ဝင်၍ နောက်ပြောင်လေ၏။

"မင်းတို့ဝိုင်းကလည်း ဖွန်းသံ၊ ပန်းကန်သံတွေ ဆူညံနေတာပဲ။ ကြွေ ပစ်ကစားသလားမှတ်ရတယ်"

ပြောပြောဆိုဆို အနားကပ် ရှေ့တိုးကြည့်လိုက် ရာက ထပ်ပြောလိုက်ပြန်၏။

"ဟာလိုလေး ... မင်းတို့ဝိုင်းဟာ ဘဝပေါင်းငါး ရာ ငတ်တွင်းကျလာတဲ့ မိတ္တဝိန္ဒကဆွေမျိုးတွေများလား။ ဟင်းလိုက်တဲ့ယောက်ချိုမှ စားပွဲက မရပ်ရသေးဘူး။ ပန်းကန်က ပပ်ကြားအက်နေပြီကောကွယ်ရို့"

• • •

## ကွာပုံများကတော့

လုတောသားတစ်ယောက်ကို ရန်ကုန်သားတွေ က အရက်တိုက်မယ်ဆိုပြီး ဟိုတယ်ကို ခေါ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်အရက်က ဈေးကြီးသလောက် အရသာက မတွေ့။ သုံးခွက်မျှသောက်မိပြီးသည့်နောက် အာရှင်လာကာ ရင်ဖွင့်ပါလေ၏။

"မင်းတို့ဝီစကီဆိုတာ ငါတို့ပရွာက အရက်နဲ့များ တော့ ကွာပါ့။ အရက်ပြန်နဲ့ရေ ကွာသလိုပဲ။ တို့ရွာအရက်က ဦးရေမဆိုထားနဲ့ နောက်ရေသောက်မိရင်တောင် လည်ချောင်းထဲ ရှားမီခဲကြီး လျှောကျသွားသလားမှတ်ရ။ ဒီအရက်သောက်ထားသူရဲ့ ကျင်ငယ်ရေကို မတော်တဆ သွားနမ်းမိတဲ့ နွားတွေတောင် တစ်ခါတည်း ရှောင်လင်သိုင်းသမား ဖြစ်သွားတော့တာပဲ"

• • •

## ရိုက်ချက်မဟုတ်တဲ့ ကိုက်ချက်

မိုးရာသီကာလအတွင်း ရန်ကုန်သို့ရောက်သွားသည့် လူတောသားတစ်ယောက် ရွာသို့ပြန်လာသည့်အခါ ခြင်ဋ္ဌီကာ ဖွဲ့ပြလေ၏။

"ဟာလိုလေး ... ရန်ကုန်ခြင်ကိုက်ချက်ကတော့ ရှားစောင်းလက်ပပ်ချုံထဲ ကျွမ်းပစ်လဲတဲ့လူ ဆူးခြစ်ရာတွေ ဖုံးနေသလို တစ်ကိုယ်လုံး ခြင်ဖုနဲ့ ကုတ်ရာချည်း ပါပဲဗျာ"တဲ့။

• • •

## ဘယ်လိုမှကို မမိဘူး

လူတောသား လယ်သမားများ နွားကျွမ်းကျေသည့် နွားဆရာလည်း ပါလာ၏။ နွားဝယ်လိုသူများမှာ နွားကောင်းရတော့မည်ဆိုပြီး ပျော်နေကြ၏။

ထိုအခိုက် နွားရှင်တစ်ယောက်နှင့် တွေ့လေရာ သူ့နွားသူမွမ်းပြီး –

"နွားအလှကတော့ ဒီနယ်မှာ စံတင်ထားရတဲ့ နွားပါဗျာ"

ဟု ပြောလိုက်ရာက နွားကြည့်သည့် လူတောသား နွားဆရာက –

"ဟုတ်ပါရဲ့ဗျာ၊ ဟိုရုပ်ရှင်မင်းသားကို ချူဆွဲပြီး ဆင်ပေးတာတောင် ဒီနွားရဲ့အလှကို မမီထန်ပါဘူး"

• • •

## နိပ်ကြပြီဆိုမှဖြင့်

တစ်ရွာသူနှင့် အိမ်ထောင်ကျပြီး ရွာပြောင်းသွားသော လူတောသားတစ်ယောက်သည် ဝက်လက်ကားစီးရန် လှတောကားဂိတ်သို့ ရောက်လာ၏။

ဤတွင် ပြောမနာဆိုမနာ သူငယ်ချင်း လှတောသားတစ်ယောက်နှင့် ဆုံမိပါလေ၏။ ထိုအခါ မာကြောင်းသာကြောင်း နှုတ်ဆက်ပြီး ရွာခံလှတောသားက မလေ့မပျက် ရိသဲ့သဲ့လေး ပြောလိုက်၏။

"ငါတို့ရွာကို ပုန်ကန်သွားတဲ့ကောင် ကားစီးရင်တော့ လှတောကို ဦးခိုက်ရတာပဲ မဟုတ်လား"

"ပုန်ကန်တာလည်း အဆိုးမဆိုနဲ့ သူငယ်ချင်း။ မင်းတို့ရွာက မွဲလည်းမွဲသေး၊ ကပ်စေးနဲ့ရာမှာလည်း ဘယ်သူ့လိုက်မီလို့လဲ။ နားဖားချေးကို ပာင်းခတ်မှုနဲ့ လုပ်ထားကြတာ"

တစ်ဖက်က ပြန်နက်လေရာ ရွာခံသူငယ်ချင်းလည်း ဖျင်းခနဲဖြစ်ပြီး စကားနိုင်လုလိုက်ပုံက –

"အခု တို့ရွာမှာ ကြိုးရှားနေတာ မင်းသိလား သူငယ်ချင်း။ အဲဒါ မင်းတို့ရွာအနားတစ်ပိုက်က ကြိုးတွေ ကျုံးဝယ်ထားလို့တဲ့။ ဘာလုပ်ဖို့ပါလိမ့် စုံစမ်းတော့ ဟာလိုလေးကွယ် ... မင်းတို့တစ်ရွာလုံး ဝတ်စရာမရှိလို့ ကြိုးတွေ ပတ်ဝတ်နေရဆိုပါကလား။ မွဲချက်ကတော့ စံတင်လောက်ပါရဲ့ကွာ"

ဟုသတည်း။

• • •

## တန်းစီပြီး ပလွေမှုတ်သလို

မူးမြစ်ရေကို လယ်ထဲသွင်းရန် အလှည့်ကျသည့် လယ်သမားလူငယ်များကို မိခင်ဖြစ်သူက မြွေဘေး ကင်းဘေးကြောင့် ဓာတ်မီးယူသွားရန် သတိပေးလေ၏။

သားများက အင်တင်တင်လုပ်နေသဖြင့် စိတ်တိုလာသည့် မိခင်က ယခုကဲ့သို့ ပြောလိုက်လေ၏။

"ယူသွားမှ ဖြစ်မယ်ဟဲ့။ ဒီအချိန်မှာ မြွေပေါ်လိုက်ပုံကတော့ မြွေတွန်သံတွေဟာ ကာလသားတွေ တန်းစီပြီး ပလွေမှုတ်နေသလားမှတ်ရ"

• • •



www.burmeseclassic.com

www.burmeseclassic.com

## ဒီတစ်ခါ ခိုးရင်တော့

တစ်နေ့သ၌ ကင်းလှည့်လာသည့် လုံခြုံရေး ရဲဘော်များက လူတောသားတွေနှင့် အဖွဲ့ကျပြီး မျှော်တပြုံးပြုံးဖြစ်နေရာက –

"ခင်ဗျားတို့ လူတောသားတွေကတော့ တကယ်မလွယ်ဘူး။ ပြောစရာရှိရင် ပိုးခနဲပက်ခနဲ အလွန်အကျွံချည်းပဲ။ ဟိုတစ်ခါနွားခိုးမှုတုန်းက ပြောလိုက်တာများ ရဲခြေထောက်ချည်ထားတဲ့ ဒရဝမ်ရဲ့နွား အခိုးခံရတယ်လို့ ကြကြဲဖန်ဖန် ပြောရဲလိုက်ကြတာဗျာ"

ထိုအခါ လူတောသားတစ်ယောက်က အလွှားအလဲပင် ချေပချက်ထုတ်ပါတော့၏။

"ဟာလိုလေး ဆရာရယ်။ ဒီတစ်ခါခိုးရင်တော့ သူခိုးက ကြိုးဖြုတ်ခိုးတော့မှာမဟုတ်ဘူး။ ဧည့်တီတုံးလုပ်ဖို့ ဒရဝမ်ကို အကောင်လိုက် မွေ့ယူ သွားမှာခင်ဗျ"တဲ့။

• • •

## ပလွှားပလဲ မလုပ်ရဲ

တစ်နေ့သ၌ ရွှေဘို–ဝက်လက် နယ်စပ်သို့ ရောက်ရှိလာသော ကားတစ်စီးအား ရှာဖွေရေးက တားလိုက်သည်။ ကားရပ်ပေးလိုက်သည့်အခါတွင် ရှာဖွေရေးက –

"ဆန်ပါသလား"ဟု မေးလေ၏။

ဤတွင် ကားပေါ်ပါလာသည့် လူတောသားက အဖြေပေး၏။

"ဟာလိုလေး ... မြွေပွေးနဲ့ နူတ်ခမ်းချင်းစုပ်ဆို စုပ်ရဲပါတယ်ဗျာ။ ဆန်တော့ ပလွှားပလဲ မလုပ်ရဲပါဘူး"

• • •

## နနွင်းတန်ခိုး

လူတောသူ ညီအစ်မနှစ်ယောက်၏ စကားဆန်းလေးတွေလည်း နားခံစေချင်ပါ၏။

"ညီမရေ ... ဟင်းအိုးရေခန်းပလား ကြည့်ပေးပါဦး။ ဒီမှာ ကလေးနို့တစ်ဖက်နဲ့ အထရခက်နေလို့"

"မခန်းသေးဘူး အစ်မ။ ဒါပေမယ့် ခတ်ထားတဲ့ နနွင်းက မွှန်နေတာပဲ။ နနွင်းနံ့ပြင်းလွန်းလို့ ခေါင်မိုးပေါ် ဖြတ်ပျံသွားတဲ့ ငှက်တွေတောင် မူးမိုက်ပြီး ကျလောက်ပါရဲ့"

"အစ်မခတ်ထားတာ မများပါဘူး အေရယ်။ နနွင်းမှုန့်က ကောင်းလွန်းလို့ ဖြစ်ပါလိမ့်မယ်။ ဝယ်သုံးတာမှ နှစ်ရက်ရှိသေးတယ်။ နနွင်းမှိုင်းတက်ပြီး အိမ်မိုးတစ်ခုလုံး ဝါထိန်နေတာပဲ ကြည့်ပေတော့"

• • •

## လန့်မှာစိုးလို့ပါ

ရပ်ဝေးမှ ဧည့်သည်များ လူတောသို့ ရောက်လာပြီး ဥယျာဉ်ခြံကို လှမ်းမျှော်ကြည့်ရင်း –

"ဟောဟိုက ဘူးစင်ထင်ရဲ့။ ဘူးပင်တွေက သန်လည်းသန်၊ သီးလည်းသီး၊ ကောင်းမှကောင်းဗျာ"

"ဟုတ်ကဲ့ ... ဘူးပင်က မဆိုးပါဘူး။ ကျုပ်တစ်ခြံလုံး မဆိုးတာဆိုလို့ ဘူးနဲ့ ကြက်ဟင်းခါးသီးပဲ ရှိတယ်။ ရှိတာလေးပဲ တစ်နပ်ပြီးတစ်နပ် ချက်စားနေကြတာလား။ ကြာတော့ ဗိုက်ထဲမှာလည်း မြွေစိမ်းကို ကိုယ်ဝန်ဆောင်ထားရသလို ဖြစ်နေပြီ"

ဧည့်သည်တွေက ပြုံးသွားရာက ရယ်တဲ့အထိ ခြံရှင်လူတောသား ပြောလိုက်ပုံကား –

"အင်း ... ကုန်ကုန်ပြောရရင် ကိုယ့်မစင်တောင် မြွေစိမ်းအခွေမှတ်ပြီး လန့်မှာစိုးလို့ ငုံ့မကြည့်ရဲတော့ပါဘူးဗျာ" ဟူသတည်း။

ဦးကောင်းထူး





www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၆ ခုနှစ်၊ မတ်လ

## တ ရု တ် နှ စ် မွေ း သူ မျာ း အ တွ က်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးရှိမည်။ အလုပ်သစ်၊ ရာထူးသစ် လက်ခံထမ်းဆောင်နိုင်ပါသည်။ လက်ခံလိုက်ပါ။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဆံသ၊ ခေါင်းလျှော်နိုင်ပါသည်။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ ကုန်သွယ်မှုလုပ်ငန်းဖြင့် အကျိုးပေးမည်။ ဆေးကုသရန် ဆေးသမားတော်ရှာထွက် သင့်၏။ မတ်လ ၁ ရက်နေ့ ၁၃ ရက်နေ့နှင့် ၂၅ ရက်နေ့သည် ရက်ကောင်းဖြစ်၏။

## ရှောင်ကြဉ်ရန်အချက်များ

ငွေထုတ်ချေးခြင်းမပြုရ။ အလိမ်ခံရတတ်သည်။ ပြန်ရမည်မဟုတ်ပါ။ သတိထားပါလေ။ ရေတွင်းရေကန်မတူးဖော်ရ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်၏။ ဆင်ခြင်ပါ။ လှေ၊ သင်္ဘောမစီးရ။ ရေကြောင်းခရီးရှောင်ပါ။ စိုက်ပျိုးရေးမလုပ်ရ။ မြေမဆွရ။ အချည်းနှီးဖြစ်တတ်ပါသည်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။ လုပ်သာလုပ်ပါလေ။ တွေးမနေပါနှင့်။ ငေးမနေပါနှင့်။ ရှီးရာကန်တော့ပွဲ၊ ပူဇော်ပွဲပြုလုပ်နိုင်၏။ ခရီးထွက်နိုင်၏။ အလုပ်သစ်လက်ခံလျှင် ကောင်းမည်။ အကျိုးထူးမည်။ နေအိမ်၊ ဂိုဒေါင်၊ မီးဖိုဆောင် ပြုပြင်နိုင်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ်၊ လုပ်ငန်းသစ် မတည်ရ။ မဖွင့်ရ။ တောအမဲမလိုက်ရ။ သားကောင်မဖမ်းရ။ သင်ကံဆိုးနေပါလိမ့်မည်။ ငါးမဖမ်းရ။ ငါးမမျှားရ။ ဂိုဒေါင်မှ ပစ္စည်းမထုတ်ကောင်း။ အမှုဖြစ်မည်။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပါ။ မကောင်းဆိုးဝါးများထွက်ပြေးမည်။ သင်ဘေးကင်းချမ်းသာပါလိမ့်မည်။ ရှီးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲလုပ်လျှင် အကျိုးထူးမည်။ လုပ်သာလုပ်ပေးပါ။ ဈေးဆိုင်သစ်၊ စီးပွားရေးလုပ်ငန်းသစ်တည်နိုင်၊ ဖွင့်နိုင်၊ လုပ်နိုင်ပါသည်။

ကူးသန်းရောင်းဝယ်ရေးလုပ်လျှင် အကျိုးရှိမည်။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် သင့်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်။ ရေဘေးအန္တရာယ်ရှိ၏။ လှေ၊ သင်္ဘောမစီးရ။ ရေကြောင်းခရီးမထွက်ရ။ ကျပ်ကျပ်ရှောင်ရမည်။ အိမ်ရာနှင့်အလုပ် မပြောင်းရွှေ့ရ။ အချည်းနှီးဖြစ်တတ်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းကို ရှောင်ရှားပါ။ မရှောင်နိုင်လျှင် အကျိုးယုတ်တတ်ပါသည်။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံပွဲလုပ်လျှင် အကျိုးထူးမှုရှိမည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ နိုင်ငံခြား(ပြည်ပ)ကုန်သွယ်ရေးလုပ်လျှင် အကျိုးရှိမည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ ရှီးရာပူဇော်ပွဲလုပ်ပါ။ ကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

သားကောင်မလိုက်ရ။ သားငါးမဖမ်းသင့်။ သင်ကံဆိုးနေပါလိမ့်မည်။ ငါးအရောင်းအဝယ်ဒိုင်လုပ်လျှင် အရှုံးပေါ်တတ်၏။ ငါးအရောင်းအဝယ်မလုပ်သင့်။ ငွေထုတ်မချေးရ။ ခရီးမထွက်ရ။ အိမ်ရာပြောင်းရွှေ့ခြင်း မပြုသင့်။ လက်မထပ်ရ။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲလိုက်နိုင်၏။ ငါးဖမ်းနိုင်၏။ ငါးဒိုင်လုပ်လျှင်ကောင်းမည်။ သင်ကံကောင်းနေပါလိမ့်မည်။ အထည်



www.burmeseclassic.com

www.burmeseclassic.com

ချုပ်လုပ်ငန်းလုပ်လျှင် သင့်၏။ မိတ်ဆုံနိုင်၏။ နေအိမ်ပြင်ဆင်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

မတ်လ ၄ ရက်နေ့တွင် တောအမဲမလိုက်ရ။ သားကောင်မဖမ်းရ။ ငါးမဖမ်းရ။ ငါးမမျှားကြရပါ။ ခိုက်တတ်ပါသည်။ အိမ်ရာပြောင်းရွှေ့ခြင်း၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းစသည်တို့ကိုရှောင်ပါ။ ထို့ပြင် ခြံစိုက်ပျိုးရေးမလုပ်သင့်။ ဆုံးရှုံးမည်။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲလိုက်နိုင်၏။ သားကောင်သားငါးဖမ်းနိုင်၊ အရောင်းအဝယ်လုပ်လျှင် အကျိုးရှိမည်။ လုပ်ပါ။ တွေးမနေကြရပါ။ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပေးပါ။ သင်ကံကောင်း ကံမြင့်လာပါလိမ့်မည်။ လကုန်ရန်ကုပ်ပြီး ထိတိုးပါ။ သင်ကံကောင်းနိုင်၏။ မတ်လ ၆ ရက် နေ့ ၁၈ ရက်နေ့နှင့် ၃၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ငွေထုတ်ချေးလျှင် ပြန်ရမည်မဟုတ်။ အလိမ်ခံရတတ်၏။ ငွေချေးလုပ်ငန်းကို လုံးဝရှောင်ပါလေ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းရှောင်ပါ။ အခန်း၊ ခုတင်နေရာမချကောင်း။ ခိုက်တတ်၏။



## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံနိမ့်နေ၏။ ကုသိုလ်ကောင်းမှု အလှူအတန်းများများလုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ သင်မကြာမီကံကောင်းလာပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းထက် ဘာသာရေးလုပ်ငန်းကို ဦးစားပေးလုပ်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း မတိုးချဲ့သင့်ပေ။ ခရီးထွက်ခြင်း၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းတို့ကို ရှောင်ပါ။ ဇွတ်မလုပ်ရ။ အကျိုးယုတ်တတ်ပါသည်။ ကြပ်ကြပ်ရှောင်ကြဉ်ရပါမည်။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲလုပ်နိုင်၏။ လုပ်လျှင် အကျိုး ထူးမှုရှိမည်။ လုပ်ပေးပါလေ။ ငါးဖမ်း၊ ငါးမျှား၊ ငါးအရောင်းအဝယ်လုပ်လျှင် အကျိုးရှိမည်။ သင့်၏။ လုပ်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

ရုံးမတက်ရ။ အရောင်းအဝယ်စာချုပ် မှတ်ပုံမတင်သင့်ပေ။ ခဏဆိုင်းပါဦး။ မဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ ခရီးမထွက်ရ။ ရေကြောင်းခရီးကို ရှောင်ပါလေ။ ဘေးအန္တရာယ်များလှပေသည်။ ရေဘေးသင့်တတ်၏။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ မိတ်ဆုံနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ရောင်းဝယ်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ နိုင်ငံခြား(ပြည်ပ)ကုန်သွယ်ရေးပြုလုပ်လျှင် အကျိုးထူးမှုရှိပါမည်။ အိမ်ရာပြောင်းရွှေ့လျှင် ကောင်းမည်။ သင့်လှပေ၏။ မတ်လ ၉ ရက်နေ့နှင့် ၂၁ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များဖြစ်ပါသည်။

www.burmeseclassic.com

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းမပြုရ။ ခဏ စောင့်ဆိုင်းပါဦး။ ငွတ်မလုပ်ရ။ အကျိုးယုတ်တတ်၏။ တော အမဲမလိုက်ရ။ သားကောင်၊ သားငါးမဖမ်းရ။ ငါးမမျှားကြရ။ ငါးအရောင်းအဝယ်လုပ်လျှင် အရှုံးပေါ်တတ်ပါသည်။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ


သင်ကံကောင်းနေ၏။ တောအမဲလိုက်ပါ။ သား ကောင်များများ ရရှိနိုင်၏။ ငါးဖမ်းပါ။ ငါးမျှားပါ။ သားကောင်၊ သားငါးအရောင်းအဝယ်လုပ်လျှင် ကိုက်မည်။ လုပ်ပေးပါလေ။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်ရ။ အထူးသဖြင့် ရေကြောင်းခရီးကိုရှောင် ပါ။ လှေ၊ သင်္ဘော မစီးကြရပါ။ ဘေးများ၏။ ငွေချေးလုပ် ငန်းရှောင်ပါ။ ဂိုဒေါင်မဖွင့်ရ။ အကျိုးမဲ့ဖြစ်တတ်၏။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အိမ်ရာပြောင်းရွှေ့ လုပ်နိုင်၏။ အလုပ်သစ်၊ ရာထူး သစ် လျှောက်နိုင်၊ လက်ခံနိုင်၊ လုပ်နိုင်၏။ စေ့စပ်နိုင်၊ လက်ထပ်နိုင်၏။ စိုက်ပျိုးရေးလုပ်နိုင်၏။ မြေတူးနိုင်၏။ လုပ် ငန်းသစ် တည်ထောင်နိုင်၏။ ရေတွင်းရေကန် တူးဖော်နိုင်၏။ မွေးမြူရေးလုပ်ငန်း လုပ်သင့်၏။ အနုပညာသင်တန်းတစ်ခုခု တက်နိုင်၏။ ဂီတ၊ အဆိုအကသင်တန်းတက်ပါ။ အကျိုး ထူးမည်။ ထူးချွန်မှုရှိမည်။ တက်ဖြစ်အောင်တက်ပါ။



## ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းခရီးမထွက်ရ။ လှေ၊ သင်္ဘောမစီးကြရ။ ဘေးအန္တရာယ်များလှ၏။ ရေမကူးရ။ ရေဘေးသင့်တတ်၏။ ထင်းမခွေရ။ သစ်မခုတ်ရ။ သစ်ဖောင်မမျှောရ။ သစ်အရောင်း အဝယ်မလုပ်ရ။ ကျပ်ကျပ်ရှောင်ပါလေ။ ဈေးဆိုင်သစ် မတည်ရ။ မဖွင့်ရ။ အရောင်းအဝယ်စာချုပ် မချုပ်ဆိုကြရ။ အမှုပြဿနာတက်တတ်ပါသည်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးရှိမည်။ လုပ်ပါ လေ။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်း စသည် တို့အားလုံးကိုလည်း ပြုလုပ်နိုင်ပါသည်။ တာတမံ၊ တာရိုး လယ်ကန်သင်းရိုး တည်ဆောက်ပြုပြင်နိုင်၏။ မတ်လ ၁၂ ရက်နေ့နှင့် ၂၄ ရက်နေ့များ ရက်ကောင်းဖြစ်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်ရ။ ရေကြောင်းခရီးနှင့် လေကြောင်းခရီး တို့ကိုပါ ရှောင်ပါ။ ဘေးအန္တရာယ်များလှ၏။ ဈေးဆိုင်သစ် မတည်ရ။ မဖွင့်ရ။ လက်ထပ်ထိမ်းမြားခြင်း ခဏခေတ္တဆိုင်း ပါဦး။ ငွတ်မလုပ်ရ။ ငွတ်လုပ်လျှင် အကျိုးယုတ်တတ်ပါသည်။ ထို့ပြင် အိမ်ရာမပြောင်းရွှေ့သင့်။ မပြောင်းရွှေ့ကောင်း။ နိုက် တတ်ပါသည်။

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၆ ခုနှစ်၊ (မလေးရှား)
Hong Kong (China)
မလေး–တရုတ် နက္ခတ္တဗေဒင်ပညာရှင်။



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၉)

**ပထမ် ဆရာကြီးဦးအောင်သူ**

အင်းဝိဇ္ဇာဆရာတော်

အိုင်းကောင်းတစ်ကွက်၊ ဆေးကောင်းတစ်လက်လို့ ရှေးရိုးစကားရှိခဲ့လေသည်။ ဝါသနာပါ၍လား၊ ရေစက အင်းဝိဇ္ဇာဖြစ်ခဲ့လို့ ကိစ္စမပြီးမြောက်ခဲ့သဖြင့် ယနေ့လူ့ဘဝတွင် ဆက်လက်၍ ထွက်ရပ်ပေါက်ရန် ကြိုးစားသလားဆိုတာ ကာယကံရှင်မှတစ်ပါး မည်သူမျှ မသိနိုင်ပါ။

ဒါကြောင့် တောကျိုတောင်ကြား၊ တောင်ကြိုတောကြား လူအများနှင့်ဝေးရာ တစ်ပါးကျောင်းလေးဆောက်၍ သီတင်းသုံးလျက်ရှိသော ရဟန်းတစ်ပါးသည် အင်းကစားနေသည်မှာ နှစ်အတော်ကြာပြီဆိုပဲ။

အင်းကစားဆိုခြင်းနှင့်ပတ်သက်ပြီး ရှေးသရေအခါက တောရွာတစ်ရွာတွင် နွားကျောင်းသားလေးတစ်ယောက်ရှိလေရဲ့။ နွားကျောင်းသားများရဲ့ အလေ့အထမှာ ပလွေတစ်လက်ကိုကိုင်လျက် နွားရဲ့ကျောကုန်းပေါ်၊ သို့တည်းမဟုတ် ကျွဲရဲ့ကျောကုန်းပေါ်၌ ထိုင်ပြီး မိမိနှစ်သက်ရာသီချင်းကို ဖော်ကျူးသီဆိုလေ့ရှိကြသည်။

တစ်ခါတလေ သစ်ရိပ်ကောင်းကောင်းအောက်တွင် ထိုင်လျက် မြေကြီးပေါ်မှာ တုတ်တစ်ချောင်းနှင့် ဟိုခြစ်ဒီခြစ် လျှောက်၍ခြစ်နေတတ်၏။ ထိုသို့ခြစ်နေရာ၌ အင်းကွက်သဏ္ဌာန်ပေါ်လာ၏။ ထိုအင်းကွက်က သုံးကွက်အင်းဖြစ်နေစဉ် ဘွားခနဲ ဇော်ဂျီတစ်ပါးပေါ်လာလျက် "မင်းဘာအလိုရှိသလဲ" ဟု မေး၏။ နွားကျောင်းသားလည်း ဘာမှအလိုမရှိကြောင်း ပြန်ပြောသည်။ "ဒါဖြင့်ရင် ဒီအင်းကွက်ကိုဖျက်ပါ" ဟုဆိုလာ၏၊ နွားကျောင်းသားလေးလည်း ထိုပုဂ္ဂိုလ်ပြောသည့်အတိုင်း သူရေးထားသော အင်းကွက်ကိုဖျက်ရာ ဇော်ဂျီမှာ ပျောက်သွားတော့၏။

အင်းနှင့်ပတ်သက်လို့ ကျော်ကြားခဲ့သော ဗားမဲ့ဆရာတော်ကြီးသည် အင်းပညာကိုလိုက်စားသော သူတွေအတွက် ထားခဲ့ကြောင်း မှတ်သားထားမိပါသည်။ အင်းပညာမှာ အလွန်ခက်ခဲနက်နဲလှပါ၏။ အင်းစည်းကမ်းများလည်း အလွန်ခက်ခဲလှသဖြင့် ပေါက်မြောက်ရန် မလွယ်လှပါ။ သို့သော် စိမ်သူ၏ သီလ၊ သမာဓိကြောင့် အနည်းငယ်တော့ အစွမ်းရှိပါသည်။

ကျွန်ုပ်လိုက်စားသည်က ရုပ်စမ ပထမံပညာဖြစ်ပါသည်။ ပထမံရုပ်စမမှာ သီလလုံခြုံအောင်ထိန်းလျက် သမာဓိအားကို စွမ်းစွမ်းတမံကျင့်က ရရှိနိုင်ပါသည်။

ကျွန်ုပ်ရဲ့ဝါသနာက ထူးခြားသော ပုဂ္ဂိုလ်တို့ကို တွေ့လိုပါသည်။ လေ့လာလိုပါသည်။

ဒါကြောင့် ထူးထူးခြားခြားတောထဲမှ ရဟန်းတစ်ပါးကို တွေ့လိုသဖြင့် ရုံးအားရက်တနင်္ဂနွေနေ့မှာ တပည့်တစ်ဦးကို အဖော်ပြုပြီး သထုံမြို့ရဲ့ အနီးအနားရှိ ဒေးဗရိန်းဆိုသောရွာကို သွားကြပါသည်။

ကျွန်ုပ်သည် သထုံမြို့ရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှာ တာဝန်ထမ်းဆောင်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီး ဖြစ်ပါသည်။ ဒေးဗရိန်းရွာသည်လည်း ကျွန်ုပ်တို့ လျှပ်စစ်ရုံးမှ မီးပေးထား၍လည်း ကျွန်ုပ်တို့လျှပ်စစ်ရုံးမှ ဝန်ထမ်းများလာသည်ဆိုလျှင် အရေးတယူ ညှိခံကျွေးမွေးကြပါသည်။

ဒေးဗရိန်းရွာတွင်လည်း ကျွန်ုပ်လို ရုံးမှ ငွေကောက်စာရေးတစ်ဦးလည်းရှိ နေပါသည်။ သူ့အမည်က မောင်စိန့်ဖြစ်ပါသည်။ ဒေးဗရိန်းရွာကိုရောက်ရောက်ချင်း မောင်စိန့်အိမ်ကို သွားရာ အဆင်သင့်ပင် မောင်စိန့်ကို တွေ့ရ၏။

မောင်စိန့်က၊ "ဟာ…ဆရာတို့ပါလား။ ကိစ္စရှိသလား" ဟုမေးသည်။

"မရှိပါဘူးမောင်စိန်။ ဒါပေမယ့် ရဟန်းတစ်ပါးနဲ့ တွေ့ချင်တယ်"

"ဘယ်လိုရဟန်းလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"အင်းရေးနေတဲ့ ဆရာတော်ရှိတယ်လို့ ကြားရတယ်။ အဲဒီဆရာတော်ကို ဖူးတွေ့ချင်လို့ မောင်စိန်"

မောင်စိန်က "ကိုင်း...ဒါဆို ကိုယ်တော့်ဆီသွားကြမယ်"ဟုဆိုလျက် ရှေ့မှဦးဆောင်ပြီး ဒေးဗရိန်းရွာနှင့် တစ်မိုင်ခန့်ဝေးသော အုံ့ဆိုင်းစွာပေါက်နေသော တောတွင်းထဲကို ခေါ်ဆောင်သွားပါသည်။

ထိုနေရာ ထိုဒေသသည် သစ်ရိပ်၊ ဝါးရိပ်များနှင့် ပြည့်နှက်နေသည်။ မြသပိတ်တောင်စွယ်နှင့် ဆက်စပ်လျက်ရှိသော အေးချမ်းတိတ်ဆိတ်သောနေရာ ဝါးကျောင်းလေး။ ကျောင်းရဲ့ပတ်ဝန်းကျင်မှာ ညီညာသောမြေ၊ သန့်ရှင်းသောမြေ၊ သစ်ရွက်မရှိသောမြေ၊ ကျောင်းရှေ့တွင် သရက်ပင်၊ ပိန္နဲပင်၊ မရန်းပင်၊ ဒူးရင်းပင်၊ ကနစိုပင်၊ အို...စားပင်တို့က စုံလို့။ ကျွန်ုပ်တွေ့လိုက်ရသောမြင်ကွင်း။ ဤနေရာကို ကျွန်ုပ်တို့သုံးဦး ခြေသံကိုဖွဖွနင်းပြီး ဝင်ခဲ့သည်။

ကျောင်းအပြင်မှ ကျောင်းလေးအတွင်းကို လှမ်းကြည့်ရာ ရဟန်းတစ်ပါးကို ကြည်ညိုစွာ ဖူးမြင်လိုက်ရ၏။ အသက်အားဖြင့် ၈၀ ကျော်ကျော်ခန့်ရှိမည်ထင်သည်။ ထိုရဟန်းမှာ သူ့အလုပ်ကို လုပ်နေဟန်ရှိသည်။

ကျွန်ုပ်တို့ဆရာတပည့်သုံးဦးမှာ ကျောင်းရှေ့ သရက်ပင်ရင်းရှိ ဝါးတန်းလျားပေါ်တွင် ထိုင်လိုက်ကြပါသည်။

ကျောင်းတွင်းမှအသံ "တကာတို့ ဝင်ခဲ့ကြလေ"ဟု ရဟန်းတော်မှ လှမ်း၍ခေါ်လိုက်သည်။

"မှန်ပါ့ဘုရား"ဟု ကျွန်ုပ်တို့သုံးဦးစလုံးမှ ပြိုင်တူပြန်၍လျှောက်လိုက်ကြသည်။ ကျောင်းပေါ်သို့ တက်သွားကြပြီး ရဟန်းတော်အား ဦးသုံးကြိမ်ချ၍ ကန်တော့ကြသည်။ ကျောင်းရဲ့အကျယ်အဝန်းမှာ ဆယ်ပေခန့်ရှိမည်ထင်ပါသည်။ ကျောင်းတွင် အသုံးအဆောင်ပစ္စည်းဟူ၍ မည်မည်ရရမရှိလှပါ။

ထူးဆန်းစွာမြင်တွေ့ရသည်က ဘုရားကျောင်းဆောင်ရဲ့အောက်တွင် ကျောက်သင်ပုန်းချပ်များ စုပုံထားသည်မှာ အမြင့်သုံးပေခန့်ရှိမည်ထင်သည်။ အချို့မှာ ကွဲနေပြီး အချို့မှာ ချွတ်ယွင်းနေဟန်ရှိသည်။

ကျွန်ုပ်က "ဆရာတော် ကျောက်သင်ပုန်းတွေက များလှချည်လားဘုရား၊ ဘာတွေစီမံထားပါသလဲ"ဟု လျှောက်ရာ

"ဒကာလေး...ဒီကျောက်သင်ပုန်းတွေက ကျုပ်အင်းကစားထားတာ။ ပျက်လို့ စုပုံထားတာပါ။ ရော့ကြည့်"ဟု စုပုံထားသော အပေါ်ဆုံးကျောက်သင်ပုန်းတစ်ချပ်ကို ကျွန်ုပ်ကို ပြပါသည်။

အံ့ဩဖွယ်ရာတစ်ခုကို တွေ့ရ၏။ ဒါက ရေးပြီးသားအင်းဆံတွေကို စိတ်တိုင်းမကျ၍ ဖျက်ရာမှ ကျောက်သင်ပုန်းမှာ လက်ညိုးတစ်ချောင်းစာအပေါက်များ ပေါက်နေသည်ကို မြင်ရပါသည်။

ကျွန်ုပ်လည်း ဆရာတော်အား သိလိုသည်များကို မေးမြန်းလျှောက်ထားကြည့်ရာ အင်းဝိဇ္ဇာဖြစ်ရန် ကြိုးစားနေကြောင်း၊ နေ့မအားညမအား အင်းကိုပဲ အမြဲလေ့ကျင့်နေကြောင်း၊ မကြာမီ ကိစ္စတစ်ခုပြီးမည်ဟု မိန့်ကြောင်း စသည်တို့ကို စိတ်ရှည်ရှည်နှင့် မိန့်ဆိုပါသည်။

ဆရာတော်သည် တစ်ပါးတည်းနေထိုင်သည်မှာ နှစ်ပေါင်း ၈၀ ကျော်ပြီ ဖြစ်ကြောင်း တစ်ပါးတည်းနေထိုင်ပြီး အနီးအနားရွာများတွင် ဆွမ်းခံကြွပြီး ဆွမ်းစားကြောင်း၊ အခြားကျင့်စဉ်အနေဖြင့် တရားထိုင်၊ မေတ္တာပွားများ၊ သင်္ကန်းတစ်စုံ၊ သပိတ်တစ်လုံးနှင့် နေထိုင်ကြောင်း၊ တစ်ခါတစ်ရံ သစ်သီးစား၍ကျင့်ကြောင်း စသည်တို့ကို မိန့်ဆိုပါသည်။

"ကိုင်း...တကာလေးလည်း အင်းကို ဝါသနာပါတယ်ဆိုရင် ဒီကျောက်သင်ပုန်းလေးကို ပေးလိုက်မယ်။ လိုသလိုအသုံးပြုနိုင်တယ်"ဟု ပြောဆိုပြီး ကျွန်ုပ်ကို အင်းကစားပြီးသား လက်ညိုးတစ်နေရာစာပေါက်နေသော သိဒ္ဓိဝင်ကျောက်သင်ပုန်းတစ်ချပ်ကို ပေးပါသည်။ ကျွန်ုပ်လည်း ဆရာတော်အားဦးချ၍ ကျောက်သင်ပုန်းလေးကို တရိုတသေယူဆောင်ပြီး ပြန်ခဲ့ပါတော့သည်။

နောင်နှစ်ပေါင်း ဆယ်နှစ်ခန့်အကြာတွင် သတင်းမှ စာတစ်စောင်ရောက်လာပါသည်။ ဆရာတော်သည် ထိုဝါးကျောင်းမှ အပြီးအပိုင် ပျောက်ကွယ်သွားကြောင်း၊ သူ့ဆွဲထားသော ကျောက်သင်ပုန်းများလည်း မရှိတော့ကြောင်းဟူသတည်း...။

ပထမံဆရာကြီး ဦးအောင်သ



www.burmeseclassic.com

www.burmeseclassic.com

# သူတော်စင်ပီဋကကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ

ဝိဇ္ဇာရေ ဆရာအောင်

**၁၁ ဖွယ်ထူးခြား ဇလီတောင် ဆရာတော်ဘုရား**

ကျွန်ုပ်သည်က ႏ ဇလီတောင် ဆရာတော်ကြီးအကြောင်းကို သိချင်၊ ကြားချင်နေသည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပါပြီ။ ဇလီ တောင်ဟူသော ဆိုင်းဘုတ်ကို ရန်ကုန် မြို့ တောင်ဥက္ကလာနှင့် သဃ်န်းကျွန်း [illegible]ဆုံအနီးတွင် တွေ့မြင်ခဲ့ပါသည်။

ဆရာတော်ကြီးရဲ့ သတင်းအစ [illegible]ကို မသိရပါ။ သို့သော် ကျွန်ုပ်ရဲ့ စိတ်ထဲမှာ အလွန်ကြည်ညိုနေမိပါ [illegible]။ ယခု ကျွန်ုပ်စာရေးချိန် အသက် [illegible]ကျမှ ဇလီတောင် ဆရာ [illegible]ကြီးနှင့် မဂ္ဂုသကာနတ်ပန်းခေတင်း [illegible] လာဘ်မိုးရွာစာပေမှ ထုတ်ဝေ [illegible]သော "မှတ်မှတ်ရရ မင်းသိခ်" [illegible]စုံ)အထူးထုတ်မဂ္ဂဇင်းတွင် [illegible]ဆရာအေးဝေ (သရက်)ရေး [illegible] ဇလီတောင်ဆရာတော်ကြီးနှင့် [illegible]ခေတင်းပါးကို ဖတ်ရ၍ ဆရာ [illegible]ကို ကျေးဇူးတင်ရင်း ဆရာ့ရဲ့ [illegible]ထဲမှ အချို့ကို ထုတ်နုတ်၍ [illegible]ကြောင်း။



www.burmeseclassic.com

ဇာလီတောင်ဆရာတော်ကို ရေဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့နယ်၌ ခမည်းတော် ဦးဘိုးရှိန်၊ မယ်တော်( ) တို့မှ သက္ကရာဇ် ၁၂၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်နေ့တွင် ဖွားမြင်သည်။

သက္ကရာဇ် ၁၂၈၆ ခုနှစ်တွင် ဆရာတော် ပဏ္ဍုဝံသ ထံ၌ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံတော်မူသည်။ မန္တလေးမြို့ ဝိသုဒ္ဓါရုံကျောင်းတွင် ငါးဝါ စာပေကျမ်းဂန်များကို သင်ယူတော်မူပြီး မြို့၌မပျော်၊ တောရိပ်ကိုခို အေးချမ်းစွာ တရားကိုရှုမှီးလိုသဖြင့် တစ်ပါးတည်း ပြည်နယ်နှင့် တိုင်းတစ်ခွင် လှည့်လည်ပြီး ဂန္ဓာရီကို ကြွတော်မူသည်။

ထို့နောက် ဘူမိနက်သန် အောင်မြေမှန်ဖြစ်သော ဇာလီတောရတွင် တရားအလုပ်ကို အားထုတ်နေတော်မူသည်။ ဆရာတော်ကြီးသည် သဒ္ဓါ၊ ဝီရိယ၊ ပညာ၊ သမာဓိ တရားလေးပါးနှင့်အညီ ကျင့်ကြံအားထုတ်နေတော်မူသည်။

ဆရာတော်သည် အချိန်နှင့်တစ်ပြေးညီ မိမိ၏ဂူအတွင်း၌ တရားအလုပ်ကို အားထုတ်နေသည်။ အသားလွတ်ဆွမ်းဟင်းလျာများဖြင့် ပြီး၏။ သူ၏ စရဏအရှိန်ကောင်းမှုက ပန်းသတင်း လေညင်းဆောင်ပြီး ဆရာတော်ကြီး ဘဒ္ဒန္တ သုမင်္ဂလာသာမိကို လူအများက ဆည်းကပ်ကိုးကွယ်ကြ၏။

ဆရာတော်ကြီးသည် ၁ဝဝ ကေရှိ တောရ၏ ပရိဂုဏ်ကို သတ်မှတ်၍ သစ်တောသစ်ပင်များစိုက်၍ တိရစ္ဆာန်များအား ဘေးမဲ့တောအဖြစ် တည်ထားခဲ့သည်။

မဟာဇာလီတောရကား အောင်လံမြို့မှ အနောက်ဘက်သို့ လှမ်း၍မျှော်လိုက်ပါက စိမ်းညို့ညို့ ဇာလီသင်ပုန်း ကဝေထုံး၊ မြစ်မင်းရေ ဆီးကာပိတ်နေ သရက်မြေဟူ၍ ရှေးလူကြီးများ ဆိုစကားရှိခဲ့သည်။ သရက်မြို့၏ တောင်ဘက်၌ ထုံးတောင်တောင်၊ အနောက်ဘက်တွင် ကဝေတောင်မောင်နှမနှင့် ငွေသင်ပုန်းတောင်တန်းကြီးက ဆီးကာထားပြီး မြောက်ဘက်အနီးတွင် ဇာလီတောင်နှင့် အရှေ့ဘက်တွင် မြောက်မှ တောင်သို့စီးဆင်းလာသည့် မြစ်မင်းရေက သရက်မြို့နှင့် ဇာလီတောရ၏ သာယာလှပမှုကို ပန်းချီကားတစ်ချပ်သဖွယ် ရှုမဆုံးရှိနေသည်။

အောင်လံမြို့၏ အနောက်ဘက် ရေဝတီမြစ်နှင့် ပွန်းချောင်းဦးတွင် ဇာလီတောရ၏ ဘုရား စေတီသာသနိကအဆောက်အအုံကြီးများက နတ်ဘုံနတ်နန်းတမျှ ရှိလှ၏။ မြို့၏အနောက်ဘက်ရှိ ကဝေတောင်မောင်နှမမှာ ရှစ်မိုင်ခန့်ကွာဝေးပြီး သမိုင်းဝင်ရှေးဟောင်းဘုရား၏ နေရာတွင် သရက်ပင်တစ်ပင်ရှိ၏။ ဆရာတော်ကြီး ဘဒ္ဒန္တကုမာရသီရိ(ပျံလွန်တော်မူ)က လွန်ခဲ့သောနှစ်ပေါင်း ၃ဝ ကျော်က ဘုရားထပ်မံတည်ပြီးနောက် ဆရာတော်က ဤစေတီနှင့် ထိုအရပ်မှာ တစ်နေ့တွင် လူစည်ကားရာဒေသဖြစ်၍ ဘုရားမှာ တန်ခိုးကြီးအံ့ဟု မိန့်ဆိုခဲ့၏။

ဇာလီဆရာတော်ကြီးသည် သင့်တင့်သော ကျောင်းသင်္ခမ်းဖြင့် သီတင်းသုံးနေခဲ့သည်။ တပည့်များက သင်္ဘောကြီး သဏ္ဌာန်နှင့် ခြောက်ထပ်တိုက်ကြီးကို ဆောက်လုပ်လှူဒါန်းကြသည်။ ဆရာတော်ကြီး၏ ဆန္ဒတော်အရ သရက်မဟာဇာလီတောတွင် သတ္တုငါးမျိုးကိုစီရင်ပြီး ပဉ္စလောဟာ ဓာတ်ပေါင်းစု ကိုယ်တော်ပုံကို သွန်းလောင်းကာ ကိုးကွယ်ခဲ့သည်။

ဇာလီဆရာတော်ကြီးသည် အချိန်နှင့်အမျှ တရားအလုပ်ကို အားထုတ်၍ သတ္တဝါများအပေါ် ရင်ဝယ်သားကဲ့သို့ ကြင်နာသနားတော်မူ၍ အစဉ်စောင့်ရှောက်တော်မူသည်။ ဆရာတော်ကြီး စီရင်အပ်သော ပရိတ်ဆီ၊ ပရိတ်ရေ၊ ဆီစိမ်ကွင်း၊ လက်ဖက်၊ စိပ်ပုတီး စသည်တို့ဖြစ်ပါသည်။ ဆရာတော်ကြီးသည် တောင်ဝှေးကို အမြဲကိုင်ဆောင်လေ့ရှိပါသည်။ အဆိုပါတောင်ဝှေးနှင့် ထိတွေ့သမျှအရာအားလုံး အစွမ်းထက်လှပါ၏။ ဆရာတော်ကြီးထံတွင် အလွန်ရှားပါးလှသည့် မဥ္ဇူသကနတ်ပန်းပွင့်ကို တွေ့ရပါသည်။ ထိုအပင်မှာ တောတိုင်း တောင်တိုင်းတွင် ပေါက်လေ့မရှိပါ။

ဆရာတော်၏ မိန့်ဆိုချက်မှာ မဥ္ဇူသက နတ်ပန်းဆိုသည်နှင့်အညီ အလွန်ရှားပါး၍ ဆေးဘက်ဝင်လှသော ဩဇာလေးနက်၍ သက်ကြီးရွယ်အိုများနှင့်သင့်ကြောင်း ထိုပန်းကို ပုလင်းထဲတွင်ထည့်ထားပါက ကြာလျှင် ပျားရည်ကဲ့သို့ အသွင်ပြောင်းကာ သင်းပျံ့မွှေးကြိုင်၍ ချိုပါသည်။

ထိုမဥ္ဇူသကနတ်ပန်းသည် နံ့သာမျိုးစုံဖြင့် ပရွှေကာ ဗုဒ္ဓါ ရဟန္တာတို့ သီတင်းသုံးရာ ဂန္ဓမာဒနတောင်တွင်သာ ပေါက်သည်ဆိုပါသည်။ ထိုတောင်သည် ပဲနောက်ပါအဆင်း

www.burmeseclassic.com

ခြင်းပြီးသည်။ နောက် ၄င်းတောင်တွင် ဆေးပင်၊ နံ့သာပင်များသာ ပေါက်ခြင်း။ လဆန်းပက္ခနှင့် လဆုတ်ပက္ခတို့၌ ပြောင်းပြောင်ထွန်းပခြင်း။ တောတောင်တွင် ငွေငှ၊ ပတ္တမြားတွေ့ရှိခြင်း။ ထိုပန်းသည် ဂန္ဓမာဒါနတောင် ပတ္တမြားဂူ၌ပေါက်ခြင်း။ ထိုတောင်သည် အမြင့်ယူဇနာတစ်ရာ၊ အချင်းယူဇနာတစ်ရာရှိခြင်း။ အရှင်ပစ္စေကဗုဒ္ဓတို့ကြွလာသော် ရတနာမဏ္ဍပ်ကြီးထဲသို့ တင့်တယ်ခြင်း။ ပန်းအမွှက်များကို တစ်ဦးတစ်ယောက်မှ မသိမ်းရဘဲ လေဖြင့်ပြန်ယူဆောင်၍ စုရုံးထားခြင်း။ ခပ်သိမ်းသောဘွဲ့ဟူ၍ ပန်းမွေ့ရာခင်းခြင်း။ အနောတတ်ရေအိုင်မှရေကို လေပြန်ယူဆောင်၍ ပက်ဖျန်းပေးခြင်း။ ပစ္စေကဗုဒ္ဓတို့ စုဝေးခြင်း။ သမာပတ်ဝင်စားခြင်း (ဝါ) ပွင့်တော်မူခြင်း။ ပန်းတကာတို့ထက် မွှေးကြိုင်သောဂုဏ်ရှိခြင်းတို့ ဖြစ်သည်။ မဥ္ဇူသကနတ်ပန်းသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က သိကြားနှင့်နတ်များက နေ့စဉ်ဆက်ကပ်တယ်လို့ ဆိုပါတယ်။ ဒီအပင်ကို ဝေဿဝဏ်နတ်မင်းကြီး ဦးဆောင်ပြီး ကုမ္ဘဏ်တစ်ထောင် စောင့်စေတယ်လို့ဆိုပါတယ်။ အံ့ဖွယ်ရာ ဖြစ်ပါ၏။

ထိုမဥ္ဇူသကနတ်ပန်းသည် လူမမီသောပန်း၊ သို့မဟုတ် နတ်ပန်းဖြစ်သည်။ မြန်မာ့ပန်းများတွင် အမြင့်ဆုံး၊ အမြတ်ဆုံးနှင့် အမွှေးဆုံးပန်းဖြစ်သည်။ လေသင့်လျှင် တစ်မိုင်ခရီးပန်းကျင်ထိ မွှေးသည်။ မဥ္ဇူသကနတ်ပန်းပင်မှာ အပင်ကြီးမျိုးဖြစ်၍ အောက်ခြေပင်စည်မှာ မန်ကျည်းပင်နှင့်တူလှပြီး အရွက်မှာ ငါးလက်မခန့်ရှည်၍ ဖျက်တစ်လက်မခွဲခန့် ရှိပြီး အရွက်မှာ အခိုင်လိုက်ဖြစ်သည်။ ပန်းပွင့်ချိန်မှာ အလွန်ထူးခြားသည်။ နှစ်စဉ်ပွင့်ချိန်မှာ တန်ခူးလဆန်း သင်္ကြန် အကြိုနေ့တွင် စ၍ပွင့်ကာ နှစ်ဆန်း ၁ ရက်နေ့အထိ ဖြစ်သည်ဟူ၍ ဇာလီတောင်ဆရာတော်ကြီး၏ လက်ရင်းတပည့်ဖြစ်သော အရှင်ဝဇီရဗုဒ္ဓ ကိုယ်တော်ကြီးက မိန့်ကြား၍ သိရပါသည်။

ဇာလီတောင်ဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလာသာမိဆေထေရ်မြတ်သည် ၁၉၈၇ ခုနှစ်တွင် ဝေဒနာစွဲကပ်လာသဖြင့် မိမိ၏လက်ရှိရုပ်ခန္ဓာကို စွန့်ခွာလိုသည်။ ဆရာတော်၏ခန္ဓာကိုယ်တွင် စွဲကပ်နေသည့် ရောဂါများကို တပည့်အားလုံးက ကုသခွင့်တောင်းကြ၏။ ဆရာတော်ကြီးက ခွင့်မပြုပါ။ မိမိရုပ်ခန္ဓာကို အမှီပြု၍ ကပ်ငြိနေသော သတ္တဝါများ ချမ်းသာစေလိုသည်က ဆရာတော်၏ ဆန္ဒပင်ဖြစ်ပါသည်။

## ဝိဇ္ဇာလမ်းမြန်းကြွခြင်း

ဆရာတော်ကြီးသည် ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဆရာတော်ကြီးသည် ခန္ဓာဟောင်းကို စွန့်ပြီး ထွက်ရပ်လမ်းသို့ မြန်းကြွတော်မူလေသည်။

## ထူးဆန်းအံ့ဖွယ်ရာများ

ထိုနေ့နံနက်တွင် ကျီးများပြို၍ တောင်ဝှမ်းတစ်ခွင်တွင် ကျီးအာသံများ လွှမ်းမိုးနေသည်။ ထိုစဉ် မြီးမှပြန်ကြွလာသော ကိုရင်လေးတစ်ပါးက ဆရာတော်ကြီးသည် ကောင်းကင်မှကြွသွားကြောင်းကို ပြောပြသည်။

ထိုအချိန်၌ပင် ကုန်းကျောက်ကြီးရှိ ကပ်ကျော်ဘုရားစေတီကို ကောင်းကင်မှရှေ့ရှုဖြင့် ကြွမြန်းလာပြီး ဘုရားလိုဏ်ဂူအတွင်းသို့ ကြွသွားကြောင်းကို ထိုဘုရားတွင်ရှိနေသည့် ရှင်လူတပည့်များအားလုံး ဖူးမြော်ရသည်ဆိုပါသည်။ အချိန်တန်၍ ဂူပြင်သို့မကြွသဖြင့် တပည့်များက ဘုရားဝင်းအတွင်းကို ဝင်ရောက်ကြည့်ရာ ဆရာတော်ကြီးကို လုံးဝမတွေ့ရသည့်အတွက် တပည့်အားလုံးက အံ့သြ၍နေကြတော့၏။

ဒါကြောင့် ကျွန်ုပ်သိချင်နေသော ဇာလီတောင်ဆရာတော်ကြီးအကြောင်းကို ရေးသားပူဇော်လိုက်ရသဖြင့် အလွန်ပင် ဝမ်းမြောက်ပီတိဖြစ်ရင်း ဤသို့မှတ်တမ်းတင်ခြင်းမှာ ဇာလီတောင်ဆရာတော်ကြီးသည် အံ့သြဖွယ်ရာ ရဟန်းဝိဇ္ဇာမိုရ်ကြီးဖြစ်ပါပေသတည်းဟူ၍ ဆိုလိုက်ပါရစေ။

---

**ဝိဇ္ဇာဓရ ဆရာအောင်**

---

**မှီငြမ်း**

- ဆရာတော်ကြီးများ၏ ထေရုပ်ပတ္တိနှင့် ကျင့်စဉ် ပုတီးစိပ်၊
- ဆရာအေးဝေ(သရက်)
  ဇာလီတောင်ဆရာတော်ကြီးနှင့် မဉ္ဇူသကနတ်ပန်း။



www.burmeseclassic.com

www.burmeseclassic.com


မိသားစုတိုင်း အိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်

သင့်ဘ၀တစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ် ဟောထားသည့် စာအုပ်
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်

**အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ**

**သင့်ဘ၀ တစ်သက်တာ 'ဗေဒင်ဟောကိန်းများ**

**စာအုပ် ထွက်ပြီ**

**ညွှန့်ခိုင်မာ(ကျောက်ဆည်)**

**ညွှန့်လွင်(စက်မှုတက္ကသိုလ်)**

ဖုန်း-၀၉-၃၃၂၇၃၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွှန့်လွင် - အမှတ်-၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။
ယခင် တစ်အုပ် ၆၀၀၀ ကျပ်၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်





တက္ကသိုလ်

# နန်းဦး

စားတော်ဆက်

သန့်ရှင်းလတ်ဆတ်သော တရုတ်အစားအစာ မြန်မာအစားအစာများကို ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်၍ စိတ်တိုင်းကျတည်းခိုလိုလျှင် တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ကြွလှမ်းခဲ့ပါလို့ ဖိ ာ်ခေါ်ပါရစေ။

ကျိုက်ထီးရိုးဘုရားသို့ ရော ာ်ခဲ့လျှင် ကျိုက်ထီးရိုးရင်ပြင်တော်
မုဆိုးဘုရားလမ်းရှိ တက္ကသိုလ်နန်းဦး စားတော်ဆက်သို့
ဝင်ရောက်သုံးဆောင်ဖို့ မမေ့နဲ့နော်။

တက္ကသိုလ်နန်းဦး စားတော်ဆက် - ကျိုက်ထီးရိုးရင်ပြင်တော် မုဆိုးဘုရားလမ်း၊ ဖုန်း - ၀၉-၈၈၅၃၂၆၀


www.burmeseclassic.com

www.burmeseclassic.com

# ဗာဂျီးနီးယားမှ စာ(၁)

■ မောင်ကောင်းမြင့်

ရက်စွဲတွန်
၁၀ မေ ၂၀၁၅

**မိတ်ဆွေများနှင့် ချစ်ခင်သူများသို့**

ဗာဂျီးနီးယားပြည်နယ်ကို ပြည်နယ်တစ်ခုအဖြစ် မသိမီကပင် မိမိနှင့် ရွယ်တူများဖွာရော ဆေးပြင်းလိပ်(စီးကရက်)သောက်သုံးသူများအားလုံး ဗာဂျီးနီးယားတိုဘက်ကိုး (Tobacoo in Virginia) ဆိုတာကို ကြားပြီးသိပြီး ဖြစ်ကြမှာပါ။ ဆေးရွက်ကြီးထဲမှာ ဗာဂျီးနီးယားဆေးရွက်ကြီးဆိုတာ နာမည်ကြီးလှပါတယ်။ ဆေးရွက်ကြီးရဲ့ သမိုင်းအစရင်းမြစ်က စပိန်ကပါ။ Spanish seeds လို့ခေါ်ကြတယ်။ ဗာဂျီးနီးယားဟာ အင်္ဂလိပ်ကိုလိုနီ ဖြစ်စဉ်ကာလလွန်ခဲ့တဲ့ နှစ် ၇၀၀ ကျော်ကတည်းက ဒေသခံတို့ဖြစ်ကြတဲ့ တိုင်းရင်းသားများဟာ စိုက်ပျိုးနေထိုင်မှု ရှိခဲ့ကြတယ်။ ၁၆၁၂ နှစ်မှာ John Rolfe ဆိုသူဟာ ဗာဂျီးနီးယားကို စပိန်ဆေးရွက်ကြီးမျိုးစေ့ ယူလာပြီး စိုက်ပျိုးခဲ့တာဟာ မူရင်းအမည်ပျောက်ပြီး ထွက်ရှိတဲ့ဒေသရဲ့ အမည်ဖြင့် ကျော်ကြားခဲ့တော့တယ်။ ဒါဟာ ဗာဂျီးနီးယားပြည်နယ်ရဲ့ ကမ္ဘာသိ ကျော်ကြားမှုပါပဲ။

ဗာဂျီးနီးယားပြည်နယ်သူ ပြည်နယ်သားတွေက ဂုဏ်အယူဆုံးကတော့ "သမ္မတတို့မွေးဖွားရာမြေ Birth place of President" ဆိုတဲ့ ဂုဏ်ပုဒ်ပဲ။ အမေရိကန်ပြည်ထောင်စုကို လွတ်လပ်ရေးစတင် ယူပေးခဲ့တဲ့ ပထမဆုံးသမ္မတ (၁၇၈၉-၁၇၉၇)ဖြစ်တဲ့ ဂျော့(ချ်)ဝါရှင်တန်မှစပြီး အားလုံး သမ္မတရှစ်ယောက်ဟာ ဗာဂျီးနီးယားပြည်နယ်သားတွေဖြစ်တယ်။ တတိယသမ္မတ(၁၈၀၁-၁၈၀၉) သောမတ်(စ်)ဂျက်ဖာဆင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးဆောင်ရေးဆွဲခဲ့တဲ့ ပညာရှင်ဖြစ်ပြီး လုပ်ရည်ကိုင်ရည် စွမ်းဆောင်မှုအကောင်းဆုံး ဖြစ်ခဲ့သူဟာလည်း ဗာဂျီးနီးယားပြည်နယ်သားပဲ။ ပထမကမ္ဘာစစ်ကြီးကို နိုင်အောင်တိုက်ခဲ့ပြီး နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ သမ္မတ ဝုဒ်ရိုးဝီလ်ဆင် (၁၉၁၃-၁၉၂၁)ဟာလည်း ဗာဂျီးနီးယားနယ်သားတွေ ဖြစ်ကြပေတယ်။ သမ္မတသက်တမ်း နှစ်ဆယ်စီ ထမ်းဆောင်ခဲ့ကြတယ်။ ဘယ်နိုင်ငံသားမဆို၊ ဘယ်လူမျိုးမဆို "ဇာတိပုညှ၊ ဂုဏ်မာန"ရှိကြတာချည်းပါပဲ။ ဒါကြောင့် သင့်ကြောင့် သင့်လူမျိုး သင့်နိုင်ငံ၊ သင့်မိသားစုဂုဏ်ဆောင်နိုင်အောင် ကြိုးစားဖို့ လူတိုင်း တာဝန်ရှိကြတယ်။

ဗာဂျီးနီးယားပြည်နယ်ဟာ လူဦးရေ ရှစ်သန်းကျော်ရှိပြီး မြို့တော်က Richmond ဖြစ်တယ်။ University of Virginia ကို သမ္မတသောမတ်(စ်)ဂျက်ဖာဆင် တည်ထောင်ခဲ့တယ်။ ပြည်နယ်ထဲမှာရှိတဲ့ Arlington National Cemetery (အာလင်တန်အမျိုးသားသင်္ချိုင်း)၊ ပင်တာဂွန် စစ်ဌာနချုပ်နှင့် Marine Corps Memorial Iwo Jima Statue (အင်ဝိုဂျီးမားကျွန်းတွင် အောင်လံစိုက်ခဲ့သော အမေရိကန်တပ်ဖွဲ့ရုပ်တု)တို့ဟာ သမိုင်းဝင် အဆောက်အအုံနှင့် ရုပ်တုတွေပဲဖြစ်တယ်။ (ဤအောင်လံထူ ဓာတ်ပုံသတင်းအကြောင်းကို သတင်းမီဒီယာလောက(၆) စံတော်ချိန်သတင်းစာ ၈-၉-၂၀၁၄ နှင့် "သတင်းမီဒီယာလောက" စာအုပ် စာမျက်နှာ ၄၅-၄၉ တွင် ဖတ်ရှုနိုင်ပါသည်)

မိမိတည်းခိုသော ဦးမြင့်သိန်းနှင့် မစုတို့နေရာ အိမ်ဘေးတွင် ရေကူးကန်တစ်ကန်ရှိသည်။ ကန်အမည်က Dog Wood Pool ဖြစ်တယ်။ Dog Wood ပန်းတစ်ကိုင်းနှင့်အပွင့်ကို ဖော်ပြထားတယ်။ ငှက်ကတော့ Cardinal ဟုခေါ်ကြတယ်။ အနီရောင်အမောက်နှင့်မို့ အောက်ချင်းငှက်(ချင်းပြည်တွင်တွေ့ရသည်)ဆန်ဆန် ငှက်ပဲ။ Reston မြို့ကလေးဟာ သစ်ပင်တွေ၊ တောအုပ်တွေ၊ စမ်းချောင်းလေးတွေနှင့် အတော်သာယာတယ်။ ပတ်ဝန်းကျင်ကို သဘာဝအတိုင်း ပြုပြင်ထိန်းသိမ်းထားတယ်။ ရေကူးကန်တစ်ဝိုက် လမ်းလျှောက်ကြတော့ သစ်ပင်တိုင်းမှာ နံပါတ်(အပင်အရေအတွက်)ပါတဲ့ သတ္တုပြားဝိုင်းကလေးများ ရိုက်ထားတယ်။ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင် စိမ်းလန်းသာယာရေး ထိန်းသိမ်းမှု စရိတ် အခွန်ဆောင်ပေးဆောင်ကြရတယ်လို့ သိရတယ်။

ဗာဂျီးနီးယားမှာလည်း ဒေသဆိုင်ရာ အခမဲ့သတင်းစာတွေရှိကြတယ်။ ရထားဘူတာ၊ ကားမှတ်တိုင်တွေမှာ သေတ္တာများဖြင့် ထားပေးတယ်။ ထုံးစံအတိုင်း သွားယူပြီးဖတ်ကြည့်တယ်။ ဝါရှင်တန်ပို့စ်သတင်းစာကြီးက(ရောင်းချသော သတင်းစာစောင်ဖြစ်သော်လည်း) အခမဲ့ထုတ်ဝေပေးတဲ့ ဆိုက်သေးသတင်းစာကလေး Experss ဟာ ဝါရှင်တန်ပို့စ်သတင်းစာကြီးထဲက အများသိထိုက်တဲ့ သတင်းများကို ဖော်ပြထားတယ်။ အခမဲ့ဝေပေးနေတဲ့ Alexandria, Times, Washington, Citypaper, Epoch Times စတာတွေနှင့်အတူ နိုင်ငံရေး အခမဲ့သတင်းစာလို့ ဆိုရမယ့် Politico ဆိုတာတွေကို ဖတ်ရတယ်။ (စပိန်ဘာသာဖြင့်ထုတ်ဝေပေးသော အခမဲ့သတင်းစာတွေလည်း တွေ့ရတယ်) အခြားသတင်းစာတွေလည်း ရှိကြသေးတယ်။ Washington Blade သတင်းစာကတော့ အထော်စုံတယ်။ သည်သတင်းစာတွေဟာ ကြော်ငြာနှင့် ရပ်တည်နေကြပုံဖြစ်တယ်။ သတင်း၊ ဆောင်းပါးစုံသလို ကြော်ငြာအားလည်း ကောင်းလှတယ်။

အခမဲ့သတင်းစာတွေထဲမှာ ထူးထူးခြားခြားတွေ့ရတာက Beacon ဆိုတာပဲဖြစ်တယ်။ အသက်ကြီးသူတွေနှင့်ဆိုင်တဲ့ သတင်းတွေပဲဖြစ်တယ်။ သက်ကြီးစောင့်ရှောက်မှု(ကျန်းမာရေး လုံခြုံရေး)လုပ်ငန်းတွေကို အသားပေးဖော်ပြထားတယ်။ အသက်ကြီးပြီး ဝင်ငွေရလိုသေးတဲ့သူတွေအတွက်ပါ လုပ်ကိုင်နိုင်တဲ့အလုပ်(ဝင်ငွေရဖို့)လမ်းညွှန်ထားတာတွေလည်း ဖတ်ရတယ်။ အသက် ၆၅-၇၀ ဆိုပေမယ့် သည်နိုင်ငံမှာ အလုပ်လုပ်နေကြဆဲပဲ။ သက်ကြီးရွယ်အိုများဟာ စျေးဝယ်တာ၊ သွားတာ၊ လာတာမှာ တတ်နိုင်သလောက် မိမိတစ်ဦးတည်း ဆောင်ရွက်နိုင်အောင် ကြိုးစားကြတယ်။ (လူသွားစင်္ကြံလမ်းတွေက ကောင်းတော့၊ ကျယ်တော့ လျှပ်စစ်ဘီးတပ်ကုလားထိုင်ဖြင့် မိမိဖာသာသွားလို့ရတယ်။ ကား၊ ရထားပေါ်ကို တပ်နိုင်အောင်နှင့် အခန်းတွေထဲဝင်နိုင်အောင် လမ်းတွေရဲ့အတက်အဆင်း နေရာတွေကို ပြေပြစ်အောင်လုပ်ထားပေးတယ်။)

ပြောရဦးမယ်။ ရန်ကုန်မှာ လူသွားစင်္ကြံ platform က စျေးရောင်းဖို့ဖြစ်နေတယ်။ လူတွေ ကားလမ်းပေါ် ဆင်းလျှောက်။ စင်္ကြံလမ်းက မိုးများဒေသမို့ တစ်ပေသာသာလောက်မြင့်တယ်။ ကျဉ်းကလည်းကျဉ်း။ စျေးသည်ကလည်း အပိုင်းစီးထားတယ်။ နောက်ပြီး နိမ့်မြင့်လုပ်ထားတာက မတ်စောက်နေတယ်။ (ဘယ်စက်တပ်ကုလားထိုင်မပြောနှင့်၊ လူပင်မလျှောက်နိုင်တော့ဘာမှအကျိုးမပြုဘူး ဖြစ်နေတယ်။) ဘယ်တော့များမှ စင်္ကြံလမ်းပေါ်မှ လူတွေ ကောင်းကောင်းသွားလာရမလဲ။ မသိ။ စျေးသည်တွေက စည်ပင်သာယာကို နေ့တွက်ပေးပြီး လူသွားစင်္ကြံလမ်းကို ဝယ်ထားတယ်လို့ သတ်မှတ်ထားကြတာ။ ယခုအခါ လူသွားစင်္ကြံပေါ်မှာပဲ ချက်ပြုတ်ခင်းကျင်းရောင်းချပြီး ညအခါမှာပင် သူတို့ပစ္စည်းတွေကို သည်အတိုင်းထားခဲ့တဲ့အထိ စည်းကမ်းမဲ့နေကြပြီ။ ဘယ်တော့များမှ "စည်းကမ်းရှိသော ဒီမိုကရေစီ"နိုင်ငံကြီး ဖြစ်ပါ့မလဲလို့ ယုဉ်နှိုင်းတွေးမိတော့ "မျက်စိနှင့်နားလို" ကြည့်မမြင်ရတဲ့ဘဝပဲ။ လူတွေကို စည်းကမ်းမဲ့စေပြီး မိမိတာဝန်ကိုမလုပ်ဘဲ နေ့တွက်ကောက် အိတ်ထဲထည့်နေတဲ့ "စည်ပင်သာယာ"ဟာ လူထုအတွက် ဝန်ပိစေတာပဲရှိတယ်။ အကျိုးမရှိဘူး။ (စည်ပင်သာယာရွေးကောက်ပွဲကို လူထုက စိတ်မဝင်စားတာ အဓိကအဖြေပဲ။)

ကဲ…ထားကြစို့။ သည်ကိစ္စက အတော်ရှည်သွားပြီ။

ဗာဂျီးနီးယားက "ပတ်ဝန်းကျင် စိမ်းလန်းသာယာရေး"အလွန်ဂရုစိုက်တယ်။ သစ်ပင်သစ်တောတွေနှင့် သဘာဝအလှကို ထိန်းထားတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ လူတွေရဲ့မိသားစုအလိုက် ဝေငွေဟာ ပျမ်းမျှယေဘုယျအားဖြင့် တစ်နှစ်လျှင် ဒေါ်လာခြောက်သောင်းလောက်ရှိတယ်ဆိုပဲ။ (တစ်လလျှင် ငါးထောင်ပျမ်းမျှ)လို့ဆိုတယ်။ အမေရိကန်ပြည်ထောင်စုမှာ အဆင့်(၈)လို့ဆိုပဲ။ မိသားစုဝင်ငွေဆိုတာ ယေဘုယျအားဖြင့် အိမ်ထောင်စုဝင်များရဲ့ အခငွေ၊ လစာအခြားထောက်ပံ့မှုမှရငွေစသဖြင့်တို့ကို ထည့်သွင်းတွက်ချက်ထားခြင်းပဲဖြစ်တယ်။ သဘောကတော့ အိမ်ထောင်စုဝင်ငွေ ယေဘုယျသဘောပါပဲ။ အမေရိကန်နိုင်ငံမှာလည်း ဆူကြဲနိမ့်မြင့်ရှိကြတယ်။ အမြင့်ဆုံးက မေရီလန်းပြည်နယ်ဖြစ်တယ်။ အနိမ့်ဆုံးကတော့ မစ္စစ္စပီပြည်နယ်လို့ ဆိုတယ်။

မောင်ကျော်မြင့်



www.burmeseclassic.com

www.burmeseclassic.com

# နတ်ချင်းတိုက်သည့်စစ်ပွဲမှ
# အနန္တပစ္စည်း၊ ရန္တပစ္စည်း နတ်ညီနောင်

■ နန်းကြော့သျှင်

### တာဝတိံသာနတ်နှင့် အသူရာနတ်တို့စစ်ပွဲ

တာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်တွင် ယူဇနာတစ်သောင်းကျယ်သောအရပ်၌ တည်ရှိ၍ ဘုံဗိမာန်တို့သည် မြေနှင့် ဆက်သွယ်တည်ရှိ၏။ တစ်ဝန်းကျင်၌လည်း စကြဝဠာအဆုံးတိုင်ရောက်အောင် ကောင်းကင်ပြင်၌ နတ်ဘုံ၊ နတ်နန်း၊ ဘုံဗိမာန်တို့ တည်ရှိကုန်၏။ မဟာသုဒဿန ရွှေမြို့တော်ကြီးတွင် သိကြားမင်း စိုးစံလေသည်။

အသုရာနတ်ပြည်သည် မြင်းမိုရ်တောင်အောက်အပြင်၌ ယူဇနာတစ်သောင်းကျယ်၏။ ဘုံဗိမာန်များလည်းရှိသည်။ ဆန်းကြယ်သော သခွတ်ပင်ကြီးသည်ရှိသည်။ ရုပ်ဆင်းအားဖြင့်လည်းကောင်း၊ သက်တမ်းအားဖြင့်လည်းကောင်း၊ တန်ခိုးအာဏာ စည်းစိမ်ရှိသော သည်အားဖြင့်လည်းကောင်း တာဝတိံသာနတ်တို့နှင့် တူကုန်၏။ ဝေပစိတ္တိအသူရိန်၊ ရာဟုအသူရိန်၊ ပဟာရာဒအသူရိန် အကြီးအကဲနတ်မင်းများ ရှိကြသည်။ ဝေပစိတ္တိ အသူရိန်နတ်မင်းသည် သိကြားမင်းမိဖုရား သုဇာတာနတ်သမီး၏ ခမည်းတော်ဖြစ်သည်။

ပဟာရာဒ အသူရိန်နတ်မင်းသည် ဘုရားရှင်ထံ ယနေ့သွားမည်၊ နက်ဖြန်သွားမည် စသည်ဖြင့် ကြံစည်လာရာ ၁၂ နှစ်ကြာမှ အထမြောက်လျက် အသူရာနတ်အပေါင်း ခြံရံကာ မြတ်စွာဘုရားရှိရာ ဝေရဉ္ဇာပြည်သို့ ဖူးမြော်ရန်ရောက်လာသော နတ်မင်းဖြစ်သည်။ အသူရာနတ်တို့သည် ယခင်က တာဝတိံသာနတ်ပြည်တွင် နေထိုင်ခဲ့ကြသည်။ အရက်သေစာ သောက်စားမှုးယစ်လျက်ရှိကြကုန်၏။

သိကြားမင်းနှင့် နတ်ပရိသတ်များ ရောက်လာသောအခါ အသူရာနတ်များ အရက်မူးနေစဉ် ခြေထောက်နှစ်ချောင်းဆွဲကိုင်ပြီး မြင်းမိုရ်တောင်အောက်သို့ ပစ်ချလိုက်ကြသည်။ ရှေးဘုန်းရှေးကံကြောင့် ယူဇနာတစ်သောင်းကျယ်သော အရပ်တွင် ဘုံဗိမာန်သစ်များပေါ်လာကာ ထိုနေရာမှာပင် နေထိုင်ကြသည်။ ထိုနတ်ပြည်တွင် သခွတ်ပန်းပွင့်သောအခါ မိမိတို့ ယခင်နေထိုင်ခဲ့သော တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပန်းပွင့်ချိန် ရောက်ပြီဟု သတိရကြပြီး လက်နက်စွဲကိုင်ပြီး တာဝတိံသာနတ်တို့အား မကြာခဏ စစ်တိုက်လေ့ရှိကြ၏။

အသူရာနတ်ပြည်သည် ဤစကြဝဠာ၌သာ ရှိပုံရသည်။ ဘုရားရှင်သမယသုတ်ပေဟာတော်မူစဉ် အခြားသော စကြဝဠာများမှ တရားနာလာရောက်ကြသော နတ်များတွင် အသူရာနတ်ဟူ၍ တစ်ဦးတစ်ယောက်မှ မပါရှိပေ။ တာဝတိံသာနတ်နှင့် အသူရာနတ်တို့ စစ်တိုက်ကြရာတွင် ထိခိုက်ဒဏ်ရာရခြင်း မရှိပေ။ ထိတ်လန့်ကြောက်လန့်ရုံမျှသာ ဖြစ်ကြကုန်၏။ အသူရာနတ်တို့ကနိုင်၍ တာဝတိံသာသို့ ရောက်လာကြသည်ဖြစ်စေ၊ တာဝတိံသာနတ်တို့က နိုင်၍ အသူရာပြည်သို့ ရောက်လာကြသည်ဖြစ်စေ မြို့တံခါးပိတ်လိုက်လျှင် မည်သို့မျှမတတ် နိုင်တော့ပေ။ ထို့ကြောင့် အယုဇ္ဈပုရ ရန်သူတို့မအောင်နိုင်သော ပြည်နှစ်ပြည်ဟု ဆိုကြကုန်၏။

သိကြားမင်းသည် ရန်ငြိုးထားကာ အသူရာနတ်တို့ရန်မှ ကာကွယ်ရန် မြင်းမိုရ်တောင်ပထမအာလိန်၌ နဂါးတို့ကို အစောင့်ထား၏။ ဒုတိယအာလိန်၌ ဂဠုန်၊ တတိယအာလိန်၌ ကုမ္ဘဏ်၊ စတုတ္ထအာလိန်၌ ယက္ခဘီလူး၊ ပဉ္စမအာလိန်၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့အား အစောင့်ချထားပေသည်။

ဟိန္ဒူဘာသာအရ အသူရာနတ်တို့နှင့် နတ်ဘီလူးစသည်တို့သည် ပရမီသွာ(သျှိမား)နတ်မင်းထံ ပူဇော်ပသလေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိကြသည်။ နတ်မင်းကြီးကလည်း ကောင်းချီးပြုဆုများ ပေးလေ့ရှိသည်။ အသူရာနတ်တို့ကား နတ်မင်းကြီးပေးသော ကောင်းချီးပြုဆုများကို အလွဲသုံးစားပြု၍ နတ်တို့အား တိုက်ခိုက်စစ်ပြု၍ သောင်းကျန်းမှုကာကွယ်ရန်အသုံးပြုကြသည်။

ထိုအခါ သိကြားမင်းနှင့် အခြားနတ်တို့သည် နတ်ဘီလူးများတိုက်ခိုက်၍ ရှုံးနိမ့်သည်ကို မခံမရပ်နိုင်ဖြစ်၍ ပရမိသွာနတ်မင်းကြီးထံ တိုင်တန်းကာ အနှောင့်အယှက်ပြုနိုင်သူတစ်ယောက် ဖန်ဆင်းပေးရန် တောင်းပန်ကြသည်။ ပရမိသွာနတ်မင်းကြီးသည် လှပတင့်တယ်သော နတ်သားတစ်ယောက်ကို မိမိသားအဖြစ် ဖွားစေလေသည်။ ဗိဃနေဆွာရ (Vighneswara)ဟု အမည်ပေးလိုက်သည်။ နတ်ဘီလူးတို့ အနှောင့်အယှက်ပေးခြင်း၊ နတ်တို့ကို အကူအညီပေးခြင်း ပြုလုပ်စေသည်။ ထိုဗိဃနေဆွာရနတ်သည်ပင် မဟာဝိန္နဲနတ် ဖြစ်လေသည်။

### စစ်ပွဲများတွင် နတ်များပါဝင်တိုက်ခိုက်ရန် ဟံသာဝတီဆင်ဖြူရှင်မင်း (ဘုရင့်နောင်)၏ အမိန့်တော်ပြန်တမ်း

မြန်မာရာဇဝင်တွင် ဘုရင့်နောင်ဖောင်ဖျက်နှင့် နောင်ရိုးစိတ်ဓာတ်သည် သမိုင်းဝင်တင်ကျန်ခဲ့သော စကားဖြစ်သည်။ မွန်ကြည်းတပ်ကိုတိုက်သော တိုက်ပွဲတွင် ကျော်ထင်နော်ရထာ၏ ခိုင်မာပြတ်သားသော စိတ်ဓာတ်ဖြစ်သည်။ နောင်ရိုးချောင်းတစ်ဖက်တွင် ရန်သူ့မွန်တပ်ရှိသည်ကို ဖောင်ဖွဲ့ပြီး ချောင်းကို ကူးတိုက်ရမည်ဖြစ်သည်။ ရန်သူမွန်တပ်ကလည်း ဆင် ၂၀၀၊ မြင်း ၇၀၀ ကျော်၊ သူရဲရှစ်သောင်းခန့်ကို ဗညားဒလ(သူရှင်တကာရွတ်ပိ) ဦးဆောင်ထားသည်။ ကျော်ထင်နော်ရထာတပ်တွင် စစ်သည်သူရဲကတစ်ဖက်၊ မွန်တပ်ထက် ထက်ဝက်ခန့် အင်အားကလည်းနည်းပါးသည်။

တစ်ဖက်ကမ်းသို့ရောက်လျှင် စစ်သည်ရဲမက်များ စိတ်နှစ်ခွမရှိအောင် ဖောင်များကို ဖျက်ပစ်သည်။ တပ်မှူးစစ်ကဲတစ်ယောက်က ရန်သူကိုမအောင်နိုင်၍ ဆုတ်ခဲ့ရသော် ဖောင်ပန်းမရှိကခက်ပြီလောဟုမေးရာ "အောင်မြင်လိမ့်မည် မစိုးရိမ်နှင့်"ဟု အမိန့်ရှိသည်။

တပ်မှူးတို့က "မအောင်မြင်ခဲ့လျှင် အပြစ်တင်မခံရပြီလော…"ဟု လျှောက်ကြရာ ကျော်ထင်နော်ရထာသည်…

"သည်စစ်ကို ငါတို့အောင်မြင်လျှင်လည်း အသက်ရှည်မည်၊ မအောင်မြင်ခဲ့လျှင်လည်း ငါတို့သေရမည်၊ သေလေပြီးသည်ကို ဘယ်သူကို အပြစ်တင်မည်နည်း"

ဟု မိန့်တော်မူသည်။ ဆိုလိုသည်မှာ ရဲမက်တို့အနေနှင့် အသေခံပြီးနိုင်အောင်တိုက်ရမည့် တစ်လမ်းသာရှိကြောင်း ပြတ်သားသည့်ဆုံးဖြတ်ချက်ကို ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။ တိုက်ပွဲနိုင်ခဲ့သလို ဘုရင့်နောင်ဘွဲ့ကိုရခဲ့သည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာသည် စစ်ဘုရင်တစ်ဆူဖြစ်သည်။ ယိုးဒယားကို ဆင်ဖြူတောင်းရာမှ ငြင်းပယ်သောကြောင့် စစ်သည်အင်အားများစွာနှင့် ချီတက်သိမ်းပိုက်နိုင်ခဲ့သည်။ ဆင်ဖြူတော်နှင့် သမီးတော်ကို ဆောင်ကြဉ်းနိုင်ခဲ့သည်။

ထိုသို့ စစ်တိုက်ရာတွင် နတ်တို့မကူညီ၊ ဝတ္တရားပျက်သည်ဟု အာဏာတော်ရှုပုံ၊ တိုက်ခိုက်ရာတွင် ပါဝင်ကူညီတိုက်ခိုက်ရမည်ဟု ၉၃၅ ခုနှစ်တွင် အောက်ပါအတိုင်း အမိန့်တော်ထုတ်ပြန်ခဲ့သည်။

"ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော ဆင်ဖြူများရှင်၊ ယက်နက်စကြာသခင်၊ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ရွှေပြည်တော်စောင့် တောင်သမန်နတ်…

ငါသည် ရှေးဘုရားအလောင်းမင်းကောင်းမင်းမြတ်တို့ကဲ့သို့ အပရိဟာနိယတရား ခုနစ်ပါးနှင့်အညီ စံတော်မူသည်။ ရွှေထီးရွှေနန်းအနီး နေရာနတ်ကွန်း။ နတ်အိမ်နှင့် နှစ်စဉ်မပြတ် နတ်ဝတ်နတ်စားအသုံးအဆောင်၊ အထုံ၊ ဆီမီး၊ ပန်းနံ့သာ၊ ရသာဘောဇဉ် အစရှိသဖြင့် ချီးမြှင့်ပြုစုသတင်းကြားတော်မူသည်။

ရှေးရှေးသော ကောရာဇ်မင်းမြတ်တို့ဝယ် ပြည်ရေးရွာမှု၊ ရန်ဆူးရန်ငြောင့်ရှင်းလင်းသုတ်သင်ရေးမှစ၍ ပြည်စောင့်နတ်တို့ အစွမ်းအလျောက် ဆောင်ရွက်ကူညီ ထမ်းကုန်ကြသည်များကို မမျှော်မထောက်၊ ငါ့ကျေးဇူးတော်ကိုသာ ခံစား၍ အမှုတော်ကို ကုန်တွင်အောင်မထမ်းသောကြောင့် သာသနာတော်မြတ်၏ အညစ်အကြေး ယိုးဒယားဘန်ကောက်စား ကောဝီလငယ်ဇို့ကို မိုလ်ခြေ ဆင်၊ မြင်း အလုံးအရင်းများနှင့် ချီတက်သိမ်းယူခစသည်။ အရေးတော်မပြီး ရှည်ကြာရသည်။ တောင်သမန်နတ် ငါ့အမှုတော်ကို ကြိုးပမ်း၍ ကုန်တွင်အောင်ထမ်းစေ။ ငါ့အမိန့်တော်အတိုင်း အမှုကိုကုန်တွင် အောင်မထမ်းလျှင် နှင်ရုပ်၊ နတ်



www.burmeseclassic.com

www.burmeseclassic.com

ထွန်းနှင့်တကွ မီးပုံ၍တိုက်မည်။ တောင်သမန်နတ်၊ တောင်ပြုံးနတ်၊ တောင်မြင့်နတ်၊ ငတောင်ကျည်းနတ်၊ မဟာဂီရိနတ်၊ မင်းညီနောင်နတ် ဝါ့အမှုတော်ကို ပြီးစီးအောင် ထမ်းရွက်စေ"

(၉၃၅ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက် ရာမရာဇတွင်···ပြန်)

### တရုတ်နတ်နှင့် မြန်မာနတ်တို့တိုက်ကြသော ငဆောင်ချမ်းတိုက်ပွဲ

အနော်ရထာ တည်ထောင်ခဲ့သော မြန်မာနိုင်ငံကြီးနှင့် ပုဂံသည် နရသီဟပတေ့(တရုတ်ပြေးမင်း)လက်ထက်တွင် ပြိုကွဲပျက်စီးခြင်းသို့ ရောက်ခဲ့ရသည်။ မှန်နန်းတွင် ဂေါတမဘုရားရှင်သည် တန့်ကြည်ဈောင်ဖျားဘက်မှ ပုဂံပြည်ကို ဗျာဒိတ်ထားတော်မူသောအခါ အင်ဖက်သုံးချပ်ကို ထီးကဲ့သို့ပြု၍ ဘုရားရှင်အား နေကွယ်ဖူးသော တောစောင့်နတ်ဘီလူးကို ပုဂံပြည်တွင် မင်းသုံးဆက်ဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ ပုဂံပြည်တွင် စလေငခွေးမင်းတစ်ကြိမ်၊ နရသူ(ကုလားကျ)မင်း တစ်ကြိမ်၊ နရသီဟပတေ့မင်းတစ်ကြိမ် မင်းသုံးကြိမ် ဖြစ်လာသောဟူ၏။ ဘီလူးဘဝမှ လာသောသူဖြစ်၍ အမျက်စောင်မာန်ကြီးသည်။ အစားကြူးသည်။ ဟင်းခွက်ပေါင်း ၃၀၀ ပြည့်မှ စားတော်ခေါ်သောမင်းဖြစ်သည်။

တရုတ်ဘုရင် ဥတည်ဘွားက ပုဂံသို့ သံများစေလွှတ်ပြီး "အနော်ရထာမင်းလက်ထက်က ရွှေပေါင်းချောင်၊ ငွေပေါင်းချောင် ဆက်သဖူးသည့်အတိုင်း ဆက်ဆောင်ပဏ္ဏာ ဆက်သရမည်ဟု တောင်းလာသည်။ နရသီဟပတေ့က သူ့ရှေ့တွင် မချေမငံပြုသည်ဟု အမျက်ထွက်ကာ တရုတ်သံတစ်ကျိပ်နှင့် မြင်းသည်စာစ်ထောင်တို့ကို တစ်ယောက်မကျန် သတ်ပစ်လိုက်သည်။ အနန္တပစ္စည်းအမတ်က လျှောက်တင်၍လည်း မရပေ။

တရုတ်ဘုရင်က စစ်တပ်ကြီးချီလာသည်။ မြင်းသည်ခြောက်သန်း၊ ခြေသည်နှစ်ကုဋေရှိ၏။ နရသီဟပတေ့လည်း စစ်သူကြီး အနန္တပစ္စည်း၊ ရန္တပစ္စည်းတို့ကို သူရဲကောင်းလေးသိန်း၊ ဆင်လုံးမြင်းရင်းနှင့် ဆီးကြိုတိုက်ခိုက်ရန် စေလွှတ်လိုက်သည်။ ငဆောင်ချမ်းမြို့သို့ ရောက်လျှင် မြို့ပြကျုံးမြောင်း ခိုင်ခံ့အောင်ပြင်ဆင်ပြီး ဗန်းမော်မြစ်ကို ကူးကာ ခုခံတိုက်ခိုက်ကြသည်။ တရုတ်မြင်းတပ်ကို မြန်မာဆင်တပ်ကတိုက်ရာ တရုတ်တို့ဆုတ်ရသည်။ တရုတ်တို့ကလည်း မြင်းကဆင်း၍ တောခိုကာ မြားမိုးရွာအောင် ပစ်ခတ်သောကြောင့် မြန်မာဆင်တပ်သည် မြားချက်များကို မခုခံနိုင်ဘဲ တပ်ပျက်အော့ ဆုတ်ရသည်။ တရုတ်တို့ မြစ်ကိုကူးမိလေလျှင် ငဆောင်ချမ်းလည်း ပျက်လေသည်။

ထိုတိုက်ပွဲတွင် တရုတ်စစ်တပ်နှင့်အတူ တရုတ်နတ်များလည်း ဝင်ရောက် တိုက်ခိုက်ကြသည်။ မြန်မာဘက်မှ ပုဂံမြို့တံခါးစောင့် တေပသင်နတ်၊ စလင်းဝတ်သားကန်စောင့်နတ်၊ ကန်ရှည်စောင့်နတ်၊ ငတင်ကျေးရှင်နတ်တို့ မြားချက်ထိမှန်ကုန်ကြသည်။ ငဆောင်ချမ်းတပ် ပျက်သောနေ့တွင် တေပသင်နတ်သည် ပုဂံသို့ ပြန်ရောက်လာသည်။ မင်းဆရာ အိပ်ပျော်နေစဉ် ခြေထောက်ကိုလှုပ်နှိုးပြီး···

"ဆရာတော်ဘုရား ငဆောင်ချမ်းတပ်ကြီး ပျက်သွားပါပြီ။ ကျွန်ုပ်လည်း မြားသင့်ခဲ့ပါတယ်။ စလင်းဝတ်သားကန်၊ ကန်ရှည်၊ ငတင်ကျေးရှင်နတ်တို့လည်း မြားသင့်မှန်ခဲ့ပါတယ်"

ဟု လျှောက်တင်သည်။ ဆရာတော်သည် တပည့်မောင်ရှင်ကိုခေါ်ပြီး မင်းကြီးထံသွားလျှောက်ချေဟု လွှတ်လိုက်သည်။ မင်းကြီးက အဘယ်ကြောင့် ငဆောင်ချမ်းတပ် ပျက်သနည်းဟုမေးရာ မောင်ရှင်က -

"သရပါတံခါးစောင့် တေပသင်နတ်က ငဆောင်ချမ်းက ပြန်ရောက်လာပြီး ဆရာတော်ကို လျှောက်သောကြောင့် သိရပါတယ်"

ဟု လျှောက်တင်ခဲ့သည်။

မင်းကြီးလည်း မှူးမတ်များနှင့် တိုင်ပင်သည်။ တရုတ်တပ်ကြီးလည်း ရှေ့သို့ ချီတက်လာနေပြီဖြစ်သည်။ ပုဂံမြို့သည် မြို့ကျဉ်းသလို မြို့စောက်လည်း နိမ့်သည်။ သူ့ရဲဗိုလ်ပါ ဆင်လုံးမြင်းလုံး မခံသာ။ အရှေ့မြစ်ညာ ပယင်းရွာတောင်ဘက် ရွာသာမြို့ကို မြို့တည်ပြီး ခုခံမည်ဟု အကြံရှိသည်။ အလျင်အမြန်တည်ဆောက်ရန် အုတ်ကျောက်တို့ လွယ်လင့်တကူမရနိုင်။ ဘုရားဂူကျောင်းတို့ကို ဖျက်ပြီး အုတ်ယူမှရမည်ဟု အမိန့်တော်ထုတ်ပြန်ပြီး ဖျက်လေသည်။ ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်သောင်း၊ ကုလားကျောင်း သုံးထောင် ပျက်သော ဟူ၏။

ထိုသို့ ဂူများပျက်ရာ ဂူကြီးတစ်လုံးတွင် ကြေးနီပုရပိုက်နှင့် အနံ့ရာဇသိုက်ကိုရ၍ ဖတ်စေရာ ပုဂံတွင် သားမြေးလက်ထက် တရုတ်ဖျက်၍ ပျက်လတ္တံ့ဟု စာတွင်ပါသောကြောင့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်တော်တို့အား စစ်မေးရာ ကိုယ်လုပ်တော်ငယ်တွင် အမြွာဖွားကြောင်း သိလိုက်ရသည်။ မင်းကြီးလည်း မြို့တည်ခဲ့လည်း နိုင်မည်မဟုတ်ဟု သက္ကရာဇ် ၆၄၆ တွင် အောက်ပြည်ပုသိမ်ထိ အောင်ပြေးလေသည်။ ထိုမင်းကို တရုတ်ကြောက်၍ပြေးသောကြောင့် "တရုတ်ပြေးမင်း"ဟု ခေါ်ကြသည်ဟု မှန်နန်းတွင် ဖော်ပြထားသည်။

ငခေါင်ချမ်းတွင် တိုက်သော တရုတ်-မြန်မာစစ်ပွဲတွင် မြန်မာစစ်တပ်ကို ဦးဆောင်သော စစ်သူကြီးနှစ်ဦးမှာ အနန္တပစ္စည်း၊ ရန္တပစ္စည်း ညီအစ်ကိုနှစ်ယောက်ဖြစ်သည်။ နာမည်ရင်းကား ပုဂံအုတ်လုကြီး၊ ညောင်ဦးအုတ်လုငယ် အမည်တွင်သည်။ အမတ်ကြီးရာဇသင်္ကြံ၏သားများ ဖြစ်ကြသည်။ အဖေသေသောအခါ ညီအစ်ကိုနှစ်ယောက်သည် အဖအမည် ရာဇသင်္ကြံကို လုကြသည်။

မင်းကြီးက အမည်သည် လိုရင်းမဟုတ်။ သတ္တိအရည်အချင်းသာ လိုရင်းဖြစ်သည်။ မင်းကြီးကိုယ်တိုင် အကြီးကို အနန္တပစ္စည်း၊ အငယ်ကို ရန္တပစ္စည်းဟု ဘွဲ့ပေးခဲ့သည်။ ရန္တပစ္စည်းအမည်ရသော အုတ်လုငယ်သည် ရာဇဝင်တွင် ဦးခေါင်းဆံမြည့် အမှုတော်ထမ်းခဲ့သော မင်းမှုထမ်းတစ်ဦးအဖြစ် ထင်ရှားခဲ့သူဖြစ်သည်။ တစ်ချိန်က မဇ္ဈိမရိအရပ်တွင် ပုန်ကန်သူများ ထကြွသောင်းကျန်းသောကြောင့် ရာဇသင်္ကြံနှင့်အတူ စစ်သူကြီးလေးယောက် အမှုထား၍ စေလွှတ်လိုက်သည်။ ရာဇသင်္ကြံ၏သား နှစ်ယောက်ဖြစ်သော ပုဂံအုတ်လုကြီးနှင့် ညောင်ဦးအုတ်လုငယ်တို့လည်း အတူလိုက်ပါသွားကြသည်။ မဇ္ဈိမရိစားသည် အညံ့ခံပြီး အသက်ကိုလွှတ်ပါရန် အခွင့်တောင်းလာသည်။

ထိုအကြောင်းကို ရာဇသင်္ကြံက မင်းကြီးထံ သံတော်ဦးတင် လျှောက်ထားရန် သားငယ်ဖြစ်သူ အုတ်လုငယ်အားစေလွှတ်လိုက်သည်။ အုတ်လုငယ်လည်း စလင်းသို့ရောက်လျှင် နေ့ညအချိန်မရွေး လှေဖြင့်ဆန်တက်လာသည်။ မင်းကြီးကလည်း မဇ္ဈိမရိမှသို့ နှိမ်နင်းရန် စစ်ချီသွားသော စစ်တပ်မှ ဆက်တမန်များ ရောက်မလာသည်မှာ ကြာပြီဖြစ်သောကြောင့် လေသာပြတင်းမှ စောင့်မျှော်ကြည့်ရှုလျက်ရှိသည်။

အဝေးဆီမှ ရွက်တိုက်လာသော လှေကို မြင်တော်မူလျှင် စစ်အကြောင်းကို အလျင်အမြန်သိလိုဇောနှင့် မေးစေသည်။ လေနှင့်ပါလာသော အုတ်လုငယ်က စစ်အကြောင်းကိုမလျှောက်၊ ကျွန်တော် အုတ်လုငယ်လာသည်ဟုသာ လျှောက်တင်ခိုင်းသည်။ မင်းကြီးက ငါ့စိုးရိမ်ကြောင့်ကြတော်မူသော အကြောင်းကို အလျင်မလျှောက်၊ အုတ်လုငယ်လာသည်ဟုသာ လျှောက်ရသလောဟု အမျက်ထွက်ပြီး အုတ်လုငယ်အားသတ်စေဟု အမိန့်ထုတ်လိုက်သည်။

လူသတ်သမားတို့သည် ဓားဖွေးဖွေးနှင့် လှေဆိပ်သို့ဆင်းလာကြရာ အုတ်လုငယ်က စစ်ရေးအကြောင်း လျှောက်တင်စရာရှိပါသည်ဟု ပြောလိုက်သည်။ သူသတ်တို့ကလည်း မင်းကြီးအားပြန်လည်လျှောက်တင်ရာ အုတ်လုငယ်လာစေဦးဟု မိန့်တော်မူသည်။ မင်းကြီးရှေ့တော်မှောက်သို့ အုတ်လုငယ် အခစားရောက်ရှိလာသောအခါ အုတ်လုငယ်သည် ဦးခေါင်းတွင်ပေါင်းထားသော အဝတ်ကိုချွတ်လိုက်သည်။

ဆံပင်များက အတွေးတွေး ကျွတ်ကျလာသည်။ ထိုဆံပင်များထဲတွင် သန်းများ ကျိုကျိုတက်နေသည်ကို မင်းကြီးမြင်ပြီးမှ...

"အရှင်မင်းကြီး...အရှင့်ရဲ့အမှုတော်ကို ဦးခေါင်းဆံမြည့် ထမ်းသူဖြစ်ပါတယ်။ အရှင်မင်းကြီး မြင်တော်မမူပါ။ အလွယ်တကူ မလျှောက်သာသောကြောင့် လျှောက်တင်ခြင်းမပြုတာပါ"

ဟု လျှောက်တင်လိုက်သည်။ ထိုအခါကျမှ မင်းကြီးသည် ဟုတ်မှန်လှပေတယ်ဟု ဝမ်းမြောက်ဝမ်းသာချီးမွမ်းပြီး ရေမိုးချိုး၊ နံ့သာလိမ်း၊ ဝတ်ကောင်းစားလှများ ဝတ်စားစေပြီး စစ်ရေးစစ်ရာအကြောင်းကို လျှောက်ထားစေသည်။ စစ်အကြောင်းကို ကြားသိရပြီးနောက် မဇ္ဈိမရိစားမှစ၍ တစ်မြို့လုံးကို သစ္စာပေးစေပြီး သားနှင့်ညီတို့ကို ပုဂံသို့ခေါ်ဆောင်လာစေရန် အမိန့်ချမှတ်လိုက်သည်။ ဘုရင့်အမှုတော်ကို ဦးခေါင်းဆံမြည့် အမှုတော်ထမ်းသော သူရဲကောင်း အုတ်လုငယ်ဖြစ်သည်။


ငခေါင်ချမ်းတိုက်ပွဲတွင် ညီအစ်ကိုနှစ်ယောက်စလုံး ပြဒါးသေကိုငုံပြီး ၁၅၊ ၁၆ တောင် မြင့်အောင်ခုန်၍ ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ကြသည်။ တရုတ်စစ်သည်များကလည်း သတ်၍မနိုင်အောင် များပြားလှသည်။ ထိုးခုတ်တိုက်ခိုက်ရင်း မတရား ပင်ပန်းအားကြီးရာမှ ငုံထားသော ပြဒါးသေထွက်ကျပြီး မြားသင့်မှန်ကာ သေဆုံးသွားကြသည်။ သေသော် အနန္တပစ္စည်း၊ ရန္တပစ္စည်းနတ်များ ဖြစ်သွားကြသည်ဟု ဆိုကြသည်။

နန်းကြော့သျှင်



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော စိတ်စွမ်းအင်

ဒေါက်တာဥမ္မာ

တစ်နေ့သောအချိန်တွင် ကျွန်မထံသို့ ဗေဒင်မေး ဧည့်သည်တစ်ဦး ရောက်လာပါသည်။ ဗေဒင်မေးရင်း မိမိ၏ ထူးခြားဖြစ်စဉ်လေးများကိုလည်း ပြောရင်းပေါ့။ လူတို့တွင် ကမ္ဘာတွင် ဂမ္ဘီရကြက်ခြေပါသောသူများတွင် အထူး သဖြင့် သူများထက်ထူးခြားသော အဖြစ်အပျက်မျိုး ကြုံရ တတ်သည်။ လူထူးလူဆန်းများဟု ခေါ်နိုင်သည်။ ထိုသူ တို့တွင် မွေးရာပါ စိတ်စွမ်းအင်ကို ပိုင်ဆိုင်လာကြသည်။ သူတို့၏ အစွမ်းသတ္တိများသည် တစ်ဦးနှင့်တစ်ဦး မတူကြ သော ဖြစ်စဉ်များလည်း မတူကြ။ သို့ရာတွင် သာမန်လူ တို့တွင် မဖြစ်ပေါ်နိုင်သော ဖြစ်စဉ်များကို ခံစားကြရသူများ ဖြစ်သောကြောင့် လူထူးလူဆန်းစာရင်းထဲ ဝင်ကြပါသည်။

ယခု ကျွန်မထံရောက်လာသောသူမှာ အသက် ငါးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ သူမ သည် ပုတီးစိပ်ခြင်းကို သေချာစွာပြုလုပ်သူဟု ဆိုပါသည်။ အဓိဋ္ဌာန် ရက်ကိုးဆယ်ပြည့်ဝင်သည်မှာ မကြာခဏဖြစ် သည်ဟု ဆိုပါသည်။ ထိုအချိန်က အဓိဋ္ဌာန်များဝင်ပြီး အောင်မြင်မှုလည်း ရခဲ့သည်ဟု ဆိုသည်။ သူမ၏ဖြစ်စဉ် များကို အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် ပြောပြခဲ့သည် ကို ကျွန်မက မှတ်တမ်းတင်ထားမိပြီး စာဖတ်ပရိသတ် များကို တစ်ဆင့်ပြန်လည်ဖောက်သည်ချခြင်းသာ ဖြစ်၏။

သူမအသက် ၃၆ နှစ်အချိန်က ဖြစ်သည်။ ခင်ပွန်း ဖြစ်သူနှင့်အတူ နယ်တွင်နေစဉ်က အဖြစ်အပျက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းသည် အစိုးရဝန်ထမ်း အရာရှိတစ်ဦးဖြစ်သောကြောင့် နယ်လှည့်တာဝန်ထမ်းဆောင်စဉ် ကာလကဖြစ်သည်။ ထိုစဉ်က သူမသည် ပုတီးစိပ်ရသည်ကို နေ့စဉ်မပျက်မကွက် လုပ်ဆောင်ခဲ့သည်။ အဓိဋ္ဌာန်တင်ပြီး လုပ်ဆောင်ခြင်းကြောင့် ထိရောက်မှုလည်းရှိသည်။ သူမနေထိုင်သော အိမ်တွင်ရှိသော အစောင့်အရှောက်များကိုလည်း အိပ်မက်ဖြင့် မြင်တွေ့ခဲ့ရသည်။ ထိုစဉ်က အစိုးရလိုင်းခန်းတွင်မနေဘဲ အပြင်တွင်သာ အိမ်ငှားနေထိုင်ခဲ့သည်။ လိုင်းခန်းတွင်မနေလိုသောကြောင့် ဖြစ်သည်။ ထိုအိမ်သို့ပြောင်းပြီး တစ်လကျော်အချိန်တွင် အိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ပုဏ္ဏားကဲ့သို့ ဝတ်ဆင်ထားသော အဘိုးကြီးတစ်ဦးကို တွေ့ရသည်။ အသားသည် လွှန်စွာမည်းနက်နေသည်။ အောက်ပိုင်းတွင် အဖြူရောင်ပုဆိုးကို ဝတ်ထားသည်။ အပေါ်ပိုင်းတွင် ကိုယ်ဗလာနှင့်ဖြစ်သည်။ သူသည် ခြံအပြင်ဘက်မှာရပ်နေပြီး လက်ထဲတွင် နွားနို့ပုလင်းကို ကိုင်ထားသည်။ အိမ်နံရံတွင် ထိုသူ၏ပုံကို ချိတ်ထားသည်ကို တွေ့ရသည်။ နှာခေါင်းဝတွင် အလွန်မွှေးကြိုင်သော ရနံ့ကိုရနေသည်။ နှလုံးသားထဲထိ အေးမြသောရနံ့ဖြစ်သည်။ အပြင်တွင် ထိုသို့သော ရနံ့မျိုးကို မရှူရှိုက်ဖူးပါ။ မည်သည့်ရေမွှေးနံ့နှင့်မျှ မတူပါ။ ထိုအနံ့သည် အိပ်ရာမှ နိုးသည်အထိ နှာခေါင်းဝတွင် စွဲထင်လျက်ရှိနေသည်။

"မေမေ ...
သမီးအိပ်မက်တွေက
အရမ်းထူးဆန်းတာပဲ။
အိပ်မက်ထဲမှာမက်တဲ့
ဘုရားတွေဟာ
အပြင်မှာတကယ်ရှိပြီး
အိပ်မက်မက်ပြီးအတော်ကြာမှ
ဖူးရတတ်တာကို
သမီးသတိထားမိတယ်"

နောက်နေ့တွင် ပတ်ဝန်းကျင်မှ အမျိုးသမီးများက ကျွန်မနှင့် ဈေးတွင်တွေ့သောအခါ ကျွန်မကို ဘာများထူးခြားသလဲဟု မေးကြသည်။ ကျွန်မက အိပ်မက်ထဲမှာ ထိုအိမ်ရှိ အစောင့်အရှောက်ကို တွေ့ရသည်ဟု ပြောမိသည်။ ထိုအခါမှ ထိုအမျိုးသမီးများက ကျွန်မကြောက်မည် စိုးသောကြောင့် ထိုအကြောင်းမပြောခဲ့ကြခြင်းဟု ဝန်ခံကြသည်။ တစ်ခါတစ်ရံ ညဘက်များတွင် ထိုအိမ်တွင် အဝတ်ဖြူနှင့်လူတစ်ဦး လျှောက်သွားနေတတ်သည်ကို မြင်ကြရသည်ဟု ဆိုပါသည်။ ကျွန်မကို မကြောက်ဘူးလားဟု မေးသောအခါ ကျွန်မက မကြောက်ကြောင်း ပြန်ပြောမိသည်။

ထိုအကြောင်းကို ခင်ပွန်းဖြစ်သူအား ပြောပြသောအခါ မင်းတော့ကြောင်နေပြီဟု ဆိုသောကြောင့် နောက်ပိုင်း ကျွန်မလည်း ထိုအကြောင်းကို စကားမစပ်မိတော့ပါ။ မကြာမီပင် ကျွန်မ အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ချဲဂဏန်းကို တွေ့ရပါသည်။ ဂဏန်းသုံးလုံးသည် ချဲဂဏန်းဖြစ်ကြောင်း အစပိုင်းတွင် မသိခဲ့ပါ။ ကျွန်မကိုယ်တိုင်လည်း ချဲထိုးရသည်ကို ဝါသနာမပါသောကြောင့် စိတ်လည်းမဝင်စားပါ။ ထို့ကြောင့် ချဲမထိုးဖြစ်ပါ။ သို့သော် အနီးပတ်ဝန်းကျင်မှသူများ ချဲအကြောင်းပြောသံကြားသောအခါ ကျွန်မ အိပ်မက်ထဲက ဂဏန်းထွက်သွားကြောင်းသိရသော် အလွန်အံ့သြနေမိသည်။ နောက်ပိုင်းတွင်လည်း မကြာခဏ ချဲဂဏန်းများ မက်ပါသည်။ ထိုအခါ ထိုဂဏန်းများကို ထိုးမည်ဟု စိတ်ကူးတိုင်း အကြောင်းအမျိုးမျိုးနှင့် မထိုးဖြစ်ခြင်း၊ ထိုးပါကလည်း မိမိဂဏန်းကို မထိုးဖြစ်ဘဲ အခြားသူများပြောသော ဂဏန်းကိုသာ ထိုးဖြစ်သောကြောင့် မပေါက်ခြင်းများသာ ကြုံရပါသည်။ ကျွန်မခင်ပွန်းကို ပြောပြသောအခါ သူကလည်း မယုံသောကြောင့် မထိုးဖြစ်။ ကျွန်မ၏ကံသည် ပေးကားပေး၏၊ မရသောကံ ဖြစ်နေသည်ကို သတိပြုမိလာသည်။

သူမ ပြောသောစကားများကို ကျွန်မ ငြိမ်သက်စွာ နားထောင်နေမိသည်။ သူ၏ကံသည် ဆန်းကြယ်သည်။ စိတ်စွမ်းအားကောင်းသောသူဖြစ်သည်ကို သတိထားမိသည်။ ပုတီးစိပ်ခြင်းဖြင့် သမာဓိအားလည်း အလွန်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

သည်ကို သတိပြုမိသည်။ ထို့ကြောင့် သူမ ပြောဆိုနေစဉ် နှားထောင်ရင်း သူမ၏ ကံတရားကို စစ်ဆေးနေမိသည်။

ထိုအခါ ဆန်းတိုင်တွင် သူမ ပြောသောအကြောင်းတရားများနှင့် တိုက်ဆိုင်သောအနေအထားကို တွေ့လိုက်ရသည်။ ထိုအခါ ဆန်းပညာအတွက် သုတေသနမှတ်တမ်းတစ်ခုကို ကျွန်မရရှိခဲ့ပါသည်။ ကျွန်မဟောပြောသည်ထက် သူမက သူမအကြောင်းပြောသွားခြင်းက အမှန်တရားများဖြစ်ကြောင်း သက်သေပြလျက် ရှိပေသည်။ သာမန်လူတို့ကို ပြောပြလျှင် ထူးဆန်းသည်ဟု ဆိုလိုက်ခြင်းဖြင့် ပြီးဆုံးသွားပေမည်။ ကျွန်မကို ရင်ဖွင့်သောအခါ ထိုဖြစ်စဉ်နှင့် သူမ၏ ကံတရားကို တိုက်ဆိုင်နိုင်သောကြောင့် တန်ဖိုးမဖြတ်နိုင်သော လက်တွေ့ဆန်းဟောကွက်ကို ကျွန်မက ရရှိသွားပါသည်။

ထိုဖြစ်စဉ်များကို ၁၉၉၉ ခုနှစ်က ဖြစ်ပျက်ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က သူမ၏ ဂြိုဟ်စားသည် ၂လ်ာဂြိုဟ်စားထဲတွင် ရှိသည်။ သက်ရောက်သည် အင်္ဂါသက်ရောက်တွင်ရှိသည်။ သက်ရောက်တိုင်တွင် မွေးနံသည် ပြဿနတွင် ရှိသည်။ သူမ၏ နာမည်သည် သောကြာအစ စနေအဆုံး နာမည်ဖြစ်သောကြောင့် မွေးနံ ပြဿန၊ နာမည်ဖျား စနေသည် ထိပ်တွင်ရှိနေ၏။ နာမည်ရင်းတွင် ဗုဓယကပ်ဂြိုဟ်ရှိပြီး နာမည်ဖျားတွင် လာဘကပ်ဂြိုဟ်ရှိသည်။ စနေဂြိုဟ်တွင် လာဘကပ်သောကြောင့် နတ်များ၏ စောင့်ရှောက်ကူညီခြင်းခံရတတ်သည်။ သို့ရာတွင် နာမည်ရင်းနှင့် နာမည်များတွင် ဗုဓယနှင့် လာဘကပ်ဂြိုဟ်များကြောင့် ကပ်ဂြိုဟ်ဆန့်ကျင်ဘက် ကြုံနေသည်ကို တွေ့ရသည်။ ထိုအခါမျိုးတွင် ရလာသည့်လာဘ်နှင့် လွဲတတ်သည်။ ထို့ကြောင့် နတ်များက အိပ်မက်ဖြင့် ချဲဂဏန်းပေးသော်လည်း ကိုယ့်ကံက ဆိုးသောကြောင့် ပေးကားပေး၏၊ မရဆိုသော ကံကို ကြုံတွေ့ရခြင်းဖြစ်ကြောင်း ကျွန်မက လက်တွေ့ဆန်းဟောကွက်နှင့် သက်သေထူလိုက်နိုင်ပါသည်။

စိတ်စွမ်းအင် အဘယ်ကြောင့်ကောင်းရသနည်းဆိုသည်ကိုလည်း ကျွန်မက လေ့လာမိပါသည်။ သူမသည် ၁ ကြွင်း သောကြာသမီး ဖြစ်သည်။ နာမည်သည် သောကြာအစ စနေအဆုံး နာမည်ဖြစ်သည်။ ထို့ကြောင့် ရာဇ အထွန်းသို့ မှည့်ထားသော နာမည်ဖြစ်သည်။

အထွန်းဌာနတွင် စနေဂြိုဟ်ရှိပါသည်။ စနေသည် ဂမ္ဘီရဂြိုဟ်တစ်လုံးဖြစ်သည်။ နာမည်အဖျားသည် စနေဖြစ်ကာ စနေသည် အထွန်းဌာနတွင်ရှိခြင်း။ လက္ခဏာတွင် ဂမ္ဘီရကြက်ခြေပါခြင်းတို့သည် မွေးရာပါ စိတ်စွမ်းအင် ထက်မြက်မှုကို ဖော်ပြနေပါသည်။ ထိုသူမျိုးသည် ယခုဘဝတွင် စိတ်စွမ်းအင်ကောင်းအောင် ပုတီးစိပ်ခြင်းကို အမိဋ္ဌာန်ဖြင့် မှန်မှန်လုပ်ဆောင်ပါက စွမ်းအားပိုထက်လာကာ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သော စွမ်းအင်ကို ပိုင်ဆိုင်နိုင်ပါသည်။ အထူးသဖြင့် ထိုသူတို့သည် ထူးဆန်းသောအိပ်မက်များကို မက်တတ်ပြီး အိပ်မက်အတိုင်း အပြင်တွင်လည်း ကြုံတွေ့တတ်ပါသည်။

ထို့ကြောင့် အမျိုးသမီးတွင် စိတ်စွမ်းအင်ရှိခြင်းမှာ ပညာရပ်နှင့် ကိုက်ညီသောကြောင့် မှန်ကန်သောစိတ်စွမ်းအားဟု ဆိုရပါမည်။ ထိုဖြစ်စဉ်ကို သေချာစွာမသိသူများက ကြောင်သွားပြီဟု ထင်တတ်ကြပါသည်။ ပညာရှင်များကမူ အစစ်နှင့် အတုကို ကောင်းစွာခွဲခြားသိမြင်နိုင်ပါသည်။ ထိုစဉ်ကာလက အလှူကြီးများလုပ်ခဲ့ရသည်ဟု ဆိုပါသည်။ ဘုရားထီးတင်ခြင်း၊ ဘုရားတည်ခြင်းများကို လုပ်ခဲ့ရသည်ဟု ဆိုပါသည်။ ပုဂ္ဂိုလ်ထူးများနှင့်လည်း ဆုံခဲ့ရသည်ဟု ဆိုသည်။

ထိုစဉ်က ထူးခြားဖြစ်စဉ်ထဲတွင် အဘဘိုးမင်းခေါင်ထံမှ စိပ်ပုတီးတစ်ကုံးရခဲ့ခြင်းလည်း အပါအဝင် ဖြစ်သည်ဟု ဆိုပါသည်။ ပုတီးစိပ်ရင်း အဘပေးသော ပုတီးကို စိပ်ချင်စိတ်ပေါက်လာကြောင်း။ ထို့ကြောင့် အဘဘိုးမင်းခေါင်နှင့် တူသောသူများကို ရှာဖွေခဲ့ကြောင်း ပြောပါသည်။ ရမည့်ရတော့ အဘဘိုးမင်းခေါင် နာမ်ကိန်းသော ဆရာတော်ကြီးတစ်ပါးထံမှ ပုတီးကို ရခဲ့သည်ဟုဆိုပါသည်။ အဘဘိုးမင်းခေါင် ရုပ်တုတွင် ချိတ်ဆွဲထားသော ပုတီးများစွာထဲမှ ပုတီးတစ်ကုံးကို ကျွန်မစိပ်ရန် ယူသွားရန်ပြောသောကြောင့် ဝမ်းသာအားရယူခဲ့ပါသည်ဟု ဆိုပါသည်။ မိမိစိတ်ထဲမှ တောင့်တလိုက်သောအရာကို အပြင်တွင် အမှန်တကယ်ရသောအခါ ဝမ်းသာပီတိဖြစ်ရသည်မှာ ပြောပြနိုင်ဖွယ်ပင်မရှိဟု ဆိုပါသည်။ ဤသည်မှာလည်း သူမ၏ ထူးခြားဖြစ်စဉ်ထဲမှ တစ်ခုပင် ဖြစ်ပါသည်။

စိတ်စွမ်းအင်ထက်မြက်သူ နောက်တစ်ဦးကိုလည်း

www.burmeseclassic.com

ဆက်လက်တင်ပြပါဦးမည်။ ထိုသူသည် မူလမဟာဘုတ်တွင် ၂ ကြွင်းသမားတစ်ဦး ဖြစ်သည်။ အဓိပတိဖွားဖြစ်ကာ နာမည်သည် သန္တာဖြစ်သည်။ နာမည်အဖျားသည် စနေတွင်ဆုံးသည်။ စနေသည် ရာဇဌာနတွင် ရှိသည်။

သန္တာသည် ကျွန်မ၏သမီးကြီးဖြစ်သည်။ ထို့ကြောင့် သူမ၏စိတ်စွမ်းအင်ကို ကျွန်မက အနီးကပ်နေသောကြောင့် ပိုသတိထားမိသည်။

"မေမေ ... သမီးအိပ်မက်တွေက အရမ်းထူးဆန်းတာပဲ။ အိပ်မက်ထဲမှာမက်တဲ့ ဘုရားတွေဟာ အပြင်မှာ တကယ်ရှိပြီး အိပ်မက်မက်ပြီး အတော်ကြာမှ ဖူးရတတ်တာကို သမီးသတိထားမိတယ်"

ကျွန်မကို သမီးကြီးက ရင်ဖွင့်တတ်သည်။ သူမစကားကြားသော် သူမ၏အိပ်မက်များသည် ရှေ့ပြေးနိမိတ်များ ဖြစ်နေသည်ကို သတိပြုမိလိုက်သည်။ ထိုသို့ဖြစ်ခြင်းမှာ စနေအားကောင်းသောကြောင့် ဖြစ်သည်။ စနေဂြိုဟ်သည် ဂမ္ဘီရဂြိုဟ်တစ်ခုဖြစ်သည်။ နက်ရှိုင်းသော ပညာရပ်များနှင့်လည်း သက်ဆိုင်သည်။ စိတ်စွမ်းအားနှင့်လည်း သက်ဆိုင်သည်။ ရာဇဌာနသည် မိန်းကလေးများတွင် အားအပြည့်ရှိသည်။ ထို့ကြောင့် ကောင်းသောဌာနတွင် ရှိသော စနေသည် ကောင်းသောအာနိသင်ကို ဖြစ်စေပါသည်။

သမီးကြီးသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် မဟာဝိဇ္ဇာတန်းကို တက်ရောက်နေသူဖြစ်သည်။ အထူးပြုဘာသာရပ်မှာ အဘိဓမ္မာဖြစ်သည်။ အဘိဓမ္မာသည် နက်ရှိုင်းသော ဘာသာဖြစ်သည်။ အဓိပ္ပာယ်များကို နက်နဲစွာဖွင့်ဆိုသော ဘာသာရပ်လည်းဖြစ်သည်။ ထို့ကြောင့် သမီးကြီးသည် မည်သည့်အရာကို လေ့လာသည်ဖြစ်စေ စနစ်တကျ စူးစိုက်ပြီး လေ့လာတတ်သည်။ ပါဠိများကို အနက်မသိလျှင် မဖတ်။ ဖတ်လျှင်လည်း အနက်သိအောင် ကြိုးစားသည်။ ထိုအချက်သည် စနေဂြိုဟ်၏ အားကောင်းမှုပင် ဖြစ်သည်။

စနေဂြိုဟ် အားကောင်းသူသည် စိတ်စွမ်းအားကောင်းသောကြောင့် အနာဂတ်ကိုလည်း ကြိုတင်သိမြင်နိုင်စွမ်းရှိသည်။ မွေးရာပါဂမ္ဘီရပညာကို ကျွမ်းကျင်တတ်မြောက်သူလည်းဖြစ်သည်။ ထိုသူတို့သည် နက်နဲသော ကျမ်းများကို ဖတ်ရှုလေ့ရှိပြီး နက်နဲသော အကြောင်းအရာများကိုလည်း တွေးတောဆင်ခြင်တတ်ကြသည်။ ထို့ကြောင့်လည်း သမီးကြီးသည် အင်ဂျင်နီယာဘွဲ့အပြင်၊ ဘာသာရေးဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့လည်း ရသူဖြစ်သည်။ ထိုသူတို့သည် ဉာဏ်ပညာထက်မြက်ထူးချွန်ကြသူများ ဖြစ်၏။

"သမီး ဗေဒင်သင်ပါလား။ မေမေ သင်ပေးမယ်လေ"

ကျွန်မက သမီးကြီးအား တိုက်တွန်းမိသည်။ သမီးကြီးသာ ဗေဒင်သင်လျှင် အတော်ဆုံးဗေဒင်ဆရာ ဖြစ်လာမည်ဟုသိ၍ ဖြစ်သည်။ သူမကလည်း လိုလိုလားလားရှိသည်။ ထို့ကြောင့် မူလမဟာဘုတ်များအကြောင်းကို စတင်သင်ကြားပေးသည်။ ထိုအခါ သူမ၏ စနေစွမ်းအားသည် ပိုမိုပေါ်လွင်လာသည်ကို တွေ့ရသည်။ စနေအားကောင်းသူသည် အတွေးအခေါ်အားကောင်းသည်။ ဗေဒင်ပညာသည် တွေးတောဆင်ခြင်တတ်ပြီး ဆက်စပ်တွေးခေါ်ရသော ပညာရပ်ဖြစ်သည်။ အတွေးမှန်ပါက အပြောမှန်သည်။ အပြောမှန်လျှင် အလုပ်မှန်သည်။

သမီးကြီးသည် မူလမဟာဘုတ်ကို အတွေးဖြင့် နယ်ချဲ့တတ်သည်။ ထိုအခါ ကျွန်မက အကြွင်းတစ်ခုကို သင်ပြီးသည်နှင့် သမီးကြီးက ကျန်အကြွင်းများအကြောင်းကို တွေးတောဆင်ခြင်ဉာဏ်ဖြင့် ဆက်လက်ပြောကြားနိုင်သည်။ သာမန်လူတို့မတွေးသော အကြောင်းများကိုပင် ဆက်စပ်တွေးတောတတ်သည်။ ထို့ကြောင့် မူလမဟာဘုတ်၏ လျှို့ဝှက်ချက်များကို ကျွန်မပင် သင်စရာမလိုဘဲ သူမ၏စိတ်စွမ်းအားဖြင့် သိနိုင်ကြောင်း ကျွန်မ ကောင်းစွာနားလည်လာသည်။

သမီးကြီးကဲ့သို့ပင် အထွန်းဌာနတွင် စနေရှိသူများ၊ သိုက်ဌာနတွင် စနေရှိသူများ၊ ရာဇဌာနတွင် စနေရှိသူများသည် နာမည်ဖျားသည် ထိုဌာနများတွင် ရှိသူဖြစ်ပါက မွေးရာပါ စိတ်စွမ်းအင်ထက်မြက်သူများဖြစ်ကြောင်း လက်တွေ့လေ့လာချက်များအရ သိရှိခဲ့ပါသည်။

ဗေဒင်လေ့လာသူများအတွက် ဗဟုသုတအလို့ငှာ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

လေးစားစွာဖြင့်

**ဒေါက်တာညွှာ**



www.burmeseclassic.com

www.burmeseclassic.com

# လောကသားတို့၏ အမြင်ကို ဆန့်ကျင်ခြင်း

## နတ်ထီးလှိုင်

စိတ်ပညာအားဖြင့် လူသားတို့၏သန္တာန်(စိတ်)၌ နက်ရှိုင်းစွာ အမြစ်တွယ်နေတတ်ခြင်း နှစ်မျိုးရှိ၏။ (၁) မိမိ၏ကိုယ်ကို ကာကွယ်စောင့်ရှောက်မှုနှင့်၊ (၂) မိမိကိုယ်ကို ဆက်လက်ထိန်းသိမ်း (ရှင်သန်နေမှု)တို့ ဖြစ်ကြပါသည်။

(၁) လောကလူသားတို့သည် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ရန် (အကြောက်တရားဖြင့်) မိုးနိုးအား ထားရာ 'ထာဝရဘုရား'(နတ်ဘုရား)ကို ဖန်ဆင်းလေ၏။ မိမိကိုယ်ကြီး ဘေးကင်းလုံခြုံသွားရန် ဖြစ်ပါသည်။

(၂) လောကလူသားတို့သည် မိမိကိုယ်ကို ဆက်လက်ထိန်းသိမ်း(ရှင်သန်နေရန်)အတွက် တပ်မက်တတ်သည့် တဏှာကြောင့် အစဉ်ထာဝရ ရှင်သန်နေမည့် 'မသေသည့်သဘောရှိသော အတ္တာခေတ်မျိုး'ရှိ၏ဟူသော အယူအဆကို ကြံစည်စိတ်ကူးကြပါသည်။

လူသားတို့သည် မသိမှု = အဝိဇ္ဇာ၊ အားနည်းမှု၊ ကြောက်ရွံ့မှု၊ လိုချင်တပ်မက်ခြင်း'တဏှာ'တို့ကြောင့် မိမိကိုယ်ကို နှစ်သိမ့်နိုင်ရန် ဤအရာနှစ်မျိုးကို လိုအပ်နေပါ၏။

လူသားတို့၏ သန္တာန်(စိတ်)ထဲ၌ နက်ရှိုင်းစွာ အမြစ်တွယ်နေသောကြောင့် ၎င်းနှစ်မျိုးကို ဆန့်ကျင်သော(ဗုဒ္ဓ၏ တရား)မျိုးကို သူတို့က မကြားချင်၊ မသိချင် ဖြစ်ကြရပေသည်။

ဗုဒ္ဓ၏ တရားတော်များသည် ဤ 'မသိ၊ မိုက်မဲမှု၊ အားနည်းမှု၊ ကြောက်ရွံ့မှု၊ လိုချင်တပ်မက်မှု'များကို မထောက်ခံပါ။ ယင်းတို့ကို အမြစ်ရင်း၌ ထုခိုက်၊ ရိုက်ဖြတ်၊ ခုတ်ထစ်ဖယ်ရှား ဖျက်ဆီးခြင်းဖြင့် လူသားတို့အား ထိုးထွင်းသိမြင်မည့် အသိဉာဏ်ဖွင့်ပေးခြင်းကို ရည်ရွယ်ထားသည်။

ဗုဒ္ဓ၏ 'အနတ္တတရား'တော်သည် လောကလူသားတို့၏ မသိမှု၊ ကိုယ်ကျိုးကြည့် တပ်မက်မှုတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဤ 'အနတ္တ'(အစိုးမရခြင်း) လက္ခဏာ(သဘောတရား)များကို ဗုဒ္ဓသည် အိန္ဒိယနိုင်ငံ ဥတ္တရပဒေ့ရှ်ပြည်နယ်၊ ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်ဥယျာဉ် (SARNAT H) အရပ်တွင် ဟောကြားခဲ့ပါ၏။

### ပြည်မသိ ဗာရာဏသီ

ဗာရာဏသီသည် ကာသိက၊ ကာသိနဂရ၊ ကာသိပုရ၊ ကာသိကေတုမတီ ဟူသော အမည်များဖြင့် ထင်ရှားခဲ့သည်။ ဂေါတမဗုဒ္ဓလက်ထက်တွင် ဗာရာဏသီ(Varanasi) အမည်ဖြင့် ကာသိ(Kashi) တိုင်း၌ ရာဇဌာနီ မင်းနေပြည်တော်ကြီး ဖြစ်လာ၏။ နောင်ပွင့်လတ္တံ့သော 'အရိမေတ္တေယျ'ဗုဒ္ဓလက်ထက်တွင် 'ကေတုမတီ'ဟူသောအမည်ဖြင့် ဗာရာဏသီမြို့တွင် ဘုရားအလောင်းတော် ဖွားမြင်မည်ဟု ဗုဒ္ဓဝိသကျမ်း၌ ဖော်ပြထားသည်။

ဗာရာဏသီမြို့သည် စီးပွားရေးဗဟိုပြုရာ ဌာနကြီးဖြစ်၍ သူဌေးကုန်သည်(သေဋ္ဌာနုသေဋ္ဌိ)များ လာရောက်နေထိုင်ကြသော မြို့ကြီးဖြစ်ပါသည်။

ပါဠိပိဋကတ်တော်တွင် ဗာရာဏသီမြို့အကြောင်းကို များစွာဖော်ပြထားသည်။ ဇာတကကျမ်းများ၌လည်း ဗာရာဏသီအမည်ကို အကြိမ်ပေါင်း ရ၃၂ ခါ ဖော်ပြထား၏။

ရှေးခေတ် ဗာရာဏသီ မြေပုံပေါ်ရှိ နန်းတော်ရာ၊ သင်္ဘောပုံစံများ၏ ပန်းပု၊ ပန်းချီ အနုစိတ်လက်ရာများကို စာပေနှင့် ပေါင်းစပ်ရောနှောကာ လေ့လာခြင်းအားဖြင့် ဗာရာဏသီမြို့သည် ဘီစီ ၃ ရာစုမှ အေဒီ ၄ ရာစု၊ ထိုမှတစ်ဆင့် ၁၀ ရာစုတိုင်အောင် တည်ရှိခဲ့သည်။

### ဆန့်ကျင်ဘက်အမြင်ကို ဟောပြခဲ့သောနေ့

ဗုဒ္ဓသည် မိဂဒါဝုန်တောသို့ပင် ပထမဝါကပ်၍ သီတင်းသုံးခဲ့သည်။ ဝါဆိုလပြည့်နေ့တွင် တရားစက်ကို

www.burmeseclassic.com

စတင်လည်ပတ်မည့် (ဓမ္မစက္ကပဝတ္တန)သုတ်တော် ဟောပြီး နောက်နေ့များတွင်လည်း ၎င်းတရားကိုပင် အကျယ်အားဖြင့် ဆက်လက်ဟောပြခဲ့သည်။

'ဝပ္ပ၊ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိ'တို့ကို တစ်ရက်ခြားစီ ဟောပြ၍ သောတာပန်ဖြစ်သွားပြီး 'ပေါ်ဘိက္ခု' ရဟန်းများချည်း ဖြစ်စေ၏။ ဝါဆိုလပြည့်ကျော် ၅ ရက်ကြာသပတေးနေ့တွင် ဗုဒ္ဓသည် ပဥ္စဝဂ္ဂီရဟန်း ငါးပါးလုံးကို အနတ္တလက္ခဏသုတ်ကို ဟောပြပြီး ရဟန္တာများ ဖြစ်သွားစေသည်။ ထို့ကြောင့် ဤသုတ်သည် လောက၌ ပထမဦးဆုံး ရဟန္တာများပေါ်ပေါက်စေသော သဘောတရား ဖြစ်၏။ ၎င်းနေရာတွင် 'ဓမ္မေခ'စေတီကြီး ကျန်ရစ်တည်ရှိနေပါသည်။ ဓမ္မေခဆိုသည်မှာ 'ဓမ္မမုခ'ဟူသော စာသားမှ လာ၏။ တရားတည်းဟူသော နှုတ်ခံတွင်းဟု အဓိပ္ပာယ်ရှိပါသည်။ ဤစေတီနေရာ၌ အရိမေတ္တေယျဘုရားအလောင်းတော်အား မျှာဒိတ်ပေးခဲ့သည် ဆိုကြ၏။

## ကြောက်ရွံ့ စိုးရိမ်ခြင်း

'အနတ္တာ'(အလိုသို့ မလိုက်ပါခြင်း) တရားတော်နှင့် ပတ်သက်၍ အငြင်းပွားမှုသည် 'အတ္တာ'တည်ရှိမှုကို ငြင်းပယ်ခြင်းကြောင့် လွန်စွာကြောက်ရွံ့ စိုးရိမ်မှုပေါ်၌ အခြေခံခဲ့သည်။ လူသားတို့သည် မိမိတို့၏အသက်ဘဝများကို မကြာခဏ တပ်မက်မှု လွန်ကဲကြသောကြောင့် 'သူတို့၏ အတွင်းသန္တာန်၌ အမြဲတည်ရှိသော အစဉ်ထာဝရရှိသော တစ်စုံတစ်ရာရှိ၏'ဟု ယုံကြည်လိုကြပါ၏။

တစ်စုံတစ်ယောက်သည် ရောက်လာ၍ 'သူတို့အစဉ်ထာဝရ ဆက်လက်ဖြစ်နိုင်၊ နေနိုင်ကြောင်း 'အတ္တာဓာတ်'ကဲ့သို့သော အရာမျိုး၊ အမြဲတည်ရှိသော အရာမျိုး သူတို့၏ သန္တာန်ထဲ၌ ဘာတစ်ခုမျှ မရှိ'ဟူ၍ ပြောလာလျှင် ကြားရသူများ ကြောက်လန့်သွားနိုင်ပါသည်။ သူတို့သည် 'မိမိတို့အား ဘာ(ဘယ်အရာ)ဖြစ်လာမည်'ဆိုတာကို သိလိုကြသည်။ ချုပ်ငြိမ်းသွားခြင်းကို ကြောက်ရွံ့ကြ၏။'ဝစ္ဆဂေါတ္တ ဝတ္ထု'၌ ကျွန်ုပ်တို့ တွေ့မြင်ရသည့်အတိုင်း ဗုဒ္ဓသည် ဤအချက်(သဘော)ကို သိရှိခဲ့ပြီးပြီ။ 'ဝစ္ဆဂေါတ္တ'သည် အခြားလူများစွာကဲ့သို့ပင် အနတ္တတရားတော်ကြောင့် ကြောက်လန့်ပြီး စိတ်ရှုပ်ထွေးသွားခဲ့သည်။

'ဝစ္ဆဂေါတ္တ'မည်သော ရဟန်းသည် တစ်ချိန်က ဗုဒ္ဓထံသွား၍ 'အတ္တာရှိသလော'' ဟုမေး၏။ ဗုဒ္ဓသည် ပြန်မပြောဘဲ ဆိတ်ဆိတ်နေခဲ့၏။ ထို့နောက် 'ဝစ္ဆဂေါတ္တ'က 'အတ္တာ မရှိသလော'ဟု မေးပြန်သည်။ သို့သော် ဗုဒ္ဓက ဆိတ်ဆိတ်သာနေပြန်၏။ 'ဝစ္ဆဂေါတ္တ'ထွက်ခွာသွားပြီးနောက် ဗုဒ္ဓက အရှင်အာနန္ဒာအား ''ဝစ္ဆဂေါတသည် 'အတ္တာ'အကြောင်း စဉ်းစားရာ၌ အလွန်စိတ်ရှုပ်ထွေးသွားခဲ့၏''

(၁) ''အတ္တာသည် တည်ရှိ၏''ဟု ဗုဒ္ဓက တုံ့ပြန်ခဲ့အံ့။ မိမိသဘောမတူသော 'သဿတဒိဋ္ဌိ=အမြဲတည်ရှိ၏'ဟူသော အယူကို ဟောကြားခြင်း ဖြစ်သွားမည်။

(၂) ''အတ္တာသည် မတည်ရှိ''ဟု ဗုဒ္ဓက ပြောခဲ့ငြားအံ့။ ပုဂ္ဂိုလ်-သတ္တဝါတို့ စုတေ(သေ)သွားသော် လုံးဝပျက်စီး-ပျောက်သွားမည် = ဥစ္ဆေဒိဋ္ဌိကို ဟောသည်ဟု 'ဝစ္ဆဂေါတ္တ'မှတ်သွားနိုင်၏။ ဤဥစ္ဆေဒဝါဒသည် 'ကံတရား' တစ်ဖန် ပဋိသန္ဓေနေမှု၊ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်မှု သဘောတရားများကို ငြင်းပယ်သောကြောင့် ယင်းအယူကိုလည်း ဗုဒ္ဓက သဘောမတူချေ။

စင်စစ် 'လူ-သတ္တဝါတို့သည် နောင်ဘဝ၌ ပဋိသန္ဓေစိတ်ဖြင့် ပြန်ဖြစ်ကြရ၏။ ယင်းပဋိသန္ဓေစိတ်သည် ယခင်အတိတ်ဘဝမှ ကူးပြောင်းလာသည် မဟုတ်သော်လည်း အတိတ်ဘဝများ၌ ပါဝင်သော 'ကံ'စသည့် အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသည့် တရားမျိုးသာဖြစ်၏။ မွေးဖွားလူသူတိုင်းသည် စုတေ(သေ)ပြီးသော ပုဂ္ဂိုလ်နှင့် ထပ်တူညီသည်လည်းမဟုတ်၊ စုတေပြီးသော ပုဂ္ဂိုလ်မှ ကွဲပြားခြားနားစွာ မွေးဖွားလာသူလည်း မဟုတ်ပေ။ (နဝ စသော နဝ အညော) အရေးကြီးဆုံးဆိုရလျှင် ဗုဒ္ဓတရားတော်အရ မည်သည့်စိတ်ကူးယဉ် အတ္တာဓာတ်မျိုးမှ 'တစ်ဘဝမှ အခြားနောက်တစ်ဘဝသို့'ဆက်လက်ကူးပြောင်းဖြစ်သွားခြင်း မဟုတ်ပေ။

ဗုဒ္ဓသည် 'ဝစ္ဆဂေါတ္တ'၏ အသိဉာဏ်ရင့်ကျက်လာမည့် အချိန်ကို စောင့်ဆိုင်းနေခဲ့သည်။ 'ဝစ္ဆဂေါတ'သည် အသိဉာဏ်ရင့်အောင် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်မှုကြောင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်သွားပြီး ရဟန္တာဖြစ်သွားသော် အတ္တာရှိသလော၊ မရှိသလော ပြဿနာလည်း ငြိမ်းအေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com

## လိုရာဆွဲ အဓိပ္ပာယ်တလွဲကောက်ယူခြင်း

ဗုဒ္ဓသည် 'အတ္တာ'၏ တည်ရှိမှုကို အမှန်တကယ် ငြင်းပယ်ခဲ့သည်။ သို့သော် တချို့ပညာရှင်များက ဤသို့ မတွေးတော မဆင်ခြင်မိကြကုန်။

ဗုဒ္ဓ၏ တရားတော်ထဲမှ 'ဟာကွက် ပျောက်ကွက်'များ တို ရှာဖွေရန် ကြိုးစားကြပြီး 'ဗုဒ္ဓက အတ္တာကို အတည်ပြုခဲ့ သည်'ဟု ထည့်သွင်းရန် (ဗုဒ္ဓဘာသာမဟုတ်သည့်) ပညာ ရှင်များက ကြိုးစားခဲ့ကြပါသေးသည်။

'အာနန္ဒာကေ၊ ကုမာရဆွာမိ'နှင့် 'အိုင်ဘီဟောနား' ဆိုသော နှောင်းခေတ်ပညာရှင်နှစ်ဦးတို့သည် (၁) အမြင့် မြတ်ဆုံးသော 'အတ္တာဓာတ်'ကို ဆိုလိုသည့် 'ပြဟ္မန်=ပြဟ္မာ (ဝါ) ဖန်ဆင်းရှင် ထာဝရဘုရား=နတ်ဘုရားဟုလည်း ခေါ် သော 'အ'အကြီးဖြင့် အတ္တာအကြီးစား။ (၂) ပုဂ္ဂိုလ်= သတ္တဝါဆိုင်ရာ (အ)အငယ်ဖြင့် အတ္တာအငယ်စား၊ ဟူသော အတ္တာနှစ်မျိုးဆိုင်ရာ တရားကို ဟောကြားခဲ့ ကြောင်း သူတို့၏ စာအုပ်များ၌ ရေးသားခဲ့ကြ၏။

ဗုဒ္ဓသည် အနတ္တာအကြောင်း ဟောကြားသည့် အခါ ဤပုဂ္ဂိုလ်သတ္တဝါဆိုင်ရာ 'အတ္တာ'(အငယ်စား)ကို သာ ငြင်းပယ်ခဲ့သည်ဟု သူတို့က ဆိုခဲ့ကြသည်။ ဤပညာ ရှင်တို့သည် မိမိတို့၏ အယူအဆများကို ပါဠိဝေါဟာရတို့ အား တလွဲအဓိပ္ပာယ် • လိုရာဆွဲကောက်ယူမှုများအပေါ် အခြေခံကြသည်။ သူတို့သည် 'အတ္တာ'ဟူသော ပါဠိပုဒ်ကို တွေ့မြင်တိုင်း 'ယင်းအတ္တာပုဒ်သည် ထာဝရတည်ရှိသည့် 'အတ္တာဓာတ်'ကို ဆိုလိုသည်'ဟု ယူဆရန် ကြိုးစားကြ၏။

ပါဠိကျမ်းစာများထဲ၌ 'အတ္တာ'ပုဒ်ကို 'မိမိကိုယ်တိုင်၊ ကျွန်ုပ်ကိုယ်တိုင်'စသည်ကဲ့သို့ 'မိမိ'အနက်ဟော (Reflexive) နာမ်စားပုဒ်အဖြစ်သာ အသုံးပြုထားပါသည်။

(၁) ဤပညာရှင်တို့ ညွှန်ပြထောက်ထားသည့် စာပိုဒ်များအနက် တစ်ခုကို ဓမ္မပဒါဂါထာ ၁၆၀ တွင် တွေ့ရှိရ၏။ 'အတ္တာဟိ အတ္တနော နာထော'။ ယင်းစာ သားကို သူတို့က 'အတ္တာသည် အတ္တာ၏ ကိုးကွယ်အား ထားရာ အရှင်သခင်'ဟု ဘာသာပြန်ကြလေသည်။ 'တစ်လောကလုံးဆိုင်ရာ အကြီးစား အတ္တာသည် ပုဂ္ဂိုလ် သတ္တဝါဆိုင်ရာ 'အငယ်စားအတ္တာ'၏ အရှင်သခင်ဖြစ် ၏'ဟု ယင်းစာသားကဆိုလိုသည်ဟု ၎င်းတို့ကဆိုကြသည်။

အမှန်အားဖြင့် 'မိမိသည် မိမိ၏ ကိုးကွယ်အား ထားရာ အရှင်သခင်'ဟု ဆိုလိုပါသည်။ ဟိန္ဒူဝါဒ၏ 'ထာဝရတည်ရှိသည့်' 'အတ္တာဓာတ်'ကို မဆိုလိုပါ။

'ကောဟိ နာထော ပရောသိယာ' အခြားအဘယ် သူသည် ကိုးကွယ်ရာ၊ အားထားရာ အရှင်သခင် ဖြစ်နိုင် အံ့နည်း။

ဤဒုတိယစာကြောင်းဖြင့် အတ္တာပုဒ်သည် 'အတ္တာ ဓာတ်'ကို မဆိုလိုကြောင်း ထင်ရှားလှ၏။

ဗုဒ္ဓက လူတို့အား ဓမ္မကို အားထုတ်ရာ၌ မိမိ ကိုယ်တိုင် မိမိတို့၏ အားထုတ်မှုအပေါ်၌ မှီခိုအားထား ကြရန် သူတစ်ပါးအပေါ်၌ မမှီခို၊ အားမထားကြရန် တိုက် တွန်းထားပါသည်။

(၂) နောက်စာပိုဒ်မှာ မဟာပရိနိဗ္ဗာနသုတ်ထဲမှ 'အတ္တဒီပါ ဝိဟာရထ အတ္တသရဏာ အနညသရဏာ'ဖြစ် သည်။ ဤတွင်လည်း 'အတ္တာကို မိမိတို့၏ ကျွန်းအဖြစ်၊ မှီခိုရာအဖြစ်ပြုကြရန် ဗုဒ္ဓက ကျွန်ုပ်တို့အား သင်ပြနေ သည်'ဟု ၎င်းဆရာကြီးများက ဆိုကြပြန်၏။ အဓိပ္ပာယ် အမှန်ကား ''မိမိ(သင်)တို့ကိုယ်ကို ကျွန်းအဖြစ် မှီခိုရာ အဖြစ်ထားရှိ၍ အခြားသူတစ်ပါးကို မှီခိုရာအဖြစ် မထားရှိ ဘဲ နေထိုင်ကြလော့'ဟူ၍ ဖြစ်ပါသည်။

နောက်စာကြောင်း၌ ဗုဒ္ဓက 'ဓမ္မဒီပါ ဝိဟာရထ ဓမ္မသရဏာ အနညသရဏာ'= ဓမ္မဟူသော ဗုဒ္ဓတရားတော် ကို ကျွန်းအဖြစ်၊ ဓမ္မကို မှီခိုရာအဖြစ်ထားရှိ၍ အခြား ဘယ်အရာကိုမျှ မှီခိုရာအဖြစ်မထားရှိဘဲ နေထိုင်ကြကုန် လော့ ဟူ၏။

ဗုဒ္ဓက ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်၍ သူ့တပည့်များ ကို (ဗုဒ္ဓအပေါ်၌ပင်) မှီခိုခြင်းမပြုကြဘဲ မိမိတို့၏ ကြိုးစား အားထုတ်မှုအပေါ်၌ (ဗုဒ္ဓ၏)တရားအပေါ်၌သာ မှီခို အား ထားကြရန် ညွှန်ကြားထား၏။

ဗုဒ္ဓက ရဟန်းတို့အား ရုပ်၊ ဝေဒနာ၊ စိတ်၊ ဓမ္မများ ကို အာရုံတင်ရှုမှတ်ခြင်း၊ သတိပဋ္ဌာန်လေးပါးကို မိမိတို့၏ မှီခိုရာ အားထားရာအဖြစ် ကျင့်ကြံအားထုတ်ကြရန် တိုက် တွန်းခဲ့ပါသည်။ ထိုပညာရှင်တို့၏ 'အတ္တာ'ပုဒ်ကို 'အတ္တာ ဓာတ်'အဖြစ် (မှားယွင်း)ယူဆမှုသည်လည်း အထက်ပါ စာပိုဒ်နှင့် လုံးဝမသက်ဆိုင်ကြောင်း ထင်ရှားပါ၏။

(၃) မှားယွင်းသာဘာပြန်ထားသော နောက်စာပိုဒ်



www.burmeseclassic.com

www.burmeseclassic.com

မှာ 'ဝိသုဒ္ဓိမဂ်'ကျမ်းပါ 'ဗုဒ္ဓတ္တာ ... ဗုဒ္ဓါ'ဖြစ်၏။ ဗုဒ္ဓ + အတ္တာဟု အပုဒ်ခွဲယူကာ 'ဗုဒ္ဓသည် (အသိဉာဏ်) နိုးထသော အတ္တာဓာတ်'ဟု မှားယွင်းစွာ ဘာသာပြန်ခဲ့ကြ၏။ ဗုဒ္ဓ+တ္တ (ဘာဝိဒ္ဓိတ်နာမ်ပြုပစ္စည်း= ဒ်တ္တ) + အာ(ပံ-ဝိဘတ်)ဟုမှန်ကန်စွာ ပုဒ်ခွဲ၍ယူရမည်။ ဘာသာပြန်အမှန်ကား 'သူသည် သိဖွယ်တရားများကို သိသောကြောင့် (သဒ္ဒတ္တ=မူရင်းအနက်အရ သိမြင်သောသူ၏ အဖြစ်ကြောင့်) ဗုဒ္ဓဖြစ်၏'ဟူ၍ ယူရမည်။

ပါဠိတော်၌ ဗုဒ္ဓက 'အတ္တာ'ကို ငြင်းပယ်ထားချက်များစွာရှိ၏။ ဗုဒ္ဓသည် 'ယုံကြည်လက်ခံလျှင်၊ သောက= စိုးရိမ်ခြင်း၊ ပရိဒေဝ = ငိုကြွေးခြင်း၊ ဒုက္ခ = ဆင်းရဲခြင်း၊ ဒေါမနဿ = စိတ်ဆင်းရဲခြင်း၊ ဥပါယာသ = ပြင်းစွာပူပန်ခြင်း'တို့ကို မဖြစ်စေသည့် 'အတ္တာဝါဒ'မျိုးကို ငါဘုရားမြင်တော်မမူ'ဟု မိန့်ကြားခဲ့သည်။ 'အတ္တာကိုဖြစ်စေ၊ အတ္တာနှင့်ဆိုင်သည့် တစ်စုံတစ်ရာကိုဖြစ်စေ အမှန်မတွေ့ရှိနိုင်သောကြောင့် စကြဝဠာ=လောကကြီးသည် 'အတ္တာ' ဖြစ်၏ဟု စိတ်ကူးယဉ်အယူအဆသည် လုံးဝဥဿုံ အသိဉာဏ်ကင်းမဲ့ = မိုက်မဲမှုပင်မဟုတ်ပါလော'ဟုလည်း မိန့်ခဲ့ပေသည်။'အတ္တာဝါဒ = ယုံကြည်မှု'သည် ဆင်းရဲဒုက္ခသို့ ပို့ဆောင်မည့် မှားယွင်းသောအယူ (မိစ္ဆာဒိဋ္ဌိ)ဖြစ်ပေ၏။

မိစ္ဆာဒိဋ္ဌိ=မှားယွင်းသော အယူတို့သည် မကောင်းသော လိုချင်တောင့်တ-တပ်မက်မှုများနှင့် ပြုကျင့်မှုများကို ဖြစ်ပေါ်ရာအကြောင်းရင်းဖြစ်သောကြောင့် ယင်းတို့ကို ငြင်းပယ်ရမည်။

မဇ္ဈိမနိကာယ်သုတ် ၂၂ တွင် 'အတ္တာဝါဒ'၌ ယုံကြည်မှုသည် (မိမိကိုယ်ကို နှစ်သက်တပ်မက်မှု ဖြစ်ပေါ်လာ၍) ကိုယ့်ကျိုးကြည့်မှုနှင့် မာန်ထောင်ပလွှားမှုကို ဖြစ်စေသော အယူအဆ အယူဝါဒသာလျှင် ဖြစ်၏ဟု ဆိုသည်။

'ဗြဟ္မဇာလသုတ်'တွင် မှားယွင်းသော ယူဆတွေးတောမှု (မိစ္ဆာဒိဋ္ဌိ)များအားလုံးကို ဗုဒ္ဓကရှင်းပြထားပြီးဖြစ်သည်။ ထိုအယူမှားများအနက် တစ်ခုကား 'ထာဝရတည်ရှိနေသော အတ္တာဓာတ်တစ်မျိုးရှိ၏'ဟူသော အယူဝါဒမှာ အမှားယွင်းဆုံးဖြစ်ပါသည်။

'အနတ္တာ' တရားတော်သည် 'ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အရေးပါပြီး သိနားလည်ဖို့ရန် အလွန်ခဲယဉ်းလှ၏။ ရုပ်နာမ်အစု အရာဝတ္ထုတို့၏ 'အနတ္တာ' သဘောကို သိရှိဖို့ရန် 'ဝိပဿနာကမ္မဋ္ဌာန်း'ကို ကျင့်ကြံအားထုတ်ရမည်။

မတည်မြဲခြင်း၊ ပင်ပန်းဆင်းရဲခြင်း၊ အလိုသို့မလိုက်ပါခြင်း (လက္ခဏာရေးသုံးပါး)တို့ကို မသိအောင် ဖုံးကွယ်ထားသော အောက်ပါအချက်များ ရှိနေကြ၏။

(၁) အစဉ်မပြတ် ဆက်လက်ဖြစ်ပေါ် အစားထိုးမှုများက အနိစ္စသဘောကို ဖုံးကွယ်ထား၏။ မီးလျှံဖြစ်စဉ်ကို ဗွီဒီယိုရိုက်ပြီး အနှေးဆုံးနှုန်းဖြင့် ပြန်ကြည့်ရှုလျှင် မီးဖွားကလေးများတစ်ခုစီ တစ်ခုစီကို မြင်ရပြီး 'မီးလျှံ'ဟု မှောက်မှားခြင်းများ ပျောက်ကွယ်သွားမည်။

(၂) ရပ်၊ ထိုင်၊ လျှောင်း၊ သွား (ဣရိယာပုတ်) အမျိုးမျိုးက ဒုက္ခသဘောကို ဖုံးကွယ်ထားပေးသည်။ ကမ္မဋ္ဌာန်းထိုင်စဉ်အတွင်း ခန္ဓာကိုယ်ထဲမှ မျိုးစုံကို နီးကပ်စွာကြည့်ရှု၍ ကျနသေချာစွာ သိနိုင်မည်။

(၃) အရာဝတ္ထုတို့၏ ကျစ်လျစ်သိပ်သည်း အစိုင်အခဲဖြစ်နေမှုများက အနတ္တာသဘောလက္ခဏာကို ဖုံးကွယ်ထားကြ၏။ ကမ္မဋ္ဌာန်းအားထုတ်စဉ် ကာလအတွင်း (ရုပ်နာမ်) သဘာဝတရားတို့သည် ဓာတ်များ၊ စွမ်းအားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားမှန်း (သမာဓိမှန်ဘီလူးဖြင့်) ထိုးထွင်းသိမြင်လျှင် ပူးကပ်ဆက်စပ်နေကြသောအတွင်း၌ မှီတွယ်နေကြသည့် ခိုင်ခံ့သော 'အတ္တာဓာတ်'မျိုး မရှိကြောင်း ထင်လင်းစွာ သိမြင်လာနိုင်ပါသည်။

ကျွန်ုပ်တို့သည် ရုပ်နာမ်အစု အရာဝတ္ထုများကို မြဲနေရန် အလိုရှိကြ၏။ သို့သော် မမြဲသည့်အရာများကို မြဲအောင်ပြုရန် တန်ခိုးအာဏာမရှိကြပါ။ အရာဝတ္ထုများအပေါ်တွင် ထိန်းချုပ်နိုင်မှု၊ အစိုးရမှုမျိုးလည်း ကျွန်ုပ်တို့မှာ မရှိကြပါ။ သိမြင်အပ်သော 'နာမ်ရုပ်တရား'မှန်သမျှ၌ အတွင်းအနှစ်သာရ အတ္တာဓာတ်ကို တစိုးတစိမျှ မတွေ့နိုင်ကြပါ။

## အနတ္တလက္ခဏာ အကျဉ်းချုပ်

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဤခန္ဓာငါးပါး အားလုံးတွင် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော (အတ္တာမဟုတ်) သဘော တို့ ပါရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ – ရုပ်တရားကို ကြည့်ကြဦးစို့။

(၁) ရုပ်တရားသည် 'အတ္တာ'မဟုတ်၊ ရုပ်တရားသည် 'အတ္တာ'ဖြစ်ခဲ့ငြားအံ့၊ ဤရုပ်တရားသည် နှိပ်စက်ခြင်းကို ဖြစ်စေမည် မဟုတ်။ "ငါ၏ ရုပ်တရားသည် ဤသို့ ဖြစ်ပစေ။ ငါ၏ ရုပ်တရားသည် ဤသို့ မဖြစ်စေလင့်"ဟူ၍ (မိမိ၏) ရုပ်တရားအား ပြောဆို၍ ရနိုင်ရာ၏။

(၂) သို့ရာတွင် ရုပ်တရားသည် 'အတ္တာ'မဟုတ်သောကြောင့် ထိုရုပ်တရားသည် နှိပ်စက်ခြင်းကို ဖြစ်စေပြီး "ငါ၏ ရုပ်တရားသည် ဤသို့ဖြစ်စေ၊ ငါ၏ ရုပ်တရားကို ဤသို့မဖြစ်စေနှင့်"ဟူ၍ (မိမိ)၏ ရုပ်တရားအား မည်သူကမှ အမိန့်ပေး မပြောဆိုနိုင်ချေ။

(၃) ရုပ်တရားသည် ဖြစ်ပေါ်လာပြီးနောက် ချုပ်ပျောက်တတ်သောကြောင့် မမြဲချေ။ မမြဲသောတရားသည် ဖြစ်ပေါ်ခြင်း၊ ချုပ်ပျောက်ခြင်းတို့က အမြဲနှိပ်စက်အပ်သောကြောင့် ဆင်းရဲခြင်းဖြစ်၏။

(၄) မမြဲသော၊ ဆင်းရဲသော၊ ပြောင်းလဲတတ်သောတရားအား "ဤတရားသည် (တဏှာဖြင့်) ငါ့ဟာ = ငါ့ဥစ္စာ ဖြစ်၏။ ဤတရားသည် (မာနဖြင့်) ငါဖြစ်၏။ ဤတရားသည် (ဒိဋ္ဌိဖြင့်) ငါ၏ 'အတ္တာ'ဖြစ်၏" ဟူ၍ ရှုမြင်မှတ်ယူခြင်းငှာ မသင့်ချေ။

(၅) အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ရုပ်ဖြစ်စေ၊ မိမိသန္တာန်ရှိ–သူတစ်ပါးသန္တာန်ရှိ ရုပ်ဖြစ်စေ၊ ကြမ်းတမ်းသော–နူးညံ့သော–ရုပ်ဖြစ်စေ၊ ယုတ်ညံ့သော–မြင့်မြတ်သော ရုပ်ဖြစ်စေ၊ အဝေးရှိ–အနီးရှိ ရုပ်ဖြစ်စေ၊ ထိုရုပ်တရား ဟူသမျှ အလုံးစုံအား "ဤရုပ်တရားသည် ငါ့ဟာ = ငါ့ဥစ္စာမဟုတ်၊ ဤရုပ်တရားသည် ငါမဟုတ်။ ဤရုပ်တရားသည် ငါ၏ 'အတ္တာ'မဟုတ်"ဟူ၍ မှန်ကန်သော (ဝိပဿနာ)ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်မှတ်ယူသင့်၏။ အကြောင်းကား ထိုရုပ်တရားသည် ၎င်း၏ မမြဲသည့် အဘာဝနိယာမအရ အမြဲမပြတ် ဖြစ်ပေါ်၊ ချုပ်ပျောက်တတ်ပြီး ၎င်း၏ အမြဲပြောင်းလဲနေသည့် (အစားထိုးနေသည့်) အဘာဝဖြစ်စဉ်များအပေါ်၌ မည်သို့မျှ ထိန်းချုပ်နိုင်ခြင်းမရှိနိုင်သောကြောင့်တည်း။

ထိုနည်းအတိုင်းပင် အခြားသော ခန္ဓာ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်) များကိုလည်း ကိုင်တွယ်ပြ၍ သိမြင်နားလည်နိုင်ရာ၏။

(၆) ဤကဲ့သို့ ကျွန်ုပ်တို့ မထိန်းချုပ်နိုင်ကြသော 'ရုပ်တရား'၏ လက္ခဏာရေးသုံးပါးတို့ကို သိမြင်သော၊ တတ်သိနားလည်သော ပညာရှိသည်၊ သာဝကသည် 'နိဗ္ဗိန္ဒတိ = ငြီးငွေ့သည်' ရုပ်တရားကို ငြီးငွေ့လာ၏။ ရုပ်တရား၌ ငြီးငွေ့လာသောကြောင့် သူသည် 'ဝိရဇ္ဇတိ = သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်သည့်ခဏ၌ ထိုရုပ်ကို တပ်မက်ခြင်း = (တဏှာ)ကင်းဝေးသွား၏။ သူ၏ 'တဏှာ ချုပ်ပျောက်သွား၏။ တပ်မက်ခြင်းကင်းသွားသောကြောင့် သူသည် 'ဝိမုစ္စတိ' = ဖိုလ်စိတ်ဖြစ်ပေါ်သည့် ခဏတွင် စိတ်၏ အညစ်အကြေး = ကိလေသာတရားတို့မှ လွတ်မြောက်သွား၏။

(၇) သူသည် ဤသို့ လွတ်မြောက်လေသော် "ငါသည် ကိလေသာတို့မှ လွတ်မြောက်လေပြီ။ ငါ့အဖို့ ပဋိသန္ဓေနေရမှုသည် နောက်ထပ်မရှိတော့ပြီ။ ဤပဋိသန္ဓေသည် ငါ၏ နောက်ဆုံးပဋိသန္ဓေဖြစ်၏။ ငါသည် မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ငါသည် ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ ဤဘဝမှတစ်ပါး နောက်ဘဝ မရှိတော့ပြီ။ ငါ့မှာ နောက်ထပ် ပဋိသန္ဓေနေရမှု မရှိတော့ပြီ"ဟူ၍ ပြန်လည်ဆင်ခြင်သိမြင်သည့်ဉာဏ်(ပစ္စဝေက္ခဏာဉာဏ်)သည် သူ၏စိတ်၌ ဖြစ်ပေါ်လာ၏။

(၈) ဤအနတ္တာလက္ခဏာတရားတော်ကို ဟောကြားပြီးသောအခါ ပဥ္စဝဂ္ဂီ–ရဟန်း ငါးပါးလုံး နှစ်သက်ဝမ်းမြောက်ကြကုန်၏။ 'ပဥ္စဝဂ္ဂီ'ရဟန်းတို့၏ စိတ်ဝယ် ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ကို မတပ်မက်၊ မစွဲလမ်းတော့ဘဲ ကိလေသာတရားတို့မှ လွတ်မြောက်သွားကြလေ၏။ (ပဥ္စဝဂ္ဂီရဟန်းတို့သည် ရဟန္တာများ ဖြစ်သွားကြကုန်၏။)

လောက၌ အနတ္တာ – အတ္တာ မရှိ သဘောကို ဗုဒ္ဓသိပြီးမှ လိုက်လံသိရှိသူ ငါးပါးတိုးသွားလေပြီ။ သန်းခုနစ်ထောင်သော လောကလူသားများအနက် ဤသို့ဆန့်ကျင်သော အမြင်ရှိသူ ဦးရေကို ဖော်ပြနိုင်ပါသလား။

နတ်ထီးလှိုင်
၀၉ ၄၂၀၀၈၉၇၁၁



www.burmeseclassic.com

www.burmeseclassic.com

# မိဘပစ္စည်းအဆောင် သိဒ္ဓိကြိုးအောင်

မော်တင်သိန်းဇော်င

မိုးတွင်းကြီးကာလ . . .။

မိုးတွေ ၊ အသဲအမဲမျှရွာသွန်းနေသောတစ်နေ့ မွန်းလွဲပိုင်းအချိန်ခန့်၌ ဖုန်းမြည်လာ၍ စာရေးသူ ကပျာကယာ အလုပ်အမြန်သွားကိုင်ကာ နားထောင်မိလိုက်ပါသည်။ တစ်ဖက်မှ "အဖေလား ကျွန်တော်ပါ၊ သားပါ။ ခု ပြည်ကိုဝင်တော့မယ်အဖေ။ လမ်းမှာ ရုတ်တရက် ဘီးပေါက်နေလို့ စိတ်ညစ်နေရတယ်။ ဂျာလေးတော့ ကားကြုံနဲ့ ဘီးသွားရှာနေတယ်။ ကားပေါ်မှာ ကျွန်တော်တစ်ယောက်တည်းအဖေရေ။ မေတ္တာပို့ပေးပါဦး၊ လုပ်ပါဦး"ဟု အထက်မြန်မာပြည်ကို ဈေးရောင်းခရီးထွက်နေသော ကုမ္ပဏီဝန်ထမ်းဖြစ်သော အငယ်ဆုံးသားထံမှ ညည်းတွားသတင်းပို့လာသော အသံကို ကြားလိုက်ရ၍ စာရေးသူမှာ စိတ်မကောင်းလည်းဖြစ်၊ ကားပေါ်ဆီက ရောင်းရငွေတွေ၊ ကုန်ပစ္စည်းတွေနှင့် အဝေးပြေး လူပြတ်သူပြတ် တောလမ်းခရီး ပြည်လမ်းပေါ်ကြီးမှာ တစ်ဦးတည်းရှိနေသော ဖုန်းဆက် အကြောင်းကြားလာသော အရေးပေါ်နေသော သားအတွက်လည်း အထူးတလည်မှု စိုးရိမ်ပူပန်မိရတော့သည်။

ဒုက္ခပဲ။ မိုးတွေကရွာနေ၊ မတော်တဆ ကားသွားကားလာ၊ လူသွားလူလာတွေပြတ်နဲ့ တောလမ်းကြီးပေါ်မှာ မတော်တရော် မသူတော်တွေနဲ့ကြုံလို့ ကားပေါ်က သားဆီက ရောင်းရငွေတွေနဲ့ ကုန်ပစ္စည်းတွေကို လမ်းကြုံဝင်လုသွားရင် အကျိုးနည်းတော့မယ်ဟု စာရေးသူသည် တွေးဆ၍ ထပ်ကာပူပန်ရင်ဖိုမိရင်း ရုတ်ခြည်း လျှပ်တစ်ပြက် ဖျတ်ခနဲ အကြံထုတ်လိုက်မိတာ "အေး သားရေ စိတ်မပူနဲ့။ အဖေ ဘုရားရှိခိုးပြီး အမြန်မေတ္တာပို့ပေးမယ်။ အဖေကြီးတွေကိုလည်း တိုင်တည်ပေးမယ်။ သားလည်း ဒီအတိုင်းထိုင်မနေနဲ့။ ဘုရားစာတွေရွတ်နေ၊ ရောင်းရငွေတွေကိုလည်း သတိထား။ အရေးကြီးတာတစ်ခုပြောဦးမယ်။ မင်းကို အဖေပေးလိုက်တဲ့ အဖေ၊ အမေတို့ကိုယ်ပွားပစ္စည်း ကြုတ်ကလေး ထုတ်ဆွဲ၊ ဖြုတ်ပြီးကိုင်လို့ကန်တော့ပြီး ဆုတောင်းတော့။ အရေးကြီးတယ်။ အပုတ်လိုတယ်သား။ အမြန်လုပ်တော့"ဟု ပြည်အဝင် တောလမ်းမကြီးပေါ် မိုးသဲတွေကြားထဲမှာ ကားဘီးပေါက်၍ ရောင်းရငွေတွေနှင့် ကားအပြည့်ရောင်းကုန်တွေနှင့် ဖခင်ထံကို စိုးရိမ်ပူပန် ကြောက်ရွံ့စိတ်တွေနှင့် အပူတပြင်း အမောတကောဆိုသလို ဖုန်းနှင့်လှမ်းသတင်းပို့ အရေးပေါ် အကူအညီတောင်းလာသော သားဆီကို ကမန်းကတန်း အပူတပြင်းနှင့် အမြန်လှမ်းအကြံပေး၊ သတိပေးမိလိုက်ပါသည်။ သားထံမှ ဖုန်းသံပြတ်သွားသောအခါ ဖုန်းကိုအမြန်ချလိုက်မိပြီး စာရေးသူသည် အိမ်ရှေ့ဘုရားရုပ်ပွားတော်များအား ဆီမီးများ၊ သောက်တော်ရေများကပ်ကာ ဝတ်ပြုရှိခိုးပြီး သားကို ကပျာကယာ မေတ္တာများပို့ကာ ဆုတောင်းသည်။ ထွက်ရပ်လမ်း အဖေကြီးများကိုလည်း ဆီမီးများ၊ သောက်တော်ရေများ ပူဇော်ကာ တိုင်တည်သည်။ အိမ်ရှိ ချိတ်ထားသော သားဖြစ်သူ၏ဓာတ်ပုံကိုလည်း ကြည့်ရှုကာ ဘုရားစာတွေရွတ်ပြီး မေတ္တာပို့ပေးရင်း ဘက်စုံအမျိုးမျိုး ရှုထောင့်အမြင်အတွေးပေါင်းစုံတို့နှင့် ထိုင်ကာ သားဖြစ်သူနှင့် ဘီးပေါက်ကားမောင်းနေသော သူတို့နှစ်ဦးတို့၏ ကားအတွက် စိုးရိမ်ပူပန်တုန်လှုပ်နေမိပါသည်။ နာရီဝက်ခန့်အကြာခန့်တွင်တော့ ဖုန်းသံကြား၍ အမြန်အဆန် အပြေးကလေးသွားကိုင်ကာ စိုးရိမ်တကြီးနှင့် နားထောင်ရှုစိုက်လေရာ သားထံမှဆက်လာသော ဖုန်းဖြစ်၍ -

"အဖေရေ သားပါ။ အိုကေသွားပြီ။ ဂျာလေးလည်း ဘီးရလာတယ်။ ကားဘီးလည်း လဲပြီးပြီ။ ဒီမှာ မိုးလည်းတိတ်လို့ သားတို့ကား ဆက်ထွက်တော့မယ်။ ဪ . . . ပြောရဦးမယ်အဖေရေ အဖေတို့ပစ္စည်းကို သား မမေ့နေ၊ သတိလွတ်နေတာ။ အဖေလှမ်းသတိပေးမှ လည်ပင်းကဆွဲဖြုတ်ပြီး ကိုင်တွယ်လို့ အမြန်ကန်တော့။ တိုင်တည်ဆုတောင်းရတယ်။ ငွေတွေ၊ ပစ္စည်းတွေလည်း တစ်ခုမှ ဘာမှုမဖြစ်ဘူး။ ကျေးဇူးပါ အဖေ။ ပြည်ဝင်ပြီးတာနဲ့ ထပ်ဆက်ပါဦးမယ်။ အမေ့ကိုလည်း ပြောလိုက်ဦးနော်"ဟူသော သတင်းကောင်းကို စာရေးသူကြားရတော့မှ စိတ်အေး ရင်



www.burmeseclassic.com

www.burmeseclassic.com

…သိရပါတော့သည်။ ဆရာ၊ ကျေးဇူး …ရှင်တို့၏ ဩဝါဒစရိယာလည်းဖြစ်၊ ဂန္ထိရ …တ်လည်းဝင်ရာ မိဘတို့၏ ကိုယ်ပွား …စ္စည်း လက်ဖွဲ့အဆောင်၏ အကျိုးစွမ်း …အား အာနိသင်နှင့်ဆိုင်ရာများကို ပြန် …ည့်၍ သိမြင်ခံစားမိရပြန်ပါတော့ …သည်။ နိုးထနွေးထွေးရပြန်ပါတော့သည်။ …အကျိုးကျေးဇူးများကို အမှန်တကယ် …ခွင်းတတ်သော မိဘနှစ်ပါး၏ ခန္ဓာ …ကိုယ်ပွား အဆောင်လက်ဖွဲ့ပစ္စည်း …အကြောင်းကို စာရေးသူအနေနှင့် မိခင် …အေး ရောင်ပြန်မဂ္ဂဇင်းမှ လွန်ခဲ့သော …နှစ်အတန်ကြာခန့်က တင်ပြခဲ့ပြီး ဖြစ် …ပါသည်။ ယခုအခါ တစ်ဖန် အခွင့်သင့် …ဆိုင်အမှတ်ရလာပြန်၍ ထပ်မံ …င်ပြရခြင်းဖြစ်ပါသည်။ စမ်းသပ်၍ …ဆောင်ကြည့်ကြပါရန်လည်း လေးမြတ် …စွာ အကြံပြုအပ်ပါသည်။

မိဘနှစ်ပါး၏ ခန္ဓာကိုယ်ပွား …အဆောင်လက်ဖွဲ့ပစ္စည်း ဆိုသည်မှာ …ရှင်မိဘနှစ်ပါးစလုံးတို့၏ ဆံပင်၊ …က်သည်း၊ ကျွတ်ပြီးသော သွား၊ …တ်စ (စတီသဘောမျိုး ဖြတ်စ …လေး) လေးမျိုးအနည်းငယ်တို့ကို …တို့အား ခွင့်ပန်တောင်းခံကန်တော့ …၍ ကြုတ်ကလေးတစ်ခုထဲတွင် ထည့်သို …ပြီး အဆောင်လက်ဖွဲ့ ခမည်းပစ္စည်း …နှ်ပစ္စည်းအဖြစ် ဆောင်သရသော …ဆောင်ပစ္စည်းဖြစ်ပါသည်။

စာရေးသူ့အနေနှင့် ယင်းအဆောင် …စ္စည်းကို သင်္ဘောသားများ၊ ပြည်တွင်း …ပြည်ပ ခရီးဝေးခရီးကြမ်း သွားတတ်ရ …သူများ၊ တစ္စန့်တစား လုပ်ကိုင်အသက် …ရသူများ၊ လက်နက်ကိုင်ဝန်ထမ်း …များ ဆောင်ပေါ်တောတွင်း ရေကြောင်း …ကြောင်း အန္တရာယ်နှင့်နီးသော အရပ် ဒေသသို့ သွားရောက်လုပ်ကိုင်ရသူများ၊ ကျန်းမာရေးချို့တဲ့သူများ၊ တူးဖော်ရေး သမားများတို့ကို အကြံပြုလော့၊ ပေးလော့ ရှိခဲ့ပါသည်။ အချို့ သားမျိုး သမီးမျိုး ကလေးတို့ကိုလည်း ပေးလော့ရှိခဲ့ပါသည်။ ယင်းအဆောင်ကြောင့် ပြည်သို့ ခရီး သွားစဉ် လမ်းခရီးတွင် ကားဘီးပေါက်၍ အခက်အခဲများတွေ့နေရစဉ် သတိရပြီး မိဘပစ္စည်းအဆောင်ကို ကိုင်တွယ်ကန် တော့ စိတ်ဆုတောင်း၍ အရေး ပေါ် အခက်အခဲများကို လွတ်ကင်းခဲ့ရ သော စာရေးသူ၏ သားငယ်လေးကဲ့ သို့ပင် ဘေးအန္တရာယ်စုံတို့မှ ကင်းလွတ် ဝေးကွာခဲ့ရသော ထိုပစ္စည်းကိုဆောင် သကြသည့် ယခင် အဆောင်ရှင်တို့ အသီးသီး အသကတို့ကလည်း ယင်း မိဘပစ္စည်းအဆောင်၏ ထူးကဲ၊ ထက် မြတ်၊ စူးရှအသုံးဝင်ပုံများကို တလေး တစားနှင့် အနုမောဒနာ ရင်ဖွင့်ပြောပြ အသိ ပေး၍မဆုံးပင် ရှိခဲ့ဖူးပါသည်။

ဩဝါဒများ ဆောင်သကြသူတို့၏ မှောက်သည်ချ သတင်းပါးသူများနှင့် ကိုယ်တွေ့များအရ တင်ပြပါ မိဘတို့ ၏ခန္ဓာကိုယ်ပွား အဆောင်လက်ဖွဲ့ ပစ္စည်းကို ဗုဒ္ဓနုဿတိ တရားဘာဝနာ ကျင့်စဉ်များနှင့်အတူ အံဝင်တိုက်ဆိုင် မှုရှိကြပါက စမ်းသပ်၍ ဆောင်သအသုံး ပြုကြည့်ကြပါရန် ဂါရဝစေတနာမွန်များ နှင့် ထပ်မံ၍တင်ပြအကြံပြုအပ်ပါသည်။

၂။ လူမှုရေးလုပ်ငန်း၊ ပညာရေး ကံဇာတာ၊ လာဘ်လာဘ အားလုံးတို့ အတွက် အထူးအကျိုးပေးသော မွန် မြတ်သော အဆောင်မွန်ဖြစ်ပါသည်။

အကြံပြုချက်များ

(၁) မိဘနှစ်ပါးတို့၏ ဆံပင်၊ လက်သည်း၊ ကျွတ်ပြီးသွား၊ အကျီစ သည်တို့ကို အနည်းငယ်စီ စတီသဘော အဖြစ် မိဘနှစ်ပါးတို့၏ မွေးနေ့များတွင် သာ တောင်းခံရယူရန်။ (၂) အဆောင် အဖြစ် မိမိမွေးနေ့မှ စတင်၍ ဆောင် သရန်။ (၃) သွားမရှိပါက ကျန်ဆံပင်၊ လက်သည်း၊ (လက်မနှစ်ဖက်တို့၏ လက်မလက်သည်းများကိုသာ) အကျီ စသုံးမျိုးတို့သာ စုစည်းဆောင်သရန် (ခြေမခြေသည်းများလည်း ထည့်နိုင်ပါ သည်။) (၄) ငွေကြုတ်၊ ငွေကြုတ်တွင်း ထဲတို့၌ ထည့်သိုထည့်သွင်း၍ ဆွဲကြိုး နှင့်တွဲ၍ဖြစ်စေ၊ ခေါင်းအုံးထဲ၌ဖြစ်စေ၊ ဇာတာဘူးထဲ၌ဖြစ်စေ သင့်လျော်အဆင် ပြေသလို အဆောင်ကို ထားရှိဆောင် သနိုင်ပါသည်။ (၅) အဝေးမြေ ကမ္ဘာ ခြား၊ ပြည်ပများ၊ နယ်များ ရပ်ခြားသွား ရသူ၊ နေထိုင်ရသူများဖြစ်ရာ အဆောင် ရှင်များတို့အနေနှင့် နေ့စဉ်နံနက်တိုင်း ဘုရားဝတ်ပြုပြီးက တစ်ပါတည်း တစ် လက်စတည်းဆိုသလို ယင်းမိဘခန္ဓာ ကိုယ်ပွား အဆောင်ကြုတ်ကို ကိုင် တွယ်ဖွင့်လှစ်၍ မိဘနှစ်ပါးကို လှမ်း ကန်တော့ပြီး မေတ္တာပို့၍ ဆုမွန်ကောင်း များတောင်းသော နိစ္စဓူဝ စရဏအကျင့် တစ်ရပ်ကို လုပ်ဆောင်ကြရန် (တစ်နေ့ တစ်ကြိမ်မှန်မှန်) မဖြစ်မနေတာဝ်က အလွန်အထူးမျှ အကျိုးရှိပါသည်။

ကိုယ်တွေ့မှတ်ချက်

အဆောင်ကြုတ်ကို ကိုင်တွယ်၍ အနန္တော၊ အနန္တငါးပါးဝင် ဂုဏ်တော် မြေမိုးကျော်၊ ကော်ရော်ရိကျိုး ရှိခိုးပါ၏။ ဘေးရန်ပျောက်မျှ ဝေးစေသော်ဟု ငါး ကြိမ်မျှ ရွတ်ပွားရပါသည်။

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com

# မြင်တွင်းမြင်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ

လူတိုး ( စိတ်ပညာ )

## အံ့ဖွယ်ကိုယ်တွေ့ဝိညာဉ်များ

ရှေးပဝေသဏီကစ၍ ယနေ့အထိ ကမ္ဘာပေါ်ရှိ တိုင်းပြည်များတိုင်းလိုလိုန္တ သေပြီးသောသူများကို တစ်ခါတစ်ရံတွင် မြင်ဖူးသည်ဆိုသော လူအတော်များများ ရှိကြ၏။

၁၈၉၀ ပြည့်နှစ်က ဗြိတိသျှ စိတ်ဝိညာဉ်သုတေသနအသင်းသည် အသင်းကိုယ်စားလှယ်များကို စေလွှတ်၍ အာရုံထင်ခြင်းနှင့် ပတ်သက်ပြီး အတော်ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာခဲ့ဖူး၏။ အသင်းက မေးပြီးသော လူပေါင်း ၁၇၀၀၀ ရှိသည့်အနက် လူ ၂၂၇၂ ယောက်က အာရုံထင်ခြင်းရှိခဲ့ဖူးကြောင်း ဖြေဆိုကြ၏။ ၎င်းတို့ထဲမှ ဖြေဆိုပုံ မရေရာ မသေချာသော လူများကို ပယ်လိုက်၍ လူ ၁၆၈၄ ဦး ကျန်ရှိ၏။ သို့ဖြင့် သုတေသနအသင်းက မေးမြန်းစုံစမ်းသော လူများတွင် အရက်သောက်ခြင်း ဖျားနာခြင်းကြောင့် မဟုတ်ဘဲ အလိုလို အာရုံထင်ဖူးသော သူများမှာ တစ်ဆယ်ရာခိုင်နှုန်းနီးပါးမျှ ရှိ၏။ ၁၉၄၈ ခုနှစ်၌ အခြားသုတေသနအဖွဲ့တစ်ခုက အလားတူစုံစမ်းကြည့်ရာ အသေအချာ အာရုံထင်ဖူးသောသူများမှာ ၁၄ ရာခိုင်နှုန်းမျှရှိကြောင်းတွေ့ရ၏။

## ပတ္တမြားခင်၏ ကိုယ်တွေ့

ပတ္တမြားခင်အမည်ခံ ကလောင်ရှင်အမျိုးသမီးတစ်ဦးက အမှန်တကယ်ဖြစ်ပျက်တွေ့ကြုံခဲ့သည့် သူ့ကိုယ်တွေ့ကို ရေးသားဖော်ပြခဲ့ဖူးလေသည်။

ပတ္တမြားခင်တို့၏ မိသားစုသည် ကျယ်ဝန်းသော အိမ်ကြီးတစ်လုံးသို့ ပြောင်းရွှေ့နေထိုင်ကြစဉ်က ဖြစ်သည်။ ပတ္တမြားခင်၏မိခင်က ညအချိန်တွင် ကုလားလေးတစ်ယောက်က သူ့အား မကြာခဏ လာရောက်နှောင့်ယှက်သည်ဟုပြောရာ မိခင်ကြီးသည် လူကြီးဖြစ်၍ စိတ်မှုမမှန်မှုကြောင့် ထင်မြင်ခြင်းဖြစ်သည်ဟု ထင်မှတ်နေကြ၏။

တစ်ညတွင်ကား ပတ္တမြားခင်၏ ခင်ပွန်းကိုယ်တိုင်ပင် ကုလားလေးကို မျက်ဝါးထင်ထင် တွေ့မြင်ရသဖြင့် လိုက်လံဖမ်းဆီးရာ မမိဘဲ ပျောက်သွားလေသည်။

ပတ္တမြားခင် ကိုယ်တိုင်ကား မျက်စိဖြင့်တပ်အပ် ကုလားကလေးကိုမမြင်ရသော်လည်း တစ်ညတွင် မုန့်ထည့်ထားသည့် သံဘူးများဖွင့်သံ ကြားရသဖြင့် ကြည့်ရာ ဖွင့်သူကိုမမြင်ရသော်လည်း သံဘူးအဖုံးမှာ လူဖွင့်သကဲ့သို့ အလိုလိုပွင့်သွားသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်၏။ ထို့ကြောင့် သူတို့နေထိုင်လျက်ရှိသော အိမ်ကြီးအကြောင်းကို မေးမြန်းစုံစမ်းကြည့်ကြသည်။

ဤအိမ်ကြီးတွင် ဗုဒ္ဓမပိုင်ရှင်နေစဉ်က ၁၂ နှစ်အရွယ် ကုလားကလေးမှာလည်း အိမ်သူအိမ်သားသဖွယ် ဤအိမ်ကြီးတွင် ဝင်ထွက်သွားလာနေထိုင်ခဲ့သည်။ မကြာမီ ထိုကုလားကလေး သေဆုံးသွားသည်။

ပတ္တမြားခင်၏မိခင်နှင့် ခင်ပွန်းတို့ ကိုယ်တိုင်မြင်တွေ့ရသော ကုလားကလေး၏ ပုံပန်းသဏ္ဌာန်နှင့် မကြာမီက ကွယ်လွန်သွားသော ကုလားကလေး၏ပုံသဏ္ဌာန်မှာ ထပ်တူထပ်မျှ တူညီနေလေသည်။

## ကိုယ်ထင်ပြသော အမေ

ကျွန်ုပ်၏မိခင်သည် ၁၉၄၂ အောက်တိုဘာလတွင် ကွယ်လွန်သွား



www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့နောက် နှစ်လအကြာ ဒီဇင်ဘာလတွင် စာဆိုတော်နေ့ အခမ်းအနားတို့၌ တက်ရောက်ဟောပြောရန်အတွက် နောင်ချို ကျောက်မဲ၊ သီပေါ၊ လားရှိုး မြို့များသို့ သွားရောက်ပြီးနောက် လားရှိုးမြို့တွင် အမေ့အကြောင်းကိုပင် "အမေ" ဟူသောခေါင်းစဉ်ဖြင့် စာအုပ်ရေးနေ၏။

တစ်ညတွင် ကျွန်တော်အိပ်တော့ ညှိပ်ဟု အိပ်ရာဝင်ရာ အိပ်တစ်ဝက်နိုးတစ်ဝက်အဖြစ်သို့ ရောက်ရှိသွား၏။ အိပ်မက်မက်အောင် အိပ်ပျော်ခြင်းလည်းမဟုတ်၊ နိုးနေခြင်းလည်းမမည်။ နိုးခြင်းနှင့် အိပ်မက်မက်ခြင်း၏ ကြားကာလဟု ခေါ်နိုင်၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လားရှိုးမြို့၌ ညအချိန်တွင် ကျွန်ုပ်အိပ်ရာဝင်ရာ အမေသည် ကျွန်ုပ်အိပ်နေသည့် ခုတင်အနီး၌ လာရပ်၏။

ကျွန်ုပ် မျက်စိမှိတ်ထားသော်လည်း အမေ့ရုပ်သွင်ကို ထင်ထင်ရှားရှား မြင်နေရသည်။ အမေ၏ ရုပ်သဏ္ဍာန်မှာ မကွယ်လွန်မီက ရုပ်မျိုးမဟုတ်။ ကွယ်လွန်ပြီးနောက် ရေခဲတိုက်ထဲတွင်ထားရသည့်အခါက ရုပ်သွင်မျိုးဖြစ်နေသည်။

ကျွန်ုပ်သည် ဖျတ်ခနဲ မျက်စိဖွင့်ကြည့်လိုက်မိ၏။ သို့သော် အမေ့ကိုမတွေ့ရတော့ပေ။ ဝိညာဉ်ဘဝမှ အမေကို ပကတိမျက်စိဖြင့်မမြင်နိုင်၊ အိပ်၍ပျော်တပျော်ကာလတွင်သာ မြင်နိုင်သေတော့သည်။

## အဖြစ်ထူးတစ်ရပ်

ဒုတိယကမ္ဘာစစ်ဖြစ်စ အချိန်ကဖြစ်၏။ ကျွန်ုပ်သည် မြို့တစ်မြို့သို့ရောက်သွားကာ အိမ်တစ်အိမ်တွင် တည်းခိုနေထိုင်လေသည်။

ညအချိန်၌ ကျွန်ုပ်သည် အိမ်ဦးခန်းတွင်အိပ်ရ၏။ အိပ်၍မပျော်တပျော်အချိန်တွင် အိမ်၏အတွင်းခန်းထဲမှ မိန်းမပျိုကလေးတစ်ယောက် ထွက်လာသည်ကို ကျွန်ုပ်မြင်ရ၏။

ထိုမိန်းမပျိုကလေးသည် ကျွန်ုပ်အိပ်နေသည့်အနီးတွင်ထိုင်ပြီး ကျွန်ုပ်၏ ပခုံးကိုသိုင်းဖက်ကာ မထူလိုက်ရာ ကျွန်ုပ်မှာ ထိုင်လျက်ဖြစ်သွားရသည်။ ထိုအခါတွင်မှ ကျွန်ုပ်မျက်စိဖွင့်ကြည့်လိုက်ရာ မိန်းမပျိုကလေးကို မမြင်ရတော့ချေ။

နောက်တစ်နေ့တွင် အိမ်နီးချင်းများအား အကျိုးအကြောင်းပြောပြ မေးစမ်းကြည့်ရာ ဤအိမ်တွင် လွန်ခဲ့သော တစ်လခန့်က မိန်းမပျိုကလေးတစ်ယောက် ပလိပ်ရောဂါဖြင့် ကွယ်လွန်ဖူးကြောင်း ပြောပြ၏။ ထိုမိန်းမပျိုကလေး၏ ရုပ်ဆင်းသဏ္ဍာန်ကို မေးကြည့်ရာ ကျွန်ုပ်မြင်တွေ့လိုက်ရသည့် မိန်းကလေး၏ ပုံပန်းမျိုးကိုပင် ပြောပြကြသည်။

အထက်ဖော်ပြပါ အဖြစ်ထူးနှစ်ရပ်ကြုံသူမှာ စာရေးဆရာကြီး ဦးရန်အောင် (အသက် ဂဂ နှစ်) ဖြစ်ပါသည်။

## တစ္ဆေခြောက်သောအိမ်ကြီးမာယာ

ပင်ပန်းနွမ်းလျသော ခရီးရှက်ရှည်သွား ခရီးသည်များအနေနှင့် မက်ဆာချူးဆက်ပြည်နယ်၊ နတ်ချက်မြို့ကလေးရှိ "ကင်း"အမည်ရှိ စားသောက်ဆိုင်နှင့်တည်းခိုခန်းသို့ ခရီးတစ်ထောက်နားဝင်ရောက်ညအိပ် တည်းခိုလေ့ရှိကြသည်မှာ နှစ်ပေါင်း ၂၀၀ ပင်ကြာခဲ့ပြီဟု ဆိုသည်။

အေးချမ်းဆိတ်ငြိမ်သော လေးထပ်အဆောက်အဦးလေးမှာ တည်းခိုခန်းအဆင့်ထက်သာလွန်၍ နွေရာသီအပန်းဖြေစခန်းမျှ နေချင်စဖွယ်ကောင်းလှသည်။ သက်သောင့်သက်သာရှိသော အိပ်ခန်းများထားပေးသည်။

သို့သော် ညအိပ်ခရီးသည်များစွာမှာ "မယ်ဒလင်း"ဟူသော တစ္ဆေမ၏ ခြောက်လှန့်မှုကြောင့် ကောင်းကောင်းမအိပ်ကြရပေ။ ဧည့်သည်များက တည်းခိုခန်းပိုင်ရှင် "ဂျွန်ပီတာဆင်"ကို အကြောင်းကြားကြသည်။

## ခြောက်ပုံ ခြောက်နည်းများမှာ

ဧည့်သည်များ အိပ်နေစဉ် ရေနှင့်ဖျန်းခြင်း။ ချမ်းအေးညများမှာ ခြုံထားသည့်စောင်များ ဆွဲလှန်ပစ်ခြင်း။ ဧည့်သည်များ၏ ပစ္စည်းများကို ဟိုပြောင်းသည်ရွှေ့ပြုလုပ်ထားခြင်း။ တစ်ခါတစ်ရံ ဝှက်ထားခြင်း။ လိုက်တမ်းပြေးတမ်းကစားသည့်ပုံစံမျိုးဖြင့် လမ်းလျှောက်နေစဉ် နောက်မှ ပခုံးလိုက်ပုတ်တတ်ခြင်းစသည့် အန္တရာယ်မပေးတတ်သော ကျီစယ်သလိုနောက်သလို ခြောက်လှန့်ပုံမျိုးဖြစ်သည်။

"မယ်ဒလင်း"ဤသို့ တစ္ဆေအဖြစ်မကျွတ်ဘဲ ရှိနေခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က သူမ၏ဘဝဇာတ်သိမ်းမကောင်းခဲ့ခြင်းကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၇၇၉ ခုနှစ်က ဤတည်းခိုခန်း၌ မူလပိုင်ရှင်များဖြစ်ကြသော "မစ္စတာနှင့် မစ္စကင်း"တို့ထံတွင် "မယ်ဒလင်း" သည် အိမ်ဖော်အဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။

တစ်ညနေ၌ "မစ္စတာကင်း"နှင့် "မယ်ဒလင်း"တို့နှစ်ယောက် အိပ်ရာပေါ်၌ မှောက်မှားနေကြသည်ကို "မစ္စကင်း" ပက်ပင်းတိုးရာ ဒေါသဖြင့် ဆွဲပွက်ပြီး ထွက်ပြေးသွားသော "မယ်ဒလင်း"နောက် ပြေးလိုက်ကာ ဓားမြှောင်ဖြင့် ရက်ရက်စက်စက် ထိုးသတ်ပစ်လိုက်သည်။ ၎င်းနောက် ဓားတန်းလန်းနှင့်အလောင်းကို မီးဖိုအုတ်ခုံထဲ မြှုပ်နှံပြီး အင်္ဂတေဖြင့် ပိတ်ဆို့ပံထားလိုက်သည်။

ဤသည်မှစ၍ "မယ်ဒလင်း" တစ္ဆေမသည် လာသမျှ လူစီးဧည့်သည်များကို နောက်ပြောင်ကျီစယ် ခြောက်လှန့်နေသည်မှာ နှစ်ပေါင်း ၂၀၀ ကြာ ခဲ့ပြီဖြစ်သည်။ "သူကြည့်ရတာ နောက်ရပြောင်ရတာ ဝါသနာပါပုံရတယ်"ဟူ၍ အဖြစ်အပျက်ကို ပြန်၍ ရှင်းပြသော "ဝီတာဆင်"က မှတ်ချက်ချသည်။

ဘယ်သူမှမဆက်ဘဲ. တယ်လီဖုန်းသံ အလိုလိုမြည်လာကာ တယ်လီဖုန်းကို တစ်နေရာရာမှာ ချိတ်ထားတတ်သည်။ တစ်ခါတစ်ခါ သူနိုးဖမ်းအချက်ပေးခေါင်းလောင်းကို တီးတတ်သည်။ ရေပိုက်ခေါင်းများ ဖွင့်လိုက်၊ ပိတ်လိုက် လုပ်သည့်အခါလုပ်သည်။ ဟောက်သံများပင် ပေးသည့်အခါ ပေးတတ်သည်။

"ပထမတော့ ကျွန်တော် မယုံကြည် လက်မခံခဲ့ပေမယ့် နောက်နေသားကျသွားတော့လည်း မယ်ဒလင်းဟာ ဒီအိမ်ရဲ့ မရှိမဖြစ်တဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်လာပါတယ်"ဟု ဝီတာဆင်ကဆိုသည်။

၁၉၇၀ ပြည့်နှစ်က အဆောက်အဦကို ပြန်လည်ပြုပြင်မွမ်းမံရာမှ ဓားစိုက်လျက်တန်းလန်း မယ်ဒလင်း၏အရိုးစုကို ပြန်လည်တူးဖော်တွေ့ရှိရသည်။

## တစ္ဆေပုံပြင်

"လူတိုင်း တစ္ဆေပုံပြင်ကိုကြိုက်သည်"ဟု အင်္ဂလိပ်တစ္ဆေပုံပြင် ညွှန့်ပေါင်းစာအုပ်တစ်အုပ်ပြုစုသူ စာတည်းတစ်ယောက်က သူ့စာအုပ်နိဒါန်းတွင် အစချီ၍ဆိုသည်။

"တစ္ဆေပုံပြင်ကို လူတိုင်း အကောင်းပင်ကြိုက်ပါသလော။ ကျုပ်တော့ မကြိုက်ပေါင်။ တစ္ဆေကို မယုံကြည်ပေါင်"ဟုဆိုသောလူများ မြောက်များ စွာရှိသည်ဟု ကျွန်တော်ထင်မိပါသည်။ သို့ဖြစ်လျှင် အဆိုပါ အင်္ဂလိပ်တစ္ဆေပုံပြင်စာတည်း၏အဆိုမှာ မှားပြီဟုဆိုရန်သာရှိ၏။ သို့သော် ယင်းသို့မဆိုသာသေး။ ဝိစစ်ရန်လိုပေသေးသည်။

သူဆိုလိုရင်းမှာ လူတိုင်းပင်လျှင် အထူးအဆန်းအဖြစ်အပျက်ကို ကြားသိလိုကြသည်။ သာမန်မဟုတ်သည့် အချက်တွင် စိတ်ဝင်စားတတ်ကြသည်။ လူ့ဘဝ၌ ရှပ်စုချင်သောစိတ်ကလေးသည် ရှိ၏။ တစ္ဆေပုံပြင်မှာ အထူးအဆန်းဖြစ်၏။

သဘာဝကျသော အမှုကိစ္စတို့သည် သာမန်မျှသာဖြစ်၍ လေးနက်စွာ အဓိပ္ပာယ်ကောက်ယူတတ်သူတို့အဖို့သာ စိတ်ဝင်စားဖွယ်ကောင်းသော်လည်း သာမန်ကာလျှံကာသမားတို့အဖို့ စိတ်ဝင်စားဖွယ် မဟုတ်ချေ။ သဘာဝကျသည့်အဖြစ်အပျက်ကို စိတ်ဝင်စားအောင်ဖော်ပြရန် အလွန်ခက်ခဲသည်။ ထူးဆန်းသော သဘာဝလွန်ဖြစ်ရပ်ကိုမူ ဖော်ပြရန်လွယ်ကူသည်။

ထို့ကြောင့် သဘာဝကျသည့် အဖြစ်အပျက်ကို စိတ်ဝင်စားအောင် ဖော်ပြနိုင်ရန် အနုပညာစွမ်းရည်လိုအပ်သော်လည်း သဘာဝကိုလွန်ဆန်သော အမှုကိစ္စကိုမူ မည်သည့်နည်းနှင့် ဖော်ပြစေကာမူလည်း လူ၌ သိလိုဇောက ရှေ့ဆောင်တိုက်တွန်းလျက်ရှိသောကြောင့် စိတ်မဝင်စားစရာ အကြောင်းလမ်းမရှိပေ။ စိတ်ဝင်စားစရာကောင်းတိုင်းလည်း လေးနက်သည်ဟု မမှတ်ယူအပ်။

မလေးနက်သမျှလည်း စိတ်ထဲတွင် စွဲမြဲကျန်ခဲ့ဖို့ ခဲယဉ်းလှချေသည်။ ထို့ကြောင့် တစ္ဆေပုံပြင်များမှာ စာပေဂုဏ်မြောက်သည်ဟူ၍ မရှိပေ။

တစ္ဆေပုံပြင်ကို လူတိုင်းကြိုက်သည်ဟုဆိုရာ၌ ဖတ်မိသူတိုင်း၊ ကြားမိသူတိုင်း စိတ်ဝင်စားသည်ဟု ဆိုလိုဟန်ရှိသည်။ တစ္ဆေကို မယုံပါဘူးဟု တစ်ဖက်သတ် စေ့စပ်ရေးတံခါး ပိတ်ထားသူတို့မှာ တစ္ဆေပုံပြင်ကို ဖတ်မကြည့်သည့်အလျောက် စိတ်ဝင်စားမည် မဟုတ်ပေ။ ထိုသူမျိုးအား တစ်ဖက်သတ်စိတ်ထား ဖယ်ရှားပြီးလျှင် တစ္ဆေပုံပြင်ကို ဖတ်ကြည့်ပါဟု တိုက်



www.burmeseclassic.com

www.burmeseclassic.com

တွန်းလိုပါသည်။ တစ္ဆေပုံပြင်ကို အပျော်တမ်းဖတ်ကြည့်ဖို့ ကောင်းပါသည်။ အပျော်တမ်းဖတ်ရုံမှအပ ဖတ်စရာ နည်းလမ်းလည်းမရှိပါ။

တစ္ဆေဆိုသည့် စကားအဓိပ္ပာယ်မှာ ခြောက်လှန့်သူဟူ၍ ရသည်ဟု ဓိဗြိုဟ်ဆရာများ ပြောသံကြားဖူးပါသည်။ တစ္ဆေကိုကြောက်ရသောကြောင့် လူများစိတ်ဝင်စားကြသည်။ ကြောက်စိတ်သည် လူ၏သန္တာန်ဝယ် ပြင်းထန်သောစိတ်တစ်ခုဖြစ်ရာ ထိုစိတ်ကိုဖြစ်ပေါ်စေတတ်သော ပုဂ္ဂိုလ်အရာဝတ္ထုတို့သည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

တစ္ဆေကို မတွေ့ဖူး၊ မမြင်ဖူး၍ မကြောက်၊ မယုံဟု ဆိုသူများရှိကြပါသည်။ တစ္ဆေကို မတွေ့ဖူး၊ မမြင်ဖူးဘဲနှင့် သူတစ်ပါးပြောပြသည်ကိုပင် မိမိ၏ စိတ်ကူးရုပ်ပုံတွင် မြင်လာ၍ ကြောက်သူများစွာ ရှိပေသည်။ တစ္ဆေပုံပြင်မှာ အစအကြောင်းကို နက်နဲစွာ ဖော်ပြသော ပုံဝတ္ထုမျိုးမဟုတ်စေကာမူ စိတ်ကူးဉာဏ်၏ဆန်းကြယ်မှု အခွင့်အလမ်း ဖွင့်စေသည်။ ထို့ကြောင့်လည်း တစ္ဆေကို မယုံကြည်သည်ဖြစ်စေ၊ ယုံကြည်သည်ဖြစ်စေ၊ တစ္ဆေပုံပြင်ကို ကြားရဖတ်ရသူတိုင်းပင် စိတ်ဝင်စားမည်အမှန်ပင်တည်း။

တစ္ဆေ၏ စိတ်ဝင်စားမှုရှိသည့် အကြောင်းတစ်ရပ်ကို ကျွန်တော်တွေးမိပါသေးသည်။ ယင်းသည်ကား အခြားမဟုတ်။ တစ္ဆေသည် နောင်တမလွန်ဘဝကို ပေါ်လွင်စေသော သရုပ်တစ်ရပ်ဖြစ်၏။ သေခြင်းတရားကို တစ်နည်းအားဖြင့် ဖော်ပြသည်ဟု ဆိုချင်ပါသည်။

လူတို့သည် သေခြင်းတရားကို ကြောက်ရွံ့ကုန်၏။ သေသည့်၏အခြားမဲ့၌ လားရာဂတိကို မသိမမြင်နိုင်ကုန်။ သေပြီးလျှင် အဆက်ပြတ်ပြီဟု တွေးထင်သူများပင် ရှိကြသေးသည်။

တစ္ဆေသည် သေပြီးသော်လည်း အဆက်မပြတ်သေးဟူသော အချက်ကို ဖော်ပြသည့် သရုပ်ဖြစ်ရကား တစ္ဆေသည် လူတို့အဖို့ စိတ်ဝင်စားစရာဖြစ်ပေတော့သည်။ တစ္ဆေမှသာ တမလွန်ဘဝ၏ သရုပ်ဖော်ဖြစ်ရသလော။ အခြား သရုပ်ဖော်များ မရှိလေသလော။ သေသူတို့သည် ဂတိအမျိုးမျိုးသို့ လားကြကုန်၏။ သို့သော် အခြားအခြားသော ဘဝများသည် လူတို့အား အရိပ်အယောင် မပြကြပေ။ ဥပမာ - သေသူတစ်ဦးသည် လူ့ဘဝသို့ ပြန်ရ၏။ လူဝင်စားပြန်ဖြစ်၏။ ထိုသူသည် သေသည့်၏ အခြားမဲ့၌ အမိဝမ်းဗိုက်သို့ ရောက်သွားတော့၏။ အခြားသူများအား အရိပ်အယောင်ပြနိုင်ခွင့် သူ့၌ မရှိတော့ပေ။

ထို့ကြောင့် တစ္ဆေဆိုတာ ဘာလဲဟုမေးလိုက်သည်တွင် သူငယ်တစ်ယောက်က "ဘာမှမဟုတ်တဲ့သူပဲ"ဟု ဖြေဆိုသည်။ ထိုအဖြေကို မရှင်းလှဟု ထင်သည့် သူငယ်ချင်းက "မင်းပြောတာ မရှင်းဘူးကွ။ တစ္ဆေဆိုတာ ရှိတော့ ရှိတာပဲ။ ဒါပေမယ့် မရှိသလိုဘဲကွ"ဟု ဖြည့်စွက်ပြောကြားလေသည်။ တစ္ဆေဟူသော နာနာဘာဝသည် မရှိဟု မဆိုသာ။ ရှိသည်ဟုဆိုရလောက်အောင်လည်း မျက်ဝါးထင်ထင်ပြ၍လည်း မရသော ကိစ္စတစ်ရပ်ပင်ဖြစ်တော့သည်။

တစ္ဆေမရှိဘူး၊ မယုံဘူး ဆိုသူတို့မှာ မကြုံဖူး၊ မတွေ့ဖူးဟု ဆိုသူများသာ ဖြစ်သည်။ "နာနာဘာဝဟူ၍ ရှိကြောင်း ဗုဒ္ဓဘာသာမှစ၍ ဘာသာတရားအသီးသီးက ဆိုကြသည်။ ဘာသာတရား၌ မသင်ဝင်သူတို့သာလျှင် ထိုအချက်ကို မယုံကြည်ကြချေ။ မကြုံဖူး၊ မတွေ့ဖူး၍ မယုံဘူးဟုဆိုခြင်းမှာကား မဟုတ်လှပေ။ မကြုံဖူး၊ မတွေ့ဖူးသည့် အရာများစွာသည် မိမိယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ရှိကြ၏။

မြန်မာပြည်အကြောင်း ရေးသူ မောရစ်ကောလစ်က မြန်မာခေတ်ပညာတတ်များက တစ္ဆေသရဲ ယုံကြည်သည်ဆိုလျှင် အယူသီးသည် ခေတ်နောက်ကျသည် အထင်ခံရမှာစိုး၍ မယုံကြည်ဟု ဆိုတတ်ကြကြောင်း ရေးသားဖော်ပြဖူးသည်။

၆

သို့ရာတွင် ထိုအယူသီးသည် Superstitious ဖြစ်သည်ဟု အထင်ခံရမှာစိုးသော ခေတ်ပညာတတ်ဟု အခေါ်ခံရသူတစ်စုမှာ ဗဟုသုတနည်းပါး၍ အကယ်ပင် ခေတ်ပညာမတတ်၍သာ ဖြစ်ရမည်။ ဗဟုသုတရှိသူတို့သည် တစ္ဆေသရဲစသည့် နာနာဘာဝများကို ကမ္ဘာ့ရှေ့ဆောင် လူမျိုးများဖြစ်သော အင်္ဂလိပ်၊ အမေရိကန်၊ ရုရှား၊ တရုတ်စသည်တို့က ယုံကြည်ကြောင်း သိရှိပြီးဖြစ်ပါသည်။

တစ္ဆေကို ကျွန်တော် တစ်ခါမှ မကြုံတွေ့ဖူးပါ။ ကြုံတွေ့ဖူးသော မိတ်ဆွေသူငယ်ချင်းများထံမှ စုံစမ်းမေးမြန်းကြည့်လေ့ရှိပါသည်။ မျက်လုံးကြီးများ လင်းကွင်းလောက်နှင့် လျှာကြီးဖျာလိပ်လို ဖြန့်ချလိုက်သည့် ထန်းပင်လောက်



www.burmeseclassic.com

www.burmeseclassic.com

မြင့်သော သင်္ချိုင်းအကြောင်းကို သူတို့ မပြောကြ။ သူတို့အတွေ့အကြုံမှာ ထူးခြား၏။ သို့သော် ထူးပေ၊ ဆန်းပေသည်ဟူ၍ မဆိုသာ။ နာနုဘာဝဆိုသည်မှာ ရုပ်သွင်အမျိုးမျိုး ပြောင်းလဲနိုင်သဖြင့် ပြန်ပြောသူက "ကား"ချင်သလောက် "ကား"၍ပြောနိုင်၏။ ကျွန်တော် စုံစမ်းမေးမြန်းကြည့်ရာ သူတို့မှာ သူတို့မြင်တွေ့ရသည်ကို ကား၍ပြောဟန်မရှိ။ ပြောမှပြောရစေဟူသော သဘောမျိုးနှင့် တွေ့ရာလျှောက်ပြောသူများတော့ မဟုတ်ပေ။

## သေပြီးသူနှင့် တွေ့ခဲ့ခြင်း

ကျွန်တော့်မိတ်ဆွေ အမြဲတမ်းခွင့်ဝန်ထောက် ဦးချန်ထွန်းက သူ့ဆွေမျိုး တစ်ယောက်အကြောင်းကို ပြောပြပါသည်။ သူ့ဆွေမျိုး(ညီအစ်ကိုတော်) တစ်ယောက်သည် နတ်မောက်နယ်၌ ကုန်သည်လုပ်နေရာတွင် တစ်နေ့သည်နေ၌ တစ်ရွာမှတစ်ရွာသို့ နေဝင်ရီသရောအချိန်တွင် ဖြတ်ကူးသွားရလေသည်။ ရွာအဝင်တွင် မိုးချုပ်စပြုလေပြီ။ သူသည် ဆေးလိပ်သောက်လို၍ ဆေးလိပ်ကို လွယ်အိတ်မှ ထုတ်လိုက်ပြီးလျှင် မီးခြစ်ရှာရာ မီးခြစ်မပါလာသဖြင့် လမ်းဘေးယာခင်းထဲတွင် မီးပုံတစ်ခုကိုမြင်သောကြောင့် ဝင်၍ ဆေးလိပ်မီးညှိလေသည်။ မီးပုံအနီးတွင် လူကြီးတစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို မြင်ရသောအခါ သူဆေးလိပ်မီးညှိရင်း နှုတ်ဆက်စကားပြောလို၍ စကားစရှာမရသည့်အလျောက် ထိုလူကြီး၏ မည်းမှောင်သော အသားကိုမြင်၍ ပါးစပ်မှ "ဘယ့်နှယ် . . . နောင်ကြီးရာ ခင်ဗျား အသား မည်းလှချည်လား"ဟု ထွက်သွားလေသည်။

"မည်းမှာပေါ့ဗျာ။ ညနေကမှ မီးရှို့ကြတာကိုး"ဟု ထိုသူက ပြန်ပြောလေ၏။ သူလည်း "ဒီလူ ငါ့ကို ဘုတောတာပဲ"ဟု အောက်မေ့ကာ ပြုံးလျက် ခရီးဆက်သွားလေသည်။

ရွာသို့ရောက်၍ တည်းခိုသောအိမ်တွင် စကားစပ်မိသည့်အလျောက် ထိုအကြောင်းကို ရယ်မော၍ပြောလိုက်ရာ အိမ်ရှင်က မျက်လုံးမျက်ဆန်ပြူးလျက် . . .

"ဟာ . . . မင်းဆေးလိပ်ဝင်ညှိတာကိုသာဖ်အလောင်း မီးသဂြိုဟ်ထားခဲ့တဲ့ နေရာကွ။ ငါတို့ပဲ ညနေက မသာပို့ခဲ့သေးတယ်"ဟု ဆိုလေသည်။

ဦးချန်ထွန်းအစ်ကိုမှာ ထိုအခါမှ လန့်ဖျားဖျားလေရာ ရက်သတ္တတစ်ပတ်ခန့် ဆေးကုယူရသည်ဆို၏။

## ဒေးဗစ်ဆန်၏ ကိုယ်တွေ့

ကျွန်တော် လွန်ခဲ့သော အနှစ် ၂၀ ခန့်က မကွေးမြို့ တိုင်းမင်းကြီးရုံး၌ စာရေးလုပ်စဉ် ကျွန်တော်တို့ဌာနအုပ်စာရေးကြီးသည် မစ္စတာဒေးဗစ်ဆန်အမည်ရှိသော အိန္ဒိယမြည်သား ခရစ်ယာန်တစ်ဦးဖြစ်၏။ မစ္စတာဒေးဗစ်ဆန်သည် အရက်အလွန်သောက်၏။ သို့သော် သူသည် တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်း မှန်မှန်တက်သည်။

အရက်သမား ဘုရားနှင့်နီးကပ်နေသည့် အချက်ကို အထူးအဆန်း အမှတ်ပြုခဲ့သော ကျွန်တော်က မစ္စတာဒေးဗစ်ဆန်အား စကားစပ်၍မေးကြည့်ရာ *သူက အောက်ပါအတိုင်း ပြောပြ*လေသည်။

"ဒီကိစ္စ မင်းနားထောင်ချင်ရင် ငါပြောပြမယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ငါ မင်းကြီးနှင့်အတူ လက်ရေးတို စာရေးအဖြစ် တောလိုက်ရတယ်။ မင်းတို့ ရုံးတော်မရောက်ကြသေးဘူးပေါ့ကွာ"

"တစ်ခါတော့ ငါတို့ ပခုက္ကူမြို့ရောက်သွားကြတယ်။ ပခုက္ကူကျတော့ မင်းကြီးက အရေးပိုင်အိမ်မှာတည်းတယ်။ ငါနဲ့ တောလိုက်စာရေးစိန့်ဝင်းတို့ကို ဘိုတဲမှာတည်းစေတယ်။ စိန့်ဝင်းကတော့ မြို့ထဲက သူ့မိတ်ဆွေအိမ်မှာသွားတည်းတယ်။ ငါက ဘိုတဲမှာ တစ်ယောက်တည်းတည်းရလို့ သိပ်အကြိုက်ကျတာပေါ့။ ငါ့ဟာငါ သောက်ချင်တိုင်းသောက်ပြီး ဘယ်သူမှအနှောင့်အယှက်မရှိတဲ့အိပ်ရမှာပဲလို့ အောက်မေ့မိတယ်"

"ထူးခြားတဲ့အချက်ကတော့ ဘိုတဲမှာ ဘယ်သူမှမအိပ်ချင်ဘူး။ ပြာတာမောင်ပွားကလည်း မြို့ထဲသွားအိပ်ပါရစေလို့ ခွင့်တောင်းတယ်။ ငါကတော့ တစ်ယောက်တည်းအိပ်ရမှာ ကြောက်တဲ့အကောင်မှမဟုတ်ဘဲ။ ဘယ်သူမှ မရှိရင် အေးတာပေါ့ဆိုပြီး မောင်ပွားကိုလည်း မြို့ထဲလွှတ်လိုက်တယ်"

"ညဦးမှာ ငါအရက်သောက်ပြီး တစ်ယောက်တည်း သီချင်းတစ်အေးငအေးနဲ့ နေတယ်။ သန်းခေါင်လောက်ကျမှ အိပ်ရာဝင်တယ်။ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ထဲရောက်ခါစရှိသေးတယ်။ ဘိုတဲပေါ် လူတစ်ယောက် တက်လာသံကြားရတယ်။ ငါက ဘိုတဲစောင့်တက်လာတယ် အောက်မေ့ပြီး 'ဟေ့‥ဘယ်သူလဲ'လို့ မေးလိုက်တယ်။ ဘာမှစကားပြန်မရဘူး"

"ဒါနဲ့ ငါလည်း အိပ်ရာမှထထိုင်ပြီး ခြောက်လုံးပြူးကို အသင့်လုပ်ထားတယ်။ အဲဒီအခါမှာပဲ ငါ့အခန်းတံခါးလာခေါက်တယ်။ ငါက ဘယ်သူလဲလို့ အထပ်ထပ်မေးတော့ အင်္ဂလိပ်လို တံခါးဖွင့်ပေးပါလို့ပြောသံ ကြားရတယ်။ တံခါးဖွင့်ပေးပြီး ခြောက်လုံးပြူးအသင့်ကိုင်ထားရင်း စောင့်နေတယ်။ တံခါးခေါက်သူကို လှမ်းပြီး ဝင်ခဲ့လေလို့ ငါပြောရပေမယ့်လည်း လူတစ်ယောက်မှမရှိဘူး။ ငါအတော်ကြောက်သွားတယ်"

"ဒီတော့ ငါက ဒေါပွပြီး ငါ့လာနောက်တာဘယ့်သူလဲကွလို့ အော်လိုက်တာပေါ့။ ဒီတော့ ကျုပ်စကားပြောချင်လို့ပါဆိုတဲ့ အသံတစ်ခုကို တံခါးဝကပဲကြားရတယ်။ အသံကိုကြားရပြီး လူကိုမမြင်ရတော့ ငါအတော်လန့်သွားတယ်။ တစ္ဆေသရဲဆိုတာ ငါမယုံပါဘူး။ ယုံဘူးဆို စိတ်မဝင်စားမိခဲ့ဘူး။ ဒီတော့ ငါက ခင်ဗျား ဘယ်ကစကား ပြောနေတာလဲ။ ခင်ဗျားကို မြင်လည်းမမြင်ရဘူးလို့ဆိုတော့ ကျုပ် ဒီမှာပါလို့ပြောပြီး ငါ့ရှေ့နားမှာ ဘွားခနဲ စောင်ဖြူကြီးခြုံထားတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။ သူကြည့်ရတာ ယောကျ်ားလား။ မိန်းမလား ခွဲပြီးမသိရဘူး။ ငါ့စိတ်က ခေါင်းမြီးခြုံကုလားမလို့တောင် ထင်မိသေးတယ်။ သူက အင်္ဂလိပ်လိုချည်း ပြောနေတော့ 'အိုင်'ဆိုတာ ကျွန်တော်လား ကျွန်မလား ဘယ်ခွဲခြားသိမှာလဲကွာ"

"ဒါနဲ့ ငါက ခင်ဗျားဘယ်သူလဲ။ ကျုပ်ကို ဘာပြောချင်လို့လဲလို့ မေးလိုက်တော့ သူဟာ ဟိုနှစ်ပေါင်းအတော်ကြာက ဒီဘိုတဲမှာ သေသွားတဲ့ အင်္ဂလိပ်မတစ်ယောက်တဲ့။ သူ့ယောကျ်ားက သစ်တောအရေးပိုင်တဲ့။ နာမည်တော့မပြောဘူး။ သူက သူ့အကြောင်းကိုပြောပြချင်ပေမယ့် ဘိုတဲလာတဲ့သူတွေဟာ သူ့အကြောင်းနားထောင်ဖို့ဝေးရော၊ သူလာတာမြင်ရင်ပဲ ကြောက်လန့်ဟစ်အော်ကုန်ကြတာချည်းပဲ။ အခု ငါ့ကျတော့မှပဲ ပြောခွင့်ရတယ်တဲ့။ သူ့အကြောင်းကတော့ သိပ်မထူးဆန်းပါဘူး။ သူ့ယောကျ်ားနဲ့ တောလှည့်သွားရာမှာ ငှက်ဖျားမိပြီး နောက်ဆုံး ဒီဘိုတဲမှာပဲ အသက်ကုန်ရသတဲ့။ ဆေးရုံတောင်ယူမသွားရတော့ဘူးတဲ့"

"သူက ကျွန်မ တောင်းပန်ချင်တာတစ်ခုရှိပါတယ်။ ရှင် ကျွန်မအတွက် ဘုရားသခင်ကိုဆုတောင်းပေးပါ။ ကျွန်မ အဲဒါကိုပဲ တောင်းခံချင်ပါတယ်။ ရှင် ဘုရားရှိခိုးပြီး ဆုတောင်းပေးပါ့မယ်လို့ ကျွန်မကို ကတိပြုပါရှင်တဲ့"

"ငါဟာ တစ်ယက်လုံး ဘုရားရှိခိုး ဝါသနာပါတဲ့အကောင် မဟုတ်ဘူးကွ။ ဒါပေမယ့် သူပြောတာကြားရတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ ဒါနဲ့ ငါ သူ့ကို ကတိပေးလိုက်တယ်။ အဲဒီကစပြီး ငါလည်း တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်း ဝတ်မပျက်တက်တာပဲ"

"အစကတော့ ငါကတိပေးမိတာ များတာပဲလို့ ထင်မိတယ်။ နောက်တော့ ဘုရားရှိခိုးကျောင်းသွားပြီး ဝတ်ပြုရတာ စိတ်ချမ်းသာမှုရတဲ့အကြောင်း ကိုယ်တွေ့ဖြစ်လာတယ်။ အဲဒီလိုပဲ ကတိအတိုင်း ဘုရားရှိခိုးပြီး အဲဒီမိန်းမဝိညာဉ် ကျွတ်လွတ်ပါစေလို့ ဆုတောင်းလာတာ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ငါအိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ အဲဒီမိန်းမဟာ ငါ့ဆီလာပြီး ကျွန်မတော့ ကျွတ်ပါပြီ။ ရှင်ဆုတောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောသွားတယ်"

"ဒါဖြင့်ရင် ခင်ဗျား ဘာလို့ဆက်ပြီး ဘုရားရှိခိုးကျောင်း တက်နေရသေးသလဲ"

"ငါပြောပြီးပြီ မဟုတ်လားကွာ။ ဘုရားရှိခိုးကျောင်းမှာ ဝတ်ပြုရတာ စိတ်ချမ်းသာမှုရတယ်လို့"

မစ္စတာဒေးဗစ်ဆန်၏ တည်ငြိမ်စွာပြောသော အံ့ဖွယ်ကိုယ်တွေ့ကို မယုံဘူးဟု ငြင်းဆန်ပစ်ပယ်ရန် ကျွန်တော့်အဖို့ ခဲယဉ်းလှပါတော့သည်။

လှတိုး(စိတ်ပညာ)


<u>စာညွှန်း</u>

၁။ အံ့ဖွယ်သုတမဂ္ဂဇင်း။ အတွဲ ၂၊ အမှတ် ၁။

၂။ ၁၉၉၂ ဇွန်လထုတ် ဟန်သစ်မဂ္ဂဇင်း။

၃။ ၁၉၅၇ မတ်လထုတ် သွေးသောက်မဂ္ဂဇင်းပါ တက်တိုး၏ "တစ္ဆေ" ဆောင်းပါး။




www.burmeseclassic.com

www.burmeseclassic.com



# အနိစ္စဒေသနာတော်

၂၁

## မဟာထွန်း

ပရမတ်ဉာဏ် အမြင်သန်လာသော ယောဂီပုဂ္ဂိုလ်တို့သည် မည်သည့် ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများနေသည်ဖြစ်စေ ခန္ဓာကိုယ်အပေါ်၌ ထိုတရားများ လင်းလင်းပြတ်ပြတ် ထင်လာတတ်မြဲဖြစ်၏။

ပွားများနေဆဲ တရားတော်၏ ပရမတ်ဉာဏ်သည် စွဲမြဲနေဆဲဖြစ်၍ စိတ်အာရုံကို ခန္ဓာသို့ ညွှတ်လိုက်တိုင်း တရားတော်သည်လည်း ဝိပဿနာဉာဏ်ကို အရင်းခံလျက် အလိုလိုရှုမှတ်ပြီးလည်း ဖြစ်လေသည်။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် တစ်စုံတစ်ခုကို စိတ်ရောက်နေ၍ တရားတော်အပေါ်၌ အာရုံလွတ်နေသည်ဖြစ်အံ့။ အာရုံလွတ်ခြင်းသည် ထိုခဏ၌သာ ဖြစ်၏။ ထိုမှ မိမိရှုမှတ်ပွားများနေသော တရားတော်သို့ စိတ်ကိုတင်လိုက်သည်နှင့် တစ်ပြိုင်နက် ပရမတ်လမ်းစဉ်ဖြစ်သော ရှုမှတ်မြဲတရားတော်သည် လင်းလင်းကြီးပေါ်၍ ရှင်းရှင်းကြီး ပြတ်သားလျက်သာရှိတတ်သည်။

ခန္ဓာကိုယ်ပေါ်၌ ဝိပဿနာဉာဏ် ကျက်စားလျက်ရှိကြသော ယောဂီပုဂ္ဂိုလ်များ သာ၍ပင် သိသာနိုင်သည်။ ဝိပဿနာဉာဏ်၏ အကျိုးကျေးဇူးကိုလည်း ပို၍သာ၍ နားလည်လာလေသည်။

ဝိပဿနာကို မလိုက်စားဖူးသော ဆရာကောင်းတို့အထံ၌လည်း နည်းခံ နာကြားသင်ယူခြင်း မရှိဖူးသည့် ယောဂီပုဂ္ဂိုလ်များသည် တရားလိုက်စအခါ၌ ရှုပ်ထွေးကောင်း ရှုပ်ထွေးနေတတ်သည်။ သို့သော် တရားဟောပြောပြသသည့် ဆရာ၏အထံ၌ ဉာဏ်ကိုစိုက်၍ နာကြားလျှင်မူကား ဉာဏ်အနိမ့်အမြင့်ပေါ်မူတည်ပြီး တစ်နည်းနည်းဖြင့် ပြတ်သားနားလည်လာမည်သာဖြစ်သည်။

မြတ်စွာဘုရားရှင်က လူများနားမလည်နိုင်သည့် တရားတော်ကိုလည်း အဝှုမြှု၍ ဟောထားခဲ့ရန် အကြောင်းမရှိပေ။ တရားနာကြားစဉ်ကပင် စိတ်ပါဝင်စားစွာဖြင့် နာကြားမှတ်သားခြင်းကသာ အဓိကကျလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သမထလမ်း ဝိပဿနာလမ်းဟု နှစ်လမ်းရှိရာတွင် သမထလမ်းစဉ်သည် အလွန်တရာခက်ခဲ၏။ သာမန်လူတို့၏ ဉာဏ်၊ ဝီရိယမျှဖြင့် သမထကို မင်ပေါက်လောက်သည်အထိ နာကြားအားထုတ်ရန်မှာ သာ၍ပင် ခက်လေသည်။

ဝိပဿနာသည်ကား သမထထက် ပိုပြီးသက်သာ လွယ်ကူခြင်းသဘောကို ဆောင်သည်။ နာကြားအားထုတ်ရာ၌ သမထကဲ့သို့လည်း ပင်ပန်းခြင်းမရှိပေ။ ပရမတ်ကို နားလည်ထားသော ယောဂီပုဂ္ဂိုလ်များအဖို့ ခန္ဓာပေါ် ဉာဏ်တင်၍ ရှုစိုက်နာကြားရုံမျှဖြင့်ပင် ခန္ဓာ၊ ဉာဏ်၊ တရားသုံးပါး လုံး ညီမျှသည့်ခဏ၌ ပရမတ်ကို ပြတ်ပြတ်ကြီး နားလည်ပြီး ရှုမှတ်နိုင်လေသည်။

ထို့ကြောင့် သမထကို အလုပ်စခန်း အလုပ်လမ်းဟု ဆိုကြပြီး ဝိပဿနာကိုမူ ဉာဏ်စခန်း၊ ဉာဏ်လမ်းဟု တင်စားကြသည်။ သည်တရားနှစ်မျိုးလုံးကိုပင် မြတ်စွာဘုရားရှင် ဟောတော်မူသော်လည်း လုပ်ရပုံချင်းကွာခြားသလို ရလာဘ်သည်လည်း ခြားနားသည်။

မင်ရသည်ချင်း တူပါလျက် အဘယ်ကြောင့် ခွဲခြား ဟောကြားပါသနည်းဟူမူကား -

ဇွဲကောင်းသော သာဝကတို့ကို သမထပေးဟောပြီး ဉာဏ်ကောင်းသော သာဝကတို့ကိုမူ ဝိပဿနာကိုသာ ဟောတော်မူခဲ့သည်။ တရားရလွယ်သော သာဝကအရေးအတွက် သည်လည်း ဝိပဿနာကို ပွားများအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တွေကသာ ပို၍များလေသည်။

သမထလမ်းစဉ်အတိုင်း ပွားများအားထုတ်ခြင်းဖြင့် လေးမင်လေးဖိုလ်ရ နိုင်လျှင်ကား သာ၍ကောင်းသည်။ ဈာန် အဘိညာဉ်တန်ခိုးဖြင့် မြေလျှိုးမိုးပျံ အောင်ပုံနိုင်လေသည်။ သို့သော် သက်တမ်းတိုပြီး ရောဂါဘယ ထူပြောများပြားလာသော ယခုခေတ်၌ သမထလမ်းစဉ်ဖြင့် ဈာန်အဘိညာဉ်ရရန် ခဲယဉ်းသည့်အကြောင်းကို တရားတော်၌ ကျွမ်းကျင်လိမ္မာသော ပညာရှိသူတော်ကောင်းကြီးတို့ ဆိုကြသည်။

ညောင်လွန့်တောရ ဆရာတော်ကြီးတစ်ပါးသာ ဈာန် အဘိညာဉ်ရခဲ့ပုံကြောင်း၊ ၎င်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် တေဇဆရာတော်၏ ထေရုပ္ပတ္တိများတွင် ကြည့်ညို့ရသည်။

ဤ၌ ထိုဆရာတော်ကြီးနှစ်ပါးတို့၏ အကြောင်းကို အနည်းငယ်မျှ တင်ပြဦးမည်။

တေဇဆရာလေးသည် စာသင်စာချ ဂန္ထဓုရကို တစ်ခန်းသတ် ရပ်နား၍ ဝိပဿနာဓုရဘက်သို့ ကူးပြောင်းလိုလှသဖြင့် ဆရာလိုက်ရှာသည်။ ထိုအချိန်က ညောင်လွန့်တောရ ဆရာတော်ကြီးသည် ဂန္ထဓုရမှာ နာမည်ကြီးသလို ဝိပဿနာ ဓုရတွင်လည်း အထူးကျော်ကြားလျက် ရဟန္တာဟုလည်း တွင်၏။

ထိုအချိန်၌ ညောင်လွန့်တောရဆရာတော်ကြီး စာချ နေသည်။ ထို့ကြောင့် အနီးအနားစေတီရင်ပြင်၌ တံမြက်လှည်း၊ စေတီယင်္ဂဏဝတ်ပြုလုပ်နေသော ဆရာတော်ကြီး တစ်ပါးက တေဇဆရာတော်လောင်းလျာ ဆရာတော်လေး အား လက်ယပ်ခေါ်ပြီး ညောင်လွန့်ဆရာတော်ကြီး စာချနေ သည့် ကျောင်းကို လက်ညှိုးပြကာ "ခဏနားပါဦး"ဟု ဆို၍ တေဇဆရာတော်လောင်းလျာလေးသည်လည်း တံမြက်လှည်း နေသော ဆရာတော်ကြီးအား ဦးချ၍ ထိုင်နားနေလိုက်သည်။

တစ်အောင့်ကြာပြီးနောက် စာသင်ကိုယ်တော်များ စာအုပ်များကို ခေါင်းပေါ်တင်ပြီး စာတက်ကျောင်းမှ ထွက် လာကြလျှင် တံမြက်လှည်းနေသော ဆရာတော်ကြီးက "သွား တော့ ရပြီ"ဟု ပြောလိုက်၍ ညောင်လွန့်ဆရာတော်ကြီးအား သွားဖူးရာ ညောင်လွန့်ဆရာတော်ကြီးမှာ စေတီရင်ပြင်တော်၌ အမှိုက်လှည်း၊ စေတီယင်္ဂဏဝတ်ပြုလုပ်နေသော ဆရာတော် ကြီးပင် ဖြစ်နေလေသည်ဟု ဖတ်မှတ်ကြည့်ညို့ရသည်။

တစ်ချိန်က ညောင်လွန့်ဆရာတော်ကိုယ်တိုင်ပင် "ယခုခေတ်၌ အစားအသောက်များ ဆန်းပြားလာခြင်းကြောင့် လူများရဲ့အင်အားတွေ ဆုတ်ယုတ်ကုန်ပြီ။ (ဓာတ်မြေဩဇာ များ လွန်ကဲစွာသုံးစွဲနေကြ၍ သဘာဝမြေဩဇာများ ခန်း ခြောက်လာခြင်းကို ဦးတည်ပြီး ဆိုလိုဟန်ရှိသည်) ဈာန် အဘိညာဉ်ကို မရနိုင်တော့ဘူး"ဟု မိန့်တော်မူခဲ့ကြောင်းလည်း မှတ်သားဖူးသည်။

ထို့ကြောင့် ဆရာတော်ကြီးကိုယ်တိုင် စမ်းသပ်ပြီး ဈာန်အဘိညာဉ်ကို ပွားများအားထုတ်ကြည့်ရင်းမှ ရလေ သလားဟု ခန့်မှန်းကြည်ညိုရသည်။

မည်သို့ပင် ဆိုစေကာမူ သမထလမ်းစဉ်ကိုဖြစ်စေ၊ ဝိပဿနာလမ်းစဉ်ကိုဖြစ်စေ ကိုယ်တိုင်စမ်းသပ်ကြည့်ရန်ပေ၊

www.burmeseclassic.com

လိုပေသည်။ သို့သော်လည်း သမထလမ်းစဉ်သည် ဝိပဿနာလမ်းစဉ်ထက် မြောက်မြားစွာပင် ခက်ခဲလေသည်။

သမထကို ပွားများထုတ်မည့် ယောဂီပုဂ္ဂိုလ်သည် ကျန်းမာရေးကောင်းမွန်ခြင်း၊ သမာဓိအလုပ်ကို အချိန်ပေးပြီး ထူထောင်ရခြင်း၊ ဆိတ်ငြိမ်ရာ၌ စူးစိုက်ပွားများရခြင်း စသည်ဖြင့် ခက်ခဲသော အင်္ဂါရပ်များလိုပေသည်။

ဝိပဿနာလမ်းစဉ်တွင်လည်း ထိုထိုအင်္ဂါရပ်များ ပြည့်စုံလျှင် သာ၍ကောင်းသည်။ ထိုထိုအင်္ဂါရပ်များ မပြည့်စုံလျှင်လည်း သင့်လျော်ရာ၌ ပွားများအားထုတ်ခြင်းဖြင့်ပင် လုံလောက်လေသည်။

ဝိပဿနာကို ရဟန်းအလုပ်၊ ရဟန်းတရားဟုဆိုသော်လည်း ဝတ်ကြောင်များနှင့် သာ၍ပင် သင့်လျော်လေသည်။ ရဟန်းအလုပ်ဟုဆိုရာ၌ သံသရာကိုကြောက်တတ်သော ပုဂ္ဂိုလ်အားလုံးကိုပင် ရဟန်းဟုဆိုရကြောင်း မှတ်သားဖူးသည်။

ရဟန်းကို ပါဠိလို ဘိက္ခုဟုခေါ်သည်။ ဘိက္ခုကို သံသရာဘေး မျှော်တွေးကြောင့်ကြ ကြောက်တတ်သော ပုဂ္ဂိုလ်ဟု အနက်ဆိုကြသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဝိပဿနာတရား ပွားများအားထုတ်ကြသည့် ယောဂီပုဂ္ဂိုလ်အားလုံးကိုပင် ရဟန်းဂုဏ်၊ ဝိပဿနာဂုဏ်အဖြစ် သတ်မှတ်နိုင်ပေလိမ့်မည်။

ဝိပဿနာ ဘာဝနာကို ပွားများကြသူများ အားတက်ဖွယ်ပင်ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရားတော်သည် ရဟန်းမြတ်အရှင်များအပြင် အိမ်နေသားမွေး၊ သူခိုး၊ ဓားပြ၊ မုဆိုး၊ တံငါ၊ ပြည့်တန်ဆာတိုင်အောင် ပွားများ၍ အကျိုးကြီးနိုင်၊ မင်္ဂရနိုင်သော တရားထူးကြီးသာဖြစ်ကြောင်း လင်းရှင်းလေသည်။

ဝိဋကတ်တော်၌လာသော ခိုင်ခံ့သည့် အကြောင်းအရာအချို့ကို ဆိုဦးမည်။ လူသိများသော အကြောင်းအရာများကိုသာ ထုတ်ပြပေမည်။

ဟိုးသကခေါ် အင်္ဂုလိမာလသည် လူသတ်၊ သူခိုး၊ ဓားပြများ၏အထဲတွင် ထည့်ပေါင်းနိုင်သည်။ သူလက်ညှိုးလိုက်ဖြတ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကမျှ အသာတကြည် အဖြတ်ခံကြလိမ့်မည်မဟုတ်ပေ။ လိုက်လံသတ်ဖြတ် ခုတ်ဖိုင်းရပေလိမ့်မည်။ ဓမ်းရေးအတွက်လည်း တိုက်ခိုး၊ လုစားရပေလိမ့်မည်။ ရန်သူများ ဝိုင်းလာကြတိုင်းလည်း သတ်ဖြတ်ရပေလိမ့်မည်။

အားခွန်ဗလကြီးလွန်း၍ တစ်ချက်ထခုန်လျှင်ပင် သူတစ်ပါးတို့ ခုနစ်ရက်သွားထားကြသော ခရီးကိုလည်းရောက်နိုင်သည်ဟုဆိုသည်။ ထို့ကြောင့် ပြည်သူလူထုနှင့်တကွ မင်းအစိုးရများပါ ကြောက်လန့်ကြသည်အထိ အစွမ်းထက်သော နိုင်ငံကျော်လူဆိုးကြီးလည်း ဖြစ်သည်။

ထိုလူမိုက်ကြီး အင်္ဂုလိမာလသည်လည်း ရဟန်းဝတ်ပြီး တရားဘာဝနာများ ပွားများအားထုတ်လေရာ လေးမင်္ဂ လေးဖိုလ်ရ၍ ရဟန္တာကြီး ဖြစ်သွားလေသည်။

ထို့နောက် မုဆိုး၊ တံငါမှသည် အနိမ့်ဆုံးဖြစ်သော ပြည့်တန်ဆာ ဗန္ဓုမတီ၊ သီရိမာ စသူတို့ကို ကြည့်ပါ။ ပြည့်တန်ဆာများကို လူ့လောက၌ အနိမ့်ဆုံးသောလူသားများအဖြစ် သတ်မှတ်နိုင်ပေလိမ့်မည်။

ထိုထိုအနိမ့်ဆုံးဖြစ်သော ဗန္ဓုမတီသည် တရားတော်ကို နာကြားရပြီးနောက် ဆင္ဃာဘိည ရဟန္တာမကြီးဖြစ်သွားသည်။ တရားအဟောကောင်းသော ဓမ္မကထိက ရဟန္တာမကြီးအဖြစ်လည်း ထင်ရှားသည်။

လူတိုင်းနီးပါး သိထားကြသည့် ဆရာဇီဝက၏ ညီမငယ်(ပြည့်ကြီးတန်ဆာ) သီရိမာသည်လည်း တရားတော်ကို နာကြားရခြင်းဖြင့် သောတာပန်တည်သွားသည်။ ဆိုခဲ့သည့်အတိုင်း ပြည့်တန်ဆာဟူသည်မှာ အနိမ့်ဆုံးလူသားများသာ ဖြစ်ကြသည်။

သို့သော်လည်း အနိမ့်ဆုံးလူသားများဖြစ်နေကြသည့်တိုင်အောင် တရားတော်က မင်္ဂဖိုလ်၊ နိဗ္ဗာန်ရရှိရေးကို တားဆီးပိတ်ပင်ခြင်း မရှိပေ။ ပဋ္ဌာနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိသုံးပါး၊ ထိုရှစ်ပါး ကင်းစင်လျှင် ဝိပဿနာတရားတော်ကို နာကြားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တိုင်းမင်္ဂဖိုလ်၊ နိဗ္ဗာန်ကို ရကြမြဲဖြစ်သာ ဖြစ်လေသည်။

ဗုဒ္ဓဘာသာဝင်တိုင်းသည်လည်း ကုသိုလ်ကံနှင့် အကုသိုလ်ကံ ထိုနှစ်ပါးကို လက်ခံယုံကြည်နေကြသည့် ကမ္မသကတာဉာဏ်အမြင်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြ၍ နိယတမိစ္ဆာဒိဋ္ဌိ ကင်းရှင်းလျက်သာရှိသည်။

နိယတမိစ္ဆာဒိဋ္ဌိသုံးပါး ဟူသည်မှာ အဟေတုက၊



www.burmeseclassic.com

www.burmeseclassic.com

အကိရိယ၊ နတ္ထိကဟူ၍ ဖြစ်သည်။ ထိုနိယျက မိစ္ဆာဒိဋ္ဌိ သုံးပါးကို လွယ်လွယ်ဖြင့် နားလည်အောင် ဘာသာပြန်လျှင်

အဟေတုက = ကုသိုလ်၊ အကုသိုလ်ဟူ၍မရှိ။

အကိရိယ= ကုသိုလ်ကိုပြုလုပ်၍ နတ်ပြည်၊ နိဗ္ဗာန်ကို ရောက်သည်၊ အကုသိုလ်ကိုပြုလုပ်၍ အပါယ်လေးပါးသို့ ကျသည်ဟူ၍မရှိ။

နတ္ထိက = အပါယ်လေးပါး နတ်ပြည်၊ နိဗ္ဗာန်ဟူ၍ မရှိ။

စသည်ဖြင့် ဖြစ်၏။ ထိုအယူမျိုးသည် ဆိုခဲ့သည့် အတိုင်း ဗုဒ္ဓဘာသာလောက၌ မရှိနိုင်ပေ။

ဗုဒ္ဓဘာသာလောက၌ ပဉ္စာနန္တရိယ= ကံငါးပါးကို ကျူးလွန်ကြမည့်လူမျိုးသည်လည်း မရှိနိုင်ဟူ၍ပင် ဆိုရမည် ထင်သည်။ ပဉ္စာနန္တရိယကံငါးပါးဟူ သည်မှာ -

၁။ အမေကို သတ်သူ၊

၂။ အဖေကို သတ်သူ၊

၃။ ရဟန္တာကို သတ်သူ၊

၄။ ဘုရားကို သွေးစိမ်းထွက်အောင်ပြုလုပ်သူ၊

၅။ သံဃာကို သင်းခွဲသူ။

ဟူ၍ ဖြစ်၏။

ဤလူငါးယောက်တို့သည်လည်း ဤဘဝ၌ မဂ်ဖိုလ်ကို မရကောင်းပေ။ သေပြီးနောက်လည်း အဝီစိငရဲသို့သာ ကျရောက်သွားရ၏။

ငါတို့၏ ဓမ္မယောဂီအပေါင်းတို့ သည်ကား ထိုမျှအထိ ဆိုးမိုက်သောလူများ မဟုတ်နိုင်ပေ။ တရားဓမ္မကို စိတ်ဝင်စား၍ လိုချင်စိတ်ရှိကြသဖြင့် သူတော်ကောင်းများသာ ဖြစ်နိုင်သည်။ တရားကို လိုချင်စိတ်ရှိသော ပုဂ္ဂိုလ်အား တိဟိတ် ပုဂ္ဂိုလ်သာဖြစ်ကြောင်းကိုလည်း လယ်တီစသော ဆရာတော်ကြီးများ ဆိုကုန်ကြသည်။ ယခုဘဝမှာပင် မဂ်ကိုရနိုင်သောပုဂ္ဂိုလ်ဟု ဆိုရသည်။ ထို့ကြောင့် ကြိုးစားရန်သာလို၏။

*****

အသက်ငါးဆယ် လူတစ်ယောက်နှင့် ခြောက်ဆယ် လူတစ်ယောက်တို့ကို ယှဉ်ကြည့်ပါ။ ငါးဆယ်လူထက် ခြောက်ဆယ်လူက ပိုရင့်သည်ကို တွေ့ရမည်။ ရုပ်နှ နာမ်နှ ခန္ဓာနများ သေဆုံးသွား၍ ရုပ်နှင့်၊ နာမ်နှင့်၊ ခန္ဓာရင့်များ ဖြစ်တည်နေခြင်းသာဖြစ်သည်။

မွေးစကာပင် ယခုအချိန်ထိ ထို့နောက် သေသည် အထိ တစ်သေတည်း သေဆုံးနေမည်သာဖြစ်သည်။ ပြခဲ့သည့် ဝိထိစဉ်ကိုလည်းကောင်း၊ အမေမွေးစမှ ယခုကျအောင် လည်းကောင်း၊ ပြန်လှန်သုံးသပ်၍ ရှုမှတ်ကြည့်ပါ။ ခန္ဓာငါးပါးသည် အနိစ္စသာလျှင်ဖြစ်ကြောင်းကို လင်းလင်းကြီး မြင်လာပေလိမ့်မည်။

ထို့နောက် မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက် အချိန်ကာလမှာပင် အကြိမ်ရေကုဋေပေါင်း သိန်းချီပျက်စီး သေဆုံးနေသည်ကိုလည်း အာရုံပြန်ပြုကြည့်ပါ။ ခန္ဓာငါးပါး အနိစ္စသည် ဘွားဘွားကြီးပေါ်လာပေလိမ့်မည်။

ထို့နောက် မိမိတို့၏ခန္ဓာကိုယ်ပေါ်သို့ ပြန်တင်ပါ။ မိမိသည်လည်း သည်အတိုင်းသာ တစ်ပျက်တည်းပျက်စီးနေပါကလားဟု ရှုမှတ်ပါ။ အနိစ္စရှုခြင်းမှာ ဤသို့သာဖြစ်သည်။

မရှုမှတ်တတ်စရာလည်း ရှိလိမ့်မည်မဟုတ်ပေ။ တစ်ခုချင်း အာရုံပြုပြီး ရှုမှတ်ရုံသာရှိသည်။ နားမလည်လျှင် တင်ပြထားသည်ကို ပြန်လှန်၍သုံးသပ်ပါ။

အစမှအဆုံးတိုင်အောင် ရှုမှတ်ပုံကလည်း လစဉ် တင်ပြလာခဲ့သည့်အတိုင်းသာ ဖြစ်သည်။

ဦးစွာ သီလခံယူပါ။ ထို့နောက် ဘုရားရှိခိုးပါ။ မေတ္တာပို့ပါ။ ထို့နောက် ပုံစံကျအောင်ထိုင်ပါ။ မိမိဆုံးဖြတ်ထားသည့်အတိုင်း နိုင်သလောက်ရှုမှတ်ပါ။ အဆုံးပိုင်းမှာလည်း မေတ္တာပို့ပါ။ ထို့နောက် ဆုတောင်းအမျှဝေပြီး အဆုံးသတ်နိုင်သည်။

နားမလည်လျှင် မဂ္ဂဇင်းမှတစ်ဆင့် ပြန်မေးပါ။
သည်လအတွက် သည်မျှဖြင့် တော်ကြဦးစို့။

*(ဆက်ရန်)*

❑ မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ရာပြည့်အလှူတော်မင်္ဂလာ


## စစ်ကိုင်းတောင်ရိုး (မှန်ကင်းချောင်) အကာယ်ဒမီကျောင်းတိုက်ဝင်း

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

စာရေးသူ၏ ငယ်သူငယ်ချင်းဖြစ်သူ ဦးဖေဇော်ဝင်း (ရာပြည့်စာအုပ်တုက်)သည် နှစ်စဉ်နှစ်တိုင်း ဝါတွင်းသုံးလ ပတ်လုံး စစ်ကိုင်းတောင်၊ မှန်ကင်းချောင်၌ သင်္ကန်းဝတ်သည်မှ သုံးနှစ်တိုင်ပင် ဖြစ်ပါသည်။ ယခုနှစ်တွင် ရာပြည့်မိသားစုမှ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း ပြီးစီးပြီဖြစ်ပါ၍ ရေစက်ချတရားနာပွဲအား ဖိတ်ကြားထားပါသည်။ သို့ပါ၍ ၂၈ • ၁၀ • ၂၀၁၅(သီတင်းကျွတ်လပြည့်)နေ့ နံနက် ၉း၃၀ နာရီအချိန်တွင် အီလိုက်ကားဖြင့် သူငယ်ချင်းညီအစ်ကိုမောင်နှမများဖြစ်ကြသော အစ်ကိုကြီးဦးချာလီ၊ ဒေါ်လှလှကြည်၊ မောင်ထွန်းလွင်နှင့် စာရေးသူတို့မြေးအဘွား စစ်ကိုင်းတောင်ရိုးသို့ ထွက်ခွာသွားခဲ့ကြပါသည်။

နံနက် ၁၁း၀၀ နာရီတွင် ၁၁၅ မိုင် သို့ရောက်သွား ပြီး နံနက်စာ စားသုံးကြပါသည်။ အီလိုက်ကားလေးသည် တဖြည်းဖြည်း သဘာဝအလှတရားများကို ကျော်ဖြတ်ရင်း ၃း၀၀ နာရီအချိန်၌ မိတ္ထီလာမြို့၌ ခေတ္တနားကာ ညနေ ၅း၃၀ နာရီအချိန်၌ မန္တလေးမြို့ ကျွဲဆည်ကန် အဝေးပြေး ကားဝင်းသို့ ရောက်ရှိလာပါတော့သည်။

ရောက်ရောက်ချင်း အစ်ကိုကြီး ဦးချာလီသား မောင်အောင်ဝင်းထွဋ်မှ လာရောက်ခေါ်ဆောင်ပြီး စစ်ကိုင်းတောင်သို့ သွားကြပါသည်။ မန္တလေးတစ်မြို့လုံး ဆီမီးထိန်ထိန်ဖြင့် သီတင်းကျွတ်အား ကြိုဆိုလျက်ရှိပါသည်။ ည ၇း၀၀ နာရီတွင် စစ်ကိုင်းတောင်ရိုး မှန်ကင်းချောင်သို့





www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာပါတော့သည်။ မှန်ကင်းချောင်ရောက်ပြီဆိုရင်ဖြင့် ာက်ကိန်းနှင့်ကြုံနေပါ၍ ဦးဇင်း နိန္ဒိယနှင့် (ဦးဖေဇော်ဝင်း) ာတို့က လက်နှိပ်ဓာတ်မီးထိုး၍ ကြိုဆိုလိုက်ပါတော့ ည်။

ကျောင်းပေါ် ရောက်သောအခါ သိန်းဇော်ဝင်းမှ ာက်နှီးပေးပါသဖြင့် ခရီးပန်းနွမ်းနယ်လာကြသော သူငယ် ်းတစ်သိုက်အား မြင်သွားပြီး ဒကာ၊ ဒကာမတွေ ဆာ ပြီနဲ့တူတယ်၊ ကိုယ်လက်သန့်စင်ပြီး ထမင်းကျွေးရာ ၏ ဝက်သားဟင်း၊ ငါးခြောက်ကြော်၊ ချဉ်ပေါင်ဟင်းတို့ အသားကုန်စွဲကြပါတော့သည်။ မေ့မရသော ထမင်းပွဲ ုဟု ခံစားမိပါသည်။ ထို့နောက် စကားစမြည်ပြောကြ ဦးဇင်းနိန္ဒိယမှ သူ့အခန်းလေးအား သူငယ်ချင်းတစ်စု ိပ်ရန် ပေးလာပါ၍ အားလုံး အေးချမ်းစွာ အိပ်စက်အနား ကြပါတော့သည်။

နံနက် ၄း၀၀ နာရီ ရောက်သော် အရုဏ်ဆွမ်းဘုဉ်း ၍ အုန်းမောင်းခေါက်ပါ၍ ရာပြည့်မိသားစုနှင့်အတူ တော်များအား မုန့်ဟင်းခါးဆွမ်း ဆက်ကပ်လှူဒါန်းကြ ည်။ စိတ်ကြားထားသော သံဃာတော်များ ညွှသည် ည်း တဖွဲဖွဲရောက်လာကြပါသည်။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ ်းအတွင်း လှည့်လည်ရှုကြရာ ကျောင်းခြံဝင်းကျယ် အထွန်ကျယ်ဝန်းပြီး အေးချမ်းလှပါသည်။ မိုးကလေး ကလည်း တဖျောက်ဖျောက် ရွာနေပါသည်။ တမာပင်ကြီးများ တစ်ပင်နှင့် တစ်ပင်ယှက်သန်းနေသည့်ပြင် တခြားသော အလှအပအပင်များကိုလည်း တွေ့ရှိရပါသည်။

နံနက် ၈း၀၀ နာရီတွင် မောင်အောင်ဝင်းထွန်းမှ လာရောက်ခေါ်ဆောင်ပြီး မြစ်ငယ်မြို့ရှိ စိန်မိုက်ကယ်ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ကက်နက်ချီးယားအိမ်သို့ သွားရောက်လည်ပတ်ကြပါသည်။ အပြန်တွင် ၎င်း၏သမီး ချောချောမှ ရတနာပုံတက္ကသိုလ်သို့ လိုက်ပြပြီး လက်ဖက်ရည်၊ မုန့်များ တိုက်ကျွေးဧည့်ခံပါသည်။ ထို့နောက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ ကျောက်စိမ်းဘုရားအား လိုက်ပို့ပါသည်။ ၎င်းကျောက်စိမ်းဘုရားကြီးအား ဖူးမြော်ရည်းကပ်သူ အပေါင်းတို့သည် အရာရာတိုးတက်အောင်မြင်ပြီး ဂုဏ်သတင်းကျော်စောခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ လိုတိုင်းတ တတိုင်းရနှင့် ပြည့်စုံသည်ဟု သိရှိရပါသည်။ စာရေးသူတို့ သူငယ်တစ်သိုက် စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီးအပြန်တွင် သမီးချောချောမှ အိမ်ပြန်လက်ဆောင် ကျောက်စိမ်းစေတီ ဘီနိုင်းတစ်ခုစီ လက်ဆောင်ပေးပါသည်။

နံနက် ၁၂း၀၀နာရီတွင် မောင်အောင်ဝင်းထွန်းမှ ရွှေဘဲစားသောက်ဆိုင်တွင် နံနက်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပါသည်။ ထို့နောက် မန္တလေးမဟာမြတ်မုနိဘုရားကောင်းမှုတော်ဘုရားသို့ လိုက်လံပို့ဆောင်ပေးပါသည်။ သီတင်းကျွတ်ရက်မြတ်အချိန်ကာလ ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူတို့ ကြွက်ပျံမကျ စည်ကားသည်ကို တွေ့ရှိရပါသည်။ မန္တလေးတောင်ပေါ် တက်ရန်ကိုပင် ကားများပိတ်နေပါ၍ မတက်ခဲ့ရပါ။ ညနေ ၅း၀၀ နာရီတွင် မှန်ကင်းချောင်သို့ ပြန်လည်ရောက်ရှိပါသည်။ ၆း၀၀ နာရီရောက်သော် ကျောင်းထိုင်ဆရာတော်မှ ညစာစားရန် တမာပင်ရိပ်အောက်၌ စုဝေးစေပြီး ညစာကျွေးရာ တောရွာစေ့



www.burmeseclassic.com

www.burmeseclassic.com



ကလေး အသွင်အပြင်ဖြစ်နေပါ၍ တစ်နည်းတစ်ဖုံပျော်ခဲ့ရပါသည်။

ခြံဝင်းအတွင်း၌လည်း နောက်တစ်နေ့ အလှူပွဲအတွက် ချက်ပြုတ်နေကြသဖြင့် ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်နေသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။

၃၀ ၊ ၁၀ ၊ ၂၀၁၅ နေ့တွင် ရာပြည့်မိသားစုများဖြစ်သော ဦးစိုးညွန့် + ဒေါ်ခင်အေးမြင့်မိသားစု၊ ဦးဖေဇော်ဝင်း + ဒေါ်ခင်ဆွေဝင်းမိသားစုတို့မှ ကျင်းပပြုလုပ်သော ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီး လှူဒါန်းခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ သိက္ခာထပ်ပူဇော်ပွဲမင်္ဂလာ၊ ကျောင်းလွှတ်ပူဇော်ပွဲ အခမ်းအနားက နံနက် ၈း၀၀ နာရီတွင် အကာယ်ဒမီကျောင်းဝင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဤအလှူပွဲတွင် မြစ်သားမြို့မှ ကျောင်းသူဟောင်းတစ်ဦးဖြစ်သူ ဒေါ်ငွေငွေကြည်မှလည်း အချိုပွဲများ လာရောက်ဆက်ကပ်လှူဒါန်းပါသည်။

နံနက် ၉း၃၀ နာရီအချိန်တွင် မှန်ကင်းချောင် ကျောင်းထိုင်ဆရာတော် ဦးမာနိတအပါအဝင် မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်းမှ ပင့်ဖိတ်ထားသော ဆရာတော်ကြီး အပါး ၂၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းအား ရာပြည့်မိသား စုများ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့်အတူ စိန့်မိုက် ကယ်ညီအစ်ကိုမောင် နှမများကလည်း ပါဝင်လှူဒါန်းခဲ့ကြပါ သည်။ ထို့နောက် သံဃာတော်များနှင့် ဧည့်သည်များအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပါသည်။

နေ့လယ် ၁း၀၀ နာရီတွင် လှူဒါန်းမှုအစုစုတို့အား လှူနတ်ပြဗြဟ္မာ သတ္တဝါအားလုံးတို့အား ထပ်တူထပ်မျှရကြစေ ရန် ရေစက်သွန်းချ အမျှဝေကြပါသည်။

ကျောင်းသင်္ခမ်း ဆောက်လုပ်လှူဒါန်းခြင်းသည် သံဃာတော်များ ပင်ပန်းခြင်းဒဏ်ကြောင့် ခွန်အားဆုတ်ယုတ်မှု လေပူ၊ နေပူ၊ မြူမှုန်ဒဏ်ကြောင့် ရုပ်အဆင်းဖောက်ပြန်မှု ဆူးခြောင့်ခလုတ်၊ မြွေကင်း၊ သူခိုး၊ ဓားပြဒဏ်၊ ရာသီဥတု ဒဏ်ကြောင့် မျက်စိများထိခိုက်မှုဖြစ်စေခြင်းမှ ကင်းဝေးစေ ပါသည်။ အဆောက်အအုံထဲတွင် ခိုနားလိုက်ရခြင်းဖြင့် ခွန် အားများပြည့်ဝစေပြီး ရဟန်းသံဃာတော်များ အေးချမ်းစွာ နိဗ္ဗာန်ရောက် ကြောင်းတရားများကို စိတ်အေးချမ်းသာစွာ ကျင့်ကြံနိုင်သည့်အတွက် အလှူရှင်မိသားစုတို့သည် ပြီးပြည့် စုံသော ချမ်းသာသုခကို ရရှိမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ထို့ပြင် ဓမ္မစာပေများကိုလည်း လှူဒါန်းသမှုပြုပါသဖြင့် တရား အလှူပေးရာလည်း ရောက်ပါပေသည်။

ထို့ကြောင့် ရာပြည့်မိသားစု၏ အလှူမင်္ဂလာသည် ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော အလှူပွဲကြီး တစ်ခုပင် ဖြစ်သည်ဟု ကောက်ချက်ချမိပါ သည်။

ထိုအလှူပွဲ၌ စိန့်မိုက်ကယ် ကျောင်းသား ကျောင်းသူ ဟောင်းများဖြစ်ကြသော ဦးချာလီချိုးယား Dr. စိန်မြင့်မောင် ဦးအယ်လင်မောင်ညွန့်၊ ဦးအုန်း မောင်၊ ဦးဆန်းမင်း၊ Dr. ဝင်းအောင်၊ ဒေါ်လှမြတ်သွယ်၊ ဦးမောင်မောင်မြင့်၊ ဒေါ်ညွန့် ညွန့်ရီ၊ ဦးထွန်းလွင်၊ ဒေါ်ငွေငွေကြည်၊ ဒေါ်လှလှကြည် ဒေါ်နီနီမာ၊ ဒေါ်ခင်ဆွေမြင့်၊ ရှယ်လီသိန်းမောင်တို့က သံဃာ တော်များသောက်သုံးရန် ရေအေးစက်တစ်လုံးကိုလည်း ကောင်း၊ ဦးခင်မောင်နိုင်မိသားစုမှလည်း ကျောင်းဆောင်သ ဝင်/ထွက်ပေါက် စပီးဗာဂျာတံခါးကိုလည်း လှူဒါန်းခဲ့ ပါသည်။

အလှူပွဲကြီးပြီးနောက် ညနေ ၄း၀၀ နာရီဦးသိန်းဇေ

www.burmeseclassic.com



မှ ဥမင်သုံးဆယ်၊ ဆွမ်းဦးပုညရှင်ဘုရားသို့ လိုက်လံပို့ဆောင်ပေးပါသည်။

၃၁·၁၀·၂၀၁၅ နေ့ နံနက် ၅း၀၀ နာရီအချိန်တွင် ခင်ဆွေဝင်းမှ ချက်ပြုတ်စီမံပေးသော ဆွမ်းနှင့်ဝတ်သားကိုသည်း အရုဏ်ကြွလာကြသော ကိုရင်လေးများအား ရွှေဖွေး(ရာပြည့်)၊ ဒေါ်လှလှကြည်နှင့် စာရေးသူတို့ ကိုင်းတောင်ရိုး(မှန်ကင်းချောင်)ရှိ ကားလမ်းနံဘေး တမာပင်ကြီးအောက်တွင် မိုးတဖွဲဖွဲရွာသွန်းနေသည့်ကြားမှ ဆွမ်းလောင်းလှူခဲ့သည်မှာ အိမ်အပြန် အမှတ်တရကုသိုလ်လေးပင်ဖြစ်တော့သည်။

နံနက် ၇း၀၀ နာရီ ရာပြည့်မိသားစုမှ နန်းကြီးသုပ်၊ ထမင်းရည်များ တိုက်ကျွေးပြီး အိမ်ပြန်လက်ဆောင်များ ပေးခဲ့ပါသည်။ နံနက် ၈း၀၀ နာရီတွင် မောင်အောင်ဝင်းထွန်း (မန္တလေး)မှ လာရောက်ခေါ်ဆောင်ပါသဖြင့် ဆရာတော်ဘုရားအား ပူဇော်ကန်တော့ပြီး ရာပြည့်မိသားစုအား နှုတ်ဆက်ကာ မန္တလေး ကျွဲဆည်ကန်မှ ရန်ကုန်ရွှေမြို့တော်သို့ နံနက် ၉း၀၀ နာရီ အိလိုက်ကားဖြင့် ပြန်လာခဲ့ကြပါ၍ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ပျော်လည်းပျော်ရွှင်ရသော ရာပြည့်အလှူမင်္ဂလာပွဲလေးအား လှူသာရ၊ နတ်သာရ ခေါ်ဆိုနိုင်ရန် တင်ပြသကဲ့သို့ စစ်ကိုင်းတောင်ရိုးရောက်စဉ် နေရေးထိုင်ရေး သွားရေး လာရေး အစစအရာရာ ကူညီပေးကြသော ရာပြည့်မိသားစု၊ မောင်အောင်ဝင်းထွန်း (ဖူဂျီဓာတ်ပုံတိုက်-မန္တလေး)၊ ဒေါ်ချောချော(မြစ်ငယ်)၊ အပြင်လမ်းခရီး၌ စားသုံးခဲ့သော ကျသင့်ငွေများ အာဟာရဒါနပြုသူ ရွှေနေကြီး ဦးအုန်းမောင်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဓာတ်ပုံမှတ်တမ်းရိုက်ပေးသူ မောင်ကောင်းဆင့်သာကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

*စစ်ကိုင်းတောင်ရိုး (မှန်ကင်းချောင်) အမှတ်တရ*

**ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)**



www.burmeseclassic.com

www.burmeseclassic.com

# ကြည်း၊ ရေ၊ လေ ခရီး အန္တရာယ်ကြီးမှ ကင်းဝေးရန်

ကျွန်ုပ်သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ရွှေအင်ခုံရွာ တရားစခန်းတွင် ဆုံစည်းခဲ့သော ဆရာတော်ကြီးတစ်ပါးက ခရီးသွားသူများ အန္တရာယ်ကင်း ဘေးရှင်းစွာ လိုရာခရီးဆိုက်ရောက်ရန် ရွတ်ပွားသော ဂဏ္ဍိရဂါထာပေးခဲ့ပါသည်။

မျက်မှောက်ခေတ်တွင် အတတ် ပညာရှင်၊ အသိပညာရှင်၊ စီးပွားရေး ပညာရေးခရီးသည် လူသူအများအပြား နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ခရီးထွက်နေရသည်။ ခရီးထွက်သူများသည် ပြည်တွင်း၊ ပြည်ပသို့ ကုန်းကြောင်း (ကြည်း)၊ ရေကြောင်း၊ လေကြောင်းဖြင့် မော်တော်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်များနှင့် ခရီးသွားနေကြ၏။ ဝေးလံသော ခရီးတို၊ လတ်၊ ရှည် သွားနေရခြင်းသည် အန္တရာယ်အသွယ်သွယ်ကင်းလျက် လိုရာခရီး စိတ်ချမ်းသာစွာ ရောက်ရှိလိုကြ၏။

သို့ကလိုဖြစ်စေရန် ခရီးမသွားမီ ခရီးထွက်နေဆဲ ရွတ်ပွားဖို့ မမေ့မလျော့ရန် လိုပါသည်။ အခက်အခဲ ရန်ငြိမ်းဖို့ အဓိကလိုပါသည်။ ထို့ကြောင့် ခင်မင်မိတ်ဆွေများ၊ ဆွေမျိုးများနှင့် ကျွန်ုပ်ကိုယ်တိုင် ရွတ်ပွားခဲ့သဖြင့် မည်သည့်ဘေးနှင့် အခက်အခဲမရှိ အောင်မြင်စွာရောက်ခဲ့ရပါသည်။

ဆရာတော်ကြီး မိန့်ကြားချက်အရ ပုဂံမင်းတရားကြီး အလောင်းစည်သူ အမြဲလိုလို ရွတ်ပွားလေ့ရှိ၏။ ရာဇဝင်ထဲမှာ ကြည်း၊ ရေ ခရီးအထွက်ဆုံးမင်းတစ် ပါးဖြစ်၏။ ခရီးခက်ခဲကျပ်တည်းလှသော ဒေသများ၌ လုံခြုံချောမွေ့စွာ ဆိုက်ရောက်အောင်မြင်ခဲ့သည်ကို ပြည် သူအများအပြား သိပြီးဖြစ်ပါသဖြင့် အချိုကိုကား ငြိကာချဲ့မဆိုလိုတော့ပါ။

ခရီးသွားသူများ အထူးအသုံးဝင်ပါကြောင်း ထပ်လောင်းပြောချင်ပါသည်။

ဗုဒ္ဓေါတိလောက ဒီပေါစ၊ ဗုဒ္ဓေါတိသုရိယော တမော။
ဂန္ထန္တံ သရဏံ ဗုဒ္ဓံ၊ မမသိဒေသ ဋ္ဌပေတွာန။
ယာဝဇီဝံ နမဿာမိ။
ဗုဒ္ဓေါ တိလောက ဒီပေါစ၊ ဗုဒ္ဓေါသုရော တမောနုဒေါ
ဗုဒ္ဓံ သရဏံ ဂန္ထန္တံ၊ နတ္ထိမေ ယံ ဘယံသဒါ။
ဓမ္မံ သရဏံ ဂန္ထန္တံ၊ နတ္ထိမေ ယံ ဘယံသဒါ။
သံဃံသရဏံဂန္ထန္တံ၊ နတ္ထိမေယံဘယံသဒါ။

ရွတ်ခေါက်ရေ အတိအကျမဆိုလိုပါ။ တတ်နိုင်သမျှ နှုတ်တိုက်ရွတ်ဆိုသွားပါ။

ဗုဒ္ဓေါ-မြတ်စွာဘုရားသည် တိလောကဒီပေါ-လူသုံးပါးတို့၏ မီးအားထားရာ ကျွန်းသဖွယ်ဖြစ်ပါပေ၏။

ဗုဒ္ဓေါတိ သုရိယာ-ဘုရားတည်းဟူသော နေမင်းသည်၊ တမော တမောနု ဒေါ - အမိုက်မှောင်အဝိဇ္ဇာကို ပယ်ဖျောက်တတ်၏။ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂန္ထန္တံ-ဆည်းကပ်သော၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ မမ-ကျွန်ုပ်၏၊ သိဒေသ-ဦးခေါင်း၌၊ ဋ္ဌပေတွာန-ထား၍၊ တံ-ထိုမြတ်စွာဘုရားကို၊ ယာဝဇီဝံ-အသက်ထက်ဆုံး၊ နမော-ရှိခိုးသည်၊ ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်ပါစေသတည်း။

ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ တိလောက ဒီပေါ-လူသုံးပါးတို့၏အား ထားမှီခိုရာ ကျွန်းကြီးသဖွယ် ဖြစ်တော်မူပါပေ၏။ ဗုဒ္ဓေါသုရော-ဘုရားတည်းဟူသော နေမင်းသည်၊ တမောနုဒေါ-အမိုက်အမှောင် အဝိဇ္ဇာကို ပယ်ဖျောက်တတ်၏။ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂန္ထန္တံဂစ္ဆတော-ဆည်းကပ်သော၊ မယှံ-အကျွန်ုပ်အား၊ သဒါ-အခါခပ်သိမ်း၊ ဘယံ-ဘေးသည်၊ နတ္ထိ-မရှိ။ သံဃံ-သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂန္ထန္တံဂစ္ဆတော-ဆည်းကပ်သော၊ မယှံ-အကျွန်ုပ်အား၊ သဒါ-အခါခပ်သိမ်း၊ ဘယံ-ဘေးသည်၊ နတ္ထိ-မရှိ။

ပါဠိအသံထွက်အချို့ -

ဂန္ထန္တံ = ဂစ်ဆန်တံ၊ ဋ္ဌပေတွာန = ထပေတ်တဝါန၊

အဓိပ္ပာယ်ကို အလေးထားပြီး ဂါထာတန်ခိုး ပိုမိုထက်ပါသည်။ ခရီးသွားသူချင်း၊ ယာဉ်ဝန်ဆောင်သူ အမှုထမ်းများသည် မိမိအား အလေးထားဆက် ဆံကူညီပါလိမ့်မည်။

စိတ်ချမ်းမြေ့စွာ လိုရာခရီး လုံခြုံချောမွေ့ပါလိမ့်မည်။ နတ်၊ လူ၊ ဗြဟ္မာတို့သည် ဘုရား၊ တရား၊ သံဃာ ဆည်းကပ်ကိုးကွယ်သူမှန်သမျှ နဘယ်ပေါ်မရှိ လမ်းခရီးတစ်လျှောက်လုံး စောင့်ရှောက်လေသည်။

ခရီးသွားပြည်သူ လူသူများအတွက် မေတ္တာစေတနာထားလျက် တင်ပြပေးလိုက်ပါသည်။

သုခီတောဟောထနုကမ္ဘပုဗ္ဗထ။

**ကောင်းဟိန်း(ကျွန်းသာ)**

www.burmeseclassic.com

# ဘုရားစေတီသမိုင်း နှင့် မြန်မာ့ကျောင်း

ကိုမောင်သန်းဝင်း

မြန်မာတို့၏ လျှော်သမိုင်းကြောင်းကို ပြန်လည်ငဲ့စောင်းကြည့်မည်ဆိုပါက အများဆုံးတွေ့မြင်သိရှိနိုင်သည်မှာ နိုင်ငံအနှံ့ ထင်ရှားကျော်ကြားသည့် တန်ခိုးကြီးဘုရားများ သမိုင်းပင်ဖြစ်သည်။

နိုင်ငံအနှံ့ ထင်ရှားကျော်ကြားသည့် တန်ခိုးကြီးဘုရားများ၏ သမိုင်းမှာကား အကြိမ်ကြိမ်ပြိုကျ၊ အကြိမ်ကြိမ်ပြန်လည် ပြုပြင်နေရခြင်းတို့၏ အဓိက အကြောင်းရင်းမှာ မြေငလျင်ကြီးများ၏ဒဏ်ကို ခံခဲ့ကြရခြင်းကြောင့် ဖြစ်ပါသည်။

## ရန်ကုန် မြေငလျင်သမိုင်းနှင့် ရွှေတိဂုံစေတီ

နိုင်ငံတော်၏ အထင်ကရ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရန်ကုန်မြို့တော်တွင်တည်ရှိနေခြင်းကြောင့် ရန်ကုန်မြေငလျင်လှုပ်သည်နှင့် ရွှေတိဂုံစေတီတော်ကြီးသည်လည်း ထိခိုက်ပျက်စီးခဲ့ရလေ၏။ ရွှေတိဂုံစေတီတော်ထိ ခိုက်ပျက်စီးခဲ့ရမှုတွေသည်လည်း ရန်ကုန်မြေငလျင်သမိုင်းပါတည်း။

ရွှေတိဂုံစေတီတော်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စတင်တည်ထားကိုးကွယ်

www.burmeseclassic.com

ခဲ့ခြင်းဖြစ်ရာ သက်တမ်း ၂၅၀၀ ကျော်နေပေပြီ။ သို့သော် ငြား စေတီတော်ကြီး၏ ခိုင်လုံသော သမိုင်းမှတ်တမ်း အဖြစ်အပျက်များသည်ကို ခရစ်နှစ် ၁၃၇၂ ခုနှစ်၊ ဘုရင် ဗညားဦး လက်ထက်မှ စတင်ခဲ့ခြင်း ဖြစ်သည်ဟု လေ့လာ သိရှိရသည်။

ခရစ်နှစ် ၁၃၄၆ ခုနှစ် ဗညားရံမင်းလက်ထက်တွင် ငလျင်လှုပ်ခဲ့သဖြင့် ရွှေတိဂုံစေတီတော်ကြီးသည် ခေါင်းလောင်းပခုံးထက်ကစပြီး ပြိုကျပျက်စီးခဲ့သည်။ ဗညားရံမင်းဦးဆောင်ကာ စေတီဟောင်းကိုငုံလျက် စေတီကြီး တည်ထားခဲ့သည်။

၁၄၉၄ ခုနှစ် ဗညားရံမင်းလက်ထက်မှာပင် ငလျင်လှုပ်၊ လေပြင်းတိုက်မှုကြောင့် ထီးတော်သည် အနောက်မြောက်အရပ်ဆီ တစ်တိုင်ကွာလောက်အထိ ပြုတ်ကျပြန်လေရာ ဗညားရံမင်းက ပြန်လည်ပြင်ဆင်ပြီး စေတီရံ ၄၈ ဆူကိုပါ တည်ခဲ့ပါသည်။

ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် ငလျင်ကြီး ပြင်းစွာလှုပ်ခတ်ခဲ့ရာ ရွှေတိဂုံစေတီတော်ကြီးသည် အားလုံးနီးပါး ပြိုကျပျက်စီးခဲ့သည်။ သို့ဖြစ်၍ ခရစ်နှစ် ၁၅၇၂ ခုနှစ်အတွင်း ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးက အသစ်တစ်ဖန် ပြန်လည်ပြင်ဆင်ခဲ့သည်။

၁၆၀၈ ခုနှစ်တွင် ငလျင်ကြီးလှုပ်ခတ်ခဲ့ရာ ရွှေတိဂုံစေတီတော်၏ ချရားသီး ခေါင်းလောင်းဖောင်းမ အကုန်မြေခကာ ခေါင်းလောင်းငုံးတီသာကျန်ခဲ့သည်။ အင်္ဂပုတ်ဆရာတော်နှင့် လစေးဆရာတော်များ ဦးစီးဦးရွက်ပြုကာ ၁၆၁၀ ခုနှစ်တွင် ပြင်ဆင်တည်ထားခဲ့ပါသည်။

ဆယ်နှစ်အကြာ ၁၆၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ငလျင်လှုပ်ပြန်ခြင်းကြောင့် စေတီတော်ကြီးအပေါ်ပိုင်း ပြိုကျပျက်စီးခဲ့သည်။ ၁၆၂၂ ခုနှစ်၊ မတ်လတွင် အနောက်ဘက်လွန်မင်းကြီးက စေတီတော်ကြီးကို ပြင်ဆင်ခဲ့ပြီး အရှေ့တောင်နှင့် အရှေ့မြောက် အုတ်တံတိုင်းများပါ လှူဒါန်းခဲ့ပါသည်။

၁၆၂၈ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့်ပင် စေတီတော်ကြီး၏ နေရာအချို့ အက်ကွဲပျက်စီးခဲ့သည်။ မင်းရဲဒိဗ္ဗက ပြင်ဆင်လှူဒါန်းခဲ့သည်။

၁၆၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် နေဝင်ချိန်တွင် ငလျင်လှုပ်ခတ်ခဲ့သည်။ ငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီတော်ကြီး မြေခခဲ့သည်။ သာလွန်မင်းက ပြင်ဆင်တင် လှူခဲ့ရသည်။

၁၆၄၉ ခုနှစ် ငလျင်ကြောင့် ထီးတော်စောင်းကာ ရင်ပြင်နေရာအချို့ ပျက်စီးခဲ့လေရာ ပင်းတလဲမင်းက ပြင်ဆင်ခဲ့သည်။

၁၆၅၂ ခုနှစ်၊ မေလ ငလျင်ဒဏ်ကြောင့် ထီးတော် မြေခခဲ့ရပြန်သည်။ ရွှေတိဂုံထီးတော်ကို ပဲခူးမြို့တွင် ပြင်ဆင်မွမ်းမံပြီး ပင်းတလဲမင်းလက်ထက်တော်မှာပင် ပြန်လည်တင်လှူခဲ့သည်။

၁၆၆၁ ခုနှစ်တွင် ငလျင်လှုပ်ခတ်၊ လေပြင်းတိုက်ခတ်ခြင်းကြောင့် ထီးတော်သုံးဆင့်မြေခကာ နေရာအချို့ ပြိုကျခဲ့ရသည်။ ထီးတော်ကို နှစ်နှစ်ကြာအောင် အင်းဝကို ယူဆောင်ပြင်ဆင်ပြီး ပြည်မင်းလက်ထက်တွင် တင်လှူခဲ့သည်။

၁၆၆၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ငလျင်လှုပ်ခတ်မှုမှာ အလွန်ပြင်းလှသည်။ ထီးတော်မြေခသည့်အပြင် စေတီတော်ကြီး အထက်ပိုင်းပါ အရှေ့ဘက်ရင်ပြင်တော်ကို ပြိုကျပျက်စီးခဲ့သည်။ ပုဏ္ဏားတိုင်ကျိုးကာ ခေါင်းလောင်းပုံအနောက်နား ထိပ်ပိုင်းကိုကျခဲ့သည်။ ထီးတော်သည် အနောက်မြောက်ဘက်ရင်ပြင်ထိ ပြုတ်ကျပြီး စိန်ဖူးတော်ကား ဆိုင်းကြိုးနှင့်အတူ တွဲလောင်းဖြစ်နေခဲ့သည်။

ငှက်ပျောဖူးက အင်္ဂတေများပြိုကျသည်။ ကြာဖူးက ကြာဖတ်သုံးခု ကွာကာ မြောက်ဘက်ကြာဖူးများက အုတ်များပါ ပြိုကျခဲ့သည်။ ဆိုင်းကြိုးများပြတ်ပြီး ခေါင်းလောင်းပုံပါ မြေသို့ခလျက် အဝေးသို့ လွင့်စင်ခဲ့သည်။ သုံးနှစ်ကြာသည်အထိ ပြင်ဆင်ခဲ့ရပြီး ၁၆၆၇ ခုနှစ်၊ မေလတွင် ထီးတော်သစ် တင်လှူခဲ့ကြသည်။

၁၆၇၉ ခုနှစ်၊ နိုဝင်ဘာလ ငလျင်လှုပ်ခတ်လေရာ စေတီတော်ကြီး၏ နေရာအချို့ အနည်းငယ်ပျက်စီးခဲ့သည်။ အင်းဝက မင်းရဲကျော်ထင် ဦးဆောင်ကာ ပြင်ဆင်ခဲ့သည်။

၁၇၆၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ငလျင်ကြီး လှုပ်ခတ်သည်။ စေတီတော်ကြီးသည် ဆတ်သွားဖူးကစပြီး ပထမဖောင်းရစ်ထိ ပြိုကျခဲ့သည်။ ထီးတော်သည်လည်း မြေခခဲ့ရသည်။ ဆင်ဖြူရှင်မင်းက ပြင်ဆင်လှူဒါန်းခဲ့သည်မှာ ခြောက်နှစ်မျှကြာခဲ့ပြီး ၁၇၇၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ထီးတော်ပြန်တင် လှူဒါန်းခဲ့ပါသည်။

၁၈၈၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ညသန်

www.burmeseclassic.com

ခေါင်ယံခန့်တွင် လှုပ်ခဲ့သော ငလျင်ကြောင့် ဆင်ဖြူမင်းကောင်းမှုဖြစ်သည်။ ထီးတော် ဆတ်သွားဖူးအထက် ပိန္နဲတိုင်ကျိုးကျခဲ့ပြီး စိန်ဖူးတော် မြေခခဲ့ရပြန်သည်။

ရွှဲ၏အထက် ကြာလန်နေရာတွင် အင်္ဂတေများ ကွာကျပျက်စီးခဲ့သည်။ နောင်တော်ကြီးစေတီ ချရားသီးအောက် ကြာမှောက်ကြာလန်အထိ အကုန်ပျက်စီးကာ ပြုတ်ကျကုန်၏။ ၁၈၈၉ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ထီးတော်သစ် ပြန်တင်ပြီးစီးခဲ့သည်။

၁၉၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ အချိန်တွင် လှုတ်ခတ်ခဲ့သော ငလျင်ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ပိန္နဲတိုင် ယိုင်သွားပြီးနေရာအချို့ အက်ကွဲခဲ့လေရာ ၁၉၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပြင်ဆင်ပြီးစီးခဲ့သည်။

၁၉၂၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ နေ့လယ် ၁၂ နာရီ ၄၇ မိနစ်နှင့် ညနေ ၄ နာရီ ၂၅ မိနစ် အချိန်တို့တွင် ငလျင်ကြီး သုံးကြိမ်လှုပ်ခတ်ခဲ့သည်။ စေတီတော်ကြီး သိဂ်မထိနိုက်သော်ငြားလည်း ခေါင်းလောင်းများ ပြုတ်ကျပြီး စေတီရံများ အက်ကွဲပျက်စီးခဲ့သည်။

၁၉၃၀ ပြည့်၊ မေလ ၅ ရက်နေ့ ညဘက်အချိန် လှုတ်ခတ်ခဲ့သော သမိုင်းဝင် ပဲခူးငလျင်ကြီး၏ဒဏ်ကြောင့် ထီးတော်အထက်ပိုင်းပျက်စီးကာ ငှက်မြတ်နားတော် ယိုင်သွားသည်။ စိန်ဖူးတော်များ ရင်ပြင်အထိ ပြုတ်ကျခဲ့သည်။ ၁၉၃၁ ခုနှစ်၊ ဧပြီလမှာ ပြန်ပြီးတင်လှူပြီးစီးခဲ့သည်။

၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့နှင့် ၉ ရက်နေ့များတွင် ငလျင်တစ်ကြိမ်စီ လှုပ်သည်။ ၆ ရက်နေ့က အနည်းငယ် ပြင်းထန်သည်။ ရွှေတိဂုံစေတီတော် ပိန္နဲတိုင်သည် အနောက်မြောက်ဘက် ရာဟုထောင့်ဆီသို့ စောင်းငဲ့သွားသည်။ စောင်း၍သွားသောနေရာမှာ ရှန်လော်ဘုံအထက် ဒုတိယဘုံဆင့်နေရာဖြစ်ပြီး ဆည်းလည်းများ ပြုတ်ကျကာ ရွှေပြားများကွာကျခဲ့သည်။

### ပဲခူးမြေငလျင်သမိုင်းနှင့် ရွှေမော်ဓောစေတီ

ပဲခူးမြို့၏ ငလျင်မှတ်တမ်းကို ရွှေမော်ဓောစေတီကြီး၏ သမိုင်းကနေတစ်ဆင့် သိရသည်။ မြန်မာသက္ကရာဇ် ၂၃၀ ခုနှစ်၊ မဟာသာရာဇာမင်းလက်ထက် ငလျင်လှုပ်ခတ်ခဲ့ရာ မူလ ရွှေမော်ဓောစေတီသည် အလုံးစုံပြိုကျပျက်စီးသွားခဲ့သည်။ ယင်းကို ၇၅ တောင်အရွယ်အထိ ဉာဏ်တော်မြှင့်ကာ စေတီသစ်တည်ထားခဲ့ကြပါသည်။

၁၇၅၇ ခုနှစ်တွင် ပဲခူးငလျင်ကြောင့် ရွှေမော်ဓောစေတီတော်ကြီးသည် ခေါင်းလောင်းပုံအထိ ပြိုကျပျက်စီးသွားခဲ့သည်။ အုတ်ပုံဘဝနှင့် နှစ်သုံးဆယ်ခန့်ကြာအောင် ရှိနေခဲ့ပြီး ဘိုးတော်မင်းက လာရောက်ပြုပြင်ခဲ့သည်။ နှစ်နှစ်ကြာသည်အထိတိုင် ပြင်ဆင်ကာ ၁၇၅၉ ခုနှစ်တွင် ထီးတော်သစ် တင်လှူခဲ့ပါသည်။

၁၉၁၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်လည်း ရွှေမော်ဓောစေတီတော်၏ ဆတ်သွားဖူးအထက်မှနေပြီး ကျိုးကျပျက်စီးခဲ့ရပြန်သည်။

၁၉၁၇ ခုနှစ်တွင် ငလျင်လှုပ်ခတ်ပြန်သည်။ ခေါင်းလောင်းပုံအထိ ပြိုကျပျက်စီးခဲ့သည်။ ငလျင်ဒဏ် နှစ်ကြိမ်မျှခံခဲ့ရပြီးသော ရွှေမော်ဓောစေတီကြီးကို ပြန်လည်ပြင်ဆင်ခဲ့ရာ ဉာဏ်တော် ၂၀၂ တောင်၊ ၂ မိုက်အထိ မြှင့်တင်ကာ တည်ထားခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်ကြီးကိုတော့ သိမိသူတွေ ရှိနေဦးမည်ထင်သည်။ ပြင်းအားလွန်စွာရှိတာမို့

> ၁၉၃၀ ပြည့်နှစ်မှာ လှုပ်ခတ်ခဲ့သည့် ငလျင်သည် လူ ၁၀၀ ကျော်သေဆုံးခဲ့ရပြီး အခြားသာသနိက အဆောက်အအုံများပါ ပြိုကျပျက်စီးခဲ့ရသည့်အပြင် မိုင် ၅၀ ဝေးကွာလှမ်းသည့် ရန်ကုန်မြို့ကိုပါ ရိုက်ခတ်သွားခဲ့လေသည်



www.burmeseclassic.com

www.burmeseclassic.com

ရွှေမော်ဓောစေတီတော်ကြီးသည် ပထမပစ္စယာအထိ ပြိုကျပျက်စီးသွားခဲ့သည်။ ၁၇ နှစ်ကြာသည့်တိုင်အောင် နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက်ပြုကာ ပြင်ဆင်ပေးခဲ့ရပြီး စေတီတော်ကြီး၏ ဉာဏ်တော်ကို ၂၁၇ တောင်ထိ မြှင့်တင်ပေးခဲ့ပါသည်။ ၁၉၅၄ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်၊ တန်ခူးလပြည့်နေ့မှာ ထီးတော်သစ် တင်လှူခဲ့ပါသည်။

၁၉၃၀ ပြည့်နှစ်မှာ လှုပ်ခတ်ခဲ့သည့် ငလျင်သည် လူ ၁၀၀ ကျော် သေဆုံးခဲ့ရပြီး အခြားသာသနိက အဆောက်အအုံများပါ ပြိုကျပျက်စီးခဲ့ရသည့်အပြင် မိုင် ၅၀ ဝေးကွာလှမ်းသည့် ရန်ကုန်မြို့ကိုပါ ရိုက်ခတ်သွားခဲ့လေ၏။

## ပြည်မြို့ငလျင်သမိုင်းနှင့် ရွှေဆံတော်စေတီ

မြန်မာ့သမိုင်းတွင် သရေခေတ္တရာဟု ထင်ရှားခဲ့ပါသော ပြည်မြို့မှာကား အထင်ရှားဆုံးစေတီတော်သည် ရွှေဆံတော်စေတီပင် ဖြစ်သည်။

ပြည်မြို့ ရွှေဆံတော်ဘုရားသည် ဆံတော်လေးဆူ၊ မွေရှင်တော်ရှစ်ဆူ၊ ကကုသန်ဘုရား၊ အကောက်ရုံဘုရား၊ သဿပဘုရား သုံးဆူတို့၏ ဒုကုဋ်တော် အံသကိုဋ်တော်၊ ခါးပန်းကြိုးတော်တို့ကို ဌာပနာထားသည့် တစ်ခိုးကြီးဘုရား ဖြစ်သည်။

သာသနာတော်နှစ် ၁၂၆ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် သရေခေတ္တရာမြို့တည်နန်းတည် ဒွတ္တပေါင်မင်းတရားကြီးက မူလစေတီငယ်လေးကိုငုံကာ ထည်ဝါကြီးမားတင့်တယ်သော စေတီတော်မြတ်ကြီးအဖြစ် တည်ထားခဲ့ခြင်း ဖြစ်သည်။

ခရစ်နှစ် ၁၈၃၇ ခုနှစ်၊ မြန်မာ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် တန်ခူးလဆန်း ၁ ရက် ညဉ့်သန်းခေါင်ကျော် စက်နာရီ တစ်ချက်တီးခန့်အချိန်တွင် ငလျင်ကြီးတစ်ခု ပြည်မြို့တွင် လှုပ်ခတ်ခဲ့သည်။ ပြည်မြို့ရှိ ဘုရားစေတီအတော်များများ ပြိုကျခဲ့သလို သုဒဿနတောင်ပေါ် တည်ထားသည့် ရွှေဆံတော်စေတီကြီးရှိ ငှက်မြတ်နားတိုင်သည် သံတိုင်ပါပြုတ်ပြီး ပစ္စယာအပေါ် ငှက်ပျောဖူးသည် တောင်မျက်နှာရှိလုံးအထိ ကွဲအက်ပျက်စီးခဲ့သည်။

၁၈၈၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ်၊ ဝါခေါင်လပြည့်၊ အင်္ဂါနေ့ ညနေ ၃ နာရီခန့် (နယ်ချဲ့တို့အောက် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး ၈ နှစ်အကြာ)တွင် ငလျင်ကြီးတစ်ခု ပြည်မြို့တွင် လှုပ်ခတ်ခဲ့ပြန်သည်။ ရွှေဆံတော်စေတီကြီး ခေါင်းလောင်းပုံ ပန်းမောက်အပေါ်ပိုင်းတစ်ခုလုံး ပြိုကျပျက်စီးသွားခဲ့ပါသည်။ မြို့သူမြို့သားများသည် စေတီပျက်အုတ်ပုံကြီးကိုကြည့်ကာ ဝမ်းနည်းစွာငိုကြွေးကြလေ၏။ ပြည်မြို့က ကုန်သည်ကြီးဦးသာရွှဲက ဦးစီးပြီး ပြင်ဆင်ခဲ့ရာ ရတနာပုံနန်းတည် ဘဝရှင်မင်းတုန်းမင်းကြီးက အလှူတော်ငွေ ၂၀၀၀၀ ကျပ် ပေးပို့လှူဒါန်းခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

## ပုဂံငလျင်များနှင့် သမိုင်းကြောင်း

ပုဂံသည် ဆယ်ရာစုနှစ်မှစပြီး ဆယ့်သုံးရာစုအထိ အနှစ် ၃၀၀ ခန့် ကာလအတွင်း မြန်မာမင်းတို့၏ နေပြည်တော်အဖြစ် အာရှတစ်ခွင် ကျော်စောထင်ရှားခဲ့သည်။

ပုဂံ၏ ရှေးဦးပထမမင်းမှာ သမုတိရာဇခေါ် သမုတိရာဇ်မင်းကား မြန်မာသက္ကရာဇ် ၂၉ ခုနှစ်တွင် နန်းတက်ခဲ့သည်။ ပုဂံငလျင်၏ သမိုင်းကြောင်းကို ရှာဖွေရာတွင် မြန်မာရာဇဝင်များအပြင် ပုဂံဘုရားစေတီများရှိ ကျောက်စာ၊ မင်စာများကိုပါ ကြည့်ရှုလေ့လာရပါသည်။ ဘုရားဟောင်းများ ပြုပြင်ခဲ့ကြရာတွင် ဌာပနာများအတွင်း မှတ်တမ်းပြုထည့်သွင်းထားသည့် ရွှေပေလွှာများကပါ ငလျင်သမိုင်း၏ တစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်ပေးခဲ့လေ၏။

ပုဂံမြို့တည်နန်းတည် သမုတိရာဇမင်းလက်ထက်တွင် မင်းဆရာ ရှင်အဖွဂေါဏ မစခဲ့မှုကြောင့် ပုဂံပြည်သူပြည်သားတွေ “မုဆိုးမတောင်”ဘုရား တည်နိုင်ခဲ့ကြောင်း အဆိုရှိခဲ့ပါသည်။

သမုတိရာဇ၏နောက် ရသေ့ကြောင်မင်းလက်ထက်တွင် ဂူကိုးလုံးတည်ခဲ့ပြီး ပျူစောထီးမင်းလက်ထက်တွင် ကျား၊ ရှူးပျံ၊ ဝက်ကြီး၊ ငှက်ကြီးတို့ကို အောင်မြင် ရာဌာနလေးကိုပေးအပ်ရာဌာန၊ မြားကိုပေးအပ်ရာဌာန၊ ငှက်စာပေးရာ၊ ငှက်တောင်ပစ်ရာ ရှစ်နေရာနှင့် ဖွတ်နေရာ၊ ဖားဝပ်ရာ၊ ပေါက်မင်ပေါက်ရာ၊ မျိုင်းနားရာ၊ ဘူးပင်ပေါက်ရာနေရာများတွင် ဗူးဘုရားတွေ တည်ခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်အစောဆုံးကာလ ပုဂံမင်းများ တည်ခဲ့ပါသော ဂူဘုရားစေတီများသည် သက္ကရာဇ် ၉၂၆ ခုနှစ်၊ သက္ကရာဇ် ၁၁၇၄ ခုနှစ် ဝန်းကျင်ကာလများတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ အဆက်ဆက် ပြန်တည်ပြင်ဆင်ခဲ့ကြသဖြင့် ဘူးဘုရား၊ ငုတ်ပစ်တောင်၊ ကျောင်းတိုင်းအတွင်း ရွှေလေးတောင်၊ ရွှေမြားတောင် စေတီငယ်နှစ်ဆူ၊ ပုဂံမြို့တွင်းက ဘားဂူ၊ မျိုင်းဂူပျက်များသာ ရှာဖွေတွေ့နိုင်ပေတော့သည်။

တွင်းသင်းရာဇဝင်သစ်တွင် ခရစ်နှစ် အေဒီ ၁၁၇၄ မှ ၁၂၁၁ ခုနှစ်အတွင်း ပုဂံတွင် ငလျင်အကြီးအကျယ် လှုပ်ခတ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

၁၂၈၆ ခုနှစ်နှင့် ၁၂၉၈ ခုနှစ်များတွင်လည်း မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရှိရပြီး မြင်းကပါရွာအနီး အဝွတေ့ဘုရား၊ အာရုံခံမုခ်ကုန်းတောင်ဘက်နံရံရှိ မင်စာသက်သေအရ ခရစ်နှစ် ၁၃၈၀၊ မြန်မာသက္ကရာဇ် ၇၄၂ ခုနှစ်တွင် ပုဂံငလျင်ကြောင့် စေတီဘုရားများ ပြိုကျပျက်ခဲ့ကြောင်း သိရသည်။ အင်းဝခေတ် မင်းကြီးစွာစော်ကဲ လက်ထက်ဖြစ်သည်။

ပုဂံရွှေဂူကြီးဘုရား အဝင်ဝနားရှိ ကျောက်စာမှာ ခရစ်နှစ် ၁၅၅၃ နှင့် ၁၅၈၀ ခုနှစ်များ (မြန်မာသက္ကရာဇ် ၉၁၂ နှင့် ၉၄၃) တွင် ငလျင်လှုပ်ခတ်မှုကြောင့် ရွှေဂူကြီးဘုရားအထက်ပိုင်း ပြိုကျခဲ့၍ ပြင်ဆင်ခဲ့ရကြောင်း သုတေသီတို့က ဆိုသည်။

ညောင်ဦးရွှေစည်းခုံစေတီကြီး အရှေ့မြောက်ဘက် နှစ်ဖက်မျက်နှာစာ ကျောက်စာအရ အင်းဝဆင်ဖြူရှင်လက်ထက် ခရစ်နှစ် ၁၇၆၃ နှင့် ၁၇၇၆ (မြန်မာသက္ကရာဇ် ၁၁၂၅ နှင့် ၁၁၃၈ ခုနှစ်)တို့တွင် ရွှေစည်းခုံစေတီတော်ကြီး အပေါ်ပိုင်းသည် ငလျင်နှစ်ကြိမ်လှုပ်ခတ်မှုကြောင့် ပြိုကျ၍ ပြင်ဆင်ခဲ့ရကြောင်း သိရှိရသည်။

ရွှေစည်းခုံဘုရားကြီးကို နောက်ဆုံးပြုပြင်စဉ်က ငုတ်ပျောဖူးအောက်ဘက် သံပတ်ကြားတွင် ရှာဖွေတွေ့ရှိခဲ့ရသော စာတမ်းအရ ခရစ်နှစ် ၁၇၇၇ (မြန်မာသက္ကရာဇ် ၁၁၃၉ ခုနှစ်) ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်တွင် ငလျင်လှုပ်ခတ်၍ ပြင်ဆင်ခဲ့ရကြောင်း သိရှိရသည်။

အာနန္ဒာဘုရားပြုပြင်စဉ်ကလည်း ငုတ်ပျောဖူးကြားမှာနေသည့် အင်္ဂတေတွင်းကရသည့် ငွေပေလွှာ ဌာပနာတစ်ခုအရ ရွှေဘိုမင်းလက်ထက် ခရစ်နှစ် ၁၈၃၈ ခုနှစ်၊ မတ်လ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၇ ရက်)နေ့တွင် ငလျင်ကြီးစွာ လှုပ်ခတ်ခဲ့ကြောင်း သိရှိရသည်။

၁၈၆၅ ခုနှစ်တွင် အင်အားအသင့်အတင့်ရှိ မြေငလျင်ဒဏ်ကြောင့် အာနန္ဒာဂူဘုရားကြီး ငုတ်ပျောဖူးမှ အင်္ဂတေများကွာကျခဲ့ပါသည်။

၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် နေ့ ညနေ ၆ နာရီ ၃၅ မိနစ်အချိန်တွင် ပခုက္ကူမြို့ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြုလျက် အင်အားပြင်းထန်သည့် ငလျင်ကြီးတစ်ခု လှုပ်ခဲ့သည်။ ထိုငလျင်ကြောင့် ရေနံချောင်း စက်ရုံသုံးရုံပျက်စီးပြီး ပုဂံညောင်ဦးဒေသရှိ စေတီဘုရား၊ ဂူ၊ ကျောင်း ရှစ်ဆယ်ရာနှုန်းခန့် ပြိုကျပျက်စီးခဲ့ကြောင်း သတင်းစာများတွင် ပါရှိခဲ့သည်။

ပုဂံငလျင်ကြောင့် အဆောက်အအုံပေါင်း ၁၃၀ ကျော် ပျက်စီးခဲ့ရာ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအဆောက်အအုံ ၇၂ လုံး ပါဝင်ခဲ့ကြောင်း သိရှိရသည်။

## အညာဒေသ ဘစ်ခွင် ငလျင်မှတ်တမ်း

အင်းဝ၊ အမရပူရ၊ စစ်ကိုင်းနှင့် မန္တလေးစသည့် မင်းနေပြည်တော်ဟောင်းများတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ပေါင်းသည် ၂၈ ကြိမ်ထက်မနည်း ရှိခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ည ၉ နာရီ ၄၀ မိနစ်တွင် လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်သည် ပြင်းအား ရစ်ချ်တာစကေး ၇ ခန့်ရှိသည်။ ဆင်များရှင်စေတီကြီး ပြိုကွဲပျက်စီးခဲ့ရပြီး စေတီဘုရားများစွာ ကွဲအက်ခဲ့ရသည်ဟူ၏။

၁၈၃၉ ခုနှစ်၊ မတ်လ ၂၃ ရက် နေ့ လှုပ်ခတ်သည့် အင်းဝငလျင်ဒဏ်ကြောင့် မင်းကွန်းစေတီကြီး ပြိုကျကွဲအက်ခဲ့ရသည်။

ဤသည်တို့ကား ထင်ရှားကျော်ကြား ဘုရားစေတီသမိုင်းများက ပြောပြခဲ့သော မြန်မာ့ငလျင်များ ဖြစ်ပါသတည်း။

**ကိုမောင်သန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံနှင့် ငလျင်

■ ကိုမောင်သန်းဝင်း

## ကျမ်းစာပေတွင် မြေငလျင်

မြေငလျင်လှုပ်ခြင်းရဲ့ အကြောင်းတရားကို စာပေကျမ်းဂန်တို့တွင် ပြဆိုထားသည်။

အဋ္ဌကထာလာ မြေငလျင်လှုပ်ခြင်းအကြောင်း ရှစ်ပါးပြဆိုထားသည်။

(၁) ဗုဒ္ဓတောထွက်တော်မူသောအခါ၊
(၂) ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူသောအခါ၊
(၃) ပံ့သကူသင်္ကန်း ကောက်တော်မူသောအခါ၊
(၄) ပံ့သကူသင်္ကန်းကို လျှော်တော်မူသောအခါ၊
(၅) ကာလကာရာမသုတ်ကို ဟောတော်မူသောအခါ၊
(၆) ဂေါတမကသုတ်သို့ ဟောတော်မူသောအခါ၊
(၇) ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူသောအခါ၊
(၈) ဗြဟ္မဇာလသုတ်ကို ဟောတော်မူသောအခါ လှုပ်သည်ဟု လာရှိသည်။

ဘူမိစာလသုတ်ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်လာ မြေငလျင်လှုပ်ခြင်းအကြောင်း ရှစ်ပါး ပြဆိုထားသည်မှာ -

(၁) ဤကမ္ဘာကြီးကို ပင့်မ,ထားသော လေထုကြီးအတွင်း ဥက္ကကဆုပ်သော လေဓာတ်ချောက်ချား ပျက်စီးသောအခါ၊

(၂) ဈာန်အဘိညာဉ်နှင့် ပြည့်စုံသော တန်ခိုးသိဒ္ဓိရှိသော ရသေ့၊ ရဟန်း၊ သူတော်စင်၊ နတ်၊ ဗြဟ္မာ စသည်တို့သည် ပထဝီကသိုဏ်းကို အနည်းငယ်မျှ ပွားပြီး အာပေါကသိုဏ်းကို များစွာပွားစေပြီးလျှင် ဤပထဝီမြေကို တုန်လှုပ်စေသည်။

(၃) မှ (၈) အထိသည်ကား ဗုဒ္ဓဂေါတမရှင်တော်မြတ်၏ ပဋိသန္ဓေဖူးသည်မှ ပရိနိဗ္ဗာန် စံဝင်တော်မူသည့် အချိန်အထိ ဗုဒ္ဓရှင်တော်မြတ်၏ ဘုန်းတန်ခိုးအာနုဘော်တော်ကြောင့် မြေငလျင်လှုပ်သည်ဟု လာရှိသည်။

ဝါရာသာသံဟိတာ အစရှိ လောကီသင်္ကရိုက်ကျမ်းတွင်လည်း မြေငလျင်လှုပ်ခတ်ခြင်းကို ဝါဒလေးမျိုး ခွဲခြားပြထားပါသည်။ အောက်ပါအတိုင်း ဖြစ်သည်။

(၁) သမုဒ္ဒရာအတွင်း၌ အံ့ဖွယ်ရှစ်ရပ်ရှိသည့် အနက် အလွန်ကြီးမားလှသော ငါးကြီးမျိုးတွေ ရှိနေကြောင်း။ ထိုသမုဒ္ဒရာအတွင်းရှိ ငါးကြီးမျိုးတို့ မြူးထူးကြခြင်းကြောင့် ရေလှိုင်းတံပိုးကြီးများ ဖြစ်ပေါ်သည်။ ရေလှိုင်းတံပိုး ကြီးစွာဖြစ်ခြင်းကြောင့် မြေငလျင်လှုပ်သည်။

(၂) ဤမဟာပထဝီမြေကြီးကို စောင့်ရှောက်ကုန်သော ဆင်ကြီးရှစ်စီး ရှိသည်။ ရောဝဏ်၊ ပုဏ္ဍရိက၊ ဝါမန၊ ကုမုဒ၊ အဉ္စန၊ သပ္ပဘုမ္မ၊ သုပ္ပတိက စသည့် ဆင်ကြီးတွေသည် အရှေ့အရပ်ကစ၍ အရှေ့မြောက်အရပ်အထိ တစ်ရပ်စီ အစိုးရသည်။ ထိုဆင်ကြီးတွေသည် အလွန်လေးလံလှသည့် မဟာပထဝီမြေကြီးကို ထမ်းထားရသည်။ ဆင်ကြီးတွေသည် ခဏတစ်ဖြုတ် လှုပ်မိသည်နှင့် မြေငလျင်လှုပ်ခတ်လေ့ရှိသည်။

(၃) လေပြင်းစွာတိုက်ခတ်ခြင်းကြောင့် မြေငလျင်လှုပ်သည်။

(၄) တစ်စုံတစ်ယောက်သောသူမျှ မသိနိုင်စွမ်းသော အကြောင်းချင်းရာတစ်မျိုးကြောင့်လည်း မြေငလျင်လှုပ်ခတ်သည်ဟူ၍ ရှိပေ၏။

## သိပ္ပံပညာရှင်တို့၏အလို

သိပ္ပံပညာရှင်တို့၏ အလိုအရ မြေငလျင်လှုပ်ခတ်ခြင်းဟူသည် အချို့သော သမုဒ္ဒရာအောက် မြေလွှာကြီး



www.burmeseclassic.com

www.burmeseclassic.com

မြစ်များက ကုန်းမြေလွှာများအောက်သို့ တိုးဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ မြေလွှာအချင်းချင်း ကြိတ်နယ်ခြင်းကြောင့်လည်းကောင်း၊ တိုက်ကြီးများအချင်းချင်း ဆက်နွယ်နေကြခြင်းကြောင့်လည်း မြေငလျင်လှုပ်ခတ်ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာနှင့်အဝန်း မြေငလျင်တိုင်းတာရေးစခန်းအသီးသီးမှ တိုင်းတာရရှိခဲ့သော ငလျင်လှုပ်ရှားမှုများသည် နှစ်စဉ် ငလျင်ကြီး၊ ငလျင်ငယ်အကြိမ်ပေါင်း ၅၀၀၀ ခန့်ရှိကြောင်း။ ရစ်တာစကေး ပြင်းအား (၅)ကျော်ပြီး လူဦးရေထောင်သောင်းချီကာ သေကျေပျက်စီးစေသော ငလျင်ကြီးများက နှစ်စဉ်ပျမ်းမျှ နှစ်ကြိမ်ခန့် လှုပ်လေ့ရှိကြောင်း လေ့လာသိရှိရသည်။

ပညာရှင်တို့အဆိုအရ ဤကမ္ဘာမြေသက်တမ်းသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင်, နှစ်သန်းပေါင်း ၁၉၅၆ ခန့်ရှိနေပြီဟူ၏။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းတို့တွင် သိရှိနိုင်သည့် နောက်ကြောင်းပြန်အကြောင်းအရာများသည် နှစ်ပေါင်း သောင်းဂဏန်းမျှပင် မရှိဟု ဆိုသည်။

လူသားတို့ သမိုင်းမတင်မီ ကာလကတည်းက ငလျင်ကြီးတွေ အကြိမ်ကြိမ်လှုပ်ခဲ့သည်။ လူသားတို့၏ ထဉ်ကျေးမှု အဆောက်အအုံများ၊ သမိုင်းအမွေအနှစ်များ ထိုလည်း ငလျင်က ဝါးမြိုဖျက်ဆီးခဲ့သည်မှာလည်း အကြိမ်ကြိမ်ပင်။

## မြန်မာနိုင်ငံနှင့် ငလျင်

မြန်မာနိုင်ငံသည် အာရှတိုက်ကြီး၏ အရှေ့တောင်ဘက် ကျွန်းဆွယ်တွင် တည်ရှိသည်။ နိုင်ငံ၏ အနောက်မြောက်ဘက်တွင် ဟိမဝန္တာ စသည့် တောင်တန်းကြီးတွေ ရှိနေသည်။ ယင်းတောင်တန်းကြီးတွေ၏ ဘူမိအနေအထားသည် တည်ငြိမ်မှုမရှိသေးဘဲ အားနည်းပျော့ပျောင်းသည့် အလွှာမြေကြီး အပေါ်ယံလွှာများနှင့် ဖွဲ့စည်းထားပါသော ရပ်ဝန်းဒေသကြီးဖြစ်သည်ဟု ပညာရှင်တွေက မှတ်ချက်ပြုထားသည်။

ထိုသည်ကြောင့်လည်း မြေသားတွန့်ခေါက်ရွေ့လျားမှုဖြစ်စဉ်များကြောင့် မကြာခဏ မြေငလျင်လှုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုသည့်အပြင် မြန်မာနိုင်ငံ၏ အလယ်ပိုင်း ရပ်ဝန်းဒေသတွင် မီးငြိမ်းတောင်များကို ရှာဖွေတွေ့ရှိခဲ့ရခြင်းကြောင့် ဘူမိဖြစ်စဉ်အရ မီးငြိမ်းတောင်များသည် တွန်းအားကို လျော့ပါးစေသည့် ထွက်ပေါက်(သဘာဝအဆို့ရှင်)ဖြစ်သည်ဟုလည်း ဆိုပါသည်။

မြန်မာနိုင်ငံတွင် ငလျင်ပြတ်ရွေ့ကြောင်းများ တွေ့ရှိရသည်ဆိုသော်ငြားလည်း ပင်လယ်ငလျင်လှိုင်းကြီးများ၏ ဒဏ်ကို ခံရစေသည့် စိုက်လျှောကျ ပြတ်ရွေ့ကြောင်းမရှိဟု ဆိုသည်။ ထင်ရှားသည့် ငလျင်ပြတ်ရွေ့ကြောင်းများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်နှင့် မင်းဝံတောင်ရိုး နှစ်ခုကြားက ပြတ်ရွေ့ကြောင်းနှင့် ရန်ကုန်၊ ပဲခူးကြားက ပြတ်ရွေ့ကြောင်းပဲ ဖြစ်သည်။

မြန်မာနိုင်ငံသည် အယ်လ်ပိုင်(ALPIDE SEISMIC BELT) မြေငလျင်ကြောပေါ်တွင် တည်ရှိနေသော်ငြား မြောက်ပိုင်းဒေသ(တရုတ်ပြည်)လောက် မြေအောက်ငလျင် ဗဟိုချက်က နက်ရှိုင်းမှုမရှိဘဲ တိမ်သည်ဟု ဆို၏။

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်လျှင် အများဆုံးသော ငလျင်တို့သည် တော်လည်းသံ၊ မြည်ဟည်းသံများ ကြားရလေ့ရှိသည်။ ယင်းသည် ငလျင်ဗဟိုချက်တိမ်၍ ဖြစ်သည်ဟူ၏။

မြန်မာ့ငလျင်ရပ်ဝန်းများကို လေ့လာကြည့်သည့်အခါ မြေငလျင်လှုပ်ရှားမှု လမ်းကြောင်းအရ မြေငလျင်ကြောကို သုံးပိုင်းခွဲခြားထားသည်။

ပထမပိုင်းသည် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်က ရခိုင်ရိုးမအတိုင်း ကပ္ပလီပင်လယ်ထဲ ထိုးဆင်း၍သွားသည်။ ဒုတိယပိုင်းသည် ကချင်ပြည်နယ်အထက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆင်းသက်လာပြီး ချင်းတွင်းမြစ်ဆုံကနေပြီး စစ်တောင်းမြစ်ထဲ ဖြတ်သန်းကာ မုတ္တမပင်လယ်ကွေ့ထဲသို့ ဆင်းသက်သွားသည်။ တတိယပိုင်းသည် ရှမ်းပြည်နယ်အတွင်း သံလွင်မြစ်ကြောင်းတစ်လျှောက် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြေငလျင်အများဆုံး လှုပ်ခတ်သည့်အရပ်ကနေ အနည်းဆုံးလှုပ်ခတ်သည့်အရပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်များက အစဉ်လိုက် မှတ်တမ်းပြုထားလေရာ - (၁) စစ်ကိုင်းတိုင်းဒေသကြီး၊ (၂) ကချင်ပြည်နယ်၊ (၃) ရှမ်းပြည်နယ်၊ (၄) ချင်းပြည်နယ်၊ (၅) မကွေးတိုင်းဒေသကြီး၊ (၆) ရခိုင်ပြည်နယ်၊ (၇) ဧရာဝတီတိုင်းဒေသကြီး၊ (၈) ပဲခူးတိုင်းဒေသကြီး၊ (၉) မန္တလေးတိုင်းဒေသကြီး၊ (၁၀) ကရင်ပြည်နယ်၊ (၁၁) ကယားပြည်နယ်၊ (၁၂) ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရှိရသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် မြေငလျင်ဗဟိုချက်များမရှိသဖြင့် မြေငလျင်လှုပ်ရှားမှုကနေပြီး ကင်းလွတ်သည်ဟု ဆိုသည်။

### သမိုင်းဝင် မြေငလျင် ရက်စွဲများ

သမိုင်းဝင် မြေငလျင်များက အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။ (ခရစ်နှစ်ဖြင့် တင်ပြထားပါသည်။)

(၁) ရန်ကုန် - ၁၄၃၆ ၊ ၁၄၉၄
၁၅၆၄ ၊ ၁၆၀၈
၁၆၂၀ ၊ ၁၆၂၈
၁၆၄၄ ၊ ၁၆၄၉
၁၆၅၂ ၊ ၁၆၆၁
၁၇၆၈ ၊ ၁၈၈၈
၁၉၁၉ ၊ ၁၉၂၁
၁၉၂၇ ၊ ၁၉၃၀
၁၉၇၀

(၂) ပဲခူး - ၁၅၈၈ ၊ ၁၅၉၀
၁၇၅၇ ၊ ၁၉၁၁
၁၉၁၇ ၊ ၁၉၃၀

(၃) ပြည် - ၁၈၃၇ ၊ ၁၈၅၈

(၄) မုဂံ - ၉၈၆ ၊ ၁၁၇၄ မှ-
၁၂၁၁ ကြား
၁၂၈၆ ၊ ၁၂၉၀
၁၃၀၀ ၊ ၁၅၅၀
၁၅၈၀ ၊ ၁၆၄၄
၁၆၈၈ ၊ ၁၇၄၄
၁၇၄၅ ၊ ၁၇၆၃
၁၇၆၆ ၊ ၁၇၇၇
၁၈၃၆ ၊ ၁၈၃၈
၁၉၆၅ ၊ ၁၉၇၅

(၅) အင်းဝ - ၁၄၂၉ ၊ ၁၄၆၇
၁၅၁၁ ၊ ၁၆၂၁
၁၆၄၄ ၊ ၁၆၄၆
၁၆၄၈ ၊ ၁၆၆၁
၁၆၉၀ ၊ ၁၆၉၆
၁၇၁၄ ၊ ၁၇၆၂
၁၇၇၁ ၊ ၁၇၇၆
၁၈၆၀ ၊ ၁၈၃၉

(၆) အမရပူရ - ၁၈၁၂ ၊ ၁၈၃၉
၁၈၄၃ ၊ ၁၈၄၆
၁၈၅၆

(၇) စစ်ကိုင်း - ၁၄၈၅ ၊ ၁၉၅၆

(၈) မန္တလေး - ၁၈၅၈ ၊ ၁၈၇၀
၁၈၇၁ ၊ ၁၈၈၁
၁၉၄၆

မြန်မာ့ငလျင်သမိုင်းကို လေ့လာသည့်အခါ အများဆုံး တွေ့ရှိရသည်မှာ နိုင်ငံအနှံ့ ကျော်ကြားထင်ရှားသည့် တန်ခိုးကြီးစေတီပုထိုးများ၏ သမိုင်းတွေကို လေ့လာရသည်။ အဆိုပါ တန်ခိုးကြီးစေတီပုထိုးများသည် ငလျင်ဒဏ်ကြောင့် အကြိမ်ကြိမ်ပြိုကျလိုက်၊ ပြုပြင်လိုက်ဖြစ်စဉ်များအကြောင်းသည် အဓိကဖြစ်သည်။ အထက်ဖော်ပြပါ ခုနှစ်၊ ရက်စွဲများသည် ဘုရားစေတီ ပြိုကျပျက်စီးခဲ့မှု၊ ပြုပြင်မှု ရက်စွဲများ ဖြစ်သည်။

မြန်မာ့ငလျင်များသည် နှစ်စဉ် မြေငလျင်လှုပ်မှု (၁၀)ကြိမ်ခန့်ရှိရာ အင်အားပြင်းမှု နည်းပါးသည်။ အနှစ် ၁၀၀ ကာလအတွင်း ပြောစမှတ်ကျန်ခဲ့သည့် ငလျင်တွေက ၁၉၃၀ ပဲခူးငလျင်ကြီး၊ ၁၉၅၆ စစ်ကိုင်းငလျင်နှင့် ၁၉၇၅ ခုနှစ် ပုဂံငလျင်ကြီးတို့ပဲ ဖြစ်သည်။

ကိုမောင်သန့်ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ဖြေလျှော်ကာကွယ်နိုင်သော

# ဂါထာတော်မြတ်

ယောဒေတိ ဒေဝ ဒေဝေါဂ္ဂံ ဓမ္မံ

| | | | | | |
|---|---|---|---|---|---|
| | ယော | ဂ္ဂ | ဒ | ပါ | |
| ပါတု | လံ | သော | ဒေ | ခ | ဒေါ |
| တံ | ဝေါ | ရဟော | လေ | မ | တိ |
| ဖ | တု | အ | နော | နု | မ္ဗ |
| ဒေ | မိ | ဂ္ဂ | ဟံ | ဒေ | ဂ္ဂံ |
| | ရ | ဝ | မာ | မ | |

ယောဒေတိ ဒေဝ ဒေဝေါဂ္ဂံ ဓမ္မံ

မဂ္ဂဖလံဒေဒေါ နုမာမိတံ အရဟံ မဂ္ဂံ

နောသော ပါလေတုပါတု ရဟော

## ယောဒေတိ ဒေဝ ဒေဝေါဂ္ဂံ ဓမ္မံ

## မဂ္ဂဖလံဒေဒေါ နုမာမိတံ အရဟံ မဂ္ဂံ


## နောသော ပါလေတုပါတု ရဟော

ဤဂါထာတော်မြတ်အား အာဂုံလည်း အမြဲဆောင်၊ မိမိနေအိမ်၏ မြင့်သော မြတ်သော နေရာ၌လည်း ကပ်ထားပါက အထူးသင့်လျော်ပါသည်။

ဂျိုးဖြူစာတ်နန်းခွဲ သာသနာပြုစခန်း

(နေသာဂူနယ်၊ ၁၃၆၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်)

www.burmeseclassic.com



# ငလျင်လှုပ်မည့် အကြိုနိမိတ်များ

## ဆရာဇီဝအောင်ထွန်း

ငလျင်လှုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။ အင်အားကြီးမားလျှင် ကြီးမားသလို အဆောက်အအုံများ၊ လူနေအိမ်ခြေတိုက်တာများ၊ သတ္တဝါအပေါင်း၏ အသက်များကို ပျက်စီးဆုံးရှုံးစေ၍ ကြောက်မက်ဖွယ်ကောင်း လှပါသည်။ ခေတ်မီတိုးတက်သော နိုင်ငံများက သိပ္ပံနည်းစနစ်များဖြင့် ငလျင်လှုပ်မည့် အခြေအနေကို ဖော်ထုတ်ကြပါသည်။ မိမိတို့ မိရိုးဖလာလောကီပညာရပ်တွင်လည်း ငလျင်လှုပ်မည့် အကြိုနိမိတ်များကို သိရှိစေနိုင်သဖြင့် ဗဟုသုတအလို့ငှာ တင်ပြပါမည်။

၁။ အလှမွေးငါးကန်အတွင်းရှိ ငါးများ ဂနာမငြိမ်ဖြစ်ကာ ဟိုပူးသည့်ကပ် ဖြစ်နေလျှင်၊

၂။ ကျီးငှက်များ လန့်ပြီး ပြုံးဆင်းကျပါလျှင်၊

၃။ ဝက်များ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲနေကြလျှင်၊

၄။ စင်ရော်ငှက်များ ကုန်းပေါ်တက်ကြလျှင်၊

၅။ ပိုးပုရွက်ကောင်များ အသိုက်ပြောင်းကြလျှင်၊

၆။ ဘဲငန်းများ သစ်ပင်ပေါ်သို့ တက်ကြလျှင်၊

၇။ တွင်းအောင်းသတ္တဝါများ အစုလိုက်၊ အပြုံလိုက် ဦးတည်ရာမဲ့ ပြေးလွှားနေကြလျှင်၊

၈။ နေအိမ်ရှိ ကြွက်များ နေအိမ်မှ ထွက်ပြေးကြလျှင်၊

၉။ မြေတွင်းထဲမှ ကြွက်များ တွင်းထဲမှထွက်ကာ ယောက်ယက်ခတ်မျှ ပြေးလွှားကြလျှင်၊

၁၀။ အိမ်မွေးတိရစ္ဆာန်ဖြစ်သော ကြောင်များ၊ ခွေးများ နေအိမ်မှ ဝေးရာသို့ ထွက်ပြေးကြလျှင်

ငလျင်လှုပ်တော့မည့် နိမိတ်လက္ခဏာများဖြစ်ကြပြီး ငလျင်ရန်မှ ကြိုတင်ကာကွယ်ရန် ပြင်ဆင်နိုင်ကြပါသည်။

ထို့အပြင်...

“ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံယဿံ နကမ္ပတိ
အသောကံ ဝိရဇံခေမံ”

ဟူသည့် အသက်ဘေးမှ လွတ်စေသော ဂါထာတော်အား ဘုရားရှင်အပေါ် ကြည်ညိုဖူးမြော်လျက် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် အန္တရာယ်အပေါင်းမှ ကင်းဝေးနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါ၏။

ဆရာဇီဝအောင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



# မီးဘေးအန္တရာယ်နှင့် မြေလျှော ကာကွယ်နိုင်သော ဂါထာတော်မြတ်

**အန္တရာယ်ကင်း မီးကွင်း မီးမလောင် ဂါထာတော်မြတ်**

ဥုံ အာသီသတ္တိ နေမေဝ၊
ဥုံ သမ္ဘဝေ အာဝုဓာနိစ၊
ဥုံ တဂ္ဂတဂ္ဂိ ဝိစုဏ္ဏာတု
ဥုံ လောမံပီမေ နပုဿတု။

## မြေလျှော ကာကွယ်ဂါထာ

ယောဒေတိ ဒေဝ ဒေဝေါဂ္ဂ ဓမ္မံ

| | | | | | |
|---|---|---|---|---|---|
| | ယော | ဂ္ဂ | ဒ | ပါ | |
| ပါတု | လံ | သော | ဒေ | စ | ဒေါ |
| တံ | ဝေါ | ရဟော | လေ | မ | တီ |
| ဖ | တု | အ | နော | နံ | မ္မံ |
| ဒေ | မိ | ဂ္ဂ | ဟံ | ဒေ | ဂ္ဂံ |
| | ရ | ဝ | မာ | မ | |

မဂ္ဂဖလံဒဒေါ နမာမိတံ အရဟံ မဂ္ဂံ

ယောဒေတိဒေဝ ဒေဝေါဂ္ဂ ဓမ္မံ
မဂ္ဂဖလံဒဒေါ၊ နမာမိတံ အရဟံ မဂ္ဂံ
နောသော ပါလေတုပါတု ရဟော။


ဤဂါထာတော်မြတ်နှစ်ဆူအား အာဂုံလည်း အမြဲဆောင်၊ မိမိနေအိမ်၏ မြင့်သော၊ မြတ်သောနေရာ၌လည်း ကပ်ထားပါက အထူးသင့်လျော်ပါသည်။

ဂျိုးဖြူခတ်နန်းခွဲ သာသနာပြုစခန်း



www.burmeseclassic.com

www.burmeseclassic.com




# မြေလျှင်လှုပ်ခြင်းနှင့် ပတ်သက်သရွေ့

## ဆရာသိဟစကြာစိုးမြင့်(ပွဲကျောင်း)

ကမ္ဘာပထဝီမြေပြင်တွင် ကောင်းသော မြေလျှင်လှုပ်ခြင်း၊ မကောင်းသော မြေလျှင်လှုပ်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ သို့သော် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မြေအကြောင်း လှုပ်သနည်း။ ဘယ်ကဲ့သို့ လှုပ်သနည်းဆိုတဲ့ အကြောင်းခြင်းရာများကို လောကီပုဂ္ဂိုလ်၊ လောကီဝိဇ္ဇာ၊ လောကီပညာလိုက်စားနေကြသောသူများ သိစေချင်သော ဆန္ဒဖြင့် ဇောတိသကျမ်းအဆို မြေလှုပ်ခြင်းကို တင်ပြသွားမည်ဖြစ်သည်။

ဇောတိသကျမ်းတို့၌ကား (၁) ဂဇာ - ဆင်ကဲ့သို့ လှုပ်ခြင်း၊ (၂) ဝရာဟ - ဝက်ကဲ့သို့လှုပ်ခြင်း၊ (၃) အဟိ- မြွေကဲ့သို့လှုပ်ခြင်း၊ (၄) ကစ္ဆပ - လိပ်ကဲ့သို့လှုပ်ခြင်းဟူ၍ လေးမျိုးရှိကြောင်းကို ဆိုပေသည်။

ထိုလေးမျိုးတွင် (၁) မိဿရာသီ၊ ပြိဿရာသီ၊ မြိဿာရာသီ···ဓနုရာသီတို့၌ တနင်္ဂနွေရုပ်စဉ် လှုပ်မှုကား ဆင်ကဲ့သို့ လှုပ်သည်မည်၏။ (၂) သိဟ်ရာသီ၊ ကန်ရာသီ၊ ဓနုရာသီတို့၌ တနင်္ဂနွေရုပ်စဉ် လှုပ်မှုကား ဝက်ကဲ့သို့ လှုပ်



www.burmeseclassic.com

www.burmeseclassic.com





သည်မည်၏။ (၃) မေဖုန်ရာသီ၊ တွဲရာသီ၊ ကုံရာသီတို့၌ အနုဂ်နေ့ရပ်စဉ် လှုပ်မှုကား လိပ်ကဲ့သို့ လှုပ်သည်မည်၏။

အရပ်အားဖြင့်ကား • • •

(၁) အနောက်မြောက်ထောင့်အရပ်မှ အရှေ့တောင်ထောင့်အရပ်သို့ လှုပ်ခြင်းသည် ဆင်ကဲ့သို့ လှုပ်သည်မည်၏။

(၂) အနောက်တောင်ထောင့်အရပ်မှ အရှေ့မြောက်ထောင့်အရပ်သို့ လှုပ်ခြင်းသည် ဝက်ကဲ့သို့ လှုပ်သည်မည်၏။

(၃) အရှေ့-အနောက် လှုပ်ခြင်းသည် မြွေကဲ့သို့ လှုပ်သည်မည်၏။

(၄) တောင်-မြောက်လှုပ်ခြင်းသည် လိပ်ကဲ့သို့ လှုပ်သည်မည်၏။

အဟောစာတမ်းကား • • •

(၁) ဆင်ကဲ့သို့လှုပ်မှ မိုးကောင်း၍ ချောင်းစီးအံ့၊ မှုတို့ ဝပြောသာယာအံ့။

(၂) ဝက်ကဲ့သို့လှုပ်မှ ချမ်းသာစီးပွားများအံ့။

(၃) မြွေကဲ့သို့လှုပ်မှ ဝေါ်မှုတ်ပါးရှား ခေါင်းပါးအံ့။

(၄) လိပ်ကဲ့သို့လှုပ်မှ အနာရောဂါဘေးနာ ထူပြောအံ့။

ဆင်ရုပ်

ဆင်ရုပ်၌ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇)သည် နာမောင်းနက္ခတ်မည်၏။

(၈၊ ၉၊ ၁၀) သည် အစွယ်နက္ခတ်မည်၏။

(၁၁၊ ၁၂၊ ၁၃၊ ၁၄) သည် လက်ယာလက်နက္ခတ်မည်၏။

(၁၅၊ ၁၆၊ ၁၇၊ ၁၈)သည် လက်ဝဲလက်နက္ခတ်မည်၏။

(၁၉၊ ၂၀၊ ၂၁၊ ၂၂) သည် လက်ယာခြေ နက္ခတ်မည်၏။

(၂၃၊ ၂၄၊ ၂၅၊ ၂၆) သည် လက်ဝဲခြေနက္ခတ်မည်၏။

(၂၇) သည် ကျောကုန်းနက္ခတ်မည်၏။

(၁) နာမောင်းလှုပ်မှ ပြည်သူပြည်သား နိုက်ရန်များအံ့။

(၂) အစွယ်လှုပ်မှ တိုင်းတစ်ပါးက စစ်ရောက်အံ့။

(၃) လက်ယာလက်နှင့် လက်ယာခြေလှုပ်မှ အစာရေစာပေါ်များအံ့။

(၄) လက်ဝဲလက်နှင့် လက်ဝဲခြေလှုပ်မှ မိုးကောင်း၍ ချောင်းစီးအံ့။

(၅) အမြီးလှုပ်မှ အသီးအနှံပျက်စီးအံ့။

(၆) ကျောကုန်းလှုပ်မှ ပြည်ကြီးသေင်္ဂနင်း မင်းတို့ဥပဒ်ဖြစ်အံ့။

ဝက်ရုပ်

ဝက်ရုပ်၌ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)သည် ကျောနက္ခတ်မည်၏။

(၇၊ ၈၊ ၉၊ ၁၀) သည် အထက်နှုတ်သီးနက္ခတ်မည်၏။


(၁၁၊ ၁၂) သည် အောက်နှုတ်သီးနက္ခတ်မည်၏။

(၁၃၊ ၁၄) သည် မျက်စိနက္ခတ်မည်၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၅၊ ၁၆၊ ၁၇) သည် လက်ယာလက်နက္ခတ်မည်၏။
(၁၈၊ ၁၉၊ ၂၀) သည် လက်ဝဲလက်နက္ခတ်မည်၏။
(၂၁၊ ၂၂၊ ၂၃) သည် လက်ယာခြေနက္ခတ်မည်၏။
(၂၄၊ ၂၅၊ ၂၆) သည် လက်ဝဲခြေနက္ခတ်မည်၏။
(၂၇) သည် အမြီးနက္ခတ်မည်၏။


(၁) ခေါင်းလှုပ်မှု ပြည်သူပြည်သား နာဖျားရောဂါဝေဒနာဖိစီးအံ့။
(၂) နှုတ်သီးလှုပ်မှု မင်းအား ရတနာခုနစ်ပါး ဆိုက်ရောက်ဆက်သအံ့။
(၃) မျက်စိလှုပ်မှု လူတို့အသေအပျောက်များအံ့။
(၄) ခြေလေးဖက်လှုပ်မှု တိုင်းပြည်လှုပ်ရှားအံ့။
(၅) ကျောကုန်းလှုပ်မှု တိုင်းတစ်ပါးမှ မကောင်းစကားကြားရအံ့။ မင်းတို့ နလုံးမသာခြင်း ဖြစ်အံ့။

## မြွေရုပ်

မြွေရုပ်၌ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈)သည် ဦးခေါင်းနက္ခတ်မည်၏။

(၉) သည် နှုတ်သီးနက္ခတ်မည်၏။
(၁၀) မှ (၂၇)အထိ ကျောနက္ခတ်မည်၏။

(၁) ခေါင်းလှုပ်မှု ပြည်ရွာတိုင်းကား ဥပဒ်များအံ့။
(၂) နှုတ်သီးလှုပ်ရာ၌လည်း ထိုအတူတည်း။
(၃) ကျောကုန်းလှုပ်မှု အစာစပါး ပေါ်များအံ့။
(၄) အမြီးလှုပ်မှု ဝော်မှုတ်ခေါင်းပါး အစာရှားအံ့။



## လိပ်ရုပ်

လိပ်ရုပ်၌ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇)သည် နှုတ်သီးနက္ခတ်မည်၏။

(၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃) သည် ဦးခေါင်းနက္ခတ်မည်၏။

(၁၄၊ ၁၅၊ ၁၆၊ ၁၇) သည် ကျောကုန်းနက္ခတ်မည်၏။
(၁၈၊ ၁၉) သည် ရင်နက္ခတ်မည်၏။
(၂၀၊ ၂၁၊ ၂၂၊ ၂၃) သည် လက်နက္ခတ်မည်၏။
(၂၄၊ ၂၅၊ ၂၆၊ ၂၇) သည် ခြေနက္ခတ်မည်၏။

(၁) လက်ယာမျက်စိလှုပ်မှု လူတို့ အနာအဖျားများအံ့။
(၂) လက်ဝဲမျက်စိလှုပ်မှု မိန်းမတို့ ဥပဒ်များအံ့။
(၃) လက်ယာခြေလှုပ်မှု သူငယ်တို့ ပျက်စီးအံ့။
(၄) လက်ဝဲခြေနှင့် အမြီးလှုပ်မှု တိရစ္ဆာန်တို့ ဥပဒ်ဖြစ်အံ့။
(၅) လက်ယာခြေ ရင်လှုပ်မှု ပြည်ကြီးသေင်္ဂနှင်းမင်းတို့ ဥပဒ်ဖြစ်အံ့ဟူ၍ အဗ္ဗုတသာဂရကျမ်း။ ဘူမိစာလနိဒါန်းကျမ်းတို့တွင် လာရှိသည့်အတိုင်း ဗဟုသုတရစေခြင်းငှာ တင်ပြရေးသားလိုက်ပါသည်။

သရာသီဟစကြာစိုးမြင့်(ပွဲကျောင်း)




www.burmeseclassic.com

www.burmeseclassic.com

# ပြည်မြို့ 'မရှိခဏ' ကျောင်းဆရာတော် အဒ္ဓနတ္တကုဝေရ(သဲကုန်း) နှင့် ကျင့်စဉ်များ

■ မြနန်းရှင်



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့သို့ ရောက်ရှိပါလျှင် နဝဒေးရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး နံဘေးမှ "မရှိခဏစေတီတော်"ဟူသော သာသနာ့ဆိုင်းဘုတ် စိုက်ထူထားခြင်းကို တွေ့မြင်ရပေမည်။

ထိုနေရာဖြစ်သော ပြည်တောင်တန်းတောရ၊ မဟာမြိုင်ဒေသရှိရာ "မရှိခဏ"ကျောင်းတိုက် ပရိဝုဏ်အတွင်း ရောက်ရှိပါက ကြည်ညိုသပ္ပာယ်စွာ ခုနစ်ရက်သားသမီးတို့အတွက် ကုသိုလ်အကြောင်းဆက်ခွင့်ရစေရန် တည်ထားသည့် "မရှိခဏ"စေတီတော်အား ထူးခြားစွာဖူးမြင်ရပေမည်။

ကျောင်းဝင်းအတွင်းဝင်လာလျှင် လက်ယာဘက်ရှိ ကျောင်းတော်ပေါ်တွင် "ရှိဝတ္ထုဝရ" ဘွဲ့အမည်ရှိ ဗုဒ္ဓဘုရားရှင်အား ဖူးတွေ့နိုင်ပြီး ဆက်လက်၍ဝင်လာပါက လက်ဝဲဘက်မှာ "မရှိခဏ"စေတီမြတ်အား ဖူးမြင်ခွင့်ရပေမည်။ ထိုစေတီအနီး ကျောင်းအဝင်လမ်းတည့်တည့်တွင် ဆရာတော်၏အိပ်မက်၊ နိမိတ်အရ၊ အဓိဋ္ဌာန်အရ နဂါးမင်းကိုးကောင်ခြံရံ၍ "မိုးထိထူးပိုင်"ဘုရားအား တည်ထားပါသည်။

ထိုဘုရားများဖူးမြင်ပြီး လမ်းကိုချိုးကွေ့ဝင်ပါက မှော်ရုံကြီးကို တွေ့ရပါမည်။ ပြီးလျှင် ဆရာတော် သီတင်းသုံးရာသိမ်တော်ကို ရောက်ရှိပါမည်။ ပြီးလျှင် ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်ကို ရောက်ရှိပါမည်။

ဆရာတော်၏မှော်ရုံတွင် နန်းမတော်မယ်နု လှူဒါန်းခဲ့သော ဘုရားပလ္လင်တော်အား တပည့်ဒကာ၊ ဒကာမမိသားစုမှ လာရောက်လှူဒါန်းထားသဖြင့် ပူဇော်ထားသည်ကို မြင်တွေ့ရပါသည်။

ဆရာတော်အား ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ လိပ်ပြာသိန်းသောင်းကျေးရွာနေ ခမည်းတော်ဦးထွန်းတင်၊ မယ်တော် ဒေါ်ခင်သိန်းမှ ၁၃၃၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၌ မွေးဖွားသန့်စင်ခဲ့ပါသည်။

၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့တွင် သဲကုန်းမြို့နယ်၊ သိုက်တောမကျောင်းကြီးတွင် ပစ္စယာနုဂ္ဂဟခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆရာတော်၏ဘွဲ့တော်မှာ အရှင်ကုဝေရ ဖြစ်ပါသည်။ ၁၃၅၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့တွင် ဇီးကုန်းမြို့ ချောင်းဘမ်းကျေးရွာ၊ ချောင်းဘမ်းကြီးကျောင်းတိုက်ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ မြင့်သော မြတ်သော ရဟန်းအဖြစ်

www.burmeseclassic.com

သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဆရာတော်သည် ၁၃၅၀-၅၁ ခုနှစ်မှ စတင်၍ ၁၃၅၆-၅၇ နှစ်အတွင်း သံကုန်းမြို့ သိုက်တောမတောရကျောင်းတိုက်ဆရာတော်ထံတွင် အခြေခံလောကနီတိ၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ရှင်သာမဏေကျင့်ဝတ်တို့ကို များစွာသင်ယူပြီး သံကုန်းမြို့ ပရိယတ္တိစာသင်တိုက်၊ ပြည်မြို့ မဟာသုဒဿနရာမ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်မြို့ ပရိယတ္တိစာသင်တိုက် စသည့် ကျောင်းတိုက်များတွင် လောကုတ္တရာစာပေ၊ ပရိယတ္တိကျမ်းဂန်အသီးသီးကို သင်ယူခဲ့၏။

ယခုအခါ ရှင်သာမဏေအပေါင်းတို့ကို လောကီ၊ လောကုတ္တရာ စာဝါပို့ချခြင်း၊ အခါအားလျော်စွာ ယဉ်ကျေးမှုဆိုင်ရာ၊ ယဉ်ကျေးမှုနည်းပြသင်တန်းများ လက်ခံ၍ လောကုတ္တရာစာပေများ သင်ကြားပို့ချခြင်း၊ မရှိခထာကျောင်းတိုက်ကြီးကို အာဒိကမ္မိကအဖြစ် တည်ထောင်တော်မူခဲ့ပြီး နှစ်စဉ်ယောဂီ၊ လူကြီး၊ လူငယ်၊ တပည့်၊ ဒကာ၊ ဒကာမတို့အားတစ်နှစ်လျှင် တရားစခန်းကြီး သုံးကြိမ် ကျင်းပပြုလုပ်ပေးခြင်း၊ နယ်လှည့်ဓမ္မကထိကအဖြစ် သာသနာ့တာဝန်များ ထမ်းဆောင်ကာ တရားဓမ္မများ ဟောကြားတော်မူခြင်း။

လူငယ်ဆိုင်ရာ ဘာသာရေး အမြင်ရှိစေရန် မိဘ၊ ဆရာသမားများအပေါ် တတ်သိနားလည်စေရန် သားသမီးတိုင်း အနက်ရှိုင်းဆုံးသော မိဘမေတ္တာသိရှိနားလည်စေရန် ရည်သန်၍ "အမေကဗျာ"ရသစာပေဖြစ်သည့် -

(၁) နှလုံးသားလေး နီးစေချင်

(၂) ဘဝအမောပြေ မေမေ

(၃) အမေ့ရင်ခွင်နန်းတော်

(၄) အမေ့နို့ဖိုး စသည့် စာပေများ ထွက်ရှိထားပါသည်။ ဆရာတော်သည် ဒါနကောင်းမှုများကို အထူးအလေးပေး၍ နှစ်စဉ် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ ၂၀၀၅-၂၀၀၆-၂၀၀၇ ခုနှစ်များတွင် သံကုန်းမြို့နယ်နှင့် ပြည်မြို့နယ်အတွင်းရှိ စေတီပုထိုးများ ပြုပြင်လှူဒါန်းခြင်း၊ ဂန္ဓကုဋီဓမ္မာရုံကြီးအား မတည်လှူဒါန်းခြင်း၊ ရေတွင်း၊ ရေကန်၊ ကုဋီများ ဆောက်လုပ်လှူဒါန်းခြင်း၊ မရှိခထာစေတီတော်မြတ် တည်ထားကိုးကွယ်ခြင်း၊ ရှိတာဝရ နိမ္မိတရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ခြင်း၊ ၅၂ ဒသွယ်နိမ္မိတရုပ်ပွားတော်မြတ်တည်ထားခြင်း၊ နဂါးကိုးကောင် ခြံရံ၍ "မဟာကံထူးပိုင်"ရုပ်ပွားတော်မြတ်ပူဇော်ထားခြင်း၊ ဆရာတော်၏မွေးနေ့ သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၁ ရက်နေ့တွင် ပြည်မြို့နယ်အတွင်း သံဃာတော်အရှင်သူမြတ်များအား ပင့်ဆောင်၍ သင်္ကန်း အစရှိသော လှူဖွယ်များ လှူဒါန်းခြင်း၊ ညီနောင်ပရိသတ်များအား ကျွေးမွေးလှူဒါန်းခြင်းဖြင့် ကုသိုလ်၊ ဓမ္မအပေါ် မွေ့လျော်သော ဆရာတော်ဖြစ်ပေသည်။

ဆရာတော်သည် လောကီ၊ လောကုတ္တရာ ကျင့်စဉ်များကို ဝေနေယျအပေါင်းအား လောကီအခါ ကောင်းကျိုးညွှန်ပြတော်မူနိုင်ရန် အကျင့်စရဏများကို မနေမနားကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူပြီး လမ်းညွှန်ပေးကာ ကျင့်စဉ်များပေး၍ ကံကုသိုလ်များ ပွင့်လင်းလာစေခြင်း၊ ကောင်းကျိုးလိုရာပြီး ပြည့်စုံစေခြင်း၊ သံသရာဘဝ အပြန်လှကြစေရန် ဓမ္မရေအေးအမြိုက်ဆေးကို အသက်ခန္ဓာ ဆင်းရဲပင်ပန်းမှုကို ပဓာနမထားဘဲ ဟောကြားတော်မူခြင်းဖြင့် သာသနာအကျိုးအား ဆထက်ထမ်းပိုး အားထုတ်လျက်ရှိပေသည်။ ဆရာတော်အား အနယ်နယ်အရပ်ရပ်မှ တရားဓမ္မပြသရန် ပင့်ဖိတ်ပါက ကြွရောက်ဟောကြားပေးတော်မူပါသည်။

ဤဆောင်းပါးနှင့်အတူ ဆရာတော်မှ ခုနစ်ရက်သားသမီး ဝေနေယျအတွက် ကျင့်စဉ်များ ချီးမြှင့်ပေးတော်မူပါသည်။ လောကီအခက်အခဲကြုံတွေ့ရသူများ ဆောင်ရွက်ကြည့်ပါလေ။ ပဋ္ဌာန်းဆက်ပါရမီရင့်သူများ လက်ငင်းအကျိုးပေး၍ ကံနိမ့်လွန်းသူများ တစ်ကြိမ်ပြီးတစ်ကြိမ် ကျင့်ဆောင်ပေးပါက အကျိုးထူးလာပါမည်။

ပြည်မြို့သို့ရောက်ပါလျှင် "မရှိခထာ"ထူးမြတ်သော စေတီတော်အား ဖူး မြော်၍ "ရှိတာဝရ"ဘုရားရှင်အား ဦးချရှိခိုးပြီး လောကီကောင်းကျိုး ပြီးပြည့်စုံစေပြီး "မဟာကံထူးပိုင်" ဘုရားတွင် ဆုတောင်းဆုယူနိုင်ပေသည်။

"မရှိခထာ၊ ရှိတာဝရ"ဆရာတော် ဘဒ္ဒန္တကုဝေရအားကြည်ညိုသဒ္ဓါပွား၍ လောကီ၊ လောကုတ္တရာအဖြာဖြာလမ်းညွှန်ခံယူနိုင်ခွင့်ရကြပါစေသော်....။

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

ပြည်ပဝင်ငွေ ငွေကြေးလုပ်ငန်း အမြန်ဝင်ရောက်စေခြင်း၊ ပြည်ပသို့ထွက်ခွာမှုလုပ်ငန်း၊ လူမှုရေးပြေလည်စေပြီး ပြည်ပခရီးကြန့်ကြာနေသောသူများအတွက်

## ပြည် 'မရှိခဏာဆရာတော်'၏ 'ပြည်ပအောင်ပွဲ အဓိဋ္ဌာန်နှဲ' အထူးကျင့်စဉ်

၁။ မိမိမွေးနေ့၏ တစ်ရက်အလိုနေ့မှ ည ၉း၀၀ နာရီ သို့မဟုတ် နံနက်အိပ်ရာထချိန်၌ စတင်ပါ။

၂။ နံ့သာတိုင် ၃၇ တိုင်၌ အာဒိပု ယံဘန (နမှစ၍ အထက်သို့ရေးပါ။ အပေါ်ဆုံး၌ မွေးနံ့ဂဏန်းတင်ရေးပါ) အမွှေးတိုင်တစ်တိုင် ပုလင်းနှင့် စိုက်ထူပူဇော်ပါ။ ကြက်လျှာအလံနီ သုံးချောင်း၌ မိမိအဖြစ်ချင်ဆုံး ဆန္ဒသုံးမျိုးရေး၍ ငွေဖလား၌ မိမိလက်နှစ်ထွာဖြတ် သဲထည့်စိုက်လှူပါ။ (ရေကြည်တော်တစ်ခွက် ကပ်လှူပါ။)

၃။ မိမိလက်နှင့် ဝိတ်အဖြူရောင် နှစ်တောင်ပတ်လည် ခင်းပါ။ မိမိပခုံးပေါ်၌ ပဝါဖြူတင်ထားပါ။

၄။ သစ်သီးငါးမျိုး ကြွေပန်းကန်တစ်ချပ်၌ ထည့်၍လှူပါ။ (သစ်သီးနှမ်းပါက အသစ်လဲနိုင်ပါသည်။)

၅။ စသည့်နေ့မှ ငါးပါးသီလ၊ သို့မဟုတ် ရှစ်ပါးသီလ ခံယူထားပါ။

ဦးစွာ (အနန္တငါးပါးကိုရှိခိုးပါ)

ဗုဒ္ဓဂုဏော အပ္ပမာဏော မိပါဘုရား။
ဓမ္မဂုဏော အပ္ပမာဏော မိပါဘုရား။
သံဃဂုဏော အပ္ပမာဏော မိပါဘုရား။
မာတာပိတုဂုဏော အပ္ပမာဏော မိပါဘုရား။
အာစရိယဂုဏော အပ္ပမာဏော မိပါဘုရား။

(ပုတီးစိပ်ရန်)

၁။ ၈ ကာရော ဗုဒ္ဓရုပံ ဗုဒ္ဓသာ ဓမ္မံ အာကာသိကော ၈။ (ပုတီးတစ်ပတ်စိပ်ပါ)

၂။ ၈ ကာရော ဗုဒ္ဓရုပံ ဗုဒ္ဓသာ ဓမ္မံ အာကာသိကော ၈။ (ပုတီးတစ်ပတ်စိပ်ပါ)

၃။ ဗ ကာရော ဗုဒ္ဓရုပံ ဗုဒ္ဓသာ ဓမ္မံ အာကာသိကော ဗ။ (ပုတီးတစ်ပတ်စိပ်ပါ)

၄။ ဝ ကာရော ဗုဒ္ဓရုပံ ဗုဒ္ဓသာ ဓမ္မံ အာကာသိကော ဝ။ (ပုတီးတစ်ပတ်စိပ်ပါ)

၅။ ရတနတ္တယစက် ၈ မှ စက် သိဒ္ဓိ သိဒ္ဓိ စက်။ (ပုတီးတစ်ပတ်စိပ်ပါ)

ကိုယ်စောင့်နတ်နှင့်တကွ သာသနာစောင့်နတ် သိကြားမင်း၊ ဘိုးတော်၊ ဘွားတော် ပုဂ္ဂိုလ်အပေါင်း သမ္မာဒေဝနတ်ကောင်းနတ်မြတ် အားလုံးတို့အား အမျှပေးဝေပြီးလျှင် မိမိရေးခဲ့သည့်ဆုကို တိုင်တည်ဆုတောင်းပါ။

မိမိမွေးနေ့၏ တစ်ရက်အလိုမှစ၍ ၃၇ ရက်ပြည့် ပြုလုပ်ရမည်။ အထူးအဓိဋ္ဌာန်ဝင်လိုသူများ အသေးစိတ်သိလိုက ကိုယ်တိုင်ဆက်သွယ်နိုင်ပါသည်။ ဆရာတော်အား ဖူးမြော်ချိန် (နံနက် ၈း၀၀ မှ ၁၀း၀၀ နာရီ၊ နေ့ ၂း၀၀ မှ ၅း၀၀ နာရီ အထိသာ)

ပြည်တွင်းဝင်ငွေ ငွေကြေးအမြန်ဝင်ရောက်စေခြင်း၊ ရာထူးတိုးအခက်ကြုံခြင်း၊ ကြံစည်လုပ်ဆောင်သမျှ မအောင်မြင်ခြင်း၊ အခက်အခဲဟူသမျှ ပပျောက်စေပြီး ပြည်တွင်းလုပ်ငန်းစီးပွား အထူးအောင်မြင်စေမည်

## ပြည် 'မရှိခဏာဆရာတော်'၏ 'ပြည်ပအောင်ပွဲ အဓိဋ္ဌာန်နှဲ' အထူးကျင့်စဉ်

၁။ မိမိမွေးနေ့၏ တစ်ရက်အလိုနေ့မှ ည ၉း၀၀ နာရီ သို့မဟုတ် နံနက်အိပ်ရာထချိန်၌ စတင်ပါ။

၂။ နံ့သာတိုင် ၃၇ တိုင်၌ အာဒိပု ယံဘန (နမှစ၍ အထက်သို့ရေးပါ။ အပေါ်ဆုံး၌ မွေးနံ့ဂဏန်းတင်ရေးပါ) အမွှေးတိုင်တစ်တိုင် ပုလင်းနှင့် စိုက်ထူပူဇော်ပါ။ ကြက်လျှာအလံနီ သုံးချောင်း၌ မိမိအဖြစ်ချင်ဆုံး ဆန္ဒသုံးမျိုးရေး၍ ငွေဖလား၌

www.burmeseclassic.com

မိမိလက်နှစ်ဖွာဖြတ် သဲထည့်ရိုက်လှူပါ။ (ရေကြည်တော် တစ်ခွက် ကပ်လှူပါ။)

၃။ မိမိလက်နှင့် မိတ်အဖြူရောင် နှစ်တောင်ပတ်လည်ခင်းပါ။ မိမိပခုံးပေါ်၌ ပဝါဖြူတင်ထားပါ။

၄။ အောင်အိုးတစ်အိုး၌ အောင်သပြေ ၉ ညွှန့်စိုက်လှူပါ။ (ပန်းနှမ်းပါက အသစ်လဲနိုင်ပါသည်။)

၅။ စသည့်နေ့မှ ငါးပါးသီလ၊ သို့မဟုတ် ရှစ်ပါးသီလ ခံယူထားပါ။

ဦးချ (အနည်းငါးပါးကိုရှိခိုးပါ)

ဗုဒ္ဓဂုဏော အပ္ပမာဏ (?) အပ်ဝန္တာမိပါဘုရား။
ဓမ္မဂုဏော အပ်ဝန္တာမိပါဘုရား။
သံဃဂုဏော အပ်ဝန္တာမိပါဘုရား။
မာတာပိတုဂုဏော အပ်ဝန္တာမိပါဘုရား။
အာစရိယဂုဏော အပ်ဝန္တာမိပါဘုရား။

(ပုတီးစိပ်ရန်)

၁။ ဗ ကာရော ဗဏ္ဏမာဗရမာဗိဇ္ဇော ဗ။
(ပုတီးတစ်ပတ်စိပ်ပါ)

၂။ ဓ ကာရော ဓမ္မညူဓမ္မသာဓိကော ဓ။
(ပုတီးတစ်ပတ်စိပ်ပါ)

၃။ ဗ ကာရော ဗလူပေတောဗလ ဗဇ္ဇော ဗ။
(ပုတီးတစ်ပတ်စိပ်ပါ)

၄။ ဝ ကာရော ဝရဒေါ ဒေဝတုမေ ဝရံ ဝ။
(ပုတီးတစ်ပတ်စိပ်ပါ)

၅။ ရတနတ္တယစက် ၈ မှ စက် အကာလိကောစက်။
(ပုတီးတစ်ပတ်စိပ်ပါ)

ကိုယ်စောင့်နတ်နှင့်တကွ သာသနာစောင့်နတ် သိုက်နန်းရှင်၊ ဘိုးတော်၊ ဘွားတော် ပုဂ္ဂိုလ်အပေါင်း သမ္မာဒေဝနတ်ကောင်းနတ်မြတ် အားလုံးတို့အား အမျှပေးဝေပြီးလျှင် မိမိရေးခဲ့သည့်ဆုကို တိုင်တည်ဆုတောင်းပါ။

မိမိမွေးနေ့၏ တစ်ရက်အလိုမှစ၍ ၃၇ ရက်ပြည့် ပြုလုပ်ရမည်။ အထူးအစီအရင်ဝင်လိုသူများ အသေးစိတ်သိလိုက ကိုယ်တိုင်ဆက်သွယ်နိုင်ပါသည်။ ဆရာတော်အား ဖူးမြော်ချိန် (နံနက် ၈း၀၀ မှ ၁၀း၀၀ နာရီ၊ နေ့ ၂း၀၀ မှ ၅း၀၀ နာရီ အထိသာ)

## မရှိခဏာဆရာတော်၏ အစီအရင်အောင် ဂါထာတော်

ခုနစ်ရက်သားသမီး အတိတ်ဆိုး နိမိတ်ဆိုး ကံကြမ္မာ ဖြိုဟ်ဆိုး၊ အိပ်မက်ဆိုး၊ မကောင်းသော အတိုက်အခိုက်၊ အနှောင့်အယှက်များ ကြုံတွေ့နေရခြင်း၊ အိမ်ကျက်သရေ ကင်းမဲ့၍ လုပ်ဆောင်သမျှ ဆုံးရှုံးလွဲချော်နေရခြင်းအတွက် မရှိခဏာဆရာတော် အမြဲရွတ်ဖတ်တော်မူသော-

အစီအရင်အောင်ဂါထာတော်

မဟာသဗ္ဗမင်္ဂလံ ရက္ခန္တုသဗ္ဗရတနာ
ရတနတ္တယနုဘာဝေန သဗ္ဗါသုဒီဘဝန္တုတေ။

အဓိပ္ပာယ်အကျဉ်း- ကြီးမြတ်လှစွာသော အလုံးစုံသော ကိစ္စဟူသမျှတို့သည်လည်းကောင်း၊ အလုံးစုံသော ရတနာတို့သည် နေ့စဉ်မင်္ဂလာအပေါင်းဖြင့် ခညောင်း ရောက်ရှိ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့် ကိုယ်စိတ်နှစ်ပါးနှင့် ချမ်းသာဟူသမျှ အကျိုးပ်ထံ ရောက်ရှိခံစားပိုင်ဆိုင်နိုင်ရပါစေသော်။

(နံနက်ဖြစ်စေ၊ ညပိုင်းဖြစ်စေ ရတနာသုံးပါးအား အမွှေးတစ်တိုင်၊ ရေတော်သုံးခွက်ကပ်လှူပြီး အဖြူရောင်၊ မိမိလက် နှစ်တောင်ပတ်လည်ခင်းပါ။ အလယ်တွင် နဝယ်ရေးပါ။ အပေါ်တွင်ထိုင်ပြီး ကိုယ့်အသက်ထက် တစ်ခေါက်ပိုရွတ်ပါ။ ပြီးလျှင် အမျှအတန်းပေးဝေ၍ မိမိအဖြစ်ချင်ဆုံး ဆုတောင်းသုံးမျိုး တောင်းလိုက်ပါ။)

သတိ- အမွှေးတိုင်တွင် မွှေးနံ့ဂဏန်းရေး၍ အမြစ်နံကို အောက်ခြေ၌ရေးပါ။ အညွန့်နံကိုအထက်တွင်ရေးပါ။ (ပုလင်းနှင့် ပူဇော်ပါ)

(တစ်ကြိမ်ပြုလုပ်တိုင်း မိမိအသက်ထက် တစ်ရက်ပိုစေရမည်။ မွေးနေ့မှစတင်ပြုလုပ်နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# မုဒြာ

## (ဘုရားရှင်၏ လက်တော် ဟန်အမူအရာ)

မုဒြာဆိုသည်မှာ လက်အနေအထားကို ဆိုလိုသည်။ လက်ဟန်အနေအထားကို ကြည့်ရှုခြင်းအားဖြင့် မြတ်စွာဘုရား၏ ဆောင်ရွက်တော်မူချက်များ ပေါ်လွင်စေသည်။

ယခု ဖော်ပြထားသော ဗုဒ္ဓမြတ်စွာပုံတော်များ၌ ထူးခြားသော မုဒြာပုံဟန်အမျိုးမျိုးကို ရှုမြင်လေ့လာနိုင်ပေသည်။

မြန်မာနိုင်ငံ၌ အဓိကအားဖြင့် မုဒြာရှစ်မျိုး အထူးပင် ထင်ရှားပေသည်။

### ၁။ ဘူမိဖဿမုဒြာ
### (BHOOMISPARSHA MUDRA)



ဘူမိဖဿမုဒြာ

မြေလက်ထိ၍ မဟာပထဝီကို သက်သေပေးဟန်။

မြတ်စွာဘုရားသည် ဗောဓိညောင်ပင်အောက်၌ [illegible]အားထုတ်ပြီးနောက် သဗ္ဗညုတာဉာဏ်တော်ကို ရရှိတော်မူသည်။ မာရ်နတ်သား ဗုဒ္ဓမြတ်စွာဘုရားကို အပရာဇိတ ပလ္လင်တော်ကို လာရောက်လုရန် ကြံစည်ပြုလုပ် သောအခါ ဒါနပါရမီတော်ကို ဆင်ခြင်၍ သဗ္ဗညုတာဉာဏ်ရပြီးပုံကို ဤ မဟာပထဝီမြေကြီးကို သက်သေပြတော်မူသည်။ မြတ်စွာဘုရား၏လက်တော်သည် • မြေကြီးကို ညွှန်ပြထိထားတော် မူသည်ကို အကြောင်းပြု၍ ဘူမိဖဿမုဒြာဟု ဤလက် နေဟန် အနေအထားကို ခေါ်ဆိုသည်။

### ၂။ ဓမ္မစက္ကမုဒြာ
### (DHARMACHAKRA MUDRA)

BURMESE CLASSIC

တရားစက်ဝန်• လှည့်လည်ဟန်။

ဤပုံတော်မျိုးမှာ မြန်မာပြည်၌ အလွန်ထင်ရှားသော ပုံတော်မျိုးဖြစ်သည်။ ဝါဆိုလပြည့်နေ့၌ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းငါးဦးကို ပထမဆုံး တရားဦး(ဓမ္မစကြာ)ကို ဟော



ဓမ္မစက္ကမုဒြာ



www.burmeseclassic.com

www.burmeseclassic.com

တော်မူသည်။ တရားစက်ဝန်းသဏ္ဍာန် သရုပ်ဖော်၍ လက်တော်နှစ်ဖက်က ကိုင်၍ လှည့်လည်နေတော်မူဟန်ကို သရုပ်ဖော်ထား၍ ဓမ္မစက္ကမုဒြာဟု ခေါ်သည်။

၃။ ဝိတက္ကမုဒြာ
(VITARKA MUDRA)



ဝိတက္ကမုဒြာ

ကျာခြေ နရင့်ချင့်ချိန်၍ လက်ညိုး၊ လက်မ အဝိုင်းပြုဟန်။

မြတ်စွာဘုရားသည် ပုဂ္ဂိုလ်အမျိုးမျိုးကို ၎င်းတို့ စရိုက်ဝါသနာနှင့် လျော်ညီစွာ ထိုက်တန်သောတရားကို ဟောကြားရန် ကြံစည်ပုံကို ဤမုဒြာဖြင့် သရုပ်ဖော်ပြထားသည်။


လက်တော်သည် မြှောက်ထားသည်။ လက်ညိုးတော်နှင့် လက်မတော် ထိတွေ့၍ အဝိုင်းအသွင်ဖြင့် ပြထားသည်။

၄။ ဈာနမုဒြာ
(DHYANA MUDRA)

လက်နှစ်ဖက် ထပ်ထား၍ ဈာန်ဝင်စားနေဟန်။

မြတ်စွာဘုရားသည် ဈာန်ဝင်စားနေတော်မူဟန်ကို ဤမုဒြာဖြင့် သရုပ်ဖော်ထားသည်။

လက်တော်နှစ်ဖက်ထိထားပြီး မျက်လုံးတော်သည်လည်း မှိတ်ထားသည်။ တည်ကြည်မှုကို သရုပ်ဖော်ပြသော ဈာနမုဒြာ ဖြစ်ပေသည်။



ဈာနမုဒြာ

၅။ ဝရဒမုဒြာ
(VARADA MUDRA)

လက်ျာလက်လေးချောင်း ထောင်၍ ဆုပေးဟန်။

မြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့အား မွန်မြတ်သောဆုကို ပေးနေဟန် လက်တော်ဖြင့် သရုပ်ဖော်ထားသည်။ လိုအပ်သောဆု ရကြပါစေဟု (ဝရဒမုဒြာ)ဖြင့် ပေါ်လွင်စေသည်။



ဝရဒမုဒြာ

www.burmeseclassic.com

၆။ ဒေသစာရီမုဒြာ
(DESHACHARI MUDRA)



ဒေသစာရီမုဒြာ

လက်နှစ်ဖက်ဖြင့် သင်္ကန်းစကိုင်၍ ဒေသစာရီကြွတော်မူစဉ် မြတ်စွာဘုရားသည် ဒေသစာရီကြွချီ၍ သတ္တဝါများအား လှည့်လည်တရားဟောနေဟန်ကို ဤဒေသစာရီမုဒြာဖြင့် ထင်ရှားစွာ သရုပ်ဖော်ထားသည်။ လက်တော်တို့သည် သင်္ကန်းကို ကိုင်ဆွဲထားသည်။




မဟာကရုဏာမုဒြာ

၇။ မဟာကရုဏာမုဒြာ
(MAHAKARUNA MUDRA)

လက်ျာလက် ရင်၌ကပ်ထား၍ သနားကြင်နာဟန်။ လက်တော်တစ်ဖက်သည် ရင်ဘတ်တော်၌ ကပ်လျက် ရပ်ကြည့်နေတော်မူဟန် ဖြစ်သည်။ သတ္တဝါအားလုံး ရင်ဝယ်သားကဲ့သို့ ကြီးမြတ်လှစွာ မဟာကရုဏာတော်ထား ရှိကြောင်း သရုပ်ဖော်သော လက်နေဟန်ကို မဟာကရုဏာမုဒြာဟု ခေါ်ဆိုသည်။

၈။ အဘယမုဒြာ
(ABHAYA MUDRA)



ဓမ္မစက္ကမုဒြာ

သက်ျာလက် ငါးချောင်းထောင်၍ ဘေးမဲ့ပေးဟန်။ စိုးရိမ်ခြင်း။ ပူပန်ခြင်းတို့ဖြင့် နှိပ်စက်ခံနေရသော ကိလေသာညွန်အတွင်းရှိ သတ္တဝါအပေါင်းတို့ကို ဝဋ်ဆင်းရဲ ဘေးမှ လွတ်မြောက်စေသော နည်းလမ်းရှိ၍ မကြောက် လန့်ကြနှင့်ဟူ၍ ညွှန်ပြသရုပ်ဖော်သော လက်တော်ကို အဘယမုဒြာဟု ခေါ်ဆိုသည်။ အဘယမုဒြာပုံဟန်ကို ကြည်ညိုဖူးမြင်ခြင်းဖြင့် ဝီရိယ ရသကို ပေါ်လွင်စေသည်။

www.burmeseclassic.com

# မှော်စားပွဲ(သို့မဟုတ်)လောကီစားပွဲနှင့် မှော်စာအုပ်

တက္ကသိုလ်မိုးမြင့်ဝေ

အနောက်တိုင်း လောကီပညာရှင်များအဖို့ အစီအရင်ပြုလုပ်တော့မည်ဆိုပါက မှော်စားပွဲ(သို့) လောကီစားပွဲတစ်လုံးစီ ရှိဖို့လိုအပ်ပါသည်။

မှော်စားပွဲ (သို့) လောကီစားပွဲတစ်လုံး ပြုလုပ်ရန် အသက်သွင်းရန်ကိစ္စရပ်များကို ဗဟုသုတအလို့ငှာ တင်ပြလိုပါသည်။ မှော်စားပွဲ (သို့) လောကီစားပွဲသည် အသုံးပြုမည့်သူအတွက် အဓိကအသက်ဖြစ်၏။ အဆိုပါစားပွဲသည် အခြားလူများမသိနိုင်သော်ငြား အနှောင့်အယှက်ကင်းဝေးရန် ငြိတ်ဆိတ်ငြိမ်သက်နေရာ လိုအပ်ပါသည်။

ဦးစွာ လပြည့်နေ့ည သန်းခေါင်ယံအချိန်ကို ရွေးချယ်ရပါမည်။ အသက်သွင်းတည်ဆောက်မည့်စားပွဲပေါ်၌ သန့်စင်သည့် အဖြူရောင်စားပွဲခင်းတစ်ခုကို ဖြန့်ခင်းရပါမည်။ ဝိညာဉ်ပိုင်းနှင့်သက်ဆိုင်နေသည့်အတွက် အစီအရင်လုပ်ဆောင်မည်ဆိုလျှင် အနက်ရောင်စားပွဲခင်းကို ခင်းရပါမည်။ ထိုသို့ ဖြန့်ခင်းပြီးပါက စာအုပ်အလွတ်တစ်အုပ်ပေါ်၌ မိမိ၏လက်ရေးနှင့် မိမိပေးချင်သည့် မိမိ၏မှော်အမည် မှော်ပညာများကို လေ့လာအသုံးချခြင်း၊ မိမိသိပြီးသမျှမန္တန်များ၊ မိမိကြုံဖူးသည့် သဘာဝလွန်ဖြစ်ရပ်များကို စိတ်တည်ငြိမ်စွာဖြင့် ရိုးရှင်းသောဝါကျများ ရေးသားရပါမည်။

၎င်းစာအုပ်ကို နောက်ပိုင်း၌ Book of Shadow ဟုခေါ်သည့် မိမိ၏မှတ်တမ်းစာအုပ်အဖြစ် အသုံးချရမည် ဖြစ်ပါသည်။ ထို့နောက် စာအုပ်၏ပတ်ပတ်လည်၌ ဓာတ်ကြီးလေးပါးကို ကိုယ်စားပြုသည့် မြေမှုန့်ထည့်ထားသည့်ခွက်၊ ရေထည့်ထားသည့်ခွက်၊ အဝါရောင် ကြောင်သတ္တုနှင့် ကြောင်ကျောက် (Moon stone)ကို ထားရပါမည်။

ထိုသို့ ထားပြီးပါက စီရင်ထားပြီးသည့် မိမိ၏ မှော်နှင်တံကို စားပွဲ၏ညာဘက်ထောင့်၌ တင်ထားရပါမည်။ ပြီးလျှင် အာရုံခံစားခြင်းကို စတင်ရပါမည်။ စားပွဲ၏ဘယ်ဖက်၌ စကားဝါပန်းရနံ့ဖြင့်ပြုလုပ်ထားသည့် အမွှေးတိုင်နှစ်တိုင်၊ ညာဘက်၌ စံပယ်ပန်းရနံ့ဖြင့်ပြုလုပ်ထားသည့် အမွှေးတိုင် နှစ်တိုင်တို့ကို ထွန်းညှိပြီး စားပွဲရှေ့၌ ငြိမ်သက်စွာ နေထိုင်ရပါမည်။ ထို့နောက် လက်နှစ်ဖက်ကို ပက်လက်လှန်ထားပြီး နေနှင့်လထံမှ စွမ်းအင်များ ရေခွက်၊ မြေမှုန့်ခွက်၊ ကျောက်တုံးများထဲသို့ ဝင်ရောက်တန်ပြန်ကာ မိမိလက်ထဲမှတစ်ဆင့် နှလုံးသားထိတိုင် ဝင်ရောက်လာပြီဟူ၍ အာရုံပြုရပါမည်။

အသက်ကို ခပ်ပြင်းပြင်းရှူရပါမည်။ စွမ်းအင်များ ဝင်ရောက်လာပြီဟူ၍ ပြန်လည်အာရုံပြုရပါမည်။ စွမ်းအင်များဝင်ရောက်လာပါက တုန်ခါခြင်းအဆင့်ဖြစ်သည့် တစ်ကိုယ်လုံးတုန်ခါမှုကို ခံစားရပါလိမ့်မည်။ ထိုသို့ အားရကျေနပ်အောင် ပြုလုပ်ရပြီး ရံဖန်ရံခါ၌ အစီအရင်များ အာရုံတွင်းသို့ ဝင်လာသည့်အခါ မိမိ၏ Bqok of Shadow ဟုခေါ်သည့် ကိုယ်ပိုင်မှော် မှတ်တမ်းစာအုပ်တွင်းသို့ ချက်ချင်းချရေးရပါမည်။

မိမိ၏ စွမ်းအင်ခံယူခြင်း၌ ကျေနပ်လောက်ပြီဆိုသောအခါ မိမိ၏မှော်စားပွဲ (သို့မဟုတ်) လောကီစားပွဲပေါ်သို့ လက်ဖြင့် ညင်သာစွာဝှေ့ယမ်းလျက် -

"ဤအရာသည် ကျွန်ုပ်၏ကိုယ်ပိုင် လောကီပညာစီရင်ခြင်း စားပွဲဖြစ်သည်။

မည်သူမျှ ငါ၏ ဤစားပွဲအား မဖျက်စီးရ။

မိခင်နတ်သမီးနှင့် အစောင့်အရှောက်များ ကျွန်ုပ်၏ ဤစားပွဲအား ကာကွယ်စောင့်ရှောက်ကြပါစေ"

ဟု တိုးညင်းစွာရွတ်ဆိုရပါမည်။ အကာအကွယ်ပြုလုပ်လိုပါက မိမိ၏စားပွဲပေါ်၌ ငါးထောင့်ကြယ် သင်္ကေတများ ပြုလုပ်ထားနိုင်ကြောင်း လောကီပညာရပ်တစ်ခုအား တင်ပြရေးသားလိုက်ရပါသည်။

တက္ကသိုလ်မိုးမြင့်ဝေ

မှတ်ချက် ။ ။ ၎င်းမှော်စားပွဲ(ခေါ်) လောကီစားပွဲအား ဗေဒင်မေးသူများအနေဖြင့် ဗေဒင်ဟောရန်သုံးသည့် စားပွဲခုံအဖြစ်လည်းကောင်း၊ မိမိ၏ရုံးခန်း၊ အလုပ်ခန်း၊ ဈေးဆိုင်ခန်းများ၌ အသုံးချစားပွဲအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။ ထိုသို့အသုံးပြုခြင်းဖြင့် အလုပ်အကိုင်အကြံအစည်များ စီးပွားလာဘ်လာဘများ ပွင့်လန်းလာစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဗူဒူးလောကီပညာ

## လှမိုး ( ပညာရေး )

၁၉၇၀ ပြည့်နှစ်ဆန်းဟု ထင်ပါသည်။ နေ့ရက်ကိုမူ တိတိကျကျ မမှတ်မိတော့။ ထိုစဉ်က ကျွန်တော်သည် ကျောက်ဆည်မြို့ အမှတ်(၁) အထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ်တာဝန်ထမ်းဆောင်နေချိန် ဖြစ်သည်။ မှတ်မှတ်ရရ ကျွန်တော့်ငယ်သူငယ်ချင်း ကိုတင်မြင့် (စာရေးဆရာ တက္ကသိုလ်တင်မြင့်)နှင့် ကိုပြေသိမ်း (ပညာအုပ် ကွယ်လွန်)တို့ ပြန်ဆုံတွေ့ကြသည်။ ကိုတင်မြင့်မှာ ထိုစဉ်က ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း တက္ကသိုလ်တင်မြင့် ကလောင်အမည်ဖြင့် သည်းထိတ်ရင်ဖို ဝတ္ထုများ ရေးနေသည့်အချိန်ဖြစ်သည်။ ကိုပြေသိမ်းကမူ သုဓါသနာအတိုင်း အနောက်တိုင်း လောကီပညာစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေသည့် အချိန်ဖြစ်၏။


ဗူဒူးအဆောင်ရုပ်တုများ

သူတို့နှစ်ယောက်သည် ကျွန်တော့်အကြောင်း နားလည်သည့် ငယ်သူငယ်ချင်းများဖြစ်ကြသည်။ ကျွန်တော် ဘာစာအုပ်တွေဖတ်သည်ကို သိကြသူများဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် ဒေါက်တာကွန်နင်ဒွိုင်းရေးသော ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများ၊ သည်းထိတ်ရင်ဖို စာရေးဆရာမကြီး အက်ဂါသာခရစ္စတီရေးသော စုံထောက်ဝတ္ထုများ၊ ဒေါက်တာသွန်းဒိုက် စုံထောက်ဝတ္ထုများ (ယင်းဝတ္ထုများကို ကွယ်လွန်သူ စာရေးဆရာကြီး ရွှေဥဒေါင်းက ဒေါက်တာသောင်းထိုက် အမည်ဖြင့် မိုငြမ်းရေးသားခဲ့ပါသည်) ဖတ်ရှုနေသည့်အချိန် ဖြစ်ပါသည်။

တစ်နေ့တွင် သူတို့နှစ်ယော[...] ကျွန်တော့်အိမ်ရောက်လာကြပြီး ကို[...] မြင့်က "ခင်ဗျား ဒီစာအုပ်ကို ဖ[...] စမ်းပါ။ ခင်ဗျား စိတ်ဝင်စားမှာပါ[...]



www.burmeseclassic.com


www.burmeseclassic.com

ပြောဆိုဆို ထိုစဉ်က နာမည်ကြီးစာရေးဆရာ အီယန် မင်းရေးသားသော "Live and Let die" စာအုပ်တစ် ပေးခဲ့၏။ ကိုပြေသိမ်းကလည်း ခင်ဗျားဖတ်ဖြစ်အောင် များ။ ဒီဝတ္ထုထဲမှာ ခင်ဗျားတစ်ခါက ကျွန်တော့်ကိုမေးခဲ့ “ဗူဒူး”လောကီပညာအကြောင်း ပါတယ်ဗျာဟု ပြော ပြီး သူတို့နှစ်ယောက် ပြန်သွားကြသည်။

အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ထိုစဉ်က လျှမ်းလျှမ်း တက် ဟိုးဟိုးကျော်နေသော စာရေးဆရာကြီး အီယန် မင်းရေးသည့် “ဂျိမ်း(စ)ဘွန်း”ဇာတ်ဆောင်အဖြစ် ပါဝင် သော ဝတ္ထုများကို မဖတ်ဖူးခဲ့ပါ။ သို့သော် ထိုကာလက (စ)ဘွန်း”ဆိုသော အမည်သည် ကမ္ဘာ့နိုင်ငံအသီးသီးက မရွေး ဘာသာမရွေး ကလေး၊လူကြီးမှအစ တစ်ဦး ကြားဖူးနားဝရှိနေကြပြီး ဖြစ်ပါသည်။ ထိုနာမည်ကို သိကျွမ်းနေခဲ့ကြသည်။ အထူးသဖြင့် အီယန်ဖလီမင်း ၏ ဝတ္ထုများကို ရုပ်ရှင်ရိုက်ကူးခဲ့ရာ၌ နိုင်ငံတကာ မြို့ ကြီးများနှင့် ကျေးလက်တောရွာများအထိ ဂျိမ်း(စ)ဘွန်း ရှင်ကားများကို သန်းပေါင်းများစွာသော လူထုသည် နှစ် စွဲလမ်းခဲ့ကြသည်။ ကမ္ဘာ့ရုပ်ရှင်သမိုင်းတွင် ဂျိမ်း(စ)ဘွန်း ရှင်ကားများ၏ အောင်မြင်မှုမှ မကြုံဖူးလောက်အောင် ခဲ့ရသည်။

စင်စစ်အားဖြင့် ဂျိမ်း(စ)ဘွန်းဝတ္ထုများ၏ အောင်မြင် သည့် ဤမျှလောက်ကြီးမားခဲ့သော်လည်း အီယန်ဖလီမင်း ရေးသားခဲ့သည့် ဂျိမ်း(စ)ဘွန်းဝတ္ထုများသည် ကျွန်တော့် ညီးစွဲ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ ရှား လော့ဟုမ်းဝတ္ထုများလောက် အရေအတွက်မများပေ။ ဆာအာ ကိုနင်ဒွိုင်းသည် ရှားလော့ဟုမ်းဇာတ်ဆောင်အဖြစ် ပါဝင် ဝတ္ထုရှည်လေးပုဒ်နှင့် ဝတ္ထုတိုငါးဆယ့်ခြောက်ပုဒ် ရေး ထုတ်ဝေခဲ့ပါသည်။ (ဝတ္ထုရှည်အားလုံးအား ဆရာမိုးမြင့် မြန်မာဘာသာပြန်ဆို၍ ဝတ္ထုတိုအားလုံးအား ကွယ်လွန် ဆရာမြသန်းတင့်က မြန်မာဘာသာပြန် ထုတ်ဝေ ပြီးပါသည်။ အီယန်ဖလီမင်းရေးသော ဂျိမ်း(စ) ဝတ္ထုများမှာ စုစုပေါင်း ၁၃ အုပ်သာရှိပါသည်။ သို့သော် ကာလအတွင်း ရေးသားထုတ်ဝေသော ဂျိမ်း(စ) ဘွန်းဝတ္ထုများကို ဘာသာပေါင်း ၂၃ ဘာသာ ပြန်ဆိုထုတ်ဝေ ခဲ့ရပြီး အုပ်ရေ သန်းနှစ်ဆယ်ကျော် ရောင်းချခဲ့ရသည်သာ မက ဂျိမ်း(စ)ဘွန်းတစ်ခေတ် ထူထောင်နိုင်ခဲ့သည်ဟု ပြော စမှတ်ပြုခဲ့ကြ၏။ လူငယ်လူရွယ်အများသည် ဂျိမ်း(စ)ဘွန်း အား စွဲလမ်းခဲ့ကြသည်။ ဂျိမ်း(စ)ဘွန်း၏ အစားအသောက်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို တသသဖြစ်ကြ သည်။ ဂျိမ်း(စ)ဘွန်းဝတ္ထုများနှင့် ဂျိမ်း(စ)ဘွန်းရုပ်ရှင်ကား များသည် စာပေသမိုင်းနှင့် ရုပ်ရှင်သမိုင်းတွင် ထူးခြားကြီးမား သော အောင်မြင်မှုရခဲ့သည်။

ကျွန်တော့်အား ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ ကိုတင်မြင့် ဖတ်ရှုရန်တိုက်တွန်းသော "Live and Let die" စာအုပ်မှာ ၁၉၅၃ ခုနှစ်က ထုတ်ဝေသော ဒုတိယမြောက် ဂျိမ်း(စ)ဘွန်း စာအုပ်ဖြစ်ပါသည်။ ထိုဝတ္ထုကို ကျွန်တော်






www.burmeseclassic.com

www.burmeseclassic.com

သည် သဲသဲမဲမဲဖတ်ခဲ့မိသည်။ ဤစာအုပ်တွင် ဂိုမ်း(စ)ဘွန်း၏ အဓိကပြိုင်ဘက်ရန်သူမှာ မစ္စတာဘစ်(Big)ဟုခေါ်သော ကာပွလီအမျိုးသား မှုခင်းလောကီပညာရှင် မှုခင်းဂိုဏ်းခေါင်းဆောင်ဖြစ်သည်။ မှုခင်းဂိုဏ်းဝင် လူဆိုးများ၏ နှိပ်စက်ခံရသော ဗြိတိသျှအထောက်တော် ဂိုမ်း(စ)ဘွန်းအား ကယ်ဆယ်သူမှာ ဆိုလစ်တရီအမည်ရှိသော မိန်းမပျိုကလေးဖြစ်သည်။ ထိုအမည်မှာ ငှက်တစ်ကောင်၏အမည် ဖြစ်သည်။ ထိုငှက်များသည် ဂျမေကာကျွန်းရှိ တောင်ပြာတန်းများပေါ်တွင် တွေ့ကြရလေ့ရှိပြီး အလွန်သာယာသောအသံဖြင့် တေးသီချင်းများကို သီဆိုတတ်ကြ၏။ ထိုစာအုပ်တွင် စာရေးဆရာ ဖလိမ်းမင်းသည် စာဖတ်သူများအတွက် ပညာပေးဗဟုသုတအများကို ထည့်သွင်းရေးသားခဲ့ပါသည်။ ဂျမေကာကျွန်းနှင့် အနောက်အိန္ဒိယကျွန်းစုများနှင့် ကရော့ဘီယန်ပင်လယ်အတွင်းရှိ ကျွန်းအများတွင် နေထိုင်ကြသော ဒေသခံလူမျိုးများနှင့် အာဖရိကနွယ်ဖွား ကာပွလီအမျိုးသားအများစုသည် မှုခင်းနတ်ဆရာများကို အလေးထားကြ၏။ မှုခင်းအဆောင်၊ လက်ဖွဲ့များကိုလည်း ယုံယုံကြည်ကြည်ဆောင်ထားလေ့ရှိသည်။

ဂျမေကာကျွန်းတွင် နေထိုင်သော စာရေးဆရာ ဖလိမ်းမင်းသည် ဤပညာအကြောင်း လက်တစ်ဆုပ်နှိုက်လေ့လာထားပြီး အထက်ဖော်ပြပါ ဂိုမ်း(စ)ဘွန်းဝတ္ထုတွင် မှုခင်းဂိုဏ်းများ၊ မှုခင်းဂိုဏ်းတက်ပွဲများအကြောင်း ခရေစေ့တွင်းကျရေးသားဖော်ပြထားခဲ့သည်။ ထိုဝတ္ထုအား ၁၉၇၃ ခုနှစ်တွင် ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့သောအခါ သောက်သောက်လဲဝင်ငွေရသည့် ရုပ်ရှင်ကားဖြစ်၏။ ယခင်ရုပ်ရှင်ကားတွင် ဂိုမ်း(စ)ဘွန်းအဖြစ် သရုပ်ဆောင်သူမှာ ရော်ဂျာမိုးဖြစ်သည်။ အနောက်အိန္ဒိယကျွန်းစုတွင် ပါဝင်သော ကျွန်းကလေးတစ်ကျွန်းပေါ်တွင် ဂိုမ်း(စ)ဘွန်းနှင့် အထက်ခေါင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော မစ္စတာဘစ်တို့ သူ့အနိုင်ကိုယ့်အနိုင် ယှဉ်ပြိုင်ကြပုံများ မှုခင်းဂိုဏ်းသားတို့၏ ရက်စက်မှုများကို ရုပ်ရှင်ပညာဖြင့် တိတိပပ ရိုက်ကူးပြသခဲ့သော ရုပ်ရှင်ကားကြီး ဖြစ်သည်။ အထူးသဖြင့် အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကန်ပြည်ထောင်စု နယူးအော်လိန်းမြို့တွင် မှီတင်းနေထိုင်ကြသော ကာပွလီလူမျိုးစုများ၏ မှုခင်းလောကီပညာအကြောင်း စေ့စေ့စုံစုံ ရိုက်ကူးပြသသွားခဲ့၏။

ကျွန်တော်တို့သည် ကမ္ဘာ့တိုက်ကြီးများအားလုံးအား ရှာဖွေတွေ့ရှိနိုင်ခဲ့သည်သာမက လကမ္ဘာသို့လည်း ခြေချနိုင်ခဲ့ပြီးဖြစ်သည်။ အာကာသအတွင်း ဓာတ်ခွဲခန်းကြီးတည်ဆောက်၍ နိုင်ငံတကာမှ အာကာသသူရဲကောင်းများသည် အာကာသလွှန်ပျံယာဉ်များဖြင့် လူးလားခေါက်တုံ့ သွားလာနိုင်ခဲ့ကြသည်သာမက အာကာသစခန်းအတွင်း လပေါင်းများစွာနေထိုင်၍ စူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်ခဲ့ကြသည်။ အင်္ဂါဂြိုဟ်သို့ပင် သွားရောက်နိုင်ရန် စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပြီးဖြစ်၏။ ဆက်သွယ်ရေး နည်းပညာတွင်လည်း ထူးခြားအောင်မြင် ပေါက်ရောက်ခဲ့သဖြင့် သိပ္ပံပညာ အံ့မခန်းတိုးတက်သည်ဟု ဆိုရမည်ဖြစ်သည်။ ဤကဲ့သို့ အံ့မခန်းတိုးတက်သော သိပ္ပံပညာခေတ်ကို ထူထောင်ခဲ့သောနိုင်ငံများတွင် အမေရိကန်ပြည်ထောင်စုသည် ရှေ့ဆုံးမှ ဦးဆောင်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ်၊ နယူးအော်လိန်းမြို့ အမှတ်-၅၂၁၊ တောင်ရမ်ပတ်လမ်းရှိ နာမည်ကျော်ကြားလှသည့်များသော ကရက်ကာ အထွေထွေကုန်ပစ္စည်းရောင်းချသော စတိုးဆိုင်ကြီးနှင့် ၎င်းမြို့ ဖိလစ်လမ်း၊ အမှတ် ၅၂၆ တွင် ဖွင့်ထားသော ဆူပါမားကတ်ဆိုင်ကြီးတွင် မှုခင်းလောကီပညာရှင်များ စီရင်ထားသော လိုတရဖယောင်းတိုင်များ မိမိတို့အား ဘေးအန္တရာယ်ပေးမည့်သူများအား ဘေးဒုက္ခအမျိုးမျိုးရောက်စေသော အနက်ရောင်ဖယောင်းတိုင်များ၊ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးနိုင်သော လက်ဖွဲ့၊ လက်စွပ်၊ အဆောင်ပစ္စည်းအမျိုးမျိုး မိမိတို့နေအိမ်များအတွင်း ပရသားများ ဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်ရန် မှုခင်းနတ်ဆရာများ စီရင်ရေးဆွဲထားသောသာ အင်းချပ်များ၊ ရုပ်တုများ၊ တောတွင်းတိရစ္ဆာန်များ၏ အရိုး၊ အသား၊ အရေခွံ၊ သွားများ စသည်တို့ကို တရားဝင်ရောင်းချသည်သာမက မှုခင်းဆရာများကိုယ်တိုင်ထိုင်၍ လမ်းညွှန်ရောင်းချလျက်ရှိသည်ဟု ဆိုသည်။

ဤမှုခင်းလောကီပညာရှင်များ စီရင်ထားသည့် လက်ဖွဲ့ အဆောင်များ ဆေးဝါးများ ရောင်းချသည့်ဆိုင်များသည် သတင်းစာများ၊ ဂျာနယ်များတွင်လည်းကောင်း၊ ရုပ်မြင်သံကြား

www.burmeseclassic.com

www.burmeseclassic.com

မှုထည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် လူသိရှင်ကြားကြော်ငြာ၍ ရောင်းချကြသည်သာမက ဗူးဒူးဂိုဏ်းများ၏ ဂိုဏ်းတက်ပွဲ၊ ဂိုဏ်းသားသစ်လက်ခံပွဲများကိုလည်း ပြောင်ပြောင်အင်းတင်း ကျင်းပကြသည်။ ဆေးဝါးကုသော ဗူးဒူးနတ်ဆရာများကလည်း ကြော်ငြာ၍ ဆေးကုသခြင်း၊ အတိတ်၊ အနာဂတ် ဟောပြောခြင်း၊ မိုးလေဝသအန္တရာယ် ကာကွယ်ရန်အစီအရင်များပြုလုပ်ပေးခြင်း စသည်တို့ ပြုလုပ်ပေးကြသည်။ အမေရိကန်ပြည်ထောင်စု အစိုးရကလည်း ယင်းကိစ္စများကို အရေးယူခြင်းမပြုဘဲ လွတ်လွတ်လပ်လပ် ပြုလုပ်ခွင့်ပေးသည်ဟု သိရ၏။

အမေရိကန်ပြည်ထောင်စု မနေ့သုတေသနအသင်း မနေ့သုတေသန ဖောင်ဒေးရှင်းအသင်းနှင့် အမေရိကန်ပြည်ထောင်စု တက္ကသိုလ်ကျောင်းတိုက်ကြီးများရှိ စိတ္တဗေဒဌာနများနှင့် ပရစိတ္တဗေဒဌာနများမှာ လေ့လာလိုသူ သုတေသီများ၊ ကျောင်းသားကျောင်းသူများအား မိမိတို့အစီအစဉ်ဖြင့် လွတ်လွတ်လပ်လပ် လေ့လာခွင့်ပြုထားသည်ဟု သိရ၏။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ နော်ကင်ဟီး(လ်)ရပ်ကွက်ရှိ ဆူပါမတ်ကတ်များ၊ ဟာလေလမ်းရှိ ဆူပါမတ်ကတ်များတွင်လည်း ဗူးဒူးဆေးပညာရှင် စီရင်ထားသည့် ဆေးစာများ၊ အဆောင်ပစ္စည်းများကို ဆိုင်တင်၍ရောင်းချသည်ဟု သိတင်းများက ဖော်ပြခဲ့၏။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ ထိပ်တန်းဆူပါမတ်ကတ်ကြီးများတွင်လည်း အလားတူ ဗူးဒူးလောကီပညာရှင်များ၏ ဇွံ ပါး ပျောက်ကင်းနိုင်သော ဆေးဝါးများ၊ လက်ဖွဲ့များ၊ အဆောင်ပစ္စည်းများ၊ အင်းချပ်များ ရောင်းချသည်သာမက အသက်ရှည်ဆေးကိုလည်း အကျယ်တဝင့်ရောင်းချလျက်ရှိသော်လည်း သက်ဆိုင်ရာ အာဏာပိုင်များက အရေးယူခြင်းမပြုခဲ့ပေ။ ထိုပညာရပ်သည် လေ့လာသင့်သော ပညာတစ်ရပ်ဟု မှတ်ယူထားသည်သာမက ထိုပညာရပ်နှင့်ပတ်သက်သော စူးစမ်းလေ့လာချက်များကို အင်တာနက်မှတ်တမ်းများတွင် ဖတ်ရှုလေ့လာနိုင်သည်ဟု ဆိုသည်။

"Voodo" ဟူသော ဝေါဟာရမှာ အာဖရိကနွယ်ဖွား ကပ္ပလီလူမျိုးများ၏ "Voodo" ဟူသော ဝေါဟာရမှာ ဆင်းသက်လာခြင်းဖြစ်၏။ ထိုအမည်မှာ ၎င်းတို့လူမျိုးနွယ်များ အစဉ်အလာအရ ကိုးကွယ်သော နတ်ဘုရား၏ အမည်ဖြစ်သည်ဟု ဆိုသည်။ သို့သော် ယခုအခါတွင်မူ "ဗူးဒူး" ဝေါဟာရအား နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်သာမက အဘိဓာန်များ၊ စွယ်စုံကျမ်းများတွင်ပင် ဖော်ပြလျက်ရှိနေပေသည်။ အတိတ်သမိုင်းကြောင်းများအရ ဤဗူးဒူးလောကီပညာကို လက်ဆင့်ကမ်းတတ်မြောက်လာခဲ့သော ကပ္ပလီပညာရှင်အများသည် အာဖရိကတိုက်မှ ရေကြည်ရာရှာပြောင်းလာသော ကပ္ပလီအမျိုးများနှင့်အတူ ပါဝင်လာခဲ့ပြီး အနောက်အိန္ဒိယကျွန်းစုသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။

ဗူးဒူးလောကီပညာအကြောင်း တစိုက်မတ်မတ် သုတေသနပြုကြသူများ၏ မှတ်တမ်းများအရ ဗူးဒူးလောကီပညာသည် ခရစ်နှစ် ၁၇၂၄ ခုနှစ်ခန့်က အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်သို့ ကပ္ပလီအလုပ်ကြမ်းသမားများ၊ ငွေဝယ်ကျွန်များနှင့်အတူ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု သိရ၏။ ထိုစဉ်ကာလက လူဝီစီယားနားပြည်နယ်မှာ ပြင်သစ်အစိုးရပိုင်ဖြစ်၏။ နောင်အခါတွင် ယင်းပြည်နယ်အား အမေရိကန်ပြည်ထောင်စုအစိုးရက ပြင်သစ်အစိုးရထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၏။ ထိုပြည်နယ်တွင် အခြေချနေထိုင်သော စပိန်အမျိုးသားများသည် အာဖရိကတိုက်မှ ကပ္ပလီလူမျိုးများကို ဖမ်းဆီးခေါ်ဆောင်၍ ကျွန်ကုန်ကူးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြသည်ဟု ဆိုသည်။ သို့ဖြစ်၍ ပြင်သစ်ပိုင် လူဝီစီယားနားပြည်နယ်မှ ကျွန်ကုန်ကူးသူများ၏ အဓိကဈေးကွက်ဖြစ်ခဲ့၏။

ထိုပြည်နယ်ရောက် ကပ္ပလီအမျိုးသားအများမှာ ပြင်သစ်ဘာသာ၊ စပိန်ဘာသာကို ပြောဆိုနိုင်ကြသည်။ ၎င်းတို့နှင့်အတူ ဗူးဒူးလောကီပညာသည်လည်း အနောက်အိန္ဒိယနှင့် လူဝီစီယာနာပြည်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း လူဝီစီယားနားပြည်နယ်အား ပြင်သစ်တို့ထံမှ အမေရိကန်ပြည်ထောင်စုက ဝယ်ယူခဲ့သောအခါ ကပ္ပလီအမျိုးသားများ၏ လက်ဆင့်ကမ်း ဗူးဒူးလောကီပညာရှင်များလည်း အမေရိကန်ပြည်ထောင်စုသားများ ဖြစ်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုကာပွလီအမျိုးသား အသိုင်းအဝိုင်းမှ ဗူးဒူးလောကီပညာ ယုံကြည်မှုသည် ယင်းဒေသများတွင် နေထိုင်သော စပိန်အမျိုးသားများ၊ ပြင်သစ်အမျိုးသားများ၊ အင်္ဂလိပ်အမျိုးသားများနှင့် အမေရိကန်ပြည်ထောင်စုသားများ အသိုင်းအဝိုင်းသို့ ပြန့်နှံ့လာခဲ့ခြင်းဖြစ်သည်ဟု သိခဲ့ရ၏။

ခရစ်နှစ် ၁၇၈၂ ခုနှစ်တွင် ဗူးဒူး လူဝီစီယားနားပြည်နယ် ဘုရင်ခံဖြစ်သူ ဂါး(လ်)ဗ(စ်)သည် ကျွန်ကုန်ကူးသူများကို ပြင်းပြင်းထန်ထန်အရေးယူခဲ့သည်သာမက ကာပွလီလူမျိုးနွယ်များ၏ ဗူးဒူးနတ်ပူဇော်ပသပွဲ၊ ဂိုဏ်းတက်ပွဲပြုလုပ်ခြင်းသည် ခရစ်ယာန်ဘာသာနှင့် ဆန့်ကျင်သည်ဟုဆိုကာ ဗူးဒူးကိုးကွယ်မှုကို တင်းတင်းကျပ်ကျပ် တားဆီးပိတ်ပင်ခဲ့သည်။

ခရစ်နှစ် ၁၈၀၃ ခုနှစ်တွင်မှ အထက်ခေါင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အမေရိကန်ပြည်ထောင်စုသည် လူဝီစီးယားပြည်နယ်အား ပြင်သစ်တို့ထံမှ ဝယ်ယူခဲ့သည်။ အနောက် အိန္ဒိယကျွန်းစုမှ ငွတ်အတင်း နည်းလမ်း အမျိုးမျိုးဖြင့် ဝင်ရောက်လာသော ကာပွလီနွယ်ဖွား များအား တရားဝင်နေထိုင်ခွင့်ပြုခဲ့သည်သာမက သူတို့ကိုးကွယ်ယုံကြည်သော ဗူးဒူးလောကီပညာကိုလည်း လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့်၊ ဖြန့်ဖြူးခွင့်၊ ဂိုဏ်းတက်ပွဲများ ကျင်းပခွင့်ပြုခဲ့၏။

ဗူးဒူးနတ်ဘုရားများအား လွတ်လွတ်လပ်လပ် ပူဇော်ခွင့်ပြုခဲ့သည်သာမက နတ်ဘုရားများအား တိရစ္ဆာန်များအား သတ်၍ ယဇ်ပူဇော်ခြင်းကိုလည်း ခွင့်ပြုခဲ့သဖြင့် ဗူးဒူးလောကီပညာမှာ အာဖရိကနွယ်ဖွား ကာပွလီတိုင်းရင်းသားများသာမက ဒေသခံလူမျိုးများ၊ အင်္ဂလိပ်အမျိုးသားများ၊ ပြင်သစ်အမျိုးသားများအတွက် စိတ်ဝင်စားသော ပညာရပ်ဖြစ်လာခဲ့၏။

အမေရိကန်ပြည်ထောင်စု ပြည်တွင်းစစ်ကြီး ဖြစ်ပွားပြီးနောက် ကျွန်စနစ်ကို ဖျက်သိမ်း၍ ဤဗူးဒူးကိုးကွယ်ယုံကြည်မှုကိုပါ ပိတ်ပင်ရန် စီမံခဲ့ကြ၏။ နယူးအော်လီန်းမြို့မှ ဩဇာတိက္ကမကြီးမားသော မြစ်ဝကျွန်းပေါ်ဒေသ "Weekly Delta" အမည်ရှိ ဂျာနယ်ကြီးနှင့် အခြားဒေသခံ သတင်းစာများက ဗူးဒူးနတ်ကိုးကွယ်မှုနှင့် ဗူးဒူးလောကီပညာ လေ့လာမှုကို ပိတ်ပင်တားမြစ်ခြင်းမပြုရန် ဝေဖန်ရေးသားကြသဖြင့် ဗူးဒူးနတ်ဘုရားကိုးကွယ်ခွင့်နှင့် ဗူးဒူးလောကီပညာ လေ့လာမှုများကို ယခင်ကအတိုင်း ခွင့်ပြုခဲ့သည်။

ထိုစဉ်က မှတ်တမ်းများအရ ဗူးဒူးနတ်ဘုရား ပူဇော်ပသပွဲများသို့ တက်ရောက်ကြသူအများသည် ယဇ်ပူဇော်ပွဲမှ ယဇ်ကောင်၏သွေးကို သောက်ပါက ကိုးဆယ့်ခြောက်ပါး ဝေဒနာများ ကင်းဝေး၍ ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းစေသည်ဟုဆိုကာ ယဇ်ကောင်၏သွေးကို သောက်ကြသည်ဟု ဆိုသည်။

ထိုအခမ်းအနားများတွင် ဗူးဒူးနတ်ဆရာ၊ မြေကြီးပေါ်တွင် ရေးထားသော စက်ဝိုင်းအတွင်း ဗူးဒူးဂိုဏ်းသားများက စုရုံးထိုင်ကြ၏။ ကျန်လေ့လာသူများ၊ ဂိုဏ်းဝင်မဟုတ်သူများကမူ မိမိတို့ကြိုက်နှစ်သက်ရာနေရာတွင် ထိုင်ကြ၍ နတ်ဆရာရွတ်ဆိုသည့် ဂါထာမန္တန်များကို လိုက်ဆိုကြရသည်ဟု ဆိုသည်။

ဗူးဒူးဂိုဏ်းတက်ပွဲ အခမ်းအနားများတွင် နတ်ဆရာ မြေကြီးပေါ်၌ ရေးဆွဲထားသော စက်ဝန်းများတွင်သာ ထိုင်ကြရသည်။ ထိုစက်ဝန်းများရေးဆွဲရာတွင် အထူးစီရင်ထားသော မီးသွေး၊ သို့မဟုတ် ထုံးများဖြင့် ရေးဆွဲသည်ဟုဆိုသည်။ ဗူးဒူးဂိုဏ်းအတွင်း အသင်းသားအဖြစ် ဝင်ရောက်မည့်သူသည် နတ်ဆရာ အထူးစီမံပြုလုပ်ထားသော ဖယောင်းဖြင့်ထုသည့်" လူရုပ်၊ မြင်းမွေး၊ လူ၏လက်ဖျံရိုးများကို ကိုင်ဆောင်ထားရပြီး ဗူးဒူးဂိုဏ်းဆရာတိုင်ပေးသည့် သစ္စာကို လိုက်ဆိုရ၏။ ထို့နောက် ယင်းဗူးဒူးဂိုဏ်းဆရာ ရွတ်ဖတ်သော မန္တန်များကို လိုက်ဆိုရသည်။ ထိုမန္တန်များမှာ အာဖရိကတိုင်းရင်းဘာသာစကားများဖြင့်သာ စပ်ဆိုထားခြင်းဖြစ်၏။ ဤသို့ မန္တန်များရွတ်ဆိုနေစဉ် ဂိုဏ်းသားသစ်သည် တုန်တုန်ယင်ယင်ဖြစ်လာပြီး မြေပေါ်သို့ လဲကျသွားတော့၏။ အမေရိကန်ပြည်ထောင်စု အနောက်အိန္ဒိယကျွန်းစုများတွင်နေထိုင်သော အာဖရိကနွယ်ဖွား တိုင်းရင်းသားများနှင့် ကာရေဘီယန်ပင်လယ်ကွေ့ရှိ ကျွန်းစုအများတွင် နေထိုင်သူ ကာပွလီအများသည် ဗူးဒူးလောကီပညာကို ယုံကြည်ကြသည်။ ဗူးဒူးလောကီပညာ၏ အစွမ်းထက်ပုံကို ယုံကြည်ကြသည်။ မိုးရွာခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ လေးလွှ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း စသော သဘာဝဘေးဒဏ်များ ရုတ်တရက် အကြောင်း အမျိုးမျိုးကြောင့် ကျရောက်လာသော ရောဂါဝေဒနာ ကပ်ဆိုးများကိုလည်း ဗူးဒူးနတ်ဆရာများက ကာကွယ်ပေးနိုင်ပေလိမ့်မည်ဟု ယုံကြည်ထား၏။

ဗူးဒူးလောကီပညာရှင် အများသည် ကြောင်နက်များသည် အစွမ်းထက်သော ကြောင်များဖြစ်သည်ဟု ယူဆထားကြ၏။ နတ်ဘုရားများသည် လူစင်စစ်မှ ကျား၊ ကျားသစ်၊ ဝံပုလွေအဖြစ် ပြောင်းနိုင်သည်ဟု ဆိုသည်။ ခရစ်နှစ် ၁၈၇၀ ခုနှစ်ခန့်က ဗူးဒူးဂိုဏ်းချုပ်မှာ ကပ္ပလီအမျိုးသား ခေတ်ပညာတတ် ဆေးတက္ကသိုလ်ကျောင်းဆင်း ဆရာဝန်တစ်ဦးဖြစ်သည်။ သူ့အမည်မှာ ဒေါက်တာဂျွန်ဆိုသူဖြစ်၏။ သူသည် ကျောင်းသားဘဝကပင် ဗူးဒူးလောကီပညာကို တစိုက်မတ်မတ် လက်တစ်ဆုံးနိုက် လေ့လာထားသူဖြစ်၏။

ဒေါက်တာဂျွန်၏ ဖခင်မှာ အာဖရိကမျိုးနွယ်တစ်စု၏ ရှင်ဘုရင်တစ်ပါး ဖြစ်သည်။ ကျွန်ကုန်ကူးသူတစ်စုက ဒေါက်တာဂျွန်မိသားစုအား ဖမ်းဆီးခေါ်ဆောင်၍ လူဝီစီးယားနားပြည်နယ်သို့ ရောက်လာရခြင်းဖြစ်၏။ ခေတ်ပညာတတ်ဖြစ်သူ ဒေါက်တာဂျွန်ကိုယ်တိုင် ဗူးဒူးဆေးပညာနှင့် ဗူးဒူးလောကီပညာကို စနစ်တကျ လေ့လာလိုက်စားသဖြင့် ဗူးဒူးဂိုဏ်းချုပ်ဖြစ်လာသောအခါ ဒေသခံလူမျိုးနွယ်သားများသာမက အနောက်တိုင်းသားများကလည်း ဗူးဒူးလောကီပညာကို လေးစားစိတ်ဝင်စားလာကြ၏။

ဒေါက်တာဂျွန်သည် ဗူးဒူးဆေးပညာနှင့် ခေတ်မီအနောက်တိုင်း ဆေးပညာတို့ကို မှကွဲကျင့်သုံးမှုကို လက်ခံသည်။ သို့သော် သူသည် ဗူးဒူးဆေးပညာကို ပိုမိုအလေးထား၏။ အားသန်၏။ သူ့အိမ်တွင် ဗူးဒူးဆေးခန်းဖွင့်၍ ဗူးဒူးဆေးပညာနှင့် ဆေးကုသည်။ ဗူးဒူးလောကီပညာအဆောင်များ လက်ဖွဲ့များကိုလည်း ရောင်းချသည်။ ဒေသခံတို့၏ ပြောပြချက်များအရ သဘာဝဘေးအန္တရာယ်များကိုပင် ဟန့်တားနိုင်သော စွမ်းအင်ရှိသည်ဟု ဆိုကြ၏။ မှတ်တမ်းများအရ ရေကြီးခြင်း၊ မိုးပြင်းထန်စွာရွာခြင်း၊ တောမီးလောင်ခြင်းများကို ဒေါက်တာဂျွန်သည် သူ့မန္တန်များ ရွတ်ဆိုခြင်း၊ ဗူးဒူးနတ်ဘုရားအား ပင့်ဆောင်၍ ပူဇော်ပသခြင်းဖြင့် ဟန့်တားနိုင်၏။

ဒေါက်တာဂျွန်နှင့် ခေတ်ပြိုင်စာနယ်ဇင်းသမားများက "ဗူးဒူး"ဘုရင်မကြီးဟု ကင်ပွန်းတပ်ခံရသူမှာ ပြင်သစ်အမျိုးသမီး မေရီလာမူ ဆိုသူဖြစ်၏။ သူသည်လည်း ခေတ်ပညာတတ်အမျိုးသမီးဖြစ်၏။ မှတ်တမ်းများအရ မေရီလာမူကို ခရစ်နှစ် ၁၈၂၇ ခု ဖေဖော်ဝါရီ လ ၂ ရက်နေ့တွင် လူဝီစီယားနားပြည်နယ်၊ နယူးအော်လီန်းမြို့တွင် ဖွားမြင်ခဲ့သည်။ သူ့မိဘနှစ်ပါးမှာ ပြင်သစ်နိုင်ငံသားများဖြစ်ကြ၏။ မေရီလာဖူး၏ ငယ်စဉ်ဘဝ ဖြစ်စဉ်များကို တိတိကျကျသိရှိခြင်းမရှိရသော်လည်း ငယ်စဉ်က ခရစ်ယာန်ဘာသာကို ကိုင်းရှိုင်းခဲ့သူဖြစ်သည်ဟု သိရ၏။ ခေတ်ပညာတတ်တစ်ယောက်ဖြစ်လာရာမှ ဗူးဒူးလောကီပညာကို လက်တစ်ဆုံးနိုက် လေ့လာခဲ့သည်ဟု သိရ၏။ ဗူးဒူးဘုရင်မ မေရီလောင်ဖူးသည် ဒေါက်တာဂျွန်နှင့်မှလွဲ၍ ဗူးဒူးလောကီပညာဂိုဏ်းကို စနစ်တကျ တည်ထောင်နိုင်ခဲ့သဖြင့် လူဝီစီယားနားပြည်နယ်တစ်ခွင်တွင်သာမက နိုင်ငံတကာတွင် ဗူးဒူးဘုရင်မဟု ဟိုးဟိုးကျော်ခဲ့၏။

မှတ်တမ်းများအရ မေရီလောင်ဖူးသည် ခိုငှက်များအားသတ်၍ အသက်ပြန်သွင်းနိုင်သည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ မေရီလောင်ဖူးသည် ဗူးဒူးလောကီပညာရှင် ခေတ်တစ်ခေတ်ကို တည်ထောင်နိုင်ခဲ့သည်။ ယနေ့ထိ မေရီလောင်ဖူး၏ ဂူသင်္ချိုင်းရှိသော စိန့်လူဝီသုသာန်တွင် ဗူဒူလောကီပညာရှင် မျိုးဆက်သစ်များက ဗူးဒူးဂိုဏ်းတက်ပွဲများ ကျင်းပလေ့ရှိသည်ဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**

ကျမ်းကိုး

**Voodo By R.Tallani**



www.burmeseclassic.com

www.burmeseclassic.com

# ဒရက်ကူလာနောက် ခြေရာကောက်သော်

**လှမိုး(ဗညာရေး)**



၂၀၁၅ ခု ဇွန်လ ပထမပတ်တွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ဖြင့် ဖော်ပြထားသော အင်တာနက်သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

*"နယ်စားကြီးဒရက်ကူလာ အပါအဝင် ရင်သိမ့်တုန် ရုပ်ရှင်ကားပေါင်းများစွာတွင် အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သော မင်းသားကြီးခရစ္စတိုဖာလီး ကွယ်လွန်"*

*လန်ဒန်၊ ဇွန်လ ၁၁ ရက်။*

နယ်စားကြီးဒရက်ကူလာ အမှန်ရှိသည်ဟု ကမ္ဘာ့နိုင်ငံအသီးသီးမှ ရုပ်ရှင်ကြည့်ပရိသတ် ဖွဲလမ်းစေအောင် ဒရက်ကူလာအဖြစ် သရုပ်ဆောင်ခဲ့သော ဗြိတိသျှအမျိုးသားသရုပ်ဆောင် မင်းသားကြီး ခရစ္စတိုဖာလီးသည် ဇွန်လ ၇ ရက်နေ့က လန်ဒန်မြို့ သူ၏နေအိမ်တွင် လူကြီးရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့သည်ဟု လန်ဒန်မြို့မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ ထုတ်ဝေသော ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာကြီးက ဖော်ပြခဲ့လေသည်။

အသက် (၉၃)နှစ် အရွယ်ရှိ မင်းသားကြီး ခရစ္စတိုဖာလီးသည် "စစ်ကဲကြီး ဒရက်ကူလာ" ဇာတ်ကားအပါအဝင် ဇာတ်ကားပေါင်း ၂၅၀ ကျော်နှင့် ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်ဟု သိရသည်။

ရုပ်ရှင် အနုပညာနယ်ပယ်တွ ခရစ္စတိုဖာလီး၏ ထူးထူးခြားခြား အော မြင်ပေါက်ရောက်စွာ သရုပ်ဆော သည့်အတွက် ၂၀၀၉ ခုနှစ်တ ကောင်းဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ခ



www.burmeseclassic.com

www.burmeseclassic.com



အသီးသည် ရုပ်ရှင်ရွှေခေတ်တွင် ကြီးမားခဲ့သော သရုပ်ဆောင် ဦးဖြစ်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် စ်ကင်မရွန်က ဆိုသည်။

အမှန်အားဖြင့် ခရစ္စတိုဖာလီးမှာ ရှင်မျိုးဆက်တစ်ခုလုံးအတွက် အား အစာယူဖွယ်ကောင်းသည့် သရုပ် ဆောင် တစ်ဦးဖြစ်၏။ သူသည် ရုပ်ရှင် ရုပ်ဆောင်အပြင် အောင်မြင်ပေါက် ရောက်သော အဆိုတော်တစ်ဦးအဖြစ် င်ရှား၏။ နယ်စားကြီးဒရက်ကူလာ တ်ကားတွင်မူ ဒရက်ကူလာအဖြစ် ရှင်ကြည့်ပရိသတ် သည်းထိတ်ရင်ဖို ရန် သရုပ်ဆောင်ခဲ့သဖြင့် ကမ္ဘာ ိုင်ငံအသီးသီးရှိ ရုပ်ရှင်ကြည့်ပရိသတ် ဒရက်ကူလာဆိုသော သွေးစုပ်သူ ရုန်တကယ်ရှိသည်ဟု မှတ်ယူထား ကြသည်။

ဒရက်ကူလာအဖြစ် ပီပီသသ ရုပ်ဆောင်ခဲ့သော မင်းသားကြီးခရစ္စ ဖာလီးကို ၁၉၂၂ ခု မေလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွားမြင်ခဲ့ သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ယန်နိုင်ငံ ဘုရင်လေတပ်မတော် တွင် အမှုထမ်းခဲ့သည်။ ဒုတိယကမ္ဘာ ကြီး ပြီးဆုံးပြီးနောက် ရုပ်ရှင်ဂီတ ဇာတ်နှင့် ရုပ်သံလွှင့် အစီအစဉ်များ တွင် ပါဝင်ခဲ့၏။ နာမည်ကျော် ဂျိမ်း(စ) ဘွန်ဇာတ် ကားတစ်ကားဖြစ်သော The Man with The Golden Gun" တွင် ဂျိမ်း(စ)ဘွန်းမင်းသားကြီး ရော်ဂျာမိုးနှင့်အပြိုင် သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။

အင်တာနက်

"ဒရက်ကူလာ"ဟူသော ဝေါဟာရသည် ယင်းစာအုပ် စတင်ထုတ်ဝေသည့် ခရစ်နှစ် ၁၈၉၇ ခုနှစ်ကစ၍ ယနေ့ထိ ကမ္ဘာ့နိုင်ငံအသီးသီးက လူထုအား ဖမ်းစားထားနိုင်သော ဝေါဟာရဖြစ်နေပါသည်။ "ဒရက်ကူလာ"ဟု ပြောလိုက်လျှင် ရင်သိမ့်တုန် သည်းထိတ်ရင်ဖိုဖွယ်ရာ သွေးစုပ်သူဟု လူအများက အသိအမှတ်ပြုထားကြပါသည်။ အမှန်အတိုင်းဝန်ခံရလျှင် ယင်းဝေါဟာရသည် မီးဖိုချောင်သုံး ဝေါဟာရကဲ့သို့ လူအများ ခေတ်အဆက်ဆက် အသုံးပြုရသည်အထိ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သော ဝေါဟာရဖြစ်ပါသည်။

"ဒရက်ကူလာ" အမှန်ရှိသည်ဟူသော ဒရက်ကူလာ စွဲလမ်းသူများ၏ မှတ်တမ်းအရ ၁၉၂၄ ခုနှစ်မှ ယနေ့ထိ "ဒရက်ကူလာ"ဝတ္ထုကြီးကို အခြေခံကာ ပြဇာတ်များ၊ ရုပ်ရှင်များ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ထွက်ပေါ်ခဲ့ပြီးဖြစ်၏။ "ဒရက်ကူလာ"ပြဇာတ်အား ၁၉၂၄ ခုနှစ်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ တော်ဝင်ပြဇာတ်ရုံတွင် တင်ဆက်ပြသခဲ့ရာ သည်းထိတ်ရင်ဖိုကြိုက် ပရိသတ်က သောက်သောက်လဲ အားပေးခဲ့သည်။ ငါးနှစ်တိုင်တိုင် ပွဲပေါင်း ၆၀၀၀ ကျော် တင်ဆက်ပြသခဲ့ရသည်ဟု သိရ၏။ ၁၉၂၇ ခုနှစ်ကလည်း "ဒရက်ကူလာ" ပြဇာတ်ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ရှိ ဘရော့(ဒ်)ဝေးပြဇာတ်ရုံတွင် တင်ဆက်ပြသခဲ့ရာ ပွဲစဉ်ပေါင်း ၁၃၀၀ ထိ တင်ဆက်ခဲ့ရ၏။ ၁၉၃၁ ခုနှစ်တွင် သရုပ်ဆောင်မင်းသားကြီး ဘီလာလူဂိုဆီအား ဒရက်ကူလာအဖြစ် သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

စေ၍ ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာ ပွဲတိုင်း ရုံလျှံ၍ ဝင်ငွေအများဆုံး စံချိန်တင်ခဲ့သော ရုပ်ရှင်ကားဖြစ်ခဲ့၏။ ယင်းရုပ်ရှင်ကားအား ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ပြသခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် ထိုရုပ်ရှင်ကားကြီးအား ရန်ကုန်တွင် ပြန်လည်ဆန်းသစ်ပြသခဲ့ရာ ပွဲတိုင်း ရုံပြည့်လျှံခဲ့သော ဝင်ငွေသောက်သောက်လဲရရှိသည့် ရုပ်ရှင်ကားကြီး ဖြစ်ခဲ့ရ၏။

၁၉၅၈ ခုနှစ်ခန့်ကလည်း ရုပ်ရှင်သရုပ်ဆောင် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မင်းသားကြီးခရစ္စတိုဖာလီးအား သွေးစုပ်သူနယ်စားကြီး ဒရက်ကူလာအဖြစ် သရုပ်ဆောင်စေခဲ့ရာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သော ရုပ်ရှင်ကားကြီးတစ်ကား ဖြစ်ခဲ့သည်သာမက သရုပ်ဆောင်မင်းသားကြီး ခရစ္စတိုဖာလီးမှာ သည်းထိတ်ရင်ဖိုဝိဇ္ဇာသရုပ်ဆောင်တစ်ဦး ဖြစ်ခဲ့ရသည်။ ၁၉၇၅ ခုနှစ်ခန့်ကလည်း ကမ္ဘာကျော်ရုပ်ရှင်ဒါရိုက်တာကြီး ဖရန်ကိုပိုလာသည် ယခင် ဒရက်ကူလာဇာတ်ကားများတွင် ဒရက်ကူလာအဖြစ် သရုပ်ဆောင်ခဲ့သော မင်းသားများကို ခေါ်ယူဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ ဗြိတိသျှအမျိုးသား သဘာဝမင်းသားကြီး ဂယ်ရီအို(လ်)ဝင်ကို "ဒရက်ကူလာ"အဖြစ် သရုပ်ဆောင်စေပြီး "Bram Stoker's Dracula" စာရေးဆရာ ဘရမ်စတိုဂါ၏ ဒရက်ကူလာအမည်ဖြင့် ရိုက်ကူးပြသခဲ့၏။ ဤဒရက်ကူလာ ရုပ်ရှင်ကားသည် ယခင်ရိုက်ကူးပြသခဲ့သော ဒရက်ကူလာရုပ်ရှင်ကားတွင် သည်းထိတ်ရင်ဖိုဖွယ် အကောင်းဆုံးနှင့် စာရေးဆရာ ဘရမ်စတိုဂါ၏ "ဒရက်ကူလာ" မူရင်းဂန္ထဝင်ဝတ္ထုအား ပီပီသသ အနုပညာမြောက်အောင် ရိုက်ကူးပြသနိုင်သည်ဟု နိုင်ငံတကာမှ ရုပ်ရှင်အကဲဖြတ်သူများက တညီတညွတ်တည်း ဆိုခဲ့ကြသည်။

ယင်း ရုပ်ရှင်ကားကြီးသည် မိတ်ကပ်အကောင်းဆုံးဆု၊ အဝတ်အစားဆု၊ အသံအထူးပြုလုပ်ဆောင်ချက်အကောင်းဆုံးဆု စုစုပေါင်း သုံးဆုကို အမေရိကန်ပြည်ထောင်စု ဟောလီဝုဒ်(ဒ်)တွင် ကျင်းပသော အော်စကာဆုပေးပွဲတွင် ဆွတ်ခူးရရှိခဲ့သည်။ ထိုစဉ်က ယင်းဒရက်ကူလာရုပ်ရှင်ကားကြီးအား အမေရိကန်ပြည်ထောင်စုတွင် ရုံတင်ပြသခဲ့ရာ ရက်သတ္တ နှလေးပတ်အတွင်း ဝင်ငွေဒေါ်လာ ၇၆ သန်း ရရှိခဲ့ရာ ထိုရုပ်ရှင်ကားအား ရိုက်ကူးသော ရုပ်ရှင်ကုမ္ပဏီကြီးမှာ ဝင်ငွေ စိုစိုပို့ပို့ရခဲ့၏။

စာရေးဆရာ ဘရမ်စတိုဂါ၏ "ဒရက်ကူလာ"ဝတ္ထုကို တသသစွဲမက်ခဲ့ကြသော စာဖတ်ပရိသတ်ကြီးနှင့် ဒရက်ကူလာပြဇာတ် ရုပ်ရှင်များကို ဖန်တာလာတေအောင် ကြည့်ရှုခဲ့ကြရသော ရုပ်ရှင်ကြည့် ပရိသတ်သည် "ဒရက်ကူလာ"ဟူသော သွေးစုပ်ဖုတ်ကောင်ဆိုသည်မှာ အမှန်တကယ် ရှိပါသလောဟူသော မေးခွန်းကို သမိုင်းအဆက်ဆက် မေးမြန်းခဲ့ကြသည်။ "ဒရက်ကူလာ" အမှန်တကယ်ရှိပါသည်ဟု ယုံကြည်သူများ ရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိကြသည်။ မယုံကြည်သူများကမူ "ဒရက်ကူလာ" ဆိုသည်မှာ အမှန်တကယ်မရှိ၊ အိုင်းရစ်အမျိုးသား စာရေးဆရာ ဘရမ်စတိုဂါ စိတ်ကူးဉာဏ်ကွန့်မြူး၍ ဖန်တီးခဲ့သော ဇာတ်ဆောင်တစ်ယောက်သာ ဖြစ်သည်ဟု ဆိုကြ၏။

အမှန်အားဖြင့် စာရေးဆရာတစ်ယောက်အဖို့ ဇာတ်ကောင်တစ်ကောင်သည် ရုတ်တရက် မိုးကောင်းကင်မှ ကျလာခြင်းမဟုတ်ပေ။ စာရေးဆရာသည် သူဖန်တီးသောဇာတ်ကောင်အား သူကြုံတွေ့ဖူးသော မိတ်ဆွေများ သူကြားဖူးသောသူများ၊ သူလေ့လာမှတ်သားထားခဲ့သောသူများ၏ စရိုက်ကို ဝတ္ထုရေးနည်းအတတ်ပညာဖြင့် ဖန်တီးခဲ့လေ့ရှိသည်။ အိုင်းရစ်အမျိုးသားတက်သစ်စ စာရေးဆရာ ဘရမ်စတိုဂါသည် "ဒရက်ကူလာ"ဝတ္ထုကြီးကို ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။ ဆရာဘရမ်စတိုဂါသည် ဤစာအုပ်ကို စတင်ရေးသားခဲ့စဉ်က "သေခြင်းကင်းသူ" (Un-dead) ဟု အမည်ပေးခဲ့၏။ အဘယ်ကြောင့်ဆိုသော် လူသွေးအား စုပ်သူများသည် မည်သည့်အခါမျှ အသက်မသေနိုင်ဟု အင်္ဂလန်နိုင်ငံနှင့် မာန်ဂေရီ၊ ဩစတြီးယား၊ ယူဂိုစလားဗီးယား၊ ဘူလ်ဂေးရီးယား စသော ဥရောပနိုင်ငံ အသီးသီးမှ လူအများသည် အစဉ်အဆက် ယုံကြည်ခဲ့ကြပါသည်။ ထိုသွေးစုပ်သူများကို "Vampire"ဟု လူအများက ကင်ပွန်းတပ်ခဲ့ကြ၏။

ယင်းဝေါဟာရမှာ အင်္ဂလိပ်ဘာ



www.burmeseclassic.com

www.burmeseclassic.com

သာ ဝေါဟာရမဟုတ်ပေ။ ဥရောပအရှေ့ပိုင်းတွင် နေထိုင်သော ဆလပ်မျိုးနွယ်များ၏ ဝေါဟာရဖြစ်သည်ဟု ဆိုသည်။ အဓိပ္ပာယ်မှာ အိပ်ပျော်နေသူများကို သွေးစုပ်လေ့ရှိသူဟု ဆိုသည်။ ထိုသူများသည် အမှန်တကယ် သေမင်းနှင့် စစ်ခင်းသူများဖြစ်ကြ၏။ ထိုသွေးစုပ်သူများကို သေအောင်သတ်နိုင်နည်းမှာ အထက်လမ်းပညာဖြင့် စီရင်ထားသော လက်ဝါးကပ်တိုင်သပ်ဖြင့် သွေးစုပ်သူ၏ ရင်ဘတ်အား ရိုက်သတ်မှ သေဆုံးနိုင်သည်ဟု ယုံကြည်ကြ၏။ ထိုင်းသွေးစုပ်သူများသည် လူအသွင်မှ ဖုလွှအသွင်ပြောင်းနိုင်သည်ဟုလည်း ဆိုကြသည်။ အတိတ်သမိုင်းကြောင်းများနှင့် သူပြော၊ ကိုယ်ပြော ပါးစပ်ပြော သမိုင်းများတွင် လူအများအား သွေးစုပ်သူ(Vampire)ဟု ယူဆခဲ့သော မြို့စားကြီး ဗက်လစ် ဆိုသူသည် ဥရောပအရှေ့ပိုင်း ယခင် ထရန်(စ်)ဗေးနီးယားပြည်နယ် (ယခု ယူဂိုစလားဗီးယားပြည်အတွင်းရှိပါသည်) ကာပေသီရန်တောင်တန်းရှိ ရဲတိုက်ကြီးတွင် နေထိုင်ခဲ့သည်ဟု ဆိုသည်။ သူသည် လူအများအား ရက်ရက်စက်စက် ပြုခြင်းကို နှစ်ခြိုက်သဘောကျသူဖြစ်သည်ဟု သိရ၏။

သမိုင်းမှတ်တမ်းများအရ ၁၆ ရာစုနှစ်များကလည်း ဟန်ဂေရီနိုင်ငံတွင် အယ်လီဇဘက်ဘာသိုရီဆိုသော မြို့စားကတော်တစ်ဦးမှာလည်း အထက်ဖော်ပြပါ မြို့စားကြီး ဗက်လစ်ကဲ့သို့ သွေးစုပ်သူအဖြစ် နာမည်ကျော်ကြားခဲ့သူဖြစ်ခဲ့၏။ ဘာသိုရီအား ဟန်ဂေရီနိုင်ငံ ကျေးရွာတစ်ရွာတွင် ဖွားမြင်ခဲ့သည်။ သူသည် ငယ်စဉ်ကပင် ကျေးငှက်တိရစ္ဆာန်များကို ရက်ရက်စက်စက် ညှဉ်းပန်းရခြင်းကို အရသာခံကြည့်လိုသူဖြစ်သည်။ ဘာသိုရီမှာ ရုပ်ဆင်းလှသူဖြစ်ရကား မြို့စားကတော် ဖြစ်လာခဲ့သည်။

၁၆ ရာစုနှစ် လက်ဆင့်ကမ်း ပါးစပ်ပြောသမိုင်းများအရ မြို့စားကတော် ဘာသိုရီသည် ချောမောလှပသော ရုံရွှေတော် အပျိုအရွယ် မိန်းကလေးများဖအား သွေးစုပ်လေ့ရှိသည်ဟု ဆိုသည်။ ပထမတွင် ဟန်ဂေရီနိုင်ငံ နန်းတော်အသိုင်းအဝိုင်းမှ မြို့စားကတော် ဘာသိုရီကို သွေးစုပ်သူဟု မသိခဲ့။ သို့သော် သူသွေးစုပ်သည်ဟူသောသတင်းသည် တော်ဝင်မိသားစုများအတွင်း တောမီးပမာ ပျံ့နှံ့လာခဲ့၏။

ပထမတွင် မြို့စားကြီးက သူ့ဇနီးဖြစ်သူ သွေးစုပ်ခြင်းကို မယုံကြည်ခဲ့။ နောင်တွင် သူ့ဇနီး သွေးစုပ်မှုအား လက်ပူးလက်ကြပ် ဖမ်းဆီးမိခဲ့ရာမှ ဟန်ဂေရီနိုင်ငံ တောင်စွယ်တစ်ခုရှိ ရဲတိုက်ဟောင်းတစ်ခုတွင် လျို့ဝှက်စွာဖြင့် အကျဉ်းချထားခဲ့၏။ ခရစ်နှစ် ၁၆၁၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် မြို့စားကတော် ဘာသိုရီမှာ ရုတ်ထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့ပြီး နှစ်ပေါင်းများစွာ သွေးစုပ်သူအဖြစ် နေထိုင်ခဲ့သည်ဟု ဆိုသည်။

ပြင်သစ် ရက္ခဗေဒပညာရှင် ပက်တွန်ဒီဘွန်ဖိုင်ဒ်၏ သုတေသနမှတ်တမ်းအရ ၁၈ ရာစုနှစ်ဦးပိုင်းအတွင်း ရုမေးနီးယားနိုင်ငံမှ တော်ဝင်မင်းသားတစ်ဦးဖြစ်သော ဖလက်(စ်)တီပက် ဆိုသူမှာလည်း အထက်ဖော်ပြပါ မြို့စားကတော် အယ်(လ်)ဇဘက်ဘာသိုရီကဲ့သို့ သွေးစုပ်သူတစ်ဦးဖြစ်ခဲ့သည်။ သူသွေးစုပ်သည်ကို လက်ပူးလက်ကြပ်မိခဲ့သဖြင့် ရဲတိုက်ကြီးတစ်ခုတွင် ဖမ်းဆီးအကျဉ်းချထားပြီး စစ်ဆေးခဲ့သည်။ သက်သေသာဓကအထောက်အထားထင်ရှားသဖြင့် သွေးစုပ်မင်းသားအား ခေါင်းဖြတ်အဆုံးစီရင်ခဲ့သည်။

မည်သို့ပင် ဖြစ်စေကာမူ ဘရမ်စတိုကါ၏ "ဒရက်ကူလာ" ဝတ္ထုနှင့် ယင်းဝတ္ထုကြီး၏ အဓိကဇာတ်ဆောင် ဒရက်ကူလာသည် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို ယနေ့ထိ ဆွဲကိုင်လှုပ်ခဲ့သည်မှာ မှန်ပါသည်။ ဒရက်ကူလာဝတ္ထုသည် စတင်ထုတ်ဝေခဲ့သည့် ခရစ်နှစ် ၁၈၉၇ ခုနှစ်က ယနေ့ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ယခုဆောင်းပါးရေးသည့်အချိန်ထိ ဘာသာပေါင်း ၄၄ မျိုးဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ဂရင်းလန်ကျွန်းတွင် နေထိုင်ကြသော အက်(စ်)ကီမိုဘာသာဖြင့်ပင် ထုတ်ဝေပြီး ဖြစ်ပါသည်။

ဒရက်ကူလာ မူရင်းစာအုပ်မှာ စာမျက်နှာပေါင်း ၆၀၀ ကျော်ရှိခဲ့သဖြင့် စာဖတ်သူများ အလွယ်ဖတ်ရှုနိုင်စေရန် စာရေးဆရာကြီး ဘရမ်စတိုကါကပင် ၁၈၉၉ ခုနှစ်တွင် ထိုစာအုပ်အကျဉ်းချုပ်ကို ရေးသားထုတ်ဝေခဲ့၏။ ပထမတွင် စာပေအကဲဖြတ်သူများကမူ ထိုစာအုပ်အား ဂန္ထဝင်စာပေစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ခြင်း မပြုခဲ့ကြ။ သို့သော် ၁၉၈၃ ခုနှစ်တွင်မူ စာပေအကဲခတ်သူများက တညီတညွတ်တည်း

www.burmeseclassic.com

ဂန္ထဝင်စာအုပ်အဖြစ် သတ်မှတ်ခဲ့ကြ၏။ ၁၉၉၇ ခုနှစ်ကမူ ယင်းဒရက်ကူလာ စာအုပ် နှစ် ၁၀၀ ပြည့်ကို လန်ဒန်မြို့တော်တွင် "ဒရက်ကူလာ"စွဲလမ်းသူ မျိုးဆက်သစ်လူငယ်များက ခမ်းခမ်းနားနား ကျင်းပခဲ့ကြ၏။

ဒရက်ကူလာဝတ္ထုကြီးတွင် အဓိက ဇာတ်ပို့မှာ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ ဥပဒေပညာရှင် ဂျွန်နသန်ဟာကာ ဖြစ်ပါသည်။ သူ၏ နေ့စဉ်မှတ်တမ်းအား အခြေပြု၍ ရေးသောပုံစံဖြင့် ဝတ္ထုကြီးကို ရေးသားဖော်ပြခဲ့ပါသည်။ သွေးစုပ်လေ့ရှိသူဟု လူအများက စွပ်စွဲခံရသော ရှမေးနီးယားနိုင်ငံမှ နယ်စားကြီး ဒရက်ကူလာသည် အထက်ဖော်ပြပါ ဥပဒေအကျိုးဆောင် ဂျွန်နသန်ဟာကား အဖွဲ့ဝင်အဖြစ် ပါဝင်သော ဥပဒေအဖွဲ့အကူအညီနှင့် လန်ဒန်မြို့တွင် အိမ်ခြံမြေများဝယ်ယူရန် စကားကမ်းလှမ်းခဲ့၏။

ဤကိစ္စနှင့် ပတ်သက်၍ ဥပဒေအကျိုးဆောင် ဂျွန်နသန်ဟာကာအားသည် နယ်စားကြီး ဒရက်ကူလာနေထိုင်သည့် ရှမေးနီးယားနိုင်ငံ ကာပေသီရန်တောင်စွယ်ရှိ ရဲတိုက်ကြီးသို့ သွားရောက်ခဲ့ရ၏။ ထိုရဲတိုက်ကြီးသို့အသွား ကြုံတွေ့ရသည့် သည်းထိတ်ရင်ဖိုဖွယ် ဖြစ်ရပ်များ၊ သူ့အား ရဲတိုက်သို့သွားရန် ကြိုဆိုသည့် ဝတ်စုံနက်ဝတ်ဆင်ထားသော မြင်းရထားမောင်းသမား၊ အနက်ရောင် ထိတ်လန့်ဖွယ်မြင်းများ၊ ရဲတိုက်ပတ်ဝန်းကျင်တွင် တွေ့ရသော ဝံပုလွေအုပ်များမှာ စာဖတ်သူများအား ရင်သိမ့်တုန်စေခဲ့၏။

ယင်းစာအုပ်ပါ မှတ်တမ်းအရ နယ်စားကြီး ဒရက်ကူလာမှာ ဝတ်စုံနက်ကို ဝတ်ဆင်ထားလေ့ရှိသည်။ သူ့မျက်နှာမှာ လူသေများ၏ မျက်နှာကဲ့သို့ သွေးအားဖျော့နေပြီး မျက်တောင်ခတ်ခြင်းလည်း မရှိ။ သူ့နှုတ်ခမ်းအရောင်မှာ ဆေးဆိုးထားသကဲ့သို့ နီရဲလျက်ရှိ၏။ သွားများမှာ သာမန်လူများထက် ချွန်ထက်နေ၏။ ခန္ဓာကိုယ်အနံ့မှာလည်း ဆိုးဝါးလှ၏။ သူ့လက်များမှာ ရေခဲတုံးလိုအေးစက်နေပြီး နေရောင်ကို မကြည့်နိုင်။ အလင်းရောင်ကို တတ်နိုင်သလောက် ရှောင်သည်။ မှန်ကိုလည်း မကြည့်ရဲ။ သွေးစသွေးနကိုလည်း အမြင်မခံနိုင်။

ရဲတိုက်နံရံများကို တွယ်ကပ်နိုင်၊ ဆင်းနိုင်သည်။ အိပ်စက်ရာတွင် လူသေခေါင်းတလားများအတွင်း ဝင်အိပ်လေ့ရှိ၏။ သူသည် ကြက်သွန်ဖြူပင်နှင့် ဥရောပအရှေ့ဖျားနိုင်ငံများတွင် အလေ့ကျပေါက်လေ့ရှိသော ဂု(မ်)ဘိန်း အပင်များကို ကြောက်သည်ဟု သိရ၏။ ဒရက်ကူလာအား မပြန်လမ်းသို့ပို့နိုင်သော နည်းလမ်းမှာ အထက်လမ်းလောကီပညာဖြင့် စီရင်ထားသော လက်ဝါးကပ်တိုင်သပ်ကြီးအား သွေးစုပ်သူအိပ်ပျော်နေစဉ် ရင်ဘတ်အတွင်း ရိုက်သွင်းခြင်းဖြစ်သည်ဟု ဆိုသည်။

ဒရက်ကူလာ၊ သို့မဟုတ် သွေးစုပ်သူ အမှန်တကယ်ရှိသလောဟူသော မေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် အင်္ဂလန်နိုင်ငံမှ မနောသုတေသီများ၊ ဂမ္ဘီရပညာကို လေ့လာလိုက်စားသူများသည် ၁၉၇၀ ခုနှစ် ဖေဖော်ဝါရီလတွင်မှ ဒရက်ကူလာသုတေသနအသင်း "Vampire Research Society" ဖွဲ့စည်းတည်ထောင်ခဲ့ကာ ဥက္ကဋ္ဌဖြစ်သူမှာ နာမည်ကျော် ဗြိတိသျှဂမ္ဘီရပညာရှင်နှင့် မနောသုတေသီ ဝီလယံမန်ချက်စတာ ဆိုသူဖြစ်သည်။ ထိုအသင်း၏ အမှုတွဲများ၊ ဒရက်ကူလာသုတေသနပြုချက်များ၊ အသင်းဝင်များ ကြုံတွေ့ရသည်။ ထူးထူးခြားခြား ဖြစ်စဉ်များကို ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်မှ ထုတ်လွှင့်ပေးခဲ့ပြီး အင်တာနက်သတင်းများတွင်လည်း အခါအားလျော်စွာ ဖော်ပြခဲ့၏။

ယခုအခါ ရိုမေးနီးယားအစိုးရသည် ဝါလာချီးယားနယ် ကာပေသီယန်တောင်တန်းရှိ ရဲတိုက်ကြီးတစ်ဟိုက်နှင့် ဒရက်ကူလာ ဝတ္ထုကြီးတွင် ဖော်ပြခဲ့သော သွေးစုပ်သူ နယ်စားကြီးဒရက်ကူလာ သွားလာလှုပ်ရှားခဲ့သော နေရာများ၊ သင်္ချိုင်းဂူများ စနစ်တကျ ပြုပြင်ထားခဲ့ရာ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များက လာရောက်ကြည့်ရှုခဲ့ကြသည်။ ဒရက်ကူလာရဲတိုက်အား နှစ်စဉ် ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်လေ့လာသူ တစ်သန်းငါးသောင်းခန့်ရှိခဲ့ရာ ရိုမေးနီးယားအစိုးရအဖို့ သူတို့ထံမှ နှစ်စဉ် ဒေါ်လာ ၁၅ သန်းရရှိခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) The Complete Guide to The World of Undead

(၂) အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# သွေးစုပ်ဖုတ်ကောင်မဟုတ်သည့် ဒရက်ကူလာ

■ ဦးတိုး(တက္ကသိုလ)





**ကောက်နှုတ်ချက်** 

သွေးစုပ်ဖုတ်ကောင် ဝတ္ထုဖြစ်သည့် စာရေးဆရာကြီး ဘရမ် စတုပ်ကား(Bram Stoker)၏ ဒရက်ကူလာ(Dracula) ရုပ်ရှင်ဇာတ်ကား၊ ဝတ္ထုသည် ၁၅ ရာစုအလယ်လောက်က ဘော်လကန် (Balkams) ခေါ် ဝေါလက်ချီးယား (Wallachia)ဒေသတွင် ပြုတ်တောင်း ပြွတ်တောင်း အုပ်ချုပ် မင်းလုပ်ခဲ့သော ဗလက်တီပီးစ် (Vlad Tepes) (အသံထွက် အမှန်မှာ ဇီပက်ရှ်(tse-pesh) အမည်ရှိ သမိုင်းထဲမှ ဘုရင်အပေါ် အခြေခံ၍ ဇာတ်ကောင်ကို တည်ဆောက်ယူခဲ့သည်ဟု အများက ယုံကြည်ယူဆခဲ့ကြသည်။ သူ့ကို တတိယမြောက် ဗလက်(Vlad III)၊ သို့မဟုတ် ဗလက်ဒရက်ကူလာ(Vlad Dracular)၊ သို့မဟုတ် တံကျင်သျှိုသတ်တတ်သူ(Vlad the Impaler) ဟူသည့် အမည်များဖြင့် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူဖြစ်သည်။ ၎င်းသည် အပြစ်လုပ်သူများအား တံကျင်သျှို၍ အလောင်းများကို အများမြင်အောင် ပြသပေးလျက် သတ်ဖြတ်လေ့ရှိကာ ထိုသို့ လုပ်ဆောင်ရသည့် အကြောင်းရင်းများမှာ တင်းကျပ်သည့် စနစ်တွ

www.burmeseclassic.com


www.burmeseclassic.com

ပြုပြင်ရေး ကိုဥပဒေဖြင့် သူ၏ရန်သူများအား ခြောက်လှန့်ရန်နှင့် အကျင့်သီလဖောက်ပြန်မည့်သူများအား သတိပေးရန်ဖြစ်ပေသည်။ ဤနည်းလမ်းများအားဖြင့် လူပေါင်း ၄၀၀၀၀ မှ ၁၀၀၀၀၀ အကြား သတ်ဖြတ်ဂုဏ်ယူခဲ့သူ ဖြစ်သည်။

## ဒရက်ကူလာ၏ မူလဇာစ်မြစ်

၁၄၁၀ ပြည့်နှစ်တွင် ဟန်ဂေရီမှ ဘုရင်. စီဂျစ်မန်း (Sigismund)သည် ဘာသာရေးစောင့်ရှောက်သော ရောမဧကရာဇ်(Holy Roman Emperor) ဖြစ်လာသောအခါ ခရစ်ယာန်ဘာသာကို မြှင့်တင်ရန်နှင့် အော်တိုမင်တူရကီတပ်စ်(Ottoman Turks)တို့အား ဆန့်ကျင်လျက် သူ၏အင်ပါယာကို ကာကွယ်ရန် စစ်မက်သူရဲကောင်း ညီနောင်များ (Fraternal order of knights)ခေါ် နဂါးတပ်သားများ (Order of the Dragon)တို့ ဖွဲ့စည်းခဲ့သည်။ ၎င်း၏ အမှတ်တံဆိပ်သည် လက်ဝါးကပ်တိုင်တစ်တိုင်ပေါ်တွင် တောင်ပံများဖြန့်၍ နားနေဟန် နဂါးတစ်ကောင်ဖြစ်သည်။ ၁၄၃၁ ခုနှစ်တွင် တတိယမြောက်ဗလက်၏ ဖခင် ဒုတိယမြောက်ဗလက်သည် ရဲရံ့စွန့်စား၍ တပ်စ်များကို တိုက်ခိုက်ခဲ့သောအကြောင်းကြောင့် နဂါးအဖွဲ့တွင် ဝင်ခွင့်ပေးခဲ့သည်။ ဤခုနှစ်နောက်ပိုင်းတွင် ဒုတိယမြောက်ဗလက်သည် ဤတံဆိပ်ကိုတပ်ဆင်၍ ဝေါလက်ချီးယားတွင် အုပ်ချုပ်ခွင့်ရရှိခဲ့ပြီး ကြေးသွန်းဒင်္ဂါးတွင် နဂါးတံဆိပ်ပါရှိသည်။

ရိုမေးနီးယားတို့၏ "drac" ဘာသာစကားအရ "နဂါး"ဟု အဓိပ္ပာယ်ရပြီး "ul" သည် နိုင်မာသည့် ယေဘုယျအညွှန်းစကား ဖြစ်သည်။ ရိုမေးနီးယားတို့၏ "ulea" စကားအဆုံးသတ်မှာ "၎င်း၏သား" "the son of" ဟု ဆိုလိုလေသည်။ ဤအဓိပ္ပာယ်ကောက်ယူချက်အရ တတိယမြောက် ဗလက်သည် ဗလက်ဒရက်ကူလာ (Vlad Dracula)၊ သို့မဟုတ် "နဂါး၏သား" (The son of the dragon) ဟု ဆိုလိုလေသည်။ ရိုမေးနီးယားလူမျိုးတို့၏ ဘာသာစကားတွင် "drac" ၏ အဓိပ္ပာယ်သည် "နတ်ဆိုး ... နတ်ဆိုး"ဟု အဓိပ္ပာယ်ရသည်။ ဤနာမည်ပြောင်ည် ဗလက်ဇီပက်ရှ်နှင့် သူ၏ဖခင်တို့၏ အဓိပ္ပာယ်နှစ်မျိုး ဖြစ်ပေသည်။



www.burmeseclassic.com


www.burmeseclassic.com

## သမိုင်းနောက်ကြောင်း

အခိုပါဒေသ၏ ၁၅ ရာစုနှစ် လူမှုရေးနှင့် နိုင်ငံရေး[illegible]ကြောင်း အဓိပ္ပာယ်ကို နားလည်သဘောပေါက်လာစေ[illegible] တတိယမြောက်ဗလက်၏ ဖြစ်ရပ်အကြောင်းကို သိရှိ[illegible]သင့်ပေသည်။ ဤသမိုင်းကြောင်းကို ကျယ်ကျယ်[illegible] သိရှိထားရန် လိုအပ်လျက်ရှိသည့်အတိုင်း ဝေါလက်[illegible]ဒေသတွင် ယခုခေတ် ရိုမေးနီးယားတောင်ပိုင်းမှ[illegible]လကန်ဒေသဖြစ်၍ ဗလက်ချီးယားလက်ထက်တွင်[illegible]အားကောင်းသော ဟန်ဂေရီနှင့် အော်တိုမင်အင်ပါယာ[illegible] ကြားညှပ်ခြင်းခံနေခဲ့သည်။

နှစ်ပေါင်း တစ်ထောင်နီးပါးခန့်က ကွန်စတင်တီနို[illegible](Constantinople)သည် ဘိုင်ဇင်တိုင်း (Byzantine)[illegible]ဟုတ် ရောမအင်ပါယာ(Roman Empire)တို့၏ နယ်[illegible]စပ်လျက် ကာကွယ်ပေးနေရသည့် အခြေအနေတွင်[illegible]သည်။ လမ်းကိုလည်း ပိတ်ဆို့ထားရန် ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ဤကာလတွင် ဘော်လ်ကန်၏ အတွင်းပိုင်းအထိ အော်တိုမန်တို့မှ အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။ အောင်နိုင်သူ ဆူလတန် မိုဟာမက် (Sultan Mohamed the Conqueror)၏ လက်အောက်သို့ ၁၄၅၃ ခုနှစ်တွင် ကွန်စတန်တီနိုပယ် ကျရှုံးသွားခဲ့သည်နှင့် ခရစ်ယာန်လောကတစ်ခုလုံးသည် အော်တိုမန်တပ်ခွဲတို့၏ စစ်မက်အင်အားကြီးမားမှုဖြင့် ရုတ်တရက် ခြိမ်းခြောက်ခြင်း ခံကြရပြီဖြစ်သည်။ အလားတူကာလအတောအတွင်းမှာပင် ဟန်ဂေရီဘုရင့်နိုင်ငံတော်သည် ဝေါလက်ချီးယား၏ အနောက်နှင့်မြောက်ဘက်တွင် ရှိနေပြီး ၎င်းတို့၏ စစ်အင်အားမှာလည်း အထွတ်အထိပ်သို့ ရောက်ရှိနေပေရာ ရှေးခေတ်ခရစ်ယာန်လောကကို အဓိက ကာကွယ်ပေးသည့် မဏ္ဍိုင်ဖြစ်လာခဲ့သည်။

ဝေါလက်ချီးယား အုပ်ချုပ်သူများသည် အင်ပါယာနှစ်ခုအကြားတွင် ရှင်သန်နိုင်ရေးအတွက် မရမက ချွေးသိပ်





www.burmeseclassic.com

www.burmeseclassic.com



ပေးနေရသည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့ရပေသည်။ ထိုစဉ်က ဝေါလက်ချီးယားသည် သူတို့၏ လိုလားချက်များကို လိုက်လိုက်လျောလျောဖြင့် ရေလိုက်ငါးလိုက်လုပ်ပေးနေရကာ မဟာမိတ်အဖြစ် ခိုင်မာအောင် ကြိုးပမ်းပေးနေရပေသည်။ ခဏတာအားဖြင့် အော်တိုမန်တပ်ခွဲများ၏ ကျူးကျော်လာမည့်အရေးကို အဆင်ပြေသလို ရပ်တည်ရှုပေးခဲ့ကြောင်း ရိုမန်နီးယားများမှ သိရှိကြသည်။ ထို့ကြောင့်လည်း ဝေါလက်ချီးယားသည် တတိယမြောက်ဗလက်၏ ကြိုးပမ်းမှုများအရ လွတ်လပ်မှုရှိပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲခဲ့သော်လည်း ကြာရှည်မခံခဲ့ပေ။

ဝေါလက်ချီးယား၏ ထီးနန်းဆက်ခံခွင့်တွင် သားကြီးသြရသမှ ဆက်ခံရန်မဟုတ်ဘဲ ချမ်းသာကြွယ်ဝသောမြေပိုင်ရှင်အထက်တန်းလွှာ ဘွိုင်ယာများ(Boyars)က ထီးနန်းဆက်ခံထိုက်သည့် တော်ဝင်မိသားစုမှ မင်းသားဗွိုင်းဗွတ်(Volvode)ကို နန်းတက်ရန် ရွေးချယ်ပေးလေ့ရှိသည်။ ဤအကြောင်းကြောင့် ထီးနန်းဆက်ခံရေးတွင် ရှုပ်ထွေးမှုများပေါ်ပေါက်လာခဲ့သည်။ ထီးနန်းအတွင်း အုပ်ချုပ်နေသည့်အဖွဲ့အစည်းပါတီများအကြား အကြမ်းဖက်မှုများ၊ လုပ်ကြံမှုများ၊ နန်းလုမှုများ တစ်ပုံကြီးပေါ်ပေါက်လာခဲ့သည်။ ဝေါလက်ချီးယားထီးနန်းကို ဆက်ခံရန် တတိယမြောက်ဗလက်နှင့် သူ၏ဖခင်တို့သည် ယှဉ်ပြိုင်ဘက်များကို တကာယ်ပင် လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။

ဝေါလက်ချီးယားကို ရှုဒေါ့ဖ်လူမည်း (Rudolph Th Black) ရာဒူးနီဂရူး (Radu Negru)မှ ၁၂၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၎င်းကို ဟန်ဂေရီမှ ၁၃၃ ပြည့်နှစ်အထိ အုပ်ချုပ်လွှမ်းမိုးထားခဲ့သည်။ လွတ်လပ်ရေ ရရှိသောအခါ ဒရက်ကူလာ၏ ဆွေစဉ်မျိုးဆက်မှ တစ် ဖြစ်သူ မင်းသား မဟာဘာစာရက်ဗ် (Prince Basar The Great)မှ ပထမဆုံးနိုင်ငံသစ်ကို အုပ်ချုပ်ခဲ့သည် ဒရက်ကူလာ၏အဘိုးဖြစ်သူ မင်းသားကြီးမာစီယာ (Pri Mircea The Old)သည် ၁၃၈၆ မှ ၁၄၁၈ ခုနှစ်အ အုပ်ချုပ်မင်းလုပ်ခဲ့သည်။ နောက်ဆုံးတွင် ဘာစာရက်ဗ်




www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်သူများအကြား ညီညွတ်မှုမရှိတော့ဘဲ နှစ်ခြမ်းကွဲသွားခဲ့ရာ မာစီယာမှ ဆင်းသက်လာသူများနှင့် နောက်ထပ်မင်းသား ဒင်(ဒင်နက်စတီ Danesti) လိုလားသူများသည် ဒရက်ကူလာအုပ်ချုပ်သောကာလ၌ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။

၁၄၃၁ ခုနှစ်တွင် ဗလက်ဒရက်ကူးလ် (Vlad-dracul)အား ဝေါလက်ချီးယား၏ အနောက်မြောက်ဘက်ရှိ ထရန်စီဗေးနီးယားကို စစ်အုပ်ချုပ်ရေးဘုရင်ခံ (Military Governor)အဖြစ် ဘုရင်စီဂျစ်မန်းမှ တာဝန်ပေးအပ်ခဲ့သည်။ ၁၄၃၁ ခုနှစ် နောက်ပိုင်းလောက်တွင် ဒုတိယမြောက်သားကို မွေးဖွားခဲ့သည်။ ဗလက်သည် ဘုရင်ခံရာထူးရာထူးဖြင့် ကျေနပ်မှုရှိမနေဘဲ လက်ရှိအုပ်စိုးနေသော ဒင်နက်စတီမင်းသား ပထမမြောက် အလက်ဇန်ဒရူးအား တိုက်ခိုက်ရန် လူသူစုဆောင်းခဲ့သည်။ ၁၄၃၆ ခုနှစ်တွင် ဘုရင်အလက်ဇန်ဒရူးကို တိုက်ခိုက်၍ အတ်ပစ်လိုက်ပြီး သူသည် ဒုတိယမြောက် ဗလက်အဖြစ် နန်းတက်ခဲ့သည်။ ပထမမြောက်ဗလက်တစ်ဦး ရှိခဲ့ဖူးဟန်တူသည်။





အင်အားကြီး နှစ်နိုင်ငံ၏အကြောင်း ဘက်မလိုက်ဝါဒကို ခြောက်နှစ်ခန့် ဗလက်ဒရက်ကူးလ်မှ ကျင့်သုံးခဲ့သည်။ ဝေါလက်ချီးယားမင်းသားသည် ဟန်ဂေရီဘုရင်၏ တရားဝင်ကံကျွေးစားဘဝဖြင့်သာဖြစ်ပြီး ဗလက်သည် နဂါးအဖွဲ့ဝင်အဖြစ်ဖြင့် မိစ္ဆာဒိဋ္ဌိများကိုတိုက်ခိုက်ရန် ကျိန်ဆိုထားရသူဖြစ်သည်။ တစ်ချိန်တည်းမှာပင် အော်တိုမန်၏ တန်ခိုးသြဇာသည် မရပ်မနားဘဲ အရှိန်ဖြင့် တက်နေဆဲပင်ရှိနေသည်။ ဗလက်သည် စူလတန်ထံသို့ လက်ဆောင်ပဏ္ဏာဆက်သပေးနေဆဲပင်ရှိသည်။ သူ၏ဖခင် မာစီယားကြီး (Mircee The old) စူလတန်၏ အတင်းအဓမ္မ ပဏ္ဏာဆက်သနေရသည့်အတိုင်းပင် ဆက်လက်လုပ်ဆောင်ပေးနေရပေသည်။

၁၄၄၂ ခုနှစ်တွင် တပ်ခ်များမှ ထရန်စီလ်ဗေးနီးယားကို ဝင်ရောက်သိမ်းပိုက်သောအခါ ဗလက်သည် မလို[illegible]ရှိနေခဲ့သည်။ သို့သော်လည်း တပ်ခ်များ စစ်ရှုံးသွားသည်နှင့် ဟန်ဂေရီအဖြူသူရဲကောင်းအဖွဲ့ (White Knight of Hungary)၏ ခေါင်းဆောင်ဖြစ်သူ ဂျွန်ဟွန်ယာဒီ (John Hunyadi)၏ လက်စားချေခြင်းခံရလျှင် ဗလက်ဒရက်ကူးလ်သည် မိသားစုနှင့်အတူ ဝေါလက်ချီးယားသို့ ထွက်ပြေးခဲ့ရသည်။ ၁၄၄၃ ခုနှစ်တွင် တူရကီတို့၏ ထောက် ခံအားပေးမှုဖြင့် ဗလက်သည် ဝေါလက်ချီးယားတွင် ပြန်လည်၍ နန်းတက်ခွင့်ရရှိခဲ့သည်။ သို့ရာတွင် ဗလက်အနေဖြင့် နှစ်စဉ် ဝေါလက်ချီးယားမှ ကောင်လေးများအား ဝေပုံကျ တပ်ဖွဲ့ဝင်များအဖြစ် စူလတန်၏ ခြေလျင်တပ်သို့ ပို့ပေးရမည်ဖြစ်သည်။ ၁၄၄၄ ခုနှစ်တွင် စူလတန်အား ကျေနပ်နှစ်သိမ့်မှုပေးရန် ဗလက်သည် သူ၏သားငယ်နှစ်ဦးဖြစ်သူ တတိယမြောက် ဗလက်(Vlad III)နှင့် ရာဒူးလူချော(Radu The Handsone)တို့အား ဓားစာခံများအဖြစ် အက်ဒရိယန်နိုပါယ်(Adrianople)သို့ ပို့ထားလိုက်ရသည်။ တတိယမြောက်ဗလက်သည် အက်ဒရီယန်နိုပါယ်၌ ၁၄၄၈ ခုနှစ်အထိ ဓားစာခံအဖြစ် ရှိနေခဲ့သည်။

၁၄၄၄ ခုနှစ်တွင် ငြိမ်းချမ်းစွာ ရှိနေကြသည့် သဘောတူညီထားချက်များကို ဖောက်ဖျက်၍ ဟန်ဂေရီမှ ဗာနာစစ်ဆင်ရေး(Varna Campaign)

www.burmeseclassic.com




ကို ဆင်နွှဲရာတွင် ဥရောပမှ ဗာပ်ခွဲများအား နှင်ထုတ်ပစ်ရန် ဂွန်ဟွန်ယာဒီမှ ဦးဆောင်ခဲ့သည်။ ဗလက်ဒရက်ကူးလ်အနေဖြင့် နဂါးအဖွဲ့ဝင်အဖြစ် ကျမ်းကျိန်ထားသူဖြစ်သည့် ဟန်ဂေရီ၏ လက်အောက်ခံ ကံကျွေးစားဖြစ်သည့် အားလျော်စွာ ခရူးဆိတ် ဘာသာရေးစစ်ပွဲ ဝင်နွှဲပေးရန် ဟွန်ယာဒီမှ အမိန့်ပေး တောင်းဆို ခဲ့သော်လည်း ဉာဏ်များသော နိုင်ငံရေးသမားသည် အလယ် အလတ်လမ်းစဉ်ကိုပင် လိုက်နေခဲ့သည်။ သူသည် ခရစ်ယာန် တပ်ဖွဲ့သို့ ပူးပေါင်းမည့်အစား သူ၏ သားအကြီး မာစီယာကို စူလတန်ထံသို့ စေလွှတ်ပေးလိုက်၍ ရှိနှင့်ပြီးသားငယ်နှင့် သူတို့ အား ခွင့်လွှတ်လိမ့်မည်ဟု ၎င်းက မျှော်လင့်ထားနေပေသည်။

ဗာနာခရူးဆိတ် စစ်ဆင်ရေး၏ အကျိုးရလဒ်သည် ကောင်းစွာကျော်ကြားသည်။ ဗာနာစစ်ပွဲအတွင်း ခရစ်ယာန် တပ် များသည် လုံးလုံးလျားလျား ချေမှုန်းခြင်းခံလိုက်ရသည်။ ဂွန်ဟွန် ယာဒီသည် စစ်ပွဲမှ အသက်မသေဘဲ ထွက်ပြေးလွတ်မြောက်ပြီ အမည်းစက်ထင်ကျန်ရစ်ခဲ့သည်။

ဤအချိန်မှ စတင်၍ ဂွန်ဟွန်ယာဒီသည် ဗလက်ဒရက်ကူ နှင့် သူ၏သားအကြီးအပေါ် ခါးခါးသီးသီး မုန်းတီးသွားသည်

၁၄၄၇ ခုနှစ်တွင် ဗလက်ဒရက်ကူးနှင့် သူ၏သားအကြီး မာစီယာတို့သည် လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်။ တိုင်ယာဂိုဗစ်တီ(Tirgoviste) မြေပိုင်ရှင် အထက်တန်းများနှင့် ကုန်သည်များမှ မာစီယာအား အရှင်လတ်လတ် မြေမြှုပ် သတ်ပစ်လိုက်ကြသည်။ ဤအကြောင်း ကြောင့် တတိယမြောက်ဗလက်သည် သူ၏ဖခင် ဗလက်နှင့် မာစီယာတို့အတွက် သူတို့ကို လက်စားချေခဲ့သည်။ ဟွန်ပဒီ သည် ဒန်နန်စတီမျိုးနွယ်စုဝင်အဖြစ် ဝေါလက်ချီးယားနန်းစံလိုသူ ဖြစ်သည်။

ဗလက်ဒရက်ကူးလ် သေဆုံး သောသတင်းကို ကြားရသည်တွင် တပ်ခွဲ တို့သည် တတိယမြောက်ဗလက်ကို လွှတ် ပေးလိုက်ပြီး သူတို့၏ ကိုယ်စားလှယ် လောင်းအဖြစ် ဝေါလက်ချီးယားတွင် နန်းတက်နိုင်ရန် ထောက်ခံအားပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၁၄၄၈ ခုနှစ်တွင် တတိယမြောက် ဗလက်သည် အသက် ၁၇ နှစ်အရွယ် ဝေါလက်ချီးယား ထီးနန်း၌ ခဏတာ နန်းစံခဲ့ရသည်။ နှစ်လခန့်သာ နန်းတက်ခဲ့ရသော တတိယမြောက်ဗလက်သည် ဟွန်ယာဒီ၏ အတင်းအကျပ်ဖြင့် နန်းကျပြီး သူ၏ဝမ်းကွဲအစ်ကိုတော်စပ်သူ မိုလ်ဒေးဗီးယားမင်းသား(Prince of Moldavia)ထံသို့ ထွက်ပြေးလွတ်မြောက်သွားရာ ဒုတိယမြောက် ဗလက်ဒီးစလော့ဖ်(Vladislov II)မှ ဝေါလက်ချီးယား နန်းတက်သည်။ သို့သော်လည်း ဗလက်ဒီစလော့ဖ်သည် မျှော်လင့်မထားဘဲ တူရကီလိုလားသော ပေါ်လစီကို ကျင့်သုံး၍ ဟွန်ယာဒီအဖွဲ့ လက်ခံနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဟွန်ယာဒီသည် ရန်သူဟောင်း၏ သားဖြစ်သူ တတိယမြောက် ဗလက်နှင့် ပြန်လည်၍ မဟာမိတ်ဖွဲ့ပြီး ဝေါလက်ချီးယားနန်းကို လုယူရန် အကူအညီပေးသည်။ ဤသို့အားဖြင့် တတိယမြောက် ဗလက်သည် သူ၏ဖခင် စားခဲ့ရသည့် ထရန်စီဗေးလ်ဗေးနီးယားမြို့နယ်ပိုင်နယ်များကို ရရှိလိုက်သည်။ နောက်ထပ် ဝေါလက်ချီးယားကို ပြန်လည်ရယူနိုင်မည့် အခွင့်အရေးများကို ဟွန်ယာဒီ၏ စောင့်ရှောက်ပေးမှုဖြင့် စောင့်ဆိုင်းနေခဲ့သည်။

၁၄၅၃ ခုနှစ်တွင် ကွန်စတင်တီနိုပယ်သည် နောက်ဆုံးတွင် အော်တိုမန်တို့၏ လက်အောက်သို့ ကျရှုံးသွားသောအခါ ခရစ်ယာန်လောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားခဲ့ရပေသည်။ ဟွန်ယာဒီသည် ထကြွသောင်းကျန်းလာသည့် တပ်မ်များအား နှိမ်နင်းရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာသည်။ ၁၄၅၆ ခုနှစ်တွင် တူရကီတို့၏ ဆာဘီးယား(Turkish Serbia)ကို ဟွန်ယာဒီမှ ဝင်ရောက်သိမ်းပိုက်စဉ် တစ်ပြိုင်တည်းမှာပင် တတိယမြောက်ဗလက်သည် ဝေါလက်ချီးယားကို ဝင်ရောက်တိုက်ခိုက်သည်။ ဘဲလ်ဂရိတ်စစ်ပွဲတွင် ဟွန်ယာဒီကျဆုံး၍ သူ၏တပ်ဖွဲ့များစစ် ရှုံးနိမ့်သွားသော်လည်း ထိုစဉ်အတောအတွင်းမှာပင် တတိယမြောက်ဗလက်သည် ဒုတိယမြောက် ဗလက်ဒီစလော့ဖ်အား သတ်၍ ဝေါလက်ချီးယားနန်းကို အောင်မြင်စွာ သိမ်းပိုက်နိုင်လိုက်သည်။

တတိယမြောက် ဗလက်သည် ၁၄၅၆–၁၄၆၂ ခုနှစ်ထိ ဝေါလက်ချီးယားတွင် အဓိကအုပ်ချုပ် နန်းစံနေထိုင်နိုင်ခဲ့သည်။ ဤကာလမှစတင်၍ သူသည် တင်းကျပ်သော ပေါ်လစီများဖြင့် တပ်ခွဲများကိုလည်း ခုခံတိုက်ခိုက်ထားနိုင်ပြီး လူများအား တံကျင်လျှိုသတ်ဖြတ်သည့် မဖွယ်မရာသော လူသတ်ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သောကြောင့် သမိုင်းသုတေသီများက "ကြမ်းကြုတ်မှု သရဖူဆောင်းသောခေတ်" "Reign of terror" ဟု သတ်မှတ်ခဲ့ကြသည်။

## တတိယမြောက် ဗလက်၏ဘဝ (၁၄၃၁-၁၄၇၆)

တတိယမြောက်ဗလက်သည် ထရန်ဆီဗေးနီးယားနယ်မှ စီဂီဆိုအာရာ(Sighisoara) မြို့တွင် ၁၄၃၀ ပြည့်နှစ် နိုဝင်ဘာလ၊ သို့မဟုတ် ဒီဇင်ဘာလတွင် မွေးဖွားခဲ့သည်။ ထိုစဉ်က သူ၏ဖခင် ဒုတိယမြောက်ဗလက်၊ သို့မဟုတ် ဗလက်ဒရက်ကူးလ်[Vlad II (Vlad Draucul] သည် ထရန်ဆီဗေးနီးယားနယ်သို့ ထွက်ပြေး၍ နေထိုင်နေရမည်ဖြစ်သည်။ သူမွေးဖွားခဲ့သည့်အိမ်သည် အဆိုပါနေရာမှာပင် ရှိနေဆဲပင်ဖြစ်သည်။ ဆက်ဆွန်(Saxon) ကုန်သည်များ၏ အိမ်များနှင့် မြို့နေအထက်တန်းစားများ၏ နေအိမ်များပိုင်းရုံထားသည့် ကြွယ်ဝချမ်းသာသော ပတ်ဝန်းကျင်အတွင်း ၎င်း၏နေအိမ် ရှိနေခဲ့သည်။

တတိယမြောက် ဗလက်၏ ငယ်ရွယ်စဉ်ဘဝကို အနည်းငယ်လောက်သာ သိရှိကြရသည်။ သူ့တွင် အစ်ကိုကြီး မာစီယာ(Mircea) နှင့် ညီငယ် ရာဒူးလူချော(Radu The Handsome) တို့ရှိသည်။ သူ၏ငယ်စဉ်ဘဝမှာ ပညာရေးကို မိခင်ထရန်ဆီးဗီးယားလူမျိုး အထက်တန်းစားနှင့် သူမ၏မိသားစုလက်ဝယ် အပ်နှံထားခဲ့သည်။ ဒန်နက်စတီးမျိုးနွယ်စုမှ ဝေါလက်ချီးယားထီးနန်းကို စိုးစံနေ၍ ၁၄၃၆ ခုနှစ်တွင် သူ၏ဖခင်မှ အောင်မြင်စွာ သိမ်းပိုက်နိုင်လိုက်သောအခါ တတိယမြောက်ဗလက်၏ ပညာရေး စတင်ခဲ့သည်။ ဥရောပတစ်လွှားရှိ အထက်တန်းစားများ၏ ထုံးစံပိုင်သားများကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ သူ့အား သူရဲကောင်းတစ်ဦးဖြစ်လာစေရန် နစ်ကိုလိုပိုလစ်(Nicolopolis) စစ်ပွဲဖြင့် တပ်ခွဲတို့ကို တိုက်ခိုက်ခဲ့သော မြေပိုင်ရှင်အထက်တန်းစားပုဂ္ဂိုလ်ကြီးတစ်ဦးမှ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ခရစ်ယာန်သူရဲကောင်း (Christian Knight) တစ်ဦးအနေဖြင့် စစ်မက်တိုက်ခိုက်ရေးနှင့် ပရိယာယ် ကြွယ်ဝမှုရှိလာအောင် အဌာရသအားလုံးကို ကျွမ်းကျင်စွာ တတ်



www.burmeseclassic.com

www.burmeseclassic.com

မြောက်အောင် သင်ယူခဲ့ရပေသည်။

၁၄၄၄ ခုနှစ်တွင် ဗလက်၏ အသက် ၁၃ နှစ်အရွယ် သူ၏ညီငယ် ဒရီယန်နိုပါယ်(Adrianople)သို့ ပို့ထားပေးခြင်းခံရသည်။ သူသည် ၁၄၄၈ ခုနှစ်အထိ နေခဲ့ပြီး တပ်ခွဲများက သူ့ကို ဝေါလက်ချီးယားထီးနန်းစိုး စံရန် သူတို့၏ ကိုယ်စားလှယ်လောင်းအဖြစ် ထောက်ခံကူညီပံ့ပိုးပေးခဲ့သည်။ ဗလက်၏ညီငယ်သည် တူရကီတွင် နေရစ်ခဲ့သည်။ နောက်ပိုင်းတွင် ရာဒူး အရွယ်ရောက်လာသောအခါ ဝေါလက်ချီးယားထီးနန်းဆက်ခံရန် တပ်ခွဲတို့က ထောက်ခံပေးခဲ့သည်။

ယခင်ဖော်ပြခဲ့သည့်အတိုင်း တတိယမြောက် ဗလက်သည် နှစ်လလောက်သာ နန်းစံခဲ့ရ၍ အလွန်တိုတောင်းခဲ့သည်။ သို့သော်လည်း ဟန် ဂေရီဘုရင့်နိုင်ငံတော်နှင့် ဟွန်ယာဒီတို့၏ ထောက်ပံ့ပေးမှုဖြင့် ၁၄၅၆ ခုနှစ်တွင် ဝေါလက်ချီးယားထီးနန်းကို ပြန်ရခဲ့သည်။ တီယာဂိုဗစ်တီ (Tirgovisto)သည် မြို့တော်ဖြစ်လာ၍ ၎င်းမှ အနည်းငယ်ဝေးသော အာဂီးစ်မြစ်(Arges River) အနီးတောင်တန်းအတွင်း သူ၏ရဲတိုက်ကို စတင်တည်ဆောက်ခဲ့သည်။ ဤကာလအတောအတွင်းတွင် တတိယမြောက် ဗလက်၏ အထွတ်အထိပ်အရောက်ဆုံး ရက်စက်ကြမ်းကြုတ်မှုများကို ပြုလုပ်ခဲ့လေသည်။

## ဗလက်ဇီပက်ရှ်၏ ကြမ်းကြုတ်ရက်စက်မှုများ

လူသားမဆန်သည့် သတ် ဖြတ်မှုတွင် သမိုင်းဝင်ဒရက်ကူလာ၏ ဆိုးယုတ်မှုများသည် အခြားတို့ထက် များစွာသာလွန်ပေသည်။ တတိယဗလက်၏ အနှစ်သက်ဆုံးသော နည်းလမ်းသည် တံကျင်လျှိုညှဉ်းပန်းနှိပ်စက်၍ ကွပ်မျက်သည့် စနစ်ဖြစ်သည်။ တံကျင်လျှိုသတ်သည့် နည်းလမ်းသည် စိတ်ကူးထဲမှာပင် မတွေးဝံ့စရာ ထိတ်လန့်စက်ဆုပ်ဖွယ်ဖြစ်သည်။ အပြစ်သားများကို ထုံးစံအတိုင်း ဖြည်းဖြည်းချင်းနာကျင်ခံစား၍ သေစေသည့်နည်းလမ်းဖြစ်သည်။

အပြစ်သား၏ ခြေထောက်တစ်ဖက်စီကို မြင်းတစ်ကောင်တွင် တွယ်ကပ်ထားကာ တုတ်တံချွန်ကို သူ၏ခန္ဓာကိုယ်ထဲသို့ တရွေ့ရွေ့ချင်း ဝင်အောင်လုပ်ဆောင်သည်။ တုတ်တံ၏အဆုံးကို ခပ်တုံးတုံးလုပ်ထားပြီး အဆီသုတ်လိမ်းထားသည်။ ဤနည်းသည် အပြစ်သားအား ချက်ချင်းထိတ်လန့်သေဆုံးသွားစေမည် မဟုတ်ပေ။ ပုံမှန်အားဖြင့် အပြစ်သား၏ တင်ပါးမှ တုတ်တံကို လျှိုသွင်းကာ ပါးစပ်ပေါက်မှ ပြန်ထွက်သွားကြသည်။ ထို့အပြင် အခြားဒွါရပေါက်များမှ တုတ်ချောင်းကို လျှိုသွင်း၍ အပြစ်သား၏ ဝမ်းဗိုက်၊ သို့မဟုတ် ရင်ဘတ်မှလည်းထွက်အောင် ပြုလုပ်သည့် ဥပမာများလည်း ရှိနေသေးပေသည်။ တစ်ခါတစ်ရံတွင် ကလေးများကိုလည်း မိခင်၏ရင်ဘတ်ပေါ်တွင်ထားပြီး တံကျင်စိုက်၍ သတ်ပစ်လေ့ရှိပြန်သည်။ တစ်ခါတစ်ရံတွင် တံကျင်လျှိုခံရသူသည် ခေါင်းစိုက်နေသည့် အနေအထားဖြင့် တွဲလောင်းကျနေတတ်သည်။

ဗလက်ဇီပက်ရှ်သည် တံကျင်တုတ်ချောင်းများကို ပုံစံအမျိုးမျိုးတွင်တတ်ကြောင်း မကြာခဏတွေ့ရသည်ဟု ဆိုသည်။ မြို့ပြင်တွင် ဗဟိုတူစက်ဝိုင်းပုံစံများဖြင့် ဖြစ်သည်။ လှံတံ၏ အလျားသည် အပြစ်သား၏ အဆင့်အတန်းကို ညွှန်ပြလေ့ရှိသည်။ ပုပ်ပွနေသည့် အလောင်းကောင်များကို လပေါင်းများစွာ ပစ်ထားလေ့ရှိသည်။ တစ်ခါတုန်းက တူရကီစစ်တပ်သည် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရန် လာသောအခါ ဒန်နူဘီမြစ်(Danube)ကမ်းနားတွင် တံကျင်လျှိုအသတ်ခံခဲ့ရသည့် အလောင်းများ ထောင်သောင်းချီ၍ လျက် ပုပ်သိုးနေသည်ကို မြင်တွေ့လိုက်ရလျှင် တူရကီစစ်တပ်ဖွဲ့ဝင်များ ကြောက်လန့်ပြီး တပ်ခေါက် ပြန်ပြေးသွားကြကြောင်း ပြောစမှတ်ကျန်ရစ်ခဲ့ဖူးသည်။ ၁၄၆၁ ခုနှစ်တွင်လည်း ကွန်စတင်တီနိုပယ်ကို အောင်နိုင်ခဲ့သူ (Conqueror of Constantinople)သည် တီယာဂိုပစ်တီမြို့ (Tirgoviste) သို့ ချီတက်လာခဲ့ကြစဉ် တူရကီအကျဉ်းသား ၂၀၀၀ ၏ အလောင်းများအား တံကျင်လျှိုသတ် ထားသည်ကို မြို့ပြင်၌ မြင်တွေ့လိုက်ရလေလျှင် အော့နှလုံးနာပြီး ကွန်စတင်တီနိုပါယ်သို့ တပ်ခေါက်ပြန်သွားခဲ့ကြောင်း မှတ်သားရပေသည်။ ဤထိတ်လန့်စက်ဆုပ်ဖွယ်ရာ ကောင်းသော မြင်ကွင်းကို သမိုင်းကြောင်း၌ "တံကျင်လျှိုခံရသည့် အလောင်းတောကြီး" (Forest of the Impaled) ဟု တွင်ခဲ့သည်။ သူတို့သည် တစ်ချိန်တည်းမှာပင် တံကျင်လျှို အသတ်ခံခဲ့ရသူများဖြစ်ကြသည်။ ၁၄၆၀ ပြည့် ထရန်ဆီးလ်ဗေးနီးယားမှ စီဘူးမြို့ (Siblu) တွင် ...



www.burmeseclassic.com

www.burmeseclassic.com

၁၀၀၀၀ တံကျင်လျှိုအသတ်ခံရသည်။ ၁၄၅၉ ခုနှစ် စိန့်ဘာသိုလိုမြူးနေ့(St. Bartholomew's Day)တွင် ကုန်သည်များနှင့် ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်အထက်တန်းစား ဘိုယာများ(Boyars) ၃၀၀၀၀ ကို တတိယ ချောက် ဗလက်မှ အဆိုပါနယ်မြေဒေသမှ 'ဘရာဆော့ဗ်(Brasov) မြို့တွင် တံကျင်လျှိုသတ်ဖြတ်ခဲ့သည်။ ဤအနီးအနားမှာပင် စားသောက်ပွဲတော်ကြီးတစ်ခုကို ခင်းကျင်း၍ လှမ်းမကမ်းလောက်တွင် အာဏာပါးကွက်သားများက အပြစ်သားများကို အပေါင်အလက် ဖြတ်တောက်နေကြသည်ဟု ဆိုသည်။ ရက်စက်သည့်မင်းသားသည် အခြားနည်းများဖြင့်လည်း တီတွင်သတ်ဖြတ်လေ့ရှိပြန်သည်။ ခေါင်းထဲသို့ သံချောင်းစိုက်ခြင်း၊ အပေါင်အလက် ခြေလက်အင်္ဂါ ဖြတ်တောက်ခြင်း၊ မျက်စိထိုးဖောက်ပစ်ခြင်း၊ လည်မျိုညှစ်သတ်ခြင်း၊ မီးရှို့သတ်ခြင်း၊ နှာခေါင်း–နားရွက်ဖြတ်ပစ်ခြင်း၊ အထူးသဖြင့် မိန်းမများ၏ လိင်အင်္ဂါကို ဖြတ်တောက်ပစ်ခြင်း၊ ဦးရေခွံခွာခြင်း၊ အရေခွံခွာခြင်းနှင့် ဖြတ်တောက်ပစ်သည့် အင်္ဂါအစိတ်အပိုင်းများကို တောရိုင်းတိရစ္ဆာန်များကို ကျွေးခြင်းနှင့် မီးရှို့သတ်လေ့ရှိပေသည်။

ဗလက်၏ ကြမ်းကြုတ်မှုများကို အားလုံးတကြောက်ရွံ့ခဲ့ကြသည်။ မည်သူမျှ ကင်းလွတ်ခွင့်မရရှိခဲ့ကြပေ။ သူ၏သားကောင်များသည် မိန်းမများနှင့် ကလေးများ၊ လယ်သမားများနှင့် မြေပိုင်ရှင်ကြီးများသာမက နိုင်ငံခြားမှ ကုန်သည်များနှင့် သံတမန်များလည်း အပါအဝင်ဖြစ်သည်။ သို့သော်ငြားလည်း အများဆုံးအသတ်ခံရသူများသည် ထရန်ဆီလ်ဗေးနီးယားမှ ကုန်သည်များနှင့် ချမ်းသာကြွယ်ဝသော မြေပိုင်ရှင် ဘိုယာများ၊ ဝေါလာကီးယားမှ အပြစ်သားများဖြစ်ကြပေသည်။

ဗလက်ဒရက်ကူလာသည် အာဏာရရှိလာသည်နှင့် သူ၏ကြမ်းကြုတ်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ သူ၏ ပထမဆုံးသော ရက်စက်မှုကို အကြွင်းမဲ့ အာဏာရရှိရေးနှင့် လက်စားချေလိုသည့်ဆန္ဒဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။ ခရစ်တော်ရှင်သန်ထမြောက်သည့် အီစတာနေ့တွင် စားသောက်ပွဲတော်ကြီးကျင်းပစဉ် သူ၏ဖခင် လုပ်ကြံခံရမှုနှင့် သူ၏အစ်ကို အရှင်လတ် မီးရှို့သတ်ဖြတ်ခံခဲ့ရ၍ ကလဲ့စားချေသည့်အနေဖြင့် အထက်တန်းစားများ၊ မင်းညီမင်းသားများ အားလုံးကို ဖမ်းဆီး၍ ထိုနေရာမှာပင် ချက်ချင်း တံကျင်လျှိုသတ်လေတော့သည်။ ငယ်ရွယ်သော အထက်တန်းစားများနှင့် သူတို့၏မိသားစုများကို အာဂျီးစ်မြစ်အနီးရှိ တောင်တန်းများပေါ်မှ သူ၏ပျက်စီးယိုယွင်းနေသည့် ရဲတိုက်သို့ ခေါ်ဆောင်ကာ ပြင်ဆင်မွမ်းမံစေသည်။ လပေါင်းများစွာ အလုပ်ကြမ်းလုပ်ကိုင်ရင်း မြေရှင်လေးများနှင့် သူတို့၏ မိသားစုများသည် အဝတ်အစားများ ဆွေးမြည့်ကျွတ်ကျ၍ ဗလာကျင်းသွားသည်အထိ ဖြစ်ကုန်ကြပြီး တချို့သည်သာ လျှင် တစ္ဆေလှုပ်ချောက်ချားဖွယ်ရာ အတွေ့အကြုံမှ အသက်ရှင်ကျန်ရစ်ခဲ့ကြသည်။

ဗလက် အုပ်ချုပ်မင်းလုပ်နေစဉ် ဝေါလာကီးယားမှ မြေပိုင်ရှင်ကြီး လူတန်းစားသည် စနစ်တကျ ဖယ်ရှားခြင်းခံကြရသည်။ အပျိုလေးများသည် အပျိုရည်ပျက်စီးကြရသည်။ အိမ်ထောင်ရေးဖောက်ပြန်သော အိမ်ရှင်မများနှင့် မုဆိုးမများအား သူတို့၏လိင်အင်္ဂါကို ဖြတ်တောက်ပစ်ကြသည်။ သို့မဟုတ် ရင်သားများ လှီးဖြတ်ခံကြရသည်။ တချို့ အမျိုးသမီးများအား လိင်အင်္ဂါအတွင်း သံပူချောင်းဖြင့် တံကျင်လျှိုသတ်သည်။ တီယာဂိုဗစ်တီပန်းခြံအတွင်း တံကျင်လျှိုအသတ်ခံရသူများ၏ အရေခွံခွာပြီး စားပွဲပေါ်တင်၍ ပြသပေးထားသည်။ သူ၏ပြည်သူများအား ရိုးသား၍ အလုပ်လုပ်ကြစေရန် ရည်ရွယ်သည်ဟု ဆိုပေသည်။

## တတိယမြောက် ဗလက်၏နိဂုံး

၎င်းသည် တပ်ခ်များ၏ရန်မှ အနည်းငယ်လောက်သာ ကာကွယ်ပေးနိုင်ခဲ့ပြီး သူ၏အောင်မြင်မှုများသည် ကြာရှည်စွာ မခံခဲ့ပေ။ ဂျုန်ဟွန်ယာဒီ၏သား ဟာန်ဂေရီဘုရင် မက်သူးယပ်စ်ကော်ဗင်နူးစ်(Matthias Corvinus)ထံမှ မှုံပိုးမျှအနည်းငယ်လောက်သာ ရရှိခဲ့သဖြင့် အင်အားကြီးမားသော တပ်ခ်များကို အောင်မြင်မှုရအောင် ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ပေ။

၁၄၆၂ ခုနှစ်တွင် တပ်ခ်များ ဝင်ရောက်တိုက်ခိုက်လာသဖြင့် ထရန်ဆီလ်ဗေးနီးယားသို့ ထွက်ပြေးသွားခဲ့ရသည်။ သူ၏ ပထမဇနီးသည် တပ်ခ်တို့ထံသို့ အဖမ်းခံမည့်အစား ရဲတိုက်မှ အာဂျစ်မြစ်အတွင်း ခုန်ဆင်းပြီး သတ်

www.burmeseclassic.com

သေသွားခဲ့သည်။ သူသည် လျှို့ဝှက်လမ်းမှ ထွက်ပြေး၍ မက်သီးယပ်စ်ကော်ဗင်နပ်စ်ထံ ခိုလှုံသောအခါ ဘုရင်မှ ၎င်းအား ချက်ချင်းဖမ်းဆီးပြီး တော်ဝင်ရဲတိုက်တွင် အကျဉ်းချထားခဲ့ရာ ၁၄၆၂ မှ ၁၄၇၄ ခုနှစ်အထိဖြစ်မည်ဟု ရုရှားသမိုင်းမှ ညွှန်ပြသည်။ သို့သော်လည်း ဘုရင်၏နှမတော်တစ်ယောက်နှင့် လက်ထပ်၍ သားနှစ်ဦးထွန်းကားသည်ဟု တချို့က ပြောဆိုနေကြသည်။ ဗလက်သည် ၁၄၆၆ ခုနှစ်တွင် အကျဉ်းထောင်မှ လွတ်ခဲ့ကြောင်းနှင့် ၁၄၇၆ ခုနှစ်တွင် ဝေါလက်ချီးယားထီးနန်းကို ပြန်ရခဲ့သည်။

ဗလက်သည် အကျဉ်းကျနေစဉ် မှုရင်းစိတ်ထား ပျောက်မသွားခဲ့ပေ။ ငှက်ကလေးများနှင့် ကြွက်ကလေးများကို ဖမ်း၍ ခြေလက်ဖြတ်တောက်လေ့ရှိသည်။ တချို့အကောင်များကို ခေါင်းဖြတ်သတ်သည်။ တချို့အကောင်များကို ကတ္တရာသုတ်၍ အမွေးကပ်ပြီး လွှတ်ပေးလိုက်သည်။ တချို့အကောင်များကို လှံတံသေးသေးလေးများဖြင့် တံကျင်လျှိုသတ်လေ့ရှိသည်ဟု ဆိုပြန်သည်။ ဗလက်သည် အော်သိုဒေါ့ဇ်ဘာသာကို စွန့်လွှတ်ပြီး ကက်သိုလစ်ဘာသာသို့ ပြောင်းလိုက်သည့်အကြောင်းရင်းမှာ ဟန်ဂေရီဘုရင်အားနှစ်သိမ့်ပေးလိုသောကြောင့် ဖြစ်ဟန်တူပေသည်။

၁၄၇၆ ခုနှစ်တွင် ဗလက်ဒရက်ကူလာနှင့် ထရန်ဆီလ်ဗေးနီးယားမှ မင်းသား စတီဖင်ဘက်သိုရီ (Stephen Bathory) တို့သည် ဝေါလက်ချီးယားကို ဝင်ရောက်တိုက်ခိုက်သည်။ ထိုစဉ်က ဗလက်၏ညီငယ် ရာဒူး သေဆုံးသွားပြီဖြစ်၍ ဒန်နတ်စတီမျိုးနွယ်စုမှ ဘာစာရပ်ဖ်ကြီး (Basarab the Old) မှ နေရာစားယူထားပြီဖြစ်သည်။ ဗလက်၏စစ်တပ် ဝင်ရောက်လာသောအခါ ဘာစာရပ်ဖ်နှင့် အပေါင်းပါများ ထွက်ပြေးသွားကြသည်။ စတီဖင်ဘက်သိုရီနှင့် ဗလက်၏တပ်ဖွဲ့ဝင်အများစုသည် ထရန်ဆီးလ်ဗေးနီးယားသို့ ပြန်သွားကြလျှင် ဗလက်တွင် အင်အားဆုတ်ယုတ်သွားသည်။ ထိုစဉ်မှာပင် တူရကီတပ်များ ဝေါလက်ချီးယား သို့ ဝင်ရောက်လာသောအခါ ဗလက်သည် သူ၏တပ်သားလေးထောင်လျော့လျော့ဖြင့် ချီတက်တိုက်ခိုက်ခဲ့သည်။

၁၄၇၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘူခါရက်မြို့ (Bucharesf) အနီးတွင် တပ်ခ်များနှင့် တိုက်ခိုက်ရင်း ဗလက်ကျဆုံးသွားသည်။ ဗလက်၏ သစ္စာရှိ မိုဒေးဗီးယန်းလူမျိုး(Moldavion) သက်တော်စောင့်မှ ၎င်းအား သတ်ပစ်သည်ဟုလည်း ဆိုသည်။ တချို့သမိုင်းဆရာများ၏ ယူဆချက်အရ သူ၏ဦးခေါင်းကိုဖြတ်ပြီး ကွန်စတင်တီနိုပယ်မြို့သို့ ပို့လိုက်သောအခါ စူလတန်မှ သူ၏ဦးခေါင်းကို လှံပေါ်တွင်စိုက်၍ တံကျင်လျှိုသတ်သူ ဖာတ်သိမ်းသွားပြီဖြစ်သည်ဟု သက်သေခံအဖြစ် ပြသထားကြောင်း သိရှိရသည်။ သူ၏အလောင်းကို ဘူခါရက်မြို့အနီး စနက်ဂေါ့ဗ်(Snagov) ကျွန်းတစ်ကျွန်းရှိ ဘုန်းကြီးကျောင်းတွင် မြှုပ်နှံလိုက်သည်ဟု ဆိုသည်။

## သမိုင်းအထောက်အထားများ

ဂျာမဏီ၊ ရုရှားနှင့် ရိုမေးနီးယားမှ ဖော်ပြထားသည့် သမိုင်းအချက်အလက်များအရ ဗလက်ဒရက်ကူလာသည် တည့်တည့်စွာ အုပ်ချုပ်ခဲ့ရသူမဟုတ်ဘဲ ရက်စက်ကြမ်းကြုတ်သူဟု သုံးသပ်ထားသည်။

ဗလက်ဒရက်ကူလာနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာမှ လက်ခံထားသော အချက်အလက်အချို့ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

### ၁။ ရွှေခွက်

ရိုးသား၍ ဥပဒေစည်းကမ်းလိုက်နာရန်အတွက် ကြောက်မက်ဖွယ်ရာအဖြစ် ဗလက်ဒရက်ကူလာမှ ဆောင်ရွက်ခဲ့သည်။ သူ၏ ပိုင်နက်နယ်ပယ်အတွင်းတွင် သူခိုးသူဝှက်များ မဝံ့ရဲကြပေ။ အကြောင်းရင်းမှာ တံကျင်လျှိုအသတ်ခံရမည်ကို စိုးရိမ်ကြသောကြောင့် ဖြစ်သည်။ သူပြဌာန်းထားသည့် ဥပဒေသည် အလွန်ထိရောက်မှုရှိကြောင်း ယုံကြည်ထားသည်။ တီယာလိုဗစ်တီ ဗဟိုပန်းခြံအတွင်း ရွှေကလပ်တစ်ခုကို ကြိုးချည်နှောင်၍ ပစ်ထားသည်။ ဗလက်ဒရက်ကူလာ မင်းလုပ်အုပ်ချုပ်နေသည့် ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်မှ မခိုးရဲသဖြင့် ပျောက်ဆုံးခြင်း မရှိခဲ့ပေ။

### ၂။ ဆင်းရဲသားများနှင့် နာမကျန်းသူများအား မီးရှို့သတ်ခြင်း

ဗလက်ဒရက်ကူလာသည် သူ၏ နိုင်ငံအတွင်းတွင် ဆင်းရဲသူများ၊ အိုးမဲ့အိမ်မဲ့များ၊ သူတောင်းစားများနှင့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

အငါးချွတ်ယွင်းနေသူများ အများအပြားရှိနေသည်ကို သတိပြုမိလိုက်သည်။ တစ်နေ့တွင် သူတို့ကို စားသောက်ပွဲတော်ကျင်းပပေးမည်ဖြစ်၍ အားလုံးကို ဖိတ်ကြားလိုက်သည်။ ညဉ့်နက်သည်အထိ သူတို့သည် သောက်စားမူးယစ်ခဲ့ကြသည်။ နောက်ဆုံးတွင် သူတို့ ပျော်ပါးစားသောက်နေကြသည့် ခန်းမကြီးကို အပြင်မှ ပတ်ပတ်လည် ပျဉ်ချပ်များကာ ပြီးပိတ်၍ အားလုံးကို မီးရှို့သတ်ပစ်လိုက်သည်။ မည်သူမျှ လွတ်မြောက်မသွားခဲ့ကြပေ။ သူ၏ အကြောင်းပြချက်မှာ ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

## ၃။ နိုင်ငံခြားသံတမန်များ

ဥရောပအရှေ့ပိုင်းနှင့် ရုရှား၏သမိုင်းတွင် အတည်ပြုဖော်ပြ၍ သမိုင်းမတင်ထားသော ဖြစ်ရပ်တစ်ခုအကြောင်းဖြစ်သည်။ တစ်ခါတွင် နိုင်ငံခြားမှ သံတမန်နှစ်ဦး ရောက်လာကြသောအခါ ဦးထုပ်မချွတ်သည်ကိုတွေ့ရှိ၍ သူတို့၏ ဦးထုပ်နှင့်အတူ ခေါင်းထဲသို့ ကျူဖြင့်ရိုက်၍ သံရိုက်ပေးသည်ဟု ဆိုသည်။

## ၄။ နိုင်ငံခြားကုန်သည်

တစ်နေ့တွင် နိုင်ငံခြားမှ ကုန်သည်တစ်ဦးသည် တီယာဂိုဗစ်တီသို့ ရောက်လာရာ လူတိုင်းသည် ရိုးသားပြီး ခိုးမဝှက်ကြကြောင်း သိရှိထားသည့်နှင့်တူ၏။ ရတနာများတင်ထားသောလှည်းကို တစ်ညလုံးပစ်ထားခဲ့သည်။ သို့သော်လည်း မနက်မိုးလင်း၍ လှည်းဆီသို့ပြန်သွားသောအခါ ရွှေဒင်္ဂါး ဒူကာပ်စ် ၁၆၀ ပျောက်ဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထိတ်လန့်သွားသည်။ ထိုအကြောင်းကို ဗလက်ဒရက်ကူလာအား တိုင်ကြားလိုက်လေလျှင် မင်းသားက ကြေညာချက်တစ်စောင် ထုတ်ပြန်ပေးသည်။ သူခိုးကိုရှာ၍ ဒင်္ဂါးများပြန်ရအောင် ဆောင်ရွက်ကြရန်၊ ထိုသို့ဖြစ်မလာပါက မြို့တစ်မြို့လုံးကို မီးလောင်တိုက်သွင်းမည်ဟု ပါရှိသည်။ ထိုည အတောအတွင်းမှာပင် ရွှေဒင်္ဂါးအားလုံးနှင့်အတူ ဒင်္ဂါးတစ်ပါးအပိုပါ ပြန်တွေ့ရသည်။ ကုန်သည်က ဒင်္ဂါးတစ်ပြားပိုရကြောင်း လျှောက်ထားသောအခါ ထိုသူ အမှန်အတိုင်းမပြောလျှင် ကုန်သည်ကိုပါ သူခိုးနှင့်အတူ တံကျင်လျှိုအသတ်ခံရမည်ဟု ဗလက်ဒရက်ကူလာမှ မိန့်တော်မူသည်ဟု ဆိုသည်။

## ၅။ ပျင်းရိသော အမျိုးသမီး

တစ်နေ့တွင် လယ်လုပ်နေသူတစ်ဦး၏ ရှပ်အင်္ကျီကပ်ဖ်တန်(Caftan)သည် အလွန်တိုနေသည်ကို သတိပြုမိလိုက်သဖြင့် မင်းသားသည် သူ့မိန်းမကို ဆင့်ခေါ်လိုက်သည်။ အမျိုးသမီးသည် မင်းသားရှေ့သို့ရောက်သောအခါ သူမကို တစ်နေ့လုံး ဘာတွေလုပ်ကိုင်သလဲဟုမေးရာ ကြောက်ကြောက်လန့်လန့်ဖြင့် တစ်နေကုန် အဝတ်လျှော်၊ ပေါင်မုန့်ဖုတ်၊ စက်ချုပ်ကြောင်း သူမက လျှောက်ထား သည်။ ခင်ပွန်း၏အင်္ကျီ တိုနေသည်မှာ ဖနီးသည် အပျင်းကြီးသောကြောင့်ဟု မိန့်တော်မူလျှင် ခင်ပွန်းက အကြိမ်ကြိမ် တောင်းပန်ပေးသော်လည်း အမျိုးသမီးကို တံကျင်လျှိုသတ်လိုက်ပြီး နောက်ထပ် အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ပေးလိုက်သည်။ နောက်ထပ် အမျိုးသမီးကိုလည်း အလုပ်ကို ကြိုးစားလုပ်ရန် ဆိုဆုံးမပြီး မလိုက်နာလျှင် အလားတူ အသတ်ခံရမည်ဟု ဗလက်က မိန့်တော်မူသည်ဟု ဆိုလေသည်။

## ၆။ အထက်တန်းစားတွင် အနံ့ခံနိုင်စွမ်းကောင်းလွန်း

၁၄၅၉ ခုနှစ်တွင် ထရန်ဆီးဗေးနီးယားမှ ဘရာဆော့မြို့ (Brasov)တွင် ကုန်သည်နှင့် အထက်တန်းစား ၃၀၀၀၀ ကို တံကျင်လျှိုသတ်ပြီး အဆိုပါ အလောင်းများ၏ အကြားတွင် လယ်ပိုင်ရှင် ဘွိုင်ယာများအား ပျော်ပွဲစားစားသောက်ကြရန် ဖိတ်ကြားလိုက်သည်။ အလောင်းများမှ သွေးခဲနှင့် မစင်နံ့များ၏ အနံ့ကို မခံနိုင်သူ တစ်ဦးသည် နှာခေါင်းကို ပိတ်ထားသည်ကို ဗလက်ဒရက်ကူလာ မြင်တွေ့သွားသည်။ ထိုသူကိုဖမ်းချုပ်ပြီး တံကျင်လျှိုသတ်၍ တိုင်အမြင့်ဆုံးသို့ တင်ထားလိုက်သည်ဟု ဆိုသည်။

## ၇။ ဗလက်ဒရက်ကူလာ၏ အမျိုးသမီး

တီယာရိုဗစ်တီမြို့၏ နောက်ဘက်လမ်း အိမ်တစ်ဆောင်တွင် သူ၏အိမ်ရှင်မတစ်ဦးကို ဗလက်ဒရက်ကူလာမှ နေစေခဲ့သည်။ ဤအမျိုးသမီးသည် အမြဲတမ်း သူမ၏



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူအပေါ် ချစ်လွန်းသဖြင့် မည်ကဲ့သို့ စိတ်ချမ်းသာအောင် လုပ်ပေးရမည်ကို စိတ်သောကရောက်နေရပေသည်။ သို့သော်လည်း ဗလက်သည် ဒေါသကြီးပြီး ညှိုးငယ်နေတတ်သည်။ တစ်ချိန်သောအခါတွင် သူ၏စိတ်ဖိစီးနေမှုများ လျှော့ချပေးရန် အရဲစွန့်ပြီး ကိုယ်ဝန်မရှိသေးသဲနှင့် လိမ်လည်ပြီး သူမက ပြောကြားလိုက်သည်။ သို့သော် လည်း သူနာပြုဆရာမကြီးက စစ်ဆေးကြည့်၍ လိမ်ပြောနေကြောင်း ပေါ်ပေါက်သွားသောကြောင့် ဗလက်သည် စိတ်ဆိုးမာန်ဆိုးဖြင့် သူမ၏ပေါင်ခြံမှ ရင်ဘတ်အထိ ဓားဖြင့် ခုတ်ပိုင်းလိုက်ပြီး သူမသည် မချိမဆံ့သောဝေဒနာ ခံစားသေဆုံးသွားလေ၏။

### ၈။ အထက်တန်းစား ပိုလန်လူမျိုး

ဟန်ဂေရီဘုရင် နိုင်ငံတော်တွင် အမှုထမ်းနေသော အထက်တန်းစား ပိုလန်လူမျိုးဖြစ်သူ ဘင်နီဒစ် ဒီဘွိုက်သော(Benedict de Boithor) သည် ၁၄၅၈ ခု၊ စက်တင်ဘာလတွင် တာ်ယာဂိုဖက်တီမြို့မှ ဗလက်ဒရက်ကူလာထံ အလည်အပတ်ရောက်လာခဲ့သည်။ ညနေခင်းတွင် ဗလက်သည် အဆိုပါ သံတမန်ကိုယ်စားလှယ်များကို ညစာစည်ခင်းငြေခံစဉ် ရွှေလှံတံတစ်ချောင်းကို ယူဆောင်လာပြီး ဧည့်သည်များကို ပြသသည်။ ဗလက်က မည်သည့်အဓိပ္ပာယ်ဆောင်ကြောင်း မေးမြန်းလိုက်သောအခါ ပိုလ်မှသံတမန်များကို ဂုဏ်ပြုရန်ဖြစ်မည်ဟု ဘင်နီဒစ်မှ အဖြေပေး၍ ဆုတော်လာဘ်တော်များ ချသည်။ သို့သော်လည်း အကယ်၍ သံတမန်များမှ အခြားအဓိပ္ပာယ်ရောက်အောင် ဖြေကြားလျှင် တံကျင်လျှိုသတ်ခြင်း ခံရမည်ဟု ၎င်းက ပြောကြားသည်။

### ၉။ ခရစ်ယာန်ဘုန်းတော်ကြီးနှစ်ပါး

ခရစ်ယာန်ဘုန်းတော်ကြီးနှစ်ပါးသည် တာ်ယာဂိုဗစ်တီရှိ ဗလက်ဒရက်ကူလာ၏ ရဲတိုက်သို့ အလည်အပတ်ရောက်လာခဲ့ကြသည်။ ဝင်းခြံတွင်းမှ တံကျင်လျှိုသတ်ထားသည့် အလောင်းများကို ပြသပြီး ဗလက်မှ မေးသည်ကို ဘုန်းတော်ကြီးတစ်ပါးမှ ဘုရားသခင်၏ အလိုတော်ကျအတိုင်း မကောင်းမှုပြုသူများကို ပြစ်ဒဏ်ပေးခြင်းဖြစ်သည်ဟု ပြောပြီး အခြားဘုန်းတော်ကြီးက ရက်စက်ကြမ်းကြုတ်သော မင်းသားကို ရှုတ်ချပြောဆိုသည်။ ပထမလိုက်လိုက်လျောလျော မိန့်ကြားသည့် ဘုန်းတော်ကြီးကို ဆုလာဘ်များချပြီး ရိုးသားသောဘုန်းတော်ကြီးကို တံကျင်လျှိုသတ်လိုက်သည်ဟု ဆိုသည်။ ဤဖြစ်ရပ်အပေါ် မမှန်ကုန်ဟု ဒွိဟဖြစ်စရာ သမိုင်းမှတ်တမ်းများ ရှိနေပေသည်။

### သွေးစုပ်ဖုတ်ကောင်၏ မူလဇစ်မြစ်

ဝတ္ထုရေးဆရာ ဘရမ်စတုဗ်ကားသည် သူ၏ "Dracula" ဇာတ်အိမ်ကို ကျော်ကြားသော သွေးစုပ်ဖုတ်ကောင်အခြေခံခဲ့သည့် ဘော်လကန်ဒေသမှ အကြောင်းဖြင့် တိုက်ဆိုင်သလိုဖြစ်ခဲ့သော်လည်း လုံးဝမဟုတ်ပေ။ သွေးစုပ်ဖုတ်ကောင်အကြောင်း ဥရောပမှတစ်ဆင့် အမေရိကတိုက်အထိ ပျံ့နှံ့သွားခဲ့သည်။ ဤအကြောင်းခြင်းရာများသည် ဆလပ်နှင့် ဂရိတို့၏ နယ်မြေဒေသဖြစ်သော ဥရောပအရှေ့ပိုင်းမှ စတင်ဖြစ်ပေါ်လာခဲ့သည်။ ဟန်ဂေရီနှင့် ဘော်လကန်တို့တွင် စိတ်ဝင်စားဖွယ်ရာ ကိစ္စများ ပေါ်ပေါက်လာပြီး ဘော်လကန်မှ ကူးစက်လာသည့် သွေးစုပ်ဖုတ်ကောင်အကြောင်းသည် ဂျာမဏီ၊ အီတလီ၊ အင်္ဂလန်နှင့် စပိန်အထိ ရောက်ရှိသွားခဲ့သည်။ ပျောက်ကွယ်မသွားသေးသည့် ပုံပြင်များကို ယခုကာလတိုင်အောင် ခရီးသွားဧည့်သည်များမှ ယူဆောင်နေကြဆဲပင် ရှိသည်။ စတုဗ်ကား၏ ဝတ္ထုသည် အဆိုပါဒေသ၏ ကျော်ကြားနေသည့် ဒရက်ကူလာအကြောင်းမှ သူ၏သွေးစုပ်ဖုတ်ကောင်ဇာတ်သိမ်းကို ရေးသားဖြစ်ရန် လှုံ့ဆော်ပေးခဲ့ဟန် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်း ဖြစ်ပေါ်လာရပုံ အကြောင်းနှင့် ဖေဖန်ချက်အသီးသီးကို အသေးစိတ် သိရှိလိုပါက "http:/www.ucs.muneca/e-miller/owner.htm", "---/kalo.htm", "http:/www.donlinke.com/drakula/vlad.htm" တို့တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။

---

ဦးတိုး(တက္ကသိုလ်)

---

www.burmeseclassic.com

# သွေးစုပ်ဖုတ်ကောင်

## 'ဒရက်ကူလာ' အကြောင်းအကျဉ်း

**ဦးတိုး(တက္ကသိုလ်)**



ထရန်ဆီလ်ဗေးနီးယား (Transylvania) မှ ကောင့်မြို့စား ဒရက်ကူလာ(Count Dracula)အား အင်္ဂလန်ရှိ ခြံအိမ်ကြီးတစ်ခြံကို ရောင်းချသည့်ကိစ္စတွင် အပြီးသတ်ဆောင်ရွက်ပေးရန် အင်္ဂလိပ်ရှေ့နေလူရွယ် ဂျွန်နသန်ဟပ်ကား (Jonathan Harker)သည် ၁၉ ရာစုနှောင်းပိုင်းလောက်တွင် အင်္ဂလန်မှ ထရန်ဆီလ်ဗေးနီးယားသို့ သွားရောက်ရန် ခရီးစတင်ထွက်ခွာသွားသည်။ ဟပ်ကားသည် ဒေသခံတောင်သူလယ်သမား ဆင်းရဲသားများမှ အဆိုပါရဲတိုက်အကြောင်း ဖောက်သည်ချကြသောအခါ လုံးလုံးလျားလျား ထိတ်လန့်သွားခဲ့သော်ငြားလည်း မည်သို့ပင်ဖြစ်စေကာမူ ဆက်လက်ထွက်ခွာသွားသည်။ ရှေ့နေလေးသည် မကြာမီမှာပင် ဘော်ဂိုပါ့စ်(Borgo Pass)မှ ကောင့်မြို့စားနှင့် တွေ့ဆုံသည်။ သူတို့စီးလာသည့် ရထားလုံးသည် ရဲတိုက်ကြီး၏ ဝင်းအတွင်းသို့ ဝင်ရောက်သွားခဲ့ကြစဉ် လုံးဝမှောင်မိုက်နေကာ ဝံပုလွေများ၏အူသံကို သူတို့ကြားနေကြရလေ၏။

သူတို့ တည်းခိုနေရစဉ် သက်သောင့်သက်သာ ရှိထင့်ကစား ကောင့်မြို့စား ဒရက်ကူလာသည် ဖျော့တော့၍ ကြံ့လိုပိန်လွန်းနေသည်ကို ထူးခြားစွာ တွေ့မြင်ကြရသည်။ ဟပ်ကားသည် မုတ်ဆိတ်၊ နှုတ်ခမ်းမွေးရိတ်လိုက်စဉ် မတော်တဆဓားထိ၍ သွေးထွက်လာသည်ကို ဒရက်ကူလာ မြင်တွေ့လိုက်ရလေလျှင် ရှေ့သို့ ဆတ်ခနဲခုန်တိုးကာ ဟပ်ကား၏ လည်ပင်းကို အတင်းဖမ်းဆုပ်ခြင်း ခံလိုက်ရသည်။ ဟပ်ကား သတိရလာသောအခါ သူကိုယ်တိုင် ဖမ်းဆီးခြင်းခံနေရကြောင်းနှင့် သူ့အား သွေးစုပ်ဖုတ်ကောင် အမျိုးသမီးသုံးဦးက ကိုယ်ထိလက်ရောက် ရန်ပြုနေကြလေ၏။ အမျိုးသမီးများသည် စွဲမက်စရာရုပ်ရည်ရှိပြီး ချောမောကြသည်။ သူတို့ကို ဟပ်ကားသည် အကြိမ်ကြိမ်ကြိုးစား၍ တွန်းလှန်သော်လည်း ဖယ်ရှား၍မရပေ။ နောက်ပိုင်းတွင် ဟပ်ကားသည် ကောင့်မြို့စား၏ လျှို့ဝှက်ချက်ကို သိရှိလာခဲ့ရသည်။ သူသည် လူသားများ၏သွေးကို သောက်သုံးပြီး အသက်ဆက်ရှင်နေသူဖြစ်သည်။ ယခု သူ့ကို ဒရက်ကူလာမှ အသေသတ်ပစ်တော့မည်ဖြစ်သည်။ ဂျွန်နသန်မှာ ကောင့်မြို့စားကိုသတ်ရန် ကြိုးစားသော်လည်း လွတ်မြောက်သွားသည်။ ထို့နောက် ကောင့်မြို့စား ဒရက်ကူလာသည် မြေကြီးထည့်ထားသည့် သေတ္တာအလုံးငါးဆယ်နှင့်အတူ ရဲတိုက်မှထွက်ခွာ၍ အင်္ဂလန်သို့ ဦးတည်သွားသည်။ ဂျွန်န



www.burmeseclassic.com


www.burmeseclassic.com

သန်ဟပ်ကားသည် ခွန်အားဆုတ်ယုတ်ဖျားနာ၍ ကျန် ရစ်သဖြင့် မည်သည့်နည်းနှင့်မျှ ရဲတိုက်ကြီးမှ လွတ်မြောက် နိုင်ပုံမရတော့ပေ။

အင်္ဂလန်တွင် ဟပ်ကားနှင့် စေ့စပ်ထားသူ မင်နာ မူရေး(Mina Murray)သည် သူငယ်ချင်းမ လူစီဝက်စ်တန်း ရား(Lucy Westenra)ထံ သွားရောက်လည်ပတ်သည်။ လူစီ သည် အာသာဟုမ်းဝုဒ်(Arthur Holmwood)မှ လက်ထပ် ရန် ကမ်းလှမ်းချက်ကို လက်ခံထားသူဖြစ်ပြီး သူမသည် အရူးထောင်၏ ဆေးရုံအုပ် ဒေါက်တာဂျွန်ဆီးဝပ် (Dr. John Seward)၏ လက်ထပ်လိုကြောင်း ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။ ထိုစဉ်ကာလမှာပင် အမေရိကန်နိုင်ငံ တက္ကဆက်နယ်မှ ကွင်စီမောရစ်(Quincey Morris) ဆိုသူ သည်လည်း အာသာဟုမ်းဝုဒ်ထံ အလည်အပတ် ရောက်ရှိ နေပေသည်။ မင်နာမူရေးသည် အိပ်ပျော်ရင်း လမ်း လျှောက်တတ်သူ လူစီအတွက် စိုးရိမ်နေသည်။ ဤ အကြောင်းများကို သူမ၏စေ့စပ်ထားသူ ဂျွန်နသန်ဟပ် ကားထံမှ သိရှိထားသည်မှာ ကြာမြင့်လာပြီဖြစ်သည်။

တစ်ညတွင် သူတို့နှစ်ဦးသည် လမ်းလျှောက်ထွက် နေကြစဉ် ထူးဆန်းသော သင်္ဘောတစ်စီး ဆိုက်ကပ်လာ သည်ကို တွေ့မြင်လိုက်ရသည်။ ဆိပ်ကမ်းအထွက်တွင် သင်္ဘောပျက်စီးသွား၍ ရေယာမခွေးကြီးတစ်ကောင်သာ ကျန် ရစ်ကာ ၎င်းသည်လည်း မကြာမီမှာပင် ပျောက်သွားလေ ၏။ သင်္ဘောပျက်သည် ဒရက်ကူလာရဲတိုက်မှ သေတ္တာ ငါးဆယ်ကို တင်ဆောင်လာခဲ့ကြောင်း သိရလေ၏။

ဤသို့ သင်္ဘောပျက်စီးသွားပြီး မကြာမီမှာပင် လူစီ သည် အိပ်ပျော်ရင်း လမ်းလျှောက်တတ်လာသည်ကို မင်နာ တွေ့ရှိရပြန်သည်။ မြို့ကို အပေါ်စီးမှမြင်နေရသည့် သင်္ချိုင်း အနီး အမျိုးသမီးများထိုင်လေ့ရှိသည့် ခုံပေါ်တွင် လူစီ မကြာခဏထိုင်နေတတ်သည်ကို မင်နာတွေ့ရှိရပြန်သည်။ လူစီ၏အပေါ်တွင် အုပ်မိုးနေသည့် ပိန်လှီသေးသွယ်သည့် အမည်းရောင်အရိပ်ကြီးတစ်ခု လွှမ်းခြုံထားသည်ကို မင်နာ တွေ့ရသည်။ သို့သော်လည်း အဆိုပါ အရိပ်မည်းမည်း သည် သူမရောက်သွားချိန်တွင် တစ်ဖန်ပျောက်ကွယ် သွား ပြန်သည်။ လူစီ သတိပြန်ရလာသောအခါ ဘာမျှ မမှတ်မိ တော့ချေ။ လူစီသည် ချမ်းလွန်း၍ တုန်လှုပ်နေသည်ကို တွေ့ရသဖြင့် အအေးဒဏ်ကိုကာကွယ်ပေးရန် အဝတ်



အထည်များကို မင်နာမှ ခြုံပေးလိုက်သည်။ နောက်ပိုင်း ညဘက်များတွင် အမျိုးသမီးများ၏အခန်းမှ ပြတင်းပေါက် အနီးတွင် လူစီရပ်လျက်ရှိနေကာ သူမ၏ဘေးတွင်လည်း အရိပ်မည်းမည်း သတ္တဝါကြီးတစ်ကောင် သဏ္ဌာန်ဖြင့် ငှက် ကြီးတစ်ကောင်ရှိနေပြီး အမှန်တကယ်တွင် ထိုငှက်သည် လင်းနို့တစ် ကောင်ဖြစ်ပေသည်။ လူစီ၏လည်ပင်းတွင် အပ်ပေါက်ရာနှစ်ခု ရှိနေသည်။ နောက်ထပ် ရက်သတ္တ ပတ်များကြာလာသောအခါ လူစီ၏ကျန်းမာရေး ချွတ်ယွင်း လာသဖြင့် လူစီ၏မိခင် နာမကျန်းဖြစ်နေသည်ကိုပြောရ မင်နာအနေဖြင့် မဝံ့မရဲဖြစ်ခဲ့ရသည်။ ထိုစဉ် အတောအတွင်း မှာပင် လူစီအား ချစ်ရေးဆိုခဲ့ဖူးသူ ဒေါက်တာဂျွန်ဆီးဝပ် လည်း လူစီကျန်းမာရေးဆုတ်ယုတ်လာသည်ကို ဆေးပညာ အရ ဖော်ထုတ်မပေးနိုင်ရှာပေ။

မကြာမီမှာပင် မင်နာသည် သူမနှင့် စေ့စပ်ထား ဂျွန်နသန်ဟပ်ကားအကြောင်း ကြားသိရသဖြင့် လူစီ ထားခဲ့ပြီး ဂျွန်နသန်ကိုပြုစုရန် ထွက်ခွာသွားသည်။ မကြာ မှာပင် လူစီ၏ကျန်းမာရေးအခြေအနေ ဆိုးရွားလာခဲ့သဖြင့် ဒေါက်တာဂျွန်ဆီးဝပ်သည် သူ၏သူငယ်ချင်းလည်းဖြစ်၊ သူ ၏ကောင်းရာညွှန်ပြသော ဆရာလည်းဖြစ်သူ ဒေါက်တာ အေဘရာဟင်ဗင်ဟယ်လ်ဆင်း (Dr. Abrahim Helsing)ထံသို့ သံကြိုးရိုက်၍ မည်ကဲ့သို့ ဆေးဝါးကုသ ရမည်ကို မေးမြန်းလိုက်သည်။ သို့သော်လည်း ဆရာ

www.burmeseclassic.com

ကိုယ်တိုင်မှာလည်း ဖေဖေဖေါ်ဖြစ်လျက်ရှိသည်။ လူစီတွင် သွေးထွက်ဒဏ်ရာမရှိဘဲ သွေးဆုတ်ယုတ်လျက်ရှိပြီး သူမ၏ လည်ပင်း၌ အပေါက်ရာနှစ်ခုရှိနေသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေခဲ့သည်။

ထို့ကြောင့် လူစီအား အကြိမ်ကြိမ်သွေးသွင်းပေးလိုက်လျှင် သိသိသာသာ တိုးတက်မှုရှိလာခဲ့သော်လည်း ရက်ပိုင်းအကြာမှာပင် ကျန်းမာရေးကျဆင်းပြီး သွေးဆုတ်သွားပြန်သည်ကို ဒေါက်တာဗင်ဟယ်လ်ဆင်း တွေ့ရသည်။ နောက်ဆုံးတွင် ဆရာဝန်ကြီးသည် လူစီ၏အခန်းကို လိုက်ကာများကာရံပြီး မှောင်ချလိုက်သည်။ သူမ၏လည်ပင်းရှိ အပေါက်ကို ကြက်သွန်ဖြူဖြင့် လိမ်းကျံပိတ်ဆို့ပေးသည်။ ကြက်သွန်ဖြူသည် သွေးစုပ်ဖုတ်ကောင်ကို မကပ်အောင် နှင်ထုတ်နိုင်ကြောင်း သိရသည်။ သို့ရာတွင် သွေးစုပ်ဖုတ်ကောင်သည် ရှောင်တိမ်း၍ ယခင်အတိုင်း လူစီထံချဉ်း ထပ်ခဲ့ပြီ ချဉ်းကပ်နေပြန်သည်။

တစ်ညတွင် ဝံပုလွေတစ်ကောင်သည် လူစီ၏ အခန်းသို့ ပြတင်းပေါက်များကိုခွဲလျက် ဝင်ရောက်ပြီး တစ်ခန်း ထွက်ပြေးလွတ်မြောက်သွားသည်။ ဝံပုလွေတိုက်ခိုက်သဖြင့် လူစီ၏မိခင်သည် ထိတ်လန့်ကာ သေဆုံးသွားသည်။ လူစီသည် အကူအညီမဲ့လျက် သွေးစုပ်ဖုတ်ကောင်၏ တိုက်ခိုက်မှုကို ခံရပြန်သည်။

လူစီ သေခါနီးဖြစ်လာ၍ ဗင်ဟယ်လ်ဆင်းသည် သူမနှင့်စေ့စပ်ထားသော အာသာဟုမ်းဝုဒ်အား ဆင့်ခေါ်ပြီး သူမအနားတွင် စောင့်အိပ်နိုင်းထားသည်။ ဟုမ်းကိုယ်တိုင်မှာလည်း သူ၏ဖခင် သေဆုံးတော့မည့်အခြေအနေမှာပင် ထားပစ်ခဲ့ရသဖြင့် ဟုမ်းသည် ထွက်ခွာသွားတော့မည်ဖြစ်၍ လူစီကို နှုတ်ဆက်အနမ်းပေးရန် ကုန်းလိုက်စဉ်မှာပင် လူစီ၏ စွယ်သွားများ ရှည်ထွက်လာကာ အာသာဟုမ်းဝုဒ်ကို ဆောင်တိုက်ခိုက်ရန် ကြိုးပမ်းလေတော့ရာ ဗင်ဟယ်လ်ဆင်းမှ အာသာကို တွန်းပစ်လိုက်သောအခါ လူစီသေဆုံး သွားသည်။

လူစီ သေဆုံးသွားသောအခါ သွေးစုပ်ဖုတ်ကောင်သည် ရွာအတွင်းရှိ ကလေးများအား သွေးစုပ်ရန် တိုက်ခိုက်သဖြင့် သတင်းစာများမှ သတိထားကြရန် ရေးသားကြသည်။ ထို့ကြောင့် ဒေါက်တာဆီးဝပ်သည် သံသယဝင်လာပြီး လူစီ၏ခေါင်းတလားကို စစ်ဆေးရန်ကြည့်သည်။

ထိုစဉ် အတောအတွင်းမှာပင် မင်နာနှင့် ဂျွန်နသန်တို့လက်ထပ်လိုက်ကြပြီဖြစ်၍ အင်္ဂလန်သို့ ပြန်လာခဲ့ကြသည်။ မင်နာသည် ဂျွန်နသန်၏ နေ့စဉ်မှတ်တမ်းကို ကူးယူလာခဲ့သည်။ ဗင်ဟယ်လ်ဆင်းသည် လူစီအား ချစ်ရေးဆိုခဲ့ဖူးသူအားလုံးကိုခေါ်ပြီး စုစည်းထားသည်။ သူမသည် သွေးစုပ်ဖုတ်ကောင်တစ်ယောက်၏ သွေးစုပ်ခြင်းခံခဲ့ရသဖြင့် သူမကိုယ်တိုင်မှာလည်း သွေးစုပ်ဖုတ်ကောင် ဖြစ်သွားပြီဟု ရှင်းပြသည်။ သူမ၏ဝိညာဉ်ကို ကယ်ဆယ်ရန် သူမ၏နှလုံးထဲသို့ သစ်သားတစ်ချောင်း ရိုက်ထည့်၍ ခေါင်းဖြတ်ပြီး ကြက်သွန်ဖြူသုတ်ပေးသည်။

ယခု အဓိကဖုတ်ကောင် ကောင့်မြို့စားကိုရှာရန်သာ ကျန်တော့သည်။ ဂျွန်နသန်၊ မင်နာ၊ ဒေါက်တာဆီးဝပ်၊ ဗင်ဟယ်လ်ဆင်းနှင့် ကွင်းစီမောရစ်တို့သည် သွေးစုပ်ဖုတ်ကောင်ကို ရင်ဆိုင်ရန် အသင့်ဖြစ်နေကြပေပြီ။ သို့သော်လည်း တစ်ညတွင် အလှည့်အပြောင်းတစ်ခု ဖြစ်လာသည်ကို တွေ့ကြရသည်။ မင်နာသည် ဂျွန်နသန်အား သွေးစုပ်ခဲ့ပုံရပြီး ခင်ပွန်းသည်သည် မေ့မျောနေသည်။ မင်နာက ဒရက်ကူလာ၏ရင်ဘတ် ဒဏ်ရာမှသွေးများကို စုပ်နေသည်ကို ဗင်ဟယ်လ်ဆင်း တွေ့လိုက်ရပြီး မကြာမီမှာပင် ဒရက်ကူလာသည် လျှပ်တစ်ပြက်အတွင်း ပျောက်ကွယ်သွားလေ၏။

နောက်ဆုံးတွင် သူတို့သည် သေတ္တာတစ်လုံးမှလွဲ၍ ကျန်သေတ္တာ ၄၉ လုံးကို ဖျက်ဆီးနိုင်လိုက်ကြသည်။ ကျန်တစ်လုံးကို ဂျစ်စီတို့က ဒရက်ကူလာရဲတိုက်သို့ သယ်ဆောင်သွားကြသည်။ အဆိုပါသေတ္တာ ခေါင်းတလားထဲတွင် ကောင့်မြို့စား၏အလောင်းရှိနေ၍ သူတို့သည် သူ၏ နှလုံးသားအတွင်း သစ်သားချောင်းရိုက်သွင်း၍ ခေါင်းဖြတ်လျှင် အလောင်းသည် တစ်စစီဖုန်မှုန့်များဖြစ်သွားကြသည်။ ကွင်စီမောရစ်သည် ဂျစ်စီတို့နှင့် တိုက်ခိုက်ရင်း သေလောက်သော ဒဏ်ရာဖြင့် ကွယ်လွန်သွားသည်။

ဦးတိုး(တက္ကသိုလ)

***Reference;***
***http:/www.cliffsnotes.com/literature/d/dracula/book summary***




www.burmeseclassic.com

www.burmeseclassic.com

# ဝေဘာရတောင်ခြေ၌ ဇာတ်နိမ့်ဇာတ်မြင့်အလိုက် ရေပူစမ်းအတွင်း ပျော်ပျော်ပါးပါးရေချိုးနေကြသူများ

**တက္ကသိုလ်မျိုး**



ဝေဘာရတောင် ရေပူရေချိုးဆိပ်၌ ဇာတ်မြင့်သူတို့ ရေချိုးနေကြပုံ

အိန္ဒိယနိုင်ငံသို့ ၂၀၀၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၀ ခုနှစ်၌ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ရောက်ရှိခဲ့သည်။ ပထမအကြိမ်၌ ၁၂ ရက်၊ ဒုတိယအကြိမ် ၁၅ ရက် နေခဲ့ရသည်။ သွားရောက်ခဲ့သည့် ရည်ရွယ်ချက်မှာ နှစ်ကြိမ်စလုံး ဗုဒ္ဓဂယာ ဘုရားဖူးသွားခြင်း ဖြစ်သည်။ စာရေးသူ အနေနှင့် ပင်ကိုကပင် ခရီးသွားခြင်းကို ဝါသနာပါပြီး ရောက်ရာအရပ်၌ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးအခြေအနေများကို လေ့လာလိုစိတ်ရှိသူတစ်ယောက်ဖြစ်၍ အိန္ဒိယဘုရားဖူးခရီးစဉ်၌ ဇာတ်ခွဲခြားမှု (ဝါ) လူတန်းစားခွဲခြားမှုနှင့် ပတ်သက်လေ့လာလိုစိတ် ဖြစ်ပေါ်ခဲ့သည်။

ပထမတစ်ခေါက်ရောက်စဉ်က နေထိုင်ရသည့် ရက်နည်းသောကြောင့် အိန္ဒိယလူမှုရေးကို အကြမ်းအားဖြင့်သာ လေ့လာခွင့်ရခဲ့သည်။ ယခု ဒုတိယအခေါက်ရောက်စဉ်၌ ရက်လည်းပိုရ၍လည်းကောင်း၊ ဘုရားဖူးခရီး၌ ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက် လိုက်ပါလာသော အိန္ဒိယလူငယ် ပါပူးနှင့် တစ်ခုံတည်းထိုင်ရပြီး ပါပူးဆိုသူမှာ ဘွဲ့ရပညာတတ်လူငယ်တစ်ဦးဖြစ်ခြင်းကြောင့် စာရေးသူ သိလိုသမျှကို အင်္ဂလိပ်စကားတတ်သူဖြစ်သဖြင့် အသေးစိတ်ရှင်းပြနိုင်၍ စာရေးသူ အတော်အတန် သိခွင့်ရခဲ့ပေသည်။

• • • • •

သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး
ဝိဇ္ဇာနောက်ဆုံးနှစ်၌ အိန္ဒိယနိုင်ငံသမိုင်း
ကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူဖြစ်ခြင်း
ကြောင့်လည်းကောင်း၊ တက္ကသိုလ်၌ ...
လည်း၍ ဆရာအဖြစ်ဝင်ရောက် အ...
ထမ်းခဲ့ပြီး အိန္ဒိယနိုင်ငံခေတ်ဟောင်းနှင့်
ခေတ်သစ်သမိုင်းကို ကျောင်းသားများ
အား ပြန်လည်သင်ကြားပေးရ၍လည်း
ကောင်း အိန္ဒိယသမိုင်းအပေါ် အတော်
အတန်လေ့လာသိရှိခဲ့ပေသည်။ အိန္ဒိယ
နိုင်ငံနှင့် ပတ်သက်၍ စာရေးသူမှာ ...
တွေ့သာ သိခွင့်၊ လေ့လာခွင့်ရခဲ့သူ ...
ခဲ့ရာမှ ယခုအခါ ကိုယ်တိုင်ကိုယ်...
အိန္ဒိယနိုင်ငံသို့ နှစ်ကြိမ်နှစ်ခါ...



www.burmeseclassic.com

www.burmeseclassic.com

[...]တွေ့သိခဲ့၊ လေ့လာခဲ့သောအကြောင်းအရာများအနက် ဘာသာရေးနှင့် လူမှုရေးကိစ္စ ဖြစ်ရပ်များကို လက်တွေ့သိမြင်လာရပေသည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ထွန်းကားခဲ့သော ဗုဒ္ဓဘာသာဖြစ်တည်မှု အာသောကမင်းကြီး၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှု ပြင်းထန်ပြီး အိန္ဒိယနိုင်ငံအနှံ့ သာသနာပြန့်ပွားရေး၊ တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းမှု အထောက်အထားများဖြစ်သည့် စေတီ ပုထိုး၊ ကျောင်းကန်များနှင့် အထိမ်းအမှတ်ကျောက်တိုင်များ တည်ဆောက်ခဲ့မှုများကို မျက်ဝါးထင်ထင် မြင်ခဲ့၊ သိခဲ့ရ၍ စာရေးသူ စာတွေ့သိခဲ့၊ လေ့လာခဲ့သော အသိများသည် မျက်မြင်တွေ့မြင်ရသောအခါ အိန္ဒိယ၌ အမှန်တကယ်ဖြစ်တည်ခဲ့သော ဖြစ်ရပ်ပါတကားဟူ၍ မှတ်ချက်ချနိုင်ပေသည်။

ထိုနည်းတူ စာရေးသူတို့ အိန္ဒိယနိုင်ငံခေတ်ဟောင်းသမိုင်း သင်ကြားရာ၌ လူမှုရေးနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူဘာသာကိုးကွယ်ကြသူများအတွင်း၌ ဇာတ်ခွဲခြားမှု (ဝါ) လူတန်းစားခွဲခြားမှုရှိကြောင်း လေ့လာခဲ့ဖူးသည်။ အထူးသဖြင့် ရှေးခေတ် အိန္ဒိယနိုင်ငံတွင် ဇာတ်ခွဲခြားမှုမှာ အလွန်ပြင်းထန်သည်။ လူတန်းစားခွဲခြားမှု (ဝါ) ဇာတ်ခွဲခြားမှုသည် လုပ်ကိုင်ရသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် အများအားဖြင့် အခြေခံပြီး ခွဲခြားကြောင်း ယေဘုယျအားဖြင့် တွေ့ရသည်။ ထိုသို့ခွဲခြားရာမှ အိန္ဒိယနိုင်ငံ၌ ရှေးခေတ်ကာလကစပြီး ဟိန္ဒူဘာသာဝင်များအတွင်း လူတန်းစားလေးရပ် တစ်နည်းအားဖြင့် ဇာတ်(၄)မျိုးပေါ်ထွန်းလာခဲ့သည်။ ၎င်းတို့မှာ –

(၁) ဗြဟ္မဏမျိုး (ပုဏ္ဏားမျိုး)၊ (၂) ခတ္တိယမျိုး (မင်းဆွေမင်းမျိုး၊ မင်းမှုထမ်းမျိုး)၊ (၃) ဝဿမျိုး (ကုန်သွယ်မှုဖြင့်အသက်မွေးသူ ကုန်သည်မျိုး)၊ (၄) သုဒ္ဒမျိုး (ဆင်းရဲသားမျိုး၊ အခိုင်းအစေလုပ်ငန်း၊ သားသတ်လုပ်ငန်း၊ အများမလုပ်ချင်သည့်လုပ်ငန်းဖြင့် အသက်မွေးကြသူများ)

ဤနည်းဖြင့် အိန္ဒိယ၌ ရှေးခေတ်အစဉ်အဆက်အရ လူတန်းစားခွဲခြားထားခဲ့သည်။ ဇာတ်မြင့်သည့် ဗြဟ္မဏနှင့် ခတ္တိယတို့မှာ မြင့်မြတ်သော အမျိုးဟူ၍ သတ်မှတ်ကာ တခြားဇာတ်နိမ့်သူများကို နှိမ်၍ ဆက်ဆံသည်။ ဝဿတို့မှာ ကုန်သည်မျိုးဖြစ်ပြီး တစ်ခါတစ်ရံ ကုန်သွယ်ခြင်းဖြင့် ချမ်းသာကြွယ်ဝသည့် သူဌေးသူကြွယ်များကိုကား ကျန်ဇာတ်မြင့်သည့် ဗြဟ္မဏ၊ ခတ္တိယတို့အနေနှင့် အလေးထားဆက်ဆံတတ်ကြသည်။ အနိမ့်ဆုံးဖြစ်သည့် သုဒ္ဒအမျိုးအနွယ်တို့မှာ အထက်ဇာတ်သုံးမျိုးက နှိမ့်ချ၍ ဆက်ဆံခြင်းခံရသော လူတန်းစားတစ်ရပ် ဖြစ်ပေသည်။ ဇာတ်နိမ့် သုဒ္ဒတို့သည် အထက်ဇာတ်သုံးမျိုးဖြစ်သော ဗြဟ္မဏ၊ ခတ္တိယ၊ ဝဿတို့နှင့် ရောနှောနေထိုင်ခွင့်မရ။ သုဒ္ဒတို့မှာ သီးခြားရွာတည်၍ နေကြရ၏။ တခြားဇာတ်မြင့်သူတို့ နေထိုင်ရာရွာတချို့သို့ ဝင်ခွင့်လုံးဝမရကြပေ။

ဗြဟ္မဏဇာတ်မြင့်သူတို့က ပို၍ ပြင်းထန်စွာ အဆင့်အတန်းခွဲခြား၏။ နေထိုင်ရာရွာအတွင်းသို့ သုဒ္ဒတို့ကို ဖြတ်သွားခွင့်မပြု။ သုဒ္ဒတို့ ခွင့်မတောင်း။ ခွင့်မပန်ဘဲဖြတ်သွားမိသော် တုတ်၊ ခဲတို့နှင့် ပစ်ပေါက်နှိပ်စက်ကြသည်။ မရှိသာသည့် ကိစ္စရှိ၍ သုဒ္ဒဇာတ်နိမ့်သူအား ရွာတွင်းဝင်ခွင့်ပြုရသော် ဗြဟ္မဏတို့သည် အိမ်တံခါးများကို ပိတ်ပြီး သုဒ္ဒဇာတ်နိမ့်သူတို့အား မမြင်ရန် ရှောင်ကြသည်။

ဇာတ်နိမ့်၊ ဇာတ်မြင့် အိမ်ထောင်ပြုခွင့်ကိုကား ပြင်းထန်စွာ တားမြစ်ထား၏။ တစ်ခါတစ်ရံ ဇာတ်မြင့်အမျိုးသားက ဇာတ်နိမ့်အမျိုးသမီးငယ်ကို ချစ်ခင်မြတ်နိုး၍ လက်ထပ်ခဲ့သော် မလွဲမရှောင်သာ၍ ခွင့်ပြုသော်လည်း မိန်းကလေးကို အသိအမှတ်မပြု၊ ဇာတ်မြင့်သူတို့ အသိုင်းအဝိုင်း၌ ပါဝင်ခွင့်မရသည်ကိုလည်း တွေ့ရသည်။

ထိုဇာတ်ခွဲခြားမှု ပြင်းထန်၍လည်း သာဝတ္ထိပြည်၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဝိဍူဍဘမင်းသားသည် ကောသလမင်းကြီး၏သားတော်တစ်ပါး ဖြစ်သော်လည်း သာကီဝင်မင်းမျိုး မင်းသမီးကို လက်ထပ်ပေါင်းသင်းလို၍ သာကီဝင်မင်းထံ သမီးကညာတောင်းရာ ကျွန်မ(သုဒ္ဒဇာတ်)တစ်ယောက်ကို သာကီဝင်မမင်းမျိုးဟူ၍ အယောင်ဆောင်ပေးခဲ့ရာမှ မွေးလာသော မင်းသားဖြစ်သည်။ သာကီဝင်မင်းမျိုးဟု ဝိဝိကိုယ်မိမိ အထင်ရှိနေရာမှ သာကီဝင်အမျိုးတို့က ကျွန်မသားဟု ခွဲခြားဆက်ဆံမှုကို သိသောအခါ အခဲမကျေဖြစ်တော်မူပြီး သာကီဝင်မင်းမျိုးမင်းနွယ်များကို တိုက်ခိုက်သတ်ဖြတ်ခဲ့လေသည်။ ဤသည်မှာ ဇာတ်ခွဲခြားမှု၏ ဆိုးကျိုးတစ်ရပ် ဖြစ်ခဲ့သည်ကိုလည်း သမိုင်း၌ အထင်အရှား တွေ့ရပေသည်။

အိန္ဒိယနိုင်ငံ ခေတ်ဟောင်းသမိုင်း၌ ဇာတ်ခွဲခြားမှု (ဝါ) လူတန်းစားခွဲခြားမှု၏ ဆိုးကျိုးများသည် အိန္ဒိယနိုင်ငံသမိုင်း တစ်လျှောက် ကြုံတွေ့ခဲ့ရသည်။ ဇာတ်နိမ့်ဇာတ်မြင့် မခွဲခြားလိုသော အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဓီမင်းလျှင် ဇာတ်မြင့်သူတို့၏ လုပ်ကြံမှုကို ခံခဲ့ရခြင်းသည် ဇာတ်ခွဲခြားမှု၏ အကျိုးသက်ရောက်မှု တစ်ရပ်မင် ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံ၌ ဇာတ်နိမ့်များသည် ဇာတ်မြင့်သူတို့၏ နှိမ့်ချဆက်ဆံမှု၊ ဖိနှိပ်မှုများကြောင့် နောက်ဆုံး မခံမရပ်နိုင်သောအခါ ဟိန္ဒူဘာသာကို စွန့်၍ တခြားဘာသာများသို့ အစုလိုက်အပြုံလိုက် ဝင်ရောက်သွားသည်ကိုလည်း တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနိုင်ငံ မျှို့မဒေသ၌ ပွင့်တော်မူသော မြတ်စွာဘုရားသည် ဟိန္ဒူတို့၏ ဇာတ်ခွဲခြားမှုကို လက်မခံ။ ဆင်းရဲချမ်းသာမရွေး၊ လူတန်းစားမရွေး တစ်တန်းတည်းထား၍ ဆက်ဆံသလို၊ ကျွတ်ထိုက်သူတို့အား အဆင့်အတန်းမခွဲခြားဘဲ ကျွတ်တန်းဝင်စေခဲ့သည်။ ဆွမ်းခံကြွရာ၌လည်း မည်သူမဆို လောင်းလှူသော ဆွမ်းကို ဘုဉ်းပေးတော်မူခြင်းဖြင့် သာကီဝင်မင်းမျိုးမင်းနွယ် (ကိုယ်တိုင်လည်း တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်ခဲ့ဖူးသော မင်းတစ်ပါးပင် ဖြစ်သော်လည်း) ပင်ဖြစ်သော်လည်း လူတန်းစားမခွဲခြားဘဲ တန်းတူဆက်ဆံမှုကို ပြုခဲ့သည်။ ဒါကြောင့်လည်း မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဗုဒ္ဓဘာသာဝင်တို့မှာ မြို့လုံးကျွတ်၊ ရွာလုံးကျွတ်မျှ များပြားခဲ့သည်ကို တွေ့ရပေသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်ပိုင်း၌ကား အိန္ဒိယနိုင်ငံ၌ ဟိန္ဒူဘာသာဝင်များ ကြီးစိုးလာသောအခါ၌ကား ဇာတ်ခွဲခြားမှုသည် ဆက်လက်တည်ရှိခဲ့ပြီး ယနေ့တိုင် ဆက်၍ဆက်ကာ ကျင့်သုံးနေသေးသည်ကို ဘုရားဖူးသွားရင်း လေ့လာတွေ့ရှိခဲ့ပေသည်။

• • • • •

စာရေးသူ ပထမအကြိမ် ဘုရားဖူးထွက်စဉ်က မရောက်ရှိခဲ့သော ရှင်မဟာကဿပမထေရ်မြတ် သီတင်းသုံးတော်မူရာ ပိပ္ပလိဂူ၊ ရှင်မဟာကဿပမထေရ်မြတ် မကျန်းမမာဖြစ်စဉ် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်တော်မူပြီး ဗောဇ္ဈင်သုတ် ရွတ်ဖတ်ပေးတော်မူရာ ပိပ္ပလိဂူနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ရှင်မဟာကဿပမထေရ်နှင့် ညီတော် အာနန္ဒာတို့ ဦးဆောင်ပြီး ပထမသင်္ဂါယနာတင်ခဲ့သော ဝေဘာရတောင်သို့ တက်ရောက်ကြည်ညိုခဲ့သည်။

ဝေဘာရတောင်သည် ရာဇဂြိုဟ်မြို့၏ အနောက်ဘက်နှင့် မြောက်အ... ၌ရှိသည်။ တောင်ခြေ၌ တပေါ်... လည်းရှိသည်။ ပုဏ္ဏားများသည် ဝေဘာ... တောင်မှထွက်သော ရေပူကိုချိုးကြသ... ထိုရေပူချိုးခြင်းဖြင့် ရောဂါဘယများ... ကင်းသည်ဟု အယူရှိကြသည်။

စာရေးသူတို့ ဝေဘာရတော... စတင်တက်၍မကြာမီ ဟိန္ဒူဘာသာ... တို့ ရေချိုးရာစခန်းကို တွေ့ရသည်။ ဇ... နိမ့်၊ ဇာတ်လတ်၊ ဇာတ်မြင့် ရေချိုးစ... ဟူ၍ ခွဲခြားသတ်မှတ်ပြီး ဟိန္ဒူဘာသ... ဝင်တို့သည် မိမိတို့ ဇာတ်အလိုက် ... ကာ ရေချိုးကြသည်ကို တွေ့ရသည်...

စာရေးသူတို့ စတင်တွေ့ရ... ရေချိုးဆိပ်မှာ ဇာတ်နိမ့်သူတို့ချိုးသော ... ပူစခန်း ဖြစ်သည်။ အသက်ရှေ့... အငွေ့တထောင်းထောင်းထလျက် ...



ဇာတ်မြင့်၊ ဇာတ်လတ်တို့ ချိုးပြီး စီးဆင်းလာသော ရေပူကို ဇာတ်နိမ့်သူတို့ နှစ်နှစ်ခြိုက်ခြိုက် ရေချိုး...



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်မြင့်သူတို့ ချိုးပြီး စီးဆင်းလာသော ရေပူအား ဇာတ်လတ်တို့ ရေချိုးရာ ရေချိုးဆိပ်

ဆင်းလာသော ရေပူများကို ဇာတ်နိမ့်သူတို့ ရေချိုးနေသည်ကို မြင်တွေ့ရသည်။ အကာအရံမရှိ၍ ဇာတ်နိမ့်သူတို့ ရေချိုးပုံကို ကွက်ကွက်ကွင်းကွင်းမြင်ရသည်။ အထက်ဇာတ်မြင့်သူတို့ ချိုးပြီးသား ရေပူများသည် ရေမြောင်းမှ ဘသွင်သွင်စီးကျလာရာ ဇာတ်နိမ့်သူတို့သည် ရေမြောင်းမှ ရေကို ခံယူ၍ ချိုးသူချိုး၊ ရေမြောင်းရေကို ခံထားသော အုတ်ကန်အတွင်း၌ ချိုးသူချိုးနှင့် ကျေကျေနပ်နပ် ရေချိုးနေကြသည်မှာ တပျော်တပါးပင် ဖြစ်သည်။ တကယ်တော့ ထိုဇာတ်နိမ့်သူတို့ ချိုးနေသော အထက်မှစီးဆင်းလာသော ရေပူသည် ဇာတ်မြင့်သူ၊ ဇာတ်အလတ်ရှိသူတို့ ချိုးပြီးသား ရေများသာ ဖြစ်နေသည်ကို တွေးမိပြီး စာရေးသူအနေနှင့် ဇာတ်ခွဲခြားမှု၏ သဘောသဘာဝကို ပိုမိုနားလည်သဘောပေါက်မိပေသည်။ ဇာတ်နိမ့်သူတို့သည်လည်း မိမိတို့၏ နိမ့်သောဇာတ်အရ ညစ်ညမ်းရေကို ကျေနပ်စွာခံယူပြီး နှစ်ထောင်ချီ၍ ရေချိုးခြင်းကို ပြုမူကြ၍သော်လည်း ဇာတ်ခွဲခြားမှုသည် နှစ်ပေါင်းထောင်ချီအောင် ဆက်လက်တည်ရှိနေခြင်းပင်ဟု မှတ်ချက်ချမိသည်။

ဇာတ်နိမ့်သူတို့ ရေချိုးဆိပ်မှ ဆက်၍တက်ရောက်ခဲ့ရာ ဇာတ်အလတ်ရှိသူတို့ ရေချိုးဆိပ်သို့ ရောက်လေသည်။ ထိုရေချိုးဆိပ်ကိုကား အကာအရံများနှင့် ကာရံထားသည်ကို တွေ့ရသည်။ ဇာတ်လတ်တို့ ရေချိုးဆိပ်၊ ရေချိုးရာကန်သို့ ဆင်းသည့် လှေကား၌ အိန္ဒိယအမျိုးသား အမျိုးသမီးများ ရေချိုးရန် ဆင်းကြ၊ ရေချိုးပြီး ပြန်တက်ကြနှင့် စည်ကားနေသည်ကို တွေ့ရသည်။ ထိုဇာတ်လတ်အဆင့်ရှိသူများသည် အောက်ရေချိုးဆိပ် ရေကန်၌ ချိုးနေကြသော ဇာတ်နိမ့်ဆင်းရဲသားများနှင့် ယှဉ်ကြည့်က အဝတ်အစား သစ်သစ်လွင်လွင်နှင့် လူချမ်းသာများ မဟုတ်သော်လည်း ဥပဓိရုပ် သင့်တင့်မျှတသူတို့ဖြစ်ကြောင်း တွေ့ရသည်။

ထိုဇာတ်လတ် လူတန်းစားတို့သည်လည်း အထက်ရေပူစမ်း၌ ဇာတ်မြင့်သူတို့ ချိုးပြီးနောက် စီးဆင်းလာသော ရေပူများကို တမက်တမော ချိုးကြရမည့်သူများဟူ၍ စာရေးသူမှတ်ချက်ချမိသည်။

ဇာတ်လတ်တို့ ရေချိုးရာ ရေပူစမ်းမှ အနည်းငယ် လှေကားထစ်များတက်မိသောအခါ ဇာတ်မြင့်တို့ ရေချိုးသည့် ရေချိုးဆိပ်သို့ ရောက်လေသည်။ ထိုရေချိုးဆိပ်မှာလည်း လုံလုံခြုံခြုံ ကာရံထားသည်။ ရေချိုးဆိပ်အဝင်အဝ၌ ဝင်ထွက်သွားလာကြသည့် ရေချိုးမည့် ဇာတ်မြင့်တချို့ကို တွေ့ရသည်။ အဝတ်အစား သစ်သစ်လွင်လွင်နှင့် အထက်တန်းကျကျ နေထိုင်နိုင်သူများဟု ခန့်မှန်းနိုင်သည်။ ထိုသူတို့သည်ကား ဗေဘာရတောင်ရေပူစခန်းမှ ထွက်ရှိလာသော ရေပူများကို ပထမဆုံး ဦးစွာချိုးကြရမည့်သူများဖြစ်သည်။ မည်သူမျှ မချိုးရသေးသော သန့်ရှင်းသောရေပူကို ဦးစွာချိုးကြပေတော့မည်။ ထိုသူတို့က အိန္ဒိယနိုင်ငံ ဇာတ်ခွဲခြားမှု၏အကျိုးကို ခံစားရသည့်သူများပင်ဖြစ်ပေသည်။ ထိုသူတို့သည် မြဟ္မာလော၊ ခတ္တိယလောဟူသော အတွေးဖြင့် စာရေးသူ ကြည့်နေမိသည်။

စာရေးသူတို့ မြန်မာလူမျိုးတို့၏ လူတန်းစားခွဲခြားမှုမရှိပုံကိုတွေးရင်း သာမည ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ် ကရင်ပြည်နယ် သာမညတောင်သို့ ဆရာတော်အား ဖူးမြော်ရန်သွားစဉ် လမ်းခရီး၌ ဘုရင့်ညီနောင်ဂူကို ဝင်ရောက်ပြီး ရေပူကန်၌ ရေချိုးကြသည်ကို သွား၍ သတိရမိသည်။ အမျိုးသားနှင့် အမျိုးသမီး ခွဲခြားထားသော ရေပူကန်အတွင်း အယုတ်အလတ်အမြတ်မရွေး၊ လူတန်းစားမခွဲခြား၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တန်းတူညီမျှ ရေပိမ်ချိုးကြသည့်အဖြစ်ကိုတွေးရင်း စာရေးသူသည် "မြန်မာပြည်၌ လူဖြစ်ရခြင်းသည် ထူးမြတ်လှပါပေတကား" ဟူ၍ တွေးရင်း အပြုံးပီတိဖြစ်နေမိတော့သည်။

**တက္ကသိုလ်မျိုး**



www.burmeseclassic.com

www.burmeseclassic.com

# ဆာဒူးနှင့် ကျင့်စဉ်

မင်းသက်ဝင်း



## ဆာဒူးဟူသည်

ဆာဒူးဟူသည် အရှေ့တိုင်းရဲ့ ပြယုဂ်တစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံသားတွေက ဘုရားသခင်ပေးတော်မူတဲ့ ပုဂ္ဂိုလ်တွေ ဆာဒူးတွေကို ယုံကြည်လေးစား ကိုးကွယ်ခဲ့ကြသည်။ အမြဲတမ်း ဂုဏ်ယူပြောလေ့ရှိသည့်အချက် တစ်ချက်ခုသည်က ဆာဒူးသည် ကမ္ဘာတွင် မည်သည့်နေရာမှ မရှိပါဘူး။ အိန္ဒိယနိုင်ငံထဲမှာသာ ရှိသည်ဟူ၏။

ဆာဒူးသည် ဘာသာရေးဒဿနာရီတွေနှင့် စပ်လျဉ်းနေကြသူတွေဖြစ်သည်။ တစ်ဘက်စွန်းကျသည့် ဘာသာရေး ယုံကြည်ချက် ပြင်းထန်ကြသူတွေဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်သည့်လမ်းစဉ်တွေကို တစိုက်မတ်မတ်၊ ယုံယုံကြည်ကြည် ကျင့်ကြံနေသည့် ပုဂ္ဂိုလ်တွေကိုသာ ဆာဒူးဟု အနွတ္တသည္ဘပြု ခေါ်ဆိုကြလေ၏။

ဆာဒူးဟူသည် ဉာဏ်အလင်းရရှိဖို့ အမှန်တကယ် ကျင့်ကြံနေကြဖို့ပဲဖြစ်သည်။ လောကီအနှောင်အဖွဲ့တွေက လွတ်မြောက်ဖို့ သစ္စာတရားကို နက်နက်ရှိုင်းရှိုင်း သိရှိဖို့၊ ငြိမ်းချမ်းသာခြင်း၊ လောကကျင့်စဉ်များကို ရွေးချယ်ကျင့်ကြံကြဖို့ပဲဖြစ်သည်။

ကျင့်ကြံရာတွင် ပထမဆုံးက ဓာတ္တာကိုသတ်ရပါသည်။ စိတ်နှဲ့ခန္ဓာကိုယ်ကိုချုပ်တာ ပြောင်းလဲနိုင်ဖို့ အိမ်ထောင်ပြုမှုတွေကို ရှောင်ရှားရမည်။ သံယောဇဉ်ထားရှိမှု၊ တပ်မက်မှုတွေနှင့်အတူ ရှောင်ရှားနိုင်ရန်တောထွက်ရပေမည်။

ခေတ်ထွက်ခြင်း၊ ဘာသာရေး စည်းကမ်းချက်တွေကို လိုက်နာခြင်း၊ တရားထိုင်ခြင်း၊ ဆင်းရဲဒုက္ခခံခြင်း စသည့် နည်းလမ်းအမျိုးမျိုးကို ကျင့်ကြံအားထုတ်ရပေမည်။

ကျင့်ကြံသည့် နည်းလမ်းအားလုံးကို သဒါနဟုခေါ်၏။ သဒါနဟူသည် ရည်ရွယ်ချက်ပန်းတိုင်းကို ရောက်စေသော နည်းလမ်းများဟု အဓိပ္ပာယ်ရသည်။ ဆာဒူးဟူသည် နှုမည်အခြေခံသည် သဒါနမှနေပြီး ဆာဒူးဖြစ်လာသည်ဟူ၏။

## သမိုင်းကြောင်း

ဆာဒူးတွေကို မြင့်မြတ်သည့်ပုဂ္ဂိုလ်တွေလို့ သတ်မှတ်ထားကြသလို ကိုယ့်ကျင့်တရားကောင်းသူတွေ၊ ကိလေသာတဏှာကို ဖြတ်တောက်နိုင်စွမ်း ရှိသူတွေဟူ၍ သာမန်လူတွေက လွန်စွာကြည်ညိုလေ့ရှိကြသည်။ ထို့ပြင် နတ်ဘုရားများ၏ ကိုယ်စားလှယ်များဟူ၍လည်း ယူဆကြပါသေးသည်။ သီဝနတ်ဘုရားနှင့် ဗိသနိုးနတ်ဘုရားတွေကဲ့သို့ သူတို့သည်လည်းပဲ ရှည်လျားပြီးပြောင်း လဲတတ်သည့် သမိုင်းကြောင်းတွေနှင့် ကြုံတွေ့ခဲ့ကြရသူတွေဖြစ်ကြသည်ဟု ဆို၏။

ဆင်းရဲဒုက္ခခံခြင်းနှင့် လောကကျင့်စဉ်တို့သည် ဒ သသနိကဇဗေဒသီပွဲ ပညာတစ်ခုဖြစ်ပြီး တစ်ဦးချင်းစီရဲ့ စိတ်ဝိညာဉ်နဲ့ အနိုင်းမဲ့နတ်ဘုရားတွေကို ဆက်သွယ်နေတဲ့ ဆန်းကြယ်တဲ့ နည်းလမ်းတစ်ခုဖြစ်သည်။



www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀ ခန့်က စတင်ခဲ့သည်ဟု ယူဆရသော အိန္ဒိယနိုင်ငံရဲ့ ဂျူးကျော်ဝင်ရောက်မှုတွေနှင့်အတူ ရောက်ရှိလာခဲ့သော မြင့်မြတ်သည့် ဝေဒကျမ်းတွေက ဆင်းရဲဒုက္ခခံခြင်း ကျင့်စဉ်ကို သွယ်ဝိုက်အကျိုးသက်ရောက်စေသည်ဟု ပညာရှင်အချို့က ယူဆကြသည်။ အစောပိုင်းကျင့်စဉ်တွေအသည်ကား ဘာသာရေးအယူအဆနှင့် လုံးဝကွဲပြားသည်။

တခြားအယူအဆတစ်ခုမှာ ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများအရ ဆင်းရဲဒုက္ခခံသည့် ယောဂကျင့်စဉ်တွေကို ဟိန္ဒူမြစ်ဝှမ်းယဉ်ကျေးမှုမှ စတင်ခဲ့သည်ဟု ယူဆကြသည်။ ဘီစီ ၂၅၀၀ ခန့်မှ စတင်ခဲ့သည်ဟူ၏။

❒

## ဗိသနိုးနတ်ဘုရားနှင့် သီဝနတ်ဘုရား

ဟိန္ဒူဘာသာရေးမှာ နာမည်အကြီးဆုံး နတ်ဘုရားသည်ကား ဗြဟ္မာဖြစ်သည်။ ဗြဟ္မာနတ်ဘုရားနဲ့တွဲပြီး သိကြရသည်မှာ ဗိသနိုးနတ်ဘုရားနှင့် သီဝနတ်ဘုရားတို့ဖြစ်ကြသည်။ ဗိသနိုးနတ်ဘုရားသည် သမုဒ္ဒရာအလယ်မှာနေပြီး သီဝနတ်ဘုရားသည် ရေခဲလွှမ်းမိုးလျက်ရှိနေသော ကေလာသတောင်ပေါ်တွင် တရားထိုင် သမထစီးဖြန်းလျက်ရှိသည်။

ဆာဓူးတွေသည် ဗိသနိုးကိုးကွယ်သူ၊ သီဝကိုးကွယ်သူဟူ၍ ရှိကြသည်။ ဗိသနိုးဂိုဏ်းသား၊ သီဝဂိုဏ်းသားဟူ၍ ခေါ်ဝေါ်ကြသည်။

❒

## ဗိသနိုးကိုးကွယ်သူ ဗိသနိုးဂိုဏ်းသား ဆာဓူးတွေသည် ...

- နံ့သာဖြူနှင့် မှန်စောင်ကို နဖူးမှာရေးခြဲခြင်း၊ ဟသ်ာပြဒါးအနီဖြင့် ဗိန္ဒုတို့လေ့ရှိသည်။
- အဖြူရောင်၊ အဝါရောင်များကို အများဆုံး ဝတ်လေ့ရှိကြသည်။
- လက်တွင် ရုဒြာသျှဘုတာလစ်သီး စိပ်ပုတီးကို ထားလေ့ရှိသည်။
- အစဉ်အမြဲ စိပ်ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ ဘုရားမန္တန်တော် ရွတ်ဆိုလေ့ရှိကြသည်။
- ပျော့ပျော့ပျောင်းပျောင်း လောကကျင့်စဉ်တွေကို ကျင့်ကြံကြတတ်သည်။ အထူးသဖြင့် ဘုရားကျောင်းကန်များထဲတွင် အဓိဋ္ဌာန်ဝင်တတ်ကြသည်။
- ဟုန်းနတ်ပူဇော်ခြင်း၊ မီးပူဇော်ခြင်းအမူ ပြုလေ့ရှိကြသည်။
- သတိန္ဒြိယမြတ် သတ်မှတ်ကျင့်ဝတ်များကို လိုက်နာလေ့ရှိကြသည်။ မိမိကိုယ်မိမိ ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် ဖြိုးခြံခြင်း လုပ်လေ့မရှိပါ။

❒

## သီဝကိုးကွယ်သူ သီဝဂိုဏ်းသား ဆာဓူးတွေသည် ...

- ဆံပင်အရှည်ထားနိုင်သလောက် ထားကြသည်။ ထူထူထဲထဲ မုတ်ဆိတ်ကျင်စွယ်နှင့် အရောင်မွဲညစ်သော အဝတ်အစားတွေကို ဝတ်လေ့ရှိကြသည်။ တချို့မှာ အဝတ်အစားမလုံခြုံ၊ တချို့မှာ အရှက်ဖုံးရုံလောက်အနေအထား ဝတ်လေ့ရှိကြသည်။
- နဖူးပြင်တွင် နံ့သာဖြူတွေ ထုံမွှမ်းကြသည်။ မျက်နှာမှာသော်လည်းကောင်း၊ ခန္ဓာကိုယ်မှာသော်လည်းကောင်း ပြာများကို လူးလေ့ရှိသည်။
- တိရစ္ဆာန်အရေပြားတွေဝတ်ခြင်း၊ တိရစ္ဆာန်အရေပြားတွေပေါ်ထိုင်၍ တရားကျင့်လေ့ရှိကြသည်။ တဏှာကို ဖြိုခွဲဖျက်ဆီးသည့် ကျင့်စဉ်တွေကို ကျင့်လေ့ရှိကြသည်။
- ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်သည့် ကျင့်စဉ်မျိုးစုံကို ကျင့်လေ့ရှိကြသည်။ တန်ခိုးပြနိုင်သူတွေကလည်း အများကမြင်သာအောင် တန်ခိုးပြလေ့ရှိကြသည်။
- အစာငတ်ခံခြင်း၊ ရေထဲ၊ မီးထဲ၊ လေထဲ၊ မြေကြီးထဲတွေမှာ ကျင့်ကြံလေ့ရှိကြသည်။
- မဂျူရာသောက်ခြင်း၊ ဘိန်းရှူခြင်း၊ ကျလင်သောက်သုံးခြင်းများကို ပြုလုပ်လေ့ရှိကြသူတွေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

သီဝဂိုဏ်းသားတွေက အများဆုံးပါဝင်ကြသည်။

သီဝဂိုဏ်းသားတွေက မဟာပိန္နဲကိုလည်းကောင်း၊ ဓိန်ဝတီမယ်တော်ကိုလည်းကောင်း၊ စန္ဒီမယ်တော်ကိုလည်းကောင်း၊ ကာလီမယ်တော်ကိုလည်းကောင်း ကိုးကွယ်ကြသည်။

ဗိဿနိုးဂိုဏ်းသားတွေက ရာမ–သီတာကိုလည်းကောင်း၊ လက်ချိမ်းကိုမယ်တော်ကိုလည်းကောင်း၊ သူရဿတီမယ်တော်ကိုလည်းကောင်း၊ ကရိသျှနားနှင့် ရဓာကိုလည်းကောင်း ကိုးကွယ်လေ့ရှိကြသည်။

မည်သို့မည်ပုံ ကျင့်ကြံကြသည်ဖြစ်စေကာမူ နောက်ဆုံးအန္တိမရည်ရွယ်ချက်သည်ကား ဉာဏ်အလင်းရဖို့ဖြစ်သည်ဟု ဆိုလေ၏။

□

## ကျင့်စဉ်ထူးများ

ဆာဒူးအများစုသည် အသိဉာဏ်အလင်းရဖို့ ခြိုးခြံသည့်နည်းလမ်းတွေကို အရှိန်မြှင့်လိုကြသည်။ ယင်းအတွက် နည်းလမ်းမျိုးစုံကိုလည်း ကြိုးစားကြလေ၏။

နာရာယန်ဒတ်စ်ဆိုသည့် ဆာဒူးကြီးသည် နှစ်ပေါင်းလေးဆယ်ကျော်အတွင်း လုံးဝ အစာများကို စွန့်လွှတ်ပြီး တစ်နေ့နွားနို့နှစ်ခွက်ပဲပြီး သောက်သုံးခြင်းမရှိပါချေ။ (နို့ကိုပဲ ခန္ဓာကိုယ်လုံခြုံရေးအတွက် ဝတ်လေ့ရှိသည်။)

ဆင်းရဲဒုက္ခခံခြင်းစသည့် နည်းလမ်းတွေထဲတွင် အဓိကအယူအဆတစ်ခုမှာ တရားထိုင်ခြင်း (တာပအကျင့်)ဖြစ်သည်။ ယင်းလမ်းစဉ်သည် ပဥ္စလက်ဆန်သည့် စွမ်းအင်ကို ဆိုလိုခြင်းဖြစ်သည်။ တာပအကျင့်သည် စိတ်စွမ်းအင်တိုးပွားစေသည့် လမ်းစဉ်မျိုး ဖြစ်သည်။ ဆာဒူးတွေကို တာပသီ (ခေါ်) တရားကျင့်သူတွေဟု ခေါ်ကြသည်။

တာပ(ခေါ်) တရားထိုင်ခြင်းသည် အတွင်းမီးကို ဆိုလိုခေါ်သည့်မီး၊ အပြင်မီးနှင့် ဆက်စပ်လျက်ရှိနေသည်။ အတွင်းမီးကို ငြိမ်းသတ်ဖို့ စိတ်စွမ်းအင်တွေ တိုးပွားလာစေသည်ဟုဆိုသည်။

ကာမဆန္ဒဖြစ်စေသည့် သံယောဇဉ်မီးသည် တာပ (တရားထိုင်ခြင်း)က အဓိကကျသော အရင်းအမြစ်ဖြစ်သည်။ စိတ်၏တပ်မက်မှုကို ထိန်းချုပ်နိုင်ဖို့ ခန္ဓာကိုယ်ကို ထိန်းချုပ်ဖို့လိုသည်။ သီဝဂိုဏ်းသားတွေက လေ့ကျင့်ခန်းအမျိုးမျိုးလုပ်ပြီး ထိန်းချုပ်မှုကိုပြလေ့ရှိသည်။

အဓိဋ္ဌာန်ဝင်ခြင်းသည် ဆာဒူးတွေရဲ့ ပုံမှန်ကျင့်စဉ်တစ်ခုပဲဖြစ်သည်။ တချို့က တစ်ပတ်လုံးဥပုသ်စောင့်ကြသည်။ တချို့က လပေါင်းများစွာ ဥပုသ်စောင့်လေ့ရှိကြသည်။

ဒုက္ခဆင်းရဲခံသည့် ကျင့်စဉ်တစ်ခုက ဝစီပိတ်(နှုတ်ပိတ်) အဓိဋ္ဌာန်ဝင်ခြင်းဖြစ်သည်။ ဝစီပိတ်ကျင့်စဉ်များအထဲတွင် –

- လုံးဝအသံမထွက်ခြင်း၊
- စာရွက်စာတမ်းနှင့်သာ ပြောဆိုခြင်း၊
- လက်ဟန်ခြေဟန်နှင့်သာ ပြောဆိုခြင်း၊
- လက်ချောင်းနှင့်သာ ပြောဆိုခြင်းတို့ ရှိပါသည်။

အခြားကျင့်စဉ်တစ်ခုက တာပသျှ မတ်တတ်ရပ်ခြင်း ဖြစ်သည်။

ခါရီဆွာရီ (သီဝနတ်ဂိုဏ်းသား)တွေသည် ၁၂ နှစ်ကြာ မတ်တတ်ရပ်ပြီး အဓိဋ္ဌာန်ပြုကြသည်။ မတ်တတ်ရပ်ခြင်း အဓိဋ္ဌာန်ပြုမှုသည် ထိုင်ခြင်း၊ လဲလျောင်းခြင်း အလျဉ်းမပြုလုပ်ကြချေ။ မတ်တတ်ရပ်စဉ် အိပ်စက်ကြသည်။ အနားယူဖို့အတွက် တိုင်ကိုမှီပြီး ရပ်လေ့ရှိကြသည်။

ကာယနှင့်ဆိုင်သည့် တာပသျှပုံစံတချို့မှာ ခန္ဓာကိုယ်ကိုဆန့်ထုတ်ပြီး တရားကျင့်ခြင်းဖြစ်သည်။ ခြေလှမ်းအနည်းငယ် နောက်ဆုတ်ပြီး ခန္ဓာကိုယ်ကို ဆန့်ထုတ်ကာ တောင်ကိုပတ်နေသည့် ဆာဒူးတွေလည်းရှိသည်။

တချို့ ဆာဒူးတွေက အမှောင်ထဲမှာနေတဲ့သူတွေ၊ မြေကြီးအောက်ထဲမှာနေပြီး နေရောင်ကို လုံးဝမထိဘဲ၊ မကြည့်ဘဲ ကျင့်ကြံပါတယ်။ နောက်အစွန်းရောက်ကျင့်စဉ်တစ်ခုက နေရောင်အောက်မှာ ဘယ်တော့မှ မနေတဲ့လမ်းစဉ်ကို ကျင့်သူတွေလည်း ရှိသည်။ ဗိဿနိုးဂိုဏ်းသားတွေကတော့ ရာသီဥတုအမျိုးမျိုးနှင့် ထိတွေ့စွာနေလေ့ရှိကြသည်။

ကျင့်စဉ်တွေက များလှသည်။ ဆောင်းရာသီမှာ အေးစက်နေတဲ့မြစ်ရေထဲမှာ မေးစေ့အထိမြှုပ်ပြီး နာရီပေါင်းများစွာ တရားကျင့်သူတွေလည်းရှိသည်။

ဆန့်ကျင်ဘက်အနေနဲ့ ပူပြင်းတဲ့ နေ့လယ်ခင်းတွေမှာ မီးပုံအလယ်ထိုင်ပြီး ကျင့်သူတွေလည်းရှိကြသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## ကျင့်စဉ်၏ သားကောင်များ

အစောပိုင်းဝေဒကျမ်းတွေမှာ ခြိုးခြံစွာကျင့်တဲ့ မြင့်မြတ်သော သူတော်စင်တွေရဲ့လက္ခဏာသည် ခေတ်ပြိုင်ဆာဒှုးတွေနှင့် အတူတူပဲဖြစ်သည်။ ကာလတွေက ပြောင်းလဲသွားပေမယ့်၊ လူတွေပြောင်းနေကြပေမယ့် မမေ့မလျော့၊ မပြောင်းမလဲရှိနေတာကတော့ ဆာဒှုးဓလေ့နှင့် ယဉ်ကျေးမှုပဲဖြစ်သည်။

ဆာဒှုးတွေသည်...

(၁) အဝတ်အစားမဝတ်ဘဲနေကြသည်။
(၂) ဆံပင်ကို မဖြီးမသင်ဘဲ နေလေ့ရှိသည်။
(၃) လက်သည်းအရှည်၊ ခြေသည်းအရှည် ထားတတ်သည်။



(၄) ထူပျစ်ရှုပ်ထွေးသည့် ဆံပင်ရှည်များ ထားတတ်ကြသည်။
(၅) ခန္ဓာကိုယ်ကို ဖုံမှုန့်တွေ၊ ပြာတွေ လိမ်း ထားတတ်ကြသည်။
(၆) တိရစ္ဆာန်ရဲ့ အရေခွံတွေနဲ့ ဖုံးအုပ်ထား သည်။
(၇) နဖူးနှင့် ခန္ဓာကိုယ်ပေါ်မှာ ဆေးခြယ် သည်။
(၈) ရေတကောင်းနှင့် တောင်ဝှေးတစ်ချောင်း ဘယ်သွားသွား ယူသွားလေ့ရှိသည်။
(၉) ကာမဂုဏ်မခံစားဘဲ ယောဂကျင့်စဉ်တွေ ပဲ ကျင့်လေ့ရှိကြသည်။
(၁၀) လူ့အသိုင်းအဝိုင်းတွေနှင့် ဝေးဝေးနေတ ကြသည်။ တောထဲ၊ တောင်ပေါ် တစ် ယောက်တည်း နေလေ့ရှိသည်

□

## ထူးခြားဆန်းပြားပုဂ္ဂိုလ်များ

ဆာဒှုးတွေ၏ ကျင့်စ ကျင့်ရပ်တွေက ထူးခြားလှ သူများတကာ မလုပ်ဝံ့သော အ စဉ်တွေ၊ သူများ မမျှော်လင့်ထ သော ခြိုးခြံခြင်းတွေကို ဆာဒှုး က လုပ်ပြနိုင်သည်။

ရေထဲငုပ်နေရမလာ မြေကြီးထဲမှာ မြေထုံကူးရမလာ မီးထုံကူးရမလား၊ နှလုံးရပ် ချင်သလား ဖြစ်နိုင်သည်။ မီးလေ တိုက်သွားတဲ့အခါ အစိုး ပြီးမြောက်တဲ့ ဆာဒှုးတွေအတွက် တော့ အေးအေးဆေးဆေးဖြစ်သ အေးစိမ့်နေတဲ့ ရေခဲပြင်ပေါ် ကိုယ်လုံးတီးနဲ့ တရားကျင့်မ ဖြစ်သည်။ တောထဲ၊ တော ဂူထဲ၊ သစ်ပင်ပေါ်မှာ နှစ်ပေါ



www.burmeseclassic.com

www.burmeseclassic.com



-ားစွာ နေထိုင်ဝံ့သူတွေလည်းဖြစ်သည်။

လူတွေရဲ့ကံကြမ္မာကိုလည်း ဖတ်နိုင်သည်။ ကျန်း-ာရေးချို့တဲ့လျှင်လည်း ကျန်းမာအောင် ဆေးကုပေးဖို့ -နေလေးပါချေ။ ကံညံ့နေတဲ့သူတွေကိုလည်း ကယ်တင်နိုင်-ကြလေ၏။ စိတ်ကိုလည်းလွတ်စေလို့ ရသလို စိတ်ကိုလည်း -ထည်းနိုင်စွမ်း ရှိကြပါသည်။

မည်သို့ဆိုစေ ဆာဒူးတွေသည် ထူးခြားဆန်းပြား -များဟုဆိုသော် မမှားနိုင်ပါချေ။ မည်၍မည်မျှစွမ်း -ား ရှိစေကာမူ လူသားတစ်ယောက်ဖြစ်သည့်အတွက် -ည်း နေမည်၊ သေမည့်သာ ဖြစ်သည်။

"ဆာဒူးဟာ မသေပါဘူး။ ခန္ဓာကိုယ်ပြောင်းသွား -သဲဖြစ်တယ်"ဟု ကြည်ညိုသည့်တပည့်တွေက ပြောဆို ကြသေးသည်။ (အိန္ဒိယနိုင်ငံ လွတ်လပ်ရေး မရခင် နှစ်ပိုင်းလောက်က သတင်းစာထဲတွင် ထူးထူးခြားခြား သတင်းတစ်ခုပါလာ၏။ ယင်းသည်ကား လွင်ပြင်ကြီးတစ်ခုမှာ ရှင်းလင်းရေးလုပ်ရန်အတွက် ဘူဒိုဇာနှင့် တောင်ကုန်းတွေ ဖြိုဖျက်သည့်အခါ ကုန်းမို့မို့တောင်ကုန်းတစ်ခုကို ဖြိုခွဲလေရာ တရားမှတ်နေသည့် ဆာဒူးတစ်ယောက်ကို တွေ့လိုက်ရ သည်ဟူ၏။ (စကားချပ်)

❒

## မျက်မှောက်ကာလ ဆာဒူးများ

လူတွေရော၊ ဆာဒူတွေပါ ခေတ်က တောင်းဆိုလာသည့်အတွက် အနည်းနှင့် အများ ပြောင်းလဲမှုတွေကတော့ မရှိ မဟုတ်၊ ရှိနေပါ၏။ သို့သော်ငြားလည်း ခံယူချက်နှင့် ယုံကြည်ချက်တွေကတော့ ပြောင်းလဲမည် မဟုတ်ပေ။ လူတွေရှိနေသရွေ့ ဆာဒူးတွေ ရှိနေပါမည်။ အိန္ဒိယရှိနေသရွေ့ ဆာဒူးဝါဒ ပျောက်ကွယ်သွားမည်ကား မဟုတ်။

ဆာဒူးကောင်းတစ်ယောက်ဖြစ်ဖို့ မည်သို့မည်ပုံ ပေးဆပ်ရမည်ကိုတော့ ဆာဒူး တွေပဲ သိကြပေလိမ့်မည်။

မှတ်ချက် – (ဆာဒူးငါးသန်းကျော်ခန့် ရှိသည်။ ယင်းသည့်အထဲမှာမှ တစ်သိန်းနီးပါးလောက်သာ အစစ် ရှိသည်ဟူ၏။ ဆာဒူးအစစ်က အတွေ့မခံ၊ အပြောမခံ၊ ကိုယ့်ကျင့်စဉ်နှင့်ကိုယ် နေလေ့ရှိသည်ဟူ၏။)

ဆာဒူးအစစ်အမှန်ကို ဒတ်သျှံ (ဖူးတွေ့ပွင့်) ရနိုင်ပါစေ၊ တွေ့ခွင့်ရသည့်အခါတွင်လည်း ဆာဒူးပေးသည့် အာရှိရ်ဘာတ်(မေတ္တာပေးခြင်း)ကို ရပါစေဟု ဆုတောင်း ပေးခြင်းမှတစ်ပါး အခြားမရှိပြီတည်း။

**သုတေသီ မင်းသဏ်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဆာဒူးတို့ရဲ့ ရေချိုးပွဲနှင့် အုံ့ဖွယ်ရာကျင့်စဉ်များ

## ပထမံဆရာကြီးဦးအောင်သူ

၁၂ နှစ်ကို တစ်ကြိမ်ပြုလုပ်သော ဆာဒူးတို့ရဲ့ ရေချိုးပွဲကို 'ကွန်ဘာမေလာ'ဟု ခေါ်သည်။ 'ကွန်ဘာ' ဆိုသောစကားမှာ ရေအိုးကိုခေါ်သည်။ 'မေလာ'ဆိုသောစကားမှာ ပွဲတော်ဖြစ်သည်။ ကွန်ဘာမေလာသည် ရေအိုးပွဲတော်ဖြစ်သည်။ ကွန်ဘာမေလာသည် ရေအိုးပွဲတော်ဟု ခေါ်သည်။ နှစ်စဉ် မကာရရာသီမှာ တနင်္ဂနွေနေ့ ရောက်သောအချိန်ကို မက်ီရသကရန္တီဟုခေါ်ပြီး ရေချိုးပွဲကို ကျင်းပလေ့ရှိသည်။ ရိုးရိုးရေချိုးပွဲဖြစ်ပြီး ၁၂ နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး ကွန်ဘာမေလာကာလမှာ ဆာဒူးပေါင်း သန်းနှင့်ချီပြီး ရောက်လာကြကာ ရေချိုးပြီး မိမိဒေသကိုပြန်သွားကြသည်။

ရည်ရွယ်ချက်သည် ဘာလဲ၊ ဘာကြောင့် အဲဒီကို အရေးတယူ ရေချိုးကြသနည်း။ အဖြေက ဆာဒူးတွေရဲ့ ရေချိုးတဲ့ပွဲနဲ့ သာမန်လူတွေ ရေချိုးချင်း အကြောင်းတရား၊ အကျိုးတရား မည်ကဲ့သို့ ကွာခြားပါသနည်း။

ကွန်ဘာမေလာအကြောင်း ရေးရလျှင် ဟိန္ဒူဘာသာရေးဆိုင်ရာ ဒဏ္ဍာရီတွေ၊ ပုံပြင်တွေကို ပြောရမှာ ဖြစ်ပါတယ်။ ပြောပြရမည့် ဒဏ္ဍာရီတွေကို စာဖတ်သူတို့ မယုံကြည်ရင်တောင်မှ နှလုံးသားထဲ လက်ခံနိုင်ပါမှ ပြောပြလို့ ဖြစ်မှာပါ။ လုံးဝလက်မခံနိုင်ရင်တော့ ဖတ်ရှုပြီး ထားခဲ့လို့ရပါတယ်။

နှစ်ပေါင်းထောင်ကျော် အရင်က ဖြစ်ရပ်တွေပါ။ ဝေဒကျမ်းနဲ့ ပုရာဏ်ကျမ်းတွေက စီးဆင်းလာခဲ့တာဖြစ်ပါတယ်။

တစ်ခါက သူတော်စင်နတ်တွေနဲ့ အသူရာနတ်ဆိုးတွေ မကြာခဏ ထိပ် တိုက်ရင်ဆိုင်တိုက်ပွဲတွေ ဖြစ်လေ့ရှိပါတယ်။ အသူရာနတ်ဆိုးတွေဟာ ရက်ရက်စက်စက် ကြမ်းတမ်းတဲ့ ရှိတဲ့အပြင် သူတော်စင်နတ်ကောင်းတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတာကို ဗိဿနိုးနတ်က သိမြင်နေပါတယ်။ ဗိဿနိုးထံမှ သူတော်စင်နတ်ကောင်းတွေက အသူရာနတ်ဆိုးတွေဘေးက ကင်းဝေးစေဖို့ အကူအညီတောင်းခံပါတယ်။ ဗိဿနိုးနတ်က ကူညီပေးမယ်လို့ ကတိပေးခဲ့တယ်။

ကြိမ်ဖန်များစွာ နတ်ကောင်းတွေကို နှိပ်စက်တဲ့ အသူရာခေါ် မိစ္ဆာနတ်ကို နှိမ်နင်းဖို့ ဗိဿနိုးနတ်ဘုရားက သမုဒ္ဒရာအောက်ခြေမှာ အမြိုက်ဆေး (ဝါ) မသေဆေးကို ရအောင်ယူဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတော်ကောင်းနတ်တွေဟာ မသေဆေး ရယူအောင်မြင်အောင် အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါ။ ဒါကြောင့် အသူရာခေါ် နတ်မိစ္ဆာတွေနဲ့ ပူးပေါင်းပြီး ကြိုးစားခဲ့တာနဲ့ အောင်မြင်ခဲ့ပါတယ်။ အဲဒီနေရာမှာ ဒီမသေဆေးကို နတ်ကောင်း၊ နတ်မြတ်တွေပဲ သုံးဆောင်ချင်ပြီး အသူရာနတ်ဆိုးတွေကို မသေဆေးပေးဖို့ မစဉ်းစားခဲ့ပါ။ အသူရာနတ်တွေ လက်ထဲရောက်သွားရင်လည်း သူတို့မသေဆေး သောက်မိလို့ တစ်သက်လုံးမျိုးပြုတ်မှာ မဟုတ်ပါ။

နတ်ဘုရားတွေနဲ့ မိစ္ဆာပေါင်းပြီး တူညီတဲ့ အရာတစ်ခုသောည်းကို ကြိုးပမ်းခဲ့တဲ့ ဆမူဒြာမန်ထန်ခေါ် ပင်လယ်ကိုချုပ်ခြင်းဟာ ဟိန္ဒူဘာသာရေး ဒဏ္ဍာရီမှာ ထင်ရှားကျော်ကြားခြင်း ဖြစ်ရပ်တစ်ခု ဖြစ်တယ်။ ဒီဖြစ်ရပ်ကို ဖော်ပြဖို့က ထူးခြားတဲ့ ကိရိယာပစ္စည်းများနဲ့ ကြီးမားတဲ့ အားစိုက်ထုတ်ဖို့ လိုအပ်ပါတယ်။ ဟိမဝန္တာတောင်ကို သတ်မှတ်ထားတဲ့ လျှို့ဝှက်ချက်အမှန်ကို သိစေနိုင်လောက်အောင် အားကြီးပါတယ်။ ကြီးမားတဲ့ ဝသုတိခေါ် မြွေဟောက်ကြီးနဲ့ နို့များရတဲ့ ဟိမဝန္တာတောင်ကိုရစ်ပတ်ပြီး မြွေရဲ့ခေါင်းပိုင်းကို အသူရာများကိုင်ပြီး၊ အမြီးပိုင်းကို နတ်ဒေဝါတကကိုင်ပြီး နို့များမွှေနေစဉ်အတွင်း ဝသုတိမြွေကြီးက အဆိပ်အမြောက်အမြားကို ဖယ်ထုတ်ခဲ့ကာ သိဝနတ်ဘုရားရောက်လာပြီး ဒီအဆိပ်တွေကိုသောက်ပြီး လည်ချောင်းထဲမှာ ငုံထားခြင်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အသူရာတွေကို ကယ်တင်ခဲ့ပါတယ်။

အဆိပ်ကြောင့် လည်ချောင်းတစ်လျှောက် မည်းပြာနေတဲ့ သိဝ လည်ပင်းကို နီလကဏ္ဍာ(လည်ချောင်းပြာ)လို့ သိဝနတ်ဘုရားကို ခေါ်ကြပါတယ်။ နောက်ဆုံး အဲဒီသမုဒ္ဒရာကြီးဟာ ဆန်းကြယ်တဲ့ မယ်တော်တွေ အများကြီးပေးခဲ့တယ်။ ဟိန္ဒူလူမျိုးတို့က အထွတ်အထိပ်ထားပြီး ကိုးကွယ်ကြတဲ့ မြင့်မြတ်တဲ့ မြင်းပျံလက္ခမီးမယ်တော် (ချမ်းသာမှုကိုပေးတဲ့ မယ်တော်)၊ ဝိသကရ်မာ (ဗိသုကာနတ်ဘုရား)တို့ကို ပေးခဲ့ပါတယ်။ အဆုံးမှာ သမားတော်နတ်ဘုရားဖြစ်တဲ့ ဓါရဝမိတြိ ပေါ်လာခဲ့တာကို မသေဆေး(ဝါ) အမြိတ္တကို ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ နတ်ဘုရားတွေက ဟိန္ဒူနတ်ဆိုးတွေက ဓာရဝမိတြိထံက မသေဆေးကို ခိုးယူထွက်ပြေးပြီး သောက်သုံးရန် မိစ္ဆာနတ်တွေ၊ မသေနိုင်တဲ့သူတွေ ဖြစ်လာမှာ စိုးရိမ်ထိတ်လန့်ခဲ့ကြပါတယ်။ အဲဒီစစ်ပွဲဟာ နတ်ပြည်မှာ ၁၂ ရက်ကြာ တိုက်ခိုက်ကြပါတယ်။ (လူ့ပြည်နဲ့ဆိုလျှင် ၁၂ နှစ်နဲ့ တူတဲ့အချိန်)

ဗိသနိုးနတ်ဘုရားက နတ်ဘုရားများကိုသာ ကယ်ဖို့ရောက်လာပြီး အသူရာဘီလူးများ၏ ဦးခေါင်းတွေကို သုဒဿနလက်နက်ဖြင့် ဖြတ်တောက်ကာ ရှင်းလင်းပါတယ်။ နတ်ကောင်းတွေက မသေဆေးကို ရရှိလာပါတယ်။ ဒါပေမယ့် အကောင်းအဆိုးစစ်ပွဲကြောင့် အမြိတ္တဆေးလေးစက်တမ္ဘာအပြင်ဘက်သို့ ဆေးရေတို့ကျလာပြီး အဲဒီရေတွေက ထာဝရသန့်စင်သွားပါတယ်။ ဒါကြောင့် ရေတကောင်း (သို့) အိုးလို့ အဓိပ္ပာယ်ရတဲ့ ကွန်ဘာနဲ့မေလာသို့ ရေချိုးပွဲတော်ကို ၁၂ နှစ်အတွင်း လေးဌာနမှာ ကျင်းပပါတယ်။ ကွန်ဘာမေလာကို မြင့်မြတ်သော ရေချိုးခြင်း (သို့) မဂ်ဟီစနစ်ကို ဇန်နဝါရီလမှာ ကျင်းပလေ့ရှိသည်။ ရေချိုးခြင်းနှင့်အတူ မသေဆေးကို သောက်သုံးခြင်း ပြုရပါတယ်။ ဒီနေရာမှာ မြစ်လေးစင်းစီးဆင်းတဲ့ မြစ်ကမ်းမြို့တွေက –

၁။ ဂင်္ဂါမြစ်စီးဆင်းရာ ဟာရီဒွါရ်မြို့၊
၂။ ချီပရာမြစ်စီးဆင်းရာ ဦးဂျင်းမြို့၊
၃။ ဂိုဓာဗရီမြစ်စီးဆင်းရာ နာဆစ်မြို့၊
၄။ ဂင်္ဂါ+ယမုံနာ+သူရဿဒီမြစ် စီးဆင်းရာ ပရာယဂ်မြို့ဟု ခေါ်တွင်စေသည်။

အဓိဌာန်အောင်တဲ့ လေးနေရာ (၁) ဘဒြိနတ် ဗိသနိုးကျောင်း။ (၂) ကဲဒရ်နတ် သိဝနတ်ကျောင်း။ (၃) ဂင်္ဂုတ္တရီ ဂင်္ဂါမယ်တော်ကျောင်း၊ (၄) ယမုံနုတြိ–စန္ဒီမယ်တော်ကျောင်းတွေဟာ ဟိန္ဒူဘာသာဝင်တို့ မရောက်မနေရ ကျောင်းတွေဖြစ်ပါတယ်။ အားလုံး တောင်ပေါ်မှာ ဖြစ်ပါတယ်။

ကွန်ဘာမေလာရဲ့ သန့်စင်စေဖို့ ရေချိုးခြင်းမလေ့အပြင် ဒူတော်စင်တွေ ကျော်ကြားတဲ့ ဆာဒူးကြီးတွေကို ဆွဲဆောင်စရာ နေရာတစ်ခု ဖြစ်ပါတယ်။

လောဘာတ်မြို့က တြိဗေဒီ(ဝါ) ဆပ်ဂမ် ရေချိုးခြင်း ရေငုပ်ခြင်း မင်္ဂလာအချိန်အခါ ဖြစ်ပါတယ်။ ယုံကြည်မှုကို ဖြစ်စေတဲ့ အတည်ပြုလက်ခံခြင်း ဖြစ်ပါတယ်။ ကွန်ဘာမေလာဟာ ငြိမ်းချမ်းရေးနဲ့စိုက်ပျိုးရေး တိုးပွားရေးတွေ ဖြစ်တဲ့အထိ ရည်ရွယ်ခဲ့ပါတယ်။

ကွန်ဘာမေလာ ပြုလုပ်ဖို့အချိန် နေ့ရက်၊ နေရာတွေ ရွေးချယ်မှုတွေက တိကျပြီး နက္ခတ်နှင့်တွက်ချက်နည်းတွေကို ကြိုတင်ဆုံးဖြတ်ကြပါတယ်။ အဆိုပါ နေ့ရက်အချိန်နေရာရှိ ဂြိုဟ်များရဲ့ အစီအစဉ်ဟာ ကြီးမားတဲ့ ကောင်းမှုချမ်းသာကို ထုတ်ပေးနိုင်တယ်လို့ ယုံကြည်ကြတယ်။ ထောင်စုနှစ်ရဲ့ ပထမဆုံး မဟာကွန်ဘာ (ဖေဖော်ဝါရီလ ၂၀၁၁ ဂြိုဟ်များရဲ့ အနေအထားကို ရွေးချယ်ပြီး ၁၄၄ နှစ်ကြာမှ တစ်ကြိမ် ပွဲဖော်မှာဖြစ်ပါတယ်။

မဟာကွန်ဘာမေလာ အတွင်းမှာ သန်းပေါင်းများစွာသော ဘုရားဖူးတွေ၊ လေ့လာသူတွေ တဲအတွင်းမှာ နေပြီး အခြေခံလိုအပ်ချက်တွေကိုပဲ မှားသုံးပြီး သက်သတ်လွတ်စားကြပြီး ဆမ်ဂမ်ထဲမှာ နေ့တိုင်းရေချိုးကြပါတယ်။ အပြစ်ဆေးကြောရန်အတွက် ကျင့်ကြံကြတယ်။ ကျင့်စဉ်တွေကို ပြင်းပြင်းထန်ထန် ကျင့်နေတဲ့သူကို ကာလ်ပမာစာလို့ ခေါ်ပါတယ်။

အရေးပါတဲ့ ရေချိုးတဲ့နေ့ "အော်နီဟာမစ်တိ"မှာ အခြေအနေတစ်ခုလုံး ပြောင်းလဲသွားပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ စီတန်းလှည့်လည်ပွဲကို လိုက်ပြီး ကြည့်ကြတယ်။ သန်းပေါင်းများစွာသော ဘုရားဖူးတွေက ကန့်သတ်ထားသော အဝတ်မဲ့လူဆာဒူးများ၊ နာဂါဆာဒူးများဟာ သတ်မှတ်ထားတဲ့အချိန်မှာ (ဟားရ် ... ဟားရ် မဟာဒေဝ) (ဟားရ် ... ဟားရ် ဂင်္ဂါရဲ)ဟု တစ်ပြိုင်တည်း အော်ဟစ်ကာ ရေထဲခုန်ချကြပါတယ်။

www.burmeseclassic.com

ရေငုပ်ပြီး ဆုမွန်ကောင်းပေးကြပါတယ်။

လောဟာဘတ်ရဲ့ ကွန်ဘာမေလာဟာ မကာလရာသီမှာရှိတဲ့ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ)လတွေမှာ ကျင်းပလေ့ ရှိသည်။

ဟာရီဒွါရရဲ့ ကွန်ဘာမေလာဟာ တနှစ်နွေ မိဿရာသီ၊ ကြာသာပတေးက မကာရရာသီမှာရှိတဲ့ ဖေဖော်ဝါရီ မတ်လတွေမှာ ကျင်းပရတယ်။)

ဦးဂျင်းရဲ့ ကွန်ဘာမေလာဟာ ကတော့ ကျွန်ုပ်ပြိုဟ်သုံးလုံးဟာ တစ်ရာသီစီမှာရှိတဲ့ အချိန်မှာ ကျင်းပကြတယ်။ (ပြေ၊ မေလ)

နာဆင်ရဲ့ ကွန်ဘာမေလာဟာ ဂြိုဟ်သုံးလုံးရဲ့ ကရကဋ်ရာသီမှာရှိတဲ့ အချိန်မှာ ကျင်းပလေ့ရှိပါတယ်။





(ဇူလိုင်လ၊ သြဂုတ်လ)များ ဖြစ်ပါတယ်။

ဆာဒူး အမျိုးမျိုးရှိရာတွင် ကမ္ဘ ဌာန်းဖြစ်နိုးနေသောဆာဒူး၊ ဆံပင်ရှည်သော ဆာဒူး၊ နှုတ်ခမ်းမွေးရှည်သော ဆာဒူး၊ မေတ္တာပို့ ဆာဒူး၊ သစ်ပင်ပေါ်မှာကျင့်တဲ့ ဆာဒူး၊ ရေထဲ၌ ပုတီးစိပ်တဲ့ ဆာဒူး၊ ခေါင်းမှာ မြွေပတ်ထားသော ဆာဒူး၊ ခြေထောက်ပခုံး၌တင်ထားသော ဆာဒူး၊ အခြားသော အံ့ဩဖွယ်ရာကျင့်နေသော ဆာဒူးကြီးများလည်း ရှိနေကြောင်း တင်ပြလိုက်ရပါတော့သတည်း။

**ပထမဆံရာကြီး ဦးအောင်သ**

**မှီငြမ်း**

**ဒေါက်တာဒဂုန်၊ ဂင်္ဂါမြစ် ဝေဠှာက်မှ ဆာဒူးကြီးများ။**

www.burmeseclassic.com

# ဂန္တီရနယ်မြေ ရှေးဟောင်းအငွေ့

# ဂင်္ဂါမြစ်ရေ

—— ပထမံဆရာကြီးဦးအောင်သူ



အိန္ဒိယနိုင်ငံ မြစ်တွေထဲမှာ ကျော်ကြားဆုံးမြစ်သည် **ဂင်္ဂါမြစ်** သည်။ ဂင်္ဂါ၊ ယမုံနာ၊ ဂိုဒါမရီ၊ သဒီ အစရှိသော မြစ်ကြီးတွေ မြစ်အသေးစားများလည်း ကြီးရှိနေပါသေးသည်။ ၎င်းမြစ် မြစ်လက်၊ မြစ်ငယ်အစားတွေ ဘာသာရေးနဲ့ယှဉ်ပြီး နာမည်ကြီးသည့်ကတော့ ဂင်္ဂါမြစ်ဂြဲ့ပင် ဖြစ်ပေသည်။

ဂင်္ဂါမြစ်ရဲ့အစသည် အိန္ဒိယ နယ်စပ်အလွန် တိဘက်နယ်စပ် ၁၂ ကီလိုမှစပြီး စီးဆင်းလာသော မြစ်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံထဲ ရောက်လာသောမြစ်သည် ဂိုမုတ်(နွားပါးစပ်) ဆိုသော ကျောက်ဆောင်ထဲမှနေပြီး ဆက်လက်စီးဆင်းသွားခဲ့ခြင်း ဖြစ်ပါသည်။ ထိုကျောက်တောင်သည် နွားပါးစပ်ပုံသဏ္ဍာန် ဖြစ်နေသည့်အတွက် ထိုကျောက်တောင်ထဲမှ စီးဆင်းသော မြစ်ရေကို နွားပါးစပ်မှ စီးဆင်းသော မြစ်ရေဟု ခေါ်ဆိုပြီး ထိုမြစ်ရေစီးဆင်းသော နေရာမှာမှာ အိန္ဒိယဘာသာ ရေးသမားတွေရဲ့ ထုံးစံအရ ဂင်္ဂါမယ်



www.burmeseclassic.com

www.burmeseclassic.com

နာရဒဂတ် ခေါ်

ရေချိုးဆိပ်မှာတော့

ဘယ်တော့မှ လင်စုံမယားဖက်၊

သမီးရည်းစားစုံတွဲတွေ

ရေမချိုးကြရပါဘူး။

အဲဒီရေဆိပ်မှာ ရေချိုးရင်

တစ်ယောက်မဟုတ်တစ်ယောက်

သေဆုံးတယ်ဆိုသော

ယုံကြည်မှုကြောင့်

ရေချိုးလေ့ မရှိပါ။

တော်ရဲ့ ဝတ်ကျောင်းအဖြစ် တည်ဆောက်လျက် ပူဇော်ကြပါသည်။

ဤကဲ့သို့ ပူဇော်သော ကျောင်းရှိရာ တောင်၊ သို့မဟုတ် ဂင်္ဂါမြစ်စတင်စီးဆင်းရာ တောင်ကို ဂံဂုတ်ထရီဟု ခေါ်ကြသည်။ ဂံဂုတ်ထရီသည် ဂင်္ဂါမြစ် စတင်ရာအရပ်ဟု သိထားကြသည်။ ဂင်္ဂါမြစ်သည် ဂံဂုတ်ထရီမှစပြီး စီးဆင်းလာခဲ့ရာ လွင်တီးခေါင်အရပ်များ၊ ကျေးရွာများ၊ မြို့များ၊ ပြည်နယ်ပေါင်းများစွာကို ကျော်ဖြတ်ကာ ဆင်းလာခဲ့ရာမှ အနောက်ဘင်္ဂါပြည်နယ်၊ ကိုလ်းကတ္တားမြို့မှ ဆက်လက်စီးဆင်းသွားပြီး ကိုလ်းကတ္တားမြို့မှ ကီလိုခုနစ်ဆယ်ဝေးသော နေရာမှာ ဂင်္ဂါမြစ်နဲ့ ဘင်္ဂလားပင်လယ်အော်တို့ ပေါင်းစည်းကာ စီးဆင်းသွားခဲ့သည်။ ဤကဲ့သို့ စီးဆင်းသွားသောနေရာကို ဂင်္ဂါဆာဂဲရ် (မြစ်နှင့်ပင်လယ် ပေါင်းစပ်ခြင်း)ဟု ခေါ်ပါသည်။

ဂိုမုတ်မှ ဂင်္ဂါဆာဂဲရ်အထိ စီးသွားသော ဂင်္ဂါမြစ်သည် မိုင်ပေါင်း ၁၅၆၀ မိုင် အလျားရှိသည်ဟု ဆိုပါသည်။ ဂင်္ဂါမြစ် ဖြတ်သန်းစီးဆင်းလာသော ဒေသတစ်လျှောက်မှာ သူ့အရပ်နဲ့သူ့ဇာတ် ကခဲ့ရခြင်း ဖြစ်ပါသည်။ ဥပမာ ဟရီဒွါရ် (နိဗ္ဗာန်တံခါး)ဟု ခေါ်သောမြို့၌ ဂင်္ဂါမြစ်သည် ထင်ရှားခဲ့လေသည်။ လူတွေဟာ ဂင်္ဂါမြစ်တွင် ရေချိုးချင်လျှင် တခြားမြို့တွေထက် ဟရီဒွါရ်မြို့ကို အများဆုံး လာကြသည်။ ဂင်္ဂါမြစ်မှာ ရေချိုးသန့်စင်ပြီး ဆုတောင်းရင် ဆုတောင်းပြည့်သည်ဟု ယူဆကြသည်။ ဒါကြောင့် ဂင်္ဂါမြစ်မှာ





www.burmeseclassic.com

www.burmeseclassic.com

ရေလုပ်ပြီး ရေချိုးသန့်စင်ရင် မကောင်းမှု ဆွေ့ ပပျောက်စေသည်။ လူသေတွေကို မီးသင်္ဂြိုဟ်ပြီး ရလာသော အရိုးနဲ့ ပြာတွေကို ဂင်္ဂါမြစ်ထဲမှာ မျှောခွင့်ရလျှင် ကောင်းရာမွန်ရာကို ရောက်သည်ဟု ဆိုသော ယုံကြည်ချက်တွေ ဘယ်က လာသလဲဆိုလျှင် ဟိန္ဒူတွေရဲ့ ယုံကြည်ချက် ဒဏ္ဍာရီတွေ ပုံဝတ္ထုတွေထဲမှ လာတာဖြစ်သည်။ ဂင်္ဂါမြစ်ကို ဘာသာရေးနဲ့ ပတ်သက်ပြီး ဦးစားပေးကြပါသည်။ ဂင်္ဂါမြစ်ဟာ အလွန်ဆန်းကြယ်လှပါသည်။ အကြောင်းမှာ –

ဂင်္ဂါမြစ်သည် ကောင်းကင်က တစ်ဆင့် စီးခဲ့ပြီး သိဝနတ်ရဲ့ ဦးရစ်တော်မှတစ်ဆင့် စီးဆင်းခဲ့သည့် အတွက် ဟိန္ဒူလူမျိုးတွေသည် မြင့်မြတ်တဲ့မြစ်တစ်ခုအနေနှင့် သတ်မှတ်ပြီး ရေချိုးပြီး ဆုတောင်းခဲ့လျှင် ပြေပျောက်သည်ဟုလည်းကောင်း၊ ဂင်္ဂါမြစ်ကမ်းခြေမှ ကွယ်လွန်သူကို အလှူအတန်းတွေ ပြုလုပ်လျှင် ကောင်းရာသုဂတိသွားသည်ဟု ယုံကြည်ကြရာ ထိုမြစ်ကို ရေချိုးသွားခြင်း ဖြစ်ပါသည်။

ဂင်္ဂါမြစ်သည် စတင်စီးဆင်းလာရာမှ ဖြတ်သန်းလာကာ ကိုလ်းကတ္တားမြို့မှတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ထဲ စီးဆင်းတဲ့နေရာမှာ ထူးထူးခြားခြား ဖြစ်ရပ်တွေ အမြဲတမ်းဖြစ်လာတာတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေသည်လည်း ဂင်္ဂါမြစ်သည် ဂမ္ဘီရဆန်မြေဖြစ်သလို ရှေးဟောင်းအမွေအနှစ်ဖြစ်သော ဂင်္ဂါဖြစ်သည် အံ့ဩဖွယ်ရာများ ရှိနေဦးမည် ဖြစ်ပါသည်။

ဂင်္ဂါမြစ်ရေသည် ရေမသန့်၍ဖြစ်စေ၊ ပိုးမွှားကြောင့်ဖြစ်စေ၊ ဓာတ်သတ္တုကြောင့်ဖြစ်စေ၊ အခြားနည်းလမ်း အမျိုးမျိုးကြောင့်ဖြစ်စေ မည်သူ့ကိုမျှ ရောဂါဝေဒနာ ဖြစ်စေခြင်း မရှိပါ။ ဂင်္ဂါမြစ်ရေကို ပကတိ ရေသန့်သဘောမျိုးအဖြစ် သုံးဆောင်ကြပါသည်။ မည်သူမျှ ကျိုချက်သုံးဆောင်ခြင်း မရှိသည်က အံ့ဩစရာဖြစ်ပါသည်။ ရှေးအခါက ရေအရမ်းများပေမယ့် လူတွေက စည်းကမ်းမရှိမှုကြောင့် ရေသည် တဖြည်းဖြည်း နည်းနည်းလာသည်ကို တွေ့ရ၏။ သို့သော် ဒီလူတွေက ဒီအတိုင်းပဲ သောက်သုံးဆဲ ရှိနေပါသည်။

မြစ်ရိုးတစ်လျှောက် အညစ်အကြေးစီးဆင်းတဲ့ နေရာမှာ ဗာရာဏသီကို ရောက်လာတော့မှ လူတွေက ဂင်္ဂါမြစ်ရဲ့တန်ဖိုးကို လေးလေးစားစား တန်ဖိုးထားကြပါသည်။ ဗာရာဏသီမြို့ကို ဖြတ်သန်းသွားသော ဂင်္ဂါမြစ်သည် မင်းစိုးရာဇာအသုံးပြုတဲ့မြစ်ဖြစ်ပါတယ်။ ဘုရင်တွေ အမိဋ္ဌာန်ဝင်တဲ့နေရာ၊ ဘိသိက်တော်ခံတဲ့နေရာ ဖြစ်လာပါသည်။

ဂင်္ဂါမြစ်ဖြတ်သန်းတဲ့ ဗာရာဏသီမြို့သည် မင်းနေပြည်တော်လည်း ဖြစ်ခဲ့လို့ ထည်ဝါစွာ ရပ်တည်ခဲ့လေသည်။ ဂင်္ဂါမြစ်တစ်လျှောက်မှာ ရေချိုးဆိပ် ၃၆၅ ဆိပ်ရှိသည်။ ရှေးခေတ်မင်းစိုးရာဇာတွေက တစ်ရက်ကို ရေချိုးဆိပ်တစ်ခုစီမှာ ရေချိုးလေ့ရှိသည်။ အုပ်ချုပ်သူမင်းတို့ ရေချိုးသောနေရာ၊ အုပ်ချုပ်ခံ မင်းမှုထမ်းတွေ ရေချိုးသောနေရာ၊ လူတွေသေသွားရင် မီးသင်္ဂြိုဟ်ပြီး ပြာတွေကို ဂင်္ဂါမြစ်ထဲ မျှောရမယ့်နေရာ စသည်ဖြင့် လူတွေ ခွဲခြားထားပါသည်။

ဗာရာဏသီရောက် ဂင်္ဂါမြစ်တစ်လျှောက်မှာ ရေချိုးဆိပ်ပေါင်း ၃၀၀ ကျော် တည်ဆောက်ခဲ့ရာမှ (နာရဒဂတ်)ခေါ် ရေချိုးဆိပ်မှာတော့ ဘယ်တော့မှ လင်စုံမယားဖက်၊ သမီးရည်းစားစုံတွဲတွေ ရေမချိုးကြရပါဘူး။ အဲဒီရေဆိပ်မှာ ရေချိုးရင် တစ်ယောက်မဟုတ်တစ်ယောက် သေဆုံးတယ်ဆိုသော ယုံကြည်မှုကြောင့် ရေချိုးလေ့မရှိပါ။

လောဟာဘက်မြို့နားက ဖြတ်သန်းသွားရင်းကနေ ယမုံနာမြစ်ရယ်၊ သူရဿဒီမြစ် မြစ်သုံးစင်း ပူးပေါင်းသွားသော နေရာကြီးဖြစ်သွားပါသည်။

ဂင်္ဂါမြစ် စီးဆင်းရာမှာ အစအဆုံးထိစီးသွားသောနေရာမှာ အခြားမြစ်တစ်စင်းနဲ့ ပေါင်းစပ်သွားသော နေရာရှိပါတယ်။ အဲဒီထဲမှာ နာမည်ကြီးဆုံးနေရာမှာ တြိဒေဝီခေါ် ဆမ်ရမ်ပဲ ဖြစ်ပါသည်။ ဗာရာဏသီသည် မင်းနေပြည်တော် ဖြစ်ခဲ့လို့ နာမည်ကြီးခြင်း ဖြစ်ပါသည်။ နောက်တစ်နေရာကတော့ နာဆစ်မြို့တွင်ရှိသော မြစ်စီးဆင်းရာနေရာပဲ ဖြစ်ပါတယ်။ နာဆစ်သည် ရှေးမြို့ကြီးပါကြီးဖြစ်ပြီး ဘာသာတရားကို ယုံကြည်သူတွေ နေလေ့ရှိသော မြို့ကလေးဖြစ်ပါသည်။ နာဆစ်မှ ကီလို ၂၀၀ ခန့်သွားလျှင် ဘုံဘေ (မွန်ဘိုင်း)မြို့ကို ရောက်နိုင်သည်။

ဂင်္ဂါမြစ်ကြီးသည် ဘယ်ကလာလာ၊ ဘယ်မှာဆုံးဆုံး ဟိန္ဒူဘာသာဝင်တွေရဲ့ရင်ဝယ် အမြဲစီးဆင်းနေမှာ ဖြစ်ပါကြောင်း။

ပထမံဆရာကြီးဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရွှေပညာ

ဘုန်းပွင့်ထွန်း

"မောင်သန်းဇော်နဲ့ အစ်ကိုတို့ အင်္ဂဝိဇ္ဇာ ဓာတ်ရိုက်ယတြာအကြောင်းတွေ ဆွေးနွေးခဲ့ကြတာ အတော်လေးကြာခဲ့ပြီနော်"

"ဟုတ်ပါတယ်အစ်ကို။ ဆွေးနွေးစရာတွေ ကုန်သွားပြီလား"

"ဆွေးနွေးစရာ ပညာရပ်ကတော့ ကုန်သွားတယ်လို့ ဘယ်ရှိပါ့မလဲ"

"ဒါဆိုရင် အစ်ကိုက ဘာပြောချင်လို့လဲ။ နောက်ထပ် မဆွေးနွေးချင်တော့လို့လား"

"မဟုတ်ပါဘူး။ ပညာရပ်ဆိုတာက နယ်ပယ်ကျယ်ဝန်းပါတယ်။ နက်လည်းနက်ရှိုင်းတယ်။ ဒီပညာရပ်အပေါ် ဆွေးနွေးရတာကလည်း အလွန်မှ တာဝန်ကြီးတယ်ကွဲ့။ မှုတွေ၊ ဥပဒေတွေ၊ စည်းမျဉ်းတွေဆိုတာရှိတယ်။ ဒီမှုတွေ၊ ဥပဒေတွေ၊ စည်းမျဉ်းတွေကို သောင်ကျော်ပြီး ဆွေးနွေးဖို့ကိစ္စကျတော့ အလွန်မှုဝန်လေးလှတယ်။ အခိုကတော့ ဆရာတော်ခင်ကြီးဖျော်ရဲ့ ကျမ်းရင်းလင်္ကာကိုသာ အဓိကဥပဒေသအဖြစ်ထားပြီး စံပြုနေကြရတုန်းပဲ။ အဲဒီကနေ သောင်ကျော်ဖို့ဆိုတာက ဆရာတော်ခင်ကြီးဖျော်လောက် ဉာဏ်မကြီးတာမို့ မထိဝံ့၊ မတို့ဝံ့ကြပါဘူး။ အစ်ကိုလည်း ဒီအတိုင်းပါပဲ"

"အစ်ကိုပြောတာကို နားလည်ပါတယ်။ ဆရာတော်ခင်ကြီးဖျော်ကိုလည်း အင်္ဂဝိဇ္ဇာဆရာသခင်အဖြစ် ဦးခိုက်ပါတယ်။ ဆရာတော်ခင်ကြီးဖျော်ရဲ့ အင်္ဂဝိဇ္ဇာ ကျမ်းရွှေစာတွေလည်း ဖတ်ဖူးပါတယ်။ ဒါပေမယ့် မရှင်းတဲ့နေရာတွေ၊ နားမလည်တဲ့နေရာတွေက အတော်များတယ်။ ဆရာတော်ရဲ့ အင်္ဂဝိဇ္ဇာစည်းမျဉ်းတွေ၊ ဥပဒေသတွေကို စံထားတာတော့ ဟုတ်ပါပြီ။ ဒါကိုနားလည်အောင် အတော်ကြိုးစားယူရမယ်။ အစ်ကိုရှင်းပြ တာတွေကျတော့ ရှင်းပြသလောက် နားလည်ပါတယ်"

"ဆရာတော်တို့ရဲ့ခေတ်က ပညာကို ပညာရှင်ဆန်ဆန် ရေးခဲ့ကြတယ်။ ပညာကို ဆရာစားမချန်ဘဲ ပေးတော့ပေးပါရဲ့။ တစ်ဖက်က ပညာကို အလွဲသုံးစားလုပ်မှာ၊ မဟုတ်တဲ့နေရာမှာသုံးမှာတို့ကိုလည်း စိုးရွံ့မှာန်တူပါရဲ့။ ပြီးတော့ အဲဒီခေတ်က ကဗျာလင်္ကာ အရေးအသားက အထူးထွန်းကားနေတာကိုး။ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ အင်္ဂရတ်ကျမ်းတွေကအစ ကဗျာလင်္ကာ အသွားနဲ့ မှတ်တမ်းတင် ပြုစုကြတာများတယ်။ လင်္ကာအသုံးအနှုန်း စကားလုံးတွေက ကျစ်လျစ်တယ်။ ချောမွေ့တယ်။ 'ကဝိမှီ ဘဝံကဗျာ'ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိခဲ့တယ်။ အဓိပ္ပာယ်ကို ရင်းကတော့ 'ကဗျာဟာ ပညာရှိတွေ ဥစ္စာ၊ ပညာရှိတွေရဲ့ဘဝလို့'ဆိုတယ်ဗျ

ဒါပေမယ့် ကဗျာရဲ့အဓိပ္ပာယ်ကို ပြန်ဖော်တဲ့နေရာမှာတော့ သက်ဆိုင်ရာ ဗေဒင်၊ ဆေး၊ အင်္ဂရတ်ဘာသာရပ်တို့ မနီးစပ်ကြတဲ့ သူတွေဆိုရင် အဓိပ္ပာယ် ကိုဖော်ထုတ်ဖို့ အနေအထားမသိနိုင်ကြ ဘူး။ လေ့လာလိုက်စားတဲ့ ဝါသနာကြီး တဲ့သူတွေကမှ အဓိပ္ပာယ်ကို နားလည် အောင် ကြိုးစားကြတာကလား။

ဆရာတွေကတော့ 'ဉာဏ်ချွန် တူယူတော့'တဲ့၊ 'ဗေဒင်အကြံ့ စာအ တဲ့ ဆိုရိုးစကားလည်း ထားခဲ့ကြသေ တယ်။ ဉာဏ်ချွန်းတူဖို့ကျတော့ ပါရမီ က လိုပြန်ရောလား။ ပါရမီရှင်တွေ တော့ ဓာတ်ခံကောင်းပါလားလို့ လွယ် ကူပေမယ့် ရှားပါတယ်။ ဒါကြောင့် နောက်ထပ်ပြီး ဗေဒင်အကြံ့ စာအ လို့ ဆိုရိုးထားပြန်တာပေါ့။ ဉာဏ်ချွန် တူဖို့အတွက်ကတော့ ဝီရိယဥ္စ်ကောင် ကောင်းနဲ့ကို ကြံစည်ရမယ်။ ကြိုး ရမယ်။ အားထုတ်ရမယ်။ 'ဆိုလိုတာ တော့ ပညာရပ်အပေါ် အရှုးအမူး နေရမယ်လို့ ဆိုလိုတယ်"

"အစ်ကိုပြောမှပဲ ပညာရပ်အ ဘယ်လိုသဘောထားသင့်သလဲဆို



www.burmeseclassic.com

www.burmeseclassic.com

သိထားရတယ်။ ပညာရပ်အပေါ် ချစ်မြတ်နိုးပြီး အမြဲတမ်း ကြံ့ခိုင်အား ထုတ် ကြိုးစားနေရမယ်လို့ဆိုလိုတာ ပေါ့တော်လား"

"ဟုတ်တယ် မောင်သန်းဇော်။ ပညာရပ်အပေါ် တန်ဖိုးထားရမယ်လို့ ဆိုလိုတာပဲ။ ပညာရပ်ကို လေ့လာ သည်မှုတဲ့အခါ အထောက်အကူပြုတာ က သီလနဲ့ သမာဓိပဲဆိုတာကိုတော့ အထူးပြောစရာတောင် လိုမယ်မထင် ဘူး။ သီလ၊ သမာဓိ၊ ပညာဆိုတာ အမြဲတမ်းတွဲစပ်နေတယ်။ ပညာကို လည်း တန်ဖိုးထားမယ်။ သီလနဲ့သမာဓိ လည်း ပြည့်စုံလာတယ်ဆိုတဲ့တစ်နေ့ အထောက်အပံ့ အကူအညီတွေက အလိုလို အကြောင်းတိုက်ဆိုင် ပေါ် ပေါက်ရရှိလာစေမှာဖြစ်တယ်။ ပညာရ ရာရာကြောင်း ဆရာစဉ်တွေနဲ့လည်း တွေ့ ပြီး ပညာရနိုင်တယ်"

"ဟုတ်ကဲ့အစ်ကို ကျွန်တော်မှတ် ထားပါ့မယ်။ သီလ၊ သမာဓိ၊ ပညာနဲ့ ဆက်သက်ပြီး အစ်ကိုရှင်းပြပေးနိုင် မလား"

"အကြောင်း တိုက်ဆိုင်ရင်တော့ ရှင်းပြပေးသွားပါ့မယ်။ မောင်သန်းဇော် လည်း ဒီပညာရပ်တွေကို လေ့လာနိုင် ပြီဆိုတော့ သီလပိုင်း၊ သမာဓိပိုင်း တွေ့ ထက်နိုင်သလောက် ထိန်း သိမ်းထောင်သွားစေချင်လို့ ပြောတာ အခု လေ့လာဆွေးနွေးခဲ့တဲ့ အင်္ဂ ပညာပိုင်းကိုပဲ ဦးခေါင်းပြန်တည် ကြရအောင်။ ဘယ်အပိုင်းအထိ ဆွေးနွေးခဲ့ကြလို့ပြီးပြီလဲ"

"ကျွန်တော်တို့ ပထမဆုံး ဆွေး နွေးကြတာကတော့ ဗြိဒိရုန်းပြီဟ်နဲ့ စတုရန်းပြီဟ်တို့နဲ့ သက်ဆိုင်တဲ့ ဓာတ် ရိုက်ယတြာအကြောင်းတွေပါ အစ်ကို။ လက်ရှိ ဆက်လက်ပြီး ဆွေးနွေးနေကြ တာကတော့ 'ကက်ကင်း'နဲ့သက်ဆိုင် တဲ့ အင်္ဂဗိဇ္ဇာ နည်းပညာတွေပါပဲ"

"ဒါဆိုရင် ဆက်ပြီးဆွေးနွေးကြဖို့ အများကြီးကျန်သေးတာပဲ။ ဗြိဒိရုန်းနဲ့ စ တုရန်းရယ်၊ တက်ကင်းရယ်ဆိုတော့ ပန္န ပွတ်တို့၊ အမြစ်တို့၊ အညွန့်တို့နဲ့ဆိုင်ရာ ဓာတ်ရိုက်ယတြာအကြောင်းတွေ ဆက် ဆွေးနွေးရဦးမှာပေါ့။ ပြီးတော့ မိတ်နဲ့ ဓာတ်ရိုက်ဓာတ်ဆင်တာတို့၊ ရန်နဲ့ ဓာတ် ရိုက်ဓာတ်ဆင်တာတို့ဆိုတာ တွေက လည်း ရှိသေးတယ်။ အခု အစ်ကိုတို့ အဓိကထား ဆွေးနွေးသွားကြတာက ဓာတ်ရိုက်ယတြာ ရွှေပညာလို့ ခေါင်းစဉ် တပ်ထားပေမယ့် ဓာတ်ရိုက်ဓာတ်ဆင် အကြောင်းကိုပဲ အဓိကထား ဆွေးနွေး သွားကြတာ ယတြာအပိုင်းက မပါသေး ဘူး"

"ဓာတ်ရိုက်တာနဲ့ ယတြာက ဘာ ကွာခြားလို့လဲ အစ်ကို"

"ဓာတ်ရိုက်ဓာတ်ဆင် လုပ်တယ် ဆိုတာက စိတ်ရဲ့ခံစားမှု၊ စိတ်ရဲ့စေစားမှု နဲ့ စိတ်ရဲ့ဖြစ်စေလိုမှုအပေါ်ကိုမှုတည်ပြီး ကိုယ့်အတွက် အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရယ်၊ သူတစ်ပါးအကျိုးဖြစ်ထွန်းစေ ဖို့ရော၊ အကျိုးပျက်စေဖို့အတွက်ပါ စီရင် ဆောင်ရွက်တာကို ဓာတ်ရိုက်ဓာတ်ဆင် တယ်လို့ဆိုတယ်။ ဒီနေရာမှာ ကိုယ့်အ တွက် အကျိုးဖြစ်ထွန်းစေဖို့အတွက်ဆို ရင် ကိုယ့်ကိုနှောင့်ယှက်တဲ့၊ ကိုယ်နဲ့အ ဆင်မပြေတဲ့သူကို အကျိုးပျက်စေမယ့် အစီအရင်မျိုးလည်း ဓာတ်ရိုက်တဲ့ပညာ ထဲမှာ ရှိနေတယ်။ ဥပမာအားဖြင့် ပြော ရမယ်ဆိုရင် နေ့သားတစ်ဦးက နေ့သား တစ်ဦးကို နိုင်စေတဲ့ အစီအရင်မျိုးပေါ့။ မိမိရဲ့ပြိုင်ဘက်ကိုပဲဖြစ်ဖြစ်၊ မိမိရဲ့ မသင့် မြတ်တဲ့သူကိုပဲဖြစ်ဖြစ် အကျိုးစီးပွားပျက် စီးအောင် စီရင်တဲ့ အစီအရင်မျိုးတွေ ပေါ့။

ယတြာဆိုတာ မိမိရဲ့ကံ၊ မိမိရဲ့ ကောင်းကျိုး တိုးတက်စေဖို့အတွက် စီ ရင်တဲ့ ပညာရပ်ဖြစ်တယ်။ ကျန်းမာရေး ညံ့လို့ ကျန်းမာရေးကောင်းအောင် ပြု လုပ်တဲ့ယတြာ၊ ကံနိမ့်လို့ ကံမြင့်စေတဲ့ ယတြာ။ စီးပွားကျလို့ စီးပွားတက်စေတဲ့ ယတြာမျိုးတွေပေါ့။ ဘယ်သူ့ကိုမှ ပျက် စီးစေလိုတဲ့ကိစ္စ မရှိပါဘူး"

"ဒါတွေက သတိထားရမယ့်ကိစ္စ တွေပေါ့နော် အစ်ကို"

"ဟုတ်တယ်။ အထူးသဖြင့် ဆရာ သမားတွေက ကက်ကင်းဓာတ်ကို အရမ်းအသုံးမပြုဖို့ မှာကြားကြတယ်။ အခြားဓာတ်ရိုက်ယတြာနည်းကို သုံးစွဲ လို့ မဖြစ်နိုင်မှသာ ကက်ကင်းဓာတ် ယတြာတွေကိုသုံးစေလိုကြတယ်။ ကက် ကင်းတန်ခိုးက ချက်ချင်းအကျိုးကို လျင် မြန်စွာဖြစ်စေလို့ပဲ။ ကောင်းကျိုးအတွက် သုံးတဲ့ ကက်ကင်းဆိုရင်လည်း ကောင်း ကျိုးကို အလျင်အမြန်ဖြစ်စေသလို၊ မကောင်းတဲ့ဘက်မှာ သုံးရင်လည်း မကောင်းကျိုးကို အလျင်အမြန်ဖြစ်စေ တယ်။ ဒါကြောင့်မို့ သတိထားရမယ်လို့ ပြောတာ"

"ဒါဆိုရင် ကျွန်တော်မသိလို့ မေး ကြည့်မယ်။ စောစောကတက်တာတော့ မဟုတ်ဘူးနော်။ ဂန္ဓာရီသမားတွေကျ တော့ ကက်ကင်းတို့ နဝင်းတို့ကို တွင် တွင်ကြီးသုံးနေကြတာတွေ့ရတယ်။ အဲဒါ

www.burmeseclassic.com

ကို ဘယ်လိုသဘောရသလဲ အစ်ကို"

"ဂမ္ဘီရသမားဆိုတာ ဘယ်လိုလူမျိုးကိုပြောတာလဲ"

"ဘယ်လိုပြောရမလဲ။ ဝိဇ္ဇာမယလိုင်း လျှောက်နေတဲ့သူလို့ ပြောရမလား။ ပုတီးသမားလို့ ပြောရမလားဘဲ။ သူတို့ကျတော့ အထိန်းလေးနဲ့သုံးကြတာ။ အထိန်းဆိုတာက အခံဓာတ်အားကောင်းအောင် အရင်လုပ်ထားကြတာ။ ကက်ကင်းတို့ နဝင်းတို့သာမကပါဘူး။ ပညတ်ဓာတ်ကိုလည်းသုံးတယ်။ ဥပမာအားဖြင့် ပညတ်ဓာတ်ကို သုံးတယ်ဆိုရာမှာ အပြောင်းအရွှေ့ကိစ္စ၊ ပြောင်းရွှေ့ဖို့ 'ပြောင်းစေ့'နဲ့ ဓာတ်ဆင်တာမျိုးပေါ့။

ဆိုလိုတာက မိမိဖြစ်စေလိုသောကိစ္စနဲ့ စကားလုံးပညတ်နဲ့ မတိမ်းမယိမ်းဆင်တူတဲ့ ဓာတ်နံ့ပစ္စည်းနဲ့ ဓာတ်ဆင်တာမျိုးပဲ။ ပြောင်းရွှေ့နဲ့ ပြောင်းစေ့တို့ရဲ့ သဘောမျိုးပေါ့။ ဂမ္ဘီရသမားတွေသုံးတဲ့ နဝင်းနဲ့ အင်္ဂဝိဇ္ဇာပညာမှာသုံးတဲ့ နဝင်းချင်းကျတော့ မတူတော့ဘူး။ ဒါတွေက အင်္ဂဝိဇ္ဇာပညာရပ်နဲ့ မသက်ဆိုင်တဲ့ကိစ္စတွေမို့ ဒီတင်ပဲ ရပ်နားလိုက်တာပဲ ကောင်းတယ်။ အင်္ဂဝိဇ္ဇာနဲ့ပတ်သက်တဲ့ အပိုင်းကိုပဲ ပြန်ဆက်ကြရအောင်"

"အစ်ကို့ရဲ့စကားထဲမှာ နစ်မျော သွားနေမိတယ်။ ဂမ္ဘီရဆိုလို့ စိတ်လည်း ဝင်စားတယ်"

"လက်ရှိဆွေးနွေးနေတဲ့ ဦးတည်ခေါင်းစဉ်ပျောက်သွားမှာ စိုးလို့ပါ။ ဒီနေ့အဓိကဆွေးနွေးမယ့် အကြောင်းအရာကို မရောက်ဘဲနေလိမ့်မယ်"

"အစားဆိုတာ လူနဲ့မကင်းသလို အစားမှားတာလည်းရှိတယ်။ ထို့အတူပဲ ဆေးမှားတာလည်းရှိတယ်။ အစားမှားရင် အစားနဲ့ဖြေရသလို ဆေးမှားရင်လည်း ဆေးနဲ့ပဲဖြေရတယ်။ ထို့အတူပဲ ဓာတ်ရိုက်ဓာတ်ဆင်တဲ့အခါမှာ ဓာတ်မှားတာ၊ ဓာတ်ခိုက်တာတွေလည်း ကြုံရလေ့ရှိတယ်"

"ဟုတ်လားအစ်ကို။ ဓာတ်ရိုက်ယတြာဆင်တဲ့နေရာမှာ ဓာတ်မှားတာ ဓာတ်ခိုက်တာ ရှိတယ်ဆိုတာ အစ်ကိုပြောမှာပဲ သိရတော့တယ်။ ဓာတ်ခိုက်ရင် ဘယ်လိုဖြစ်တတ်သလဲ အစ်ကို"

"ဓာတ်ခိုက်ရင်တော့ ဘယ်လိုဖြစ်တတ်သလဲဆိုရင် တစ်စုံတစ်ခုအတွက် ဓာတ်ဆင်တဲ့နေရာမှာ အဲ့ဒီအတွက် ဓာတ်ကသွားပြီးမရိုက်ခင်ဘဲ ဓာတ်ရိုက်ဓာတ်ဆင်သူကိုပဲဖြစ်ဖြစ်၊ မဆိုင်တဲ့သူ တစ်ယောက်ကိုပဲဖြစ်ဖြစ် ပြန်လည်ပြီး ခိုက်စေတာ၊ ထိစေတာဟာ ဓာတ်ခိုက်တာပဲပေါ့။ အစ်ကိုလည်း ဒီညမှာ ပြုဖွယ်ကိစ္စလေးတွေရှိနေလို့ ဆွေးနွေးတာကို နားလိုက်ကြရအောင်။ နောက်နေ့မှ ဆက်ဆွေးနွေးကြတာပေါ့"

"ဟာ…အစ်ကိုကလည်း ဆွေးနွေးတာမပြတ်သေးဘူးလား။ ဓာတ်ခိုက်ရင် ဘယ်လိုဖြေပေးရမလဲဆိုတာကို ဆက်ဆွေးနွေးပြီးမှ နားတာပေါ့"

"ဒီညတော့ သည်းခံလိုက်ပါကွာ။ အစ်ကို့ရဲ့ကိစ္စတော့ မဟုတ်ဘူး။ သူများကိစ္စပါ။ မနက်ဖြန်တော့ မောင်သိန်းဇော်သိချင်တာကို ဆွေးနွေးပေးပါ့မယ်"

ဘုန်းမွင့်ထွန်း

၀၉-၂၅၅၇၁၀၇၆၃


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်း ပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြား လာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ် သော ဝိယ-လာဘ-ခနေ-ပညာ စသည်တို့ အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့်ကြုံကြိုက်ချိန်၌ သမထ ကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်းပါး လိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင် ထားခြင်းအားဖြင့်…

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝိယ + ခနေ လာဘ ပညာရေး စသည် တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင် ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း လေလမ်း သွားရာတွင် ဆောင်ထားခြင်း ဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး ထို ရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို၊ လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်း ကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလို ရှိပါက…

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# သင့်လက်မှာ ဒါမျိုးပါလား?

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။



## ချစ်မိုးကြီး သဲသဲမဲမဲ ရွာတဲ့ လက္ခဏာ

ဒီလက္ခဏာမျိုးဟာ ထိုးထွင်းဉာဏ် အလွန်ကောင်းတတ်တယ်၊ စိတ်ထားလည်း မြင့်မြတ်နိုင် မာတယ်၊ ဒါပေမဲ့ အချစ်ရေးမှာတော့ မိဘ သဘော မတူသူကိုမှသွားပြီး ချစ်မိဘတတ်တယ်၊ ပြီးတော့ သူ့ရဲ့ ဘဝမှာ တစ်ခုလပ်၊ မုဆိုးဖို၊ မုဆိုးမ၊ မိမိထက် အသက်ကြီးသူနဲ့မှ အိမ်ထောင်ကျတတ်တာ…၊ ဘာသာမတူတဲ့သူတွေနဲ့ လက်ထပ်တဲ့သူတွေရဲ့လက်မှာ ဒီလက္ခဏာမျိုး တွေ့ရတတ်တယ်။ နှလုံးလမ်းကြောင်းဟာ ဉာဏ်လမ်းကြောင်းကို ဖိပြီး ထပ်ထားလို့ လက်ဝါးပြင်မှာ ကန့်လန့်ကြီးဖြစ်နေရင် အဲဒါကို မသိတဲ့လူတွေက "လက်ပြတ်" လို့ ခေါ်လေ့ရှိတယ်။ လက္ခဏာအရတော့ မခေါ်ပါဘူး အရပ်အခေါ်ပါ။



www.burmeseclassic.com


## စိတ်ခံစားမှုအတိုင်းလုပ်တဲ့ လက္ခဏာ



နှလုံးသားဆိုတဲ့က ခံစားမှုဖြစ်တယ်၊ ဦးနှောက်ဆိုတာက စဉ်းစားဉာဏ်။ နှလုံးလမ်းကြောင်းက ဉာဏ်လမ်းကြောင်းကို ဖိထားတယ်ဆိုတော့ ခံစားမှုက စဉ်းစားဉာဏ်ကို ဖိထားတာပေါ့။ အဲ့ဒီတော့ စဉ်းစားဉာဏ်ဟာ အလုပ်မလုပ်တော့ဘူး၊ စိတ် ခံစားမှုအတိုင်း ပြုလုပ်တော့တယ်။

သူဌေးသမီးက အိမ်မှာ ခိုင်းထားတဲ့ မာလီကုလားနဲ့ လိုက်သွားတာဟာ ဒီလက်မျိုး။ ကျောင်းအုပ်ဆရာမကြီးဟာ ကျောင်းမှာခိုင်းထားတဲ့ မင်းစေနဲ့ လိုက်သွားတာဟာ ဒီလက္ခဏာမျိုး။ အများသူငါခေါ်တဲ့ လက်ပြတ်တော့ မဟုတ်ဘူး။ တဇွတ်ထိုးလုပ်တတ်တဲ့ လက်လို့တော့ခေါ်နိုင်တယ်။ ရက်စက်တတ်တဲ့ သဘောကို ဆောင်တဲ့ လက်မျိုးဟာ လက်ပြတ်လို့ခေါ်တယ်၊ ဘယ်လိုဟာမျိုးလဲဆိုတာ နှလုံးလမ်းကြောင်းကို ဉာဏ်လမ်းကြောင်းကကျော်ပြီး ထိုးထားတဲ့ လက်မျိုးကိုပြောတာ။

## ရက်စက်လို့ ကြေကွဲရတဲ့ လက္ခဏာ



ဒီလက်ပုံစံမျိုးဟာ အတော့်ကို ရက်စက်တတ်တယ်။

လမ်းဘေးမှာ ဖားကလေးက မော့ပြီး ထိုင်နေတာကို ရှူးဖိနပ်ဦးနှင့် ပစ်ကန်လို့ ဖားကလေးဟာ မြောက်တက်သွားပြီး မြေပြင်ပေါ်ကို ဖုန်းကနဲကျပြီး မရှုမလှ ဝေဒနာခံစားနေရတာကို ပီတိဖြစ်တဲ့သူရဲ့ လက်မှာ အဲဒီလို ဉာဏ်လမ်းကြောင်းမျိုးပါတာ • • •။

## အရွယ်မရောက်မီ လူသတ်မှုဖြစ်တတ်သော လက္ခဏာ



ဒီလမ်းကြောင်းမျိုးလည်းပါမယ်၊ လက်သန်းလည်း ကောက်မယ်ဆိုရင်တော့ ယုတ်တိရိုရိုနဲ့ လိမ်မယ်၊ စနစ်တကျ ခိုးမယ်၊ အကွက်ချပြီး စားပြတိုက်မယ့်လူရဲ့ လက်ဟာ ဒါမျိုးပဲ။ အသက်လမ်းကြောင်းရဲ့ အတက်တစ်ခုဟာ နှလုံးလမ်းကြောင်းကိုဖောက်ပြီး စနေဂြိုဟ်ခုံကိုရောက်နေမယ်ဆိုရင်အရွယ်မရောက်ခင်မှာ လူသတ်မှု ကျူးလွန်တတ်တယ်၊ သူကိုယ်တိုင်က အသက်လမ်းကြောင်းပါ ပြတ်နေရင်တော့ အရွယ်မရောက်ခင်မှာ သူကိုသူများကသတ်လို့ သေတတ်တယ်။

ဆက်ပါဦးမည် • • •　　　　ချမ်းသာကိုယ်စိတ်မြဲပါစေ • • •

**ဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတဲ့ ဒေါက်တာသောမင်း

မနသကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတဲ့ ဒေါက်တာသေမင်း

**မနုဿကျော်ဝင်း**(အမျိုးသားစာပေဆုရ)

သူမကို "ဒေါက်တာသေမင်း" (Dr.Death)ဟု လူတွေက နောက်ပြောင်ခေါ်ဝေါ်ကြ၏။ အဂတိလိုက်စားသူ၊ အကျင့်ပျက်သူတွေက သူမကို သဘောမကျ။ မလေးမစား မခိုးမခန့်ပြုကြ၏။ သို့ရာတွင် အမှန်တရား၏ ဘက်တော်သား အများပြည်သူတို့ကမူ သူမကို လေးစားချစ်ခင်ကြ၏။ သူမ၏ အမည်ရင်းအမှန်မှာ "ဒေါက်တာပွန်တစ်(ပ်)ရို ဂျာနာဆူနန်" (Dr. Porntip Rojanasunan) ဖြစ်သည်။ အလုပ်အကိုင်က ထိုင်းနိုင်ငံ မှုခင်းဆိုင်ရာ ဗဟိုဆေးသိပ္ပံမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်၏။ လူပုံစံက သေးသေးညှက်ညှက်၊ ရုတ်ချွန်းချွန်း။ မျက်နှာခပ်စွာစွာပုံစံမျိုး ဆိုထားသည့် နှုတ်ခမ်းနီကလည်း သွေးခြောက်ခဲအရောင် ခေါင်းမာဒေါသကြီး ပြီး ရန်လိုသည့်ပုံစံမျိုး ပေါက်နေသော်လည်း တကယ်တော့ သူမသည် ပျော့ပျောင်းသိမ်မွေ့ပြီး စကားကို နားဝင်ချိုအောင် ပြောဆိုတတ်သူတစ်ဦးဖြစ်၏။

"ဒေါက်တာ ပွန်စ်(ပ်)လား သူကတော့ ဒီမှာ နံပါတ်ဝမ်း(one)ပဲခင်ဗျ"

ဘန်ကောက်လေဆိပ်မှ အထွက်တွင် တက္ကစီမောင်းသူက လက်မထောင်ပြီး ပြောလိုက်ခြင်းဖြစ်၏။ သူမ၏ အမည်ကို ကျွန်တော့်နှုတ်မှ ထုတ်ဟရုံ ရှိသေးခင် တက္ကစီဒရိုင်ဘာက ထိုသို့ပြောလိုက်ခြင်းဖြစ်ရာ "ဘာ့ကြောင့် သူမကို မြင်သူတွေက ချစ်ခင်အထင်ကြီး လေးစားကြရတာလဲ"ဟူသော မေးခွန်းက ကျွန်တော်၏ဦးနှောက်ကို အလုပ်ပေးလေတော့၏။ သို့ဖြင့် သူမ၏အကြောင်းကို လက်လှမ်းမီသမျှ လေ့လာမိခဲ့ရပါသည်။

ဒေါက်တာပွန်တစ်(ပ်)သည် သာမန်ရိုးရိုးဆရာဝန်တစ်ဦး ဖြစ်သော်လည်း ရှေးဆန်းသော သူတို့၏အဖွဲ့အစည်း၌ ထူးခြားသည့်ပုံရိပ်လွှာ ပိုင်ရှင်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားနေသူဖြစ်၏။ ထိုင်းနိုင်ငံ၌ နာမည်အကြီးဆုံးမှုခင်းဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်သည့် သူမသည် အကျင့်ပျက်သူ အရာရှိကြီးများနှင့် အာဏာရှိသူ နိုင်ငံရေးသမားအချို့၏ စိန်ခေါ်မှုကို မကြာခဏခံနေရသူဖြစ်၏။ သူတို့က ဒေါက်တာပွန်တစ်(ပ်)ကို မလေးမခန့်ပြုကြ၏။ ဒီအင်(န်)အေ (D.N.A)စစ်ဆေးမှုကို ထိုင်းနိုင်ငံ၌ ဒေါက်တာပွန်တစ်(ပ်)က စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းမတိုင်မီက ပြစ်မှုနှင့်ဆိုင်သော ရုပ်အလောင်းများကို ရှိတွေကသာ ခွဲစိတ်စစ်ဆေးကြည့်ရှုခဲ့ကြခြင်း ဖြစ်၏။

## ဒါကြောင့် နာမည်ကြီးသည်

သူမသည် ခြိမ်းခြောက်မှု၊ လှောင်ပြောင်စော်ကားမှု၊ တရားစွဲဆိုပြီး ရုံးတင်စစ်ဆေးမှုတို့နှင့် အကြိမ်ကြိမ်ကြုံတွေ့ခံစားခဲ့ရ၏။ သို့ရာတွင် အများပြည်သူက သူမကို လေးစားကြည်ညိုကြ၏။ ၂၀၀၄ ခုနှစ် ဆူနာမီဒဏ်ချက်ကြောင့် ဖူးခက်ကမ်းခြေတွင် အသက်ဆုံးရှုံးခဲ့ရသူ ရှစ်သောင်းတို့၏ ရုပ်ကြွင်းများကို တစ်ဦးချင်းစီခွဲခြားပြီး အိတ်များဖြင့်ထည့်ခြင်း၊ အမည်ကဒ်ပြားများ ချိတ်ဆွဲခြင်းတို့ကို သူမကဦးဆောင်လျက် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အများပြည်သူတို့၏ တစ်ခဲနက်ချီးကျူးခြင်းကို ခံခဲ့ရ၏။

သေဆုံးသူတွေအတွက် တရားမျှတမှုရှိစေရန် ဆောင်ရွက်ပေးရေး၊ ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးရေးသည် လူ့အခွင့်အရေးဆိုင်ရာ ဘစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးခြင်းပင် ဖြစ်သည်ဟု ဒေါက်တာပွန်တစ်(ပ်)က ပြောပြခဲ့၏။

"တရားမျှတမှုဟာ ကျွန်မတို့အားလုံးအတွက် လိုအပ်တယ်။ ပြစ်မှုကျူးလွန်သူတွေကို အပြစ်ပေးရမယ်။ ဒါပေမယ့် ဒီမှာဖြစ်နေတာက ဆင်းရဲတဲ့လူ၊ စာမတတ်တဲ့လူ၊ ခုခံချေပမှုမပြုနိုင်သူတွေဟာ ဆောင်အချခံနေရတယ်။ အခွင့်ထူးခံလူတွေကျတော့ ဥပဒေချိုးဖောက်ကြပေမယ့် ပြစ်ဒဏ်ခံရမှုက ကင်းလွတ်နေကြတယ်။ ဒါဟာ မမှန်ကန်ဘူး။ ဘာ့ကြောင့် လူတွေကို ရွေးချယ်ပြီး အပြစ်ပေးနေကြရတာလဲ။ အာဏာကိုအလွဲသုံးစားလုပ်ပြီး လူသတ်နေကြသူတွေ၊ သူများကို ထိခိုက်နစ်နာအောင် လုပ်နေကြသူတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

တန်းတူရည်တူ အပြစ်ပေးကြရမယ်" ဟုကား ဒေါက်တာစပွန်းတစ်(ပ်)၏ သဘောထားနှင့် အမြင်ပင်ဖြစ်သတည်း။

ထိုင်းနိုင်ငံတွင် မှုခင်းဆိုင်ရာ ဆေးသိပ္ပံပညာသည် လူအများစိတ်ဝင်စားခြင်းမှ ကင်းဝေးသည့် လောကတစ်ခုလို ဖြစ်နေ၏။ ဒေါက်တာပွန်တစ်(ပ်)နှင့် အတူ ဆောင်ရွက်နေသူ ဤပညာရှင်မျိုး ၁၀ ယောက်ပင် မပြည့်ချေ။

"ကျွန်မတို့ဆီက မှုခင်းဆိုင်ရာ ဆေးသိပ္ပံပညာဟာ နိုင်ငံတကာအဆင့်နဲ့ယှဉ်ရင် အတော့်ကို နောက်ကျနေပါတယ်။ သိက္ခာရှိရှိနဲ့ ဆောင်ရွက်နိုင်ခွင့်ရဖို့ကတော့ လိုအပ်နေသေးတာပေါ့ရှင်။ ကျွန်မတို့ဆီမှာ မှုခင်းဆိုင်ရာ မနုဿဗေဒပညာရှင်တစ်ယောက်မှ မရှိသေးဘူး။ ဒီကနေ့ ကျွန်မတို့ရဲ့လုပ်ငန်းအတွက် ဘတ်ဂျက်ဟာ မူလထက် နှစ်ဆလောက်ရပေမယ့် ပစ္စည်းကိရိယာတွေက သိပ်ပြီးလိုအပ်နေသေးတယ်"

"ဒါပေမယ့် အခုတော့ တိုးတက်မှု တချို့တလေရှိလာပြီလို့ ဆိုနိုင်ပါတယ်။ ကျွန်မတို့ရဲ့ မှုခင်းဆိုင်ရာ ဗဟိုဆေးသိပ္ပံဌာနဟာ တရားရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိနေပြီး ဒီအင်(န်)အေ(D.N.A) စစ်ဆေးမှု ရုပ်အလောင်းခွဲစိတ်စစ်ဆေးမှုတွေအတွက် ဦးဆောင်ပြုလုပ်နိုင်ကြပြီ။ အင်း…လွတ်လွတ်လပ်လပ်နဲ့ သိက္ခာရှိရှိ ဆောင်ရွက်နိုင်ခွင့်ရဖို့ကတော့ လိုအပ်နေသေးတာပေါ့ရှင်"

## ပေါ်ပေါက်လာရတဲ့ အမှုမှန်များ

ဒေါက်တာ စပွန်တစ်(ပ်)သည် ၁၉၉၉ ခုနှစ်တွင် အမှုတစ်ခုကို မှန်ကန်စွာ စစ်ဆေးဖော်ထုတ်နိုင်ခဲ့ရာမှ စတင်ကျော်ကြားလူသိများလာခဲ့ရခြင်း ဖြစ်၏။ ထိုအမှု၏ဖြစ်စဉ်ကား ဤသို့တည်း။ ဒေါက်တာပွန်းတစ်(ပ်)၏တပည့် ဆေးကျောင်းသူတစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ လူသတ်ဓားပြဂိုဏ်းသားများ၏ လက်ချက်ဖြစ်သည်ဟု ရဲတို့က မှတ်ချက်ပြုခဲ့၏။ သို့ရာတွင် ဒေါက်တာပွန်းတစ်(ပ်)က မှုခင်းဆိုင်ရာ ဆေးသိပ္ပံပညာဖြင့် သေချာစွာစစ်ဆေးသောအခါ လူသတ်တရားခံမှာ သူမ၏ ချစ်သူရည်းစားကိုယ်တိုင်ဖြစ်ကြောင်းနှင့် ရုပ်အလောင်းကို ၁၆၀ ပိုင်းဖြတ်တောက်ပြီး အိမ်သာထဲသို့ပစ်ချကာ ရေဆွဲ၍ ဖျောက်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်တင်ပြနိုင်ခဲ့၏။

ပို၍များပြားသော မိသားစုတွေက သူတို့၏မိသားစုဝင်တွေ အကျုံးလွန်ခံခဲ့ရသည့် အမှုအခင်းများအတွက် အဖြစ်မှန်ဖော်ထုတ်ပေးနိုင်ရန် ဒေါက်တာပွန်းတစ်(ပ်)ထံ အကူအညီတောင်းခံလာကြ၏။

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပွားခဲ့ရသည့် ဖြစ်မှုကြီးတစ်ခုမှာ အလွန်ထင်ရှားပြီး စိတ်ဝင်စားဖွယ်ရာကောင်းလှ၏။ ဩဇာကိတ္တိမကြီးမားပြီး မိသားစု၏စီးပွားရေးလုပ်ငန်းများအားလုံးကို ထိန်းချုပ်ထားသူ ထိုင်းလူမျိုး "ဟန်ထောင်တမာဝါတနာ"ဆိုသူသည် ၎င်းညီ၏အိပ်ခန်းထဲ၌ သေနတ်တစ်လက်ကို ဆုပ်ကိုင်လျက် သေဆုံးနေရာ ရဲကို့က မိမိကိုယ်မိမိ သတ်သေမှုဖြင့် အမှုပိတ်ခဲ့ကြ၏။ ဒေါက်တာပွန်တစ်(ပ်)ကမူ ထိုပုဂ္ဂိုလ်သေဆုံးရခြင်းသည် ဦးခေါင်းကို အရင်ဦးစွာ အရိုက်ခံရပြီးမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း၊ မိမိကိုယ်မိမိ သက်သေခဲ့ခြင်းမဟုတ်ကြောင်း စစ်ဆေးဖော်ထုတ်တင်ပြခဲ့၏။ သို့ဖြင့် ထိုအမှုအတွက် ဟန်ထောင်၏ညီငယ် "နီပါဒေါလ်"ဆိုသူကို ၂၀၀၃ ခုနှစ်တွင် လူသတ်မှုဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် "တာ့ဘ်ဘိုင်"၌ ဆန္ဒပြသူ ၇၈ ဦး သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍ ဒေါက်တာပွန်တစ်(ပ်)က ထိုသူတို့ကို ထရပ်ကားများထဲတွင် အတင်းထိုးသိပ်ပြီး ပတ္တနီသို့ခေါ်ဆောင်သွားစဉ် မွန်းကျပ်သေဆုံးခဲ့ရကြောင်း စစ်ဆေးဖော်ထုတ် တင်ပြခဲ့၏။

လောလောလတ်လတ် သူမ၏ စစ်ဆေးဖော်ထုတ်ချက် တစ်ရပ်ကြောင့် ရုပ်ရှင်မင်းသား "ဒေးဗစ်ကာရာဒိုင်း"၏ မိသားစုဝင်များ မျက်ဖြူဆိုက်သွားခဲ့ရ၏။ ထိုမင်းသားသေဆုံးခဲ့ရခြင်းမှာ လိင်ဆက်ဆံမှုတစ်ခု၌ အလွန်အမင်း ကျေနပ်မှုရရှိနိုင်စေရန် ပြင်းပြင်းထန်ထန်အားထုတ်ဆက်ဆံခဲ့မိခြင်းကြောင့် ဖြစ်၏။ ၂၀၀၅ ခုနှစ်တွင် ခဝန်ထောန်းဝမ်ဒါ အိုဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး သေဆုံးခဲ့ရာ ရဲတို့က ၎င်းသည် မိမိကိုယ်ကိုမိမိ အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြ၏။ ဒေါက်တာပွန်တစ်(ပ်) စစ်ဆေးသောအခါ၌ သေဆုံးသူ၏ အဆုတ်ထဲတွင် ကျည်ဆန်လေးတောင့်နှင့် ဦးခေါင်းထဲ၌ ကျည်ဆန်တစ်တောင့် တွေ့ရှိရလေရာ ထိုပုဂ္ဂိုလ်သည် မိမိကိုယ်မိမိ သတ်သေခဲ့ခြင်းမဟုတ်ဘဲ အသတ်ခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်တင်ပြခဲ့၏။

"အာဏာ အလွဲသုံးစားပြုမှုတွေ ဝန်ထမ်းအကျင့်ပျက်မှုတွေ များလွန်း… တာမို့ မတရားခံရသူတွေဘက်က … မားမတ်မတ် ရပ်ပေးနိုင်မည့် လူ… ယောက်တော့ လိုအပ်တယ်လေ။ …



www.burmeseclassic.com

www.burmeseclassic.com

ထွတ်လပ်လပ်နဲ့ ဓမ္မဓိဋ္ဌာန်ကျကျသာ ဆောင်ရွက်ခွင့်ရှိမယ်ဆိုရင် မှုခင်းဆိုင်ရာ ဆေးသိပ္ပံပညာဟာ အမှန်တရားကို ဓလွဲမသွေ ဖော်ထုတ်ပေးနေလိမ့်မည်လို့ ကျွန်မက ခိုင်ခိုင်မာမာယုံကြည်ပါတယ်" ဤကား ဒေါက်တာပွန်တစ်(ပ်)၏ ယုံကြည်ချက်ပင်ဖြစ်တော့သည်။

ဘဝရယ်၊ ဝါသနာရယ်၊ ဒဿနရယ်

ဒေါက်တာပွန်တစ်(ပ်)ကို ၁၉၅၅ ခုနှစ်တွင် ဗန်ကောက်မြို့၌ မွေးဖွားခဲ့၏။ ဆေးသိပ္ပံပညာကို မဟီဒေါလ်ရာမာသိဘောဓိဆေးရုံ၌ တက်ရောက်သင်ယူဆည်းပူးအောင်မြင်ခဲ့၏။ နောက်ပိုင်း၌ သူမသည် ထိုဆေးတက္ကသိုလ်တွင် သင်ကြားပို့ချသူဖြစ်လာ၏။ "ဖရာဟုဒ္ဓဝိနရာဇ" ဆေးရုံ၌ တာဝန်ထမ်းဆောင်နေစဉ် မိမိသည် သာမန်ရိုးရိုး ဆရာဝန်ဘဝဖြင့် အနှပ်နေ၍မဖြစ်ကြောင်း ဒေါက်တာပွန်တစ်(ပ်)တွေးမိကာ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့၏။ သို့ဖြင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီသို့ သွားရောက်ပြီး လက်နက်ကိုင်အဖွဲ့အစည်းများဆိုင်ရာတက္ကသိုလ်တွင် တက်ရောက်၍ မှုခင်းဆိုင်ရာ မနုဿဗေဒပညာနှင့် အရိုးရောဂါရှာဖွေမှုဆိုင်ရာ ဆေးပညာရပ်တို့ကို လေ့လာဆည်းပူးခဲ့၏။ မိမိ၏နိုင်ငံသို့ ပြန်ရောက်သည့်အခါ သူမသည် ရဲဌာနအသစ်တွင် တာဝန်ထမ်းဆောင်ရာ ထိုလုပ်ငန်း၌ နှစ်မြိုက်ပျော်ရွှင်ခဲ့ရ၏။ ထိုလုပ်ငန်းအသစ်သည်ကား ဘောဓိဆေးရုံတွင် နံနက် ၅ နာရီ [illegible]မီထမင် တစ်ခါတစ်ရံ မိမိတစ်ယောက်တည်း လူသေအလောင်းများကို ခွဲစိတ်ဖြတ်တောက် စစ်ဆေးရခြင်းပင်ဖြစ်၏။ ထိုအချိန်ကာလတုန်းက ထိုင်းနိုင်ငံတွင် မှုခင်းဆိုင်ရာ ဆရာဝန် ခြောက်ဦးသာရှိသေး၏။ မှုခင်းဆိုင်ရာ ဆေးသိပ္ပံပညာနှင့်ပတ်သက်သည့် အသိပညာအတော်များများကို ဒေါက်တာပွန်တစ်(ပ်)က စာအုပ်များထဲမှ ရရှိခဲ့၏။

"ဆရာဝန်တစ်ယောက် ဖြစ်ရတာကို ကျွန်တော် ဂုဏ်ယူပါတယ်။ ဒါပေမယ့် လူနာတွေကို ရောဂါရှာဖွေ စစ်ဆေးကုသပေးရတာထက် ရှုပ်ထွေးပြီး ခက်ခဲနက်နဲတဲ့ ပြဿနာရပ်တွေကို ဖြေရှင်းပေးရတဲ့ အလုပ်မျိုးမှာ ကျွန်မ ပိုပြီး နှစ်မြိုက်ပျော်ပိုက်တယ်ရှင့်"

ဤကား ဒေါက်တာပွန်တစ်(ပ်)၏ ဝါသနာဖြစ်သည်။

သူမသည် ခင်ပွန်းဖြစ်သူ ဘဏ်မန်နေဂျာ ဝီချိုင်း၊ သမီးလေး ယာဝီ ၁၇ နှစ်တို့နှင့်အတူ ဗန်ကောက်တွင် နေထိုင်လျက်ရှိ၏။

"ကျွန်မရဲ့ခင်ပွန်းက ကျွန်မထက် ပိုပြီး ဆရာဝန်ရုပ်ပေါက်တယ်။ အဲ ဒါပေမယ့် လူသေအလောင်းတွေကို ခွဲစိတ်ဖြတ်တောက် လွှနဲ့တိုက်ရတဲ့ ကျွန်မရဲ့အလုပ်မျိုးကိုတော့ သူက ကြောက်လန့်နေပုံရတယ်ရှင့်။ သူ ကျွန်မကိုလက်ထပ်တုန်းက ကျွန်မဟာ ဓာတ်ခွဲခန်းထဲမှာ မှန်ဘီလူးတွေ၊ စမ်းသပ်ဖန်ပြွန်တွေနဲ့ အလုပ်လုပ်နေရတဲ့ လူမျိုးလို့ သူက ထင်နေခဲ့မိတာကိုး"

ဟု ရယ်ရယ်မောမောနှင့် ပြောပြခဲ့ခြင်းဖြစ်၏။

နည်းပါးသော သူ၏လစာငွေကို ဖြည့်ဆည်းနိုင်ရန် သူမသည် မိမိကိုင်တွယ်ဖြေရှင်းခဲ့ရသည့် မှုခင်းများအကြောင်း စာအုပ်စာတမ်းတွေ ရေးသားထုတ်ဝေခဲ့ရာ ရောင်းမလောက်အောင်မင် ဖြစ်ခဲ့ရ၏။ ယခုအချိန်အထိ ရုပ်အလောင်းပေါင်း တစ်သောင်းကျော်တို့ကို ခွဲစိတ်ဖြတ်တောက် စစ်ဆေးခဲ့ပြီးဖြစ်ရာ ထိုသေဆုံးသူတို့၏ ဝိညာဉ်များက မိမိကိုစောင့်ရှောက်ပေးလျက်ရှိသည်ဟု ဒေါက်တာပွန်တစ်(ပ်)ကယုံကြည်၏။

"ကျွန်မကိုယ်ကျွန်မ သူရဲကောင်းတစ်ယောက်ရယ်လို့ မမြင်ပါဘူး...။ ဖေဖေက ကျွန်မကို ရဲရင့်သတ္တိရှိဖို့ မိမိနိုင်ငံတော်နဲ့ ဘုရင်မင်းမြတ်ကို ချစ်ခင်လေးစားဖို့ ဆုံးမခဲ့တယ်။ လမ်းပေါ်မှာ ပုလင်းကွဲတွေတွေ့ရင်တောင် သူတစ်ပါးမစူးရှမိရလေအောင် ကောက်ယူဖယ်ရှားဖို့ ကျွန်မကို ဆုံးမပါတယ်"

ဒေါက်တာပွန်တစ်(ပ်)က ပြောပြခဲ့ခြင်းဖြစ်၏။ ၁၉၉၉ ခုနှစ် ဒေါက်တာပွန်တစ်(ပ်)နာမည် စတင်ကျော်ကြားစဉ်မှာပင် သူမ၏လည်ပင်းအကြိတ်(သိုင်းရွိုက်)နှင့် အူမကြီးတို့တွင် ကင်ဆာရောဂါ စတင်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ဆက်လက်မပြန့်ပွားရန် ကြိုတင်ကာကွယ်ကုသမှု ခံယူခဲ့ရ၏။ ဤဖြစ်ရပ်က သူမကို သဓိရ သဘောတရားနှင့်ပတ်သက်၍ အမြင်သစ်တစ်ရပ် ရရှိသွားစေခဲ့၏။

"သေခြင်းတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ ဒါကြောင့် အသက်ရှင်နေထိုင်နိုင်တုန်းမှာ အကောင်းဆုံးအလုပ်တွေကို လုပ်နိုင်သမျှလုပ်သွားချင်ပါတယ်။ အသက်ရှင်နေတဲ့ ဘဝတစ်လျှောက်မှာ ဘာကောင်းမှုမှ မလုပ်ခဲ့ဘူးဆိုရင် အသက်ရှင်နေရတာဟာ ဘာများအဓိပ္ပာယ်ရှိဦးမှာလဲရှင်"

ဤကား ဒေါက်တာပွန်တစ်(ပ်)၏ ဘဝဆိုင်ရာ ဒဿနအမြင်ဖြစ်ပါသတည်း။

ခနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

www.burmeseclassic.com

# ဟိုတစ်ချိန်က ဆရာနှင့် တပည့်များ

မောင်ချိုမြင့်(ကန္တာရဝတီ)

လွန်ခဲ့သည့် တစ်နှစ်ခန့်က… ဂျာနယ်တစ်စောင်တွင် သည်းသည်းလှုပ်ကျောင်းသားမိဘတစ်ဦး၏ သတင်းကို ဖတ်လိုက်ရသည်။ သတင်းအချုပ်က သူ့သမီးငယ်ကို ကျူရှင်ဆရာမက ရန်သူသဖွယ် အပြီးအတေးထား ရိုက်နှက်သည်၊ ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုသည်။ ထို့ကြောင့် သမီးငယ်မှာ စိတ်ရောဂါ ထိခိုက်ခံစားနေသယောင်ယောင် ဖြစ်နေရပါသည် စသည်ဖြင့် ယင်းဆရာမကို ပညာရေးလောကမှ လုပ်ကိုင်ခွင့်မရ၊ လွင့်စဉ်အောင် အရှက်ပွားများစေရန် ဇာချဲ့ထားရာ ထိုသတင်းကိုဖတ်ရသူ ကျွန်ပော်အနေနှင့် မသိမဆိုင် မနေနိုင် သူတို့လိပ်စာ ပါဖုန်းကို လှမ်းဆက်လိုက်မိသည်။

"ခင်ဗျားတို့ ဆရာမကို တယ်လည်းအပုပ်ချနေကြပါလား။ ဆရာနဲ့ တပည့်ဆိုတာ ငြိုးသူရန်ဘက်မှ မဟုတ်ကြဘဲ။ ကလေးကို စာမရလို့ ကရုဏာဒေါသော အော်ငေါက်ဆုံးမမိတာ ဖြစ်မှာပါ။ ဒါကို ဒီလောက်ကြီးများ တောင် ပုံကြီးမချဲ့သင့်ပါဘူး"

သည်တော့ မိခင်သာမက အနားတွင်ရှိနေမည်တူသည့် ကလေးမ ဖခင်ကပါ ကျွန်တော့်အား မာကျောတင်းမာလှစွာသော ရိုင်းရိုင်းပျပျအသံဖြင့်

"မင်းက ဘာကောင်မို့ ဒီဆရာမဘက်က ဝင်နာနေရအောင် မင်းမယားမို့လား။ မအေ…က"

စသည်ဖြင့် ဖရုသဝါစာကို တန်းကုန်အသံမြှင့်တင်ရင်း ဆက်ဆဲလိုက်သည်။ ဤမှာပင် သူတို့စရိုက်၊ သူတို့အထာကို ဖော်ညွှန်းလိုက်ပြီဖြစ်၍ ကျွန်တော် ဆက်မပြောတော့ဘဲ ဖုန်းကိုချလိုက်သည်။

"အင်း…ဒီခေတ် ကျောင်းဆရာ၊ ဆရာမ လုပ်စားရတာ တယ်မလွယ်ပါလား။ ဆိုင်ရာဆိုင်ရာတွေကလည်း တပည့်ကျောင်းသားတွေကို ဘယ်လောက်ဆိုးဆိုး ရိုက်နှက်ဆုံးမဖို့ မပြောနဲ့ တွဲတေးသိန်းတန် သီချင်းထဲကလို နီးဖျားနဲ့တောင် မရွယ်ရက်ဘူးဆိုတာလို ဖြစ်နေတယ်။ မိဘတွေကလည်း ကြောက်ရုံ့ လန့်ရုံ့ ကြိမ်ကလေးနဲ့တို့ဖို့ မဆိုထားနဲ့ သူတို့သားသမီးကို အော်တာ၊ ငေါက်တာလောက်တောင် မကြိုက်ချင်ကြဘူး။ အဖြစ်သည်းနေလိုက်ကြတာ။ ဒီခေတ်ဒီအခါနဲ့ လိုက်လည်းလိုက်ပါရဲ့။ ဆရာသမားကို ကြောက်လန့်မှုမရှိတော့ နံပါတ်ဖိုးသမားတွေ၊ ဆေးလိပ်၊ ကွမ်းသမားလေးတွေ အရွယ်နဲ့မလိုက် ဖြစ်နေကြတာ အံ့ရော။ ဒီကြားထဲ နေ့လယ်နေ့ခင်း ကျောင်းကာအပြန် ဘတ်စ်ကားပေါ်မှာ အတွဲကိုယ်စီ ဖက်ယမ်းနမ်းရှုပ် ကားစီးနေကြတာ အရှက်မရှိကြဘူး။ သူတို့မိဘဘိုးဘွားများ မြင်စေချင်လိုက်တာနော်။

ကျွန်တော်သည် လွန်ခဲ့သော ကာလ ကလေးဘဝကို ပြန်ပြောင်းအောက်မေ့လိုက်မိသည်။

ကျွန်တော်၏ ကလောင်အမည်နောက်တွင် (ကန္တာရဝတီ)အမည်ခံထား၍ မသိသူအတော်များများက ကျွန်တော့်အား ကယားနွယ်ဖွား လို့ုင်ကော်သားဟု ထင်ကောင်းထင်ကြလိမ့်မည်။ အမှန်တော့ ကျွန်တော်နှင့် ကန္တာရဝတီ လွိုင်ကော်သည် ဘာမှမဆိုင်။ ဟိုမှာ ၁၉၇၂ မှ ၁၉၇၆ ထိ တာဝန်ထမ်းဆောင်ရင်း စာရင်းရုံးသွားဖွင့်သဖြင့် ရုံးပြောင်းသွားရပြီး စာကလေး၊ ပေကလေး ရေးမိရာမှ ယင်းနာမည်ကို ယူထားခြင်းမျှသာ ဖြစ်ပါသည်။ တကယ်တော့ ကျွန်တော်သည် တာမွေမြို့နယ်သား စစ်စစ်။

တာမွေဈေးပေါင်းနှင့် မျက်နှာချင်းဆိုင် ယခု အမက(၁၅) ကျောင်းနေရာသည် ကျွန်တော်ငယ်စဉ် ခြောက်နှစ်သားဘဝမှစ၍ စတင်ပညာသင်ယူခဲ့ရာ တာမွေမြူနီစီပယ်ကျောင်း ဖြစ်ပါ၏။ ကျွန်တော်၏ကျေးဇူးရှင် လက်ဦးဆရာရင်းမှာ ဦးဘိုးကြွယ်ဖြစ်ပါသည်။

ဆရာကြီးက သူ့နာမည်ကို (မှီ)



www.burmeseclassic.com

www.burmeseclassic.com

ဆုမရေး (ဘိုး)ဟုရေးလေ့ရှိ၏။ ကိုယ်ထားယတောင့်တောင့်တင်းတင်း၊ တိုက်ပုံအင်္ကျီ ဖိုဘီခဝါချ၊ မုဆိုးခါးပုံဆွဲ၊ ခေါင်းတစ် ပတ်ဝတ်ပြီး ရွှေကိုင်းမျက်မှန်တပ်ကာ ရှေးဆရာကြီးများပီပီ သျှောင်ကြီးပွေကြီးနှင့် အသံသြဇာရှိ၏။ စည်းကမ်းစနစ်ကြီး၏။ အသင်အပြ စိတ်ရှည် သဘောထားကောင်း၏။ ထိုအထက်ပို၍ ထူးခြားချက်ကား အရိုက်ကြမ်းလှ၏။ စာရိတ္တမကောင်းသည့်အပြည့်၊ စည်းကမ်းပျက် သည့်တပည့်တို့ကို ရိုက်သည့်နေရာတွင် သူ့ကိုမီသူမရှိဟု ထင်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က ဆရာ၊ ဆရာမတိုင်း ကြိမ်လုံးကိုင်လေ့ရှိသည်။ တပည့်တိုင်းလိုလို အနည်းနှင့်အများ အပြစ်နှင့်သူ အရိုက်ခံရသည်ချည်း။ အရိုက်ကြမ်းသော ဆရာ၊ ဆရာမနှင့် အရိုက်မကြမ်းသော ဆရာ၊ ဆရာမသာ ကွာ၏။ ရိုက်တော့ ရိုက်ကြသူချည်း။ မိဘတွေကလည်း ကဲကဲလှုပ်သူတစ်ယောက်မှမရှိ။ ဆရာနှင့်မိဘ ကျေနပ်မှု အပေးအယူရှိသည်။ ယခုခေတ်လို သားလားမှမတူ။

"ကျွန်မတို့သားသမီးကို မတော်တာတွေရင်၊ ကျောင်းစည်းကမ်းမလိုက်နာရင် ရိုက်ပါ၊ နက်ပါ၊ မကျိုးမပဲ့ရင် ပြီးပါပြီ။ လိမ္မာအောင် ဆရာကြီးကို အပ်ထားပါတယ်"

ဟု ကျောင်းဝင်စာပေ ပဋိညာဉ်ခံထားကြပြီးသား။

သည်တော့ အိမ်မှ အုပ်ထိန်းသူ မရှိအောင် ကျောင်းပြေး၍ ကန်တော်ကြီး ရေသွားကူးတာတို့၊ ဆေးလိပ် ခိုသောက်တာတို့၊ မြောက်ပန်းလှန် လောင်းကစားလုပ်တာတို့နှင့် တွေ့လျှင် ဆရာကြီးကြိမ်စကြာနှင့် မိမိတို့ကျောပြင် အဆွေခင်ပွန်းဖွဲ့ရပြီသာမှတ်။ သုံးတန်းတုန်းက ကျွန်တော်ပင် ဆရာကြီးကြိမ်စကြာနှင့် ရင်ဆိုင်ခဲ့ရဖူးသေး၏။

အမေက ရန်ကုန်မြို့လယ် သွင်ရုံတွင်ပြသနေသော (ဗိုလ်အောင်ဒင်နှင့် သူ့ဇာ) ရုပ်ရှင်နှစ်ကားပေါင်းကို သွားကြည့်ရန် အသံပစ်နေသည်မှာ တစ်ရက်လည်းမကြည့်ဖြစ်၊ နှစ်ရက်နေ၍လည်း မကြည့်ဖြစ်။ ထိုရက်များအတွင်း ကျွန်တော်ကလည်း အမေနှင့်အတူ ရုပ်ရှင် လိုက်ကြည့်ချင်လွန်း၍ နေမကောင်းဟန်ဆောင်ကာ ကျောင်းနှစ်ရက်ပျက်လိုက်သည်။ နောက်တစ်ရက်ကျမှ အမေရုပ်ရှင်ကြည့်ဖြစ်ရာ ကျွန်တော် ခွင့်မဲ့ ကျောင်းသုံးရက်ပျက်ခဲ့သည်။

နောက်တစ်နေ့ . . . ကျွန်တော် ကျောင်း ပြန်တက်တော့ အုပ်ထိန်းသူခွင့်တိုင်ပျက်ရက်သုံးရက်ရှိထားသော ကျွန်တော့်အား ဆရာကြီးကြိမ်စကြာဖြင့် သုံးချက်တိတိ ဩဘာပေးလိုက်သည်မှာ ကျောကော့သွားခဲ့ရသည်။ ငိုမဲ့မဲ့ဖြင့် ကျောင်းဆင်းအိမ်အပြန် အမေသိသွားတော့ -

"ဆရာကြီးရိုက်တာ နည်းတောင်နည်းသေး။ ငါ့နောက်လိုက် ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်ချင်တဲ့အကောင် ကြည့်ချင်ဦးဟဲ့" . . . တဲ့။

မစော၏သား အေးရီအဖြစ်ကိုလည်းကြည့်ပါ။ ၁၂ နှစ်သား အေးရီက မိုက်ကန်းကန်းအကောင်။ လက်ဆော့၊ ခြေဆော့လည်းရှိသူပီပီ နေ့လယ် မုန့်စားထွက်ချိန် ကျောင်းရှေ့ညောင်ပင်ကြီးအောက် ဗယာကြော်လာရောင်းသော ကုလားကြီး၏ မုန့်တောင်းထဲမှ တစ်ပဲတန် ဆမူဆာငါးခုကို ကုလားကြီးမသိအောင် နှိုက်ယူထားသည်ဖြစ်ရာ ပစ္စည်းရှင်မြင်ပြီး ဆရာကြီးကို ဝင်တိုင်သည်။

ဆရာကြီးက အေးရီ၏ လည်ကုပ်ကို တင်းတင်းဆွဲထားပြီး မိုးညိုဟု အမည်ပေးထားသည့် ဗီရိုထဲမှ သူ့ကြိမ်လုံးဖြင့် အေးရီကျောပြင်ကို ငါးချက်တိတိ ရိုက်လိုက်သည်ကို သူ့အမေမစောက မကျေနပ်။ နောက်တစ်နေ့ ကျောင်းတက်ချိန် ဆရာကြီးထံလာ၍ ရန်တောင်သည်။

"ဟဲ့ . . . မိစော၊ နင်ဟာ ငယ်ငယ်က ငါ့ကျောင်းကထွက်သွားတဲ့ ငါ့တပည့် မဟုတ်လား။ နင်တို့ငယ်ငယ်ကလည်း ငါ ဒီလိုပဲ ဆုံးမခဲ့လို့ အခု နင်တို့ အခြေနဲ့၊ အနေနဲ့ နေနေရတာ ပြန်စဉ်းစားစမ်း။ အခုကြည့် နင့်သားဟာ ဘာမဟုတ်၊ ညာမဟုတ် သူများပစ္စည်းယူချင်တဲ့အကောင်။ ခုကတည်းက မဆုံးမရင် ကြီးလာတဲ့ တစ်နေ့ ဓားပြသူခိုးဖြစ်မှာစိုးလို့ ဆရာတစ်ယောက်အနေနဲ့ ငါရိုက်တာ ဘာဖြစ်လဲ။ အဲဒါမှ မကျေနပ်ရင်လာခဲ့။ နင်ပါ နာမယ်"

ဆို၍ မစောကိုပါ ကြိမ်နှင့်လှမ်းတွယ်တော့မည်ပြုရာ မစော တစ်ချိုးတည်း ထပြေးသွားခဲ့ရသည်။ အိမ်ပြန်ရောက်ပြီး အရပ်ထဲလည်၍ မစောက ထိုအကြောင်းပြောမိရာ အိမ်နီးနားချင်းများက တဟားဟားရယ်မော၍ မစောဘက်မှ မရှိသည့်ပြင် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုပင် ဝိုင်း၍ ဩဘာပေးလိုက်ကြသေးသည်။

အာစရိယ ဆရာ/ဆရာမဆိုသည်မှာ မည်သူမှ မိမိတပည့်များကို မလိုတမာ မုန်းတီးစိတ်မရှိကြပါ။ သင်ရပြရ ခက်နေချိန်၊ စိတ်နှင့်အခန့်မသင့်ချိန်တို့နှင့် တစ်ခါတစ်ရံ တွေ့ကြုံရမှသာလျှင် အောက်ငေါက်စိတ်တိုကြခြင်း ဖြစ်ပါသည်။ ဤသည်ကို ဆရာသမားများအပေါ် နားလည်ပေးတတ်ရန် လိုပေသည်။

မြေသားရွှံ့စေးဖြင့် မြေအိုးမီးဖုတ်ပရိယေသနပြုလုပ်သူများမှာ ဖုတ်လုပ်ပြီးသော မိမိတို့မြေအိုးများ၏ ခိုင်ခံ့မှုကို တုတ်ဖြင့်ရိုက်ကြည့်၍ စစ်တမ်းထုတ်လေ့ရှိပါသည်။ အမှန်စင်စစ် မိမိအိုးကို ကွဲရှစေလို၍မဟုတ်။ ဤဥပမာအတိုင်း ဆရာ/ဆရာမတို့၏ စေတနာသဘောသည် တပည့်များအပေါ် ဖြူစင်သန့်ရှင်းလှသည်ကို အချို့တပည့်များက အရွယ်ရောက်မှ သိလာကြသည်။ ထို့ကြောင့်လည်း အာစရိယပူဇော်ပွဲများ ကျင်းပကြသည်။ တစ်ချိန်က မိမိတို့ကို ရိုက်နှက်ဆုံးမခဲ့ဖူးသော ဆရာ/ဆရာမများ၏ ခြေစုံကို ဖက်လှဲတကင်းပြု၍ ဂါရဝပြုကြသည်။

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းဖြစ်လာမည့် မောင်လွင်မှာ ငယ်စဉ်က တုန်းကြီးကျောင်း ဦးစန္ဒိမာကျောင်းတွင်နေ၍ ပညာသင်ရ၏။ ဆရာတော်ကြီးက စာတတ်ပေတတ်ရှေးဘုန်းကြီးပီပီ စကားကို လိုရင်းတိုရှင်းပြောမည်၊ စိတ်တိုဒေါသကြီးတတ်မည်၊ ကျောင်းသားများအား အပြစ်တွေ့လျှင် အရိုက်ကြမ်းမည့်ပုံပေါ်မည်။ သို့သော် ဘုရင့်သား မောင်လွင်ကိုမူ အခြားသူတွေထက် ပိုမိုဦးစားပေးပုံရသည်။ သူ့ကျောင်းလာလှူသမျှ စားသောက်ဖွယ်ရာ ဝတ္ထုပစ္စည်းမျိုးစုံကိုလည်း တစ်လက်ကိုင်သဘောမျိုးဖြင့် မောင်လွင့်ထံ သော့ပေးထားသည်။ လိုအပ်သမျှ မောင်လွင်ကထုတ်ပေး။ တစ်နေ့၌ ဆရာတော်ကြီးဆွမ်းဘုဉ်းပေးရသည်ကို ခံတွင်းမတွေ့။ အာသာပြေဟန်မတူ။

"ဟဲ့…ငလွင် တစ်လောကတကာမကြီးဒေါ်ပု လာလှူထားတဲ့ ငါးရံ့ခြောက်ပြားကြီး ရှိသေးတယ် မဟုတ်လား။ အဲဒါ မီးဖုတ်ဆီဆမ်းငါ့ကပ်စမ်း"

မောင်လွင့်အဖို့ ခက်ချေပြီ…။ တစ်ပိဿာခန့်နီးနီးအချိန်ရှိမည့် ငါးရံ့ခြောက်ကြီးကို ကျက်သရေခန်းထဲဝင်၍ရှာ ဘယ်မှာရှာရှာမတွေ့။ ငါးခြောက်ကပျောက်နေပြီ။ တစ်ယောက်ယောက်ကျောင်းသားလက်ချက်ပင် ဖြစ်ရမည်။ ခက်ချေပြီ။ မောင်လွင် မည်သို့ကြံရပါ့။ နောက်ဆုံး အဖြစ်မှန်ကို ဆရာတော်ထံ မျက်နှာငယ်ကလေးဖြင့် လျှောက်ထားရသည်။

"ငါးခြောက်ပြားကြီးကို တပည့်တော် သေသေချာချာ ကျက်သရေခန်းထဲမှာ သိမ်းထားတာပါပဲဘုရား။ ဒါပေမယ့် ထားတဲ့နေရာမှာ အခုမရှိတော့ဘူး။ ဘယ်သူ ယူစားသွားသလဲ မသိပါဘုရား"

ဆရာတော်ကြီးမှာ နဂိုကပင် ဒေါသကြီးတတ်သူ။ ဆွမ်းစား၍မတင်းတိမ်။ ငါးခြောက်ဖုတ်ဆီဆမ်းနှင့် ရေနွေးကြမ်းကလေး ဘုဉ်းပေးသုံးဆောင်မည်ကြံပါမှ ယခုလို သူ့ငါးခြောက် ပျောက်ရပါမည်လားဆို၍ မောင်လွင်သျှောင်ထုံးကိုဆွဲကာ ကြိမ်စကြာဖြင့် ဆော်နက်လိုက်သည်မှာ မယ်မတော်ထံ ပြန်ရောက်တော့ ကြိမ်လုံးဒဏ်ရာကို ငှက်ပျောသီးမှည့်ဖြင့် နယ်ပေးရသည်အထိ။

မိခင်ဖြစ်သူက သူ့သားကို ဤမျှ ရိုက်ရမည်လားဆို၍ ဆရာတော်ကြီးထံ စောဒကတက်မိရာ -

"ဟဲ့…နင့်သားဟာ နယ်နယ်ရရ မဟုတ်ဘူး။ ဘုရင့်သား။ မင်းသွေးဆိုတော့ တစ်ချိန်မှာ ရှင်ဘုရင်တက်ဖြစ်မယ့်သူ။ ရှင်ဘုရင်လုပ်မယ့်သူက တစ်နိုင်ငံလုံးရဲ့ စီးပွားရေး၊ လူမှုရေး ပညာရေး၊ ဘာသာရေးကအစ ပြည်သူတွေလုံခြုံရေးအထိ တာဝန်ယူရမှာ။ အခုကြည့်စမ်း။ ငါးခြောက်ပြားလေး တစ်ပြားတောင်မှ ကိုယ့်မျက်စိအောက်မှာ ကောင်းကောင်းမထိန်းထားနိုင်သူဟာ ဘုရင်ဖြစ်လာရင် တိုင်းပြည်ကို လုံခြုံအောင် ဘယ်လိုအုပ်ချုပ်မလဲ။ ဒါတွေသိစေချင်လို့ ငါရိုက်နှက် သင်ခန်းစာပေးလိုက်တာ ဘာပြောဦးမလဲ" တဲ့။

မိဖုရားက ဘာတစ်ခွန်းမှ ပြန်မလျှောက်ဝံ့တော့ဘဲ ဆရာတော်ကြီး မိန့်ဟာချက်ကို ခေါင်းညိတ်ဦးညွှတ် ပြန်လာခဲ့ရတော့သည်။

မောင်ချိုမင်း(ကန္တာရဝတီ)
၀၉-၄၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

ကျွန်ုပ်သည် နာကျည်းကြေကွဲစွာရှိုက်ကာ ရှိုက်ကာ ငိုကြွေးနေခဲ့ပေသည်။ မြမျက်ရည် ငွေပုလဲတို့သည် စေတီအနီး အင်းကြီးတစ်ခု ဖြစ်လုမတတ် မရပ်မနား ငိုကြွေးနေခဲ့ပေသည်။ ကျွန်ုပ်၏ ရင်ထဲမှာလည်း ရေမီးတမျှ ပူပြင်းလောင်မြိုက်နေသော အပူလုံးကြီးတစ်ခု ပိတ်ဆို့လာသဖြင့် တဖြည်းဖြည်း မွန်းကျပ်လာသည်။ နောက်ဆုံး၌ အမှောင်ထုကြီး တဖြည်းဖြည်းအုပ်မိုးလာသည်။ ဆည်းလည်းသံသည်လည်း ဆူညံသော အသံဆိုးကြီးများ အဖြစ်သို့ ပြောင်းလဲကာ နားကွဲလုမတတ် ရိုက်ခတ်လာခဲ့သည်။ နောက်ဆုံး၌ ကျွန်ုပ် ဘာကိုမျှမသိ၊ မမြင်၊ မကြားရဘဲ စကြဝဠာတံတိုင်းအပြင်ဘက်သို့ ကိုင်ခွဲလွှင့်ပစ်ခြင်းကို ခံလိုက်ရလေတော့သည်။

မြင့်မားသီခေါင်သော နေရာတစ်ခုမှ အဆုံးမရှိ ဟင်းလင်းပြင်ကြီးဆီသို့ အရှိန်နှုန်းပြင်းထန်စွာဖြင့် အဆက်မပြတ် မရပ်မနား ကျလာနေသည်။ အရောင်အဆင်းမဲ့ ဟင်းလင်းပြင်ကြီး အဆုံးတစ်နေရာသည် မှောင်မည်းသော ထုထည်ကြီးတစ်ခုနှင့် မီးတောက်မီးလျှံများက တဟုန်းဟုန်းတောက်လောင်နေသော သမုဒ္ဒရာပြင်ကျယ်ကြီးတစ်ခုတို့ ဆက်စပ်လျှက်ရှိသည်ကို မြင်တွေ့ရသည်။ ထိုခဏ၌ ကျွန်ုပ်သည် ထိတ်လန့်တုန်လှုပ်သွား၏ သို့ဖြစ်၍ အတွယ်အတာတစ်ခုအား ကြောက်လန့်သောစိတ်ဖြင့် ရမ်းသမ်းဝေ့ယမ်းဖမ်းဆုပ်နေမိသည်။ ကောက်ရိုးလေးတစ်မျှင်မျှ ဖမ်းဆုပ်မိပါက ကယ်မနိုင်လိုနိုင်ငြား အားပြုအားထားရှာဖွေနေခြင်းဖြစ်သည်။

ကျွန်ုပ်သည် တစ်စုံတစ်ခုအား အမိအရဖမ်းကိုင်မိသွားသည်။ ထိုအရာ



www.burmeseclassic.com

www.burmeseclassic.com

ကို မလွှတ်တမ်း မြဲမြဲစွာ ရင်းတင်းကျပ်ကျပ်ကိုင်ထားလေရာ တရှိန်ထိုးကျဆင်းနေခြင်းမှာလည်း ရပ်တန့်သွား၏။ မျက်စိများဖွင့်ပြီး ဝန်းကျင်အားဝေ့ဝဲကြည့်လိုက်သည်။

ကျွန်ုပ်သည် ကျွန်ုပ်အိပ်စက်ခဲ့သည့်အကိုင်းအား တွယ်ဖက်လျက် တွဲလွဲကြီးဖြစ်နေသည်။ အခြားကိုင်းတစ်ခုထက်၌ ပြိတ္တာသည် ကျွန်ုပ်ကို လှမ်းကြည့်နေသည်။

ကျွန်ုပ် အကိုင်းပေါ် ပြန်တက်ရောက်ရှိချိန်တွင် အုံးမောင်းခေါက်သံအား စတင်ကြားလိုက်တော့၏။

ကျွန်ုပ်နှင့် ပြိတ္တာလည်း ထုံးစံအတိုင်းဘုန်းကြီးကျောင်းရှိရာသို့ ထွက်လာခဲ့ကြ၏။ လမ်းတွင် ကျွန်ုပ်၏ အဖြစ်ဆန်းအား ပြိတ္တာကို အတိုချုပ်ကာပြောပြလိုက်သည်။ ဆွမ်းတော်စွန့်အစားအစာများကို စားသောက်ပြီး မှသာအခါစေတီလေးမှာရှိခိုးဆုတောင်းကြ၏။ နေပူလာချိန်တွင် ကျောင်းဝင်းအတွင်း သရက်ပင်ပေါ်သို့သွားရောက်နားခိုကြသည်။

"မင်းပြောတာ ငါတို့ လူဘဝတုန်းက အိပ်မက် မက်တာမျိုးပဲကွ၊ ငါတော့ ပြိတ္တာတစ်သက် မအိပ်ခဲ့ဖူးတာများပြီ။ နောက်ပိုင်းအချိန်တွေ အိပ်ခဲ့ဖူးပေမယ့် အိပ်မက်မက်တယ်လို့ တစ်ခါဆို တစ်ခါမှ မရှိဖူးဘူး"

"ငါလည်း အိပ်ပျော်တယ်၊ အိပ်တယ်ဆိုတာ အစက မသိဘူး။ အခုနောက်ပိုင်း မင်းနဲ့အတူ မယ်ဆင့်ခြံထဲက သရက်ပင်မှာနေလာတော့မှ အိပ်ချင်တာတို့၊ အိပ်ပျော်တာတို့ သိလာခဲ့တယ်။ အခုလို အိပ်မက်မက်တာမျိုးတော့ အခုမှ ဖြစ်ခဲ့တာကွ"

ကျွန်ုပ်နှင့် ပြိတ္တာတို့မှာ ကျွန်ုပ်၏ ထူးဆန်းသော အဖြစ်အပျက်ကို အဖြေ ရှာမရဘဲ အူလည်လည်ကြောင်တိကြောင်တ ဖြစ်နေကြတော့၏။ ပြိတ္တာလည်း ပြောစရာမရှိသလို ဆိတ်ဆိတ်နေသဖြင့် ကျွန်ုပ်လည်း တုံဏှိဘာဝေ နေလိုက်ပေတော့သည်။

နေလယ်ဘက် ကပ္ပိယကြီး ဝါးစင်ပေါ်တင်ကျွေးသည့် အစားအစာများကို စားသောက်ပြီး သရက်ပင်ပေါ် ပြန်၍ခေတ္တနားနေစဉ်ကျောင်းအတွင်းသို့ မယ်ဆင့် တစ်ယောက်တည်း ဝင်လာသည်ကို တွေ့ရ၏။

ကျောင်းပေါ်သို့ ရောက်ပြီး ဆရာတော်အားကန်တော့ကာ ပုဆစ်တုပ်ထိုင်ရှိက်သည်။

ကပ္ပိယကြီးက ရေနွေးကရားဗန်းနှင့် မြေပဲတစ်ပန်းကန် ချပေးပြီး ကျောင်းအောက်သို့ ပြန်ဆင်းကာ နေပြထားသည့် ထင်းများကို သိမ်းခြင်း၊ ရေငင် ရေဖြည့်ခြင်းများ ပြုလုပ်နေသည်။ ကျောင်းပေါ်၌ ရှိသော ကိုရင်နှင့် ကျောင်းသားများလည်း ကျောင်းအောက်သို့ ဆင်းကာ သံယာစင်ပေါ်တွင် ဆူညံစွာ စာအံနေကြလေသည်။ ကျောင်းအပေါ်၌ ကျန်ရစ်ခဲ့သော မယ်ဆင့်နှင့် ဆရာတော်မှာ စကားအပြန်အလှန် ပြောဆိုနေကြသည်။ သို့သော် မည်သည့်စကားများ ပြောဆိုနေကြသည်ဟူ၍ ကျွန်ုပ် မသိရပေ။ ကျောင်းအောက်ရှိ စာသင်သားတို့ အော်ဟစ် ရွတ်ဖတ်နေသော စာဖတ်သံများ ဆူညံစွာ လွှမ်းမိုးနေသောကြောင့် ဖြစ်ပေသည်။

"ဟော့ကောင်ဘိုးတစ္ဆေမယ်ဆင့်နဲ့ ဆရာတော်_ မင်းအကြောင်းပြောနေတာဖြစ်မယ် ထင်တယ်"

"အမှတ်တမဲ့ ဖြစ်သွားလို့ပါ တစ္ဆေကောင်ရာ။ ငါက အောက်ပြည် အောက်ရွာမှာ အနေများလို့ အညာလေသံတွေနဲ့ ဝေးနေတာကွ။ တို့အညာမှာက ကြီးကြီးငယ်ငယ်ခေါ်တဲ့အခါ "ဘိုးနီ" "ဘိုးအေး" "ဘိုးကျော်ကျော်" ဆိုပြီး ခေါ်ကြတာကွ"

"သြော်...သြော်...နားလည်ပြီ။ ဟို့တစ္ဆေကြီးကို ဘိုးတစ္ဆေ ဘိုးတစ္ဆေနဲ့ခေါ်တာ ဒါကြောင့်ကိုး။ မင်းက ငါ့ကိုခေါ်တာ အညာလေသံနဲ့ ခေါ်တာဆိုတော့ မင်းစိတ်ထဲမှာ အညာကို ပြန်ပြေးချင်နေပြီလားကွ"

"အေး...မင်းပြောတော့မှ ငါ သတိပြုမိလာတယ်၊ ငါ့ရွှေတိဂုံဘ

www.burmeseclassic.com

"အေးပေါ့၊ ဘာဖြစ်မယ်ဆိုတာတော့ မသိပါဘူး။ ဖြစ်ခဲ့ရင် ငါတို့ရဲ့ လက်ရှိကောင်းလာတဲ့ ကံအကျိုးပေး အခြေအနေကနေ ပိုဆိုးတဲ့ ဘဝ ရောက်သွားမှာစိုးလို့ပါ"

"ငါလည်း အဲဒီလိုဖြစ်မှာ ကြောက်တာပဲ ပြိတ္တာ၊ မယ်ဆင့်အိမ်ပေါ်တက်သွားရင် ငါလိုက်မှာ မဟုတ်ပါဘူး။ ကဲ…မင်းလည်း သိချင်နေတာ မီးဖိုချောင်နံဘေးက သွားပြီး နားထောင်ရအောင်"

ထိုအခါ ပြိတ္တာကပင် ခြံတွင်းသို့ ရှေ့မှဝင်သွားပြီး မီးဖိုချောင် ထရံအပြင်ဘက်၌ရပ်လျက် အတွင်းမှ စကားသံများကို နားစွင့်နေလိုက်၏။

"အမေတင့်ကို သမီးညာပြောပါမလား။ သမီးလည်း ငါးပါးသီလ နေ့တိုင်းဆောက်တည်ခဲ့တာ သိသားနဲ့"

"ဆရာတော် ပြောတာတွေကို မှန်ဘူးလို့ ပြောတာ မဟုတ်ဘူးသမီးရဲ့ သက်ခိုင် မကျွတ်မလွတ်ဖြစ်နေလို့ ဆရာတော်ကို အိပ်မက်ပေးတယ်ဆိုလို့ ယုံရခက်နေတာ"

"သမီးလည်း အဲဒါကို အံ့ဩသွားလို့ပါ။ ဒါကြောင့် သမီးတရားခန်းမှာ တရားထိုင်တော့ သူမျက်နှာ ထပ်ခါထပ်ခါ ပေါ်လာတတ်တာကို။ အဲဒါ ဘကြီးကြိုင်လာရင်ပြောပြီး အိမ်ဘက် သွားခဲ့ပါဦးလို့၊ သမီးဘကြီးဦးတင်မြနဲ့ တိုင်ပင်ရအောင်ပါ"

"အေးအေး။ ထားခဲ့ ထားခဲ့၊ ဒါတွေ အမေတင် လုပ်နိုင်ပါတယ်အေ"

"အမေတင့်တို့ရဲ့ သမီးအရင်းတွေကလည်း တစ်နှစ်မှတစ်ခါတောင် မှန်မှန်ပြန်မလာကြဘူးနော်။ အမေတင့်တို့ကလည်း သမီးတွေနောက် လိုက်မနေနိုင်၊ လယ်နဲ့ရွာကို မမြင်ရတဲ့ အစွဲအလမ်းက ချည်နှောင်ထားသလို ဖြစ်နေတော့ အမေတို့ ကွယ်လွန်ရင် ကိုရင်သက်ခိုင်လိုဖြစ်မှာ စိုးရတယ်။ ဒီအစွဲကြောင့် နိဗ္ဗာန်တံခါးဖွင့်ရခက်နေတာ သတိထားပါဦး အမေတင့်ရယ်"

"အမေတို့ အနိစ္စကို မပြတ်တမ်းရှုနေပါတယ် သမီးရယ်၊ ရွာတွေ၊ လယ်တွေ၊ သားသမီးတွေ၊ လင်ရယ်၊ စည်းစိမ်ဥစ္စာရယ်၊ ဘာဆို ဘာမှ မစွဲပါဘူး။ ငါ့ကိုယ်ငါတောင် ငါဖြတ်ရမယ်လို့ ဆရာတော်ဟောတဲ့ ဝိပဿနာတရားကို အမြဲရှုပွားနေပါတယ် သမီးရယ်၊ သမီးလေး တရားကျင့်ကြံအားထုတ်ပြီး သက်ခိုင်ကို မေတ္တာပို့ပေးဒါမှ မြန်မြန်ကျွတ်မှာ"

"ဟုတ်ကဲ့ပါ အမေတင့်၊ အရင်တုန်းကတော့ သဗ္ဗေသတ္တာအဝေယျာပေဟောန္တု ဆိုပြီး မေတ္တာပို့ပါတယ်၊ ဒီနေ့ကစပြီး ကိုသက်ခိုင်ကို ရည်မှန်းပြီး မေတ္တာပို့ပါ့မယ်၊ ဘာမှ လုပ်စရာမရှိရင် သမီး ပြန်ဦးမယ်၊ ဘကြီးတင်မြတို့ ကျော်စွာတို့လည်း ပြောရဦးမယ်"

"ရှအေး အေး ပြန်ပြန်"

မယ်ဆင့် အိမ်ရှေ့မှ ဆင်းကာ ရွာလယ်ပိုင်းသို့ ထွက်သွားလေသည်။

"စေတီမှာ သွားပြီး ဆုတောင်းမှာလား၊ မယ်ဆင့်နောက်လိုက်သွားမလား"

ပြိတ္တာအား စေတီသို့သွားရန် ပြန်ပြောလိုက်ပြီး မီးဖိုဆောင်နံဘေးမှ ထွက်လာခဲ့ကြပါတော့သည်။

✧ နောင့်ဆွေးငယ်ပျာလှန်
လွန်ထက်လွန်ကို

ကျွန်ုပ်သည် မယ်ဆင့်အား မျက်စိတစ်ဆုံး ကြည့်နေပြီးနောက် ဘုန်းတော်ကြီးကျောင်းသို့ ထွက်လာခဲ့သည်။ ပြိတ္တာလည်း ကျွန်ုပ်နှင့်အတူ လိုက်လာပြီး စေတီလေး၏ ရင်ပြင်မှ ကျောင်းအရိပ်ကျသော ထိုင်နေကျ နေရာ၌ ထိုင်သည်။ ဘုရားဝတ်ပြုခြင်း၊ ဆုတောင်းခြင်းမပြုဘဲ ဘုန်းတော်ကြီးကျောင်းသို့ငေးကြည့်နေသည့် ကျွန်ုပ်အား…

"မယ်ဆင့်ပြောတဲ့ အိပ်မက်ပေးတယ်ဆိုတာ မနက်က မင်းပြောပြတဲ့ အဖြစ်ဆန်းလို့ ထင်နေလား တစ္ဆေကောင်"

ဟု မေးသည်။

"အေး"၊

တုံးတိတိပင် ဖြေလိုက်၏။

"အဲဒါထားလိုက်ပါကွာ၊ ဘုရားဝတ်ပြု ဆုတောင်းရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်းသို့လောသို့လော အတွေးများကို ဆက်စပ် မရနိုင်သည့် အတူတူ ဖြိတ္တာပြောတာ လက်ခံပြီး ဝတ်ပြုဆုတောင်းနေလိုက်သည်။

ဆုတောင်းခြင်း အတန်ကြာပြုပြီးနောက် ဖြိတ္တာအားရပ်လျက်စောင့်ဆိုင်းနေသည်ကို မြင်လိုက်ရ၏။ ယခင်အခါများကဆိုလျှင် ကျွန်ုပ်က သူ့ကို ရပ်စောင့်ခဲ့သည်ချည်သား။

"ငါ့ကို ထားခဲ့ပြီး မယ်ဆင့်အိမ် မင်းသွားမှာစိုးလို့ ခဏပဲ ဆုတောင်းပြီး စောင့်နေတာ"

"ငါက ဘာလို့သွားမှာလဲ"

"မယ်ဆင့်က ပြောသွားတယ်လေ၊ သူ့ဘကြီးကိုလည်း ပြောပြရဦးမယ်၊ မင်းဘကြီးကိုလည်း ညနေလွှတ်လိုက်ပါတဲ့လေ"

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒီမှာ မင်းအကြောင်း၊ အိပ်မက်အကြောင်း ဆရာတော်ပြောတာတွေ အကြောင်းပြောကြမှာပေါ့"

"အေးလေ။ အဲဒါ ငါက ဘာသွားလုပ်ရမှာလဲ"

"မင်းနားမထောင်ချင်ဘူးလား။ ဘာအကြောင်းပဲဖြစ်ဖြစ် မင်းသ သိပ်သိချင်တဲ့ အကောင်၊ ခုကော မသိချင်ဘဲနေမလား။ အဲဒါကြောင့် ငါ့ကို ထားရစ်ပြီးသွားမှာစိုးတာပေါ့ကွ"

"ငါ ဒီနေ့ အဲဒီလို မဖြစ်ဘူးကွ၊ ပြီးတော့ မင်းပြောသလိုပဲ အချိန်တန်တဲ့အခါ သူ့ဘာသာသူ သိလာမှာပဲလို့ လက်ခံလိုက်ပြီ၊ ဒီစကား မင်းခဏခဏ ပြောခဲ့တာလေ၊ နောက်ရှိပါသေးတယ်၊ မင်းပြောတဲ့ သဗ္ဗေသတ္တာ ကမ္မသကာလေ"

ဖြိတ္တာက ကျွန်ုပ်ကိုဘယ်သောအခါမှ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ထူးဆန်းသည့် သတ္တဝါတစ်ကောင်အလား စူးစူးရဲရဲ ကြည့်သည်။

"မင်း စောစောကတော့ မယ်ဆင့်ကို အတင်းကို လှုပ်ခဲ့တယ် မဟုတ်လား။ ဆရာတော်က ဘာပြောလို့လဲဆိုပြီး အလောသုံးဆယ်မေးခဲ့တယ် မဟုတ်လား။ အခု မင်း မသိချင်တော့ဘူးလား"

"အဲဒီတုန်းက ငါ အရမ်းသိချင်ခဲ့တယ်၊ မီးဖိုချောင်မှာ သူတို့ပြောတာကြားရပြီး ဒီကိုရောက်တဲ့အထိ ငါသိချင်နေသေးတာပဲ။ ဒါပေမယ့် စေတီလေးကို အာရုံပြုပြီး ရှိခိုးတော့၊ ရွှေတိဂုံဘုရားက ရုပ်ပွားတော်လေးဆူကို မျက်စိထဲမှာပေါ်လာတယ်။ ဒါပေမယ့် ဆင်းတုတော် လေးဆူက ရွှေတိဂုံဘုရားမှာ မဟုတ်ဘူး၊ နေထွက်မြူစ နေရောင်အောက်မှာ ရုပ်ပွားတော်လေးဆူက ကျောချင်းကပ်တင်ပျဉ်ခွေပြီး စံပယ်နေတယ်။ အရှေ့ဘက်ကို မျက်နှာမူထားတဲ့ ရုပ်ပွားတော်က လက်တော်တစ်ဖက်မှာ သပိတ်ရှိနေတယ်"

"အံ့ဩစရာပဲ တစ္ဆေကောင်၊ ဒါပဲမြင်သလား"

ဖြိတ္တာလွန်စွာ စိတ်ဝင်စားလာသည်။

"ဘုရားလေးဆူကတောင်ကုန်းမြင့်လေးမှာ အမိုးအကာမရှိဘူး၊ ငါက စိတ်ထဲမှာ အရမ်းချမ်းမြေ့သွားပြီး အရှင်မြတ်ဘုရား တပည့်တော်ကို သနားကရုဏာထားလျှင်ဖြင့် ဆွမ်းသုံးလှုတ် ဘုဉ်းပေးတော်မူပါဘုရားလို့စိတ်ထဲ ရေရွတ် လိုက်မိတယ်။ တကယ်တော့ငါမြင်နေရတာကျောက်ဆင်းတုတွေနော်၊ အရှေ့ဘက်သပိတ်နဲ့ ရုပ်ပွားတော်က ဆွမ်းသုံးလုတ်ဖြည်းဖြည်းချင်း ဘုဉ်းပေးတယ်"

"တစ္ဆေကောင် မင်းပြောတာ တကယ်နော်၊ မင်းကသိုလ်ကံ အရမ်းကောင်းတာပဲကွာ"

ဖြိတ္တာသည် အားတက်သရော ဝမ်းသာအားရဖြစ်နေ၏။ ကျွန်ုပ်လည်း ထိုအဖြစ်ကို ယခု ပြောပြနေသည်အထိ မျက်စိထဲ၌ ဆင်ယောင် မြင်ယောင်နေဆဲဖြစ်သည်။

"မပြီးသေးဘူးကွ ဖြိတ္တာရ၊ အဲဒီလို ဆွမ်းဘုဉ်းပေးတာ တွေ့တော့ အနောက်ဘက်အရပ်ကိုမျက်နှာတော် လှည့်နေတဲ့ ဆင်းတုတော်ကြီးဆီကို ငါရှောက်သွားနေတာ တွေ့ရပြန်တယ်၊ အဲဒီ ဆင်းတုကြီးနဲ့သောမှာ တစ်ဖက်ရပ် တဲကလေး တစ်ခုရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တဲတံခါးကိုင်ပေါ် ဝင်သွားတော့ တဲထဲက ဘုန်းကြီးတစ်ပါးက ငါ့ကို ခေါင်းတုံးတုံး သင်္ကန်းစည်းပြီး သပိတ်တစ်လုံးပေးလိုက်တယ်"

"ဒါဆို မင်းဘုန်းကြီးဖြစ်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် ဖြိုးသွာ။ ငါမယ်ဆင့်အိမ်ရှေ့ကို ဆွမ်းခံကြွသွားတယ်၊ မယ်ဆင့်က စောစောကလို ဖျက်ရည်စိုစိုနဲ့ ဆွမ်းလောင်းတယ်၊ ငါက တဲကျောင်းဆီ ပြန်လာပြီး တဲထဲဝင်သွားပြီး ပြန်မထွက်တော့ဘူး၊ ဘုန်းကြီးတန်တော့ပြီး မော့ကြည့်လိုက်တော့ ဒီးတိုးဝါးတားပဲ မြင်ရတယ်။ စိတ်ထဲမှာ ဆရာတော်ပဲလို့ ထင်ရတာပဲ"

"မင်းက မေးမကြည့်ဘူးလား"

"မမေးဘဲ သိနေသလိုလိုပဲကွ"

"နောက်တော့ရော"

"ဒါပဲ။ ငါလည်း အရမ်းဝမ်းသာပြီး လူ့ဘဝနဲ့ ရဟန်းဝတ်ပြီး ခံသရာမှ လွတ်မြောက်ကြောင်း တရားကျင့်ကြံ အားထုတ်ရပါလို၏ ဆိုတဲ့ဆုကို ပြောင်းပြီးတောင်းလိုက်တယ်၊ ဒီဆုလည်း တောင်းပြီးရော စိတ်ထဲမှာ တစ်စုတစ်ခုပြီးဆုံးနေသလို ဖြစ်နေတယ်၊ အခုထိပဲ၊ အကြောင့် မယ်ဆင့်တို့ပြောမယ့် စကားတွေကိုလည်းသွားပြီး နားမထောင်ချင်တော့ဘူး။ ဥပုသ်နေ့တွေမှာ ဆရာတော်မောတဲ့ အနိစ္စတို့၊ ဒုက္ခတို့၊ အနတ္တတို့ဆိုတဲ့ စကားတွေကို သိသလိုလို သိချင်လာသလိုဖြစ်နေမိတယ် ဖြိုးသွာရာ"

"ငါကတော့ သွားနားထောင်ချင်နေပြီ၊ မင်းမလိုက်ချင်ရင် သရက်ပင်ဆီပြန်နှင့်၊ ငါသွားနားထောင်မယ်"

အချိန်သည် နွားရိုင်းသွင်းချိန် မကျတကျ။ သရက်ပင်သို့ ပြန်ရမည့် လမ်းကလည်း မယ်ဆင့်အိမ်နှင့် မယ်ဆင့်ဘကြီး ဦးတင်မြ အိမ်နားက ဖြတ်သန်းရမှာဖြစ်သည်။ ဖြိုးသွာနဲ့ အချေအတင် မပြောချင်တော့ပေ။

"ကဲပါကွာ မင်းနဲ့ပဲငါလည်း အတူလိုက်ခဲ့ပါမယ်ကွာ"

သည်တော့မှ တစ်ပါတည်း လိုက်ရန်ပြင်ပြီးမှဘုန်းတော်ကြီးကျောင်းဆီသို့ တစ်ချက်မျှ ငဲ့စောင်းကြည့်လိုက်မိသည်။

အပေါ်ထပ် အုန်းမောင်းချိတ်ဆွဲထားရာ ပြတင်းပေါက်မှ ရပ်နေသည့် ဆရာတော်အား မြင်လိုက်သည့်တွင် ကျွန်ုပ်သည် လျှင်ကြောပေါ်ရပ်မိသူပမာ လှုပ်ခါသွားရ၏။ အကြောင်းမူကား ဆရာတော်သည် ကျွန်ုပ်အား တည့်မတ်စွာ ကြည့်နေခြင်းကြောင့်ဖြစ်ပေသည်။

❁ ❁ ❁

ကျွန်ုပ် ယောက္ခထီး ဘကြီးတင်မြအိမ် မလှမ်းမကမ်း၌ ရေတွင်းရှိသည်။ ရေတွင်းပေါင်အား အုတ်စီ၍ အင်္ဂတေကိုင်ထားသည်။ ရေတွင်းပေါင်ပေါ်၌ ကျွန်ုပ်နှင့် ဖြိုးသွာ အကျအနေ ထိုင်နေသည်။

"ဆရာတော်က ဟုတ်လို့သာ မယ်ဆင့်ကို ခေါ်ပြောတာပေါ့ တင်မြရ"

"ကျုပ်ကလည်း မငြင်းပါဘူး ကိုကြီးကြိုင်ရယ်၊ ကျုပ်တို့ မယ်ဆင့်တို့ သပိတ်သွတ်တုန်းက သူ့အမျှမရဘူးပဲထား၊ အာကျွတ်အလွတ် ပွဲတုန်းက ကျွတ်သွားဖို့ ကောင်းတဲ့ဟာ၊ ခုတော့"

ဦးတင်မြသည် စကားကို အဆုံးမသတ်သေးဘဲ ရပ်သွား၏။

"ပြောလေ၊ ခုတော့ ဘာဖြစ်သတုန်း တင်မြရဲ့"

ကျွန်ုပ်၏ ကြီးဒေါ် ဘကြီးထွန်းကြိုင်၏ ဇနီးဒေါ်တင်က ဦးတင်မြ ရှေ့ဆက်မည့်စကားကို သိလိုဇောဖြင့် ဝင်မေးလိုက်သည်။

"ဟို…မယ်ဆင့်ဆီမှာ ဝင်စားချင်တယ်လို့ အိပ်မက်ပေးတယ်ဆိုလို့ မမတင်ရယ်"

"ဒါမျိုး အစ်မဆင့်ကို အစ်ကိုကျော်စွာနဲ့ ပေးစားလိုက်ပြီးရော ဥစ္စာ"

ကံရင်လေးက ထင်ရာ ရမ်းတုတ်လိုက်သဖြင့် မယ်ဆင့်၏ မျက်စောင်းမြားတစ်စင်း အပစ်ခံလိုက်ရသလို ဒေါ်တင်၏ လက်ခေါက်တစ်ချက်

www.burmeseclassic.com

ကလည်း သူ့ခေါင်းပေါ်သို့ ခေါက်ခနဲ ကျသွားလေသည်။

"နင့် မိန်းမကို မယ်ဆင့် အသက်အရွယ်ရောက်တဲ့အခါ ကလေး မွေးနိုင်။ အမြီးမှန်း မသိ ခေါင်းမှန်း မသိ...ဟင်း"

ဒေါ်တင်၏ ကြိမ်းမောင်းရေရွတ်သံကို ကရင်လေးအမှန်ပင် အဓိပ္ပါယ် မသိချေ။ သူက...

"လင်နဲ့မယားပဲ၊ အတူနေပြီး ကလေးမွေးတာ ဘာဆန်းလဲကြီးတင်ရဲ့"

ဟု ပြန်လည် ချေပနေသေးသည်။

"မွေးပေ့...မွေး...မွေး။ နင့်မိန်းမ အသက် ငါးဆယ်ကျမှ မွေး။ ငါလေ လုပ်ထည့်လိုက်ရ။ တယ် မပြောလိုက်ချင်ဘူး"

ဒေါ်တင်မှာ ကရင်လေး၏ ရိုးအ-လွန်းအတွက် ဒေါသဖြစ်ရခက် နေသည်။

"ကဲ...ကရင်လေး လူကြီး တွေကြားဝင်မပါနဲ့။ ငြိမ်ပြီး နားထောင်စမ်း"

ကျော်စွာ ကြားဝင်၍ ကရင်လေးအား မာန်လိုက်သည်။ ကျော်စွာ့ စကားကိုတော့ ငယ်စဉ်ကတည်းက နားထောင်ခဲ့သူဖြစ်၍ ထပ်မံအသံ မထွက်တော့ပေ။ ဒီကိစ္စအား နောက်မှ ကျော်စွာကို မေးမည်ဟု တေးထား လိုက်သည်။

ဘကြီးထွန်းကြိုင်က စကားဝိုင်း အားပြန်၍ အစဖော်ဆက်စပ်လိုက်၏။

"သက်ခိုင်က အမျှမရဘူးဆို တော့ ကျုပ်တို့ အမျှဝေချိန်က ဒီရွာ မှာ မရှိဘဲ တခြားရောက်နေလို့လား။ သာဓုခေါ်ရမယ်ဆိုတာ မသိလို့လား။ ဒါမှမဟုတ် ဘာဖြစ်လို့လဲဆိုတာ ဆရာတော်ကို မေးမကြည့်ဘူးလား"

"ဟင့်အင်း သမီးလည်း မေးဖို့ သတိမရလိုက်ဘူး အဘကြိုင်ရယ်၊ ကိုရင် မကျွတ်ဘူး၊ ပြိတ္တာဖြစ်နေ တယ်ဆိုတာ ကြားလိုက်ရတော့ တရားနဲ့မဆင်ခြင်မိဘဲ ရင်ထဲမှာလေ အပူလုံးကြီးဆို့တက်လာလို့ ဆရာ တော်ရှေ့မှာ မျက်ရည်မကျမိအောင် အားတင်းပြီး ထိန်းနေလိုက်ရတယ်"

"နင် ရိပ်သာမှာလည်း တရား စခန်းဝင်နေတာပဲ၊ ဆရာတော်ပေါ တဲ့ တရားတွေလည်း ဥပုသ်နေ့တိုင်း နာရတာပဲ၊ တဏှာ မပြတ်သမျှ ကိလေသာ ငုတ်တိုင်မှာ အချည် အတုပ်ခံရမှာပေါ့"

"သမီး ပြတ်ပါတယ်၊ ပြတ်လို့ လည်း အိမ်ထောင်ပြုဖို့ ငြင်းခဲ့တာ ပေါ့။ သမီးက အသက်ကြီးမှ တရား ရှာတာ၊ ကိုရင်သက်ခိုင်က သမီးထက် ပိုသိ ပိုတတ်ပါတယ်၊ ဒီလိုလူတစ် ယောက်က ဉာဏ်မျက်စိကန်းပြီး စွဲလမ်းမှုတဏှာနဲ့ ဘဝကူးသွားပြီး ပြိတ္တာဖြစ်နေတယ်ဆိုတော့ သမီး ယူကျုံးမရလွန်းလို့ပါ"

မယ်ဆင့်က ဆွေးဆွေးမြေ့မြေ့ ရှင်းပြနေသည်။ ကျွန်ုပ်၏ ကြီးဒေါ် ကြီးမေတင်က မယ်ဆင့်အား ကရုဏာ သက်စွာ ငေးကြည့်နေသည်။

"ကျုပ် သမီးလေးဟာ အခုလို တရားနဲ့ ဆင်ခြင်နိုင်တော့ အမေတင် တောင်မှ လာမယ့် သင်္ကြန်ရောက်ရင် နောက်ကုန်းရွာက စွန်းလွန်းကျောင်းမှာ သမီးနဲ့အတူ တရားစခန်းဝင်ချင်ပါပြီ တော်၊ အသက်ကြီးသွားလို့ပေါ့"

"ရပါတယ် အမေတင်ရဲ့၊ ဆရာတော်ဩဝါဒပေးတဲ့ အထဲမှာ အသက် ခုနစ်ဆယ်ရှစ်ဆယ် ယောဂီ တွေ အားမငယ်ဖို့ မှာထားတာရှိပါ တယ်"

"ဟုတ်လား ဘာတဲ့လဲ"

"ဩော် အသက်ကြီးမှ တရား ကျင့်ကြံတယ်ဆိုတာ နေစောင်းချိန်ကျ ခါမှ နေကုန်ခါနီးအချိန်မှာ စပါးလှန်း တဲ့ လူလိုပဲတဲ့။ မနက်စောစော နေ ကုန်ခါနီးအချိန်မှာ စပါးလှန်းသူတွေက တစ်နာရီ တစ်ကြိမ်လောက်မွှေပေးရုံ နဲ့ နေကုန်တဲ့အခါ ခြောက်သွေ့နိုင် တယ်။ နေစောင်းမှ စပါးလှန်းသူတွေ ဟာ တစ်နာရီတစ်ကြိမ် မွှေနေရင် စပါးသွေ့မှာ မဟုတ်ဘူး။ ခဏခဏ မွှေမယ်ဆိုရင်တော့ သွေ့နိုင်ပါတယ် တဲ့။ ဒါကြောင့် သမီးလည်း နေစောင်း မှ စပါးလှန်းသူလို သူများတွေထက် ပိုပြီး ကြိုးစားအားထုတ်ခဲ့တာပေါ့ အမေတင်ရဲ့"

www.burmeseclassic.com

"ကဲပါ မရွှေတင်၊ သကြန်က ဝေးပါသေးတယ်၊ ခုမှ တော်သလင်း မယ်မင်းကို လွှတ်လိုက်ပါ့မယ်၊ ကျုပ်လည်း သီးစားချဖို့ စီစဉ်နေပါတယ်၊ ထွန်တုံး ထွန်တံတွေကိုလည်း မနိုင်တော့ပါဘူး၊ ပုတီးပဲ ကိုင်တော့မှာပါ"

ဘကြီးထွန်းကြိုင် စကားကို ကြားရသဖြင့် ကြီးမေတင်မှာ ရွှေထုပ်ကောက်ရသည့် နွားကောင်းသားသဖွယ် မျက်နှာတစ်ခုလုံး အံ့ဩဝမ်းသာမှုများ ဖုံးလွှမ်းသွားသည်။

"ကောင်းပါပေ့တော်၊ ဖြစ်မြောက်ပါစေတော်"

"ကျုပ်လည်း ကျုပ်မြေးသရဖီဦး ကိစ္စပြီးရင်တော့ တရားဘက် စိတ်ချလက်ချ ကူးနိုင်ပါပြီဗျာ"

မယ်ဆင့် ဘကြီးဦးတင်မြကလည်း သူ့စိတ်ကူးအား ဖွင့်ဟလေသည်။

"ဖြစ်သင့်ပြီပေါ့လေ၊ ဒါနဲ့... သရဖီဦး ကိစ္စက ဘယ်တော့ဖြစ်မှာမို့လဲ တင်မြ ရ"

"ဒီဝါကျွတ်မှာ ကောင်လေးမိဘတွေလာမြန်းကြမယ် ကိုကြီးကြိုင် လယ်ငါးကေလက်ဖွဲ့လိုက်မယ်၊ ကောင်လေးတွေက လယ်ပိုင်မရှိဘူး မဟုတ်လား"

သရဖီဦးသည် ဦးတင်မြ၏ မြေးဖြစ်၍ မယ်ဆင့်တူမဝမ်းကွဲ တော်စပ်၏။ သရဖီဦးသည် မယ်ဆင့် အိမ်မှာပင် အနေများသည်မို့ ကျွန်ုပ် မြင်တွေ့ဖူးသည်။

"သက်ခိုင်ကိစ္စ ဘာလုပ်မယ်ဆိုတာ ပြောကြပါဦး၊ ကျွန်တော်တို့လည်း ဘယ်လိုဘယ်ပုံ ပါဝင်လုပ်ကိုင်ရမလဲလို့"

ကျော်စွာက စကားလမ်းကြောင်းကို ကျွန်ုပ်ဘက်သို့ ပြန်လှည့်လိုက်၏။

"ဒီလို... စိတ်ကူးထားတယ် ကိုကြီးကြိုင်"

ဦးတင်မြ ဆက်ပြောမည့် စကားကို အားလုံးက နားစွင့်နေသည်။

"ဝါကျွတ်ဖို့ကလည်း မဝေးတော့ဘူးလေ၊ ကျုပ်မြေး သရဖီဦး မင်္ဂလာကိစ္စအတွက် ရက်ကောင်းရက်မြတ်ရွေးပေးဖို့ ဆရာတော်ဆီလျှောက်ရင်း သက်ခိုင်အတွက် ဘာလုပ်သင့်သလဲဆိုတာ မေးကြည့်တာပေါ့၊ မကောင်းဘူးလား"

"ဒီလိုပဲ လုပ်ရမှာပေါ့ တင်မြရယ်၊ ကျုပ်တို့ တစ်သက်လုံးက သာရေးဖြစ်ဖြစ် နာရေးဖြစ်ဖြစ် ဘုန်းတော်ကြီးပဲ အားကိုးအားထားခဲ့ကြတာ ဘယ်တုန်းကများ ကိုယ့်သဘောနဲ့ကိုယ် လုပ်ခဲ့ကြဖူးလို့လဲ"

ဘကြီးဦးထွန်းကြိုင်က ဘုန်းတော်ကြီးများ၏သွန်သင်ဆုံးမ ဩဝါဒအောက်၌ နေထိုင်ကြီးပြင်းခဲ့ကြသည့် ကျေးလက်မှ ဗုဒ္ဓဘာသာဝင်တို့၏ဘဝ တစ်စွန်းတစ်စကို လှစ်ဟလိုက်သည်။

ဤသို့ နေထိုင်ခဲ့သဖြင့်လည်း မိစ္ဆာကုလားဖြူတို့၏ ခြောက်လှန့်ဖျက်ဆီးသော်ငြားလည်း ထေရဝါဒဗုဒ္ဓဘာသာမှာ ယိုင်လဲကွယ်ပျောက်မသွားနိုင်ခြင်းဖြစ်သည်။ မြန်မာဘုန်းတော်ကြီးများနှင့် အလှမ်းဝေးကာသည့် မြေမြင့်တောင်တန်းဒေသများ၌သာ ၎င်းတို့၏ ရေဖျန်းဘာသာမျိုးစေ့ကို ချနိုင်ခဲ့သည်။ အတန်းကျောင်းများမရှိသော ကျေးလက်ဒေသ လယ်သမားတောင်သူများ၏ပညာရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးများ၊ သာမက လူမှုရေးများကိုလည်း ဘုန်းတော်ကြီးများသင်ကြား၊ ညွှန်ပြ၊ ဆုံးမ၊ ဩဝါဒဖြင့်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် မြန်မာတို့၏ လူ့ယဉ်ကျေးမှု မဏ္ဍိုင်ကြီးမားမားမတ်မတ် တည်တံ့နေခြင်းပင်ဖြစ်သည်။

စသည် စသည်ဖြင့် ဘကြီးထွန်းကြိုင် အဆက်အပြတ် မဟောတမ်းပြောနေသည်ကို ကျန်လူအားလုံးမှာ စိတ်ဝင်တစား နားစိုက်ထောင်နေကြသည်။

အမှောင်ထု တစ်စ တစ်စ ထူထပ်လာပြီမို့ လည်ပင်းရှည် ရေနံဆီမီးခွက် တစ်လုံးအား မီးညှိထွန်းလိုက်သည်။

ဆက်ပါဦးမည်...

**မောင်ဟိန်းကျော်**



www.burmeseclassic.com

www.burmeseclassic.com

# ချမ်းသာကြီးပွား တိုးတက်စေရန်

# လောကီ-ကောလိချေခြင်း

## အမိဋ္ဌာန်ဝင်ပါ

### ကျော်ဇော်ဟိန်း(နံ့သာ)

တစ်နေ့တွင် စာရေးသူအိမ်ကို မမွှမိတ်ဆွေကြီး ကိုကျော်ရောက်ရှိလာပြီး သူ့လက်ထဲတွင် စာရွက်တစ်ရွက် ကိုင်လာသည်ကို တွေ့ရပါသည်။ "ကိုတင့်ရည်ရေ…ခင်ဗျား ကို ပြောစရာရှိလို့လာခဲ့တာပါ။ တခြားတော့မဟုတ်ပါဘူး။ ယောဒီစာရွက်က ကောလိချေနည်း၊ တစ်နည်းအားဖြင့် ဘုရား ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းပေါ့ဗျာ။ အဲဒါ ကျွန်တော်ရ ထားတာကြာပြီ။ အဲဒီနည်းအတိုင်းပြုလုပ်ခဲ့တာ အောင်မြင် တယ်ဗျာ။ သာသနာလည်းပြုရတယ်။ အဲဒီစာရွက်ကို မိတ္တူ ကူးပြီး နီးစပ်ရာအပေါင်းအသင်းများကိုလည်း ဝေတယ်ဗျာ"

"ကိုတင့်အနေနဲ့ အများပြည်သူ စာဖတ်ပရိသတ်များ သိအောင် ဂျာနယ်၊ မဂ္ဂဇင်းထဲမှာ ဆောင်းပါးရေးပေးရင် ပိုပြီး အကျိုးရှိမယ်ထင်လို့"ဟု ပြောသဖြင့် စာရေးသူလည်း ကိုကျော်လာပေးသော စာရွက်ခေါင်းစဉ်ကို ကြည့်လိုက်တော့ "နဝရတ်သိဒ္ဓိ ဂုဏ်တော်ပုတီးစိပ်နည်း၏ ကောလိချေခြင်း အမိဋ္ဌာန်စခန်း"ဟု ရေးသားထားသည်ကို တွေ့ရပါသည်။ ထို့ နောက် စာများကို ဆက်လက်ဖတ်ကြည့်ရာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်။ မမွှမိတ်ဆွေ ကောလိချေလိုခြင်း ပြုလုပ်လိုပါက ပြုလုပ်နည်းမှာ တနင်္လာနေ့တွင် ဆံတော်ရှင် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်ရှိ မုခ်တန်ဆောင်း အတွင်းမှ ကကုသန်မြတ်စွာဘုရား(မကိုဋ်ဆောင်း)ဆင်းတု တော်အား ဦးစွာဝပ်တွားပူဇော်၍ (ယာဘက်)လက်တော်ကို သေချာစွာဖူးမြော်ကာ ကောလိချေခြင်းအတွက် တင်ပြ လျှောက်ထားရပါမည်။

လျှောက်ထားရမည်မှာ (မိမိနာမည်ကို ထည့်၍ပြော ရန်) "အရှင်ဘုရား…တပည့်တော်၏ဘဝတွင် အခက်အခဲ၊ အကျပ်အတည်း၊ အနှောင်အဖွဲ့ ဆင်းရဲဒုက္ခနှင့်တကွ ကြိုပ် ဆိုးကြိုပ်ညံ့အပေါင်းမှ လွတ်ကင်း၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကာ ပြောဆိုကြံစည် လုပ် ကိုင်သမျှ အောင်မြင်၍ လှူဒါန်းသာသနာပြုနိုင်စေရန် ကြိုပ် တိုင်အလိုက် ဘုရားဂုဏ်တော်များကို အမိဋ္ဌာန်ပုတီးစိပ်၍ ကောလိချေခြင်း အမှုကိုပြုရခြင်း ဖြစ်ပါတယ်ဘုရား"

ဖော်ပြပါအတိုင်း လျှောက်ထားပြီး ရွှေတိဂုံစေတီတော် အား လက်ယာရစ်ရစ်ပါ။ အောက်ပါအတိုင်း အမိဋ္ဌာန်ပုတီး စိပ်ရပါမည်။ လက်ယာရစ်ဆိုသည်မှာ မိမိ၏လက်ယာကို ဆိုလိုခြင်းမဟုတ်ပါ။ မုခ်တန်ဆောင်းလေးခုအတွင်းမှ ပူဇော် ထားသော မြတ်စွာဘုရားတို့၏ ယာဘက်လက်တော်မှစ၍ ရွှေတိဂုံဘုရားကြီးအား ရစ်ပတ်ပူဇော်ခြင်းဖြစ်ပါသည်။

နမူနာပြပုံ


| | | | | |
|---|---|---|---|---|
| | | အရှေ့ | | |
| | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | |
| မြောက် | သောကြာ | | ဗုဒ္ဓဟူး | တောင် |
| အောင်မြေ ✱ | ရာဟု | ကြာသပတေး | စနေ | |
| | | အနောက် | | |



www.burmeseclassic.com

www.burmeseclassic.com

### လက်ယာရစ်



### ပထမရက် လောကီချေခြင်းပြုလုပ်ရန် (သောမအရပ်)

တနင်္လာနေ့(ကော)အတွက် တစ်နေ့တည်းအပြီး ပြုလုပ်ရန်

(၁) တနင်္လာဂြိုဟ်တိုင်ရှေ့တွင် (လောကဝိဒူ)ဂုဏ်တော် ရွတ်ဆို၍ ပုတီး ၁၅ ပတ်စိပ်ပါ။

(၂) ကြာသပတေးဂြိုဟ်တိုင်ရှေ့တွင် (ဘဂဝါ)ဂုဏ်တော်ရွတ်ဆို၍ ပုတီး ၁၉ ပတ်စိပ်ပါ။

(၃) ဗုဒ္ဓဟူးဂြိုဟ်တိုင်ရှေ့တွင် (သတ္ထာဒေဝမနုဿာနံ)ဂုဏ်တော် ရွတ်ဆို၍ ပုတီး ၁၇ ပတ်စိပ်ပါ။

(၄) သောကြာဂြိုဟ်တိုင်ရှေ့တွင် (ဝိဇ္ဇာစရဏသမ္ပန္နော)ဂုဏ်တော် ရွတ်ဆို၍ ပုတီး ၂၁ ပတ်စိပ်ပါ။

ဤအပိုင်းမှာ တနင်္လာနေ့တွင် ပြုလုပ်ရမည်။ အဓိဋ္ဌာန်ပြီးသွား၏။

### ဒုတိယရက် ကောလီချေခြင်းပြုလုပ်ရန် (ပါယအရပ်)

ဗုဒ္ဓဟူးနေ့(လီ)အတွက် နံနက်ပိုင်း ၁၂:၀၀ နာရီ ကျော်မီ အပြီးပြုလုပ်ပါ။ ၁၂:၀၀ နာရီကျော်ပြီး ရာဟုအချိန်သို့ မကူးစေရန် သတိပြုပါ။

ဓမ္မမိတ်ဆွေသည် ဗုဒ္ဓဟူးနေ့တွင် အထက်ဖော်ပြပါ ရွှေဘက်မုခ်တန်း ဒေါင်အတွင်းရှိ ကကုသန္ဓမြတ်စွာဘုရားထံသို့ တစ်ဖန်သွားရောက်ဖူးမြော်ပြီး ဆက်လက်ပြုလုပ်ရန် ကျန်ရှိနေသော (လီ)အတွက် ခွင့်ပြုချက်တောင်းခံပါ။

### လျှောက်ထားပုံမှာ (မိမိနားလည်သည်ဆိုရန်)

အရှင်ဘုရား တပည့်တော်သည် ကောလီချေခြင်း အဓိဋ္ဌာန်ပြုလုပ်ရန် ဒုတိယမြောက်(လီ)အတွက် ဆက်လက်၍ အဓိဋ္ဌာန်ပုတီးစိပ်ခွင့်ပြုပါဘုရား။ အထက်ပါအတိုင်း လျှောက်ထားပြီးနောက် အောက်ဖော်ပြပါ ဂြိုဟ်စဉ်အတိုင်း လိုက်၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ လက်ယာရစ်သာ ရစ်ရပါမည်။

(၁) တနင်္ဂနွေဂြိုဟ်တိုင်ရှေ့တွင် (သမ္မာသမ္ဗုဒ္ဓေါ)ဂုဏ်တော်ကိုရွတ်၍ ပုတီး ၆ ပတ်စိပ်ပါ။

(၂) စနေဂြိုဟ်တိုင်ရှေ့တွင် (ဗုဒ္ဓေါ)ဂုဏ်တော်ကိုရွတ်ဆို၍ ပုတီး ၁၀ ပတ်စိပ်ပါ။

(၃) အင်္ဂါဂြိုဟ်တိုင်ရှေ့တွင် (အနုတ္တရောပုရိသဒမ္မသာရထိ) ဂုဏ်တော်ရွတ်၍ ပုတီး ၈ ပတ်စိပ်ပါ။

(၄) ရာဟုဂြိုဟ်တိုင်ရှေ့တွင် (သုဂတော)ဂုဏ်တော်ကို ရွတ်ဆို၍ ပုတီး ၁၂ ပတ်စိပ်ပါ။

(၄)ခုမြောက် ရာဟုဂြိုဟ်တိုင်ရှေ့တွင် ပုတီးစိပ်ခြင်းပြီးဆုံးသောအခါ ၎င်းရာဟုဂြိုဟ်တိုင်၏ မြောက်ဘက်ရှိ ဖဲပွင့်ပုံသဏ္ဌာန် အောင်မြေနေရာကိုသွားရောက်ပြီး အလယ်တည့်တည့်အောင် မြေကိုနင်း၍ ရွှေတိဂုံစေတီတော်ကြီး၏ သပိတ်မှောက်အထက်ပန်းဆွဲအောက်ရှိ လေးထောင့်ကွက်ပုံသဏ္ဌာန် (စဓဗဝ) အက္ခရာကိုကြည့်ကာ အသက်အဝရှုလျက် အသက်အောင့်ပြီး မျက်တောင်မခတ်ဘဲ ၉ ကြိမ်တိတိ (စဓဗဝ)ကို ရွတ်ဆိုပါ။ ၎င်းနောက် မိမိလိုရာဆုတောင်း ပြည့်ဝပါလိမ့်မည်။

### နဝင်းကျေစေရန်

၎င်းဗုဒ္ဓဟူးနေ့မှာပင် ဓမ္မမိတ်ဆွေတို့၏ မွေးနေ့အလိုက် တစ်နည်းဖြင့် မိမိ၏မွေးနေ့အလိုက် နဝင်းကျေရာအရပ်ကို ရွေးချယ်၍ ထိုအရပ်တွင် ဂြိုဟ်တိုင်ရှေ့တွင် (အရဟံ)ဂုဏ်တော်ကို ရွတ်ဆို၍ ပုတီး ၂၇ ပတ် ထပ်စိပ်ပါ။

(၁) တနင်္ဂနွေသား/သမီးများ ရာဟုဂြိုဟ်တိုင်ရှေ့တွင် စိပ်ရမည်။ (၂) တနင်္လာသား/သမီးများ စနေဂြိုဟ်တိုင်ရှေ့တွင် စိပ်ရမည်။ (၃) အင်္ဂါသား/သမီးများ သောကြာဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်ရှေ့တွင် စိပ်ရမည်။ (၄) ဗုဒ္ဓဟူးသား/သမီးများ ကြာသပတေးဂြိုဟ်တိုင်ရှေ့တွင် စိပ်ရမည်။ (၅) ကြာသပတေးသား/သမီးများ ဗုဒ္ဓဟူးဂြိုဟ်တိုင်ရှေ့တွင် စိပ်ရမည်။ (၆) သောကြာသား/သမီးများ အင်္ဂါဂြိုဟ်တိုင်ရှေ့တွင် စိပ်ရမည်။ (၇) စနေသား/သမီးများ တနင်္လာဂြိုဟ်တိုင်ရှေ့တွင် စိပ်ရမည်။

| | | | |
|---|---|---|---|
| တနင်္ဂနွေ | ၁ | ရာဟု | ၈ + ၉ |
| တနင်္လာ | ၂ | စနေ | ၇ + ၉ |
| အင်္ဂါ | ၃ | သောကြာ | ၆ + ၉ |
| ဗုဒ္ဓဟူး | ၄ | ကြာသပတေး | ၅ + ၉ |
| ကြာသပတေး | ၅ | ဗုဒ္ဓဟူး | ၄ + ၉ |
| သောကြာ | ၆ | အင်္ဂါ | ၃ + ၉ |
| စနေ | ၇ | တနင်္လာ | ၂ + ၉ |

နဝရတ်သိဒ္ဓိဂုဏ်တော် ပုတီးစိပ်နည်း၏ (ကောလီချခြင်း)အဓိဋ္ဌာန်စခန်း သိပ္ပံနည်းကျသော ဗုဒ္ဓတရားတော်အရ လူကို မည်သူမျှ ဖန်ဆင်းထားခြင်း မဟုတ်ဘဲ မိမိကိုယ်ကို မိမိကသာ ဖန်ဆင်းထားခြင်းဖြစ်ပါသည်။ မိမိက ဖန်ဆင်းသည့် ကိရိယာမှာမှု ကုသိုလ်နှင့် အကုသိုလ်ပင်ဖြစ်သည်။ ငွေကုန်ကြေးကျ အသက်သာခုံး အထိရောက်ဆုံးနည်း ကုသိုလ်များများ အမြဲရနေလိုလျှင် ဗုဒ္ဓဂုဏ်တော်၊ ဗုဒ္ဓမန္တန်ဂါထာတို့ကို ရွတ်ဖတ်ပွားများခြင်း၊ အဓိဋ္ဌာန်စခန်းဝင်ခြင်း၊ တရားထိုင်ခြင်းတို့ဖြင့် ကုသိုလ်ခွန်အားများ ရှိနေပါလျှင် အကုသိုလ်များ မဝင်ရောက်နိုင်ဘဲ အန္တရာယ်များမှ ကင်းလွတ်ပါသည်။

**ကောလီချခြင်းအဓိဋ္ဌာန်စခန်းသည်. . .**

ရွှေတိဂုံဘုရားကို နှစ်ရက်သာသွားရပါသည်။ တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့ဖြစ်ပါသည်။ နံနက်စောစောသွားရောက် အဓိဋ္ဌာန်ဝင်ပါက ပို၍ကောင်းပါသည်။ အချိန်နာရီ မသတ်မှတ်ပါ။ သို့သော် ဗုဒ္ဓဟူးနေ့ အဓိဋ္ဌာန်ဝင်သည့်နေ့ကျလျှင် ၁၂း၀၀ နာရီကျော်လို့ မရပါ။ ၁၂း၀၀ နာရီကျော်ပါက ရာဟုအချိန်သို့ ရောက်သွားမည်ဖြစ်ပါတယ်။ အကောင်းဆုံးကတော့ နှစ်ရက်စလုံး စောစောသွား စောစောအဓိဋ္ဌာန်ဝင်၊ စောစောပြီးသွားပါမည်။ နှစ်ရက်စလုံး ၁၂း၀၀ ထက် နောက်မကျပါက ပို၍ကောင်းမည်ဟု စာရေးသူ*ယူဆမိပါသည်။

အဓိဋ္ဌာန်ဝင်လိုသော ဓမ္မမိတ်ဆွေများသိထားရန်မှာ ပထမတစ်ရက် တနင်္လာနေ့သွားပြီး နောက်ဝင်မည့်ဗုဒ္ဓဟူးနေ့ကို မဝင်ဖြစ်ခဲ့ပါက မိမိကြံစည်လုပ်ကိုင်ထားသမျှ အကြောင်းအရာတို့သည် မပြည့်စုံကြောင်း အကြောင်းအမျိုးမျိုး ကြောင့် လွဲချော်ခဲ့ရသည်ဟု အဓိဋ္ဌာန်ဝင်ခဲ့ကြသူများက ကိုယ်တွေ့ပြောပြလို့ သိခဲ့ရပါသည်။ ဓမ္မမိတ်ဆွေစာရှုသူ အပေါင်းတို့ (ဤကောလီချခြင်း)အဓိဋ္ဌာန် ဝါသနာပါက လက်တွေ့အဓိဋ္ဌာန်ပြုလုပ်ကြည့်ပါ။ အချို့သူများမှာ ပါရမီဆက်နည်းသဖြင့် တစ်ခါနှစ်ခါနှင့် မအောင်မြင်ခဲ့သော် အောင်မြင်သည်အထိ အဓိဋ္ဌာန်ဝင်ကြပါ။ နယ်မှ ဓမ္မမိတ်ဆွေစာရှုသူအပေါင်းတို့သည် မိမိတို့အနီးအနားရှိ စေတီဘုရားများတွင်လည်း အဓိဋ္ဌာန်ဝင်နိုင်ပါသည်။ ကိုယ်တွေ့လုပ်ကြည့်ပါ။ အမှန်မှုချ ချမ်းသာသုခခံစားရမည်မှာ အမှန်မလွဲဖြစ်သေတော့သည်။

**သဗ္ဗာဝါမှန်သမျှ ဘေးမဲ့ အေးမြရွှင်လန်းချမ်းမြေ့ပါစေ. . .။**

**ကျော်ဇောဟိန်း(နုံးဘ)**

__ကိုးကား__

ကျေးဇူးတော်ရှင် ဆရာတော်ဦးဝိမလ၏ တပည့်ရင်း ဆရာဦးသောင်းဆွေ ကိုယ်တိုင်လမ်းညွှန်နည်း လမ်းကောင်းများပေးသည်။ လုပ်ငန်းအစီအစဉ်များကိုဖော်ပြ၍ ပိုင်နိုင်စွာ ဆောင်ရွက်စေရန် ဓမ္မဒါနစာရွက်။



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာရေ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)
**တိုင်းရင်းဆေးကုဌာန**

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေရှုံးခွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကာလဝဲရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်စီးဆင်းဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်နာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-
ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန
အမှတ်-၂၇၊ဆိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းကြီးမြောက်၊သာကေတမြို့နယ်၊ရန်ကုန်မြို့ ☎-၅၅၅၀၄၄၊ 09 ၅၀၆၃၃၃
နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ
တနင်္လာနေ့တိုင်း ပိတ်သည်။



**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-
ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တထောင်ဘုရားလမ်း၊ **ရန်ကုန်**-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ **ရန်ကုန်မြို့** ၊ ဖုန်း-၀၀-၆၆၆၄၇၊ ၀၉-၅၀၁၈၁၉၀

**မှာနစ်ခွဲ** - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ ဆောင်တော်ရပ်ကွက်၊ **မန္တလေးမြို့** ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

# မင်းသိင်္ခ

အခန်းဆက်ဝတ္ထုရှည် | ယခင်လမှအဆက်



www.burmeseclassic.com

www.burmeseclassic.com

# ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား

■ မင်းသိခ်

( ယခင်လမှအဆက် )

မိုးသီးလည်း မြစပယ်ကို မျက်မှောင်ကြုတ်၍ ကြည့်နေလေ၏။ စိတ်တွင်း၌လည်း…

"မမင်းဖြူနဲ့ တူလှချည်လား"

ဟု ရေရွတ်မိလေတော့၏။ သို့ရာတွင် မြစပယ် အနေရအထိုင်ရ ခက်သွားမည်စိုးသဖြင့် စေ့စေ့မျှမကြည့်တော့ဘဲ ကုလားသဘော်သားများနှင့်အတူ သွားရောက်၍ ကုလားဖုံတီးပေးနေလေ၏။ အဆိုကောင်းသောကုလားက လွမ်းဆွေးဖွယ်ရာ အော်ဟစ်၍ ဆိုလေ၏။

မြစပယ်သည် မိုးသီး၏ယောက်ျား ဝီသော ဉပမိရုပ်ကို မြင်လျှင်…

"ဒီလူနှယ် ယောက်ျားပီပီ ခံ့ခံ့ညားညား သန့်သန့်ပြန့်ပြန့်နဲ့ လှေသိုးမိုလ်ဖြစ်နေရသလား"

ဟု အံ့ဩနေရာမှ မိုးသီးက ကုလားသဘော်သားများနှင့် ရောနှော၍ ဖုံတီးနေပုံကိုမြင်လျှင်…

"လှေသိုးမိုလ်ကလည်း ဂီတတော့ ဝါသနာပါသားပဲ"

ဟု တွေးထင်မိလေ၏။

ထမင်းစားသည့်အခါ၌ မြစပယ်နှင့် မောင်သန်းအေးတို့ အတူတကွ စားကြလေ၏။ မောင်သန်းအေးက မြစပယ်အား…

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးရာ မြစပယ်က အငြိမ့်မင်းသမီးဖြစ်ကြောင်း၊ လှေသိုးများက ဖမ်းဆီးထားကြောင်း၊ ယခုတစ်ဖန် လှေသိုးအချင်းချင်း ရောင်းစားလိုက်ပုံရကြောင်း မြစပယ်က ပြောလေ၏။

"ဟုတ်တယ်။ ကျုပ်လည်း ဒီလိုပဲ။ ကျုပ်ကိုလည်း ကျုပ်ရဲ့မိတ္တွေနဲ့ လှေသိုးအဖွဲ့က ဒီလူတွေကို ရောင်းစားလိုက်တာပဲ။ နည်းနည်းတော့ သတိထားနေပေါ့။ ဟိုမှာ ဖုံတီးနေတဲ့လူက ကြည့်ရတာ တကယ်ကြောက်ဖို့ကောင်းတဲ့ လူပဲ မြစပယ်"

ဟု မောင်သန်းအေးက ပြောလိုက်လေ၏။

ညဘက်သို့ ရောက်သောအခါ၌ ထိန်ထိန်သာသော လမင်းကြီးနှင့် ပင်လယ်ပြင်သည် လွန်စွာ လွမ်းမောဖွယ်ရာကောင်းလေတော့၏။ မြစပယ်သည် သစ်သားစည်ကလေးကိုမှီကာ လမင်းကြီးအား ငေးမောကြည့်ရှုရင်း မျက်ရည်များ တသွေ့သွေ့ကျလျက် ရှိလေတော့၏။ မောင်သန်းအေးသည် မြစပယ်အနီးသို့ ကပ်သွားပြီးလျှင်…

"အားမငယ်ပါနဲ့ မြစပယ်ရယ်။ ကိုသန်းအေးတစ်ယောက်လုံး ရှိသားပဲ"

ဟု အားပေးစကားပြောလေ၏။ ထို့နောက် အားပေးသလို၊ ကူညီသလို နှင့် မြစပယ်၏လက်ကလေးကို သွား၍ ကိုင်သဖြင့် မြစပယ်က ဆတ်ခနဲ ပြန်၍ရုန်းလိုက်လေ၏။

"ကိုသန်းအေးလေ မြစပယ်ကို မြင်မြင်ချင်း စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိဘူး။ အိုကွာ…ရှင်းရှင်းပဲပြောမယ်ကွယ်။ ကိုသန်းအေးကတော့ သိပ်ပြီးချစ်တာပဲ"

ဟု မဟားတရား ချစ်ရေးဆိုလေတော့သည်။

"လှေသိုးတွေလက်ထဲမှာ ဘယ်ရောက်လို့ ဘယ်ရောက်မှန်းမသိရတဲ့ အထဲ ဒုက္ခမပေးပါနဲ့ရှင်။ အေးအေးဆေးဆေး နေပါရစေ"

ဟု မြစပယ်က ပြောလေ၏။

ဆိတ်ဖွားနှင့် မိုးသီးတို့လည်း ထမင်းစားရင်းနှင့် စကားပြောနေကြလေ၏။ မောင်သန်းအေးအနီးမှ မြစပယ်သည် ရှောင်ထွက်ကာ အခြားနေရာ၌ သွားရောက်ထိုင်လေ၏။ သဘော်သားတစ်ယောက်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုနေလျက် မြစပယ်အနီးသို့ ကပ်သွားကာ အတင်းဝင်၍ ပွေ့ဖက်နမ်းရှုပ်လေ၏။ မောင်သန်းအေးလည်း တွေ့မြင်ပါလျက် ဝင်ရောက်ကူညီခြင်းမပြုဝံ့ဘဲ ရပ်၍ကြည့်နေလေ၏။ မြစပယ်က…



www.burmeseclassic.com

www.burmeseclassic.com

"လာကြပါဦး"

ဟု အော်ဟစ်လိုက်ရာ မိုးသီးသည် ထမင်းစားနေရာမှ ပြေးထွက်လာပြီးလျှင် သခော်သားအား ကုပ်မှ ကိုင်ကာ မျက်နှာကိုလက်သီးဖြင့် ထိုးချလိုက်လေတော့၏။

သခော်သားလည်း ပက်လက်လဲကျနေရမှ မိုးသီးကိုကြည့်လိုက်လေ၏။ မိုးသီးလည်း ခါးကြားမှ သေနတ်ကို ထုတ်၍ ထိုသခော်သားအား နှိုင်းခနဲ ပစ်ချလိုက်လေတော့၏။ ထို့နောက် မောင်သန်းအေးဘက်သို့လှည့်ကာ -

"ကိုယ့်လူကလည်း ကိုယ့်ရှေ့မှာ မိန်းကလေးတစ်ယောက်ကို စော်ကားနေတာ ကြည့်နေရသလား။ ဆွဲပြီးထိုးပါလား။ ဟိုမှာလည်း ပုဆိန်တစ်လက်၊ အဲဒါနဲ့ခုတ်ပါလား"

ဟု ပြောလိုက်ရာ မောင်သန်းအေးက . . .

"ဆရာတို့က ကျွန်တော်တို့ကို ဖမ်းထားတာဆိုတော့ ဆရာတို့လက်တွင်းရောက်နေတာ မဟုတ်လား။ ဘယ်လိုလုပ်ပြီး ခုခံဝံ့မှာလဲ"

ဟု ပြောလိုက်လေ၏။

မိုးသီးလည်း မောင်သန်းအေး၏ စကားကြားရလျှင် အံ့ဩသောမျက်နှာနှင့် ဆိတ်ဖွားအား လှမ်း၍ကြည့်လိုက်လေ၏။ ထိုအခါ၌ ဆိတ်ဖွားက . . .

"မဟုတ်ပါဘူးကွ။ ငါတို့က မင်းတို့ကို ဖမ်းထားတာမဟုတ်ဘူး။ မင်းတို့အတွက် အသက်စွန့်ပြီး ကယ်လာကြတာ။ ညနေက ထွက်သွားတဲ့ သေဌ္ဌာဆိုတဲ့ကောင်က မင်းအတွက် သူ့အသက်ကို အပေါင်ထားပြီး မင်းကို ထုတ်ခဲ့ရတာ။ ဟောဒီ မြစပယ်အတွက်ကို ဟောဒီကိုမိုးသီးက သီပေါ်ကနေ ရောက်လာပြီး ဓားစာခံအဖြစ် ကယ်ခဲ့ရတာ"

ဟု အစချီလျက် မောင်သန်းအေး၏မိထွေး အုတ်ဂူလာ၍အပ်ပုံ၊ မယဉ်နွဲ့ဆိုသည့် မောင်သန်းအေး၏ချစ်သူ လာရောက်အကူအညီတောင်းပုံ၊ မြစပယ်၏ မောင်ဖြစ်သူ တယောသမား မောင်မြင့်သွေးအား လူဆိုးများက သတ်ဖြတ်၍ အလောင်းလာ၍ ပစ်ထားပုံမှအစ . . . မိုးသီး၊ သေဌ္ဌာနှင့် မိမိအပါအဝင် လူသုံး ယောက်တို့ စွန့်စားခဲ့ကြရပုံကို ရှင်းပြ သည့်အပြင် ယခုအခါ၌လည်း သေဌ္ဌာသည် မောင်သန်းအေး၏ ရင်ဘတ်နှင့် မြစပယ်၏ကျောက်ပါရှိသော ဝှက်စာပါ အညွှန်းအတိုင်း ရတနာများ သွားရောက်တူးဖော်လျက်ရှိပုံ၊ ရတနာများရရှိလာသည့်အခါ၌ မောင်သန်းအေးနှင့် မြစပယ်အား အညီအမျှခွဲဝေပေးရန်ဖြစ်ကြောင်းကိုပါ ရှင်းပြပြီးနောက်

"မင်းတို့ကို ကယ်ရတဲ့ကိစ္စမှာ ငါ့ရဲ့မိတ်ဆွေဆိုလည်းဟုတ်၊ တပည့်ဆိုလည်းဟုတ်တဲ့ သူတောင်းစားအိုလံတောင်မှ အသက်ရှုံးခဲ့ရပါတယ်ကွာ"

ဟု စိတ်မကောင်းသောလေသံဖြင့် ပြောလေ၏။

ထိုအခါ၌ မြစပယ်သည် မိမိအား အသက်စွန့်၍ ကယ်ဆယ်ခဲ့သည်ဆိုသော မိုးသီးအား လှမ်း၍ကြည့်လိုက်လေ၏။ အရပ်အမောင်းကောင်း၍ အသားဝါကာ မျက်လုံးမျက်ခုံးကောင်းလှသော မိုးသီး၏ဉပမိရုပ်ကိုမြင်လျှင် -

"ဟုတ်မှာပါပဲ။ သူကြည့်ရတာ စွန့်စားဝံ့မယ့် ရုပ်မျိုးပဲ"

ဟု တွေးထင်မိလေ၏။ သခော်သားများလည်း မိုးသီးက သခော်သားတစ်ယောက်အား ရက်ရက်စက်စက် သတ်ဖြတ်ပစ်ပုံကိုကြည့်၍ တစ်ဦးကိုတစ်ဦး မျက်စပစ်ကာ "ဘယ်လိုလဲ တယ်လည်း ရက်စက်လှချည်လား" ဟူသော သဘောကို ဖော်ပြကြလေ၏။

မိုးသီးတို့၏ ရွက်သခော်ကြီးသည် တရွေ့ရွေ့နှင့်လာခဲ့ရာ ကရစ်သျှနား သောင်ပြင်သို့ရောက်လေ၏။ ထိုသောင်ပြင်၏အနီးရှိ ကျွန်းငယ်ကလေးတစ်ကျွန်း၌ သခော်ကိုရပ်နားကာ သိုက်ညွှန်းအတိုင်း ရတနာသိုက်ကို သွားရောက်တူးဖော်သည့် သေဌ္ဌာအား စောင့်မျှော်နေကြလေ၏။

မောင်သန်းအေးမှာမူ မြစပယ် အနီးသို့ မယောင်မလည်ကပ်သွားခြင်း လူလစ်သည်နှင့် ချစ်ရေးဆိုခြင်း စသော မဖွယ်ရာသည့်ကိစ္စများကိုသာ ပြုလုပ်လေ့ရှိ၏။

တစ်ညသ၌ လကလည်း သာ၍နေစဉ် မိုးသီးသည် အိပ်၍မပျော်ဘဲရှိသဖြင့် ကျွန်းပေါ်ရှိ အုန်းပင်တစ်ပင်အားမှီကာ တယောထိုးနေလေ၏။ မြစပယ်လည်း အိပ်မပျော်နိုင်သေးဘဲရှိရာ မိုးသီး၏ တယောသံ၌ နစ်မျှောနေလေသည်။

ဆိတ်ဖွားမှာမူ မုန်အိပ်ကိုရွှန်းလျက် "လူသားတို့၏ထွက်ရပ်လမ်း" ဟူသော ကျမ်းကြီးကို စတင်၍ ရေးသားနေလေတော့၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် မိုးသီး၏နောက်သို့ ခြေသံမကြားရအောင် တရွေ့ရွေ့ ချဉ်းကပ်လျှက်ပြီး မိုးသီး၏ပခုံးကို ပုဆိန်ဖြင့်

www.burmeseclassic.com

လိုက်လေတော့၏။

မိုးသီးလည်း တယောထိုး၍နေရာမှ ဆတ်ခနဲ ခေါင်းကိုငုံ့ချလိုက်ပြီးလျှင် ရုတ်တရက်လှည့်၍ ထိုသူ၏ရင်ဝသို့ ခြေထောက်ဖြင့်ကန်လိုက်ရာ ထိုသူ နောက်သို့လဲသွားလေ၏။ ထိုသူက အနီးသို့ချဉ်းကပ်၍ ဓားဖြင့်ထိုးပြန်လေ၏။ မိုးသီးက ရှောင်၍ ခြေဖြင့်ကန်ပြန်လေ၏။ အတော်ကြာသည်အထိ သတ်ပုတ်ပြီးနောက် မိုးသီးသည် ထိုသူ၏ ဓားမြှောင်နှင့်ပင် ထိုသူ့အားထိုးလိုက်ရာ ထိုသူသည် "အား" ခနဲ အော်ဟစ်လိုက်လေ၏။

အော်သံမှာ ကျွန်းတစ်ခုလုံးကို သာမက ပင်လယ်ကြီးကိုပင် လွှမ်းမိုးသွားသည်ဟု ထင်မှတ်ရလေတော့၏။ ထိုသင်္ဘောသားမှာ မနေ့က မိုးသီးသတ်လိုက်သော သင်္ဘောသားနှင့် လွန်စွာခင်သောသူငယ်ချင်း ဖြစ်ပေရာ သူ့သူငယ်ချင်းသေရသည့်အတွက် မိုးသီးအား လက်စားချေခြင်း ဖြစ်ပေသည်။

သင်္ဘောသားများလည်း သေနတ်များ ဓုဆိန်များဆွဲကိုင်ကာ သင်္ဘောပေါ်မှဆင်း၍ လာကြပြီးလျှင် မိုးသီးကိုတစ်ချည်း ဓားတန်းလန်းနှင့် သေဆုံးလျက်ရှိသော သင်္ဘောသားကိုတစ်လှည့် ကြည့်ရှုကာ သင်္ဘောပေါ်သို့ ပြန်၍ တက်သွားကြလေတော့၏။

သင်္ဘောသားများ တက်၍လာသည့်အခါ၌ မောင်သန်းအေးက...

"ဘာဖြစ်တာလဲ"

ဟုမေးရာ သင်္ဘောသားတစ်ဦးက မိုးသီးနှင့် သင်္ဘောသားတစ်ဦး သတ်ပုတ်ကြောင်း၊ သင်္ဘောသား သေဆုံးသွားကြောင်း ပြောလျှင်...

"ဒီလူကတော့ သင်္ဘောသားတွေ သတ်နေတာပဲ။ မနေ့ကလည်းတစ်ယောက် ကြာရင် တစ်ယောက်မှရှိတော့မှာ မဟုတ်ဘူး"

ဟု တစ်ကိုယ်တည်း ညည်းသလိုနှင့် သင်္ဘောသားများ၏စိတ်ကို နှိုးဆွလိုက်လေတော့၏။

အမှန်စင်စစ်အားဖြင့် ယခုပါလာသော သင်္ဘောသားဆိုသူများမှာလည်း ကျွန်းပြေးများ ထောင်ပြေးများနှင့် ဝရမ်းပြေးများသာ ဖြစ်ကြပေသည်။ မည်သည့်တိုင်းပြည်တွင်မှ အတိအကျနေထိုင်ခြင်းမရှိဘဲ ပင်လယ်ပြင်၌သာလျှင် အချိန်ကုန်၍ နေကြသူများဖြစ်၏။ သူတို့သည် တစ်ချိန်က ဤရွက်သင်္ဘောကြီးနှင့် လှည့်လည်ကာ ဓားပြတိုက်ခဲ့ကြသော ပင်လယ်ဓားပြများလည်း ဖြစ်ပေသည်။

ထိုပင်လယ်ဓားပြ သင်္ဘောကြီးအား ဗွန်ဒီဟုခေါ်သည်။ ပင်လယ်ဓားပြကြီးက ကုန်သည်တစ်ဦးအောင်း ရောင်းချခဲ့ခြင်းဖြစ်၏။ ရောင်းချရာ၌ သင်္ဘောသားများကိုပါ ထည့်သွင်းရောင်းချခဲ့ခြင်းဖြစ်၏။ ထိုကုန်သည်ထံမှ မိုးသီးကတစ်ဆင့် ဝယ်ယူခဲ့ရာ သင်္ဘောသားများလည်း သင်္ဘောနှင့်အတူ ပါ၍လာခဲ့ပေသည်။

သင်္ဘောသား ပင်လယ်ဓားပြများမှာ နဂိုကပင် သင်္ဘောကြီးကို အပိုင်စီး၍ ထွက်သွားကြလိုသည့်အထဲတွင် မိုးသီးက သင်္ဘောသားနှစ်ယောက်ကို သတ်ပစ်လိုက်သည့်အခါ၌ သင်္ဘောသားများအား စိန်ခေါ်လိုက်သကဲ့သို့ ရှိလေ၏။ သင်္ဘောသားအလုပ်ကို ရိုးရိုးသားသားလုပ်ကိုင်သော ကုလားအချို့လည်း ရှိသေးသည်ဖြစ်ရာ ပင်လယ်ဓားပြသင်္ဘောသားတို့သည် ထိုကုလားများအားလည်း သွေးထိုးစည်းရုံးလျက်ရှိပေသည်။ မောင်သန်းအေးမှာလည်း ပင်လယ်ဓားပြ သင်္ဘောသားများအနီးသို့ ချဉ်းကပ်ကာ...

"ကိုယ့်လူတို့က လူညံ့တွေပဲ။ အများနဲ့တစ်ယောက်ဗျာ။ လူညီရင် ဤကို ကျွဲလို့ဖတ်ရတာပဲ။ ဟဲ...ဟဲ ကိုယ်လည်းလူဆို။ သူလည်း လူဆိုးပဲ ဥစ္စာ။ မလိမ္မာလို့ ဆိုးကြမိုက်ကြပြီးမှတော့ သူတစ်ပိုး၏ ခြေထောက်အောက်မှာ ပြားပြားဝပ်မနေသင့်ပါဘူး"

ဟူ၍လည်းကောင်း...

"ရတနာတွေရလာရင် ကိုယ့်လူတို့ကို တစ်ဝက်ခွဲပေးမယ်။ မိုးသီးဆိုတဲ့လူကို အပြတ်သာ ရှင်းခဲ့ကြပေတော့"

ဟူ၍လည်းကောင်း လှုံ့ဆော်သွေးထိုးလေတော့၏။

သင်္ဘောသား ပင်လယ်ဓားပြများအား မြှောက်ထိုးပင့်ကော်လုပ်သကဲ့သို့ မြစပယ်အနီးသို့လည်း ချဉ်းကပ်ကာ

"မြစပယ်နဲ့ ကိုသန်းအေးနဲ့က ရတနာတစ်ဝက်စီ ရကြမှာ။ ဟဲ...ဟဲ ကိုသန်းအေးရဲ့သဘောကတော့ ရတနာတွေကို တစ်ဝက်စီမခွဲချင်ပါဘူး။ ရတနာချင်းလည်းပေါင်း၊ လူချင်းလည်းပေါင်း ဆိုရင် မကောင်းဘူးလား"

ဟူ၍ မျက်နှာပြောင်တိုက်ကာ ချစ်ရေးဆိုလေတော့၏။

ဤသို့နေလာခဲ့ရာ ရက်အတော်အတန် ကြာသောအခါ၌ ပင်လယ်ဓားပြ

www.burmeseclassic.com



သဘော်သသားများနှင့် မောင်သန်းအေးတို့သည် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်သွားကြလေသည်။ မောင်သန်းအေး၏စိတ်၌ မိုးသီးကိုသာလျှင် မကျေမနပ်ဖြစ်သည်မဟုတ်ပေ။ မြစပယ်ကိုလည်း မကျေမနပ်ဖြစ်ကာ...

"သိမယ် မြစပယ်...နှင့် ငါ့အကြောင်းကို ကောင်းကောင်းကြီးသိရမယ်"

ဟု ကြိမ်းဝါးလျက်ရှိလေတော့၏။

တစ်နေ့သ၌ တံငါလှေကြီးတစ်စင်းသည် မိုးသီးတို့ထံ ရောက်ရှိလာလေတော့၏။ ထိုလှေကြီး၌ သေတ္တာလည်း ပါ၍လာလေ၏။ ထို့နောက် တံငါလှေကြီးသည် သေတ္တာကို ထားခဲ့ပြီးနောက် ထွက်ခွာ၍သွားလေတော့သည်။

"ဟော့...သေတ္တာ နေရာကျရဲ့လား"

ဟု မိုးသီးက နှုတ်ဆက်လိုက်လေ၏။

"လွယ်တော့ သိပ်မလွယ်ဘူးဗျို့။ သွားရတဲ့ခရီးကလည်း ကုန်းတစ်တန် ရေတစ်တန်။ ပုလိပ်တွေ၊ စုံထောက်တွေလည်း ခြေချင်းကို လိမ်နေတာပဲ။ မကျိုးသီးရဲ့ တပည့်တွေကရော မြဒင်တို့အဖွဲ့ကပါ ဆရာဆိတ်ဖွားကို မြေလှန်ရှာနေကြလေရဲ့။ ဟိုရောက်တော့ ညဘက်ကြီးမှာပဲ တောင်ပေါ်အတက်အဆင်းလုပ်တဲ့ လှေကားထိပ်က ကျောက်ခဲဗီလူးရုပ်ကြီးရဲ့ မျက်လုံးကို တူးရတယ်။ တူးတော့ ပောဒီ ကြေးပုရပိုက်ကလေးတစ်ချပ် ထွက်လာတယ်။ တခြား ဘာရတနာတွေမှမရှိဘူး"

ဟုဆိုကာ သေတ္တာသည် ကြေးပုရပိုက်ကို ထုတ်၍ပေးလေ၏။

ဆိတ်ဖွား၊ မိုးသီး၊ မောင်သန်းအေးနှင့် မြစပယ်တို့ပါ ထိုပုရပိုက်ကို ဝိုင်းဝန်းကြည့်ရှုကြလေ၏။ ပုရပိုက်ပေါ်၌ကား...အောက်ပါစာကို ရေးထားလေ၏။

သိုက်စာ

ငြှေသီး၊ ငမဲကြီး၊ ငနက်ကျော်၊ ပဥ္စရူပဘာသိန်းဟူသော ကျွန်ုပ်တို့လေးဦးသား ဆိုးသွမ်းရမ်းကား၍ ရသမျှသော ရတနာပစ္စည်းများအား အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်လဒိုက်ကျွန်းစုများအနက် အကြီးဆုံးသောကျွန်း၏ အမြင့်ဆုံးသော တောင်ကုန်း၏ ထိပ်တည့်တည့်၌ မြှုပ်နှံထားသည်။

ထိုပုရပိုက်ကိုကြည့်၍ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ကြလေ၏။ ထို့နောက် ဆိတ်ဖွားက အောက်ပါအတိုင်း ပြောလေတော့၏။

"အံ့ရောကွာ။ မောင်သန်းအေးရဲ့ ရင်ဘတ်ကစာနဲ့ မြစပယ်ရဲ့ကျောကစာကို ပေါင်းမှဖတ်လို့ရတဲ့စာတစ်စောင်။ အဲဒီစာကလည်း သိုက်စာအညွှန်းအတိုင်း သွားပြီးတူးပြန်တော့လည်း ရတနာပစ္စည်းက မရသေးဘဲ နောက်ထပ်နေရာတစ်နေရာ ညွှန်ထားပြန်တာကိုး။ တယ်လည်း ဉာဏ်ပြေးတဲ့ လူရမ်းကားကြီး လေးယောက်ပဲကွ။ ဟဲ..ဟဲ မဟုတ်မှလွဲရော ငြှေသီး၊ ငမဲကြီး၊ ငနက်ကျော်၊ ပဥ္စရူပဘာသိန်းဆိုတဲ့ လူရမ်းကားကြီး လေးယောက်ထဲမှာ အရပ်အပုဆုံးလူက ဒီဉာဏ်ကိုထုတ်တာပဲ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူပုတွေဟာ တယ်လည်း ဉာဏ်နီဉာဏ်နက်များတာကိုးကွ ဟာ...ဟာ"

ဆိတ်ဖွား၊ မိုးသီး၊ သေတ္တာ၊ မောင်သန်းအေးနှင့် မြစပယ်တို့သည် ကျွန်းကလေးပေါ်ရှိ အုန်းပင်ရိပ်အောက်၌ထိုင်ကာ ရတနာပစ္စည်းများကို သွားရောက်တူးဖော်ရန်အတွက် တိုင်ပင်နေကြလေ၏။

"ရတနာပစ္စည်းတွေ ရရင်တော့ သူတို့နှစ်ယောက်ကို ခွဲဝေပေးပြီးရင် သဘော်သသားတွေကို ထိုက်ထိုက်တန်တန် ဆုကလေးဘာလေးချ၍ပဲ ဆရာဆိတ်ဖွားရေ။ ကျုပ်တို့ကတော့ အကျိုးဆောင်သက်သက်ပဲ။ အဲဒါထက် ခက်တာကတော့ မြစပယ်နဲ့ မောင်သန်းအေးတို့ရဲ့ နေရေးထိုင်ရေးနဲ့ လုံခြုံရေးပဲ"

ဟု မိုးသီးက ပွင့်လင်းစွာ ပြောလိုက်လေ၏။

"ကျွန်တော်နဲ့ မြစပယ် လက်ထပ်လိုက်မယ်လေ"

ဟု မောင်သန်းအေးက မျက်နှာပြောင်တိုက်၍ ဝင်၍ပြောလိုက်ရာ မြစပယ်က...

"ရှင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ။ ပြီးတော့ ရှင့်ကို မျှော်လင့်နေရှာတဲ့ မယဉ်နွယ်ဆိုတာရှိတယ်လို့ ပောဒီဆရာကြီးက ပြောတယ် မဟုတ်လား"

ဟု ဆိတ်ဖွားအား ညွှန်ပြ၍ပြောလိုက်လေ၏။

"အို...ဒီကောင်မအကြောင်း မပြောစမ်းပါနဲ့။ ကျုပ်က တကယ် မေတ္တာရှိခဲ့တာမဟုတ်ပါဘူး။ ပျော်ကျူး ဆိုတော့ အပျော်သဘော ထားခဲ့တာပဲ

www.burmeseclassic.com

ဟု မောင်သန်းအေးက မျက်နှာကြီးတစ်ခုလုံး နီမြန်းလျက် ပြောလိုက်လေ၏။

"ဟာ...ကောင်ရေ၊ ငါတို့အသက်တွေကို ဖတ်ရှက်လိုသဘောထားပြီး မင်းအသက်ကိုကယ်ခဲ့တာ၊ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တာဟာ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို အပျော်သဘောထားတာပါဆိုပြီး နောက်တစ်ယောက်ကို အပိုင်ကြံဖို့ အမျိုးကောင်းသမီးလေးတွေကို စော်ကားဖို့ အခွင့်အရေးရအောင် လုပ်ပေးသလိုဖြစ်နေပြီ မောင်သန်းအေး"

ဟု ဆိတ်ဖွားက စိတ်ပျက်စွာ ပြောလိုက်လေ၏။

မောင်သန်းအေးသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုဘဲ သင်္ဘောပေါ်သို့ တက်၍သွားလေ၏။ သင်္ဘောပေါ်သို့ရောက်လျှင် ပင်လယ်ဓားပြသင်္ဘောသားများအနက် ဩဇာရှိသော ပင်လယ်ဓားပြသင်္ဘောသားကြီး ငရဲဆိုသူထံသို့ သွားရောက်ကာ...

"ရတနာတွေကတော့ မရသေးဘူး။ သေတ္တာဆိုတဲ့ကောင် သွားရှာထည်း ရတနာတွေမရခဲ့ဘူး။ အဲဒီမှာ ရတနာမြေပုံအညွှန်း ရခဲ့တာဗျ။ ဒီတော့ အဲဒီအညွှန်းအတိုင်း သွားရမယ်။ မိုးသီးတို့ သေတ္တာတို့ ဆိတ်ဖွားတို့ကို ဒီကျွန်းပေါ်မှာပဲ ထားခဲ့မယ်။ အဲဒီရတနာမြေပုံအညွှန်းကိုလည်း ကျုပ် သေသေချာချာ မှတ်ခဲ့တယ်။ သိပ်မခက်လှပါဘူး။ မော်လဒိုက်ကျွန်းစုထဲက အကြီးဆုံးကျွန်းကြီးရဲ့ အမြင့်ဆုံးတောင်ထိပ်မှာ ရှိတယ်တဲ့။ ကဲ...ဒီတော့ ခုချိန်မှာ အချိန်ကောင်းပဲ။ သူတို့သုံးယောက်စလုံး ကျွန်းပေါ်မှာ ရှိနေတုန်းအချိန်မှာ ကျုပ်တို့က သင်္ဘောကြီးကို အပိုင်စီးပြီး လစ်မှုဖြစ်မယ်"

ဟု ပြောလိုက်ရာ ပင်လယ်ဓားပြကြီးက ဝမ်းသာလွန်း၍ မျက်စိတစ်ဖက်ကိုမှိတ်ကာ ရှိခနဲ လေချွန်လိုက်လေ၏။

ထို့နောက်...ပင်လယ်ဓားပြသင်္ဘောသားများအား ခေါ်ယူ၍ မိုးသီးတို့အား တိုက်ခိုက်ရန်အတွက် ပြင်ဆင်လေ၏။ ငရဲက မိုးသီးတို့အား ထိုင်နေသည့်နေရာသို့ သေနတ်ဖြင့်ချိန်လိုက်ရာ မောင်သန်းအေးက လက်ကိုဆွဲ၍...

"နေဦးဗျ မပစ်နဲ့ဦး။ မြစပယ်ကိုပါ ရအောင်ခေါ်ခဲ့မယ်"

ဟုဆိုကာ မောင်သန်းအေးသည် ကျွန်းပေါ်သို့တက်လေ၏။ မြစပယ်အနီးသို့ရောက်လျှင် မြစပယ်အား လက်ကိုဆွဲ၍ သင်္ဘောဆီသို့ပြေးရာ မြစပယ်လည်း ရုန်းကန်လေ၏။ ထိုအချိန်၌ ပင်လယ်ဓားပြများသည် မိုးသီး၊ ဆိတ်ဖွားနှင့် သေတ္တာတို့အား သေနတ်ဖြင့် တရစပ် ပစ်ခတ်လေတော့၏။

ပင်လယ်ဓားပြများသည် ကျွန်းပေါ်သို့တက်လာပြီးလျှင် မိုးသီးတို့အား လိုက်လံပစ်ခတ်လေတော့၏။ မိုးသီးတို့သုံးဦးလည်း ကျွန်း၏တစ်ဖက်သို့ ထွက်ပြေးတိမ်းရှောင်ကြလေ၏။

ပင်လယ်ဓားပြများသည် သဲသဲမဲမဲ လိုက်လံရှာဖွေကြသေး၏။ မတွေ့သည့်အဆုံး၌ လူသူအရောက်အပေါက်နည်းလှသော ထိုကျွန်းပေါ်၌ အစာတော်ရေဝတ်နှင့် သေပေတော့ဟု သဘောထားကာ ရွက်လွှင့်၍ ထွက်သွားကြလေတော့၏။

ညပိုင်းသို့ ရောက်သည့်အခါ၌ သေတ္တာသည် ဆိတ်ဖွားအနီးသို့ ရောက်လာပြီးလျှင် -

"ဆရာဆိတ်ဖွားရေ သေမလို့နော် ဟား...ဟား"

ဟု ပြောဆို ရယ်မောလေ၏။

"ပင်လယ်ဓားပြ တစ်ယောက်က တော်တော်လက်ဖြောင့်တယ်ကွ။ ငါ့ရဲ့ နားရွက်နားကနေ ကျည်ဆန်က ဝီးခနဲ ဝီးခနဲနေတာပဲ။ မောင်သန်းအေးကတော့ ငါတို့အပေါ်မှာ တော်တော်ကိုပဲ စိတ်ကောင်းထားပုံရတယ် ဟားဟား"

ဟု ဆိတ်ဖွားကပါ ရယ်စရာပြောလိုက်သည့်အချိန်၌ မိုးသီးလည်း ပုန်းအောင်းနေရာ အုန်းပင်ပေါ်မှ ဆင်း၍ လာလေ၏။

"ဒီကောင်တွေ ရွက်လွှင့်သွားကြပြီဗျ"

ဟု မိုးသီးက ပြောပြလေ၏။

မိုးသီးသည် ဘောင်းဘီအိတ်အတွင်းမှ စီးကရက်ကိုထုတ်၍ မီးညှိလိုက်ပြီးနောက် -

"မောင်သန်းအေးက မြစပယ်ကို အတင်းဆွဲသွားတာဗျ။ ကောင်မလေး သနားစရာဗျာ။ ဘာပဲဖြစ်ဖြစ်လေ... ရတနာတွေ တူးလို့ရသွားရင်လည်း သူတို့နှစ်ယောက် သင့်မြတ်သွားမှာပါ"

"ရတနာတွေတော့ ရမှာမဟုတ်ဘူးဗျ။ သူတို့နှစ်ယောက်သာ သင့်မြတ်ချင်သင့်မြတ်သွားမှာ။ ကျုပ်ပေးလိုက်တဲ့ မြေပုံက အတုကြီးလေ"

"ဟင်...ပိုင်လိုက်လေဗျာ။ ဘယ်လိုစိတ်ကူးနဲ့များ အတုတစ်ခု လုပ်ထားရတာလဲဗျ"

မိုးသီးက သေတ္တာကို တအံ့တဩ ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ် ရတနာမြေပုံ သွားယူရတာက ဆယ့်ငါးရက်လောက်တောင်ကြာတယ်ဆိုတော့ ဒီအတောအတွင်းမှာ လူတွေဟာ စိတ်ပြောင်းချင်ပြောင်းသွားနိုင်တာကိုဗျ။ ဒါကြောင့် လိုရမည်ရအတုတစ်ခု ကျုပ်ဖန်တီးခဲ့တာပဲ . . . ကိုမိုးသီး"

"ဟာ. . .မင်းဟာက သူခိုးစိတ်ကူးပဲ။ အင်း. . .ဒီနေရာမှာတော့ သူခိုးစိတ်ကူးက သိပ်အသုံးဝင်သွားပြီပေါ့ ဟားဟားဟား. . ."

ဟု ဆိတ်ဖွားက ပြောပြောဆိုဆို အားရပါးရ အော်ဟာစ်ရယ်မောလိုက်သည်ဆိုလျှင် သူတို့သုံးဦး၏ ရယ်သံများက ကျွန်းတစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့၏။

ထို့နောက်. . .သူတို့သုံးဦးသည် သင်္ဘောဆိုက်ခဲ့သောနေရာဆီသို့ ပြန်လျှောက်လာခဲ့ကြလေ၏။ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးနှင့် ပင်လယ်ပြင်သည် တစ်မျိုးတစ်ဖုံအားဖြင့် လွမ်းဆွတ်ဖွယ်ရာ ကောင်းလှတော့၏။

"ဆရာကိုမိုးသီး. . .မြစပယ်က မမင်းဖြူနဲ့ သိပ်ပြီးတူတာပဲနော်"

ဟူ၍ သေဗ္ဗာက မိုးသီးအား ပြောလိုက်ရာ မိုးသီးက -

"အေး. . .ဟုတ်တယ်။ မောင်သန်းအေးကလည်း ကိုညြရလိုပါပဲလား ဟားဟား"

ဟု ရယ်စရာလုပ်၍ ပြောလိုက်လေ၏။

(မမင်းဖြူ ဆိုသည်မှာ တစ်ခါက မိုးသီးနှင့်သေဗ္ဗာတို့နှစ်ဦး အသက်စွန့်၍ ကယ်ဆယ်ခဲ့ရသော အငြိမ့်မင်းသမီးလေးဖြစ်၏။ ကိုညြရဆိုသည်မှာလည်း မိုးသီးက ကယ်ဆယ်ခဲ့ရသော်လည်း မိုးသီးအား အဆိပ်ခတ်၍သတ်ရန် ကြံစည်ခဲ့ဖူးသောလူဖြစ်၏။)

"နောက်ဆုံးကျတော့လည်း မမင်းဖြူနဲ့ ကိုညြရတို့ ညားသွားကြတာမဲ့ မဟုတ်လားဗျ"

ဟု သေဗ္ဗာက ပြောလိုက်ရာ မိုးသီးက ရယ်လေတော့၏။

ဆိတ်ဖွားကမူ တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ငြိမ်သက်စွာ လျှောက်လာရာမှ သေဗ္ဗာဘက်သို့ လှည့်ကာ -

"ငါရေးနေတဲ့ကျမ်းက လူတွေကို ကူညီဖို့၊ ကရုဏာထားဖို့၊ မေတ္တာထားဖို့ကွ။ ဒါပေမယ့် တကယ်တော့ လူတွေဟာ ကူညီဖို့လည်း မကောင်းဘူးကွ။ လူဆိုတဲ့ သတ္တဝါဟာ ကောက်ကျစ်စဉ်းလဲတဲ့နေရာမှာ ဘယ်သတ္တဝါနဲ့မှ မတူဘူးကွ။ တော်ပြီ. . .အဲဒီကျမ်းကို မရေးတော့ဘူး"

ဟုဆိုကာ သူ၏လွယ်အိတ်အတွင်းမှ ရေးလက်စကျမ်းစာအုပ်ကြီးအား ပင်လယ်ပြင်ဘက်သို့ လွှင့်၍ပစ်လိုက်လေတော့၏။

ထို့နောက် ဆိတ်ဖွား၊ မိုးသီးနှင့် သေဗ္ဗာတို့သည် ပင်လယ်ကမ်းစပ်ရှိ သဲသောင်ပြင်ပေါ်မှ ဖြတ်၍လျှောက်လာကြလေ၏။ ၎င်းတို့ သေနတ်ဖြင့် အပစ်ခံခဲ့ရသောနေရာသို့ရောက်လျှင် သေဗ္ဗာက ဆိတ်ဖွား၏လက်ကိုရော၊ မိုးသီး၏လက်ကိုပါ ဆွဲ၍ရပ်ကာ နားစွင့်လိုက်လေ၏။

ဆိတ်ဖွားနှင့် မိုးသီးတို့လည်း သေဗ္ဗာနည်းတူ နားစွင့်ကြလေ၏။ ပြေ . . . သံလိုလိုကြားရသဖြင့် ကြားရာသို့ မျက် . . . စိရောက်သွားကြလေ၏။ ဒုန်းပင်၌ ကြိ . . . ဖြင့်ကပ်၍တုပ်ထားသော လူနှစ်ယောက် . . . ကို လရောင်၌ ကောင်းစွာ မြင်တွေ့ . . . လေတော့၏။

ဆိတ်ဖွားတို့သည် ထိုသူနှစ်ဦးထံ . . . သို့ ပြေးသွားကြရာ အနီးသို့ရောက်လျှင် . . . အံ့အားသင့်ကြလေတော့၏။

"ဘယ်လိုလဲ မောင်သန်းအေး။ ငါ . . . တို့ကို သေနတ်နဲ့ပစ်ပြီး ကျွန်းပေါ်မှာ . . . ထားခဲ့မယ်ကြံခဲ့တာ အခုတော့ မင် . . . ကိုယ်တိုင် ကျွန်းပေါ်မှာ ကျန်ခဲ့ပြီပေါ့ . . . ဟားဟား"

ဟုရယ်မောလျက် သေဗ္ဗာသည် . . . ကြိုးများဖြေပေးပြီးနောက် မောင်သန် . . . အေး၏ပါးကို ဖြန်းခနဲရိုက်လိုက်လေ၏ . . . မိုးသီးကလည်း အခြားသူတစ်ယောက် . . . ၏ ကြိုးများကို ဖြေပေးလေ၏။ ထိုသူ . . . ကား မြစပယ်ဖြစ်လေတော့၏။

"မင်းဆီက ရတနာတွေရှိတဲ့ . . . ကျွန်းရဲ့အမည်နဲ့ အညွှန်းအပြည့်အစုံက . . . ငရဲတို့က သိသွားပြီကို။ မင်းကိုခေါ် . . . ဘယ်လိုတော့မလဲ"

ဟု ဆိတ်ဖွားကပြောလိုက်လျှ . . . မောင်သန်းအေးက -

"ရတနာတွေရရင် ကျွန်တော်က . . . မြစပယ်နဲ့ လက်ထပ်မလို့"

ဟု စကားစလိုက်သည်နှင့်တ . . . ပြိုင်နက် မြစပယ်က မောင်သန်းအေး . . . ၏ပါးကို ဖြန်းခနဲ ရိုက်လိုက်ပြီးနောက် . . .

"လူယုတ်မာ"

ဟု ပြောလိုက်လေ၏။

မိုးသီးက မောင်သန်းအေး . . .

www.burmeseclassic.com

X —••—
Y —•——
Z ——••

"ဟာ • • •ပြလိုက်တော့လည်း တယ်ပြီးလွယ်ပါလား။ အဲဒါကို မြန်မာလိုလုပ်လိုက်ရင် ပြီးတာပဲ။ ဟဲဟဲ• • • မြန်မာစာမှာလည်း အသံတူတွေဖြုတ်လိုက်ရင် ဗျည်း ၂၁ လုံးလောက်ပဲ ရှိတာပဲ။ ကောင်းတယ်• •ကောင်းတယ်။ ဒါနဲ့ အလံနဲ့ပြတဲ့သင်္ကေတလည်း ပြောပါဦး။ ကျွန်တော်က ဒီကိစ္စတွေပြီးရင် ပင်လယ်ဓားပြ လုပ်ချင်လုပ်နေဦးမှာ"

ဟု သေတ္တာက ဆိုပြန်၏။

"ဒါက ဒီလိုကွ။ စက်ဝိုင်းသဏ္ဌာန်ငါးခုကို ကျက်မှတ်ထားရမယ်။ ပထမစက်ဝိုင်းမှာ အလံအကြီးက အောက်တည့်တည့်စိုက်ပြီး အလံအသေးက နာရီလက်တံလို လှည့်ပြီး ပြရမယ်။ ပထမစက်ဝိုင်းမှာ A.B.C.D.E.F.G စာလုံးငါးလုံး ပြနိုင်တယ်။ အဲဒီလိုပဲ ဒုတိယစက်ဝိုင်းမှာက H.I.J.K.L. M.N ရယ်လို့ ပြနိုင်တယ်ကွ"

ဟုဆိုကာ တစ်ဖက်တွင် ပုံဖြင့်ဖော်ပြအပ်သော အလံပြနည်းသင်္ကေတကို ရှင်းပြလေ၏။

သေတ္တာအပါအဝင် မောင်သန်းအေး၊ မြစပယ် စသည်တို့သည် ဆိတ်ဖွားရှင်းပြသည်ကို တအံ့တသြ ငေးမော၍ နားထောင်နေလေ၏။


"ဒီကျွန်းက လူသူအရောက်အပေါက်နည်းတယ်ဗျ။ သဘော်တွေလည်း ဒီနားမှာ ဖြတ်လေ့မရှိဘူး။ ဆရာဆိတ်ဖွားသာ အချက်ပြနည်းတွေကို အခုလို တတ်မထားရင် အခက်ပါပဲ။ ကျွန်တော်ကတော့ အဲဒီအထဲမှာ X "အိပ်ကစ်"ဆိုတဲ့စာလုံးကိုတော့ ကောင်းကောင်းမှတ်မိပြီ။ အိပ်ကစ်ဆိုတာအကြက်ခြေခတ်သဏ္ဌာန်စာလုံးပဲ။ အလံနဲ့ပြတော့ အလံကြီးက စောင်းစောင်း အလံလေးက စောင်းစောင်းပဲ။ ဟဲဟဲ အရေးကြီးပြီ ပြေးပေတော့လို့ ကိုယ့်လူချင်းအချက်ပေးရင် ဒီစာလုံးကိုသုံးရမယ် • • •ဟားဟား။ နေစမ်းပါဦး ဆရာဆိတ်ဖွားက သချိုင်းကုန်းမှာနေပြီး ဒါတွေကို ဘယ်လိုတတ်နေတာလဲ"

ဟု သေတ္တာက မေးလိုက်လေ၏။

"စာဖတ်တာယီလေကွာ။ Ency-clopedia (အင်ဆိုင်ကလိုပီးဒီးယား) ဆိုတဲ့ စွယ်စုံကျော်ထင်ကျမ်းကြီးတွေဟာ တကယ့်ကို လူသားတွေအတွက် အသုံးဝင်ပါဘိကွာ"

ဟု ဆိတ်ဖွားက ရှင်းပြလိုက်လေ၏။ ထို့နောက် ဆိတ်ဖွားက -

"ဘလူးကျိုင်းယင့်ကြီး ရောက်လာ






www.burmeseclassic.com

www.burmeseclassic.com

အပြစ်ပင်မတင်တော့ဘဲ အေးဆေးစွာ ထိုင်၍ ဆေးလိပ်သောက်နေလေတော့၏။ ထို့နောက်ကား ဆိတ်ဖွားတို့သည် ထိုကျွန်းကလေး၌ပင် ဆက်လက်နေထိုင်ကြရလေ၏။ သေဗ္ဗာက သစ်ပင်မှ သစ်ခေါက်များကိုခွာ၍ ကြိုးအဖြစ်ပြုလုပ်ကာ ပိုက်ကွန်ရက်၍ ငါးဖမ်းလေ၏။ မိုးသီးက ငါးများကို တံစို့ထိုး၍ ကင်လေ၏။ နေ့အခါများ၌ မိုးသီးသည် ကျွန်းပေါ်ရှိ အသီးအနှံများကို လိုက်လံခူးဆွတ်ရလေ၏။ ကျွန်း၏ အလယ်လောက်တွင်ရှိသော ကျောက်ရေတွင်းမှ ရေကို ဆိတ်ဖွားက ခပ်ယူရမြဲဖြစ်လေ၏။ မောင်သန်းအေးမှာမူ သစ်ပင်အောက်၌ အိပ်၍နေတတ်လေ၏။ မြစပယ်အနီးသို့ မကပ်ရဲတော့ချေ။

တစ်နေ့သ၌ ထိုကျွန်းနှင့်အတော်အတန်လှမ်းသော နေရာလောက်ဆီမှ သင်္ဘောတစ်စီး ဖြတ်သန်းလာသည်ကို တွေ့လျှင် ဆိတ်ဖွားသည် သူ၏အင်္ကျီကို ဖြုတ်ကာ တုတ်နှစ်ချောင်းဖြင့် အလုံနှစ်ခုလုပ်၍ အမြင့်ဆုံးသစ်ပင်ပေါ်သို့တက်ကာ အလံပြလေ၏။

သင်္ဘောဆီမှလည်း မှန်တစ်ချပ်သည် နေရောင်ထဲတွင် လက်ခနဲ လက်ခနဲ ဖြစ်၍နေလေ၏။

ထိုအခါ ဆိတ်ဖွားက -

"ဘာမှမပူနဲ့တော့ဗျို့။ သူတို့ဆီကလည်း ပြန်ပြီးအချက်ပြနေတယ်"

ဆိတ်ဖွားအလံပြသည်ကို ကြည့်လျက် သေဗ္ဗာက -

"ဆရာဆိတ်ဖွား အလံပြတာက ဘယ်လည်း စနစ်ကျပါလား"

ဟု အောက်မှနေ၍ ချီးကျူးလေ၏။ ဆိတ်ဖွားက အလံပြမြဲပြ၍နေလေ၏။ ထို့နောက် အောက်သို့ငုံ့၍ -

"ကိုမိုးသီးရေ ရာဘာစေးတွေ သယ်လာတဲ့ သင်္ဘောပဲဗျို့။ သူကတော့ ဒီကျွန်းကို ကပ်လို့မရဘူး။ လှေနဲ့လာပြီး ကျုပ်တို့ကိုခေါ်လို့လည်း မဖြစ်နိုင်ဘူးဆိုပဲ။ သူ့ဆီမှာ တရားခံတွေပါနေတယ်ဆိုပါလား"

ဟု ပြောလျက် ဆိတ်ဖွားသည် အလံကို ပြမြဲပြပြန်လေ၏။

"ကော်တာပဲဗျို့။ ကိုမိုးသီးရေ‥ ခင်ဗျားရဲ့ ဘလူးဂျိုင်းယင့်ရှက်သင်္ဘောကြီးလည်း ဒီအသင်္ဘောက ဖမ်းလာတယ်ဆိုပဲ"

ဟု ပြောဆိုကာ ဆိတ်ဖွားသည် သစ်ပင်ပေါ်မှ ဆင်းခဲ့လေတော့၏။

"ဆရာဆိတ်ဖွား ဟိုကပြောတာ ဘယ်လိုသိသလဲဗျ"

ဟု သေဗ္ဗာက မေးလိုက်ရာ ဆိတ်ဖွားက -

"မှန်ကလေး လက်ခနဲဖြစ်သွားတာက အချက်ပြတာလေကွာ။ ရှည်ရှည်လက်တာနဲ့ တိုတိုလက်တာ နှစ်မျိုးရှိတယ်။ နေရောင်နဲ့လက်တာ မဟုတ်ဘူးကွ။ မီးလုံးကလေးနဲ့လက်ပြနေတာ။ အရှည်အတိုနှစ်ခုနဲ့ အေဘီစီဒီ(၂၆) လုံးပြည့်အောင် တီထွင်ထားတဲ့ အချက်ပြနည်းပဲကွာ"

ဟု ရှင်းပြလေ၏။

"အဆန်းပါလားဗျ။ ကျုပ်ကို သေသေချာချာ ပြောပြစမ်းပါ။ ဒီနည်းက ကျုပ်တို့သူခိုးတွေအဖို့ အသုံးဝင်လိမ့်မယ်ဗျ"

ဟု သေဗ္ဗာက ပြောလိုက်ရာ အားလုံးက ဝိုင်း၍ရယ်မောကြလေ၏။

"အဲဒါကို ၁၈၄၄ ခုနှစ်လောက်မှာ ဆမ်မြူရယ်မောစ် ဆိုတဲ့လူက တီထွင်ခဲ့တာကွ။ အသံနဲ့ပြရင်လည်း ရတယ်။ (DAH) 'ဒါ'ဆိုတဲ့ အသံရှည်နဲ့ (DIT) 'ဒစ်'အသံတို့ကို ခွဲပြီး စီစဉ်ထားတာဖြစ်တယ်။ အတိုကို အစက်နဲ့သဘောထားပြီး၊ အရှည်ကို မျဉ်းကြောင်းနဲ့ သင်္ကေတပြုထားတယ်"

ဟုဆိုကာ အောက်ပါအတိုင်းရေးပြလေ၏။

A .—
B —...
C —.—.
D —..
E .
F ..—.
G ——.
H ....
I ..
J .———
K —.—
L .—..
M ——
N —.
O ———
P .——.
Q ——.—
R .—.
S ...
T —
U ..—
V ...—
W .——



www.burmeseclassic.com

www.burmeseclassic.com

ရင် အစီအစဉ်တစ်ခုလုပ်ထားမှဖြစ်မယ် ကိုမိုးသီး"

ဟု သတိပေးလိုက်လေ၏။ မိုးသီး၊ သေတ္တာနှင့် ဆိတ်ဖွားတို့သည် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေတော့၏။

ထိုသို့တိုင်ပင်ပြီး များမကြာမီ အချိန်၌ ဘလူးဂျိုင်းယင့် ရွက်သင်္ဘောကြီး၏ ရွက်တိုင်ဖျားကို စတင်တွေ့မြင်ရပြီးနောက် တဖြည်းဖြည်းနီးကပ်လာကာ ၎င်းတို့ကျွန်းဘက်ဆီကို ဦးတည်ခုတ်မောင်းလာသည်ကို ဆိတ်ဖွားတို့ငါးဦးသည် ဝမ်းမြောက်ဝမ်းသာ တွေ့ရလေတော့၏။

ရွက်သင်္ဘောကြီး ကျွန်းအနီးသို့ ရောက်ရှိလျှင် သင်္ဘောပေါ်တွင်ပါရှိသော မိုးသီး၏ ကုလားသင်္ဘောသားများက ခုန်ပေါက်လျက် မိုးသီးအား နှုတ်ဆက်ကြလေ၏။ ထိုအထဲတွင် မိုးသီးတပည့်ဖြစ်သူ စိန်နက်အား တွေ့ရလေ၏။ စိန်နက်ပခုံးပေါ်၌ကား တစ်ခါက မိုးသီး၏ အသက်ကို ကယ်တင်ခဲ့သော မျောက်ကြီးကိုလည်း တွေ့မြင်ကြရလေ၏။ ရွက်သင်္ဘောကျောက်ချ၍ ကုန်းဘောင်များကိုထိုးကာ သင်္ဘောပေါ်မှ ကုလားများနှင့်အတူ စိန်နက်လည်း မျောက်ကြီးကို ပွေ့ချီကာ ဆင်း၍လာလေ၏။

"ဆရာမိုးသီးရေ…ဆရာတို့ကို သေနတ်နဲ့ပစ်ပြီး သင်္ဘောထွက်သွားတော့ ကျွန်တော့်ကိုလည်း ပင်လယ်ဓားပြရဲတို့က ရွက်တိုင်မှာ ကပ်ပြီး ကြိုးနဲ့ချည်ထားလိုက်ကြတာ။ ဟောဒီ မျောက်ကြီးကဖြင့် လိမ္မာပါ့ဗျာ။ ညသည်းကျရော ကျွန်တော့်လက်ထဲကို ဓားမြှောင်တစ်ချောင်း လာပြီးထည့်ပေးတယ်။ ကျွန်တော်လည်း ကြိုးကိုဖြတ်ပြီးတာနဲ့ ပင်လယ်ဓားပြတစ်ယောက်ဆီက သေနတ်ကိုဆွဲယူပြီး ဒီကောင်တွေကိုပစ်တာ ဇရဲနဲ့ ပင်လယ်ဓားပြသုံးယောက်တော့ သေပြီ။ ကျန်တဲ့ကောင်တွေကိုတော့ အိန္ဒိယကိုသွားမယ့် ရာဘာစေးတင်သင်္ဘောပေါ် တင်ပေးလိုက်တယ်။ အဲဒီနောက်တော့ ကျွန်တော်လည်း ကျန်တဲ့ ကုလားသင်္ဘောသားတွေနဲ့အတူ ဒီကျွန်းဘက် ပြန်လှည့်လာခဲ့ရတာပါပဲ"

ဟု စိန်နက်က ရှင်းပြလေ၏။ ထို့နောက် သေတ္တာက -

"သင်္ဘောပေါ်ကိုတက်ပါ။ နောက်မှ စီစဉ်ကြတာပေါ့"

ဟု ပြောလိုက်လေရာ အားလုံး သင်္ဘောပေါ်ကို တက်ကြလေ၏။

၎င်းတို့တက်ပြီး မကြာမီအချိန်၌ပင် ဘလူးဂျိုင်းယင့်ရွက်သင်္ဘောကြီးသည် ကျွန်းမှ စတင်ထွက်ခွာလေတော့သည်။

နောက်တစ်နေ့ နံနက်စာစားချိန်၌ သေတ္တာက ဆိတ်ဖွားနှင့်မိုးသီးတို့ထံ လာရောက်ကာ ကျောက်ဘီလူးရုပ်ကြီး၏ မျက်လုံးအတွင်းမှ တူးယူခဲ့သော ရတနာမြေပုံညွှန်း ကြေးပုရပိုက်အစစ်ကို ထုတ်ပြလေတော့၏။

"ပုရပိုက်အစစ်ကတော့ ဒါပဲ"

ဟု ဆိုလေ၏။ မိုးသီးနှင့် ဆိတ်ဖွားတို့လည်း သေတ္တာထုတ်ပေးသော ပုရပိုက်ကိုဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရှိရလေတော့၏။

(ရန်ကုန်မြို့ အစွန်ရှိ တာမွေဟူသောအရပ်၌ သချိုင်းတစ်ခုရှိ၏။ ထိုသချိုင်း၌ လွန်စွာကြီးမားသော ရေပ်ကြီး တစ်လုံးရှိ၏။ ထိုရေပ်ကြီးအနီး၌ "ဦးနတ္တိ" ဟုကမ္ပည်းထိုးထားသော အုတ်ဂူ တစ်လုံးရှိ၏။ ထိုအုတ်ဂူ၌ လူရှင်ကားကြီးလေးဦး ဖြစ်ကြကုန်သော ငမြသီး၊ ငမဲကြီး၊ နေကြက်ကျော်နှင့် ပဉ္စမ ဘသိန်းတို့၏ ရတနာပစ္စည်းများ မြှုပ်နှံထားသည်။ အကယ်၍ ထိုပစ္စည်းကို ကျွန်ုပ်တို့လေးဦးသည် အသက်ရှင်စဉ်၌ တူးဖော်ယူငင်ခြင်း မပြုနိုင်သော် ကံထူးသူတို့ တူးယူလေ။)

"ဟား…ဟ တယ်လည်းဆန်းပါလား။ ပင်လယ်ပြင်ကိုဖြတ်ပြီး ရတနာတွေ ရှာဖွေပေးဖို့သွားခဲ့တယ်။ တကယ်တော့ ကျုပ်က အဲဒီရတနာမြေပုံမော်မှာ နေ့တိုင်းထိုင်လာခဲ့တာပဲ။ ဆန်းလိုက်တာဗျာ။ ဒါဟာ ဖီလာဆိုဖီရဲ့ သော့ချက်ကို ဖွင့်ပြလိုက်တာပဲ။ လူဆိုတဲ့ သတ္တဝါဟာ ဘာကိုကြည့်ကြည့်၊ ဘာကို စဉ်းစားစဉ်းစား အဝေးကြီးကိုကြည့်မြင်ပြီး အဝေးကြီးကို စဉ်းစားလေ့ရှိတယ်။ အမှန်က အနီးက အရာဝတ္ထုတွေကို အလေးဂရုပြုရမှာ။ ဦးနတ္တိဆိုတာကို နေ့တိုင်းတွေ့နေခဲ့တာပဲ။ ဦးနတ္တိဆိုတော့ မရှိတဲ့လူတစ်ယောက်ကို ရည်ညွှန်းထားတာပဲ။ မစ္စတာနိုးဘော်ဒီပေါ့ ဟာဟာ။ ဆိတ်ဖွား…ဆိတ်ဖွား၊ အများတကာက ပရော်ဖက်ဆာကြီး ဒေါက်တာကြီးလို့ ဝိုင်းပြီးခေါ်တာနဲ့ စိတ်ကြီးဝင်မလို့ ရှိသေးတယ်။ ဒီအချက်က ကျုပ်ကို သတိပေးလိုက်တဲ့အချက်ပဲ။ ကျုပ်အတွက် လောကဆိုင်ရာ အမြင်တရားတွေ မပြည့်စုံသေးတာကို သတိပေးလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိတ်ဖွားက ဝမ်းနည်းသံကြီးဖြင့် ပြောလိုက်လေ၏။

ထိုအခါ၌ မိုးသီးက ရှေ့ဆက်ရမည့် အစီအစဉ်ကို ပြုလုပ်ရန် ပြောဆိုလေ၏။

"ကျုပ်တို့ထွက်လာခဲ့တဲ့ အယ်လ်ဖန်စွန်းကို သွားမယ်။ အဲဒီမှာ ခင်ဗျားတို့က စောင့်နေ။ ကျုပ်နဲ့ သေတ္တာက ရန်ကုန်ကိုသွားမယ်။ ပြီးတော့ ရတနာတွေကို သွားပြီးတူးမယ်။ တူးပြီးရင် သူတို့နှစ်ယောက်ကို ခွဲဝေပေးလိုက်ရုံပေါ့။ အဲဒါတွေထက် အရေးကြီးတာကတော့ ကျုပ်ဟာ ခင်ဗျားလို နိုင်ငံခြားမှာသွားပြီး နေမှာလည်းမဟုတ်ဘူး။ ပြီးတော့ ကျုပ်မှာက လူသတ်မှုရှိနေပြီမဟုတ်လား။ ကျုပ်တပည့် အိုလံကို သေနတ်နဲ့ပစ်ခဲ့တဲ့ မကျီးသီးကို ကျုပ်က သတ်လိုက်မှာပဲ။ ဒီတော့ အမှုတွေမပေါ်ရအောင်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ သေတ္တာက...

"အမှုတွေမပေါ်အောင် ဘယ်လိုလုပ်မှာလဲ ဆရာဆိတ်ဖွား"

"အမှုတွေမပေါ်အောင် သားပုလင်းနှင်းမောင်ဆိုတဲ့ နေရာကိုစုံစမ်းပြီး သူ့ကိုသွားသတ်ရမယ်ကွ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ သေတ္တာက...

"ဟုတ်လိုက်လေ ဆရာဆိတ်ဖွားရယ်"

ဟု အားရပါးရ ထောက်ခံလိုက်လေ၏။

"ဒါနဲ့ နေပါဦး ဆရာဆိတ်ဖွား။ မောင်သန်းအေးတို့ကို ပြန်လွှတ်လိုက်ရင် သူတို့ကို မကျီးသီးနဲ့ မြဒင်တပည့်တွေက ရန်မရှာနိုင်ဘူးလား"

ဟု သေတ္တာက ပြောလိုက်ရာ ဆိတ်ဖွားက...

"ဒါကတော့ သူတို့ဆုံးဖြတ်ရမှာပဲ။ သူတို့က မနေဝံ့ဘူးဆိုရင်တော့ ကိုမိုးသီးနဲ့ မင်းက တာဝန်ယူပြီး လုံခြုံမယ့်နေရာကို ခေါ်သွားပေးရမှာပေါ့ကွာ။ အေး...အဲဒီလို ခေါ်သွားမယ်ဆိုရင် လူတစ်ယောက်ထပ်ပြီးထည့်ပေးရမယ်"

"ဘယ်သူလဲ ဆရာဆိတ်ဖွား"

"မောင်သန်းအေးရဲ့ချစ်သူ မယဉ်နွယ်ကိုပါ ထည့်လိုက်မယ်။ မောင်သန်းအေးနဲ့ ပေါင်းရစေမယ်လို့ ငါက ကတိပေးထားတယ်ကွ ဟား...ဟ"

မောင်သန်းအေးသည် မယဉ်နွယ်နှင့်ပေါင်းရမည်ဟု ဆိုလိုက်သည့်အခါ၌ စိတ်ပျက်လက်ပျက်နှင့် ခေါင်းငိုက်စိုက်ချ၍ နေလေ၏။

"မြစပယ်ကကော"

ဟု သေတ္တာကမေးလိုက်ရာ မြစပယ်က...

"ကျွန်မ နေဝံ့ပါတယ်၊ ရန်ကုန်မှာ နေဝံ့ပါတယ်။ ဒါပေမယ့် မနေချင်ဘူး။ အစ်ကိုမိုးသီးနဲ့လိုက်မယ်။ အစ်ကိုမိုးသီးလို အားကိုးဖို့ကောင်းတဲ့ ယောက်ျားမျိုးကို နောက်ထပ်ရှာဖို့ မလွယ်တော့ဘူး။ အစ်ကိုမိုးသီးက လက်ခံမယ်ဆိုရင် အစ်ကိုမိုးသီးကို ကျွန်မယူမယ်"

ဟု မြစပယ်က ရဲရင့်စွာပြောလိုက်ရာ...

အရာရာ၌ ရဲရင့်စွန့်စားတတ်သော လူစွမ်းကောင်းကြီး မိုးသီးသည် ရှက်စိတ်ကြောင့် မျက်နှာကြီးတစ်ခုလုံး နီမြန်းသွားသည့်အပြင် ခေါင်းကိုငုံ၍ထားလိုက်လေ၏။

"အချစ်ဆိုတာ နှလုံးသားရဲ့ကြီးမားသော သူပုန်ထမှုကြီးပဲ သေတ္တာရေ မြစပယ်ရဲ့နှလုံးသားမှာ သူပုန်ထကုန်ပြီ အုပ်လို့ထိန်းလို့ မရတော့ဘူး။ နှလုံးသားသူပုန်တွေဟာ ဦးနှောက်ကို အာဏာသိမ်းလိုက်ပြီ။ ဦးနှောက်က ပြောခိုင်းတဲ့အတိုင်း ပါးစပ်က ပြောလိုက်တာပဲ။ အဲဒါမှန်တယ်။ လူပေါ်စကတည်းက ယောက်ျားတွေကချည်း ရည်းစားစကားပြောလာခဲ့ရတာ၊ မြစပယ်က အဲဒါကို ဆန့်ကျင်လိုက်ပြီ"

ဟု ဆိတ်ဖွားက အားရဝမ်းသာ ထောက်ခံပြောဆိုလေတော့၏။

ဤသို့နှင့်ပင် ဘလူးကျိုင်းယင့် ရွက်သင်္ဘောကြီးသည် အယ်လ်ဖန်စွန်းရှိ ကျွန်းတစ်ကျွန်း၏ ကမ်းစပ်တစ်ခုသို့ ရောက်ရှိခဲ့လေ၏။ ဆိတ်ဖွားတို့လည်း လှေများကို ခေါ်ယူတုံးရမ်း၍ ကမ်းပေါ်သို့ တက်ကြလေတော့၏။ လှေပေါ်၌ကား ဆိတ်ဖွား၊ သေတ္တာနှင့် မောင်သန်းအေးတို့သုံးဦးသား လိုက်ပါလာခဲ့ကြလေ၏။

ထိုနေရာ၌ကား တံငါသည်များနှင့် တံကင်းများဆိုက်ကပ်သည့်အခါ၌ ထမ်းပိုးရန်အတွက် စောင့်စားနေကြသော ပခုံးထမ်းအလုပ်ကြမ်းသမားများ ရှိကြလေ၏။

(ရှေ့လာအဆက်ရှိ)

သဗ္ဗေသတ္တာ ကမ္မဿကာ

■ မင်းသိမ်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ခဝတ

■ ယိုး

(ယခင်လမှအဆက်)

ကျွန်ုပ်သည် စာမူအသစ်များ ပေးခြင်း၊ ပါပြီးသားစာမူများအား စာမူ ခထုတ်ခြင်းအလို့ငှာ မဂ္ဂဇင်းတိုက်များသို့ အခါအားလျော်စွာ သွားရ၏။ အထူးသဖြင့် မဂ္ဂဇင်းများထွက်ချိန်ဖြစ်သော လကုန်ရက်များသာလျှင်ဖြစ်၏။ ကျွန်ုပ်သည် ရေးပြီးသားစာမူများအား ရင်နှီးကျွမ်းဝင်သော မဂ္ဂဇင်းတိုက်များသို့ ပို့ခဲ့ပြီး စာမူပါသောစာအုပ်များလည်း ထုတ်ယူပြီးဖြစ်ရာ အိမ်သို့မပြန်ချင်သေးသဖြင့် ဗိုလ်တထောင်စေတီတော်ဘက်သို့ ထွက်ခဲ့လေ၏။

ဘုရားသို့ ရောက်သောအခါ ဗိုက်ဆာသလိုလိုဖြစ်လာသဖြင့် ဘုရားဈေးတန်းရှိ ထမင်းဆိုင်ကလေးများဘက်သို့သွားကာ ဝက်သားဟင်းဖြင့် ထမင်းကိုမှာယူ၍ စားလိုက်၏။ ကျွန်ုပ်သည် ထမင်းဆိုင်မှ ဝက်သားဟင်းအား မောင်တိုချက် ပြုတ်ကျွေးမွေးသည့် ဝက်သားဟင်းနှင့် နှိုင်းယှဉ်၍ စားနေမိရာ သိပ်ကောင်းလှသည် မထင် သဖြင့် လိုက်ပွဲပင်မယူတော့ဘဲ စတ်ကျေတမ်းကျေမျှသာ စားသောက်လိုက်၏။

ထမင်းစားသောက်ပြီးသောအခါ ရေနွေးကြမ်း နှစ်ခွက်၊ သုံးခွက် ဆင့်သောက်ပြီးနောက် ပိုက်ဆံရှင်းကာ ဘုရားပေါ်သို့တက်ခဲ့၏။ နေ့လယ်ခင်းလည်းဖြစ်သဖြင့် ဘုရားပေါ်တွင် လူပါးလျက်ရှိ၏။ တန်ဆောင်းများတွင်မူ လူများအတော်အတန်ရှိ၏။ ကျွန်ုပ်သည် မြစ်ကမ်းဘက်မှတိုက်ခတ်သောလေရသည့် မင်္ဂလာသဒ္ဒိတန်ဆောင်းအတွင်းသို့ ဝင်ရောက်ကာ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းတို့ကို တစ်နာရီကြာမျှပြုလုပ်၏။

ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းတို့ကို ပြုလုပ်ပြီးသောအခါ ကျွန်ုပ်၏စာမူပါသော မဂ္ဂဇင်းများထဲမှ တစ်အုပ်အားထုတ်ယူကာ ပထမဆုံးစာမျက်နှာဖြစ်သော မာတိကာကို အရင်လှန်လှောဖတ်လိုက်၏။ ထို့နောက် ကျွန်ုပ်ဖတ်ချင်သောအကြောင်းအရာပါသည့် စာမျက်နှာအား အရင်ရှာဖွေကာ စိမ်ပြေနပြေဖတ်နေမိ၏။

အတော်အတန် ဖတ်မိသောအခါ ကျောတောင့်လာ၏။ အမှီကလေးနှင့်ဖတ်ရလျှင် ကောင်းမှာပဲဟု တွေးမိသဖြင့် အမှီရှိရာကို လိုက်ရှာဖွေရာ ဆယ်ငါးခန်းတွဲ တန်ဆောင်းရှိ အတက်အဆင်း လှေကားကလေးများအား သွား၍မြင်မိ၏။ ကျွန်ုပ်သည် တံခါးပိတ်ထားသဖြင့် လူအတက်အဆင်းမရှိသော လှေကားထစ်လေးတစ်ခုအား ရွေးချယ်လိုက်၏။ နေ့လယ်နေ့ခင်းလည်း ဖြစ်သဖြင့် လူသွားလူလာ နည်းပါးလျက်ရှိ၏။

အစွန်းထွက်အမိုးရှည်ကြီး ရှိသော်လည်း စေတီတော်ရင်ပြင်တွင် ခင်းထားသော ကျောက်ပြားများမှ ရောင်ပြန်ဟပ်မှုကြောင့် ပူလောင်လောင်ဖြစ်နေ၏။ တစ်ခါတစ်ခါ လေပြည်လေးများ သုတ်ဖြူးလျက်ရှိသောကြောင့်သာလျှင် တော်ပေသေး၏။ ကျွန်ုပ်သည် ဘုရားရှင်အား ရည်မှန်းပုံဖော်ကာ စေတီတော်ကြီးအား စိမ်ပြေနပြေဖူးမြော်နေမိ၏။

စေတီတော်ကြီး၏ ထီးတော်မှ ဆည်းလည်းကလေးများမှ တချွင်ချွင် အသံကလေးများမှာ သာယာလှပေ၏။ ငှက်ကလေးများမှာ ဟိုမှသည်မှ ပျံဝဲရင်း ဖြူဟ်တိုင်များတွင်နားလိုက်၊ စေတီကြီး၏ ဖောင်းရစ်များပေါ် နားလိုက်နှင့် လုပ်နေကြ၏။ သူတို့ဘဝလေးတွေများ အပူအပင်ကင်းလိုက်တာဟုလည်း တွေးနေမိ၏။ ကျွန်ုပ်သည် စာအုပ်ကိုလည်း ဖတ်ချင်စိတ်မရှိတော့ပြန်သဖြင့် သံပန်းများအား ကျောမှီကာ ရောက်တတ်ရာရာများကို တွေးတောရင်း ထိုင်နေမိ၏။

ဗိုလ်တထောင်စေတီတော်သည် ရွှေတိဂုံစေတီတော်ကြီးကဲ့သို့ စည်းကမ်းတင်းကျပ်ခြင်း မရှိလှသည်ဖြစ်ရာ စကတ်တိုး ဘောင်းဘီတိုဝတ်

www.burmeseclassic.com

မိန်းကလေးများလည်း ဘုရားဖူးနေကြသည်ကိုတွေ့ရ၏။ စည်ကမ်းဆိုသည်မှာ ထုတ်ထားမှ လိုက်နာခြင်းထက် သင့်တော်၏၊ မသင့်တော်၏ကို ကိုယ်ပိုင်အသိတရား၊ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ဖြင့် လိုက်နာလျှင် ပို၍ကောင်းမည်ဟု တစ်ယောက်တည်း တွေးနေမိပြန်၏။

ကျွန်ုပ်သည် တောင်တွေး မြောက်တွေး၊ တောင်ငေးမြောက်ငေးနှင့် ထိုင်နေသည်ဖြစ်ရာ ကျွန်ုပ်၏နံဘေးတွင် လူတစ်ယောက် လာရောက်ထိုင်နေသည်ကို သတိမထားမိဘဲရှိလေ၏။ ထိုသူသည် ကျွန်ုပ်အား အကဲခတ်လျက်ရှိပြီး အခွင့်သင့်လျှင် ကျွန်ုပ်နှင့် စကားပြောချင်နေကြောင်းကို ကျွန်ုပ်က မရိပ်မိဘဲရှိသည့်အပြင် သူ့ကိုပင် သတိမထားမိဘဲရှိလေ၏။

ကျွန်ုပ်တွင် အကျင့်ဆိုးလား၊ အကျင့်ကောင်းလား မပြောတတ်သော အကျင့်တစ်ခုရှိ၏။ ကျွန်ုပ် တစ်ခုခုကိုအာရုံရောက်နေလျှင် ကျွန်ုပ်အားစကားလာပြောသည့်တိုင်အောင် မကြားတတ်ဘဲရှိ၏။ ကြားလျှင်လည်း ဘာပြောနေမှန်းမသိဘဲ ရှိတတ်၏။ မျက်လုံးက မြင်နေသည့်တိုင်လည်း ဘာလုပ်နေသည်ကို သေသေချာချာ မမှတ်မိဘဲ ရှိတတ်၏။ ထိုအကျင့်ကြောင့်ပင်လျှင် ကျွန်ုပ်အား အချို့သောသူများက အခြောက်တိုက်ဘဝင်မြင့်သူဟုလည်းကောင်း၊ အူကြောင်ကြောင်လူပဲဟူ၍လည်းကောင်း၊ လူခွစာဟူ၍လည်းကောင်း ဝေဖန်ကဲ့ရဲ့ခြင်း ခံရဖူးလေ၏။

အကောင်းမြင်ဝါဒသမားများကမူ တော်တော်စိတ်တည်ငြိမ်တဲ့လူပဲဟုလည်းကောင်း၊ အာရုံစူးစိုက်မှုအားကောင်းတယ်ဟူ၍လည်းကောင်း၊ တရားကျင့်ကြံအားထုတ်ရင် မြန်မြန်တရားရနိုင်တယ်ဟူ၍လည်းကောင်း ချီးမွမ်းကြဖူးလေ၏။

လူတစ်ယောက်သည် မိမိအကျင့်တစ်ခုကို ဖျောက်ဖျက်၍ ရခဲလှသည်ဖြစ်ရာ ယခုလည်း ဘေးတွင်ထိုင်နေသူအား သတိမထားမိဘဲ ရှိလေ၏။ အဟမ်း ... အဟမ်းဆိုသော ချောင်းဟန့်သံပေးလိုက်သဖြင့် ကျွန်ုပ်ကလှည့်ကြည့်လိုက်ရာ ကျွန်ုပ်ဘေးတွင်ထိုင်နေသူက ကျွန်ုပ်အားစိုက်ကြည့်ပြီး "ကိုယ့်လူက သတိမမူ လူမမြင်ဆိုတဲ့အထဲကပဲ"ဟု ခနဲ့တဲ့တဲ့ ဝေဖန်လိုက်လေ၏။

ကျွန်ုပ်ကလည်း အနည်းငယ် စပ်ဖျဉ်းဖျဉ်းဖြစ်သွားပြီး "ဂူမမြင်ပဲ ကြားဖူးပါတယ်ဗျာ၊ လူမမြင်လို့ မကြားဖူးပါဘူး"ဟု ဘုဆတ်ဆတ် ပြန်တွယ်လိုက်ရာ ထိုသူက -

"ကိုယ့်လူက တရားသေဝါဒသမား တစ်ယောက်ထင်တယ်။ ဂူမမြင်လို့ပြောရအောင် ကျုပ်က ဂူမှမဟုတ်တာဗျ။ လူပဲ"

ဟု အသံကို အနည်းငယ်မြှင့်၍ ပြောလိုက်လေ၏။ ကျွန်ုပ်သည် အရှိက်ကိုအထိုးခံလိုက်ရသကဲ့သို့ ဖြစ်သွားရာ "ကဲ ... ဆို၊ ဘာကိစ္စတုံး"ဟု ဘုဆတ်ဆတ်ပြန်၍မေးလိုက်၏။ ထိုသူက ကျွန်ုပ်၏မေးခွန်းအား ပြန်မဖြေဘဲ -

"ကိုယ့်လူကြည့်ရတာ စိတ်ကူးယဉ်သမား တစ်ယောက်နဲ့၊ ဒါမှမဟုတ် စာရေးဆရာတစ်ယောက်နဲ့တူတယ်"

ဟု ဝေဖန်နေပြန်၏။ ကျွန်ုပ်သည် စပ်စပ်စုစုနိုင်သော ထိုလူအား ခပ်ချဉ်ချဉ်ရှိသည်နှင့် -

"ခင်ဗျားကကျုပ်ကို စာရေးဆရာလေး၊ စိတ်ကူးယဉ်သမားလေးနဲ့ပြောရအောင် ခင်ဗျားကရော ဗေဒင်ဆရာလား၊ ဒါမှမဟုတ် အင်ဂ်ဝိဇ္ဇာလား"

ဟု ညစ်ကျယ်ကျယ် ပြန်၍တွယ်လိုက်၏။ ထိုသူက -

"ကျုပ်က ဗေဒင်ဆရာလည်း မဟုတ်ပါဘူး ကိုယ့်လူရယ်။ အင်ဂ်ဝိဇ္ဇာလည်းမဟုတ်ရပါဘူးဗျ။ ကျုပ်က တစ်ခုခုကိုအာရုံရောက်နေရင် ပတ်ဝန်းကျင်ကိုတောင်သတိမထားတဲ့ ခင်ဗျားရဲ့ အနေအထားရယ်၊ နောက်ပြီး ... ခင်ဗျားရဲ့လွယ်အိတ်ထဲက မဂ္ဂဇင်းစာအုပ်တွေရယ်၊ နောက်ပြီး ခုရက်ပိုင်းက လကုန်ရက်ဆိုတော့ မဂ္ဂဇင်းတွေထွက်တဲ့ ရက်လေဗျာ။ စာမူခ ထုတ်ပြီးပြန်လာတဲ့ စာရေးဆရာတစ်ယောက်ဖြစ်မှာပဲလို့ တွေးမိလို့ပါဗျ"

ဟု ရယ်ကျဲကျဲပြန်ဖြေလေ၏။

"ဒါနဲ့ ကိုယ့်လူက စာရေးဆရာ ယိုးဆိုတာ မဟုတ်လား"

ဟု မေးလေ၏။

"ဟုတ်ပါတယ် ... ခင်ဗျား ဘယ်လိုသိသလဲ"

ဟု ကျွန်ုပ်ပြန်မေးလိုက်ရာ ထိုသူက -

"ဒါကလွယ်ပါတယ်ဗျာ ... ခင်ဗျား မဂ္ဂဇင်းစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထုတ်ပြီးဖတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

တိုင်းလည်း ယိုးဆိုတဲ့ ကလောင်အမည်ကို အရင်ရှာတယ်။ ရှာလို့လည်းတွေ့ရော အဲဒီစာမျက်နှာကို လှန်ဖတ်တယ်။ အဲဒီလိုအချိန်မှာ ခင်ဗျားမျက်နှာက ပီတိဖြစ်နေတဲ့ပုံမျိုး ပေါက်နေတယ်။ ကျုန်တဲ့စာတွေကိုတော့ သာမန်ကာလျှံကာပဲဖတ်တယ်၊ သဘောကတော့ နောက်မှ အေးအေးဆေးဆေးဖတ်မယ်ဆိုတဲ့ သဘောပေါ့။ ဒီလောက်ဆို ကျုပ်ရဲ့အဖြေ လုံလောက်ပြီမဟုတ်လား"

ဟု ပြောလေ၏။

"လုံလောက်ပါပြီ ကိုယ့်လူရယ်။ ကိုယ့်လူရဲ့အတွေးအခေါ် စိတ်ကူးစိတ်သန်းကိုလည်း သဘောကျမိပါရဲ့ဗျာ"

ဟု ပြောလိုက်လေရာ –

"ဒါတင်မကသေးဘူးဗျ။ ခင်ဗျားကစာပေလောကမှာ အပေါင်းအသင်းမိတ်ဆွေသိပ်မရှိတဲ့ စာရေးဆရာဖြစ်လောက်တယ်။ နောက်ပြီး အသောက်အစားရှိတဲ့ လူမျိုးလည်း မဟုတ်လောက်ဘူး။ နောက်တစ်ချက်ကတော့ နာမည်ကြီးစာရေးဆရာတစ်ယောက် မဟုတ်တာတော့ သေချာတယ်ဗျို့"

ဟု ပြောပြန်ရာ သူပြောသည်များမှာ အကုန်းလုံး မှန်နေသဖြင့် ကျွန်ုပ်က ဟုတ်မှန်ကြောင်း ဝန်ခံလိုက်ရ၏။

"ဒါနဲ့ နေပါဦး၊ ကိုယ့်လူက အဲဒါတွေကို ဘယ်လိုတွေးသလဲ"

ဟု ကျွန်ုပ်က မေးခွန်းထုတ်လိုက်၏။ ထိုသူက –

"ဒါလေးများလွယ် လိုက်တာဗျား ခင်ဗျားမှာသာ စာပေမိတ်ဆွေတွေရှိရင် ခုလိုရက်မျိုးမှာ လမ်း ၄၀ ထိပ်က လေအန်ကုန်းလို လက်ဖက်ရည်ဆိုင်မှာ ရောက်နေမှာပေါ့ဗျ။ နောက်ပြီး ခင်ဗျားသာ အသောက်အစားရှိတဲ့လူဆိုလို့ရှိရင် အပေါင်းအသင်းတွေနဲ့ အရက်ဆိုင်တစ်ဆိုင်ဆိုင်မှာ ထိုင်နေလောက်ပြီပေါ့ဗျာ။ ဟုတ်ဘူးလား"

ဟုဆိုကာ သူ၏စကားကို မေးခွန်းနှင့် အဆုံးသတ်လိုက်လေ၏။ ကျွန်ုပ်ကလည်း –

"မဆိုးဘူးဗျ။ ခင်ဗျားနဲ့စကားပြောရတာ အဆင်ပြေတယ်"

ဟု ပြန်၍ပြောလိုက်ရာ ထိုသူက –

"ဒါဆိုရင်တော့ ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်တဲ့အထိမ်းအမှတ်နဲ့ နာမည်လေးတွေတော့ သိဖို့လိုပြီ"

ဟု ပြောလိုက်ရာ ကျွန်ုပ်ကစ၍ အမည်၊ ကလောင်အမည်တို့ကို ပြောပြလိုက်ရ၏။ ထိုသူက –

"ခင်ဗျားက စာရေးကျဲတဲ့လူပဲ။ ခင်ဗျားကလောင်ကို တွေ့တော့တွေ့မိပါရဲ့၊ ဒါပေမယ့် ခပ်ကျဲကျဲပါပဲ။ ကိုယ့်လူက ကဗျာလေး ဘာလေးလည်း ရေးသကိုဗျ"

ဟုပြောလေ၏။ ကျွန်ုပ်ကလည်း –

"ဟုတ်ပါတယ်ဗျာ၊ အရင်တုန်းကတော့ ကျွန်တော်ကအစိုးရဝန်ထမ်းတစ်ဖက်ဆိုတော့ စာသိပ်မရေးဖြစ်ခဲ့ပါဘူး။ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေက ထုတ်တဲ့စာစောင်၊ မဂ္ဂဇင်းတွေမှာပဲ ရေးဖြစ်တာများပါတယ်။ အခုနောက်ပိုင်းတော့ အလုပ်ကနေပင်စင်ယူပြီးတော့မှ စွဲစွဲမြဲမြဲလေး ရေးဖြစ်တယ်ဆိုပါတော့ ကိုယ့်လူရယ်"

ဟု ရှင်းပြလိုက်ရ၏။

"ဟုတ်ပါပြီ ဆရာရယ်။ ကျုပ်နာမည်လေးလည်း မှတ်ထားပါဦး၊ 'ပါပ'လို့ ခေါ်ပါတယ်။ ကျွန်တော့်အဖေက 'ဦးစာစ'တဲ့။ ကျွန်တော်မှာ အစ်ကိုတစ်ယောက်နဲ့ ညီတစ်ယောက်ရှိတယ်။ ကျုပ်အစ်ကိုနာမည်က 'ကာက'တဲ့။ ကျုပ်ညီက ဘုန်းကြီးဗျ၊ သူ့ဘွဲ့ကတော့ 'ဦးဝါသဝ'တဲ့။ သူ့ရဲ့လူအမည်ကတော့ 'ယာယ'လို့ခေါ်တယ်။ ဒါပေမယ့် သူ့အမည်က လူသိတော်တော်နည်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ငယ်ငယ်ကတည်းက ကိုရင်ဝတ်သွားတဲ့အတွက်ပဲဗျ။ ကျုပ်နာမည်က ပါပဆိုလို့ ဗေဒင်လိုလို နက္ခက်လိုလိုတွေ လျှောက်တွေးမနေနဲ့နော် ကိုယ့်လူ။ ကျုပ်အဖေ ဘယ်လိုနည်းနဲ့ပေးခဲ့သလဲဆိုတာ ကျုပ်မသိဘူး။ ငယ်ငယ်တုန်းကတော့ ဒီနာမည်ကို မကြိုက်ပါဘူးဗျာ။ အခုကြီးလာတော့ တော်တော်လေးကြိုက်တယ်ဗျ။ ဘာကြောင့်လဲဆိုတော့ တော်တော်ရှားတဲ့နာမည်မို့ပဲ။ နောက်ပြီး လူတစ်ယောက်က တစ်ခါကြားဖူးရုံနဲ့ မှတ်မိသွားနိုင်တဲ့ နာမည်မျိုးမို့ပဲ"

ဟု ရှင်းပြလေ၏။ ကိုပါပကပင်ဆက်လက်၍ –

"ကျုပ်တို့ညီအစ်ကို သုံးယောက်ထဲမှာ ကျုပ်အစ်ကို ကာက တစ်ယောက်ပဲ အိမ်ထောင်ကျသဗျ။ ဒီကောင်က 'မအော်လန်'ဆိုတဲ့ ကလေးသုံးယောက်အမေ မုဆိုးမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ အိမ်ထောင်ကျတယ်။ သူ့ကလေးတွေကလည်း ဆိုးလိုက်သမှ တာတေကိုလန်နေတာပဲ။ သူ့မိန်းမကလည်း အပြောအဆိုကြမ်းလိုက်တဲ့ ဖြစ်ခြင်းဗျာ။ အရပ်ထဲမှာတော့ အော်ကြောလန်ပါပဲ။ တစ်ယောက်ယောက်နဲ့များ ရန်ဖြစ်ပြီလာဆိုမှဖြင့် သားအမိလေးယောက် ဝိုင်းပြီးရန်တွေ့လိုက်ကြတာ ကက်ကက်ကိုလှန်နေတာပါပဲ”

ဟု ပြောလေရာ ကျွန်ုပ်က –

“ခင်ဗျား ဟာကလည်းဗျာ ... နာမည်က မအော်လန်၊ သူ့သားသမီးတွေကျပြန်တော့ ဆိုးလိုက်တာ တာတေလန်၊ အရပ်ထဲမှာလည်း အော်ကြောလန်၊ ရန်ဖြစ်တော့လည်း ကက်ကက်လန်ဆိုမှဖြင့် မလန်တာ ဘာများကျန်သေးတုံးဗျာ”

ဟု ကျွန်ုပ်က မေးလိုက်ရာ –

“ဒါတော့ ကျုပ်မသိဘူးဗျ။ ကျုပ်အစ်ကိုမှပဲ သိမယ်။ ကျုပ်သိတာတော့ အဲဒီ ကျုပ်အစ်ကို ကာကဆိုတဲ့ကောင်က အိမ်ထောင်ရေးကံ အင်မတန်ကောင်းတဲ့ကောင်ဗျ”

ဟု ပြောလေ၏။ ကျွန်ုပ်က –

“ဟုတ်မှလည်း လုပ်စမ်းပါ ကိုပါပရယ် ..။ ကလေးသုံးယောက်အမေ မုဆိုးမနဲ့ရတဲ့လူ အိမ်ထောင်ရေးကံကောင်းရတယ်လို့ဗျာ”

ဟု ကျွန်ုပ်က စောဒကတက်လိုက်ရာ ကိုပါပက –

“အဲဒါခက်တာပေါ့ဗျာ။ ကိုယ့်လူကို ကျုပ်က ဆိုးတာတွေချည်း အရင်ပြောလိုက်တော့ ကိုယ့်လူက ကျန်တာတွေအကုန်လုံး ဘယ်ဟာမှ အကောင်းမမြင်တော့ဘူး ဖြစ်သွားတာကိုဗျ။ အမှန်က အဆိုးနဲ့အကောင်းက အမြဲဒွန်တွဲနေတာဗျ။ အကောင်းချည်းပဲသာရှိပြီး အဆိုးမရှိရင် ကျုပ်တို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဘယ်လုပ်ကြံခံရပါမလဲဗျာ၊ အဆိုးချည်းပဲသာရှိပြီး အကောင်းမရှိရင်လည်း ကျုပ်တို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်ပွင့်တော်မူမလဲလေဗျာ၊ ဟုတ်ဘူးလား”

ဟု ပြောသဖြင့် ကျွန်ုပ်ကလည်း ဟုတ်မှန်ကြောင်း ထောက်ခံလိုက်ရလေ၏။

“ကျုပ်တစ်ခုပြောဖို့ ကျန်ခဲ့တယ်ဗျ ...။ ကျုပ်အစ်ကို ကာကဆိုတဲ့ အကောင်က တယ်အပြောအဆိုညက်တဲ့ကောင်ကိုဗျ။ သူများ စကားပြောပြီးဆိုမှဖြင့် တော်ရုံလူ ငြိမ်ဆင်းသွားတော့တာပဲဗျို့။ နောက်ပြီး ဒင်းက စာလေးမေလေးကလည်း အတော်လေးလေ့လာထားတော့ ဗဟုသုတလေးဏလည်းကြွယ်ကိုဗျ။ ရပ်ရေးရွာရေး သာရေးနာရေးဆိုလည်း သူပဲ။ သူ့မိန်းမ မအော်လန်က ဈေးထဲမှာ ငါးရောင်းတယ်ဗျ။ သူ့သမီး အကြီးလေးက အိမ်မှာ အိမ်မှုကိစ္စလုပ်တယ်။ သူ့ကလေးကလည်း ကျုပ်အစ်ကို ကာကကို အဖေအရင်းတစ်ယောက်လို ချစ်ရှာတယ်ခင်ဗျ။ ကာကဆိုတဲ့ကောင်က လည်း ကလေးတွေကို သူ့နဲ့ရတဲ့ကလေးအလား ချစ်ရှာတယ်။ မြူစုစောင့်ရှောက်တယ်ဗျာ ...။ သမီးအလတ်မနဲ့ အငယ်ကောင်လေးက ဈေးထဲမှာ ရေခဲရည်ရောင်းတယ်ဗျာ၊ ရေခဲရည်ရောင်းတယ်ဆိုလို့ အထင်မသေးနဲ့ ကိုယ့်လူ။ နွေရာသီဆို ရေခဲရည်ရောင်းရငွေ တစ်ခုတည်းနဲ့တင် မိသားစုစားလောက်ရုံမကဘူး၊ စုတောင် စုမိသေးတယ်။ သူ့မိန်းမ မအော်လန်ကလည်း သူ့ယောက်ျားကို ဘာအလုပ်မှမလုပ်ခိုင်းဘဲ အိမ်ဦးခန်းမှာအခန့်သား နေခိုင်းတာဗျ၊ မအော်လန်ဆိုတဲ့မိန်းမက အပြောသာဆိုးတာမောင် စေတနာတော့ အတော်ကောင်းရှာတယ်ဗျ။ လူ့ရေးတန်းရေးဆိုလည်း ရှေ့ကပဲ။ ကျုပ်ကိုလည်း သူ့မောင်တစ်ယောက်လို ချစ်ရှာတာ။ နောက်ပြီး ကျုပ်ညီ ဦးဇင်းကိုလည်း ရဟန်းဒကာခံထားလိုက်သေးဗျ။ အဲဒီလိုကောင်ကိုမှ အိမ်ထောင်ရေး ကံကောင်းတယ်လို့ မပြောရင် ကျုပ်တာဘယ်သူ့ကို သွားပြောရမှာတုံး ကိုယ့်လူရယ်”

ဟု ပြောလေ၏။

“ဒီလိုဆိုတော့လည်း ဟုတ်ပေသားပဲဗျ ကိုပါပရဲ့”

ကျွန်ုပ်က ဝန်ခံလိုက်ရ၏။

ကျွန်ုပ်နှင့် ကိုပါပသည် ယခုမှ တွေ့ကြသည်ဆိုသော်လည်း ဟိုးအရင်က သိကျွမ်းခဲ့ဘိအလား မိတ်ဆွေအရင်းအချာများပမာ ဖြစ်သွားကြ၏။ တစ်ယောက်အကြောင်းကို တစ်ယောက် အပြန်အလှန်ပြောဆိုလျက်ရှိကြရာ နေသည့် အတော်လေးစောင်းလာပြီဖြစ်ပြီး ကျွန်ုပ်တို့ထိုင်နေသည့်နေရာသို့ နေရောင်ကျရောက်လာပြီ ဖြစ်၏။ ကျွန်ုပ်ကပင် –

“ကဲ ... ကိုပါပ၊ ကျုပ်လည်း ခင်ဗျားကိုမြင်မြင်ချင်း ခင်မင်မိပါတယ်ဗျာ။ ဒီတော့ ခင်ဗျားဘက်က အဆင်ပြေတယ်ဆိုရင်ဖြင့် ကျုပ်အိမ်လို



www.burmeseclassic.com

www.burmeseclassic.com

လည်ဖို့ ဖိတ်ပါတယ်။ တစ်ညလောက် အိပ်ပြီးမှ အေးအေးဆေးဆေး ပြန်တာပေါ့"

ဟုဖိတ်မန္တကပြုလိုက်ရာ ကိုပါပတ လွယ်လင့်တကူပင်လက်ခံလေ၏။

"ကျုပ်ဆိုတဲ့ကောင်က ဘာမှမရှိတဲ့ကောင်ဗျ။ ပြောရရင် စိတ်ထဲမှာလည်း ဘာမှထည့်မထားဘူး။ ကိုယ်မှာလည်း မရှိမဖြစ်လိုတာကလွဲလို့ ဘာမှမထားဘူး။ အမြဲတမ်း ကျုပ်ရဲ့စိတ်တံခါးကို ဖွင့်ထားတဲ့သူ၊ ဘာကိုမဆို လက်ခံဖို့အသင့်ရှိတဲ့သူ၊ အချိန်မရွေးထွက်သွားဖို့ကိုလည်း အမြဲခွင့်ပြုထားတဲ့သူဗျ။ ကျုပ်က ခံစားစရာရှိရင်လည်း မြန်မြန်ခံစားပြီး မြန်မြန်ခံမောင်းထုတ်ပစ်လိုက်တာပဲ။ ဒါမှ နောက်ခံစားချက် အသစ်တွေ ဝင်လာလို့ရမှာလေ။ မဟုတ်ရင် ခံစားချက်တွေ ရောကုန်မှာပေါ့။ ရောကုန်ရင် ဘာဖြစ်လဲသိလား၊ ရောရင်ရှုံးတာပေါ့ ကိုယ့်လူရာ။ အဲဒီတော့ မရှုံးချင်ရင် မရောနဲ့ ကိုယ့်လူရေ"

ဟု သူ၏အယူအဆများကို ရှင်းပြလေရာ ကျွန်ုပ်က —

"ဒါဖြင့် ခင်ဗျားက ဘာမှမရှိတဲ့ ပါပပေါ့"

ဟု ကျွန်ုပ်က နောက်လိုက်ရာ "မှန်လိုက်လေ ကိုယ့်လူရယ်၊ အစစ်ပါဒါ"ဟုပြောကာ တခစ်ခစ်ရယ်မောနေသေး၏။

ကျွန်ုပ်သည် ထိုအခါကျမှပင် ကိုပါပကို သတိထားကြည့်မိ၏။ မျက်နှာသွယ်သွယ်ဖြစ်ပြီး၊ အသားမှာ အသားလတ်ဖြစ်သော်လည်း အဖြူဘက်သန်း၏။ ဆံပင်ကို အရှည်ထားကာ သျှောင်ထုံးထုံး၍ထား၏။ နဖူးကျယ်ကျယ်၊ နှာတံသွယ်သွယ်၊ နှုတ်ခမ်းမွှေးသဲ့သဲ့၊ မုတ်ဆိတ်မွှေး ပါးပါးနှင့်ဖြစ်၏။ သူ၏မျက်နှာမှာ ကြည်လင်လျက်ရှိ၏။ သူ၏မျက်လုံးများမှာ ကြည်လင်နက်မှောင်လျက်ရှိ၏။ ယောဂီရောင် ရုပ်အင်္ကျီလည်ကတုံးကို လည်ပင်းအထိ ကြယ်သီးများကို တပ်ထား၏။ ပုဆိုးမှာမူ ရိုးရိုးချည်ပုဆိုးကို ယောဂီရောင်ဆိုးထားသဖြင့် အောက်က အကွက်ကလေးများ ရေးရေးပေါ်လျက်ရှိ၏။ ခြေဆံ၊ လက်ဆံများမှာ သွယ်သွယ်လျလျများဖြစ်ပြီး အရပ်မှာ ငါးပေ၊ ရှစ်လက်မခန့် ရှိသူဖြစ်၏။ ခါးအနည်းငယ်ကိုင်းသလိုရှိ၏။ စကားပြောလျှင်မူ တစ်ဖက်သားကို ဆွဲဆောင်နိုင်လောက်သော အသံပါဝါရှိသူတစ်ယောက်ဖြစ်၏။

သူသည် စကားပြောသည့်အခါ နှုန်းသည်လည်းမဟုတ်၊ မာကျောသည်လည်းမဟုတ်ဘဲ တည်ငြိမ်လေးနက်သည့် အသံနေ အသံထားမျိုးဖြင့် ပြောတတ်၏။ သူ၏မျက်နှာကို ငြိမ်၍ကြည့်လိုက်လျှင် ပြုံးယောင်သန်းနေသလို ထင်ရ၏။ သူ၏မျက်နှာကို ကြည့်ခြင်းအားဖြင့် သူသည် စိတ်သဘောကောင်းမွန်သူတစ်ယောက်ဖြစ်မည်ဟု ကျွန်ုပ်ကယူဆမိ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကိုပါပအား ကျွန်ုပ်၏အိမ်သို့ အလည်လိုက်ပါရန် ဖိတ်မန္တက ပြုလိုက်ခြင်းဖြစ်၏။

ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေအသစ် ကိုပါပအား အိမ်သို့ခေါ်လာခဲ့သည်ဖြစ်ရာ ညနေအတော်စောင်းမှ အိမ်သို့ပြန်ရောက်၏။ တပည့်ကျော်မောင်တိုးသည် ကျွန်ုပ်အား စောင့်မျှော်လျက်ရှိသည်တွေ့ရ၏။

"ဦးလေးကလည်းဗျာ၊ နောက်ကျလိုက်တာ"

ဟု ဆီးကာ အပြစ်တင်လေ၏။

"အေးကွာတပည့်ရာ။ မိတ်ဆွေတစ်ယောက်နဲ့ တွေ့နေတာနဲ့ နည်းနည်းနောက်ကျသွားတယ်ကွာ။ ဘာလဲ ... မင်းကောင်မလေးဆီသွားဖို့ နောက်ကျနေလို့လား"

ဟု ကျွန်ုပ် ကျီစယ်လိုက်ရာ —

"မဟုတ်ပါဘူး ဦးလေးရယ်။ ကျွန်တော်က ဦးလေးကိုစိတ်ပူလို့ပါ"

ဟု ရှက်ကိုးရှက်ကန်းဖြင့် ပြန်၍ပြောလေ၏။

"ဦးလေးဧည့်သည် ပါတယ်ကွ မောင်တိုးရ။ သူဒီမှာ ညအိပ်မှာ။ ပြီးတော့ မင်းလက်ရာလေးလည်း ကျွေးချင်လို့ ဦးလေးသူ့ကို ဖိတ်ခဲ့တာကွ။ သူ့နာမည်က ကိုပါပတဲ့ကွ"

ဟု ကျွန်ုပ်မိတ်ဆက်ပေးလိုက်ရာ မောင်တိုးက နာမည်ကြီးတာလည်း ဟု မကြားတကြား ပြောလိုက်လေ၏။

မောင်တိုးသည် ဈေးဝယ်မည်ဟု ဆိုကာ ဈေးသို့ပြေးလေတော့၏။ ကိုပါပသည် ခြံတွင်းသို့ လှည့်လည်ကာ လိုက်လံကြည့်ရှုနေ၏။ ကျွန်ုပ်မှာ ကိုပါပနှင့်အတူ လိုက်ကာပြသပေးရ၏။

"ဒီခြံရဲ့ မူလပိုင်ရှင်က တော်တော်စိတ်ကူးကောင်းတဲ့ပုဂ္ဂိုလ်ပဲဗျ"

ဟု ကိုပါပကချီးမွမ်းလိုက်ရာ —

"ခင်ဗျားဗျာ ကျွန်တော့်ကိုမချီးကျူးဘဲ ဘယ့်နှယ် မူလပိုင်ရှင်ကို ချီးကျူးရတာတုံးဗျ"

ဟု ကျွန်ုပ်ကအပြစ်တင် လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရာ ကိုပါပက –

"ဒီမှာဗျကိုယ့်လူရဲ့။ ကျုပ်က ကိုယ်လူကိုချီးကျူးရအောင် ကိုယ့်လူက ဒီခြံပိုင်ရှင်အကြောင်း ဘယ်လောက်များသိလို့လဲ။ ဒီခြံရဲ့ မူလပိုင်ရှင်က ကျုပ်နဲ့အလွန်ရင်းနှီးတယ်ဗျ။ သူ့နာမည်က ဦးသောင်တဲ့။ တကယ့်လူရိုးလူဖြောင့်ကြီးဗျ။ သိပ်စည်းကမ်းကြီးပြီး၊ စနစ်လည်းသိပ်ကျတာ။ သန့်ရှင်းသပ်ရပ်တဲ့ နေရာမှလည်း နှစ်ယောက်မရှိဘူး။ တစ်နေ့ကုန် တကုပ်ကုပ်နဲ့ သူ့ခြံကို သူတစ်ယောက်တည်း သူ့စိတ်တိုင်းကျ ပြုပြင်ထားတာ။ သူရှိတုန်းကဆို ခြံထဲမှာ အမှိုက်တစ်ပင် မမြင်ရဘူး။ မကြွေသေးတဲ့သစ်ရွက်ကို တောင် လှုပ်ချပြီး တံမြက်စည်းနဲ့ လှည်းလို့ ရပ်ကွက်ထဲမှာတော့ စံပြပေါ့ဗျာ"

ကျွန်ုပ်က –

"ကိုပါပက တော်တော်သိတာပဲ"ဟု ချီးမွမ်းလိုက်ရာ ကိုပါပက –

"ပါပက ဘာမှ မသိပါဘူးဗျာ။ သိတယ်ဆိုတာလည်း ဘာမှမသိတာတွေပဲ သိနေတာပါ"

ဟု အတွေးရကျပ်သောအဖြေကို ပြန်၍ ပေးလေ၏။ ကျွန်ုပ်က –

"ဒါနဲ့ နေစမ်းပါဦးဗျ ကိုပါပရဲ့။ ခင်ဗျားက ဘုန်းကြီးကျောင်းမှာနေတယ်ဆိုတော့ ဘာတွေလုပ်ရသလဲ"

ဟုမေးလိုက်ရာ ကိုပါပက –

"ဘာလုပ်ရမလဲဗျာ။ ဘုန်းကြီးကျောင်းမှာနေတော့ ဘုန်းကြီးအလုပ်ဝိုင်းလုပ်ရတာပေါ့ဗျာ။ ကျုပ်ညီ ဘုန်းကြီး လုပ်ချင်တာမှန်သမျှ ကျုပ်က လိုက်စီစဉ်ဆောင်ရွက်ပေးရတာပေါ့ဗျာ။ အခုလည်း ကျုပ်ညီဘုန်းကြီးကျောင်းဝင်းထဲမှာ ရှေးဟောင်း ရောမခြင်္သေ့ရုပ်ကြီးတစ်ရုပ် ရှိတယ်ဗျ။ နှစ်၊ လ တွေကြာပြီဆိုတော့ ခေါင်းတွေဘာတွေလည်း မရှိတော့ဘူးပေါ့ဗျာ။ ပြိုကျပျက်စီးနေတာပေါ့။ အဲဒါကို ကျုပ်ညီဘုန်းကြီးက ပြင်မယ် တကဲကဲလုပ်နေတယ်ဗျ။ ပန်းတမော့ဆရာကိုအောင်မောင်းဆိုတဲ့လူကလည်း ဘုန်းကြီးနားကပ်ပြီး နာပူနားဆာလုပ်နေတာကိုဗျ။ ကျုပ်ကလည်းသဘောမတူဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ တစ်အချက်က ကျုပ်မြန်မာပြည်အဟောင်းများများ ရောက်ဖူးတယ်ဗျ။ အထူးသဖြင့် ဘုရားဖူးပေါ့၊ အဲဒီမှာ ဘုရားအဟောင်းများများရဲ့ မုခ်ဦးထိပ်တွေမှာ ခြင်္သေ့နှစ်ကောင် ငုတ်တုတ်ထိုင်နေတာကို တွေ့ရတယ်ဗျ။ ကျုပ်ကလည်း အဲဒါကို အမြင်အကတ်ဆုံးပဲ။ ဘယ်နှယ့်ဗျာ ... ခင်ဗျားလည်း ခြင်္သေ့ မြင်ဖူးမှာပါ။ သူတို့ခြင်္သေ့တွေက ခြင်္သေ့နဲ့မှ မတူတဲ့ဟာ။ ခြင်္သေ့ထက်စာရင် ခွေးနဲ့ပိုတူမနေဘူးလား။ နောက်တစ်ချက်က ခြင်္သေ့ဆိုတဲ့ သတ္တဝါက ကျုပ်တို့ အာရှတိုက်မှာရှိတဲ့သတ္တဝါမှ မဟုတ်တာဗျာ။ ဟို ... အာဖရိကတိုက်မှာပဲ ရှိတာကို အမေကျော်ဒွေးတော်လွန်းနေကြလို့ ကျုပ်မကျေနပ်တာ။ နောက်ပြီး အဲဒီခြင်္သေ့ရုပ်ကို ပြန်လုပ်ပါပြီတဲ့၊ ဘာများအကျိုးရှိမလဲ။ တခြားလုပ်စရာတွေပေါလို့ဗျာ။ ဒီခြင်္သေ့ရုပ်ကိုမှ ပြင်မယ်တကဲကဲလုပ်နေလို့ ကျုပ်လည်းစိတ်ထဲ မတွေ့တာနဲ့ ထွက်လာတုန်း ခင်ဗျားနဲ့တွေ့တာ ကိုယ့်လူရဲ့။ ကျုပ် ခင်ဗျားအိမ်မှာ ခဏနေဦးမယ်ဗျာ၊ ဖြစ်မလား"

ဟုမေးလေ၏။ ထိုအခါမှ ကျွန်ုပ်သည် ကိုပါပအဖြစ်မှန်ကို သိရပြီး –

"ဖြစ်မှဖြစ်ရလေ ကိုပါပရယ်။ ခင်ဗျားအဖြစ်ကလည်း ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလိုပါပဲလားဗျာ။ ကဲပါဗျာ .. ကျုပ်အိမ်မှာ ခင်ဗျား နေချင်သလောက်နေနိုင်ပါတယ်"

ဟု ကျွန်ုပ်က ခွင့်ပြုလိုက်ရာ ကိုပါပက ကျေးဇူးတင်ကြောင်း ပြန်ပြော၏။ ကိုပါပကပင် ဆက်လက်၍

"ဒါပေမယ့် ကျုပ်အကြာကြီးတော့ နေလို့မရဘူးဗျ၊ ပြန်ရဦးမယ်။ ဘာကြောင့်လဲဆိုတော့ ... ကျုပ်မှာ အဝတ်အစားအပိုမပါဘူးဗျ၊ နောက်ပြီး ကျုပ်ညီဘုန်းကြီးကိုလည်း ပစ်ထားလို့မဖြစ်ဘူးဗျ။ သူက ကျုပ်ကို သိပ်အားကိုးတာ။ နောက်ဆုံးမတတ်သာတော့လည်း သူဖြစ်ချင်တာ လုပ်ပေးရမှာပေါ့ဗျာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က –

"အဝတ်အစားအတွက်တော့ မပူပါနဲ့ ကိုပါပရယ်။ ကျုပ်အဝတ်အစားတွေ ယူဝတ်လို့ရပါတယ်ဗျ"

ဟု ပြောလိုက်ရာ ကိုပါပက –

"မဖြစ်လို့ပါဗျာ။ ကျေးဇူးတင်တယ်။ ကျုပ်က အမြဲတမ်း ယော အဝတ်ပဲဝတ်နေကျဗျ။ နောက်ပြီး များအဝတ်အစားလည်း ကျုပ်မဝတ်လို့ပါ"

ဟု ပြန်ပြောလေ၏။

"ဟုတ်ပါပြီကိုပါပရယ်။ ခင် သဘောပါပဲ။ ဒါထက် ခင်ဗျား တော့ ယောဂီအဝတ်ကို အ



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုပြီး ခင်ဗျားဝတ်ထားတာက ပုဆိုးကို ယောဂီရောင်ဆိုးထားတာ ဖြစ်နေသလားလို့"

ဟု ကျွန်ုပ်ကစပ်စုသလို မေးလိုက်ရာ ကိုပါပက –

"ဒါကဒီလိုရှိတယ်ခင်ဗျ ...။ ယောဂီရောင်ပိတ်က တက်ထရွန်သားဆိုတော့ ပါးတယ်ဗျ။ ပါးတဲ့အသားကိုပုဆိုးအဖြစ်ဝတ်ရတာ ကျုပ်စိတ်ထဲ မလုံဘူးဗျ။ ပုဆိုးကို ဆေးဆိုးပြီးဝတ်တော့ အသားထူတယ်။ အေးလည်း အေးတယ်၊ ဒါကြောင့်ပါ"

ဟုပြန်ပြော၏။ ကျွန်ုပ်ကဆက်၍ –

"ဒါထက် ကိုပါပရယ်၊ ခင်ဗျားမှာ အဝတ်အစားက တစ်စုံတည်းပါတယ်ဆိုတော့ ရေမိုးချိုးလို့ လျှော်ဖွပ်တဲ့အခါ ဘာဝတ်မတုံး"

ဟု ကျွန်ုပ်က စောဒကတက်လိုက်ရာ ကိုပါပက –

ကျုပ်မှာအတွင်းခံ ဘောင်းဘီနဲ့ စွပ်ကျယ်လက်ပြတ် ပါတယ်ဗျ။ အတွင်းခံဘောင်းဘီကလည်း ဒူးလောက်ထိရှည်တယ်။ ကျုပ်က ဒီလိုပဲ တစ်ခါတစ်ရံ ထွက်သွားတတ်တယ်။ တစ်ခါထွက်သွားရင်လည်း နှစ်ရက်သုံးရက်ကြာတတ်တော့ အဆင်ပြေအောင် စီစဉ်ထားရတာပေါ့ဗျာ"

ဟု ပြန်၍ရှင်းပြလေ၏။

ကိုပါပသည် ကျွန်ုပ်နှင့်အတူ ခြံအတွင်း၌လှည့်လည်ကြည့်ရှုရင်း စကားပြောလျက်ရှိ၏။

"ခင်ဗျားဝယ်လိုက်တဲ့သူက ဒီခြံရဲ့မူလပိုင်ရှင်မဟုတ်ဘူးဗျ။ မူလပိုင်ရှင်အဘိုးကြီးရဲ့တူတော်တယ်။ အဘိုးကြီးသေတော့ သူတို့က အမွေအဖြစ်ရလိုက်တာ။ သူတို့ကလည်း တခြားမှာ အိမ်ရှိတော့ ဒီအိမ်က အပိုလိုဖြစ်နေလို့ ပြန်ရောင်းပစ်လိုက်တာ။ ပိုင်ရှင်အဘိုးကြီးရှိတုန်းက ဒီခြံက အခုထက် အများကြီးလှတာဗျ။ အဘိုးကြီးက သိပ်စိတ်ကူးယဉ်တာ။ သူ့ခြံကို သူ့စိတ်တိုင်းကျလုပ်ထားတာ။ ခင်ဗျားဝယ်လိုက်တဲ့အချိန်မှာ အဘိုးကြီးသေသွားတာ နှစ်နှစ်လောက်ရှိသွားပြီ။ အဘိုးကြီးရဲ့လက်ရာတွေလည်း အတော်လေးပျက်ယွင်းနေတဲ့ အချိန်မှာမှ ခင်ဗျားရလိုက်တာ"

ဟု ပြောပြ၏။

"ဟုတ်ပါလိမ့်မယ် ကိုပါပ။ ဒါပေမယ့်လည်း အဲဒီအချိန်တုန်းကကိုပဲ အတော်လေးလှနေပါသေးတယ်ဗျ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပါပက –

"ဟုတ်ပါပြီလေ။ ခင်ဗျားခွင့်ပြုမယ်ဆိုရင်တော့ ကျုပ်က ဟိုးအရင်ကအတိုင်း လုပ်ပေးတဲ့ခြံတစ်ခြံဖြစ်အောင် လုပ်ပေးချင်ပါတယ်"

ဟု တောင်းဆိုလေတော့၏။

"လုပ်ပါ ကိုပါပရယ်။ ကျုပ်ကလည်း အဲဒီလိုပဲ ဖြစ်ချင်နေတာပါပဲ။ ကိုယ့်လူ စိတ်တိုင်းကျသာ ပြုပြင်ပါ"

ဟု ခွင့်ပြုလိုက်ရ၏။ ကျွန်ုပ်တို့နှစ်ဦးသည် စကားတပြောပြောဖြင့် ခြံတွင်းလှည့်ပတ် ကြည့်ရှုလျက်ရှိရာ နေဝင်သွားပြီဖြစ်သဖြင့် မှောင်ရိပ်ပင်သန်းစပြုလာ၏။ အိမ်ခေါင်းရင်းရှိ ကုက္ကိုပင်ကြီးနှစ်ပင်ထက်မှ အိပ်တန်းတက် ကျီးကန်းများသည်လည်း ဆူညံစွာအော်မြည်လျက်ရှိကြလေ၏။

*****

ကိုပါပသည် ကျွန်ုပ်၏အိမ်၌ နှစ်ရက်ခန့်နေသွားပြီးနောက် ပြန်သွားလေ၏။ ကျွန်တော် ပြန်လာခဲ့ပါမည်ဟုလည်း ပြောသွား၏။ ကျွန်ုပ်အနေဖြင့်မူ ကိုပါပ မလာဖြစ်ခဲ့ပါကလည်း အဘယ်သို့မျှ အပြစ်တင်နေမည်မဟုတ်ပေ။ သူလည်း သူ့အကြောင်းနှင့်သူ ရှိမည်ဖြစ်၏။ အခုမှ တွေ့ဖူးသူ တစ်ယောက် ပြောသွားသော စကားအား အတည်ဟု ယူဆလျှင် ကျွန်ုပ်၏အမှားသာ ဖြစ်ပေလိမ့်မည်။ သို့သော် ကိုပါပသည် ရိုးသားဖြောင့်မတ်သူတစ်ယောက် ဖြစ်လိမ့်မည်ဟုတော့ ကျွန်ုပ်က တစ်ထစ်ချ ယုံကြည်ထားမိပေ၏။ ကျွန်ုပ်၏ ဘဝသည် ကိုပါပ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာမှပြောင်းလဲသွားစရာမရှိပေ။ ကိုပါပရှိလျှင်ပင် ကျွန်ုပ်အတွက် လူတစ်ယောက်စာ ဝန်ထုပ်ဝန်ပိုး ဖြစ်စရာသာ ရှိပေ၏။

ကျွန်ုပ်သည် အေးအေးဆေးဆေးနေရခြင်းကို ကြိုက်နှစ်သက်သူဖြစ်၏။ ကျွန်ုပ်သည် အလုပ်မှ ပင်စင်ယူပြီးနောက် ဤခြံကလေးကို ဝယ်ကာ အေးအေးလူလူ နေလာခဲ့သည်မှာ ငါးနှစ်ကျော်ခန့်ပင် ရှိပြီဖြစ်၏။ ကျွန်ုပ်၏ ယခင်အလုပ်မှ မိတ်ဟောင်းဆွေဟောင်းများလည်း အလာအသွား သိပ်မရှိတော့ပေ။ ကျွန်ုပ်ကိုယ်တိုင်လည်း သူတို့ထံသို့ တစ်ခါမျှ သွားလာခြင်း မရှိသဖြင့် အဆက်ပြတ်နေပြီ ဖြစ်၏။

ကျွန်ုပ်၏ ပင်ကိုသဘောအရ နေထိုင်ရသည်မှာ အဆင်ပြေသော်လည်း တစ်ခါတစ်ရံတွင် အထီးကျန်နေသလို ခံစားရပေ၏။ လောကကြီး



www.burmeseclassic.com

www.burmeseclassic.com

နှင့်လည်း အဆက်ပြတ်နေသလိုရှိ၏။ ကျွန်ုပ်၏ တပည့်ရင်း မောင်တိုသည် ပင်လျှင် ယခင်ကကဲ့သို့ ကျွန်ုပ်အနား တွင် သိပ်မရှိတော့ပေ။ သူ့တွင်ချစ်သူ ရှိနေပြီဖြစ်သဖြင့် လည်တတ်ပတ် တတ်နေပြီ ဖြစ်၏။ ပိတ်ရက်မျိုးဆို လျှင် အကြောင်းတစ်ခုခုပြကာ တစ် နေကုန်ပင် သွားလာနေတတ်၏။ ကျွန်ုပ်၏ သဘာဝအရပြောရလျှင် မောင်တို၏ အပြုအမူများအား သိပ် ကြိုက်လှသည် မဟုတ်သော်လည်း လူငယ်တစ်ယောက်အတွက် ဤမျှ လောက်တော့ ထွက်ပေါက်ပေးရပေ လိမ့်မည်ဟု ကျွန်ုပ်ကိုယ်တိုင် ခံယူ ထားသောကြောင့် နားလည်ပေးရ၏။ ထို့အတွက်လည်း မောင်တိုက ကျွန်ုပ် အပေါ် အရင်ကထက် ပိုမိုချစ်ခင်လာ သည်ဟုလည်း ခံစားရပေ၏။

တစ်နေ့သ၌ မောင်တိုသည် အပြင်သို့မထွက်ဘဲရှိနေ၏။ နွေလယ် ခင်းလည်း ဖြစ်သည့်အပြင် နွေဦး ပေါက်ရာသီလည်း ဖြစ်သဖြင့် သစ်ပင် များမှ အရွက်များကြွေလျက်ရှိ၏။ သစ်ပင်တို့တွင် အမြဲစိမ်းပင်နှင့် မုတ် သုန်[illegible]ဆိုပြီး နှစ်မျိုးရှိရာ ကျွန်ုပ် အိမ်[illegible]ဖေး ချောင်းစပ်ရှိ ရဲယိုပင် ကြီးမှာ အမြဲစိမ်းပင် အမျိုးအစားဖြစ် ၏။ တစ်နှစ်ပတ်လုံး အရွက်ကြွေတတ် ပြီး တစ်နှစ်ပတ်လုံးလည်း စိမ်းလန်း နေ၏။ ကျွန်ုပ်အိ[illegible]ခြင်းရင်းဘက်ရှိ ကုက္ကိုပင်ကြီးနှစ်ပင်နှင့် အိမ်ရှေ့မျက် နှာစာရှိ စွယ်တော်ပင်များမှာ အပူပိုင်း မုတ်သုန်သစ်ပင်မျိုး ဖြစ်သည်နှင့်အညီ ယခုကဲ့သို့ နွေဦးပေါက်ရာသီ အရွက် ကြွေချိန်ဆိုလျှင် တစ်ပင်လုံး ကြွေ တတ်၏။ တစ်ပင်လုံးလည်း အရိုးပြိုင်း ပြိုင်းဖြစ်နေတတ်၏။ ကျန်အချိန်များ တွင်မူ စိမ်းလန်းစိုပြည်လျက်ရှိ၏။

ယခုလည်း ထိုကုက္ကိုပင်ကြီး နှစ် ပင်မှာ အရွက်များ သဲသဲလှုပ်အောင် ကြွေလျက်ရှိ၏။ ကျွန်ုပ်သည် နံနက်မိုး လင်းသည်နှင့် တံမြက်စည်းတစ် ချောင်းဖြင့် အရွက်များလှည်းရ၏။ ၁၀ ရက်လောက် အရွက်များ ကြွေပြီး နောက် ရွက်နုသစ်များ၊ ပုရစ်ဖူးများ ဖြင့် ဝေဆာလာပြန်၏။ အဖူးအပွင့် ကလေးများ ပါမည်ဖြစ်၏။ ထိုအချိန် သစ်ပင်ရိပ်သည် အလွန်အေးမြသည် ကို ကျေးလက်တောရွာများတွင် နေ သောသူများက ပို၍ သိမည်ဖြစ်၏။

ကျွန်ုပ်သည် နွေဦးပေါက်ရာသီ ကို သိပ်သဘောကျ၏။ ဥဩတွန်သံ လေးများအားလည်း နှစ်သက်၏။ ဆောင်းဦးပေါက်ရာသီကိုလည်းကြိုက် ၏။ ကျွန်ုပ်ငယ်စဉ်က ဆောင်းဦး ပေါက်ရာသီ မြောက်ပြန်လေချိန်တွင် အဘိုးတို့ ဝါးခြံကြီးထဲမှ ဝါးပိုးဖတ်များ ကောက်ကာ ကတ်ကြေးဖြင့်ညှပ်၍ စကြာလုပ်ကာ တာရိုးတစ်လျှောက် လေကိုဆန်၍ ပြေးရသည်ကို သတိရ နေမိ၏။ ကျွန်ုပ် ဘဝတစ်လျှောက် အလွန်ပျော်ရွှင်ရသော အချိန်ကာလ များ ဖြစ်၏။

စပါးခင်းများ၊ မြက်ခင်းစိမ်းများ ကို ဖြတ်၍ တိုက်ခတ်လာသော မြောက်ပြန်လေ အေးအေး၏ အနံ့ တစ်မျိုးလေးကို ပြန်၍ခံစားနေမိပြန် ၏။ ကျွန်ုပ် သိပ်သဘောမကျသည်မှာ မိုးဦးကျရာသီသာ ဖြစ်၏။ မိုးဦးကျ ရာသီတွင် ကျွန်ုပ် အလွန်စိတ်ညစ်၏။ အထူးသဖြင့် စိုစိုစွတ်စွတ်ကြီး နေရ တော့မည်ဖြစ်သဖြင့် စိတ်ညစ်ခြင်း လည်းဖြစ်၏။ နောက်တစ်ချက်မှာ မိုး ဦးကျလျှင် ကျောင်းများ ပြန်ဖွင့်တော့ မည်ဖြစ်၏။

ကျွန်ုပ်တို့သည် တစ်နွေလုံး ပြေး လွှားဆော့ကစားပျော်ပါးခဲ့ပြီး ကျောင်း ပြန်တက်ရတော့မည် ဖြစ်သဖြင့် ပျင်း[illegible] လျက်ရှိကြ၏။ သူငယ်ချင်းတွေနှင့် ဆုံတွေ့ရသောအခါတွင်လည်း ပျော် သွားပြန်၏။ ကျွန်ုပ်သည် မိုးဦးကျ ရာသီကိုသာ မကြိုက်သော်လည်း မိုး တွင်းဘက် မိုးတစိမ့်စိမ့်နှင့် အိပ်ရ သည်ကို အလွန်သဘောကျ၏။ အဖေ တို့၊ အဖေတို့နှင့် ကျောင်းပိတ်ရက် လယ်တောထဲသို့ လိုက်သွားရတာကို လည်း သဘောကျ၏။ နောက်ပိုင်း အသက်ကြီးလာသောအခါ ဘယ် ရာသီကို ကြိုက်သည်၊ မကြိုက်သည် ဟူ၍ သိပ်မရှိတော့ပေ။ အားလုံးကို လိုက်လျောညီထွေ ဖြစ်အောင် နေ တတ်လာ၏။ ငယ်ငယ်တုန်းကဆို လျှင် မိုးရွာလျှင် စိတ်ညစ်သဖြင့် ဘာ ကြောင့်များ ဒီမိုးရာသီကြီးက ရှိနေ တာလည်းဟုပင် တွေးမိ၏။ မိုးရာသီ ၏ အရေးပါပုံကို မသိခင်ကဖြစ်၏။

မောင်တိုသည် ကျွန်ုပ်ထိုင်နေရာ နားသို့ ရောက်ရှိလာပြီး –

"ဦးလေး ဘာတွေတွေးနေတာ လဲ"

ဟု မေးလေ၏။ အမှန်တကယ် မှာ မောင်တိုသည် စကားမရှိ၊ စကား ရှာ မေးခြင်းဖြစ်သည်ဟု ကျွန်ုပ် အတပ်သိလိုက်၏။

"ဦးပါပကြီးလည်း ပြန်

www.burmeseclassic.com

ဆိုပြီး မလာတော့ပါလား''

ဟု ပြောပြန်လေ၏။ ကျွန်ုပ်က

"အေးကွ၊ သူပြန်လာမယ် ပြောသွားတာပဲ။ နောက်ပြီး ဒီခြံကြီးကိုတောင် ဟိုးအရင်ပိုင်ရှင် အဘိုးကြီးလက်ထက်အတိုင်း လှပအောင် သူပြန်လုပ်ပေးမယ်လို့တောင် ပြောသွားသေးတယ်''

ဟု ကျွန်ုပ်က ရှင်းပြလိုက်၏။ မောင်တိုသည် ဘာမှ ဆက်မပြောဘဲ ငြိမ်လျက်ရှိ၏။ သူသည် တစ်စုံတစ်ခုကို ပြောသင့်၊ မပြောသင့် ချိန်ဆနေဟန်တူ၏။ သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်ကို သတိထားမိ၏။ သူသည် တစ်စုံတစ်ခုကို ပြောရန်အတွက် အားယူနေဟန်ရှိ၏။ နောက်ဆုံး သူသည် ကျွန်ုပ်အား စ၍စကားပြောလိုက်၏။

"ကျွန်တော် သူ့ကို စိတ်မချဘူး ဦးလေးရယ်''

ဟု မောင်တိုက ပြောလိုက်၏။ ကျွန်ုပ်က -

"မင်းက သူ့ကို ဘာကြောင့် စိတ်မချ ဖြစ်နေတာတုံးကွ။ ဘာလဲ သူက တခြားယောက်ျားလေးတွေနဲ့ ရှုပ်နေလို့လား။ ရှုပ်နေတယ်ဆိုရင်ဖြင့် မင်း သူ့ကို အဆက်သာဖြတ်လိုက်ပါတော့လည်းရာ။ လောကမှာ မိန်းမပေါပါတယ်ကွ''

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်တိုက -

"အဲဒီလို မဟုတ်ပါဘူး ဦးလေးရဲ့ ကျွန်တော်ဆိုလိုတာက အခု[illegible]လော ဂျာနယ်တွေမှာကလည်း [illegible]မှုတွေကလည်း ခဏခဏ တွေ့နေရတယ်လေ။ နောက်ပြီး သူကလည်း ပထွေးနဲ့နေရတာဆိုတော့ ..''

မောင်တို ဆက်မပြောတော့ပါ။ ကျွန်ုပ်ကပင် ဆက်၍ -

"မင်းပြောတာ ဟုတ်ပါတယ်။ ပထွေးတွေက မယားပါသမီးတွေကို ပြန်စော်ကားတဲ့ သတင်းတွေ ငါလည်း တွေ့ပါတယ်။ လူတွေရဲ့ ကိုယ်ကျင့်တရားတွေ၊ အကျင့်စာရိတ္တတွေ တော်တော်လေးကို ယိမ်းယိုင်လာကြတဲ့ သဘောပေါ့ကွာ။ နောက်တစ်ချက်က ဒီပြဿနာတွေဖြစ်ရတဲ့ အကြောင်းတရားတွေကို ပြန်လေ့လာကြည့်တဲ့အခါကျတော့ ခုခေတ် မိန်းကလေးတွေရဲ့ နေပုံ၊ ထိုင်ပုံ၊ ဝတ်စားဆင်ယင်မှု လျှပ်ပေါ်လော်လီတာတွေကြောင့်လည်း ပါတယ်ကွ။ သမာဓိအားနည်းတဲ့လူတွေ၊ နောက်တစ်ချက်က မူးယစ်သောက်စားပြီး စိတ်လိုက်မာန်ပါလုပ်တတ်တဲ့ လူတွေနဲ့ တွေ့တဲ့အခါကျတော့ ပြဿနာတွေ ဖြစ်ကုန်ကြတာပေါ့ကွာ။ ဒါနဲ့ နေပါဦးကွ မောင်တိုရဲ့ မင်းက ဘာဖြစ်ချင်လို့တုံး''

ဟု တဲ့တိုးကြီး မေးချလိုက်ရာ မောင်တိုက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်၍နေလေ၏။ နောက်မှ "ကျွန်တော်သူ့ကို ယူလိုက်ရင် ကောင်းမလားလို့ပါ''ဟု မဝံ့မရဲနှင့် ပြန်၍ပြောလေ၏။ ထိုအခိုက် ကျွန်ုပ်တို့နှစ်ဦး၏နောက်မှ တဟားဟား ရယ်မောသံကို ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး ပြန်လှည့်ကြည့်လိုက်ရာ ကိုပါပ ဖြစ်နေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်က "ကိုပါပ ခင်ဗျားဘယ်တုန်းက ရောက်နေတာတုံး''ဟု မေးခွန်းထုတ်လိုက်ရာ ကိုပါပက -

"ခင်ဗျားတို့ စကားစပြောကတည်းက ရောက်နေတာပါဗျ''

ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ကျွန်ုပ်က -

"ဒါဆို ခင်ဗျား ကျုပ်တို့နှစ်ယောက်စကား ပြောနေတာကို နိုးပြီး နားထောင်နေတာပေါ့''

ဟု မေးလိုက်ရာ ကိုပါပက -

"နိုးပြီးနားထောင်တာ မဟုတ်ပါဘူး ကိုယ့်လူရယ်။ ကျုပ်နားထောင်နေတာကို ကိုယ့်လူတို့နှစ်ယောက်က မသိတာပါဗျ''

ဟု ပြန်၍ဖြေလိုက်ရာ -

"ခင်ဗျားကတော့ဗျာ ... လုပ်ရော့မယ်။ ဒါနဲ့ ခင်ဗျားက ဘာကြောင့် ဟားတိုက်ရယ်နေရတာတုံးဗျ''

ဟု ကျွန်ုပ်က မေးလိုက်ရာ -

"ဟောဒီက ... မောင်တိုကို သဘောကျလို့ပေါ့ဗျာ။ ဒီကောင်က ဘာနဲ့တူသလဲဆိုတော့ ကျုပ်ကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ထဲက သူခိုးနဲ့ တူနေလို့ဗျ''

ဟု ပြောလေ၏။ ကျွန်ုပ်က -

"ခင်ဗျားရဲ့ ပုံပြင်လေးကိုလည်း ကြားချင်ပါတယ်ဗျာ''

ဟု ကျွန်ုပ်ပြောလိုက်ရာ မောင်တိုကလည်း ဟုတ်မှန်ကြောင်း ခေါင်းညိတ် ထောက်ခံလိုက်လေ၏။ ထိုအခါ ကိုပါပက ကျွန်ုပ်တို့နှစ်ယောက် ထိုင်နေရာ ကွပ်ပျစ်ကလေးတွင် ဝင်ထိုင်လိုက်ပြီး -

"ဒီလိုဗျ ... ဟိုးရှေးရှေးတုန်းက တောရွာလေးတစ်ရွာမှာ ဥစ္စာပစ္စည်း အတော်အတန်ကြွယ်ဝတဲ့



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးမကြီးတစ်ယောက် ရှိတယ်တဲ့။ မုဆိုးမကြီးက ချမ်းသာပေမယ့် အဖော်အလျော်မရှိဘဲ တစ်ယောက်တည်း နေတယ်တဲ့။ ဥစ္စာပစ္စည်းကလည်း ကြွယ်ဝ၊ အဖော်အလျော်ကလည်းမရှိ မုဆိုးမကလည်း ဖြစ်ပြန်ဆိုတော့ သူခိုး သူဝှက်တွေကလည်း ခိုးယူဖို့အတွက် အမြဲချောင်းမြောင်းနေကြတယ်တဲ့။ အဲဒီအထဲကမှ သူခိုးတစ်ယောက်ကတော့ ဒီမုဆိုးမကြီးရဲ့အိမ်ကို ငါမရရအောင်ခိုးမယ်ဆိုတဲ့ အကြံနဲ့ အိမ်အနေအထားကို အသေအချာ ကြိုတင်စုံစမ်းလေ့လာတယ်တဲ့။ အကင်းပါးတဲ့ မုဆိုးမကြီးကလည်း ဒါကို ရိပ်မိနေတယ်တဲ့။ ဒါကြောင့်ပဲ မုဆိုးမကြီးဟာ ညဘက်ဆို တစ်ညလုံး မအိပ်ဘူးတဲ့။ တစ်ခုမဟုတ်တစ်ခု လုပ်နေတယ်တဲ့။ ဘာမှလုပ်စရာ မရှိတဲ့အဆုံး အသံကျယ်ကျယ်နဲ့ ဘုရားရှိခိုးတယ်တဲ့။ မီးတွေကိုလည်း တစ်အိမ်လုံး ထိန်နေအောင် ထွန်းထားတယ်။ ဒီတော့ သူခိုးက ခိုးဖို့ခက်နေတာပေါ့။ ဒါပေမယ့်လည်း အင်မတန်မှ ဖွဲနပဲကြီးလွန်းတဲ့ သူခိုးက သည်ကနေ့တော့ ဒီအိမ်ကပစ္စည်းကို ခိုးဖြစ်အောင်ကို ခိုးမယ်လို့ စိတ်ဆုံးဖြတ်ပြီး မုဆိုးမကြီး အလစ်နေ့ခင်းဘက်ကတည်းက အိမ်ထဲကို တိတ်တိတ်လေး ဝင်ပြီး ထုပ်တန်းပေါ်မှာ တက်နေလိုက်တယ်။ ရည်ရွယ်ချက်ကတော့ ညဘက် မုဆိုးမကြီးအိပ်မှ အောက်ဆင်းပြီး သူလိုချင်တဲ့ပစ္စည်းတွေ ခိုးမယ်ပေါ့။ အကင်းပါးလွန်းတဲ့ မုဆိုးမကြီးကလည်း သူခိုးရဲ့အကြံကို ရိပ်မိတယ်တဲ့။ သူ့အိမ်ပေါ်မှာ သူခိုးရောက်နေတယ်ဆိုတာလည်း သိနေတယ်။ ဒါပေမယ့် သူခိုး ... သူခိုးလို့ အော်ဖို့ကျပြန်တော့လည်း သူခိုးသူ့ကို တစ်ခုခုအန္တရာယ်ပေးမှာကို ကြောက်လို့ မအော်ရဲဘူးတဲ့။ ဒါကြောင့်ပဲ မသိချင်ယောင်ဆောင်ပြီး နေလိုက်တယ်တဲ့။ ဒါပေမယ့် အဘွားကြီးက ငါဘာလုပ်ရင်ကောင်းမလဲလို့ အကြံထုတ်နေတယ်။ နောက်ဆုံး အကြံတစ်ခုရတာနဲ့ ချက်ချင်းပဲ သူ့အကြံကို အကောင်အထည်ဖော်လိုက်တယ်။ သူက မီးဖိုချောင်ထဲဝင်ပြီး ရေနွေးအိုးတစ်အိုး ကျိုလိုက်တယ်။ နောက်ပြီး လက်ဖက်တွေသုပ်လိုက်တယ်။ နောက်ပြီး ပတ်ဝန်းကျင်ကလူတွေကို လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း လာစားသောက်ကြဖို့ ဖိတ်လိုက်တယ်တဲ့။ ပတ်ဝန်းကျင်က လူတွေကလည်း ရောက်လာပြီး ရေနွေးကြမ်းသောက်ကြ၊ လက်ဖက်သုပ်စားကြရင်းနဲ့ စကားစမြည်တွေ ပြောဆိုနေကြတာပေါ့လေ။ ထုပ်တန်းပေါ်မှာ ပုန်းနေတဲ့ သူခိုးကတော့ ဒီမုဆိုးမကြီးကို ကျိန်ဆဲနေတာပေါ့လေ။ အဲဒီအချိန်မှာပဲ မုဆိုးမကြီးက သူ့အိမ်လာလည်တဲ့သူတွေကို မေးခွန်းတစ်ခု မေးလိုက်တယ်တဲ့။ သူခိုးဆိုတာမျိုးဟာ ဘယ်အချိန်မှာ လာခိုးတတ်လဲဆိုတာ သိချင်ပါတယ်လို့ မေးလိုက်သတဲ့။ အဲဒီအချိန်မှာ ထုပ်တန်းပေါ် ရောက်နေတဲ့ သူခိုးကလည်း သူ့အကြောင်းပါလာပြီဆိုတော့ တုန်လှုပ်သွားတာပေါ့။ ဒါပေမယ့် ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့ ဆိုသလိုပဲ ဆက်နေလိုက်ပြီး ပြောလာမယ့် စကားတွေကို နားထောင်နေလိုက်တယ်။ အဲဒီတော့မှ ရွာသားထဲက တစ်ယောက်က သူခိုး ခိုးပါတယ်ဆိုမှ ညဘက်မှ ခိုးတော့မပေါ့ဗျာလို့ ပြန်ဖြေလိုက်တယ်တဲ့။ မုဆိုးမကြီးကလည်း ညဘက်တော့ ဟုတ်ပါပြီ။ ဒါပေမယ့် ဘယ်အချိန်လောက်လဲလို့ ပြန်မေးလိုက်ပြန်တယ်။ အဲဒီတော့ ရွာသားက အိမ်ရှင်တွေအိပ်မောကျချိန်ပေါ့ဗျာ၊ ညဉ့်နက်သန်းခေါင်ကျော်ပေါ့လို့ ပြန်ဖြေလိုက်တယ်တဲ့။ ဒီတော့ မုဆိုးမကြီးက ဩော် ... ဒီလိုလားကွယ်။ ငါတို့အိမ် ထုပ်တန်းပေါ်က သူခိုးကဖြင့် သူခိုးရမယ့်အချိန်တောင် မရောက်သေးဘူး၊ အစောကြီးရောက်နေတယ်ကွယ့်ဟု ထုပ်တန်းကို လက်ညှိုးထိုးကာပြောတော့ ရွာသားတွေက သူခိုးကို မြင်သွားပြီး ဝိုင်းဖမ်းဆီးလိုက်ကြတယ်တဲ့ဗျ"

ဟု ပြောကာ သူ့ပုံပြင်ကို အဆုံးသတ်လိုက်လေ၏။ ပုံပြင် ဆုံးသွားသော်လည်း မောင်တိုသည် ဘာကိုဆိုလိုသည်ကို သဘောမပေါက်ဘဲ ဖြစ်နေသဖြင့် –

"ဦးပါပ ပုံပြင်ကလည်းဗျာ ဘာမှလည်း မဆိုင်ဘူး"

ဟု အသားလွတ် တွယ်လိုက်လေ၏။ ကိုပါပက တဟဲဟဲ ရယ်မောရင်း –

"မင်းကတော့ တည့်တည့်ပြောမှပဲ သဘောပေါက်မယ့်ပုံပဲကွ ... မောင်တိုရ။ ဆိုလိုတာကတော့ကွာ ဘယ်အလုပ်မဆို သူ့လုပ်သင့်လုပ်ထိုက်တဲ့အချိန်ရောက်မှ လုပ်ရတယ်လို့ ဆိုလိုတာပဲ။ မင်းမိန်းမယူမယ့် ကိစ္စကို မင်းဦးလေးကို တိုင်ပင်နေတယ်မို့လား။ ဒီမှာကွ မောင်တိုရဲ့ သူခိုး

www.burmeseclassic.com

တောင် သူ့အချိန်မရောက်ဘဲ ခိုးဖို့ကြံရင် လူမိတတ်တယ်ကွ။ မင်းလည်း ငယ်ပါသေးတယ်ကွာ။ လူပျိုတစ်ယောက်ရဲ့ အရသာကို မင်းဘာမှမသိသေးပါဘူး။ ရည်းစားတွေ အများကြီးလည်း မင်းမထားဖူးသေးပါဘူးကွ။ စဉ်းစားပါဦး ကိုယ့်လူရယ်''

ဟု ပြောလိုက်ရာ မောင်တိုသည် စိတ်ကောက်သွားပြီးနောက် ကျွန်ုပ်တို့အနီးမှ ခြေစောင့်ကာ ထွက်သွားလေတော့၏။

ထိုအခါမှ ကိုပါပက –

''ဒီမှာဗျ စာရေးဆရာရဲ့။ ညနေရောက်ရင် ကားတစ်စီးနဲ့ သစ်အဟောင်းတွေ ရောက်လာလိမ့်မယ်ဗျ''

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ''ဘာလုပ်ဖို့လဲဗျ''ဟု ပြန်၍မေးလိုက်ရာ –

''ဘာလုပ်ဖို့လဲ မမေးပါနဲ့ဗျာ။ နောက်ထပ် ပုံပြင်တစ်ပုဒ်ထပ် ပြောနေရပါဦးမယ်။ သေချာတာကတော့ဗျာ ကျုပ်ညီ ဘုန်းကြီးကျောင်းပြင်တုန်းက ပိုတဲ့သစ်အဟောင်းတွေ ဒီအတိုင်း ကျောင်းထောင့်မှာ ပုံထားတာ ကြာရင်ဆွေးဖို့ပဲ ရှိတယ်ဗျ။ ဒါကြောင့် ကျုပ်က အကျိုးရှိရှိ အသုံးချဖို့ ကျုပ်ညီရဲ့ ဒကာရင်းလည်းဖြစ်၊ ကျုပ်ကိုလည်း အလွန်ခင်တဲ့ ကားသမားတစ်ယောက်ရဲ့ အကူအညီနဲ့ ကျုပ်သယ်လာခဲ့ဖို့ စီစဉ်လိုက်တာပဲဗျ ညနေရောက်လာလိမ့်မယ်''

ဟုပြောသဖြင့် ကျွန်ုပ်က မောင်တိုအား ကိုကြွေသီးကို ညနေလာခဲ့ဖို့အကြောင်း ပြောခိုင်းရလေ၏။

''ညစာအတွက်တော့ ဘာမှ မလုပ်နဲ့တော့ဗျို့။ ကျုပ်စီစဉ်လာခဲ့တယ်''

ဟု ကိုပါပက ပြောရာ ကျွန်ုပ်က

''ဟုတ်ရဲ့လား ကိုယ့်လူရယ်။ ခင်ဗျားက၊ ဘာတွေစီစဉ်လာခဲ့လို့တုံး။ တော်ကြာ ကိုယ့်စရိတ်ကိုယ်စားပြီး အခမဲ့အကျိုးဆောင်ဖြစ်နေပါဦးမယ်''

ဟု ကျွန်ုပ်ကပြောရာ ကိုပါပက

''ဒါက ဒီလိုရှိပါတယ်ဗျ။ ကျုပ်လုပ်ပေးတယ်ဆိုတာက မမျှော်လင့်ဘဲ ကျုပ်ဒီခြံကို ပြန်ရောက်လာတဲ့အချိန်မှာ ဟိုးအရင်က 'ဒီခြံပိုင်ရှင် အဘိုးကြီးရယ်၊ ကျုပ်ရယ် ဒီခြံထဲမှာ အေးအေးဆေးဆေး စကားပြောခဲ့ကြတဲ့ အချိန်တွေကို ပြန်ပြီး သတိရမိတယ်ဗျ။ နောက်ပြီး သူရှိတုန်းက အခြေအနေကိုလည်း မျက်လုံးထဲမှာ ပြန်မြင်ယောင်မိတယ်။ အဲဒါကြောင့် သူမရှိတော့တဲ့ အချိန်မှာ သူရှိတုန်းကလိုမျိုး ဖြစ်အောင် ပြန်လုပ်ပေးခြင်းအားဖြင့် သူ့ကို လေးစားရာရောက်တာပေါ့ ကိုယ့်လူရာ၊ ဟုတ်ဘူးလား''

ဟု ပြောလေ၏။ ကျွန်ုပ်က –

''ဒါဖြင့် ကိုပါပက ဒီခြံကို ပြုပြင်ချင်တာက ကျုပ်ကိုခင်လို့မှ မဟုတ်တာဘဲဗျ။ ပထမခြံပိုင်ရှင် အဘိုးကြီးကို သတိရပြီး အမှတ်တရအနေနဲ့ ပြင်ချင်တာပဲ''

ဟု ကျွန်ုပ်က ခနဲ့တဲ့တဲ့ ပြောလိုက်ရာ ကိုပါပက ကျွန်ုပ်အား မေးခွန်းတစ်ခုကို မေးလေ၏။

''ဒီမှာဗျ စာရေးဆရာရဲ့ ...။ ခင်ဗျား ညညဘုရားရှိခိုးနေတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရှိသေးလို့ ခိုးနေတာလား၊ မရှိတော့တဲ့ ဘုရားရှင်ကို ရည်မှန်းပြီး ခိုးနေတာလား''

ဟု မေးလေ၏။ ကျွန်ုပ်ကလည်း

''အဲဒါတော့ဗျာ ပြောနေစရာတောင် မလိုတော့ပါဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ရည်မှန်းပြီး ခိုးနေရတာပေါ့ဗျ''

ဟု ဖြေလိုက်ရ၏။

''အဲဒါပဲပေါ့ဗျာ။ ပုဂ္ဂိုလ်ခင်တော့ တရားမင်တယ်တဲ့။ ကျုပ်တို့က ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ကြည်ညိုတယ်၊ ယုံကြည်ကိုးကွယ်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မရှိတော့လည်း ဘုရားရှင်ရဲ့ သာသနာတော်ကို ဆက်လက်ထမ်းရွက်တဲ့ သံဃာတော် အရှင်သူမြတ်တွေကို ဆက်လက်ကိုးကွယ်ကြတယ်။ အဲဒီလိုပေါ့ဗျာ ကျုပ်လည်း ပထမ ခြံရှင် အဘိုးကြီးကို ခင်တယ်။ အဘိုးကြီး မရှိတော့တဲ့နောက် ဒီခြံကို ဆက်ခံတဲ့ ခင်ဗျားကိုလည်း သံယောဇဉ်ဖြစ်တယ်။ ဒါကြောင့် ဒီခြံကြီးကို ဆက်လက် ပြုပြင်ဖို့ ကြိုးစားတယ်။ အဲဒါ အပြစ်လားဗျာ''

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ကိုပါပကို စကားယှဉ်ပြော၍ မနိုင်နိုင်သဖြင့် အရှုံးပေးလိုက်ရလေ၏။

''လုပ်ပါဗျာ ခင်ဗျားကြိုက်သလို လုပ်ပါ။ ခင်ဗျားလုပ်သမျှကို ကျေးကျေး ကျေးနပ်နပ်ကြီး ခံယူပါမယ်''

ဟုပြောလိုက်ရလေ၏။ ထိုအခိုက် မောင်တိုသည် ကျွန်ုပ်တို့အနားသို့ မယောင်မလည် ရောက်လာလေ၏။

''ဦးပါပကြီး ... ဟိုတစ်လုံးချိုင့်ကြီးထဲက ဘုန်းကြီးကျောင်းက ဟင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းတွေထင်တယ်''

ဟု ပြောလေ၏။ ကိုပါပက –

''ဟုတ်တယ်ကွ။ တခြား ဘုန်းကြီးတွေ ဟင်းပေါင်းစားတဲ့ ရည်ရွယ်ချက်ကို ငါမသိပေမယ့် ငါ့ညီဘုန်းကြီး ဟင်းပေါင်းစားရတဲ့ ရည်ရွယ်ချက်ကိုတော့ ငါသိတယ်ကွ။ ငါလည်း သိပ်သဘောကျလို့ လက်ခံတယ်''

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က –

''ခင်ဗျားညီဘုန်းကြီး ဟင်းပေါင်းစားရခြင်း အကြောင်းကို ရှင်းပြဦးလေဗျာ''

ဟု ကျွန်ုပ်က စကားလမ်းကြောင်းလိုက်ရာ ကိုပါပက –

''ဒီလိုရှိတယ်ဗျ။ တကယ်တော့ ဟင်းပေါင်းဆိုတာ ဘုန်းကြီးတွေအတွက်တော့ ပိုသမျှ ဟင်းအကျန်တွေကို ကျောင်းသားတွေ နေ့ဖို့ညစာ စားဖို့အတွက် စုပြီး ကျိုထားတဲ့ ဟင်းပဲဗျ။ ဒါပေမယ့် အရသာက ထူးခြားလွန်းတာကြောင့် ဘုန်းကြီးတွေကပါ ကြိုက်ပြီး နောက်တစ်နေ့ အရုဏ်ဆွမ်းမှာပါ ဘုဉ်းပေးကြတာ။ တချို့ကျောင်းတွေဆိုရင် နှစ်ရက် သုံးရက် ကျိုထားတတ်ကြတာ။ ဒါပေမယ့် ကျုပ်ညီဘုန်းကြီး ဟင်းပေါင်းလုပ်ရခြင်းကတော့ အဲဒီသဘောမျိုး မဟုတ်ဘူးဗျ။ ဒကာ၊ ဒကာမတွေက လှူကြတဲ့အခါမှာ ဆင်းရဲတဲ့သူလည်းပါမယ်၊ ချမ်းသာတဲ့သူလည်းပါမယ်၊ ကောင်းတဲ့ဟင်းလည်းပါမယ်၊ ညံ့တဲ့ဟင်းလည်းပါမယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်စားဦးစားဖျားကို စေတနာနဲ့လှူကြတာဖြစ်တယ်။ အဲဒီတော့ ကိုယ်လှူတဲ့ ဆွမ်းဟင်းကို အလှူခံပုဂ္ဂိုလ်က ဘုဉ်းပေးတာကို မြင်ချင်ကြတာပဲ။ ဘုန်းကြီးတစ်ပါးအနေနဲ့ ဟင်းအကုန်လုံးကို ဘုဉ်းပေးဖို့ဆိုတာတော့ မဖြစ်နိုင်ဘူးလေ။ အဲဒီတော့ ဟင်းအကုန်လုံးကို ရောကျိုလိုက်ခြင်းအားဖြင့် အားလုံးရဲ့ ဆွမ်းဟင်းကို စားရာရောက်တာပေါ့ဗျာ။ နောက်ပြီး လက်ရာစုံ၊ အရသာစုံဆိုတော့ ဟင်းရဲ့ အရသာကလည်း ထူးခြားတာပေါ့။ အဲဒါကြောင့် ကျုပ်ညီကျောင်းမှာဆိုရင် ကိုယ်တော်တွေ ဆွမ်းခံပြန်ကြလာတာနဲ့ အလှူခံရသမျှ ဟင်းတွေကို စုထည့်ပြီး ဟင်းပေါင်းအဖြစ် ကျိုပစ်လိုက်တာပဲ။ ဒီလိုဘုဉ်းပေးခြင်းအားဖြင့်လည်း ဒီဟာလေးတော့ ကြိုက်တယ်၊ ဟိုဟာတော့ မကြိုက်ဘူးဆိုတာလည်း မရှိတော့ဘူး။ ဟိုဒကာလှူတဲ့ဟင်း၊ ဒီဒကာမလှူတဲ့ဟင်း ဆိုတာလည်း မရှိတော့ကာ ကိလေသာ တဏှာဆိုတဲ့ စွဲလမ်းတဲ့စိတ်လည်း မရှိတော့ဘူးပေါ့''

ဟု ရှင်းပြရာ ကျွန်ုပ်သည် လွန်စွာမှသဘောကျလွန်းသဖြင့် ''ကောင်းလိုက်တာ ကိုပါပရယ်၊ သာဓု သာဓု'' ဟု သာဓုသုံးကြိမ် ခေါ်မိသည်အထိ ပင် ဖြစ်သွားလေ၏။

ထိုညက သစ်ချောင်းအဟောင်းများ ချပြီးနောက် ကျွန်ုပ်၊ ကိုပါပ၊ မောင်တိုနှင့် ကိုကြွေသီးတို့ပါ ကိုပါက၏ဟင်းပေါင်းနှင့် ထမင်းကို မြိန်ရှက်စွာ စားသောက်ကြလေ၏။ ကျွန်ုပ်သည် ထမင်းစားသောက်ပြီးနောက် ရေနွေးကြမ်းသောက်ရင်း ကိုပါပ ဒီသစ်ချောင်းတွေနဲ့ ဘာများလုပ်မှာပါလိမ့်ဟု စဉ်းစားနေမိလေ၏။ ကိုပါပသည် ကျွန်ုပ်၏အတွေးအား ရိပ်မိနေဟန်ဖြင့် –

''ဒီလိုရှိတယ်ဗျ စာရေးဆရာရဲ့။ ကျုပ်အနေနဲ့ပြောရမယ်ဆိုရင်တော့ ဘာမှဖြင့်မလုပ်သေးတဲ့ကိစ္စကို ဘာမှ မပြောတာ အကောင်းဆုံးပေါ့ဗျာ။ ဒါပေမယ့်လည်း ကိုယ့်လူက သိချင်နေတယ်ဆိုတော့လည်း ပြောရသေးတာပေါ့။ ကျုပ်ရည်ရွယ်ချက်က ခင်ဗျားခြံရဲ့ နောက်ဖေးဘက် ချောင်းစပ်ကို ကတုတ်ခတ်ဖို့ပဲ။ ဘာကြောင့်လဲဆိုတော့ ဒီခြံပိုင်ရှင် ကျုပ်မိတ်ဆွေ အဘိုးကြီး ရှိစဉ်ကတည်းက သူနဲ့ကျုပ် တိုင်ပင်ဖူးတယ်ဗျ။ ဒါပေမယ့် မလုပ်ဖြစ်ခဲ့ဘူး။ အဲဒါကြောင့် ကျုပ်လုပ်မယ်လို့ စဉ်းစားခဲ့တာပဲ။ နောက်ထစ်ချက်ကတော့ အဲဒီလို ကတုတ်ခတ်လိုက်ခြင်းအားဖြင့် ခင်ဗျားခြံလည်း ရေတိုက်စားမှုဒဏ် မခံရတော့ဘူးပေါ့ဗျာ၊ ဟုတ်ဘူးလား''

ဟု ရှင်းပြရာ ကျွန်ုပ်ကလည်း

''ဟုတ်ပါပြီ၊ ဘာမှမရှိတဲ့ ပါပရယ်။ ခင်ဗျားကတော့ စံပါပဲ''

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်အနားသို့ ရောက်နေသော မောင်တိုက ''ဟုတ်ပဗျာ၊ အစစ်ပါပဲ'' ဟု ပြောလိုက်လေတော့၏။

---

ယိုး

---



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည့်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထိုနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောမျှား ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး။ (၀၁-၃၇၇၉၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
- ပင်ရင်းဖြန့်ချိရေး - အမှတ်(၇၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉)
- ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုဝိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ နံ(၄)၊ ဒနုပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(မျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင် သစ္စာစကား

■ ကျော်မြသန်း

(ယခင်လမှအဆက်)

အိမ်ဝအထိ ဒေါက်တာမြင့်ဇော်မိုးက လိုက်ပို့သည်။

အိမ်အတွင်းသို့ သီတာကဝင်ရန် ခေါ်ပေမယ့် ဒေါက်တာမြင့်ဇော်မိုးက မလိုက်ပေ။

"ကိစ္စ ရှိဘူး သီတာ၊ နောက်မှ ဝင်တော့မယ်"

ဒေါက်တာမြင့်ဇော်မိုးကား ထွက်သွားသည်အထိ သီတာ ငေးမောနေမိသည်။ ဒေါက်တာမြင့်ဇော်မိုးကား မျက်စိအောက်က ပျောက်သွားတော့မှ သီတာ အိမ်တွင်းသို့ဝင်ခဲ့သည်။

အိမ်တံခါးဝတွင် အမေနှင့်တွေ့သည်။ အမေ့မျက်နှာသည် သိပ်ကြည်ကြည်လင်လင်မရှိ။ တစ်စုံတစ်ရာကို အလိုမကျဖြစ် နေပုံရသည်။

နီမြန်းသောအကြည့်နှင့် ခင်သီတာကိုကြည့်သည်။ ခင်သီတာက အပြုံးနှင့်နှုတ်ဆက်ပေမယ့် အမေ၏အပြုံးကို မျက်နှာပေါ်တွင် မတွေ့ရ။

"အမေ နေမကောင်းဘူးလား" မေးသည်။

အမေ၏အဖြေ မပေါ်လာ။

"သီတာ..."

သီတာက ကြည့်လိုက်သည်။

"ပြောပါ အမေ"

"အဝတ်အစားလဲပြီးရင် အမေ့အခန်းကိုလာဦး"

"ဟုတ်ကဲ့"

အမေက ဦးစွာ သီတာ့ကိုကျော်နိုင်းကာ အခန်းတွင်းသို့ဝင်သွားသည်။

သီတာ သက်ပြင်းရှိုက်မိသည်။ အမေ့တွင် ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာအား မသင်္ကာစိတ် ရှိနေကြောင်းကို သီတာမရိပ်မိ။

အမေ့တွင် အခြားသော စိတ်မကျေနပ်မှုများ ရှိနေမည်လားကိုပင် စိုးရိမ်မိသည်။ သီတာ သက်ပြင်းကိုလေးတွဲ့စွာချရင်း အခန်းတွင်းသို့ ဝင်ခဲ့သည်။

အခန်းတွင်းသို့ရောက်သည်နှင့် အမြန်ဆုံး အဝတ်အစားလဲသည်။

နောက် အမေ့အခန်းသို့ သွားသည်။ အခန်းထဲမှာ အမေရှိနေသည်။ အမေသည် အခန်းထဲတွင် ငြိမ်သက်စွာ သီတာ့ကို စောင့်မနေပါ။

လက်ကိုနောက်ပစ်ကာ အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေဘိသကဲ့သို့ သက်ပြင်းချသံကိုသာ ကြားရ၏။

တံခါးတွင် သီတာရပ်လိုက်သည်။

"အမေ"

အမေက ခေါ်သံကို မကြားသလို ငြိမ်နေသည်။

နောက်မှ...

"ထိုင်လေ"

နောက်ကို လေးကန်စွာ ပြန်လှည့်လာသည်။

သီတာသည် အခန်းထောင့်စွန်းတွင်ချထားသည့် ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်သည်။

အမေလည်း ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"သီတာ..."

"ပြောပါ အမေ"

"သမီးခင်ပွန်းဆုံးသွားတာ ဘယ်လောက်ကြာပြီလဲ"

သီတာ အမေ့ကို လှမ်းကြည့်သည်။

အမေဘာကြောင့် သည်အမေးကို မေးပါသနည်း။

သိချင်သည်။ အဖြေသည် မရ။

အမေစကားကို ဆက်မပြောပါ။ စားပွဲထောင့်ရှိ ဆေးလိပ်ပြာခွက်အတွင်းမှ ဆေးပေါ့လိပ်တိုကို ဆွဲယူသည်။

မီးခြစ်ကိုခြစ်လိုက်ပြီး ဆေးပေါ့လိပ်ကို မီးတို့သည်။

ဆေးလိပ်ကို ခပ်ပြင်းပြင်းဖွာလိုက်ပြီး ခင်သီတာကို ကြည့်သည်။

"သမီး သားကို သတိရသေးရဲ့လား"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com

သီတာ အလန့်တကြားဖြစ်သွားသည်။ နားမလည်ခြင်းပေါင်း များစွာဖြင့် အမေ့မျက်နှာကို မော့ကြည့်သည်။ အမေသည် ဆေးလိပ်ကို ခပ်ပြင်းပြင်း ဖွာရင်း အဝေးကို ငေးမောကြည့်နေကြောင်း တွေ့ရသည်။

နောက်မှ ဆတ်ခနဲလှည့်ကြည့်ပြီး ပြုံးသည်။

"ဩော်…အမေက သီတာ့အနေနဲ့ သားကို သတိမှုရသေးရဲ့လားလို့ သိချင်လို့ပါ။ ဘာလို့လဲဆို သေသောသူ ကြာရင်မေ့လို့ ဆိုစကားရှိတယ်မဟုတ်လား"

သီတာ နွမ်းနယ်စွာ ပြုံးလိုက်သည်။ သီတာ့ရင်ထဲ နင့်ခနဲနေသွားသည်။ ထန်ပြင်းသည့်ဝေဒနာကို တနင့်တပိုး ခံစားရသည်။ အောက်နှုတ်ခမ်းကို သွားနှင့် ခပ်ဆတ်ဆတ်လေး ကိုက်လိုက်သည်။

"သမီးမှာ ဘာများချို့ယွင်းချက်ရှိလို့လဲ အမေ"

အမေသည် သီတာ့အမေးကို ရုတ်ခြည်း တုံ့ပြန်မှုမပြု။ မတိုသေးသည့် ဆေးလိပ်တိုကို ပြာခွက်အတွင်းသို့ ထိုးခြေလိုက်သည်။ ထိုင်ရာမှထသည်။

သီတာ့ကို ကြည့်လိုက်သည်။

"သီတာ…"

"ပြောပါအမေ"

"သီတာနဲ့ ဒေါက်တာမြင့်ဇော်မိုး အခြေအနေ ဘယ်လိုရှိလဲ"

"ရှင်…"

သီတာ့ရင်ထဲတွင် မနည်းချုပ်တည်းရသည်။ လူတွေက တယ်ခက်ပါလား။ သမက် သူခိုးထင်ကြသည်။ အရိပ်ကို ရန်သူလို့ထင်သည်။ သီတာ သက်ပြင်းရှိုက်လိုက်သည်။

"အမေ ဘယ်လိုထင်သလဲ"

"အမေကတော့ မထင်ပါဘူး။ ဒါပေမယ့် ပတ်ဝန်းကျင်ကတော့ ပြောလာကြပြီလေ"

အမေ့စကားမဆုံးသေးပါ။ သီတာ ရိပ်မိသည်။ အားပါးတရ ရိပ်မိသည်။ ပတ်ဝန်းကျင်တဲ့။ တကယ့်ပတ်ဝန်းကျင်။

ကိုယ့်စရိတ်ကိုယ်စားပြီး ဘာလို့ ကြီးတော်နွား ကျောင်းချင်ကြသနည်း။

"ဘာလဲ အမေ။ သီတာနဲ့ ကိုမြင့်ဇော်မိုးကို တစ်ခုခုဖြစ်နေပြီလို့ ပြောနေကြပြီလား"

အမေက ခေါင်းညိတ်သည်။ သီတာ နာကြည်းစွာ ပြုံးမိသည်။

"အမေ သမီးချစ်တာ မောင့်ကိုပဲ။ ကိုမြင့်ဇော်မိုးဟာ ချစ်စရာကောင်းတဲ့ လူပဲ။ ဒါပေမယ့် မောင်ဆီမှာ သီတာ့အချစ်တရားတွေ အကုန်ပါသွားပြီဆိုတာကိုတော့ ယုံစမ်းပါ"

အမေက ခေါင်းခါသည်။

"အမေ ယုံချင်ပါတယ်။ ဒါပေမယ့် သီတာ့အနေနဲ့ အနေအထိုင် ဆင်ခြင်ဖို့ လိုတယ်ထင်တယ်"

"သီတာတို့ အနေအထိုင်ဟာ သိပ်ဆိုးဝါးနေသလားအမေ။ သီတာတို့ ရိုးသားကြပါတယ် အမေ။ ပြီးတော့ ဒီအချိန်မှာ သမီးဟာ ရေနစ်သူပါ။ ဒါကြောင့် ကိုမြင့်ဇော်မိုးရဲ့ အကူအညီကို ယူရတယ်ဆိုတာကိုတော့ အမေ နားလည်စေချင်ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ အမေတို့ရဲ့ ဂုဏ်၊ သားရဲ့ဂုဏ်ကိုတော့ မထိခိုက်စေချင်ဘူး သီတာ"

သီတာ ရယ်မိပြန်သည်။

ဩော်…လောကလူသားတွေ တော်တော်လည်း ရယ်စရာကောင်းပါလားလို့။

***

## အခန်း (နှစ်ဆယ့်နှစ်)

ညက ကိုမြင့်ဇော်မိုးဆီ ဖုန်းဆက်ဖြစ်သည်။

"ကိုဇော်လား"

"ဟင်…သီတာ နေပါဦး အရေးကြီးလို့လား"

"ဆိုပါစို့"

"ဘာအကူအညီပေးရမလဲ သီတာ"

"ကိစ္စမရှိပါဘူး။ သီတာက စကားပြောချင်လို့ပါ"

"ဘာလဲဟင်…"

သီတာက ခေတ္တငြိမ်နေသည်။ ပြောသင့်မပြောသင့် ချင့်ချိန်စဉ်းစားလို့နေသည်။

အတန်ကြာမှ…

"ကိုဇော်…"

"ပြောပါသီတာ"

"ညက အမေနဲ့သီတာ ပြဿနာဖြစ်တယ်"

"ဘာဖြစ်လို့လဲဟင်"

"ပြောရမှာတော့ အရှည်ကြီးပဲ"

"ပြောပါဦး သီတာ။ ကျွန်တော် ရင်တုန်လိုက်တာဗျာ"

"ကိုဇော် စိတ်မကောင်းတော့ မဖြစ်စေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်···ဘာလဲ"

"ကဲပါ···သီတာပြောတာ နားထောင်စမ်းပါ။ ညက အမေနဲ့သီတာ ပြဿနာက ကိုဇော်နဲ့သီတာ အတွဲများလို့ပါ။ နောက်ပြီး ပတ်ဝန်းကျင်ကလည်း ပြောကြသတဲ့။ သီတာနဲ့ ကိုဇော် ငြိနေကြပြီလို့ပေါ့"

"အိုဗျာ···စိတ်မကောင်းစရာပဲ"

"ကိစ္စမရှိပါဘူး ကိုဇော်။ အရေးအကြီးဆုံးက ကိုယ့်စည်းကိုယ်လုံဖို့ပါ။ ဒါဆို ပြီးရောပေါ့"

ဖုန်းထဲမှ ကိုမြင့်ဇော်မိုး သက်ပြင်းရှိုက်သံ ကြားရသည်။

"ဘာလဲ···ရင်မောနေပြီလား ဆရာကြီး"

"ဆိုပါတော့ဗျာ။ ကျွန်တော့်ကြောင့် သီတာတို့ ဒီလိုဖြစ်ရမယ်ဆိုတော့ ဘယ်စိတ်ကောင်းပါ့မလဲ။ ဒါနဲ့ နေပါဦး။ သူတို့က ဒီလိုစွပ်စွဲတော့ သီတာက ဘာပြောလိုက်လဲ"

"အရှင်းလေးပဲ။ ကိုဇော်လည်း သိတာပဲ။ သီတာတို့က ရိုးရိုးသားသားပဲ ဥစ္စာ"

"အင်းဗျာ···ကျွန်တော့်ကြောင့် ဆိုတော့ စိတ်မကောင်းပါဘူး"

"ကဲပါ ဒါကိုခေါက်စမ်းပါ။ မနက်ဖြန် လာခေါ်ပါဦး တိုင်ပင်စရာရှိလို့"

"စိတ်ချသီတာ"

* * *

နောက်နေ့မနက် ဒေါက်တာမြင့်ဇော်မိုးက သီတာ့ကို လာခေါ်သည်။ သီတာ လိုက်ခဲ့သည်။ ကရဝိက်မှာ လက်ဖက်ရည်သောက်ရင်း···

"ကိုဇော်···"

"ပြောပါ သီတာ"

"ကိုဇော် သီတာ့ကို ကူညီနိုင်ဦးမလား"

"ဘာလဲ သီတာ။ ကျွန်တော် မတုန်လှုပ်တတ်ပါဘူးဗျာ"

"ခု ဆေးသုတေသနအဖွဲ့ ကချင်ပြည်နယ်ကို သွားမယ်လို့ ကြားတယ်။ ဒါကြောင့် မောင့်ကိုရှာဖို့ လိုက်ချင်တယ်။ ကိုဇော် လိုက်နိုင်မလား"

"ဝန်မလေးပါဘူး သီတာ"

"ဒါဖြင့် သီတာတို့ ကိုဇော်တို့ လျှောက်လွှာတင်ထားကြရအောင်နော်"

"သီတာ့သဘောပါ"

တစ်ဦးကိုတစ်ဦး ကြည်နူးပြုံးပြုံး ကြည့်သည်။

တစ်ဦးကိုတစ်ဦး ညှာတာလိုမှု ချစ်ခင်ရင်းနှီးမှုများက ရင်မှာ နွေးထွေးသည့် ခံစားမှုများကို ပေးစွမ်း၏။ ဘာပဲဖြစ်ဖြစ် ဒေါက်တာမြင့်ဇော်မိုး၏ နလုံးသားတွင် ရစ်ပတ်နှောင်တဲနေသည့် ကြင်နာမှု သမုဒယများကပင် အောင်မြင်ခြင်းတစ်မျိုးလို့ ထင်၏။

ပြီးတော့ အမှန်ကို ဝန်ခံရလျှင် သီတာ့ကို ဒေါက်တာမြင့်ဇော်မိုးက ချစ်သည်။ ခင်တွယ်သည်။

ဒေါက်တာ မြင့်ဇော်မိုး တစ်ယောက် သီတာ့အပေါ်တွင် ထားရှိသည့် မေတ္တာသည် အေးမြသည့်မေတ္တာဖြစ်၏။ စစ်မှန်သည့် မေတ္တာဖြစ်၏။

မည်သို့ဆိုစေ သီတာ စိတ်ချမ်းသာမည်ဆိုလျှင် သီတာကျေနပ်နှစ်သိမ့်မည်ဆိုလျှင် ကြည်နူးရွှင်ပြရစမြဲ။

ယင်းပြဿနာကိုလည်း သီတာသိပါ၏။ အကယ်တန္တု ပြောင်းလဲ၍သာ ရမည်ဆိုလျှင် သီတာ ဒေါက်တာမြင့်ဇော်မိုး၏ဆန္ဒကို ဖြည့်ဆည်းလိုသည်။ နှလုံးသားတွင် ဖွဲ့မီးလောင်သည့်ပမာ တငွေ့ငွေ့လောင်ကျွမ်းနေသည့် ဝေဒနာမီးကလေးအား ငြိမ်းသွားစေလိုသည်။

ယခုထက်တိုင် သီတာ့နှလုံးသားကို မောင်က စိုးမိုးနေဆဲ။

ဒေါက်တာမြင့်ဇော်မိုး စကားတစ်ခွန်း ပြောလာဖူးသည်။

* * *

တစ်နေ့သောအခါတွင် ဤသို့ဤနယ်သောစကားများ ပြောလာလိမ့်မည်ဟု အတတ်တွေးထင်ထားသည့် သီတာ့အဖို့ မည်သို့မျှ တုန်လှုပ်ချောက်ချားမှု မရှိခဲ့ချေ။ သို့တစေ ရင်ထဲတွင်တော့ မောပန်းသလို ခံစားရ၏။

ဒေါက်တာမြင့်ဇော်မိုးကို ဝေ့ဝဲ၍ ကြည့်မိသည်။

ဒေါက်တာမြင့်ဇော်မိုး၏ မျက်နှာပေါ်တွင် မျှော်လင့်ခိုးများ ယှက်ဖြာနေသည်လို့ ထင်သည်။ မျှော်လင့်ခြင်းကြောင့်ပင် ရင်မှာ မောပန်းနေသည်သို့ ရှိ၏။

တစ်ခုတော့ ရှိသည်။ သီတာလည်း မောပန်းသလိုခံစားရပြီး သက်ပြင်းမောကို ဟင်းခနဲချလိုက်သည်။

ခပ်မှန်မှန် လမ်းလျှောက်နေရာမှ လမ်းလျှောက်ရပ်ပစ်လိုက်သည်။ အနီးရှိ သစ်ပင်ကို သီတာ ကျောဖြင့်မှီလိုက်သည်။ တစ်မျှော်တစ်ခေါ်ဝေးသည့် မိုးကုပ်စက်ဝိုင်းကို ငေးမောကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဇော်မိုး သီတာ့အနားတွင် ကပ်၍ရပ်သည်။ သီတာ၏အနီးတွင်ကျော်ကာ လက်ထောက်ရပ်သည်။ သီတာ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

သီတာက အဝေးကိုကြည့်နေဆဲ။

"သီတာ..."

ဒေါက်တာမြင့်ဇော်မိုးခေါ်သံ ပေါ်လာသည်။ အိပ်မက်မှ လန့်နိုးသည့်သူကဲ့သို့ ခံစားရသည်။

ဒေါက်တာမြင့်ဇော်မိုး မျက်နှာကို စွေခနဲကြည့်လိုက်သည်။

"ကိုဇော်..."

"သီတာ ကျွန်တော်ပြောတာကို ကြားပါတယ်နော်"

သီတာက လေးကန်စွာ ခေါင်းညိတ်သည်။

"ဒါဟာ ကျွန်တော့်နှလုံးသားကလာတဲ့ စကားပါသီတာ။ ဆန္ဒဆိုလည်း မှန်တယ်။ ကျွန်တော် သီတာ့ကိုချစ်တယ်။ ဒီလိုချစ်ခြင်းဟာ ပိုင်ဆိုင်ခြင်းရယူလိုခြင်းလို့ ယူဆပေမယ့် ကျွန်တော်လိုလားနှစ်သက်တဲ့ ပိုင်ဆိုင်ခြင်းကိုရနိုင်ဖို့ ဘယ်လောက်စောင့်ရစောင့်ရ ကျွန်တော် စောင့်နိုင်ပါတယ်"

"ဩော်...ကိုဇော်ရယ်"

ဒေါက်တာမြင့်ဇော်မိုးက ပြုံးသည်။

"ဘာလဲ သီတာ၊ ကျွန်တော့်ကို အတော်ရူးတဲ့သူလို့ ပြောချင်သလား။ ဟုတ်တယ်သီတာ။ ကျွန်တော်ဟာ ရူးနေသူပါ။ ကျွန်တော်ရူးတဲ့အရူးဟာ အချစ်ရူးပါ။ နှလုံးသားကိုပေါက်ကွဲစေတဲ့ အရူးမျိုးပေါ့။ ဒါပေမယ့် ကျွန်တော့်မှာ မျှော်လင့်ခြင်းဆိုတာတော့ ရှိချင်တယ်။ မျှော်လင့်ခြင်းနဲ့ အသက်ရှူချင်တယ် သီတာ"

သီတာက သက်ပြင်းရှိုက်မိသည်။

မြက်ခင်းပြင်ပေါ် လမ်းလျှောက်လာကြသည်။ စကားပြောဖို့ မေ့လျော့နေကြသည်။ သံပတ်ပေးထားသည့် စက်ရုပ်များကဲ့သို့ ငြိမ်သက်အေးဆေးစွာ လမ်းလျှောက်လာကြသည်။

အတန်ကြာမှ...

"ကိုဇော်..."

"ပြောပါ သီတာ"

"လောလောဆယ်တော့ သီတာ မောင့်ကို ရှာချင်သေးတယ်။ အကယ်၍ တန္တု မောင့်ကို လုံးဝရှာမတွေ့တော့ဘူးဆိုရင် ကိုဇော်စိတ်ချမ်းသာအောင် ကြိုးစားပါ့မယ်လို့"

"ကောင်းပါပြီ သီတာ။ သီတာ စိတ်ကျေနပ်တဲ့အထိ ကိုဇော်စောင့်နေပါ့မယ်လို့"

***

## အခန်း (နှစ်ဆယ့်သုံး)

ဆေးသုတေသနအဖွဲ့နှင့် သီတာ ကချင်ပြည်နယ်သို့ လိုက်ခွင့်ရခဲ့သည်။ သီတာနှင့်အတူ ဒေါက်တာမြင့်ဇော်မိုးလည်း ပါသည်။

သီတာ ရွှင်ပြမြူးထူးနေသည်။ သည်နေ့ကအပြန် အိမ်တွင် သီတာနှင့် အမေ ပြဿနာဖြစ်ခဲ့သည်။ တစ်ဦးနှင့်တစ်ဦး မကျေမနပ်ဖြစ်ခဲ့သည်။

စင်စစ်တော့ ယင်းသို့ဖြစ်သည့် ပြဿနာမှာလည်း သူ့ဘက်ကလည်း သူ့အကြောင်းနှင့်သူ။ ကိုယ့်ဘက်ကလည်း ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မည်သူ မည်သူ့ကိုမျှ သီတာ အပြစ်မဆိုချင်ပါ။ တစ်ခုတော့ရှိသည်။ ယခုတလော အမေက ကျန်းမာရေးအခြေအနေ သိပ်မကောင်းဖြစ်နေသည်ကို သီတာသိသည်။

အမေသည် မောင်မရှိတော့ပေမယ့် သီတာ့ကို သမီးအရင်းသို့ ခင်တွယ်သည်။ ချစ်သည်။

ယခုလို ကျန်းမာရေးမကောင်းသည့်အခါတွင် သီတာ့ကို ရှိစေချင်လိမ့်မယ်။ ခက်သည်က သီတာပင်။

ယင်းသို့ ကချင်ပြည်နယ်သို့လိုက်ပါခွင့်ရသည်ကပင် အခွင့်အရေးတစ်ခုလို့ သီတာထင်သည်။

ဒီအခွင့်အရေးမျိုးသည် ရခဲသည့်အခွင့်အရေးမို့ သီတာအဖို့ မည်သို့မျှ လက်လွှတ်မခံလိုချေ။

ထို့ကြောင့် လိုက်ဖို့ဆုံးဖြတ်ခဲ့သည်။ လိုက်သင့်သည်လို့ မှတ်ယူကြိုးစားခဲ့သည်။

ညက အမေ့အခန်းသို့ရောက်တော့...

"အမေ သမီး သန်ဘက်ခါကို ကချင်ပြည်နယ် သွားရမယ်"

"ဘာ..."

အမေအံ့ဩသွားပုံရသည်။ သီတာ့မျက်နှာကို စွေခနဲကြည့်လိုက်သည်။

"အမေ နေမကောင်းဘူး သမီး ဒါကြောင့် အမေ့ကို သမီးပစ်မသွားသင့်ဘူး"

"အမေရယ်...ရန်ကုန်ဆိုတာ သမားကောင်းတွေအများကြီးရှိသယ် သမီးမရှိပေမယ့် သမီးထက်တော်တဲ့



www.burmeseclassic.com

www.burmeseclassic.com

...မှားတွေက အမေ့ရောဂါသက်သာ
အောင် ကြိုးစားပေးကြမှာပါ"

"နေပါဦးသမီး၊ သမီးသွားဖို့ လုံးဝ ဆုံးဖြတ်လိုက်ပြီလား"

"ဟုတ်ကဲ့အမေ၊ သမီး လုံးဝသွားဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"အမေကတော့ သမီးသွားဖို့ကို လုံးဝ သဘောမတူနိုင်ဘူး"

"ရှင်...အမေက သဘောမတူဘူးဟုတ်လား၊ ဘာလို့လဲအမေ၊ ကချင်ပြည်နယ်ကို ဘာလို့သွားချင်တယ်ဆိုတာ အမေသိပါတယ်၊ မောင့်ကို လုံးဝတွေ့နိုင်မယ်လို့လည်း ယုံကြည်ထားတယ်အမေ၊ နောက်ပြီး သမီး မောင့်ကို ပြန်တွေ့ဖို့အတွက်လည်း ကိုဇော်တို့က ကူညီကြမှာပါ"

"ကိုဇော်ဆိုတာ ဒေါက်တာမြင့်ဇော်မိုး မဟုတ်လား၊ နေပါဦးသမီး၊ သမီး အမေ့ကို အကြောင်းပြနေတာလား၊ သားကို ပြန်တွေ့ရမယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ပြဿနာပဲ၊ ဘာလို့လဲဆို သားဟာ သေပြီပဲ၊ သေသွားတဲ့သူကို သမီး ဘယ်လိုပြန်တွေ့မလဲ၊ ဒီမှာ သမီး...သမီး ဒေါက်တာမြင့်ဇော်မိုးကို ဆက်ထပ်တော့မလား"

"ရှင်..."

သီတာ အံ့သြသွားသည်၊ ရင်ထဲမှာလည်း နင့်ခနဲနေအောင် နာသည်၊ ဆတ်ခနဲ အမေ့ကိုကြည့်လိုက်သည်၊

"ဘာလဲ အမေ၊ အမေက သမီးနဲ့ ဒေါက်တာမြင့်ဇော်မိုးကို ယိုးစွပ်နေတာလား"

အမေကပြောသည်၊ အပြုံးနှင့်၊

"ယိုးစွပ်နေတာ မဟုတ်လားလို့ မပြောနဲ့၊ စွပ်စွဲနေတာပဲ၊ နို့ နေပါဦး၊ သီတာတို့ကရော..."

သီတာက အံ့ကိုစေ့လိုက်သည်၊

"ကိုဇော်က သမီးကိုချစ်တယ်၊ သမီးကလည်းချစ်တယ်၊ ဒါပေမယ့် သမီးတို့ ထိန်းကြပါတယ်အမေ၊ မောင့်ကို လုံးဝရှာမတွေ့နိုင်တဲ့အဆုံးမှ လက်ထပ်ကြမယ်လို့ ဆုံးဖြတ်ထားကြတယ်၊ ဒါဟာ သမီးတို့ဆုံးဖြတ်ချက်ပါ အမေ"

"ဟင်...လင့်အပေါ် အတော်သစ္စာရှိတဲ့ မိန်းကလေးပဲ"

"အမေ ထင်ချင်သလိုထင်ပါအမေ၊ သမီး မောင့်အပေါ်ဘယ်လောက်သစ္စာရှိတယ်ဆိုတာ သမီးအသိဆုံးပါ"

သီတာ အခန်းတွင်းမှ ထွက်ခဲ့သည်၊ မိမိအိပ်ခန်းသို့ရောက်တော့ အားပါးတရ ငိုချလိုက်သည်၊

လောကသည် တယ်ခက်ပါလား၊

အမှန်တရားဟူသည် သည်လောကတွင် ရှိမှရှိသေးရဲ့လား၊

ရင်မောရပါဘိ၊

***

## အခန်း (နှစ်ဆယ့်လေး)

ရင်ထဲမှာ မောသလို ခံစားရသည်၊

နှလုံးသားက ပူလောင်လျက်ရှိသည်၊

"အချစ်ရောဂါ ကိုယ်တွင်းနာက၊ ကုရာနတ္ထိ၊ ဆေးမရှိ"

ဤသို့သော ရှေးအတိတေ အတီတာကပေါ်ခဲ့သည့် ရှေးရိုးစဉ်လာစကားနှင့် စပ်လျဉ်း၍ ဤမျှ ထင်ပြင်းလိမ့်မည်လို့ မထင်ခဲ့၊

ယခုတော့မှ "သည်းခြေပြတ်မျှ ခံစားရသည်"ဆိုသော စကားသည်လည်း သီတာ့နှလုံးသားတွင်းသို့ စူးနစ်ဝင်ခဲ့လေပြီတည်း၊

သီတာ့အဖို့ အရာရာကို နားလည်ခဲ့ပြီလို့ ဆိုရလေမည်ထင့်၊

မောင့်ကိုချစ်စိတ်...

မောင့်ကိုကြင်နာစိတ်...

မောင့်ကို တမ်းတစိတ်...

မောင့်ကို လွမ်းမောစိတ်...

စသည် စသည် စိတ်များက အချစ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာပေါင်းများစွာကို ပြန်လည်ပြောပြသည်နှင့် တူသည်၊

ဩော်...အချစ်စစ်အချစ်မှန်ဆိုသည်မှာ ဘယ်လိုမှ အစားထိုးလို့ မဖြေဖျောက်လို့မရသည့် ဝေဒနာပါကလားလို့ အသိဝင်သည်၊

နေ့ရက်ပေါင်းများစွာလည်း ကာလပေါင်းများစွာကို ဖြတ်သန်းခဲ့ပြီ၊

ပြက္ခဒိန်ပေါင်း များစွာသည်လည်း အသစ်အသစ် ရွှေခဲ့လေပြီ၊

မည်သို့ဆိုစေ...

ပြက္ခဒိန်ဟောင်းများတွင် စွန်းထင်းကျန်ခဲ့သည့် အချစ်ရိပ်များကတော့မှ ပျောက်ပျက်မသွားသေး၊

ဆယ်သက် ဆယ်ကမ္ဘာတိုင်လည်း ပျောက်လိမ့်မည်မထင်၊

စားလည်း ဒီစိတ်...

သွားလည်း ဒီစိတ်...

မောင့်ကိုချစ်သည့် စိတ်များနှင့်ပင် တစ်နေ့ဝင်ခဲ့ပေါင်း များလေပြီတည်း၊

မောင် သေပြီပဲလေ...၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ သီတာတွေးကြည့်မိသည်။ နှလုံးသားကမူ လက်ခံခြင်းမရှိ။

မောင့်ကို တမ်းတချစ်နေခြင်းကပင် မောင်တည်ရှိနေခြင်းဟု ထင်ခဲ့၏။ သီတာ့အတွက်မူ မောင်မသေသေးပေ။

သို့နှင့်ပင် တစ်နေ့တွင် မောင်ပြန်လာလိမ့်မည်လို့ ထင်ခဲ့မိပြန်၏။ ယင်းအတွက် အချို့ကမူ သီတာ၏ဦးနှောက် အနေအထား ကောင်းမှကောင်းသေးရဲ့လားလို့ အထင်ရှိကြသည်။

သီတာကိုယ်တိုင်လည်း တစ်ခါတစ်ခါ မိမိကိုယ်မိမိ ပြန်မေးကြည့်မိသည်။ ငါ ရူးနေပလားလို့။

ဟုတ်သည်။

မောင့်ကို အရူးအမူးချစ်သည့် နှလုံးသားကို အပုံမခံနိုင်ခဲ့။ ထို့ကြောင့် သေသောသူ ကြာလျှင်မေ့ ဆိုသည့် စကား ပျက်သုဉ်းသွားရလေသည်လား။

ဤသည်ကိုပင် အချစ်စစ်ဟူ၍ ဒေါက်တာမြင့်ဇော်မိုးက ကမ္ဗည်းထိုးသည်။ သက်ဆုံးတိုင်အချစ်ဟု သညာပြုသည်။

"မှန်တယ်သီတာ။ အချစ်ဆိုတာ ဘယ်တော့မှ ရှိမသွား။ ပျောင်းမသွားတဲ့အရာပဲ။ အမြဲတမ်း သစ်လွင်နေတာဟာလည်း အချစ်ဆိုတဲ့အရာပါပဲ သီတာ"

အားတက် ရှင်လန်းမိသည်က အမှန်။

ရေနစ်သူတို့ပင် မည်သို့မျှ အင်အားမရှိသည့် ကောက်ရိုးမျှင်ကို အားကိုးအားထားပြုခဲ့လျှင် အစဉ်အမြဲ မိမိဘေးတွင် အားပေးအားမြှောက်ပြုကာ မိမိအတွက် ကိုယ်စားပြုနေသည့် ဒေါက်တာမြင့်ဇော်မိုးအား သီတာ ကိုးစားမိသည်မှာ ဆန်းသည်ဟုမဆိုသာ။

ဒေါက်တာမြင့်ဇော်မိုးက အပြုံးနှင့် သီတာ့ကိုကြည့်သည်။ အားပေးအပြုံး။ ယင်းအပြုံးမျိုးကို သီတာ ကျောက်စက်ရေနှင့် နှိုင်းလိုသည်။

"ဒါဖြင့် မောင်မသေဘူးလို့ယုံနေတာ မောင့်ကို သေသူဖြစ်ပေမယ့် နှစ်ကြာပေမယ့် မမေ့နိုင်တာ သီတာ့ရဲ့ အချစ်စစ်ရဲ့ သစ္စာတရားပေါ့နော်"

သီတာ ဒေါက်တာမြင့်ဇော်မိုးကို မော့ကြည့်သည်။ မီးခိုးငွေ့တန်းများကြားမှ ကြည်လင်သည့်အပြုံးကိုမြင်သည်။

"ဟုတ်တယ် သီတာ။ သေသော သူ ကြာလျှင်မေ့ဆိုတာ အချစ်စိတ် လျော့နည်းသူတို့ရဲ့ လက်သုံးစကားပါ။ အချစ်စစ်ဆိုရင် ဘယ်လိုဘဝရောက်ရောက် ဘယ်လိုအဖြစ်မျိုးနဲ့ကြုံကြုံ မယိုင်မလဲရှိရမှာပေါ့။ ထာဝရသစ်လွင်နေရမှာပေါ့"

စကား ခေတ္တရပ်သည်။ သီတာ့ကို စွေ့ခနဲကြည့်လိုက်သည်ကို တွေ့သည်။

"ပြီးတော့ အချစ်စစ်ဆိုတာ အင်မတန်နိုင်မြဲတဲ့ သံယောဇဉ်ကြိုးတွေနဲ့ ချည်နှောင်ထားတာ မဟုတ်လား။ ဒါကြောင့် ဘယ်တော့မှ ပြောင်းလွဲမရတဲ့ အရာလို့ ဆိုကြတာပေါ့"

"ဟုတ်တယ် ကိုမြင့်ဇော်။ မောင့်ကို သီတာချစ်တာ မပြောင်းလွဲတဲ့ သစ္စာအချစ်နဲ့ပါ။ ဒါကြောင့်လည်း သီတာ့အဖို့ မောင့်ကို ထာဝရချစ်နေမယ်လို့ ယုံတယ်"

"ဂုဏ်ယူပါတယ် သီတာ။ သီတာ့အတွက် ကျွန်တော် အများကြီးဂုဏ်ယူပါတယ်"

ဩော်...ဒေါက်တာမြင့်ဇော်မိုးက မိမိအား နားလည်သူတည်း။

သီတာ သက်ပြင်းရှိုက်မိသည်။ အိပ်မရသည့်ဝေဒနာသည် အာရုံတွင်း သို့ ထင်ဟပ်လာ၏။ အိပ်ချိန်များကို မေ့လျော့နေမိသည့်အတွက် မျက်လုံး များ စပ်ကျဉ်လာသည်ကို ခံစားရ၏။

သို့သော် အိပ်ဖို့ သတိမရှိ။ အိပ် မပျော်သူအတွက် ညက ရှည်လျားလွန်း သည်ကို သတိမရခဲ့။

စင်စစ်တော့ သီတာ့အဖို့ မောင် အကြောင်းတွေးရင်း အိပ်ပျက်ရက်များ ရှည်လျားများပြားခဲ့သည်မှာ ကြာပြီ။

ဩော်...ယခုထက်တိုင် မောင် သည် ကေရာင်ပါတကား။

***

အမေ ဆေးလိပ်ပြင်းပြင်းဖွာရှိုက် လိုက်သည်။

ဂနာမငြိမ်သော စိတ်ကြောင့်လ မသိ။ ဆေးလိပ်ကို လက်ကြားညှပ်က ထိုင်ရာမှထသည်။

သီတာ စောင်းငဲ့ကြည့်သည်။

သီတာသည် ကျားရေ့သို့ရော နေသည့် ဝဲပုလွေ၏အသွင်မျိုး မျက် ချပြီး စောင်းငဲ့ကာ ထိုင်နေသည်။

"သမီး..."

သီတာ အသာအယာမော့ကြ သည်။ အမေ သီတာ့အနားသို့ရော နေပြီ။

ရီဝေသောအကြည့်မျိုးနှင့် ကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

သီတာ၏ ဆံယဥ်နုကလေးများအား လက်နှင့် အသာသပ်ရင်း သက်ပြင်းရှိုက်သည်။

"အမေ..."

"တုံ့ပြန်ထူးသံသည် နွမ်းလျနေမိလိမ့်မည်။ အမေ့ကို မော့ကြည့်သည့် အကြည့်သည်ပင် ညှိုးလျော်နေလိမ့်မည်။

"သမီး ဆုံးဖြတ်ချက်ကို သမီးပြန်မပြင်နိုင်တော့ဘူးလား"

တိုးလျသည့်မေးသံသည် နှလုံးသားတွင်းသို့ စူးနစ်ဝင်လာ၏။ အမေးရှိက အဖြေရှိမည်ဟု ဆိုသော်လည်း မေးလာသော အမေးအတွက် သီတာ အဖြေခက်လျက်ရှိသည်။ အဖြေရှိပင်ရှိငြားသော်လည်း ဒီအဖြေအား တွန်းကန်ထုတ်ဖို့ အားမရှိ။

အဖြေအစား ပူလောင်သော သက်ပြင်းမောသာ တွန်းကန်ထွက်လာသည်။

"ဒီဆုံးဖြတ်ချက်ကို ပြင်နိုင်မယ်ဆိုရင် ပြင်ပါလားကွယ်။ သားမရှိတော့တဲ့အချိန်မှာ သားကိုယ်စား သမီးရှိစေချင်တယ်။ ချမ်းမြေ့မှုကလေးတစ်ခုနဲ့ အမေ့ဘဝကို အဆုံးသတ်ချင်တယ်ကွယ်"

တောင့်တမှုဖြင့် ဆဲနွှကို ပိတ်ပင်သည်ထင်၏။ မရေရာသော အတွေးများက နှလုံးသားကို စုစည်းလိုက်ဘိသို့ ခံစားရသည်။ ကြာလျှင် ပူလောင်သော ရင်သည် လွင့်စဥ်ပေါက်ကွဲသွားမည်ထင့်။

အမေ့ကို မော့ကြည့်လိုက်မိသည်။

"အမေ့အပေါ်ထားခဲ့တဲ့ သမီးရဲ့ အချစ်၊ သမီးရဲ့မေတ္တာကို အမေ အများကြီး နားလည်မှာပါ"

အမေ့မျက်နှာပေါ်မှ အပြုံးကို မြင်ရသည်။

"ဒါကြောင့်လည်း သားမရှိတဲ့နောက် အမေ့နားမှာ သမီး အမြဲတမ်းရှိနေစေချင်တာပေါ့"

သီတာ သက်ပြင်းမောကို အမေ သိစေရန် ချသည်။ အမေသည် သီတာ့ကို ဈွေးခနဲတစ်ချက်ကြည့်ရင်း စောစောကနေရာတွင် ပြန်ထိုင်သည်။

မီးသေနေသည့် ဆေးလိပ်အား တစ်ချက်နှစ်ချက် ဖွာရှိုက်ပြီး ပြာခံခွက်တွင်းသို့ ထည့်လိုက်သည်။

သီတာသည် အမေ့ကိုတစ်ချက် ဈွေ့ကြည့်လိုက်ပြီးမှ မျက်လွှာချပစ်လိုက်သည်။ ခေါင်းငုံ့ပစ်လိုက်သည်။ မတည်ငြိမ်သည့် စိတ်အတွေးကြောင့် စားပွဲပေါ်သို့ လက်ညှိုးနှင့် ဟိုခြစ် သည်ခြစ် ခြစ်နေသည်ကို အမေတွေ့ပေလိမ့်မည်။

သက်ပြင်းကို မှျင်းမှျင်းချရင်း စကားစသည်။

"အမေ့နားမှာ သမီးနေချင်ပါတယ်။ မောင့်ကိုယ်စား အမေ့ကို ပြုစုချင်တယ်။ အမေအားငယ်မှာကို မောင်က စိုးရိမ်တတ်သလို သမီးလည်းစိုးရိမ်ပါတယ် အမေရယ်"

အမေက အားတက်သရောအပြုံးနှင့် ကြည့်၏။

"ဒါဖြင့်လည်း ဘာလို့များ တစ်နယ်တစ်ကျေးကိုသွားဖို့ စိတ်ကူးနေသေးသလဲ"

သီတာသက်ပြင်းရှိုက်ရင်း အငဲဘအယာ ခေါင်းခါယမ်းလိုက်သည်ကို အမေ တွေ့ပေလိမ့်မည်။

"ဟုတ်ပါတယ်။ အမေပြောသလို သမီးအနေနဲ့ တစ်နယ်တစ်ကျေးကို မသွားသင့်ပါဘူး။ မောင့်ကိုယ်စား အမေ့အနားမှာနေပြီး အမေ့ကို ခြေဆုပ်လက်နယ်ပြုသင့်တယ်ဆိုတာလည်း သမီးသိပါတယ်။ သို့ပေမယ့်..."

"ဘာရယ်သမီး။ သို့ပေမယ့် ဘာဖြစ်သလဲဟင်"

အမေ့စကားပြောသံတွေက စိုးထိတ်မှုလွှမ်းနေသည်လို့ ထင်သည်။

အမေ့မျက်နှာ အပျက်ပျက် အယှင်းယှင်း ဖြစ်သွားသည်ကိုလည်း ရိပ်မိသည်။

သီတာ ရင်ထဲပူသွားသည်။ ဒါပေမယ့် ခေါင်းငုံ့ကာ မသိဟန်ပြုလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲဟင်"

စိုးရိမ်မှုကြောင့် ထပ်မေးသည်ထင့်။ အသံက မညီပါ။ သီတာ သက်ပြင်းရှိုက်လိုက်သည်။

"သမီးဟာ ဝန်ထမ်းတစ်ယောက်ပါအမေ"

ညှိုးသောမျက်နှာနှင့် ဈွေ့ခနဲကြည့်သည်။ လေးကန်စွာ သက်ပြင်းရှိုက်သံကို ကြားသည်။

ပြာခံခွက်တွင်းမှ ဆေးလိပ်ကိုဆွဲယူလိုက်သည်။ ဆေးလိပ်ပြာမှုန်းကို လက်ညှိုးနှင့် ထိုးပိတ်လိုက်သည်။

သီတာ့ကို မျက်ခွံလှန်ကြည့်ရင်း မီးခြစ်ကိုခြစ်ကာ မီးတို့သည်။

ဆေးလိပ်ကို တစ်ချက်ဖွာရင်း ဈွေ့ခနဲကြည့်၏။

"ဒီခရီးကို မသွားလို့ မဖြစ်ဘူး

www.burmeseclassic.com

လား။ တကယ်လို့ သက်ဆိုင်ရာတစ်ယောက်ယောက်နဲ့ နားလည်မှုယူပြီးတော့လေ"

သွေးတိုးစမ်းစကားလည်း ဖြစ်နိုင်သည်။ ဆန္ဒစကားဆိုလည်း မမှားနိုင်။ အတိုင်းအတာတစ်ခုကို ဖွင့်ဟပြောသည့်စကားကို ကြားရသဖြင့် စိတ်ထဲတွင် ကြည်နူးသလိုခံစားရ၏။

ဒါပေမယ့် ဒီလိုအဖြစ်မျိုးနှင့်တော့ သီတာ အဆုံးမသတ်ချင်ပေ။ ဒီလိုအဖြစ်မျိုးကို ဖန်တီးသည့်ခေတ်ကလည်း နောက်မှာ ကျန်ခဲ့လေပြီ။

သည်ကနေ့အဖို့ ခေတ်သည်လည်းကောင်း၊ စစ်သည်လည်းကောင်း၊ အယူအဆ အတွေးအခေါ်များသည်လည်းကောင်း ပြောင်းခဲ့လေပြီ။ သည်ကနေ့ခေတ်၏ လူသားတိုင်း မိမိဘဝ မိမိ၏တာဝန်ကို ကိုယ့်အသိနှင့်ကိုယ် ထမ်းဆောင်သင့်ပြီ မဟုတ်လား။

ပြီးတော့ သည်နေရာသည်ဌာနသို့ သွားရောက်ရန်အတွက် ဖန်တီးသည်မှာ မိမိဆန္ဒလည်း အနည်းနှင့်အများ ပါခဲ့သည်မဟုတ်လား။ ဒါကို မိမိသာ အသိဆုံး။

မောင့်ကို အများက သေပြီလို့ ပြောခဲ့သော်လည်း သီတာ့အဖို့ မောင်သည် အသက်ရှင်လျက်။ သီတာ့နှလုံးသားအား စိုးမိုးလျက်ပင်။

တစ်နေ့သောအခါတွင် မောင်နှင့် သီတာသည် မလွဲမသွေ ပြန်လည်ကြုံရလိမ့်မည်လို့ စိတ်မှာ စွဲထင်နေသည်။

ဒါကြောင့် ကချင်ပြည်နယ်သို့ ဝေးသီခေါင်လှသည့်နေရာသို့သွားရန် သီတာ ဆုံးဖြတ်ခြင်းတည်း။

သီတာ သက်ပြင်းရှိုက်ရင်း အဝေးကို မော့ကြည့်လိုက်၏။

"သမီးတာဝန်ကို သမီးယူချင်တယ်အမေ။ သမီးတာဝန်ကို ဘယ်သူ့ကိုမှ ပခုံးမပြောင်းချင်ဘူး။ ပြီးတော့ ဒီလိုသွားခြင်းအတွက် မောင့်ကို ပြန်ဆုံနိုင်မယ်လို့ စိတ်မှာထင်နေတယ်အမေ"

"သား သေပြီပဲကွယ်"

သီတာ အဝေးသို့ ငေးမောကြည့်လိုက်သည်။ ရီဝေသည့်အကြည့်ပဲဖြစ်သည်။

"ဒါပေမယ့် သမီးအတွက် မောင်ဟာ အသက်တည်ရှိနေဆဲပါ အမေရယ်။ ဒါကြောင့် မောင်နဲ့ တစ်နေ့ပြန်ဆုံရဦးမယ်လို့ သမီးယုံနေတယ်"

စကားရပ်လိုက်ပြီး အမေ့ကို စွေ့ခနဲကြည့်လိုက်သည်။

"ပြီးတော့ သမီး ကချင်ပြည်နယ်မှာ သွားတာဝန်ထမ်းဆောင်ရမှာက ဘာမှမကြာပါဘူးအမေ။ တာဝန်ပြီးဆုံးသွားတဲ့အချိန်မှာ အမေ့ရင်ခွင်ကို သမီးပြန်လာမှာပါ"

"သမီးရယ်..."

တိုးတိတ်သည့် ညည်းသံကြားသည်။

ပြီးတော့ ပူလောင်သည့် သက်ပြင်းရှိုက်သံက ရင်ထဲသို့ ကသောကမျော ပြေးဝင်လာ၏။

***

## အခန်း (နှစ်ဆယ့်ငါး)

ရေပြည့်အိုး သွန်းလိုက်ဘိသို့။ သို့မဟုတ်...

ပုရွက်ဆိတ်အုံကို တုတ်နှင့်ဆွလိုက်သည်နှင့် တူသည်။

ရန်ကုန်ဘူတာအတွင်းဝယ် လူတွေ များပန်းခပ်လို့နေ၏။ အရောင်အသွေးအစုံစုံ၊ အရွယ်အစား အပြားပြားသော လူတွေသည် ရန်ကုန်ဘူတာကြီးစင်္ကြံတွင် မြင်မကောင်း။

ည ၆ နာရီ ၃၀ မိနစ်။ နောက်နာရီဝက်တွင် မန္တလေးအမြန်ရထားကြီးက ထွက်ခွာချေတော့မည်။

ရန်ကုန်ဘူတာကြီး၏ နံပါတ်တစ်စင်္ကြံတွင် ဆိုက်ကပ်ထားသည်။ ခရီးသွားမည့်သူများ၊ ပို့ဆောင်သူများက စင်္ကြံတစ်လျှောက်တွင် လှုပ်လှုပ်ရှားရှားနှင့်။ ည...၊ ဒါပေမယ့် ရန်ကုန်ဘူတာကြီးအတွင်းဝယ် မီးပန်းဆွဲများ၏အလင်းရောင်က ရန်ကုန်ဘူတာကြီးအတွင်း ဖြန့်ကြက်ထားသည်။

အသံဗလံတို့ကလည်း ဆူညံလို့နေ၏။ ပြီးတော့...ရန်ကုန်ဘူတာကြီးအတွင်းဝယ် မိမိသွားလိုရာသို့ သွားရတော့မည်မို့ တချို့က ပျော်နေသကဲ့သို့ တချို့က ခွဲခွာရတော့မည့်အခြေမို့ ညှိုးရော်မပျော်ရွှင် သူလည်းရှိ၏။ ယင်းသို့ ညှိုးရော်မပျော်ရွှင်သူများထဲတွင် သီတာတို့လည်း အပါအဝင်။

မီးရထား စားသောက်ဆိုင်၏ ထောင့်စွန်းစားပွဲတွင် အမေ၊ သီတာနှင့် ဒေါက်တာမြင့်ဇော်မိုးတို့ မလှုပ်မယှက်ထိုင်နေ၏။ ငြိမ်သက်နေသည်။

ဒေါက်တာမြင့်ဇော်မိုးသည် စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်ရင်း သီတာ့ကိုကြည့်လိုက်သည်။ သီတာသည် ဒေါက်တာမြင့်ဇော်မိုး စွေ့ခနဲ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်ကို မတွေ့ချေ။ သီတာ ငိုင်တွေလျက်ရှိသည်။ စားပွဲကို ရီဝေသော အကြည့်ဖြင့် စူးစူးစိုက်စိုက်ကြည့်ရင်း လက်ညှိုးနှင့် တို့ခြစ်ကစားနေသည်။

အမေကမူ ဒေါက်တာမြင့်ဇော်မိုးကိုလည်း မကြည့်၊ သီတာ့ကိုလည်း မကြည့်၊ နံရံဖြူဖြူဖွေးဖွေးကိုသာ ရီဝေစွာ ငေးမောကြည့်နေသည်။

"သီတာ…"

တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တမဲဒီအား လှုပ်ခတ်လိုက်သည့် ခေါ်သံ ေါ်လာသည်။ ရီဝေသော အကြည့်နှင့် မိန်းမောတွေဝေနေသည့် သီတာ့အဖို့ လှုပ်ျတ်သွား၏။

ရေပြင်ကို ခဲနှင့်ပေါက်လိုက်သည်နှင့် တူသည်။ သီတာ၏နလုံးသား ဂယက်ပွက်သွားသည်။

အသာအယာ မော့ကြည့်လိုက်သည်။ ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာ အကြည့်ချင်းဆုံသွားသည်။

"ဘာလဲ ကိုမြင့်ဇော်"

တုံ့ပြန်သံ တိုးညင်းသည်။

"ကိုယ်တို့ ရထားပေါ်တက်ကြဖို့ ကောင်းပြီထင်တယ်"

သီတာ့ထံမှ တုံ့ပြန်သံကို မကြားရချေ။ ညင်းသွဲ့သည့် သက်ပြင်းချသံနှင့်အတူ စားပွဲပေါ်တွင်တင်ထားသော လက်ကိုမြှောက်ပြီး နာရီကိုကြည့်သည်။

နာရီက ည ၇ နာရီထိုးဖို့ ၁၅ မိနစ်အလို။ ခြောက်နာရီ လေးဆယ့်ငါးမိနစ်ရှိပြီဖြစ်ကြောင်းကို ပြနေ၏။

အသာအယာ ဒေါက်တာမြင့်ဇော်မိုးကို ကြည့်လိုက်၏။

"အင်း…နေရာယူထားဖို့ကောင်းပြီ" သီတာက တုံ့ပြန်သည်။

ပြီး…အမေ့ဘက်ကို စောင်းငဲ့ကြည့်လိုက်ပြီး…

"ကဲ…အမေ ကျွန်မတို့ တွဲပေါ်တက်ထေ့ာမယ်နော်"

အမေ၏ သက်ပြင်းချသံကိုကြားရသည်။ ဒေါက်တာမြင့်ဇော်မိုးက အရင်ထသည်။ ဒေါက်တာမြင့်ဇော်မိုးပြီးခင်သီတာ။ နောက် အမေ။ မေမေထိုင်ရာမှထလိုက်စဉ် ဒေါက်တာမြင့်ဇော်မိုးက. ကောင်တာသို့သွားသည်။ ကျသင့်ငွေကို ရှင်းလင်းသည်။

ထိုစဉ် အမေနှင့်သီတာ ဆိုင်ပြင်သို့ ထွက်နှင့်သည်။ စကြံပေါ်သို့ ခြေချမိပြီ။

စကြံပေါ်တွင် စောစောကလို လူတွေပြွန့်ကျဲလို့ မနေလေတော့။ ဟိုတစ်စု သည်တစ်စု ဖြစ်နေပြီ။

အမေနှင့် သီတာ နှစ်ယောက်သား ယှဉ်တွဲ၍ လျှောက်လာကြရင်း သီတာ့ကို အမေက စောင်းငဲ့ကြည့်သည်။

"သမီး…"

အမေ၏အသံသည် နွမ်းလျသည့်အသံ။ သီတာသည် ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်စွာလျှောက်လာရာမှ အမေ့ကို စောင်းငဲ့ကြည့်သည်။

အမေ့၏ ညှိုးသောအကြည့်ကို ရင်ဆိုင်ရသည်။ ရင်ထဲတွင် မွန်းကျပ်သလို ခံစားရ၏။

"ပြောပါ အမေ…"

ပြောလာမည့်စကားကို ကြိုတင်သိနေသည်ကတော့ အမှန်။ အတားအဆီး အပိတ်အပင်စကားမှလွဲ၍ မည်သည့်စကားမျှ မဟုတ်ကြောင်းကိုလည်း အသိ။ သို့ပေမယ့် ယင်းစကားအား မပြောပါနဲ့လို့ ပြောဖို့မဖြစ်။ ပြောဖို့ဆိုသည်ကိုလည်း နလုံးသားက ခွင့်ပြုခြင်းမရှိ။

ပြောပါဆိုကာမှ အမေ့ထံမှ သက်ပြင်းရှိုက်သံကိုကြားရ၏။

"သမီးအပေါ်မှာ ထားရှိတဲ့ အမေ့မေတ္တာ၊ အမေ့စေတနာကို သမီးနားလည်ပါတယ်နော်။ သမီးကိုချစ်တာ အရိုးခံပါ။ သားမျက်နှာကို အခြေခံပြီး ချစ်လာတာ မဟုတ်ပါဘူး။ ဒါကြောင့် သမီးကို အမြဲတမ်း အမေ့နားမှာ ရှိစေချင်တယ်သမီး"

အမေ့စကားများက နလုံးသားအတွင်းသို့ စိမ့်ဝင်လာသည့် စမ်းရေကြည်ကဲ့သို့ အေးမြသည့်စကားမှန်း စိတ်က နားလည်သလို ခံစားရသည်။

သို့သော် အမေ့အဖို့မှ ခွဲခြားခြင်းဆိုသည့် စကားတစ်လုံးအတွက် ပူနွေးသော ခံစားမှုများက နလုံးသားကို ပက်ဖျန်းနေသည်သို့ ရှိလိမ့်မည်။

သီတာတို့ အထက်တန်းတွဲပေါက်နားသို့ ရောက်နေလေပြီ။ နောက်သို့ ပြန်ကြည့်လိုက်သောအခါ ဒေါက်တာမြင့်ဇော်မိုးအား စားသောက်ဆိုင်တွင်းမှ ထွက်လာစရှိသေးကြောင်း ႐တွေ့ရ၏။ သီတာ ရပ်လိုက်သည်။

"သမီးနားလည်ပါတယ် မေမေ။ မေမေ့ကို သမီး အထီးကျန်ဘဝနဲ့မထားချင်ပါဘူး။ ဒါပေမယ့် သမီးမှာ တာဝန်ရှိသလို မောင့်ကိုလည်း ပြန်တွေ့နိုင်လိမ့်မယ်လို့ သမီးထင်နေတယ် အမေ။ ဒါကြောင့် သမီးကိုခွင့်လွှတ်ပါအမေရယ်"



www.burmeseclassic.com

www.burmeseclassic.com

စကားရပ်ပြီး အမေ့မျက်နှာကို မော့ကြည့်လိုက်သည်။ အမေသည် ရီဝေစွာဖြင့် သီတာ့ကို ကြည့်လိုက်သည်။ ပူလောင်သည့် သက်ပြင်းရှိုက်သံက နှလုံးသားတွင်းသို့ရှုနစ်ဝင်လာသည်။

အင်းလေ . . .မတတ်သာတော့လည်း ခပ်ခွာခွာနေကြဦးမှာပေ့ါ။ ဒီအချိန်မှာ ဒီလိုဝေဒနာမျိုး အဝှံပါနေပြီမဟုတ်လား။

ဝမ်းနည်းစကားမှန်း၊ အားအင်လျော့သော စကားမှန်း သိနှင့်လို့နေသည်။ ဒီစကားနှင့်ပတ်သက်၍ ထိုက်သင့်သလို ဖြေရှင်းမှုပေးချင်စိတ်ရှိသည်။ သို့ပေမယ့် အဖြေခက်နေကြောင်း မိမိကိုယ်မိမိ အသိဆုံး။

ထိုအချိန်တွင် ဒေါက်တာမြင့်ဇော်မိုး သီတာတို့အနားသို့ ရောက်လာသည်။

"ကဲ . . .သွားမယ်သီတာ၊ သွားမယ် အမေကြီး"

ခွဲခွာရတော့မည်မို့ ပူလောင်သောဝေဒနာ၊ ရှုနစ်သော ဒုတိယစကားအားမကြားရတော့မည်မို့ ချမ်းမြေ့သောဝေဒနာ ပြိုင်တူခံစားရသည်။

အမေ့ကို အသာအယာမော့ကြည့်လိုက်သည်။

"သမီးသွားမယ် အမေ"

အသံကို ထိန်းပြောလိုက်သည်။ အသံအနည်းငယ် တုန်ယင်နေသည်ကို အမေသိလိမ့်မည်။ အမေကိုယ်တိုင်လည်း ခွဲခွာခြင်းဆိုသည့် ရှုနစ်ဖွယ်ဝေဒနာကို တနင့်တပိုး ခံစားရလိမ့်မည်။ အမေ၏ တုံ့ပြန်မှုအသံကို မကြားရ။ အသာအယာ ခေါင်းဆတ်ပြသည်ကိုသာ တွေ့ရသည်။

လေးကန်စွာ လှည့်လိုက်သည်။ လေးကန်စွာ လျှောက်လာရင်း စကြံအတွင်းသို့ဝင်လိုက်သည်။

နောက်သို့ ပြန်ငဲ့ကြည့်လိုက်သည့်အခါ သံဇကာအနားတွင် တွေတွေရပ်နေသည့် အမေ့ကိုတွေ့ရသည်။ သံဇကာတန်းများကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။

အထက်တန်းတွဲမို့ နေ့ရာရှာစရာမလို။ ရီဝေသောအကြည့်နှင့် ကြည့်နေသည်ကို တွေ့ရသည်။

"အမေ . . ."

တိုးညင်းစွာခေါ်လိုက်သည်။

"သမီး . . ."

တုံ့ပြန်သံက တိုးတိုးလေး။

"သမီး ရောက်ရောက်ချင်း စာထည့်နော်"

"ဟုတ်ကဲ့"

စကားသံတိတ်သွားသည်။ စကားသံများကြားသို့ ကျယ်လောင်သည့်အသံက ကျူးဝင်လာသည်။ ခေါင်းလောင်းသံ။ ရထားထွက်ရန် ငါးမိနစ်သာလိုတော့သည်တဲ့။

အချက်ပေး ခေါင်းလောင်းသံ။ ငါးမိနစ်ပြည့်လျှင် ရထားက ခွာချေတော့မည်။

ရန်ကုန်ရွှေမြို့တော်နှင့် ဝေးလေတော့မည်။ ခွဲခွာခြင်းကို မုန်းတီးနေသောအမေနှင့်လည်း ဝေးရမည်မှာ မုချ။

ဤသို့ပင် ကချင်ပြည်နယ်နှင့် နီးရမည်။ မောင်ခေါင်းချရာနေရာ၊ သို့မဟုတ် မောင့်ကို ပြန်တွေ့ရမည်အထင်နှင့် ရှိသည့်နေရာနှင့် နီးရလေမည်မှာလည်း မုချ။

ရင်ထဲမှာ . . .ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ စသည် စသည် ပဋိပက္ခ။

"သမီး . . ."

အမေ့ကို မော့ကြည့်လိုက်သည်။

"သွားတော့လေ ရထားထွက်တော့မယ်"

"တူ . . .တူ"

ရထားဥဩသံက တစ်ပြိုင်နက်။

"အမေ . . ."

"သမီး . . ."

"သမီးသွားမယ်"

အမေက ခေါင်းညိတ်သည်။

သီတာ အမေ့ကို ကျောခိုင်းသည်။ ရထားနားသို့ လျှောက်သွားသည်။ ရထားပေါ်သို့ လှမ်းတက်လိုက်သည်။ ဥဩသံကို ကြားရသည်။

ရထား စတင်ရွေ့လျားသွားချေပြီ။ ပြတင်းဘောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

အမေ့ကိုတွေ့ရသည်။ အမေသည် လက်ဝှေ့ယမ်းလျက်။

သီတာ လက်မပြနိုင်။ ရင်ထဲမှ လှိုက်မောလို့နေသည်။ ပူလောင်လှိုက်သည်။ အံကို တင်းတင်းစေ့ထားသည့်ကြားမှ ရှိုက်သံက ပွင့်ထွက်ချင်သည်။

သို့ပေမယ့် . . .

အမြင်တွေက မကြည်လင်တော့ ရီဝေလို့ . . . .

အို . . .မျက်ဝန်းအိမ်မှာ မျက်ရည်အပြည့်။

(ရှေ့လဆက်ရန်)

ကျော်မြသန်း

www.burmeseclassic.com




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလီတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီချစ်ချစ် (မြန်မာပြည်)

- ➤ ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ➤ ဘဝရေ့ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- ➤ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၆

## လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင်ဒိဌပျောက်ကင်းရမည်။

- သရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ မစပ် မနာ မကျင် မလိုးမဖြတ် မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

...တ်ချက်။ ။လိပ်ခေါင်းရောဂါသည်ဓာတ်ဆေးသက်သက်ဖြင့်လုံးဝပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

...ကုန်ဆေးခန်းဌာနခွဲ

...တ်(၅၀)၊ (၅)လွှာ၊ (၁၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၈၇၂၄၄၄၂၂

...ဆွေထန်းကြား။ ၇၀-၇၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၇၀၊ ၀၉-၉၁၀၄၄၀၂၅


www.burmeseclassic.com

www.burmeseclassic.com

# ဝေယံလင်းခေါင်
# ဒေါ်အုံမ၏ သုံးဂါဝရရှိ

ဇာတ်သိမ်းပိုင်း

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ဆိုမ၏ သုံးဘဝခရီး

❐ ဓေယံလင်းခေါင်

(စာတ်သိမ်းပိုင်း)

### ဂန္ဓဗ္ဗနတ်မျိုး

သစ်ပင်တွင်၊ သစ်ခေါင်းတွင်း၌ နေသော နတ်မျိုးကို ဂန္ဓဗ္ဗနတ်ဟု ခေါ်သည်။ ယင်းနတ်မျိုးကို "သစ်ဘီလူး" ဟုခေါ်သည်။ ယင်းတို့သည် သစ်တုံးဆွေးသည့်တိုင် မှီခိုနေထိုင်ကြသည်။ (အိမ်တိုင်၊ ကျောင်းတိုင်တို့၌ အမျက်ဆိုးပါသည်။ သစ်ခြောက်ပါသည် ဆိုသည်မှာ ဤဂန္ဓဗ္ဗနတ်များ ပါလာခြင်းကို ဆိုလိုသည်။)

### ရုက္ခစိုးနတ်

ရုက္ခစိုးဟူသည် ဘုမ္မဒေဝခေါ် ဘုမ္မစိုးနတ်မျိုးထဲ၌ အပါအဝင် နတ်ဖြစ်သည်။ သစ်ပင်ကိုစွဲကာ ဗိမာန်ပြု နေသဖြင့် ရုက္ခစိုးဟု ခေါ်ကြသည်။ သစ်ပင်ပေါ်၌ နေသည်မဟုတ်။ သစ်ပင်ကိုအစွဲပြု၍ ကံအားလျော်စွာဖြစ်သော ဗိမာန်သီးခြားရှိသည်။ သို့သော် သစ်ပင်လဲလျှင်၊ သစ်ပင်သေလျှင်၊ နုတ်၊ ဖြတ်၊ ဖျက်ဆီးခြင်းခံရလျှင် သူ့ဗိမာန်ပျက်သွားသည်။ သစ်ပင်ကြီးငယ်တို့တွင်ရှိသော ယင်းနတ်တို့၏ တမ္မဖိဒ္ဓိပေါ် မူတည်၍ အန္တရာယ်ပေးနိုင်မှု မပေးနိုင်မှု သတ္တိကွာခြားသည်။ ယင်းတို့ကို ပူဇော်ရာ၌လည်း ထိုအတူပင် ကွာခြားမှုရှိလေသည်။

ဘုမ္မစိုး၊ ရုက္ခစိုးတို့သည် စတုမဟာရာဇ် အပါအဝင် အောက်နတ်တစ်မျိုးဖြစ်သည်။ အချို့နတ်များတွင် ပြောပလောက်အောင် တန်ခိုးမရှိသော်လည်း၊ အချို့မှာ အလွန်တန်ခိုးကြီး၍ အသက်လည်းရှည်သည်။ သက်တမ်းအတိအကျမရှိ။ သူ၏ ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံအတိုင်းသာ။ အချို့ ရုက္ခစိုးနတ်များသည် အထက်နတ်များထက်ပင် အသက်ရှည်၍ တစ်ကမ္ဘာကုန်သည့်ထိ အသက်ရှည်ကြာစွာ နေကြရသည်။

ရုက္ခစိုးတို့သည် တရားထူးကိုလည်း နာနိုင်သည်။ အားထုတ်နိုင်သည်။ အကယ်၍ ၎င်းရုက္ခစိုးဘဝဖြင့် အရဟတ္တဖိုလ်ရောက်ကာ ရဟန္တာဖြစ်နေသည့်တိုင်အောင် သက်တမ်းကုန်ဆုံးသည်အထိ နေသွားနိုင်သော သတ္တိထူးရှိသည်။ လူတို့သည် လူ့ဘဝဖြင့် ရဟန္တာဖြစ်လျှင် ချက်ချင်း သင်္ကန်းဝတ်၊ ရဟန်းခံမှ သက်တမ်းကုန်အောင်နေရသည်။ လူဝတ်ကြောင်သည် အရဟတ္တဖိုလ် တရားမြတ်၏ အရှိန်ကို မခံယူနိုင်။ ဘုမ္မစိုး၊ ရုက္ခစိုးတို့ကား ရဟန်းတော်များကဲ့သို့ ရဟန္တာအဖြစ်ဖြင့် နေနိုင်စွမ်းရှိကြသည်မှာ အလွန်ထူးခြားသော တန်ခိုးဣဒ္ဓိပါဒ်ဖြစ်သည်။

ထို့ကြောင့် အချို့ဆရာတော်ကြီးများ (အထူးသဖြင့် တောင်ဖီလာဆရာတော်ကြီး)သည် ဤလူ့ဘဝမှ ကွယ်လွန်လျှင် ဘုမ္မစိုးနတ်အဖြစ် ဆုတောင်းခဲ့ကြသည်။

### ပြိတ္တာ၊ တစ္ဆေတို့၏ သေဆုံးပုံနှင့် ပတ်သက်၍

တစ်ရံရောအခါ မိလိန္ဒမင်းကြီးက ရှင်နာဂသေနကို –

"အရှင်ဘုရား ဘီလူးပြိတ္တာတို့သည် မသေသလော"

"မင်းကြီး ... သေ၏"

"အရှင်ဘုရား ယင်းသို့သေလျှင် ထိုဘီလူးပြိတ္တာတို့၏ ခန္ဓာကိုယ်ကြွင်း မရှိပါတကား။ ထိုဘီလူးပြိတ္တာတို့ အကောင်ပုပ်နံ့ မနံပါတကား"

"မင်းကြီး ဘီလူးပြိတ္တာတို့၏ ခန္ဓာကိုယ်လည်း ရှိ၏။ အကောင်ပုပ်အနံ့လည်း နံ၏။ ထိုဘီလူးပြိတ္တာတို့ သေလျှင် ခန္ဓာကိုယ်သည် ဖောက်ပြန်၍ ပိုးနှံ့၊ ပိုးဟပ်၊ အိမ်မြှောင်၊ တက်တူ၊ ပင့်ကူ၊ ပုစွန်၊ ကင်းခြေများဖြစ်၍ သေသည်။ ထိုအကောင်ပုပ်၏အနံ့သည် နံသည်သာတည်း။"

"အရှင်ဘုရား မှန်လှပါသည်" (မိလိန္ဒပဉှာ)

ထို့ကြောင့် ယခု တချို့သော အရပ်ဒေသတွင် တစ္ဆေအခြောက်ခံရ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း မကြောက်တတ်ကြသူများသည် ခွေး၊ ကြောင်၊ ယုန် စသည့် တိရစ္ဆာတစ်ကောင်ကောင် အသွင်သဏ္ဌာန်နှင့်လည်းကောင်း၊ လူယောင်ဖန်ဆင်း၍လည်းကောင်း လာခြောက်လျှင် ထိုအကောင် တစ္ဆေနောက်ပြေးလိုက်၍ ဖမ်းကြသည်။ ထိုအခါ တစ္ဆေသည် သစ်ပင်တစ်ပင်ပင်၊ သို့မဟုတ် သစ်ပင်ရှင်းရှိ တွင်းသို့လည်းကောင်း ဝင်ပြေးပျောက်ကွယ်သွားတတ်သည်။

ထိုအခါ လူတို့က လူယောင်ဆောင်၍ ခြောက်သောတစ္ဆေသည် ဤသစ်ပင်ကွယ်သည်နှင့် ပျောက်သွားသဖြင့် ဤသစ်ပင်၌နေသည်ဟု သစ်ပင်ကိုခုတ်လှဲ၍ မီးရှို့ကြသည်။ တိရစ္ဆာန်တစ်ကောင်ကောင် အသွင်သဏ္ဌာန်ဖြင့် ခြောက်လာသဖြင့် ထိုတိရစ္ဆာန်ကို ဝိုင်းလိုက်ကြသောအခါ ထိုတစ္ဆေတိရစ္ဆာန်သည် မြေတွင်း၊ သစ်ခေါင်းထဲ ဝင်သွားကြပြီး ကိုယ်ပျောက်သွားသည်။

မြေတွင်း၊ သစ်ခေါင်း စသည့်တို့မှာ ကျဉ်းကျဉ်းလေးဖြစ်ပြီး ဤခွေး၊ ကြောင်၊ ယုန်တို့သည် ဤအခေါင်းထဲ မည်သို့မျှ မဝင်နိုင်သည်ကို သိသောအခါ တစ္ဆေခြောက်ခြင်းဆိုသည်ကို အတပ်သိ၍ ထိုသစ်ပင်အခေါင်းတို့ကို မီးတင်ရှို့ကြသည်။

မီးငြိမ်းသွား၍ ကြည့်ကြသောအခါ မြေတွင်းသစ်ခေါင်းထဲ၌ ပုတ်သင်ညိုများ၊ ဖွတ်၊ ပုတတ်များ သေနေသည်ကို တွေ့ကြရသည်ဟု ဆိုသည်။ ဤသည်ကို အချို့က လူကြမ်းလျှင် နတ်(တစ္ဆေပြိတ္တာ)ကြမ်း မနိုင်ဟု ပြောကြသည်။

ဤသည်မှာ ထိုပြိတ္တာတစ္ဆေသည် အကုသိုလ်ကံကုန်ချိန်နှင့် လူကို ခြောက်မိချိန်တို့ တိုက်ဆိုင်သွားသဖြင့် လူတို့ထံ၌ အသတ်ခံလိုက်ရလေသလား၊ သို့မဟုတ် သူသည် မိမိကိုယ်ကို တစ္ဆေဘဝမှ အကုသိုလ်ကံကုန်ပြီး ဘဝပြောင်းချိန် ကျရောက်နေပြီဆိုသည်ကိုသိ၍ တစ္ဆေမကြောက်တတ်သူကို တမင်ရွေးကာ ထိုသို့ပြုလုပ်အောင် ဖန်တီးလေသလားဆိုသည်ကိုတော့ မည်သူမျှ မသိပေ။

ဂေ့စ္ဆေဘဝမှ သေကံမရောက်သေးသော ဒေါ်ဆုံမတစ္ဆေမှာ သူ့ထက် အစွမ်းသတ္တိရှိသော ပြိတ္တာတစ်ကောင်က ရွာသူမိန်းမအား ခြောက်လှန့်ပြီး သတိမေ့သွားအောင်လုပ်လိုက်သည်ကို အံ့ဩတကြီး မြင်ခဲ့ရသဖြင့် ရွာသူမိန်းမကိုလည်း စိတ်ထဲက သံယောဇဉ်ဖြစ်မိလေရာ ထိုမိန်းမသူကို ရှာရန် လိုက်လာကြသော လူများကို ငေးကြည့်နေမိသည်။

ထိုစဉ် နောက်ထပ် ရွာသားကြီးလေးငါးယောက်သည် တကြော်ကြော် အော်ခေါ်ကာ မီးတုတ်၊ ဓာတ်မီးတွေ ကိုယ်စီနှင့်လိုက်လာကြသည်။ နောက်ထပ် လိုက်လာကြသော ရွာသားတွေ အော်ခေါ်သံနှင့် မရှေးမနှောင်းမှာပင် စောစောက အရှာသွားကြသူများဆီက မိန်းမသူအား တွေ့ပြီဖြစ်ကြောင်း လှမ်းအော်ပြောသလို ကြားလိုက်ရပြန်သည်။ ထိုအခါမှ ဒေါ်ဆုံမလည်း သက်မချနိုင်တော့၏။ သို့သော် ပြိတ္တာယုတ်သည် ရွာသူမိန်းမအား အသေပဲ လုပ်လိုက်လေသလားဟု ရင်တမမနှင့် ဒေါ်ဆုံမ ဆက်ကြည့်နေ၏။

စောစောက တစ္ဆေကြီး ခြောက်လှန့်လိုက်၍ လဲကျသတိမေ့နေသော မိန်းမသူကို သူ့ခင်ပွန်းက ပွေ့ထမ်း၍ တောထဲက ထွက်လာကြ၏။ ထိုမိန်းမမှာ ကယောင်ချောက်ချားနှင့် သူ့လင်ကိုပင် သိပုံမရ။ ပါးစပ်က အယုတ္တ၊ အနတ္တဆဲဆိုကာ သူ့လင်ကျောကုန်းကို တအုံးအုံးထုရိုက်လာသည်။

သူ့ယောက်ျားနှင့် အဖော်များက သတိထားရန် အတန်တန် ဝိုင်းပြောနေကြသည့်ကြားထဲက ထိုမိန်းမက သူ့ယောက်ျားကျောကုန်းကို အထုအရိုက်မရပ်။ အဲဆဲအဆိုမလျော့။ သူ့ယောက်ျားကလည်း သူ့မိန်းမကို ရင်ချင်းကပ် တအားဖက်ပွေ့ရင်းက တတွတ်တွတ်ချော့မော့ပြောကာ ရွာဘက်ကို မတ်တတ်ပြေးနေသည်။

ရွာထဲက နောက်ထပ်လိုက်လာကြသူများနှင့် တွေ့ကြသည်အထိ ထိုမိန်းမကား အဆဲအဆိုမရပ်သေး။ သူ့ခင်ပွန်းကျောကုန်းကို ထုရိုက်နေဆဲ။

"ဖြန်း"

"ဖြန်း"

"ဖြောင်း . . . ဖြောင်း"

"ဟင်း၊ အင်း . . . ယောက်ဖကြီး ကျုပ်မိန်းမကို ဘာလို့ရိုက်"

"မင်းမိန်းမကို တောထဲက သရဲဝင်ပူးလာတာ။ သရဲထွက်သွားအောင် နာနာရိုက်ပစ်ရတယ်ဟ"

သရဲဝင်ပူးလာသော နှမကို အစ်ကိုက ဝင်ရိုက်သဖြင့် ခင်ပွန်းဖြစ်သူက ဟန့်သံ၊ သရဲပူးခံ မိန်းမကို ဆဲဆိုသံ၊ အခြားတစ်ယောက်က ပြောသံတို့မှာ ပတ်ဝန်းကျင်တစ်ခုလုံး ပွက်လောရိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ဟော့ ... လက်နဲ့တအား ကြီး မရိုက်ပါနဲ့ဟ။ ဆူးခက်နဲ့ရိုက်ရတယ်တဲ့ကွ။ ထွန်းရ ... ဆူးခက် မြန်မြန်သွားခုတ်စမ်းကွာ။ ငါ---မသား သရဲ အသေကို ရိုက်သတ်ပစ်မယ်"

"ဟော့ကောင် စိန်လုံး၊ သရဲ ထွက်သွားအောင် သေးနဲ့ဝိုင်းပန်းရင် သည်း ရတယ်တဲ့ကွ။ သေးနဲ့ ဝိုင်းဖန်း ကြဟ"

"ဟော့၊ ဟော့ကောင် ဟိုဟိုမှာ မင်းအမေနဲ့ ကြီးတော်မိတို့ လာနေတယ်ဟ။ အရေးထဲ ရှီးတဲ့မှ"

"ဟော့ကောင် မင်းမိန်းမကို မြန်မြန်ချုပ်လိုက်။ ဖက်မထားနဲ့ကွ။ ဟော့ကောင်ရဲ့"

"လွှတ်စမ်း ... လွှတ်စမ်း မင်းမိန်းမကို တို့လုပ်တာမဟုတ်ဘူး။ သရဲကိုလုပ်မှာပါဟ။ လွှတ်လိုက်စမ်းပါဆိုနေ ငါခွေးတဲ့မှ"

"ဟဲ့၊ ဟဲ့ ... လူလေးတို့ အဲသလို ကြမ်းကြမ်းတမ်းတမ်း မလုပ်ကြပါနဲ့ကွယ်။ သူ့ခမျာ စားချင်သောက်ချင်လို့နဲ့ တူပါရဲ့။ အမေကြည့်ပါရစေကွယ်"

"---ပဲစားရမယ်"

"ဟဲ့ ... ခွေးတိရစ္ဆာန် လူကြီးပြောနေရင် နင်က ဘာလဲ"

ရွာပြင်နားတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို ဒေါ်ဆုံမတစ္ဆေမှာ မျက်တောင်မခတ် စိုက်ကြည့်၍ အူတုန်သဲတုန် ဖြစ်နေမိသည်။ ဝင်ပူးနေသည့် ပြိတ္တာကြီးကတော့ ဘယ်လိုနေသည်မသိ။ ဆူးခက်နှင့်ရိုက်၊ ပါးနားရိုက်၊ ဆံပင်ကိုဆွဲ လုပ်နေကြသည်ကို ကြည့်ကာ ဒေါ်ဆုံမတစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်းထနေမိသည်။

"စားရသောက်ရပါစေ့မယ် ကွယ်နော်။ အဆစ်တို့ ကြံချိုစားမလား။ အလုံးကြီး အုန်းသီးစားမလား။ လိုင်လိုင်သင်း ထမင်းစားမလား။ မွှေးမွှေးနော် ငါးကြော်စားမလား။ အောက်အီးအီး ကြက်ကြီးစားမလား။ လုံးလုံးပြားပြား မုန့်စားမလား။ ဟေး ... ဟယ် ... ဟေး ... ဟေး"

အဘွားကြီးက ပြိတ္တာကြီးဖမ်းစားထားသောရွာသူမိန်းမကို ပွတ်သပ်ချော့မော့၍ မေးနေသည်။ ကာလနာပြိတ္တာကြီးကလည်း ခုမှ စားရသောက်ရတော့မည်ဖြစ်သဖြင့် မိန်းမကြီး မေးသမျှ ခေါင်းချည်းတွင်တွင် ညိတ်နေသည်။ ငေးကြည့်နေသော ဒေါ်ဆုံမပင် သွားရည်ကျလာ၏။

သည်လိုနှင့် ထိုမိန်းမကို ရွာသို့ တွဲမျှော် ခေါ်ယူသွားကြရာ ဒေါ်ဆုံမ တစ္ဆေမှာလည်း သွားရည်တမြားမြားနှင့် သူ့နေရပ် သူပြန်လာရသည်။

လူတွေကို တွေ့ရတိုင်း လူ့ဘဝကို ဘယ်လိုတောင့်တမှန်းမသိ။ လူ့ဘဝကို အရမ်းရချင်နေမိသည်။ လူ့ဘဝကို တောင့်တနေ၍လားမသိ။ ရွာထဲမှာ ဘယ်သူ့သားနဲ့ ဘယ်သူ့သမီးနဲ့ မင်္ဂလာဆောင်ကြတော့မည် ဆိုသည်ကို အလိုလိုသိနေသည်။ မင်္ဂလာဆောင်ကြတော့မည် ဆိုသည့်အသံကို ကြားတိုင်း ပျော်လည်း အရမ်းပျော်နေမိသည်။

လူဝင်စားချင်၍ ရွာနားသွားတော့ ကိုယ့်ရှေ့မှာ လူဝင်စားဖို့ တိုးခွေ့စောင့်နေကြသော ပြိတ္တာတွေက မနည်း။ ယင်း တစ္ဆေ၊ ပြိတ္တာတွေကို ဘယ်လိုမှ တိုးမပေါက်။ အတင်းတိုးဝင်ကြည့်သော်လည်း မရ။ သည်လိုနှင့် ဒေါ်ဆုံမ လှည့်ထွက်လာရာ နေရာပေးထားသော ဆရာကြီးပြိတ္တာကို တွေ့ရသည်။

ဒေါ်ဆုံမက -

"ဆရာကြီး ကျွန်တော်မလည်း လူဝင်စားချင်တယ်"

ဟု အံရဲစွန့်၍ ပြောလိုက်၏။

ပြိတ္တာကြီးက ဒေါ်ဆုံမကို စူးစူးစိုက်စိုက်ကြည့်ပြီး -

"သွားစမ်းဟာ .. နင်က လူဝင်စားလို့ ဘယ်ရဦးမလဲ"

"ဘာဖြစ်လို့လဲ"

"နင် လူတွေလာပစ်တဲ့ ဆန်ကောစာ၊ ခေါ်စာတွေကို စားတယ်မှတ်လား"

"ကျွန်တော်မ တစ်ခါမှ မစားပါဘူး"

"အေးအေး ... ကောင်းတယ် ကောင်းတယ်။ ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်နေတဲ့ လူတွေ မကျန်းမာလို့ တစ္ဆေစာပစ်တဲ့ အစားအစာကို သွားစားရင် ဘယ်တော့မှ လူ့ဘဝကို ပြန်မရနိုင်တော့ဘူး"

"ကျွန်တော်မ တစ်ခါမှ မစားပါဘူး။ အနံ့နံလို့ စားမရပါဘူး"

"နင် ရွာသူရွာသား ကလေးသူငယ်များကို ခြောက်တာလှန့်တာကော လုပ်ဖူးသေးလား"

"ကလေးသူငယ်တွေတော့ မလုပ်ဖူးပါဘူး။ အဘွားကြီးတစ်ယောက်ကိုတော့ အပျင်းပြေ တစ်ခါစ ..."

"အဘွားကြီးပဲဖြစ်ဖြစ်၊ ကလေးသူငယ်ပဲဖြစ်ဖြစ် ဘယ်လူမှ မခြောက်



www.burmeseclassic.com

www.burmeseclassic.com

လုန့်ရဘူး။ အဲသလို ခြောက်လုန့်တတ်တဲ့ တစ္ဆေ ပြိတ္တာတွေလည်း ဘယ်တော့မှ လူဝင်စားလို့ မရဘူး။ ငါပြောတာမှတ်မိလား''

''မှတ်မိပါတယ်။ ဟိုပြိတ္တာတွေက ဘာတွေလုပ်လို့ လူဝင်စားခွင့်ရကြတာလဲ''

''သူတို့က ဆန်ကောစာ၊ ခေါစာလည်း မစားဘူး။ လူတွေကိုလည်း မခြောက်မလုန့်ဘူး။ ပြီးတော့ ဘယ်ရွာမှာ ဘယ်သူတွေအလှူလုပ်လို့ အမျှအတန်းဝေနေကြတယ်ဆိုတာ လိုက်ရှာပြီး အမျှဝေရင် သာဓုသွားခေါ်ကြတယ်။ အဲဒါကြောင့် လူဝင်စားလို့ရလို့ နင်တို့ရှေ့ ရောက်နေကြတာပေါ့။ သူတို့ကို နင်က ဘယ်တိုးပေါက်မလဲ။ နင်လူဝင်စားချင်ရင် သူတို့လို အလှူပေးဝေနေတဲ့ လူတွေလိုက်ရှာပြီး ... သာဓုခေါ်ပေါ့။ ဒါဆို နင် လူဝင်စားလို့ရမယ်''

ပြိတ္တာကြီးက ထိုသို့ပြောပြီးနောက် ခိုင်းထွက်သွားသည်။

ထိုနေ့ကစ၍ ဒေါ်ဆုံမကား လူတွေအလှူပေးနေသော နေရာတွေကို လိုက်ရှာသည်။ တော်တော်နှင့် မတွေ့။ သို့သော် ဒေါ်ဆုံမကား ဖွဲမလျှော့။ ဘယ်ရွာမှာ ဘယ်လူများ အလှူပေး အမျှဝေနေတာ ရှိမည်နည်းဟု နေ့တိုင်း လိုက်ရှာသည်။ ဒေါ်ဆုံမစိတ်ထဲမှာ လူ့ဘဝကို ပြန်သွားချင်စိတ် တစ်ခုတည်းသာ လွှမ်းမိုးနေ၏။

သီတင်းကျွတ်၍ ဆွဲလွဲရွာသူတွေ စိုပြေရွာကျောင်းကို ဆွမ်းဆန်စိမ်း သွားလှူကြသည်ကို မြင်လိုက်ရသည်။ သူတို့အပြန်ကို ဒေါ်ဆုံမ အားခဲပြီး စောင့်နေ၏။ မကြာမီ ထိုမိန်းမသူတွေ ပြန်လာကြ၏။ သားသမီးလိုချင်နေသော မိန်းမ အလှူအပြန်မှာ ဘယ်သူတွေပါလဲဆိုတာ အရင်အကဲခတ်ကြည့်ရသည်။ တွေ့သည်နှင့် အတင်းလိုက်ပြီး ထဘီစကိုဆွဲရ၏။ မိန်းမက ခြေလှမ်းလှမ်းတိုင်း တရွတ်တိုက် ပါလာရသည်။ ထိုသို့ တရွတ်တိုက်ပါလာရာတွင် တစ်ခါမှ မနာမကျင်ဖူးသော ဒေါ်ဆုံမကိုယ်က မြေကြီး၊ ခဲလုံးတွေနှင့် ဆောင့်တိုက်မိ၍ နာကျင်လာ၏။

ဤသည်မှာ လူနှင့်နီး၍ လူတို့ကိုယ်က အငွေ့အသက်ကူးစက်၍ ထိုမိန်းမ ဝမ်းကြာတိုက်ထဲ ဝင်စားရတော့မည့် ကုသိုလ်ရှိပြီး လူနှင့် နီးစပ်သွားပြီမို့လားမသိ။ တစ်ခါမှ မနာကျင်ဖူးသော ဒေါ်ဆုံမ၏တစ်ကိုယ်လုံးက နာကျင်လာသည်။ သို့သော် ဒေါ်ဆုံမကား ထိုမိန်းမ၏ ထဘီစကို ဆွဲမြဲဆွဲသွား၏။ သည်ကြားထဲ ထိုမိန်းမကို နောက်မိန်းမတစ်ယောက်က တွန်းလိုက်ရာ ဒေါ်ဆုံမမှာ လွတ်ကျကျန်ခဲ့ဖို့ သီသီလေးသာ လိုလေသည်။

အမှန်က ဆွမ်းဆန်စိမ်း အလှူအပြန်တွင် ထိုမိန်းမများသည် သူတို့သား၊ လင်အကြောင်း အချော်အချွတ် ပြောလာကြရာ ထဘီစကိုဆွဲလာသော ဒေါ်ဆုံမမိန်းမက နောက်တစ်ယောက်ကို စကားနှင့် ကချော်ကချွတ် စလေရာ ထိုအစခံရသောမိန်းမက ထဘီစကို ဒေါ်ဆုံမဆွဲလိုက်လာသော မိန်းမအား ပခုံးစောင်းတိုက်လိုက်သလို ခါးကိုလည်း ကလိထိုး၍ ရှေ့ကိုပြေးတက်သည်။

သူ့ကို ကလိထိုးပြေးတက်သွားသော ထိုမိန်းမကို ဒေါ်ဆုံမကပ်ပါလာသောမိန်းမက ပြေးလိုက်၍ နောက်ပြောင်တွန်းတိုက်ရန် ပြေးလာချိန်မှာတော့ ဒေါ်ဆုံမမှာ မြေကြီး၊ ကျောက်ခဲလုံးတွေနှင့်တိုက်ကာ ပို၍နာကျင်လာသည်။ ဤတစ်ခါတော့ ပြုတ်ကျကျန်ခဲ့ရပြီဟုပင် ထင်မိလိုက်သည်။ ထို့ကြောင့် အသိဝင်ကာ အံခဲပြီး ဒေါ်ဆုံမ ပို၍ မျက်စိစုံမှိတ်ကာ ဆွဲကိုင်ထားသည်။

ကံကောင်းချင်တော့ လင်ရခါစ ထိုမိန်းမတို့သည် သူတို့လင်တွေနှင့် ခြင်ထောင်ထဲက အကြောင်းတွေပါ ပြောပြီး အူမြူးနောက်ပြောင်လာကြရာ ရွာတံခါးပေါက် ရောက်သောအခါမှာလည်း ရွာပြင်တစ်နေရာကလာသော အခြားမိန်းမတွေလို ''ဖွဟဲ့ ဖွဟဲ့ ဖတ်ဖတ် ဖတ်ဖတ်''လုပ်ပြီး ထဘီခါရန်ကိုလည်း သတိရပုံမပေါ်ကြ၊ တစ်ယောက်နှင့်တစ်ယောက် စကားဟီးဟီးဟားဟားနှင့် ရွာထဲကိုသာ သူဦးငါဦးဝင်ပြေးသွားကြရာ ခွေးတွေဟောင်တော့မှ ဒေါ်ဆုံမလည်း ငါ ရွာထဲရောက်လာပြီဟု သက်မချမိလိုက်၏။

ရွာထဲရောက်လာတော့ ထိုမိန်းမတွေက သူ့လင်၊ ကိုယ့်လင်အကြောင်း ကချော်ကချွတ် မပြောရဲကြတော့။ စောစောက သူတို့ပြောဆိုလာကြသည်ကိုသာ စားမြုံ့ပြန် အမှတ်ရ၍ ခိုးခိုးခစ်ခစ် ရယ်လာကြသည်။ ခြေလှမ်းကိုလည်း မှန်မှန်လှမ်းလာကြ၏။ ထိုအခါမှ ဒေါ်ဆုံမမှာလည်း သက်သာရာရသွားသည်။ ဒရွတ်တိုက်ပါလာရာမှ ထဘီအနားစကိုဆွဲပြီး ထိုမိန်းမ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပေါ် တက်လိုက်ခွင့်ရသွား၏။

ထိုမိန်းမတွေ သူ့အပိုင်း၊ ကိုယ့်အပိုင်း လမ်းခွဲသွားကြတော့မှ ဒေါ်ဆုံမလည်း ရွာသူရွာသားတွေ သွားလာလှုပ်ရှားနေကြသည်ကို ကြည့်ကာ ငါလည်း မကြာခင် လူဖြစ်ရတော့မည်၊ ဤရွာမှာ ငါနေရတော့မည်၊ ဤရွာသူဖြစ်ရတော့မည်ဟု ပျော်လွန်း၍ ကိုယ်ခန္ဓာနာကျင်လာမှုကိုပင် မေ့သွားသည်။

ဤမိန်းမ၏ အစွမ်းသတ္တိကြောင့်လားမသိ။ ဤမိန်းမနှင့် လိုက်ပါလာသည်ကို ရွာစောင့်နတ်ကလည်း ဟန့်တား၊ ဆွဲချ၊ ဆွဲထုတ်ခြင်းမပြု။ အိမ်စောင့်နတ်ကလည်း ဒေါ်ဆုံမကို လှည့်၍ပင် တစ်ချက်မကြည့်။ အိမ်သားတစ်ယောက်ပမာ သဘောထားပုံရသည်။ မမြင်ရသော ထိုမိန်းမ၏ကိုယ်စောင့်နတ်ကလည်း မနေနိုင်အောင် အပူအအေး၊ အငွေ့အသက်တို့နှင့် နှင်မထုတ်။

ဝင်စားရမည့် မိန်းမအိမ်ပေါ်ရောက်လာတော့ ဝင်စား၍ လွယ်မည်ထင်ရသော ထမင်းအိုး၊ ဟင်းအိုး၊ ရေအိုးနား သွားကပ်နေရသည်။ ထိုမိန်းမတို့လင်မယား ထမင်းစားကြတော့ ပိုးသေကောင်လေးလုပ်ပြီး ဟင်းသောက်ပန်းကန်ထဲ ခုန်ချနေလိုက်သည်။ ထိုမိန်းမယောကျ်ားက ဘယ်လိုကနေဘယ်လို မြင်သွားတယ်မသိ။ ဇွန်းနှင့်ခပ်ပြီး ကြမ်းပေါ်က အောက်ကို သွန်ချလိုက်သည်။

ဟင်းရည်နှင့်ရောပြီး အောက်ကျသွားသော ဒေါ်ဆုံမပိုးကောင်ငယ်မှာ အိမ်ပေါ်ရောက်အောင် မနည်းတွယ်တတ်တက်လာရသည်။ ညားခါစ လင်မယားနှင့်တူ၏။ ကြင်နာနေလိုက်ကြတာ။ ချစ်စကားကြိုက်စကား ရှေးဖြစ်နောက်ကြောင်းတွေ ပြောပြီး ခိုးခိုးခစ်ခစ် ရယ်လိုက်ကြ၊ ထမင်းတစ်လုတ်စား လင်မျက်နှာ၊ မယားမျက်နှာ တစ်ချက်ကြည့်။ တစ်ယောက်ပန်းကန်ထဲက စပါးလုံးတွေကို တစ်ယောက်က လှမ်းကောက်ပစ်နှင့် ဟုတ်နေ့လိုက်ကြတာ။ ဒေါ်ဆုံမမှာတော့ ဤမိန်းမဗိုက်ထဲ ငါဘယ်လိုဝင်လိုက်ရရင် ကောင်းမည်နည်းဟု အကြံထုတ်ပြီး ခေါင်းချွေးတွေ ပြန်နေသည်။

ထိုမိန်းမကလည်း အားကျမခံ။ သူ့ယောကျ်ားပန်းကန်ထဲက စပါးလုံး လှမ်းအကောက်တွင် ဒေါ်ဆုံမအတွေး ပေါက်သွား၏။ ပိုးကောင်ငယ်လေး လုပ်ပြီး ဤမိန်းမဗိုက်ထဲ ဝင်ရမည့် အစား ငါသက်မဲ့အမှိုက်ကလေးတစ်စ လုပ်ပြီး ဝင်ရလျှင် မုချဝင်နိုင်ပြီကို သိလိုက်သည်။

လင်မယားနှစ်ယောက် ကြင်နာယုယနေကြသည်ကို ကြည့်၍ ဝမ်းတော့သာမိ၏။ ငါ့မိ၊ ငါ့ဖဖြစ်ကြမည့် ဤသူများသည် ကြင်နာတရားတော့ ရှိနိုင်သည်။ ကြင်နာကြဦး၊ စကားတွတ်ထိုးပြောကြဦး၊ ရယ်မောကြဦး။ ဤမိန်းမ ရေလာသောက်တော့ ရေနှင့်မျှောလိုက်သွားဖို့ စိတ်ကူးရလာသည်။ ထို့ကြောင့် ရေအိုးစင်နား အသာလေးသွားနေလိုက်သည်။

ကရွတ်ရေအိုးအောက်ခံနား ခထာအမန်းဖြေပြီး အခြေအနေကို အကဲခတ်ကြည့်နေရသည်။ လင်မယား နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထမင်းစားနေကြတော့ တော်တော်နှင့် မပြီးနိုင်ကြ။ အရေးထဲ တစ်ယောက်နှင့် တစ်ယောက် ဟင်းခွံ့၊ ထမင်းခွံ့ လုပ်နေကြပြန်၏။ သူတို့လင်မယား၏ ယုယကြင်နာမှုကို မြင်ရလေ ထိုသူတို့၏ သားသမီးဖြစ်ချင်လေနှင့် ဒေါ်ဆုံမမှာ အပျော်ကြီးပျော်ကာ နေမထိ ထိုင်မသာ ဖြစ်နေမိသည်။

"ဟင့်အင်း တော်ပြီ၊ ဝပါပြီ"

အသံကို ကြားလိုက်ရတော့ ဒေါ်ဆုံမ ချက်ချင်းသတိရလိုက်သည်။ ကမန်းကတန်း ပိုးကောင်လေးလုပ်ပြီး ရေအိုးပေါ် လွှားခနဲ ခုန်တက်လိုက်သည်။ ဖြုတ်ခနဲပြုတ်ကျတော့ ဒေါ်ဆုံမ လန့်သွား၏။ တစ္ဆေဘဝကိုရောက် ကတည်းက ဤသို့ ပြုတ်ကျတာ၊ လိမ့်ကျတာ တစ်ခါမှမကြုံဖူး။ သွားချင်လျှင် လွှားခနဲ၊ လာချင်လျှင် လွှားခနဲ။ ခု ဘယ်လိုဖြစ်သည်မသိ။ လူဝင်စားခွင့်ရ၍ ဤမိန်းမနောက် လိုက်လာရကတည်းက သူ့ကိုယ်မှာ ပေါ့ပေါ့ပါးပါး မရှိတော့။

တရွတ်တိုက် လိုက်လာရတာနှင့်၊ ကျောက်ခဲ၊ သစ်ပိုင်း၊ သစ်စတွေနှင့် ထိမိတိုက်မိရတာနှင့် ထဘီစကို အတင်းလိုက်ဆွဲရတာနှင့်၊ ဟင်းရည်နှင့် အောက်သို့ သွန်ချခံလိုက်ရ၍ အောက်ကနေ အတင်းတွယ်ကပ် ကုတ်ခြစ်တက်လာရတာနှင့်။ ယခုလည်း ရေအိုးပေါ်ခုန်တက်တာ ဘာလို့ ပြုတ်ကျရပါလိမ့်။

ထိုလင်မယားက ထမင်းစားပြီး သွားကြပြီ။ ထမင်းစားပြီးလျှင် ဤမိန်းမ အနည်းနှင့်အများ ရေတော့ သောက်မှာပဲ။ သူရေသောက်လျှင်

www.burmeseclassic.com

အမှိုက်ကလေးလုပ်ပြီး ဗိုက်ထဲဝင်ဖို့ ငါ ကြိုးစားရမည်။ ထိုအသိဝင်လာတော့ ဒေါ်ဆုံမ ကမန်းကတန်း ရေအိုးပေါ် ခုန်တက်လိုက်ပြန်သည်။

ဖုတ်ခနဲပင် မပြည်ဘဲ ပြုတ်ကျလာပြန်၏။ ဘယ်လိုဖြစ်ပါလိမ့်။ သူ ရွာပြင်မှာ နေခဲ့တုန်းက တစ္ဆေ၊ ပြိတ္တာတို့၏ အစွမ်းသတ္တိတို့သည် ရွာထဲရောက်မှ ဘယ်လိုဖြစ်ကာ ပျောက်သွားပါလိမ့်။ အို ... ရွာထဲရောက်မှ မဟုတ်ပါဘူး။ လူဝင်စားမည်ဟု ဤမိန်းမနောက် လိုက်လာကတည်းက သူ့အစွမ်းသတ္တတို့ ဘာကြောင့် ကွယ်ပျောက်သွားပါလိမ့်။ လူနှင့်နီးလွန်းနေ၍ ပြိတ္တာ၊ တစ္ဆေတို့၏ အစွမ်းသတ္တိ ပျောက်သွားရခြင်းလား။ လူတွေဟာ ခုန်ပျံကျော်လွှား အစွမ်းသတ္တိ ဘာမှ မရှိကြဘူးလား။

ဒေါ်ဆုံမ အတွေးမဆုံးမီ ထိုမိန်းမ ထလိုက်၏။ အရိပ်လာကျစဉ် ဒေါ်ဆုံမ လန့်သွား၏။ ဤမိန်းမ မုချ ရေသောက်တော့မည်။ ရေအိုးရှိရာကို တစ်လှမ်းချင်း လျှောက်လာနေပြီ။ တတိယအကြိမ် ရေအိုးပေါ် ခုန်တက်လိုက်ပြန်၏။ စောစောကအတိုင်းပင် ပြန်ပြုတ်ကျလာပြန်သည်။

ဤတစ်ခါတော့ ဤနည်းနှင့် ဘယ်လိုမှ မရတော့မှန်းသိသဖြင့် ကမန်းကတန်း ရေအိုးပေါ် တွဲယ်တက်လာ၏။ ရေသောက်ဖို့လာနေသော မိန်းမက ထမင်းစားနေသော မီးဖိုဆောင်နှင့် ရေအိုးရှိရာသို့ လာနေရာ အလယ်ခရီးကိုပင် ရောက်နေပြီ။

ဒေါ်ဆုံမသည် ပိုးကောင်ငယ် အသွင်သဏ္ဍာန်နှင့် ရေအိုးပေါ် အပြေးတက်လာ၏။ ရေအိုးနှုတ်ခမ်းပေါ် လည်းရောက်ရော ပြုတ်ခနဲ အသံကြားပြီး ထိုမိန်းမက ရေတစ်ခွက်ခပ်လိုက်ပြီ။ ဒေါ်ဆုံမ နောက်ကျသွားပြီ။ ရေအိုးနှုတ်ခမ်းပေါ် စိတ်ပျက်လက်ပျက် ဝပ်ချလိုက်စဉ် ဝေဒနာတစ်ခုက ထူးထူးခြားခြား မပေါ်စဖူး မဖြစ်စဖူး ပေါ်လာပြန်သည်။ အမောဝေဒနာက အလိုလို ရောက်လာ၏။

ဤသည်ကိုလည်း တစ္ဆေဘဝ တစ်လျှောက်လုံး ဒေါ်ဆုံမ တစ်ခါမှ မခံစားဖူး။ လူတွေနှင့်နီးလာမှ၊ လူတွေ အိမ်ရောက်လာမှ ဝေဒနာတစ်ခု တိုးလာပြန်သည်။ ပြိတ္တာ၊ တစ္ဆေဘဝတုန်းက ဒေါ်ဆုံမ မောတယ်ပန်းတယ်ဆိုတာ မရှိ။ ဝေဒနာဆို၍ အစာအာဟာရ ဆာလောင်မွတ်သိပ်မှု တစ်ခုကိုသာ ဒေါ်ဆုံမ ခံစားဖူး၏။

ထိုဆာလောင်မွတ်သိပ်မှု ဝေဒနာကတော့ ယခု ဘယ်ဆီရောက်သွားသည် မသိ။ လူဝင်စားရတော့မှာမို့ ပျော်လွန်း၍ သတိမရတာလား။ ထိုသို့လည်းမဖြစ်နိုင်။ ထိုလင်မယား ကယုကယင်နှင့် ထမင်းလက်ဆုံ စားနေကြတာ မြင်လျက်နှင့် ဘာလို့ ထမင်းစားချင်စိတ် ပျောက်နေပါလိမ့်။

သူ့ကိုယ်သူ လူလား၊ တစ္ဆေ ပြိတ္တာဘဝ၌ပင် ရှိနေသေးသလား။ သူ့အသိကသာ သူ့ကိုယ်သူ တစ္ဆေ ပြိတ္တာဟု ထင်နေရသော်လည်း လူများဖြစ်သွားပလား။ သူ့ကိုယ်သူ လူဖြစ်သွားမှန်း မသိလိုက်လေခြင်းလား။ သူ့ကိုယ်သူ ဒေါ်ဆုံမပြန်ကြည့်သည်။ ဟိုက်ခနဲ လန့်သွား၏။ ဘာမှမမြင်ရ။ တစ္ဆေ ပြိတ္တာ ဘဝအတိုင်းပင် သူ့ရုပ် သူ ဘယ်လိုပုံသဏ္ဍာန်ရှိနေမှန်း မသိ။ သူ့ကိုကြိုတ်၍ ရည်းစားစကား လိုက်ပြောဖူးသော ပြိတ္တာကြီး၏စကားကို သွားသတိရသည်။

"နင့်ရုပ်ကကော ဘယ်လောက် လှနေလို့လဲ"တဲ့။

သူ့ရုပ်သူ ဘယ်ပုံသဏ္ဍာန်ရှိနေမှန်းမသိ။ သည်တော့ ဒေါ်ဆုံမ ပြိတ္တာ၊ တစ္ဆေဘဝမှာပင် ရှိနေသေးသည်မှာ သေချာသည်။ သို့ဆိုလျှင် ထမင်းဘာလို့ မဆာပါလိမ့်။ ဟိုမိန်းမလင်မယား စောစောက ထမင်းစားနေကြတာပဲ။ ခုဝတောင်ဝသွားလို့ ဟိုမိန်းမ ရေသောက်ဖို့ ရေခပ်လိုက်တာ ငါ နောက်ကျသွားတယ်။ ဟာ ... ဒီမိန်းမ ရေမသောက်သေးဘူး။ လက်စသတ်တော့ သူ့လင်တော်မောင်အတွက် ရေလာခပ်တာကိုး။

ဒေါ်ဆုံမ လူဝင်စားဖို့ကိစ္စ ချက်ချင်း အသိက နိုးထလာပြန်သည်။ ဒီမိန်းမ သူ့လင်တော်မောင်ကို ရေတိုက်ပြီးလျှင် သူရေလာသောက်မှာပဲ။ အတော်ပဲ ခု .. သူ့ယောက်ျားရေသောက်နေပြီ။ သူ့မိန်းမက သူ့ယောက်ျားရေသောက်နေသည်ကို ပြုံးကြည့်ပြီး ပီတိဖြစ်နေလိုက်တာ။

ဟင် ... ဒေါ်ဆုံမ တော်တော် စိတ်ဓာတ်ကျသွားသည်။ သူ့ယောက်ျားက သူ့မိန်းမခပ်ပေးသည့် ရေကို ကုန်အောင်မသောက်။ ယောက်ျားရင့်မာကြီး ဖြစ်နေပြီး ဒီရေတစ်ခွက်တောင် မကုန်နိုင်။ ဟော ... လက်စသတ်တော့ သူ့မိန်းမသောက်ဖို့ တစ်ဝက် ချန်ထားတာကိုး။ ဟင် ... ကြည့်ရ နေလိုက်ကြတာ။ ဟာ .. ဒီမိန်း



www.burmeseclassic.com

www.burmeseclassic.com

တော့ ရေလာသောက်မှာ မဟုတ်တော့ဘူး။ ပန်းကန်ခွက်ယောက်တွေကို ကောက်သိမ်းနေပြန်ပြီ။ ဟောဟော ... ထွက်လာပြီ။ အိုးခွက်ပန်းကန်တွေနဲ့ ရေကပြင်ကို ပန်းကန်ဆေးဖို့။

ဒေါ်ဆုံမမှာ မျှော်လင့်ချက်နှင့် အသက်ပင် မရှူမိဘဲ ထိုမိန်းမ လှုပ်ရှားမှု အခြေအနေမှန်သမျှကိုသာ မျက်တောင်မခတ် စောင့်ကြည့်နေရ၏။ ဘုရား၊ တရားမလို့ ဒီမိန်းမ ရေသောက် မဝလာပါစေနှင့်။ သူ့လင်တော်မောင်နှင့် ရေတစ်ခွက်ကို တစ်ယောက်တစ်ဝက် သောက်လိုက်ကြတာပဲ။ ဘယ်နည်းနဲ့ဆို ဒီမိန်းမ ရေတော့ ထပ်သောက်ဦးမှာပဲ။ ငါ စောစောက ဟင်းခွက်ထဲခုန်ချသလို ပိုးကောင်ဘဝနဲ့ ရေအိုးထဲ ခုန်ချလို့တော့ မဖြစ်ဘူး။ ဒီတစ်ခါ အမှိုက်ကလေးအဖြစ်နဲ့ ခုန်ချထားလိုက်မှ။

ဤအတွေးနှင့် ဒေါ်ဆုံမ အမှိုက်ကလေးအဖြစ်နှင့် ရေအိုးထဲ ဆင်းနေလိုက်၏။ ခက်ပြန်ပြီ။ ဒီမိန်းမကလည်း စည်းကမ်းမရှိလိုက်တာ။ သောက်ရေအိုး၊ သုံးရေအိုး သီးသန့်မရှိပါလား။ ဒီရေနဲ့ပဲ ဆေးကြောဖို့ ခပ်လိုက်တော့ ပန်းကန်ဆေးဖို့ ခပ်လိုက်တဲ့ ရေမှုတ်ထဲ ဝဲကတော့ထိုးပြီး ချာလပတ်လည် ပါလာရပြန်၏။ မဖြစ်ချေပြီ။ လူဝင်စားဖို့ လိုက်လာမိကာမှ ဒီမိန်းမ စည်းကမ်းမရှိတာကြောင့် ဆေးအင်တုံထဲမှာ ပန်းကန်နှင့် ဆေးအင်တုံနှုတ်ခမ်းကြိတ်ညှပ်မိပြီး လူမဖြစ်လိုက်ရသည့်အပြင် တစ္ဆေဘဝကနေ စုတေပြီး မှင်စာလေး ဖြစ်သွားလျှင် ဒုက္ခ။

ဒေါ်ဆုံမ လန့်ဖျပ်ပြီး အမှိုက်ကနေ အိမ်မြှောင်လုပ်လိုက်ကာ ရေမှုတ်ထဲက ကမန်းကတန်း ခုန်ဆင်းလိုက်ရသည်။

"ဟဲ့ ... သောက်ပလုတ်တုတ် လန့်လိုက်တာ"

အငေါ့လုပ်ရမည့် မိန်းမရင်ခွင်ထဲသွားကျတော့ ထိုမိန်းမ လန့်အော်လိုက်၏။

"ဟဲ့ ဘာလဲ။ ဘာဖြစ်တာလဲ"

ထိုမိန်းမယောကျ်ားလည်း ထိုမိန်းမနား ပြေးရောက်လာသည်။

"ဟဲ ... ဟဲ ဘာမှ မဟုတ်ပါဘူး။ အိမ်မြှောင်တစ်ကောင်ရယ် လူပေါ်ပြုတ်ကျလို့"

ယောကျ်ားက ထိုမိန်းမကိုကြည့်ပြီး ရယ်နေသည်။ ထိုမိန်းမကလည်း အရှက်ပြေ ရယ်နေ၏။

ဒေါ်ဆုံမမှာတော့ ထိုမိန်းမရင်ခွင်ထဲက ကမန်းကတန်း ခုန်ထွက်ပြီး နီးစပ်ရာ တိုင်တစ်တိုင်ပေါ် ဖက်တက်ပြေးလာရသည်။ မောလိုက်တာ။ ဟောဟဲ ဟောဟဲနှင့် ဝေဒနာသစ်တစ်ခု ပေါ်လာပြန်သည်။

လည်ချောင်းအောက်မှာ ဖုတ်လိုက် ဖုတ်လိုက်ဖြစ်ပြီး ရင်ခုန်လာ၏။ မောလွန်း၊ ရင်ခုန်လွန်း၍ တိုင်ပေါ်က ပြုတ်မကျအောင် အားတင်းဖက်ထားရသည်။ ဒီမိန်းမဗိုက်ထဲ ဝင်လို့မှ ရပါဦးမလားဟူသော စိုးရိမ်ပူပန်စိတ်ကလည်း နှိပ်စက်လာပြန်သည်။ ထိုအခါမှ ပို၍ မောလာ၊ ရင်ခုန်လာပြန်၏။ သို့သော် လူဝင်စားဖြစ်ချင်နေသော ဥပါဒါန်အစွဲအလမ်းကိုမူ ဘယ်လိုမှ ဖျောက်မရသေး။

လူ၏အဖြစ်ကိုရဖို့ရန်မှာ အလွန်ခဲယဉ်းလှသည်။ ထို့ကြောင့်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားက "မနုဿတ္တဘာဝေါဒုလ္လဘော"ဟု ဟောကြားခဲ့ခြင်း ဖြစ်လေသည်။ လူ၏အဖြစ်ကို ရရန်မှာ မြဟ္မာပြည်ကချလိုက်သော အပ်တစ်စင်းနှင့် လူ့ပြည်ကအပ်တစ်စင်းသာ ထိမိမည်။ လူ့အဖြစ်ကို ရရန် မလွယ်ကြောင်း ဥပမာဆောင်ခဲ့သည်။

ထို့ပြင် တဝနာခသီခသုတ်၌ ဘုရားရှင်က "ရဟန်းများတို့ ငါ၏လက်သည်းတော်ဖျားတွင် တင်ထားသော မြေမှုန့်စုနှင့် မဟာပထဝီတစ်ပြင်လုံးတွင် ရှိနေသော မြေမှုန့်တို့ကို အနည်းအများအားဖြင့် နှိုင်းယှဉ်သည်ရှိသော် အဘယ်မြေမှုန့်က နည်းပါး၍ အဘယ်မြေမှုန့်က များပြားမည်နည်း"ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က လက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်စုက အလွန်နည်းပါးကြောင်း၊ မဟာပထဝီ တစ်ပြင်လုံးမှာ ရှိနေသော မြေမှုန့်စုက အလွန်များပြားပါကြောင်း ၎င်းမဟာပထဝီမြေမှုန့်နှင့် အနည်းအများအားဖြင့် နှိုင်းယှဉ်သည်ရှိသော် ဘုရားရှင်၏ လက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်သည် ရှိသည်ဟု မပြောဆိုလောက်ပါကြောင်း ဖြေကြားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ... ဤဥပမာအားနှင့် ဥစ္စာ ဤလူ့ပြည်မှ သေလွန်ကြကုန်သော သူအပေါင်းတို့တွင် လူ့ပြည်၊ နတ်ရွာတို့တွင် ဖြစ်ကြရသောသူ၊ နတ်ပြည်တို့မှ သေလွန်ကြသော သူအပေါင်းတို့

www.burmeseclassic.com

တွင် နတ်ပြည်လူ့ပြည်တို့မှာ ဖြစ်ကြရသောသူများသည် ငါ၏လက်သည်းတော်ဖျား၌ တင်ထားအပ်သော မြေမှုန့်ကဲ့သို့ အလွန်နည်းပါးပါ၏။ အပါယ်လေးဘုံ၌ဖြစ်ကြရသော သူတို့သည်ကား မဟာပထဝီမြေမှုန့်ကဲ့သို့ အလွန်ပင်များပြားကုန်၏ဟူ၍လည်းကောင်း၊ တစ်ဖန် အပါယ်လေးဘုံတို့မှ သေလွန်ကြကုန်သော သူအပေါင်းတို့တွင် လူ့ပြည်၊ နတ်ပြည်တို့မှာ ဖြစ်ရသောသူများသည် ငါ၏လက်သည်းတော်ဖျား၌တင်ထားသော မြေမှုန့်ကဲ့သို့ အလွန်နည်းပါးပါ၏။

အပါယ်လေးပါးတို့၌ အဖန်တလဲလဲ ဖြစ်နေကြကုန်သော သတ္တဝါတို့ သည်သာလျှင် အလွန်များပြားကြကုန်၏ဟူ၍လည်းကောင်း ဟောကြားတော်မူလေ၏။

ကာဏကစ္ဆပသုတ်၌လည်း တစ်ရံရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ ဤသို့ မိန့်ကြားလေသည်။

"ရဟန်းတို့ . . . မဟာသမုဒ္ဒရာကြီး၌ မျက်စိနှစ်ဖက် ပျက်ကွယ်သော လိပ်ကန်းငယ်တစ်ခုသည် ရှိရာ၏။ ထိုလိပ်ကန်းငယ်သည် နက်လှစွာသော ရေ၏ အတွင်း၌ ဦးခေါင်း လှည့်မိလှည့်ရာ မရပ်မနားသွား၍ နေ၏။ အနှစ်တစ်ရာ အနှစ်တစ်ရာရှိမှ ရောက်လေရာရာ၌ တစ်ကြိမ်တစ်ကြိမ်သော အထက်ရေပေါ်သို့ ဦးခေါင်းပေါ်၏။ တစ်ဖန် မဟာသမုဒ္ဒရာကြီး၌ပင်လျှင် တစ်ခုသောအရပ်၌ ရထားထမ်းပိုးတုံးတစ်ခုသည် ကျရောက်နေရ၏။ ထိုထမ်းပိုးတုံးသည် အပေါက်တစ်ခုသာ ရှိ၏။ လေလိုက်၊ လှိုင်းလိုက်၊ ရေကြောင်းလိုက် မရပ်မနား လွင့်မျောကာနေ၏။ ထိုသို့ နေရာတွင် အကြင်တစ်ခါ၌ လိပ်ကန်းငယ်၏ ဦးခေါင်းပေါ်ရာ အရပ်သို့ ထမ်းပိုးတုံးသည် ရောက်လေ၍ လိပ်ကန်း၏ဦးခေါင်းသည် ထမ်းပိုးပေါက်၌ လျှိုမိစွပ်မိလေရာ၏။ ထိုသို့ လျှိုမိစွပ်မိသော အခါအခွင့်သည် ကြုံကြိုက်နိုင်မည်လောဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က ကြုံကြိုက်နိုင်စရာ မရှိပါကြောင်း၊ သို့ရာတွင် မြတ်စွာဘုရား ကမ္ဘာမည်သည် အလွန်ကြာရှည်လှသည်ဖြစ်၍ လိပ်ငယ်သည်လည်း မသေမပျောက် ထမ်းပိုးသည်လည်း မပုပ်မဆွေး ကာလ အရှည်တည်နေပါကုန်မူကား တစ်ကြိမ်တစ်ခါကြုံကြိုက်သော် ကြုံကြိုက်ရန်ရှိပါကြောင်း ဖြေကြားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက –

"ရဟန်းတို့ . . ဤအခွင့်အရေးသည် ခဲယဉ်းသည်ဟု မဆိုလောက်သေး။ ဤအခွင့်အရေးထက် အဆတစ်ထောင်မက ခဲယဉ်းသော အရာသည် ရှိသေး၏။ အဘယ်အရာနည်းဟူမူ ဤလူ့ဘဝမှသေလွန်၍ အပါယ်လေးဘုံသို့ တစ်ကြိမ်ကျရောက်သောသူသည် လူ့ဘုံလူ့ဘဝသို့ တစ်ဖန်ပြန်ရောက်နိုင်ရန် အခွင့်အရေးပေတည်း။

ဤအခွင့်အရေးသည် လိပ်ကန်းနှင့် ထမ်းပိုးတို့၏ အခွင့်အရေးထက် အဆအရာမက အဆအထောင်မက သာလွန်၍ ခဲယဉ်းချေသည်။ အဘယ်နည်းဟူမူ လူ့ဘဝ၊ နတ်ဘဝမည်သည် အကုသိုလ်ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုကို ပြုကျင့်သောသူများမှ လူဖြစ်နိုင်သည်၊ နတ်ဖြစ်နိုင်သည်။

အပါယ်ဘုံ၌ကား အကုသိုလ်မှန်း၊ ကောင်းမှုမှန်း၊ မကောင်းမှုမှန်း၊ သုစရိုက်မှန်း၊ ဒုစရိုက်မှန်း မသိကြကုန်ပြီ။ နိုင်ရာနိုင်ရာ သတ်မှုစားမှု အစရှိသော အကုသိုလ် ဒုစရိုက်တို့နှင့်သာ နေကြရကုန်တော့သည်။ ငရဲဘုံ၊ ပြိတ္တာဘုံတို့မှာ ခံနေကြရသော ဒုက္ခအတွက် စိတ်ပူ၊ စိတ်လောင်၊ စိတ်ဆိုး၊ စိတ်ညစ်တို့နှင့်သာ နေကြရကုန်တော့၏။

ထို့ကြောင့် လူ့ဘုံ လူ့ဘဝသို့ တစ်ဖန်ပြန်ရောက်ရန် အခွင့်အရေးသည် လိပ်ကန်းထမ်းပိုးနှင့်အရေးထက် အဆအရာ၊ အဆအထောင်မက သာလွန်ခဲယဉ်းလေသည်"

ဟု ဟောတော်မူသည်။

(သံယုတ္တနိကာယ် (၃)တွဲ လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာဒီပနီကျမ်း)

လူ့ဘဝသည် ဤမျှ ခဲယဉ်းလျက် ယခု ကမ္ဘာပေါ်တွင် လူဦးရေ သန်းပေါင်း ထောင်ချီ၊ သောင်းချီ ဖြ လာနိုင်ပါ့မည်လားဟု အချို့က ဆို သည်။ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသု ရကာယ် စသည့် အပါယ်လေးဘုံရှိ လူတို့ မမြင်ရ မမြင်နိုင်သော ငရဲ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့ကို ထား၍ တိရစ္ဆာန်တစ်ဘုံတည်း၌ရှိ သော တိရစ္ဆာန်တစ်ဘုံတည်း ကြည့်ခြင်းမျှနှင့်လည်း ဤကိစ္စ အဖြေပေါ်လာနိုင်ပါသည်။

ခြတောင်ပို့တစ်ခုမှ ခြကော



www.burmeseclassic.com

www.burmeseclassic.com

၏ အရေအတွက်၊ ပိုးပုရွက်တစ်ကျင်းမှ ပိုးပုရွက်ကောင်များ၏ ပမာဏနှင့် ယခု ကမ္ဘာပေါ်ရှိ လူဦးရေပမာဏ အဘယ်က များနိုင်မည်နည်း။ ခြတောင်ပို့ပေါင်းများစွာ၊ ပိုးပုရွက်ကျင်းပေါင်းများစွာနှင့် နှိုင်းစာကြည့်လျှင် ယခု ကမ္ဘာပေါ်ရှိ လူဦးရေမှာ မြတ်ဗုဒ္ဓ၏ လက်သည်းဖျားပေါ် တင်ထားသော မြေမှုန့်စုမျှသာ ရှိနိုင်သည်မှာ ထင်ရှားလှပေသည်။

တိုးပွားလာသော လူဦးရေနှင့် ပတ်သက်၍ တွေးတောယူဆရန်မှာ သာသနာတွင်းဖြစ်ခြင်း၊ ဓမ္မ၊ အဓမ္မ ခွဲခြား၍ သိနေကြခြင်း၊ မည်သည့်ဘာသာ မည်သည့်လူမျိုးမဆို ယခုခေတ်တွင် လူလူချင်း စာနာထောက်ထားမှု ရှိကြခြင်း၊ ထောက်ပံ့ပေးကမ်း ကူညီရိုင်းပင်းကြမှုကို တစ်ကမ္ဘာလုံးတွင် ပြုလုပ်နေကြခြင်း၊ အထူးသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပနေကြခြင်း၊ ယဉ်ကျေးလာကြခြင်း၊ လူသားအချင်းချင်းသာမက တိရစ္ဆာန်များကိုပါ စာနာစိတ်၊ သနားကရုဏာစိတ်နှင့် ကယ်ဆယ်ကြခြင်း။

လွန်ခဲ့သော လေးငါးခြောက်နှစ်ခန့်ကဟု ထင်သည်။ မြန်မာ့ရုပ်သံက ထုတ်လွှင့်ပြသသွားသော (DISCOVERY) တွင် လင်းပိုင်လေးတစ်ကောင်အားကယ်ဆယ်ရန် အလှူငွေကောက်ခံရာ၌ ဒေါ်လာ ခုနစ်သန်းမျှ ရရှိလေသည်။

ထိုအလှူရှင်များထဲတွင် ကုသိုလ်၊ အကုသိုလ်ကို သိသူ၊ ဤတိရစ္ဆာန်လေးအား ကယ်လိုက်ခြင်းအတွက် နတ်ပြည်၊ နတ်ရွာ၊ သုဂတိဘုံ ဘဝရောက်ရမည်ဟု ယုံကြည်သူ၊ နောက်ဘဝကောင်းစားရေးကို မျှော်ကိုး၍ အလှူငွေထည့်ဝင်သူ စသည် စသည် ယုံကြည်ချက်နှင့် အလှူငွေ ထည့်ဝင်ကြသူများအား တစ်ရာတွင် တစ်ယောက်မျှသာပင်ပါကောင်းပါပေမည်။

ဤသို့ တိရစ္ဆာန်လေးတစ်ကောင်အား ကယ်လိုက်ရခြင်းမှာ မိမိတို့အတွက် မည်သည့်မျှော်လင့်ချက်မျှ မပါဘဲ ဖြူစင်သန့်ရှင်းသော စေတနာ၊ လူသားပီသသော စာနာစိတ်ရင်း တစ်ခုတည်းနှင့်သာ အလှူငွေ ပါဝင်ခဲ့ကြခြင်း ဖြစ်လေသည်။ ကုသိုလ်၊ အကုသိုလ် ရရှိမှုမှာ မည်သည့်လူမျိုး၊ မည်သည့်ဘာသာမဆို ကုသိုလ်၊ အကုသိုလ်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အကုသိုလ်အမှုကို ပြုလုပ်လျှင် အကုသိုလ်ရ၍၊ ကုသိုလ်အမှုကို ပြုလုပ်လျှင် ကုသိုလ်ရကြမည်သာ။ (ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ)

ယခု ဗုဒ္ဓဘာသာဝင် လူ့ဘဝမှ ပြိတ္တာဖြစ်သွားသော ဒေါ်ဆုံမမှာ ပြိတ္တာဘဝ၌လည်း ကုသိုလ်၊ အကုသိုလ်ကို သိနေသဖြင့် တိရစ္ဆာန်ဘဝနှင့်စာသော် တော်သေးသည်ဟု ဆိုရမည်။ သို့သော် ပြိတ္တာတစ္ဆေတို့၏ အသိဉာဏ်နည်းပါးမှု၊ ရုပ်ဝတ္ထုတစ်ခုပေါ်၌သာ အထင်ရောက်မှုကြောင့် ပိုးကောင်ငယ်၊ အမှိုက်စအဖြစ်နှင့် လူမိန်းမ၏ဗိုက်ထဲ ရောက်သွားလျှင် လူဝင်စား၍ရပြီ။ လူပြန်ဖြစ်ပြီဟု မှားယွင်းစွာသောအသိဖြင့် လူဝင်စားရန် ပိုးကောင်၊ အမှိုက်၊ အမှုန်အဖြစ်နှင့် မိန်းမသူတစ်ယောက်၏ ဗိုလ်ထဲဝင်ရန် မသိမိုက်မဲစွာ ကြိုးစားအားထုတ်နေသည်။

အမှန်က လူ့ဘဝ၊ လူ့ပဋိသန္ဓေနေမည့်သူတွေ အင်္ဂါသုံးပါးနှင့် ညီညွတ်ရသည်။ အင်္ဂါသုံးပါးနှင့် ညီညွတ်မှ ထိုသတ္တဝါ လူဖြစ်လာပေမည်။

မိမာတာ ကြာခန်းက
ပန်းရတု ရာသီ
ပွင့်ဆဲစ ခါမို
တူယှဉ်မီ ပျော်ပါး
ကိန်းထိုက်တဲ့ ထိုသူငယ်
တူယှဉ်ဖွယ် စုတိစိတ်ငြား။
(သဂြိုဟ်သရုပ်ဆန်း)

မာတုကာမိခင်၏ ပန်းရတုလာပြီးစအချိန်။ သားအိမ်သန့်ရှင်းနေချိန်။ မိခင်၊ ဖခင်ဖြစ်ထိုက်သော ထိုသူနှစ်ဦး၏ တူယှဉ်ပျော်ပါးချိန်၊ သတ္တဝါတစ်ဦး၏ စုတိစိတ်ကျချိန်တို့ ဖြစ်သည်။

ဤသည်မှာလည်း ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယော ဇာတိ ကာမုပါဒါန်၏ စွဲလမ်းမှုတရား ကိုယ်မှာ လောဘနှင့် ဒိဋ္ဌိဖြစ်ပြီး ဘဝကို ဖြစ်စေတတ်သောကြောင့် ဇာတိပဋိသန္ဓေကို ရရှိခြင်းဖြစ်သည်။ စုတိနှင့် ပဋိသန္ဓေနှစ်ခုကြားတွင် ဘဝတစ်ခု မရှိ။ စုတိသည်နှင့် ပဋိသန္ဓေဖြစ်သဖြင့် ဘဝပြောင်း၊ ဘဝသစ်တွင် အကြား မရှိပေ။

အခါတစ်ပါး၌ နတ်မျက်စိအလား ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် တလောကလုံးရှိ သေနေ ပဋိသန္ဓေနေ သူတို့ကို အရှင်မဟာကဿပမထေရ် မြတ်က ဆင်ခြင်သုံးသပ်နေသည်ကို သိတော်မူသော ဘုရားရှင်က –

သတ္တာနံ စုတူပ ပါတောနာမ ဗုဒ္ဓဉာဏေနပိ အပရိစ္ဆိန္နော၊

မာတုကုစ္ဆိယံ ပဋိသန္ဓိ ဂဟေ



www.burmeseclassic.com

ဝတ္ထာ မာတာပိတဲရော အဓာနာပေတွာ၊
ဝစန သတ္တာနုံနံ ပရိစ္ဆေဒေါကာ
တုံ နသတ္တွာ၊

ဓာနီတုံ ပသုတုံ ဗုဒ္ဓါန မော၀
ဝိသယော။

ဟု ဟောကြားတော်မူလေသည်။

သတ္တဝါတို့၏ သေခြင်း၊ ပဋိသန္ဓေ နေခြင်းသည် ဗုဒ္ဓဉာဏ်တော်ဖြင့် သော်မှ မပိုင်းဖြတ်နိုင်။ မိခင်ဝမ်းဗိုက်၌ ပဋိသန္ဓေနေ၍ အမေ၊ အဖေတို့ မသိစေဘဲ သေခဲ့သော သတ္တဝါတို့၏ အပိုင်းအခြားကို ရေတွက်ခြင်းငှာ မတတ်နိုင်။ သေခြင်း၊ ပဋိသန္ဓေနေခြင်းတို့ကိုသိရန် သင့်အရာမဟုတ်။ ကသာပ မမေ့လျော့ခြင်းသည်သာ သင့်အရာပေတည်း။

အလုံးစုံသော အခြင်းအရာအား ဖြင့် သေသူတို့ကိုလည်းကောင်း၊ ပဋိသန္ဓေနေသူတို့ကို လည်းကောင်း သိခြင်း၊ မြင်ခြင်းငှာ မြတ်စွာဘုရားတို့ အရာတည်း။ (ဓမ္မ (၁) ၁၆၅)

မောလွန်း၊ ရင်ခုန်လွန်း၍ တိုင်ကိုဖက်တွယ်ထားသော ဒေါ်ဆုံမ အိမ်မြှောင်၏ နားထဲမှာ အိမ်မြှောင်စုတ်ထိုးသံကို ကြားနေရသည်။ ပြီး ဉပါဒါန်၏ အစွဲအလမ်းကြောင့်လားမသိ။ ထိုမိန်းမသူ၏ ရင်ခွင်ထဲမှာ ခုန်ထွက်လာစဉ်က ထိုမိန်းမသူ၏ လန့်ဖျပ်ရင်ခုန်သွားသံသည် ယခုအခါ ဒေါ်ဆုံမ၏ အိမ်မြှောင်ကိုယ်ထဲ ဝင်ရောက်လာသည်။ မိမိရင်ခုန်သံထက် အင်အားကြီးမားသော၊ ပြင်းထန်လွန်းသော ရင်ခုန်သံကို ဒေါ်ဆုံမအိမ်မြှောင်က လေး မခံနိုင်တော့။ နာမ်ချင်းဆက်သွယ်သွားသော ထိုမိန်းမ၏ ရင်ခုန်သံ ပြင်းထန်မှုကြောင့်ပင် ဒေါ်ဆုံမ သတိမေ့မြောသွားသည်။

စာသစ်စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလောင်၊ ကျဉ်းမြောင်းမည်းမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌ လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးဖျားလက်ဆုပ်၊ သစ်ငုတ်တိုမှာ၊ မျောက်အိုကုတ်သို့၊ မလှုပ်မယှက်၊ သေသတ်လက်ဝယ်၊ ဆိတ်သူငယ်ကို အလမ္ပာယ်မိ၊ မြွေငယ်ရှိသို့၊ အမိစပ်ခါ၊ ပူအေးစားသော့၊ သည်းဖျားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လေကမ္မဇ၊ ဦးစောက်ချကာ၊ မက်ဝသို့ ရောက်၊ သံခေါင်းပေါက်မှ၊ ဆွဲမြှောင်ဆင်ပြောင်၊ သံတောင်ကြိတ်ခြေ၊ နေရယိကာ၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပင်ပန်းစွတည်း . . .

မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ ပရမတ္ထသရုပ ဘေဒနီတွင် ပဋိသန္ဓေနေရခြင်း ဒုက္ခဆင်းရဲကို အထက်ပါအတိုင်း သံဝေဂလင်္ကာဖြင့် ဖော်ပြထားလေသည်။

သို့သော် မည်သို့ဆိုစေ လူဝင်စားရန် ဉပါဒါန်အစွဲကြီးလွန်းသော ဒေါ်ဆုံမပြိတ္တာသည် ဆွဲလဲရွာ ဦးထွန်းဆင့်+ဒေါ်ဖွားဆိုင်တို့၏ သမီးဦး၊ သမီးကြီး မလှသိန်းအဖြစ် မွေးဖွားလာလေသည်။

မလှသိန်း၏နောက်တွင် ဦးထွန်းဆင့်+ဒေါ်ဖွားဆိုင်တို့က မောင်ငပေ၊ မောင်ပေါက်၊ မောင်အောင်၊ မောင်သောင်း စသည် သားယောကျ်ားလေးယောက်ကိုလည်း မွေးဖွားလေသည်။

အကြီးဆုံးလည်းဖြစ်၊ တစ်ဦးတည်းသော သမီးလည်းဖြစ်သော မလှသိန်းမှာ လူဝင်စားတို့၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ခေါင်း၌ အမှတ်ဒဏ်ရာပါသည်။ ထိုဒဏ်ရာမှာ ညောင်ချဉ်ဖူးတက်ခုတ်ပေးသော ယခင်ဘဝဟောင်းက ဦးဖိုးစာ၏ ဓားချက်ပင်။

ဘဝဟောင်းက မိဟောင်း၊ ဖဟောင်း၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးများကို သိခြင်း၊ ပြောပြနိုင်ခြင်း စသည်တို့မှာ ဇာတိဿရဉာဏ်ပါလာသော လူဝင်စားတို့၏ ထုံးစံပင်ဖြစ်သဖြင့် စာရေးသူ အကျယ်မရေးလိုတော့ပေ။

ယခုအခါ ဒေါ်လှသိန်းမှာ ဆွဲလဲရွာ၌ပင် ရဟန်းဒကာမအဖြစ် ရှိနေသည်။ ထို့ကြောင့် ဒေါ်ဆုံမ၏ သုံးဘဝခရီး စာမျက်နှာသည် ဤမှာပင် နိဂုံးတံလေသတည်း . . . ။

---

**ဝေယံလင်းခေါင်**

---



www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း … ဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ခဲ့၍ ဘဝ …
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အ … ၁)

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တပညာရှင်

ASTRO-PALMIST EXPERT

သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားရှေ့တန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်နေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်
ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၁၄၀၉၃၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မကောင်းမှုကိုပယ် ကောင်းမှုကိုဆယ်

ပီတာမြဦး

တနင်္လာနေ့နံနက်တိုင်း အကျဉ်းထောင်အတွင်း လှည့်လည်စစ်ဆေး၍ အကျဉ်းသားများနှင့် တွေ့ဆုံကာ သူတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခြင်းသည် အကျဉ်းထောင် တာဝန်ခံအရာရှိ (ထောင်ပိုင်)တစ်ယောက်အနေနှင့် အကျဉ်းထောင်လက်စွဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းပါပေ။

"ဆရာ အချိန်ရရင် ကျွန်မရုံးခန်းမှာ ခဏလောက်ဝင်နားပါလားရှင်"

ကျွန်ုပ်သည် ထိုနေ့နံနက်က အမျိုးသားထောင်ကျဆောင် အချုပ်ဆောင်အလုပ်ကြီးဘက် ထမင်းချက်ဖိုကြီးတိုက်ခန်းများနှင့် ထောင်ဆေးရုံတို့ကို အစဉ်အတိုင်း ဝင်ရောက်စစ်ဆေးခဲ့သည်။ ထို့နောက် အမျိုးသမီးအချုပ်ဆောင်၊ ထောင်ကျဆောင်များကို စစ်ဆေးပြီး ပြန်ထွက်မည်ပြုစဉ် ထောင်ကျဆောင်တာဝန်ခံထောင်မှူး ဒေါ်ခင်မမက အလေးပြု၍ ပြောလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်က ဒေါ်ခင်မမ၏ မျက်လုံးများအတွင်း စူးစိုက်အကဲခတ်လိုက်ရာ တစ်စုံတစ်ရာစင်ပြလိုသောအရိပ်လက္ခဏာများ ယှက်သန်းနေသည်ဟု ထင်လိုက်မိ၏။

ထို့ကြောင့် ခေါင်းတစ်ချက်ဆတ်ပြကာ သူမ၏ရုံးခန်းအတွင်းသို့ ဝင်လိုက်၏။ ရုံးခန်းစားပွဲပေါ်၌ ကော်ဖီနှင့် ကိတ်မုန့်၊ လက်ဖက် စသော စားဖွယ်ရာများအသင့် ပြင်ဆင်ထားသည်ကို မြင်ရသောအခါ စိတ်ထဲက ပြုံးလိုက်မိ၏။ ဒေါ်ခင်မမသည် ကျွန်ုပ်အား ဒီမနက်ကျမှ ရုတ်တရက်စိတ်ကူးပေါက်ကာ ဖိတ်ခေါ်လိုက်ခြင်းမဟုတ်ဘဲ ကြိုတင်စီမံထားခြင်းဖြစ်မည်ဟု ယူဆမိလိုက်၍ဖြစ်၏။

"ကဲ•ပြော ခင်မမ၊ ဆရာ့ကို ဘာအကြောင်းထူး တင်ပြစရာရှိနေလို့လဲ"

"အို•••ကျွန်မ အကြောင်းထူး တင်ပြမှာကို ဆရာက ဘယ့်နှယ်လုပ်ပြီး ကြိုသိနေရတာလဲ"

ဒေါ်ခင်မမက အံ့အားတသင့်မေးသည်။ ကျွန်ုပ်က ပြုံးလျက် -

"ဟောဒီစားပွဲပေါ်က စားစရာတွေနဲ့ ခင်မမရဲ့မျက်လုံးတွေမှာ ပေါ်နေတာပဲဟာ"

ဒေါ်ခင်မမက သွားတက်ကလေးများ ပေါ်လာသည်အထိ ရယ်လိုက်ကာ

"အဲဒီလို လျှပ်တစ်ပြက် အထဲခတ်ကောင်းလို့ ဆရာ့ကို 'မားခင်စိန်' အကြောင်း ပြောပြချင်လို့ ဖိတ်ခေါ်လိုက်ရတာပါ"

"မားခင်စိန်ဆိုတာ ဘယ်သူထဲကွယ့်"

"ရိုက်မှုနဲ့ ထောင်ကျလာတဲ့ အကျဉ်းသူတစ်ယောက်ပါ ဆရာ"

"ရိုက်မှုနဲ့ကျလာတဲ့လူကို ဘာလို့ မားခင်စိန်လို့ ခေါ်ရတာလဲ"

"အမှန်တော့ မခင်စိန်ဟာ ဝက်သတ်သမားပါဆရာ"

"ဟော•••မိန်းမက ဝက်သတ်တယ်ဟုတ်လား"

"တကယ်တော့ မခင်စိန်ဟာ အရင်က သာမန်ဈေးသည်တစ်ယောက်ပါ။ သူ့ယောက်ျားဝက်သတ်သမား ဖြစ်ခြင်ကြောင့် မခင်စိန်ခမျာ ဒီဘဝရောက်လာခဲ့ရတာပါ"

"ဟာ•••ခင်မမပြောတာ ရှင်းမလိုလိုနဲ့ ရှုပ်လာပါလား"

"ဟုတ်ကဲ့ ကျွန်မ စကားပြောနည်းနည်းလောသွားလို့ပါ။ ဒီလိုပါဆရာ



www.burmeseclassic.com

www.burmeseclassic.com

စားမြဒင်ဆိုတာ ပဲခူးတိုင်းဒေသကြီး ဒါးပိန်မြို့နယ် ညောင်ပင်သာကျေးရွာကပါ။ စားမြဒင်ဖြစ်ရတာ စားရေးကျွမ်းကျင်လို့ မဟုတ်ပါဘူး။ သူ့တစ်ကိုယ်လုံး စားဒဏ်ရာတွေနဲ့ ပြည့်နက်နေလို့တဲ့။ အဲဒီဒဏ်ရာတွေကလည်း သူ့အသက်မွေးကြောင်းအလုပ်ဖြစ်တဲ့ ဝက်သတ်ရာကနေ မတော်တဆ ထိခိုက်မိလို့ရလာတာတဲ့ရှင်။ အထင်ရှားဆုံးက သူ့မျက်နှာပေါ်မှာ ကန့်လန့်ဖြတ်စားဒဏ်ရာကြီးတဲ့ဆရာ။ အဲဒါကြောင့်လည်း စားမြဒင်ဆိုတဲ့နာမည် ရလာတာတဲ့"

"ဒါဖြင့် စားခင်စိန်ကျတော့ကောကွယ်"

"ဟုတ်ကဲ့ စားမြဒင်က ဝက်ပေါ်တဲ့နေရာမှာ မွေးရာပါအတတ်ပညာတစ်ခုလို အလွန်ကျွမ်းကျင်တာတဲ့။ ရွာထဲကလူတွေကလည်း စားမြဒင်ပေါ်တဲ့ဝက်သားမှ ကောင်းတယ်ကြိုက်တယ်ဆိုပြီး နာမည်ကြီးလှသတဲ့။ သူ ဘယ်လောက်နာမည်ကြီးလည်းဆိုရင် သူ့ရွာမှာတင်မကဘူး။ အနီးပတ်ဝန်းကျင်ကရွာတွေမှာ သာရေးနာရေးကိစ္စရှိလို့ ညဥ့်နက်သန်းခေါ်ခေါ် ၁န်းလွဲ လာခေါ်လည်း မငြင်းဘဲ လိုက်သွားတာပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဝက်တစ်ကောင်ပေါ်ပေးရင် သူ့အတွက် ဝမ်းတွင်းသားအစုံဖြစ်ဖြစ်၊ အသားတစ်ပိဿာဖြစ်ဖြစ် ကြိုက်ရာယူနိုင်လို့တဲ့ ဆရာ"

"အင်း"

"ဒါပေမယ့် တစ်ခုဆိုးတာက စားမြဒင်ဟာ မသောက်ရမနေနိုင်လောက်အောင် တဖြည်းဖြည်း အရက်စွဲလာခဲ့တာတဲ့။ နောက်ပိုင်း မသောက်ရရင် လက်တုန်ပြီး ဝက်ကောင်းကောင်းမပေါ်နိုင်တဲ့အထိ ဖြစ်လာတယ်။ အဲလိုအရက်မူးမူးနဲ့ ပေါ်ပြန်တော့လည်း ဝက်သားပုံစံတွေ မလှမပဖြစ်လာတာနဲ့ သူ့မိန်းမ မခင်စိန်မနေနိုင်တော့ဘဲ သူ့ကိုယ်တိုင် ဝင်ကူရသတဲ့။ ဒီလိုနဲ့ စားမြဒင်အရက်နာကျပြီး အသည်းရောဂါနဲ့ တိမ်းပါးသွားတဲ့အခါ မခင်စိန်က မိသားစုစားဝတ်နေရေးအတွက် မိန်းမတန်မဲ့နဲ့ ဝက်သတ်တဲ့အလုပ် လုပ်လာရတော့တယ်။ မခင်စိန်ဟာ စားမြဒင်နဲ့ အချိန်အတော်ကြာ အတူပူးတွဲပြီး သတ်ခဲ့ရလေတော့ သူ့လက်ရာကလည်း စားမြဒင်အတိုင်းပဲဆိုပြီး တစ်ရွာလုံးက ဝိုင်းအားပေးကြတာနဲ့ နာမည်ပါ စားခင်စိန်ဖြစ်လာတာတဲ့ဆရာ"

"ဒါနဲ့ ဝက်သတ်တဲ့သူက ဘာလို့ ရိုက်မှုနဲ့ ရောက်ရတာလဲကွယ့်"

"တစ်နေ့မှာ ညောင်ပင်သာရွာဝန်းကျင်မှာ ဘဟန်ဆိုတဲ့ ဝက်သတ်သမားတစ်ယောက် ပေါ်လာသတဲ့။ လူတွေကလည်း မိန်းမဝက်သတ်သမားထက် ယောကျ်ားဖြစ်တဲ့ ဘဟန်ကို တစ်နေ့တခြား အားပေးလာကြတယ်တဲ့။ ဒီတော့ စားခင်စိန်တစ်ယောက် စားကွက် အလုခံလိုက်ရလို့ ရင်ထဲ ဗလောင်ဆူလာတယ်။ တစ်နေ့ ဘဟန် ဝက်ပေါ်နေတုန်း စားခင်စိန်က နောက်ကနေ နှစ်တစ်လက်မနဲ့ ရိုက်ချလိုက်တာ ဘဟန်ခေါင်းမှာ လေးချက်ချုပ်လိုက်ရတယ်တဲ့။ စားခင်စိန် အဲဒီအမှုနဲ့ ထောင်နှစ်နှစ်ကျပြီး ရောက်လာတာလေဆရာ"

"အင်း…စားခင်စိန်အမှုကိုတော့ ဆရာသဘောပေါက်ပြီ။ ဒါနဲ့ ခင်မမတင်ပြမယ့် အကြောင်းထူးဆိုတာက ရောကွယ့်"

"ဒီလိုပါဆရာ။ ပြီးခဲ့တဲ့လ ကျွန်မတာဝန်မှူးကျတဲ့ ညတစ်ညမှာပေါ့။ ညသန်းခေါင်ကျော်မှာ အိပ်ဆောင်ထဲကနေ 'အမလေး လာကြပါဦး။ ကယ်ကြပါဦး ကြောက်တယ် ကြောက်တယ် ဟင်းဟင်း'ဆိုပြီး အော်သံကြားလို့ဝင်ကြည့်တော့ တခြားလူမဟုတ်ဘူး။ စားခင်စိန်ဖြစ်နေတယ်ဆရာ။ သူ့ကြည့်ရတာ ဇောချွေးတွေပြန်ပြီး အတော်လေး ထိတ်လန့်နေပုံပါပဲ။ ကျွန်မက အကျိုးအကြောင်းမေးကြည့်တော့ စားခင်စိန်က အသံတုန်တုန်ယင်ယင်နဲ့ 'ဆ… ဆရာမရယ်။ ဟိုလေ ဝက်…ဝက်ကို လှန်နဲ့ဝိုင်းထိုးပြီး စားနဲ့ရင်ကိုခွဲပြီးတော့ ရေနွေးပူနဲ့လောင်းပြီး အမွေးတွေချွတ်နေတာတွေ အဲ…အဲဒါတွေကို ကျွန်မ မျက်စိထဲအတိုင်းသားမြင်နေရတယ်။ ကြောက်လိုက်တာဆရာမရယ် အီးဟီး ဟီး'ဆိုပြီး မျက်လုံးပြူးကြီးနဲ့ ပြောပြနေတာ ကြားရတယ်ဆရာ။ ကျွန်မစိတ်ထဲ စားခင်စိန်ဟာ ဝက်ကို သူ့ကိုယ်တိုင်သတ်ခဲ့ရလို့ မိန်းမပီပီ ကယောင်ချောက်ချားဖြစ်ပြီး အိပ်မက်ဆိုးတွေမက်နေတာပဲလို့ တွေးမိတယ်။ ဒါကြောင့် ဘုရားဆောင်ပေါ်က ရေမန်းတိုက်ပေးပြီး ညဘက်ဟာ ဘေးနားမှာ အကျဉ်းသူတချို့ စောင့်ကြည့်ဖို့ တာဝန်ချထားခဲ့တယ်။ စားခင်စိန် ရတ်တရက်ပြန်အိပ်မရဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်လို့သိရတယ်"

"ခင်မမတင်ပြမယ့် အကြောင်းထူးဆိုတာ ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါတင်ဘယ်ကမလဲ ဆရာ။ ခုလဆန်းပိုင်း ကျွန်မတာဝန်မှူးကျတဲ့ ညသန်းခေါင်မှာ မားခင်စိန်က 'အမလေး မှ···မှလိုက်တာ။ မီး···မီး လာကြပါဦး ဆော့'လို့ ညအိပ်နေရင်း ထအော်ပြန်တယ်။ ကျွန်မ ချက်ချင်းဝင် မေးကြည့်တော့ 'ဆရာမရယ်··ရေကန်ကြီးထဲက အခိုးအငွေ့တွေထွက်လာပြီး ကျွန်မမျက်လုံးကို ဟပ်လိုက်တာ··အမလေး··· မှလိုက်တာ။ မျက်လုံးကန်းသွားပြီထင်ပါရဲ့။ ပြီးတော့ လူမည်းကြီးတွေက လူတွေကို အဲဒီ ...ကပ်ပွက်ဆူနေတဲ့ ရေကန်ထဲ တစ်ယော...ပြီးတစ်ယောက် ပစ်ချလိုက်လို့ သွေးရူး...တန်းနဲ့ ငယ်သံပါအောင် အော်လိုက်ကြတာများ ကျွန်ကျွန်မ အဲဒါတွေမြင်ပြီး လန့်အော်မိတာပါရှင်'လို့ ကြောက်ကြောက်နဲ့ ပြောပြတယ်။ ကျွန်မက ထုံးစံအတိုင်း ရေမန်းတိုက် နှစ်သိမ့်ပြီး ပြန်အိပ်စေခဲ့ရသေးတာယ်လေ"

"အင်း···ဒါမျိုးတွေက ထောင်ထဲမှာ မကြာခဏဖြစ်တတ်ကျတာမျိုး ဆိုတော့ အကြောင်းထူးလို့ မဆိုနိုင်သောက်ဘူးနော် ခင်မမ"

ကျွန်ုပ်က တွေးသဆပြောလိုက်သည်။ ဒေါ်ခင်မမက ခေါင်းညိတ်ပြကာ

"မှန်ပါတယ်ဆရာ။ အဲဒါကြောင့်လည်း အရင်နှစ်က ဖြစ်ခဲ့တာတွေကို ဆရာ့ဆီ သတင်းမပို့ခဲ့တာပေ့ါ။ အဲဒါပေမယ့် မနေ့ညကအဖြစ်အပျက်ကိုတော့ သတင်းမပို့ဘဲထားလို့ မဖြစ်ဘူးထင်တယ်ဆရာ"

"ဟုတ်လား။ ဆိုပါဦး။ မနေ့ညက ဘာတွေထပ်ဖြစ်ခဲ့သေးလို့လဲ"

"မနေ့ညကလည်း ကျွန်မတာဝန်မှူးပဲလေ။ ညဉ့်သန်းခေါင်ကျော်မှာ မားခင်စိန် ထုံးစံအတိုင်း အော်တော့တာပါပဲ။ ဒီတစ်ခါကြောက်ပါပြီ၊ သေပါပြီ အော်ရုံမကဘူး အိပ်ဆောင်တစ်ခုလုံး အန္တလျှောက်နေတော့တာပါပဲ။ ကျွန်မ အကျဉ်းသူတွေအကူအညီနဲ့ အတင်းဖမ်းချုပ်ပြီးမေးတော့ သူ့ကို လူမည်းကြီးတွေ လုံနဲ့ထိုးပြီး၊ ဓားနဲ့ခုတ်လို့ နောက်ကနေ အတင်းပြေးလိုက်နေကြလို့ပါတဲ့ ဆရာ။ ဒါကို ဘယ်သူမှ မမြင်ကြရဘူး။ သူတစ်ယောက်တည်း ဖြစ်နေတာလေ။ သူ့ကို လက်လွှတ်လိုက်တာနဲ့ စောစောကလို ကြောက်လန့်တကြား ထပြေးပြန်လို့ လောလောဆယ်တော့ တိုက်ထဲမှာ တစ်ယောက်တည်း သီးခြားခွဲထားလိုက်ရတယ်။ အဲဒါ ကျွန်မ ဘာဆက်လုပ်ရမှန်းမသိလို့ ဆရာ့အလာကို စောင့်ပြီး သတင်းပို့ရတာပါ"

ကျွန်ုပ် စဉ်းစားရလေပြီ။ မားခင်စိန်သည် ပထမနှစ်ညက ကြောက်ပါပြီ အော်ရုံသာအော်ခဲ့ပြီး ရေမန်းတိုက်ရုံနှင့် ခဏအကြာတွင် အိပ်ပျော်သွားတတ်သည်။ ယခုတစ်ခါတွင်မူ အော်ဟစ်ရုံ သာမက သူ့ကို လူမည်းကြီးများ ဓားနှင့်လိုက်ခုတ်နေပါပြီပြောကာ တစ်ဆောင်လုံး လျှောက်ပြေးနေ၍ တိုက်ထဲမှာ. သီးခြားထည့်ထားရ၏။ နောက်တစ်ခါဆိုလျှင် ထိန်းမနိုင်သိမ်းမရအောင် စိတ်ဖောက်ပြန်သွားမည်လားမသိ။

"ဒီလိုလုပ် ခင်မမ။ မားခင်စိန်ကို ဆရာ့ဆီခေါ်လာပေးပါ"

ယခုကိစ္စတွင် အဓိကကျသော မားခင်စိန်၏အကြောင်းကိုသာ ကျွန်ုပ်သိနေရသည်။ သူမအား မည်သို့ဆောင်ရွက်ပေးရမည်မသိသေး။ ထို့ကြောင့် လူကို အရင်အကဲခတ်ကြည့်ရန် ဆုံးဖြတ်လိုက်မိ၏။

"ဟုတ်ကဲ့ ဆရာ"

ဒေါ်ခင်မမထွက်သွားပြီး ခဏအကြာတွင် သူမနှင့်အတူ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် ကိုယ်ခန္ဓာတုတ်ခိုင်လှသော အကျဉ်းသူတစ်ယောက် ပါလာသည်။ ကျွန်ုပ်အား လှမ်းကြည့်လိုက်သော သူမ၏မျက်လုံးအကြည့်က စူးရှထက်မြက်လှ၏···။ အတော်ကျန်းမာကြံ့ခိုင်သော အမျိုးသမီးပါပေ။

"ကဲ···မခင်စိန်ရဲ့ အမှုဖြစ်စဉ်နဲ့ အိပ်မက်အကြောင်း ဆရာ့ကို ပြောပြပါလားကွယ်"

ကျွန်ုပ် သူမကိုထိုင်ခိုင်းပြီး မေးလိုက်၏။ သူမက အသံသြသြဖြင့် စတင်ပြောပြ၏။ လေသံနှင့်စကားအသုံးက ယဉ်ကျေးသိမ်မွေ့လှ၏။ အပြင်ပန်းအားဖြင့် ခက်ထန်သလိုထင်ရသော်လည်း အတွင်းစိတ်နှလုံးသိမ်မွေ့ကာ ဘာသာတရား ယုံကြည်ကိုးစားသူဖြစ်နိုင်၏။ သူမပြောပြသော အမှုဖြစ်စဉ်နှင့် အိပ်မက်အကြောင်းမှာ ဒေါ်ခင်မမပြောပြသည့်အတိုင်းပင် ဖြစ်၏။

"မခင်စိန်"

"ဟုတ်ကဲ့ပါ ဆရာ"

"လူတွေပ ၁ မွေးတဲ့နေ့ကစပြီး သေတဲ့နေ့အထိ လူ့ဘဝတစ်လျှောက်လုံး ဒေါသ၊ လောဘ၊ မောဟတရားတွေ အခြေခံတဲ့ အကုသိုလ်ဖြစ်မယ့် ဒုစရိုက်မှုတွေကို အကြိမ်ပေါင်း မရေ



www.burmeseclassic.com

www.burmeseclassic.com

မတွက်နိုင်အောင် ပြုလုပ်ခဲ့ကြတယ်ကွယ်။ အဲဒီလိုပဲ သဒ္ဓါတရားရဲ့ စေ့ဆော်မှုကြောင့် ကံကံရဲ့အကျိုးကို ယုံကြည်ကြလို့ ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ပြုလုပ်ခဲ့ကြတာပဲကွယ့် မခင်စိန်"

"ဟုတ်ကဲ့ ဆရာ"

"ဒါပေမယ့် လူတွေဟာ မရှုနိုင်မကာယ်နိုင်အောင် ဒုက္ခနဲ့ရင်ဆိုင်တွေ့လာရတဲ့ အချိန်မှာတော့ ကိုယ်ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို မေ့ပြီး ကိုယ်ပြုခဲ့မိတဲ့ မကောင်းမှုဒုစရိုက်တွေရဲ့ နိမိတ်ပုံတွေကိုပဲ စိတ်ချောက်ချားပြီး မြင်ယောင်လာတတ်ကြသတဲ့ မခင်စိန်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီတော့ ဆရာမေးကြည့်ချင်တာက မခင်စိန်ရဲ့သားလေးကို ရှင်ပြုပေးခဲ့ဖူးသလား"

"ပြုပေးခဲ့ဖူးပါတယ် ဆရာ"

"မိအိုဖအိုတွေကို ပြုစုကျွေးမွေးခဲ့ဖူးသလား"

"မိဘတွေကိုသာမက ယောက္ခမတွေကိုပါ ပြုစုကျွေးမွေးနေသူပါဆရာ"

"ဝါတွင်းဝါပမှာ ဥပုသ်သီတင်းဆောက်တည်ခဲ့ဖူးသလား"

"ဝါတစ်တွင်းလုံး ဥပုသ်စောင့်နေကျပါ"

"ဘုရားစေတီ ကျောင်းကန်တွေမှာ ကျောင်းဆောင်ဆောက်လုပ်ဖို့နဲ့ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန်တွေအတွက် အလှူဒါနပြုခဲ့ဖူးသလား"

"ဒါကတော့ ဘုရားရောက်တိုင်းပြုနေကျပါဆရာ"

"ရပ်ရေးရွာရေး သာရေးနာရေးကိစ္စတွေမှာကော ပံ့ပိုးလှူဒါန်းခဲ့ဖူးသလား"

"ရပ်ရွာကိစ္စဆိုရင် ငွေကြေးတင်မကဘဲ ကျွန်မကိုယ်တိုင် ချက်ပြုတ်ဆောင်ရွက်ပေးနေကျပါ ဆရာ"

"ဟုတ်ပြီ။ ဒါဆိုရပြီ မခင်စိန်။ ဆရာအထူးမှာချင်တာက မခင်စိန်မနက်မိုးလင်းရင် ဆရာမပေးတဲ့ ရေမန်းကိုသောက်ပြီး ဘုရားရှိခိုးပါ။ ဂုဏ်တော်ပုတီးကိုးပတ်စိပ်ပြီး သမ္ဗုဒ္ဓေ ဝေနေယျာအပေါင်းတို့ကို မေတ္တာပို့ပါ။ ပြီးရင် ဆရာမပြပေးတဲ့အတိုင်း ဘုရားကျောင်းဆောင်ရှေ့မှာ ထိုင်နိုင်သလောက်တရားထိုင်ပါ။ အဲလိုတရားထိုင်ရင်းက ကိုယ်တစ်သက်တာပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကိုချည်း သတိထားဆင်ခြင်ပြီး အာရုံပြုပါ။ အဲဒီအတိုင်း နေ့လယ်ဘက်မှာတစ်ခါ ညအိပ်ရာဝင်ခါနီး တစ်ခါ သုံးကြိမ်တိတိ ဂရုစိုက်ပြီး မမေ့မလျော့ အာရုံပြုကျင့်ပေးပါ။ ဆရာပြောတာ နားလည်တယ်နော်"

"ဟုတ်ကဲ့ နားလည်ပါတယ်"

"ကောင်းပြီ။ ဒါဆို ဒီနေ့လည်းက စပြီး အလုပ်စခန်းဝင်ပေတော့ မခင်စိန်"

"ဟုတ်ကဲ့ပါဆရာ"

ကျွန်ုပ်ပေးလိုက်သည့် နည်းကပဲ မှန်မြတ်မှန်ကန်လှ၍လား။ မခင်စိန်ကိုယ်တိုင်က ကျင့်ကြံအားထုတ်မှုကောင်း၍လားမသိ။ ထိုနေ့မှစ၍ ဒေါ်ခင်စိန်ထံမှ အိပ်မက်အော်သံကို လုံးဝ မကြားရတော့ပါချေ။

ပီတာမြဦး


# ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ

# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

— ဆက်သွယ်ရန် —

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၂၂-လမ်း(အောက်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com



# ဝိုက်နာ၊ ဝမ်းနာ၊ လေနာ

## ရောဂါရှင်များအတွက်

သဒ္ဒါကျောက်ဆရာတော်(သံတွဲမြို့)

ကျွန်ုပ်သည် သာသနာ့ဝန်ဆောင် ရဟန်းတစ်ပါးဖြစ် ပြောက်ပြီးနောက် ဆရာတော်ကြီးများထံမှောက် အနေ့ဝါသိ တပည့်ရင်းခံရန် ပဋိပတ္တိစာပေကျမ်း ဂန်များ၊ ပဋိပတ္တိ သာသနာ ဘာဝနာ ကျင့်စဉ်အလုပ်များကို ခြေသုတ်ပုဆိုး ခွယ်ကျိုးသည့်ပမာ လိုက်နာဆည်းပူး သင်ယူမှတ်သား လာခဲ့ပါသည်။

ရန်ကုန်မြို့ (၆)ရပ်ကွက်၊ ရွှေခင်းသာလမ်းမကြီး အမှတ် (၁၁) အစိမ်း (ယခင် အစိမ်း၊ အဝါ၊ အနီ လိုင်းခွဲများလုံးဝ မရှိ သေးပါ) ဂိတ်ပေါက်ရှေ့ရှိ မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်း ကျောင်းတိုက်၌ လက်ထောက်ကမ္မဋ္ဌာနာစရိယာတရား၊ ဆရာတော်အဖြစ် သီတင်းသုံးနေထိုင်ချိန်တွင် နေ့စဉ် ကို ၂၀ သာမဏေ၊ ရဟန်းငယ်၊ သီလရှင်ဆရာလေး တစ်ယောက်ငါး ယောက်ထက်မနည်း နေ့စဉ် စာဝါများပို့ချပေးနေရသလို ယောဂီအယောက်၄ ဆယ်ခန့်အား တစ်နေ့လေးကြိမ် ညထိ စဉ်စစ်၍ တရားများကို သဲအင်းဂူဆရာတော်ဘုရားကြီး ဦးဥက္ကဋ္ဌ၏ ဥပနိဿယအတိုင်း ဟောပြောပြသပေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလပ်နေသည့် ချိန်ခါများတွင် ကျွန်ုပ်ဝါသနာပါရာ စာပေများရေးသား၍ မဂ္ဂဇင်းဂျာနယ်တိုက်များသို့ ရေးသားပေးပို့လျက်ရှိပါသည်။ ဤသို့ သုတ၊ ရသစာပေများ ရေးသားပြုခြင်း အကြောင်းရင်းမှာ စင်္ကာပူနိုင်ငံနေ ရဟန်းဒါယကာကြီး ဦးဝီလျံဝေါင်း+ဒေါ်ယုငယ် မိသားစု၏ တိုက်တွန်းပြောဆို အားပေးမှုကြောင့် ဘာသာရေး၊ လူမှုရေး စာပေများကို ရေးသားဖြစ်ခဲ့ခြင်း အကြောင်းရင်းအစ ဖြစ်ခဲ့ပေသည်။

ထိုစဉ်က သီလဝ ဘာဘာသာရေးစာစောင်၊ မဏိဇောတ ဘာသာရေးစာစောင်၊ ရတနာမြိုင် ဘာသာရေးမဂ္ဂဇင်း၊ မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၊ မြတ်မွန်ရတနာ ဘာသာရေးမဂ္ဂဇင်း၊ အနန္တငါးဖြာ ဘာသာရေးမဂ္ဂဇင်း၊ ပါရမီ ဘာသာရေးမဂ္ဂဇင်း၊ မြတ်မင်္ဂလာ ဘာသာရေးစာစောင်၊ ဘာသာရေးစာစောင် မဂ္ဂဇင်းအတော်များများတွင် ရေးသားဖြစ်ပြီး တစ်လလေးငါးပုဒ်ထက်မနည်း ဖော်ပြခြင်းခံခဲ့ရဖူးပါသည်။ ထိုစဉ်ဝန်းကျင်က ဘာသာရေးစာမူ ဆောင်းပါးခမှာ တစ်ပုဒ်လျှင် ငွေ ၇ ကျပ်မှ ၂၀ ကျပ် ဝန်းကျင် လက်ခံရရှိဖူးပါသည်။ တချို့ မဂ္ဂဇင်းတိုက်များဆိုတာ စာမူခတွက် ချီးမြှင့်ခြင်းတောင်မရှိဘဲ မေတ္တာလက်ဆောင်စာအုပ်လောက်သာ ချီးမြှင့်ခြင်းကိုလည်း ခံခဲ့ရဖူးပါသည်။

ယနေ့မျက်မှောက် နာမည်ကြီးမဟုတ်တောင် အတော်သင့်ပေါက်ရောက်နေသော သုတ၊ ရသ၊ ဘာသာရေးစွယ်စုံမဂ္ဂဇင်းတိုက်ကြီးတစ်ခုတွင် ကျွန်ုပ်၏စာမူများ ပုဒ်ရေသုံးဆယ်ထက်မနည်း လစဉ်နီးပါး ဖော်ပြနေပါသော်လည်း စာမူခလွှဲ၍ မေတ္တာလက်ဆောင်စာအုပ်ပင် လွှဲစာဖြင့် တောင်းယူခိုင်းတောင်မှ ဖော်ပြပါ စာအုပ်အရေအတွက်အတိုင်းပင် ပေးကမ်းခြင်းမရှိပေ။

ထို့နောက် ကျွန်ုပ်သည် မဟောသီမဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဂျာနယ်လမ်းညွှန်မဂ္ဂဇင်း၊ ဂန္တိရမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ မြတ်ကြေးမုံမဂ္ဂဇင်း၊ ပြည်မြန်မာဂျာနယ်၊ အခြားအမည်နာမ မမှတ်တော့သည့် ဂျာနယ်မဂ္ဂဇင်းများ ကျန်ရှိနေပါသေးသည်။

ထို့နောက် ရောင်ပြန်မဂ္ဂဇင်း၌ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ဆောင်းပေါမာန်(မြတ်ကြေးမုံ) ကလောင်နာမည်ဖြင့် ကြံ့စည်တိုင်း အောင်မြင်မှုရရှိစေသော ဂါထာဖြင့် စတင်ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရပါသည်။ ထို့ပြင် လာဘ်မိုးရွာစာပေတိုက်မှ ထုတ်ဝေသော မဂ္ဂဇင်းစာစောင် အတော်များများ၌လည်း ရေးသားပါဝင် ပုံနှိပ်ဖော်ပြခွင့် ရရှိခဲ့ပါသည်။

၂၀၁၀ ခုနှစ် နောက်ပိုင်းမှစ၍ ကျန်းမာရေးချို့တဲ့လာခြင်း၊ စိတ်ပင်ပန်းဆင်းရဲ ဖိစီးမှုများလာခြင်း အကြောင်းမျိုးစုံကြောင့် စာပေရေးသားခြင်း အားနည်းခဲ့ရပါသည်။

ကျွန်ုပ်မှာ လက်ရှိ ယနေ့စိတ်ဖိစီးမှုဒဏ်ကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါအပြင် လေးဖက်နာရောဂါမဟုတ်ပါပဲ ရိုးတွင်းခြင်ဆီ ခန်းခြောက်ခြင်း ရောဂါပါ ခံစားနေရပါသည်။ တစ်လတစ်ကြိမ် ရိုးတွင်းခြင်ဆီအတွက် ဆေးထိုးခ ၁၃၀၀၀၀ (တစ်သိန်းသုံးသောင်းကျပ်)၊ သောက်ဆေးတစ်လစာ ၈၀၀၀၀ (ရှစ်သောင်းကျပ်) သောက်ဆေးထိုးဆေးဖြင့် ခန္ဓာကိုယ်အား အသက်ဆက်နေရပါသည်။

၁၆.၉.၂၀၁၅ ဗုဒ္ဓဟူးနေ့ ရခိုင်ပြည်နယ်က မိုးမရွာလိုက်နဲ့ ရွာရင်လည်း တစ်လမှနှစ်ခါလောက်ပဲ ရွာတယ်ဆိုလို့ ဘယ်ဟုတ်မှာလဲ မိုးက တကယ်တစ်ခါလောက်ရွာပြီးဟော့ဆိုရင် အနည်းဆုံး ၁၅ ရက်လောက် ဘယ်မှာအပြင်ထွက်လို့ရတော့မှာလဲ။ ဒီတော့ မိုးအေးနေသောကြောင့် တရားရှုမှတ်ဖို့ဆိုတာကလည်း နေ့လယ်နေ့ခင်း(တရားစခန်းတွင်မှအပ)ရှုမှတ်လို့ မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ညေ့တွေက အမြဲမပြတ် ဝင်ရောက်ဖူးမြော်နေကြခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် အချိန်လေးရခိုက် စိတ်ကလည်း ကြည်လင်နေတာကြောင့်ကော ချယ်နယ်-7 ရုပ်သံလိုင်းမှ တိပိဋက ယောဆရာတော်ဘုရားကြီး တရား ပွဲအစီအစဉ် ပြသနေတာတွေ့မြင်ရခြင်းကြောင့် ဤစာမူလေးကိုရေးသားဖြစ်ခဲ့ရပါသည်။

ကျွန်ုပ်သည် ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရ မဟာအောင်မြေ သာသနာ့တော်... အား ရေးအစဉ်အဆက် မည်သည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် တည်ထား ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်ကို ၁၃၅၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆.၂.၁၉၉၅) ... ပါတေးနေ့တွင် စတင်ရောက်ရှိ သီတင်းသုံးချိန်မှစ၍ ... ဂါမ ပစ္စည်းလေးပါး ကိုးကွယ်လက်ခံမှုမရှိဘဲ တောရ...



www.burmeseclassic.com

www.burmeseclassic.com

ဆောက်တည်လျက် ကျွန်ုပ်၏ သိုက်ဆက်၊ နန်းဆက်၊ ဓာတ်ဆက်၊ ပတ္တာန်းဆက်၊ ခွေတော်မျိုးတော်များဖြင့် တည်ထားဆောင်ရွက်တော်မူပြီး လစဉ် မြန်မာလဆန်း ၉ ရက်မှ လပြည့်နေ့ထိ ဝိပဿနာဘာဝနာတရားများကို ဟောပြောပြသလျက် ရှိပါသည်။

ထို့နောက် သံတွဲမြို့ ရွှေခံတော်စေတီ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးမောင်ဆိတ်၊ ဦးအောင်သန်းတင်၊ ဒေါ်ဝိုင်းတို့မှ ပင့်ဖိတ်လျှောက်ထားလာသဖြင့် ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် တနင်္ဂနွေနေ့၌ ရခိုင်ပြည်နယ် သံတွဲမြို့ တိပိဋကယောဆရာတော် အရှင်သီရိန္ဒာဘိဝံသမှ ညတရားပွဲများ ချီးမြှင့်ဟောကြားတော်မူရန် ကျွန်ုပ်မှာ ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့မှ ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့ထိတိုင် သဲအင်းဂူဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း နေ့ခင်းဘက် ဝိပဿနာအလုပ်ပေးတရားများကို ဟောပြောပြသပေးခဲ့ရပါသည်။

ဤတွင် ကျွန်ုပ်ပြောလိုသည်မှာ ရွှေခံတော် စေတီတော်မြတ်ကြီးသည် ပင်လယ်ကမ်းခြေနှင့် လွန်စွာနီးကပ်ခြင်း တောင်တော်ကြီးမှာလည်း အဆမတန်မြင့်မားခြင်း၊ ညဘက်တွင် လေများတိုက်ခတ်ခြင်းကြောင့် ညဘက်တွင် လွန်စွာအေးချမ်းစေပါသည်။

ကျွန်ုပ်မှာ ငယ်စဉ် အသက် ၁၇ နှစ်ရွယ်ထိ မနက် ၁၀ နာရီကျော်ထိ ရေစိမ်းကိုင်၍မရပါ။ ရေစိမ်းကိုင်တွယ်မိသည်နှင့် ဝမ်းအောင့်၊ တစ်နည်း ဗိုက်အောင့်ပြီး အထဲမှ ခံနိုင်အောင်နာကျင်ပြီး အပေါ်ကို တလိမ့်လိမ့်ထိုးတက်သည့် ...ဗာ ရောဂါဝေဒနာမျိုးကို ခံစားခဲ့ရဖူးပါသည်။

ယခုလည်း လွန်စွာအေးချမ်းခြင်းကြောင့် ညဘက် တောင်ပေါ်ထက်မှဆီး၍ သံတွဲမြို့၏ အလှအပကို ကြည့်ရှုခံစားနိုင်ဖို့ဝေးစွ ယခင် ကလေးဘဝက ဖြစ်ခဲ့ဖူးသော လေထိုးအောင့်၊ ဗိုက်နာခြင်းဝေဒနာကို မအော်မိရုံတစ်မည် လူးလိမ့်၍ ခံစားနေရပါသည်။ ကျွန်ုပ် မနက်မိုးလင်း၍ မနက် ၇ နာရီမှ မနက် ၉ နာရီထိ တရားဟောပြောပြသရန် တာဝန် ... တစ်ဖက်ရှိနေသောကြောင့် တရားများ ဟောပြောပြသနိုင် ...ဦးမှာလားဟုတွေးရင်း ဝေဒနာကိုလည်း မချိမဆန့် ခံစားနေခဲ့ဖြစ်သည်။

ထိုစဉ် အသက် ၆၀ ဝန်းကျင်ခန့်ရှိသော ယောဂီဆရာကြီး ဦးဘလွင်ဆိုသူ ရောက်ရှိလာပြီး ကျွန်ုပ်၏ ရောဂါအခြေအနေကို မေးမြန်းခြင်းပြုပါသည်။ ကျွန်ုပ်မှာ လွန်စွာ ဝေဒနာခံစားနေရပါကြောင်း ပြောပြပြီး ဒကာကြီးဦးဘလွင်မှာ ကျွန်ုပ်အပါးမှ ထွက်ခွာသွားပြီး တစ်အောင့်အကြာတွင် ဆေးတစ်မျိုးကို ရေနွေးအကြမ်းပူပူဖြင့် ဘုဉ်းပေးသုံးဆောင်စေပါသည်။

မနက်မိုးလင်းသောအခါ ဗိုက်နာ၊ ဝမ်းနာ၊ လေနာ ဗိုက်အောင့်ခြင်း၊ ဝမ်းသက်ခြင်းဝေဒနာများ သက်သာပျောက်ကင်းသွားကြောင်း သိရှိခဲ့ရပါသည်။

ထိုနေ့ နေ့ခင်း အလုပ်ပေးတရားများကို ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစွာ ဟောပြောပြသနိုင်ခဲ့၍ ဒကာကြီးဦးဘလွင်အား ကျေးဇူးတင်မဆုံးဖြစ်ရပါကြောင်း တိုတေဆေးအား ဘာနှင့် တွဲဖက်ဖော်စပ်ထားပါသလဲဟု ကျွန်ုပ်မှ မေးမြန်းကြည့်သောအခါဝယ် ဒကာကြီးဦးဘလွင်က -

ယောဂီတွေ ဆွမ်းသုံးပြီးလို့ ပိုတဲ့ ဆွမ်းထမင်းအကျန်တွေကို ဆန်ကောကြီးထဲဖြန့်ပြီး ခြောက်သွားအောင်နေလှန်းထားကြောင်း၊ ထိုခြောက်သွေ့သော ထမင်းခြောက်များကို လေလုံသောပုလင်းကြီးတစ်လုံးဖြင့် သိမ်းဆည်းထားကြောင်း၊ ဗိုက်နာ၊ ဝမ်းနာ၊ လေနာဖြစ်သော ယောဂီဝေဒနာရှင်များ ရှိလာပါက ထမင်းခြောက်ကို မီးနှင့်လော်၍ အမှုန့်ဖြစ်အောင်ပြုလုပ်ပြီး ပျားရေ(ရည်)နှင့် ဖော်ပြီးကာမှ ရေနွေးပူပူဖြင့် သုံးဆောင်ပါက အထက်ဖော်ပြပါ ရောဂါများ သက်သာပျောက်ကင်းစေနိုင်ကြောင်း ပြောပြခဲ့ပါသည်။

ထိုကျေးဇူးတရားကို ဂုဏ်ပြုမှတ်တမ်းတင်သောအားဖြင့် ယခု တမလွန်ဘဝ ကူးပြောင်းသွားပြီဖြစ်သော ယောဂီဒကာကြီး ဦးဘလွင်အား ဤစာစုဖြင့် ဂုဏ်ပြုအမှုပေးဝေလိုက်ရပါသည်။

■ သဒ္ဓါကျောက်ဆရာတော်(သံတွဲမြို့)



www.burmeseclassic.com

www.burmeseclassic.com



# အာဟာရပြည့် ဆေးဖက်ဝင် အသီးအနှံများ

■ သုတေသီဆရာငြိမ်း

ငှက်ပျောသီးသည် ရာသီမရွေးရရှိနိုင်သော အသီးဖြစ်၏။ အခြားသောအသီးများနှင့် နှိုင်းစာလျှင် ငှက်ပျောသီး၌ ဖွံ့ဖြိုးစေတတ်သော ဓာတ်အများဆုံးပါဝင်၏။ သို့ရာတွင် သာမန်အားဖြင့် ငှက်ပျောသီး၌ အဖိုးတန်ဓာတ်နည်းပါးသည်ဟု ထင်နေတတ်ကြသည်။ အကြောင်းမှာကား သစ်သီးများထဲ၌ စပျစ်သီးသည် ဂုဏ်သတ္တိများစွာရှိခြင်း၊ ထို့အတူ သံပရာသီး၊ လိမ္မော်သီး၊ မက်မွန်သီးနှင့် နာနတ်သီး စသည်များမှလည်း ငှက်ပျောသီးနှင့်တူသော ဂုဏ်သတ္တိအနည်းငယ်ရှိကြသောကြောင့် ဖြစ်ပေ၏။ စင်စစ် ငှက်ပျောသီးသည် အခြားသောအသီးများထက် ဂုဏ်သတ္တိ ထူးခြားစွာပါဝင်၏။

ငှက်ပျောသီး၌ အရည်ပျော်ဝင်နိုင်သော သကြားဓာတ်ရှိ၏။ အဆိုပါ သကြားဓာတ်သည် ငှက်ပျောသီးစားသုံးသူများအတွက် လွန်စွာမှလိုအပ်သော အဓိကပစ္စည်းဖြစ်သည်။ အာခံတွင်းသို့ ငှက်ပျောသီးရောက်သွားသည် ဆိုသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လျှင်မြန်စွာ အရည်ပျော်တတ်၏။ ထို့အပြင် အစာအိမ်သို့ ရောက်သည်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို အားဖြစ်စေ၏။ ငှက်ပျောသီးသည် ခန္ဓာကိုယ်ကို ချက်ချင်း အကျိုးပြု၍ ခွန်အားကိုဖြစ်စေတတ်သော ဆေးဖက်ဝင်အစာဖြစ်လေသည်။

ငှက်ပျောသီး၌ ကယ်လ်ဆီယမ်ဓာတ် အဓိကပါဝင်၏။ ထိုသို့ပါဝင်သည့်အတွက် အူများသန့်ရှင်းသည့်အခါ၌ များစွာ အကျိုးပြုပေ၏။ ထို့ပြင် ငှက်ပျောသီးသည် ခန္ဓာကိုယ်ဖွံ့ဖြိုးစေတတ်သော အစားအစာဖြစ်သည်။ အချဉ်ဓာတ်နှင့် အငန်ဓာတ်ကိုလည်းဖြစ်စေသည်။ ဗီတာမင်ဆီမှတစ်ပါး ဗီတာမင်ဓာတ်အားလုံး ပါဝင်သည်။ သွေးအားတိုးစေတတ်သော သဘာဝဓာတ်လည်း ဖြစ်ပေသည်။

ငှက်ပျောသီး၏ အစွမ်းကား တကယ့်ကိုအံ့မခန်းပင်။ ဗီတာမင်ဓာတ် သတ္တုဓာတ်များ အမြောက်အမြားပါဝင်သကဲ့သို့ စွမ်းအင်နှင့် အမျှင်ဓာတ်ကိုလည်းပေးပြီး အရေပြား၊ ဆံသားကျန်းမာရေးအတွက်လည်း အထောက်အကူပြုကာ ကင်ဆာရောဂါကိုပါ ကာကွယ်နိုင်စွမ်းရှိပေသည်။ ဆေးသိပ္ပံပညာရှင်များက ငှက်ပျောသီး၊ ဂရိတ်ဖရုသီး၊ ငါးနှင့် ဒိန်ခဲတို့ကို စားသုံးခြင်းသည် အဆုတ်ကို ကောင်းမွန်စေသည်ဟုဆို၏။ အစားအစာနှင့် နာတာရှည် အဆုတ်ပွရောဂါရှိသူများကြား၌ တိုက်ရိုက်ဆက်စပ်မှုရှိ သည်ဟုလည်း ဆိုကြသည်။ အဆိုပါ အစားအစာများကိုစားပြီး ၂၄ နာရီအကြာ၌ အဆုတ်၏ လုပ်ငန်းဆောင်တာများကို တိုင်းတာကြည့်ရာ ကြံ့ခိုင်မှုစွမ်းအားနှင့် သွေးဖြူဥပမာဏများ ကောင်းမွန်တိုးတက်လာသည်ဟု ဆိုကြသည်။

အရေပြား ကျန်းမာလှပရေးအတွက် အရေးပါသည့် ဗီတာမင်စီဓာတ်ကို ငှက်ပျောသီးမှတစ်ဆင့် ရရှိနိုင်၏။ ထို့ပြင် ငှက်ပျောသီး၌ ရေဓာတ် ၇၅ ရာခိုင်နှုန်း ပါဝင်သည့်အတွက် ခန္ဓာကိုယ်ရေဓာတ်ကို ငှက်ပျောသီးမှလည်း ရရှိနိုင်ပေသည်။ ထို့ပြင် အရေပြားကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင် B6 ဆိုလျှင်လည်း ငှက်ပျောသီး၌ အမြောက်အမြား ပါဝင်လျက်ရှိ၏။ အရေပြားကာကွယ်ပေးသည့် ဓာတ်တို့မှာလည်း ငှက်ပျောသီးမှတစ်ဆင့် ရရှိနိုင်ပေသည်။

လူတိုင်း နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများအတွက် မဖြစ်မနေလိုအပ်သည်မှာ စွမ်းအင်ဖြစ်၏။ ဤ၌ ငှက်ပျောသီးသည် စွမ်းအင်အတွက် ကောင်းမွန်သော အရင်းအမြစ်တစ်ခု ဖြစ်ပေသည်။ ငှက်ပျောသီးသည်(Instant Energy)ကို ပေးစွမ်းနိုင်၏။ စွမ်းအင်လိုအပ်သည့်အတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းမနေဘဲ ငှက်ပျောသီးကို စားလိုက်ခြင်းဖြင့် စွမ်းအင်များ ချက်ချင်းပြည့်ဝလာပေလိမ့်မည်။ လူ၌ အမျှင်ဓာတ်မရှိသည့်အခါ ဝမ်းချုပ်လေ့ရှိ၏။ ထို့အတွက် အမျှင်ဓာတ်မြောက်မြားစွာပါဝင်သော ငှက်ပျောသီးကို နေ့စဉ်ပုံမှန် စားသုံးပေးခြင်းဖြင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်ပေသည်။

လူတစ်ယောက်၏ ကျန်းမာရေး၌ အိပ်စက်ခြင်းသည် များစွာအထောက်အကူပေး၏။ ဦးနှောက်ထဲ၌ရှိသော (Pi- neal Gland)မှ ထုတ်လွှတ်လိုက်သော (Me Latonin) ဟုခေါ်သည့် ဟော်မုန်းတစ်မျိုးသည် အိပ်စက်ခြင်းကို လည်ပတ်လှုံ့ဆော်ပေးလျက်ရှိ၏။ ပုံမှန်အားဖြင့် ညမှောင်လာပါက (Pineal Gland Llae Melatonin)ကို ထုတ်လွှင့်မှုအတွက် (Tryptophan)ဟူသည့် အမိုင်နိုအက်ဆစ်တစ်မျိုး လိုအပ်ပေသည်။ ငှက်ပျောသီး၌ (Tryptophan) အမြောက်အမြား ပါဝင်၏။ အိပ်ရာမဝင်မီ နာရီအနည်းငယ်အလို၌ ငှက်ပျောသီးကိုစားသုံးပေးခြင်းအားဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်ပေသည်။

မိမိတို့သည် ခန္ဓာကိုယ်လုပ်ငန်းစဉ် အတော်များများအတွက် ပိုတက်ဆီယမ်ဓာတ်လိုအပ်၏။ သွေးဖိအားထိန်းပေးရန်၊ နှလုံးသွေးလည်ပတ်မှုကောင်းစေရန်၊ ကြွက်သားကြုံ့ခန့်မှု စသည်တို့အတွက် လိုအပ်သည့် ပိုတက်ဆီယမ်ကို ငှက်ပျောသီးမှ တစ်ဆင့်ရရှိစေနိုင်၏။ ဆရာဝန်များ အနေဖြင့် လူနာဝမ်းလျှောနေသည့်အခါမျိုးတွင် ငှက်ပျောသီးကို စားသုံးပေးရန် ညွှန်ကြားလေ့ရှိကြသည်။ ဝမ်းသွားလိုက်သည့်အခါ ဆုံးရှုံးသွားသော ပိုတက်ဆီယမ်များကို ငှက်ပျောသီးမှတစ်ဆင့် ပြန်လည်ဖြည့်တင်းပေးနိုင်ပေသည်။

ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုလုပ်ချက်များအရ ငှက်ပျောသီးသည် စိတ်အခြေအနေကို တည်ငြိမ်စေပြီး စိတ်ဓာတ်ကျဆင်းနေသူများကို အထောက်အကူပြုသည်ဟုဆို၏။ မွေးကင်းစကလေးသူငယ်များအတွက်လည်း အစာ



www.burmeseclassic.com

www.burmeseclassic.com

ကို ကြေလွယ်စေပြီး အာဟာရပြည့်ဝသော အသီးတစ်မျိုးဖြစ်၏။ လေ့လာတွေ့ရှိချက်များအရ ငှက်ပျောသီးကို နေ့စဉ်စားသုံးပေးခြင်းသည် သွေးဖိအားကို ထိန်းညှိပေး၏။ လေသင်တုန်းဖြတ်ခြင်းကို ကာကွယ်ပေးနိုင်၏။ ငှက်ပျောသီးတွင် ဖိုင်ဘာနှင့် အင်တီအောက်ဆီဒင့်များ ပါဝင်သည့်အတွက် ကင်ဆာရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်ဟုဆိုကြသည်။

## ၁။ ငှက်ပျောသီးနှင့် ချောင်းဆိုးရောဂါ

ငှက်ပျောသီးကို ဖျော်ရည်ပြုလုပ်၍ သောက်သုံးခြင်းသည် ချောင်းဆိုးရောဂါအတွက် အထူးသင့်လျော်သောဆေးဖြစ်၏။ ၎င်းဆေးဖော်စပ်ပုံမှာ ငှက်ပျောသီးမှည့်ကို အစိတ်စိတ်အမွှာမွှာ ခပ်သေးသေးကလေးပြုလုပ်ပြီး သကြားထည့်ပါ။ အဖုံးကို လုံအောင်ပိတ်၍ရသော အိုးတစ်လုံးအတွင်းသို့ ထည့်ပါ။ အဖုံးကို လုံအောင်ပိတ်ထားရပါမည်။ ထို့ နောက် မီးဖိုပေါ်၌ ကျယ်ပြန့်သောအိုးကြီးအတွင်းသို့ ငှက်ပျောသီးထည့်ထား သောအိုးကိုထားပါ။ အိုးကြီးထဲမှ ရေများဆူပွက်လာသောအခါ မီးဖိုပေါ်မှအောက် သို့ချထားပါ။ ထို့နောက် ငှက်ပျောသီးများကို ဆယ်ယူ၍ အအေးခံထားပါ။ အေးသောအခါ ငွန်းနှင့်မွှေ၍ ချေပြီးလျှင် ဖျော်ရည်ပြုလုပ်ရပါမည်။

ငှက်ပျောသီး ဖျော်ရည်သည် ချောင်းဆိုးရောဂါကို သက်သာပျောက်ကင်းစေ၏။ မျက်စိအမြင်ကို ကြည်လင်စေ၏။ ထို့ပြင် ဆီးခဏခဏသွားသော ရောဂါကိုပါ သက်သာစေသည့်အတွက် သောက်ပေးသင့်ပါသည်။

## ၂။ ငှက်ပျောသီးနှင့် ဆီးချိုရောဂါ

အမှည့်လွန်သော ငှက်ပျောသီး ပျော့အိလာသောအခါ အခွံများမှာ မည်း၍လာပါမည်။ ထိုအခါ အခွံကိုခွာ၍ အတွင်းမှအသားများကို လက်ဖြင့်ညှစ်လျက် နယ်ပြီးချေပေးပါ။

ထို့နောက် ချေထားသော ငှက်ပျောသီးများ၏တစ်ဝက်ကို ဆန်ဖွဲနုထည့်နယ်ပြီး နေပူ၌ သုံးရက်ခန့်ထားပါ။ လေးရက်မြောက်နေ့တွင် နေပူ၌လှန်းထားသော ငှက်ပျောသီးများကို အိုးအတွင်းသို့ထည့်၍ အိုးကို အနည်းငယ်စောင်းထားပါ။ အဆိုပါ ငှက်ပျောသီးများမှထွက်လာသော ရသာရည်ကို သောက်သုံးပေးခြင်းအားဖြင့် မုချပျောက်ကင်းသွားပါလိမ့်မည်။

## ၃။ ငှက်ပျောသီးနှင့်ဝမ်းချုပ်ရောဂါ

ငှက်ပျောသီးမှည့် နှစ်လုံးကိုယူပြီး ၎င်းငှက်ပျောသီးမှည့်ထဲသို့ ထန်းလျက်၊ ဆား(သို့မဟုတ်) နို့ချဉ်ရောထည့်၍စားပါ။ နှစ်ရက်ကြာလျှင် ဝမ်းပုံမှန်သွားပြီး ဝမ်းချုပ်ရောဂါပျောက်ကင်းသွားပါလိမ့်မည်။

## ၄။ ငှက်ပျောသီးနှင့် ပန်းနာရောဂါ

အနည်းငယ်မှည့်သော ငှက်ပျောသီးကို အခွံခွာ၍ ဓားဖြင့် အချိုင့်ကလေးများပြုလုပ်ပါ။ ထိုအချိုင့်ထဲသို့ ဆား အနည်းငယ်နှင့် ငရုတ်ကောင်းမှုန့်ထည့်ကာ တစ်ညဉ့်လုံး လရောင်အောက်၌ထားပါ။

နံနက်မိုးလင်းသည့်အခါ ထိုငှက်ပျောသီးများကို ကြော်၍လည်းကောင်း၊ မီးနှင့်ဖုတ်၍လည်းကောင်းစားပါ။ ပန်းနာရောဂါအတွက် အကောင်းဆုံးဆေးဖြစ်ပါသည်။

## ၅။ ငှက်ပျောသီးနှင့် ဆီးလွန်နာ

ငှက်ပျောသီးအမှည့်၊ ဆီးဖြူသီး သတ္တုရည်၊ ပျားရည် နှင့် သကြားတို့ကို ရောစပ်၍ စားပေးပါက ဆီးလွန်နာပျောက် ကင်းပသည်။

နောက်တစ်နည်း...

အမျိုးသမီးများနှင့် မေထုန်မှုကို များစွာပြုမှုဆော ရှက်ခြင်း (သို့မဟုတ်) အခြားအကြောင်းများကြောင့် ဆီ မကြာခဏ အကြိမ်ကြိမ်သွားခြင်းကို ဆီးလွန်နာဟုခေါ် ၎င်းရောဂါမျိုးပျောက်ကင်းစေရန် ငှက်ပျောသီးမှည့် တစ် မင်းကိုကာအမှည့် နှစ်ပဲသား၊ ရှဉ့်မတက်ဥအမှုန့် နှစ်ပဲသ တို့ရောစပ်ထားသော ဆေးကိုစားပြီး နွားနို့သောက်ပေး နှစ်ရက်ခန့်ကြာပါက ဆီးလွန်ခြင်းဝေဒနာ သက်သာပျော ကင်းသွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**၆။ ငှက်ပျောသီးနှင့် မီးယပ်နာ**

နေ့စဉ် နံနက်ည ငှက်ပျောသီးတစ်လုံးကို ထောပတ်ငါးပဲသားနှင့် စားပေးပါ။ ငါးရက်၊ ခြောက်ရက်ခန့်ကြာလျှင် မီးယပ်နာရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၇။ ငှက်ပျောသီးနှင့်မီးလောင်နာ**

မီးလောင်ခံရပါက လောင်သော အသားပေါ်၌ ငှက်ပျောသီးအတွင်းသားများကိုချေ၍ အဝတ်နှင့်ထုပ်ပြီး ဖယောင်းချက်ကဲ့သို့ပြုလုပ်၍ အပူလောင်သောအပေါ်၌ကပ်ပေးပါ။ ချက်ချင်းအေးသွားပြီး သက်သာသွားပါလိမ့်မည်။

မနောက်တစ်နည်း…

မီးလောင်သောနေရာပေါ်သို့ ငှက်ပျောသီးမှည့်ကို အုံပေးပါက မကြာမီ အေး၍ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

ငှက်ပျောသီးမှည့်သည် အစာအိမ်ပူလောင်ခြင်း၊ ဆီးပူလောင်ခြင်း၊ အဆုတ်ပူလောင်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

**၈။ ငှက်ပျောသီးနှင့် သွေးလွန်နာ**

အမျိုးသမီးများ လစဉ် ယောနိမှ သွေးများကျဆင်းပြီး သွေးလွန်ဝေဒနာခံစားနေရပါက ငှက်ပျောသီးမှည့်ရသရည်ကို သောက်သုံးပေးခြင်းအားဖြင့် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၉။ ငှက်ပျောသီးနှင့် အမြုံရောဂါ**

ငှက်ပျောပင်အရင်း၌ ကြွေကျသော နုညံ့သောအဖူးမှ အသီးနုကလေးများကိုယူ၍ ထိုငှက်ပျောသီးအရေ အခွက်နှင့်အမျှ ဖွားဖက်စေ့ကိုကြိတ်ပါ။ မြုံနေသော အမျိုးသမီးများ လစဉ် ဓမ္မတာသွေးလာပြီးနောက် စားပေးပါက နှစ်လအတွင်း၌ ကိုယ်ဝန်ပဋိသန္ဓေတည်နိုင်ပါသည်။

**၁၀။ ငှက်ပျောသီးနှင့် ဂနိရောဂါ**

ငှက်ပျောသီးအစိမ်းကို ပါးပါးလှီး၍ နေပူတွင်လှန်းပေးပါ။ ကောင်းစွာခြောက် သွေ့သည့်အခါ အမှုန့်ပြုလုပ်ပြီး သကာရည်(ထန်းလျက်)ထည့်၍စားပါ။ စားပြီးလျှင် ဒိန်ချဉ်သောက်ပေးပါ။

နှစ်ပတ်ခန့်ကြာသောအခါ များစွာ သက်သာလာပါလိမ့်မည်။ အကယ်၍ အဆိုပါငှက်ပျောသီးနှင့်အတူ ဂျုံမှုန့်ပြုလုပ်ထားသော မုန့်များကိုပါစားပေးပါက အမြန်ဆုံး သက်သာပျောက်ကင်းပါလိမ့်မည်။

**၁၁။ ငှက်ပျောသီးနှင့် အသားဝါရောဂါ**

အခွံနွှာပြီးသား ငှက်ပျောသီးတစ်လုံးကို အပေါ်မှ ထုံးရည်ဆွတ်ဖျန်းပေးပါ။ တစ်ညဥ့်လုံး နှင်းပေါက်ကျရာ၌ထားပြီး နံနက်မိုးလင်းသောအခါ စားပေးပါ။ ဤသို့ နေ့စဉ်စားပေးသွားပါက တစ်ပတ်မှ သုံးပတ်အတွင်း အသားဝါရောဂါများ ကင်းရှင်းသွားပါလိမ့်မည်။

**၁၂။ ခရုသင်းများစွဲနေလျှင်**

ငှက်ပျောပင်၏ပြာကို နနွင်းနှင့် ရောလိမ်းပေးပါက ခရုသင်းနာများ ကင်းပျောက်သွားပါလိမ့်မည်။

**၁၃။ နှာခေါင်းသွေးလျှံသွေးကျလျှင်**

ငှက်ပျောပင်ကို ဓားနှင့်ခုတ်လိုက်သောအခါ ထွက်လာသောသတ္တုရည်ကို ရှူပေးပါက နှာခေါင်းသွေးလျှံ သွေးကျခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၄။ အတွင်းကြေဒဏ်ရာများရလျှင်**

အတွင်းကြေဒဏ်ရာကို ငှက်ပျောသီးမှည့်၊ ဆားနှင့်ရော၍ နာနာနယ်ကာ ဒဏ်ရာပေါ်အုံပေးပါက အတွင်းကြေဒဏ်ရာများ ကင်းပျောက်သွားပါလိမ့်မည်။

**၁၅။ အညှော်နာဖြစ်လျှင် အညှော်များဝင်နေလျှင်**

ငှက်ပျောသီးနှင့် ရေနံချေးကို ရောကြိတ်အုံပေးပြီး ပတ်တီးစည်းပေးပါက အညှော်မိနာများ ယူပစ်သလို သက်



www.burmeseclassic.com

www.burmeseclassic.com

သာပျောက်ကင်းသွားပါလိမ့်မည်။

အညှော်ဝင်၍ ရောင်ရမ်းနေသည့် အနာတို့ကို ဒန္တသုခ ပင်တစ်ပင်လုံးပြုတ်၍ အနာကို ပေါင်းခံပေးပါ။ အညှော်များ ထွက်၍ အရည်များကျလာပြီး သက်သာပျောက်ကင်းသွားပါ လိမ့်မည်။

### ၁၆။ အဆိပ်ရှိသတ္တဝါများ အကိုက်ခံရလျှင်

အဆိပ်သတ္တဝါနှင့် အဆိပ်ပြင်းသည့်မြွေများ အကိုက်ခံ ရပါက ငှက်ပျောပင်လုံးမှ အရည်ကိုညှစ်၍တိုက်ပါ။ အကိုက် ခံရသည့်နေရာကိုလည်း ငှက်ပျောပင်ကို ညက်အောင်ထု ထောင်း၍ အုံပေးပါ။

### ၁၇။ ချောင်းဆိုးသွေးပါလျှင်

တစ်တောင်ခန့်ရှိ ငှက်ပျောပင်ငယ် အလယ်ပိုင်းကို ဖြတ်ယူပြီးလျှင် ကြံရည်ညှစ်သကဲ့သို့ညှစ်၍ တစ်ခွက်လျှင် ပိုင်ကလာပ်တစ်လုံးကျ နှစ်နာရီခြားတစ်ခါ တိုက်ကျွေးပေးပါ။ ချောင်းဆိုးသွေးပါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့် မည်။

### ၁၈။ အစာအိမ်ရောဂါဖြစ်လျှင်

ငှက်ပျောသီးအစိမ်းကို အခွံခွာ၍ နေပူတွင် ခြောက် သွေ့အောင်လှန်းပြီး မှုန့်နေအောင်ကြိတ်ပါ။ အဆိုပါအမှုန့် ကို ကွမ်းသီးတစ်ခြမ်းခန့်စားပေးပါက အစာအိမ်အချဉ်ပေါက် ရောဂါ၊ အစာအိမ်ရောဂါမှန်သမျှ ပျောက်ကင်းပါလိမ့်မည်။

### ၁၉။ လေနာရောဂါထလျှင်

ငှက်ပျောသီးအစိမ်းရင့်ရင့်ကို အခွံခွာပါ။ အသားကို ပါးပါးလှီး၍ အခြောက်လှန်းပါ။ အမှုန့်ပြုပါ။ ထိုအမှုန့်ကို ဟင်းသောက်ဇွန်းတစ်ဇွန်း တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် ရေနှင့် ဖြစ်စေ၊ နွားနို့နှင့်ဖြစ်စေ သောက်ပေးပါက လေနာရောဂါ ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၂၀။ မျက်စိနာလျှင်

ငှက်ပျောရွက် အစိမ်းရင့်ရင့်ကို လက်ဝါးခန့်လှီးပြီး မျက်စိတွင်ဖုံးအုပ်ကာ ကွယ်ပေးခြင်းဖြင့် မျက်စိဝေဒနာ သက်သာပါလိမ့်မည်။

### ၂၁။ ပန်းသေ၊ ပန်းညှိုးဖြစ်နေလျှင်

အမျိုးသားများ ပန်းသေ၊ ပန်းညှိုး ဖြစ်ပြီး အလိုဆန္ဒ ပြည့်ဝမှုမရှိလျှင် ငှက်ပျောသီးဖီးကြမ်းပျော့ပျော့ကို နမ်းဆီနှ အောင်ကြော်၍ ပျားရည်နှင့်နယ်ပြီး စားပေးပါက အလိုဆန္ဒ ပြည့်ဝပါလိမ့်မည်။

### ၂၂။ ဆံပင်ဖြူလျှင် ဆံပင်ကျွတ်လျှင်

ငှက်ပျောခိုင်၊ ငှက်ပျောလက်ကို ခုတ်လိုက်သည့်အခါ ကျလာသောအရည်များကို ခွက်သန့်သန့်ဖြင့်ခံထားပါ။ ထို အရည်များအား ဦးရေထိအောင် ခေါင်းအနှံ့လိမ်းပေးပါ။ သုံး ရက်ပြည့်မှ ခေါင်းလျှော်ပါ။ ထိုသို့ မကြာခဏလုပ်ပေးခြင်းဖြင့် ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းတို့သေးမှ ကင်းဝေးသွားပါ လိမ့်မည်။

### ၂၃။ ဆီးချုပ်ဝမ်းချုပ်ဖြစ်လျှင်

ငှက်ပျောသီးမှည့်ကို ထမင်းလျက်နှင့် ပုံမှန်စားသွားပေး ပါက ဆီးချုပ်ခြင်း၊ ဝမ်းချုပ်ခြင်းဝေဒနာများ သက်သာပျောက် ကင်းသွားပါလိမ့်မည်။

### ၂၄။ ခြေဖဝါး၌ အသားမာပေါက်လျှင် ကွဲအက်နာကျင် ခြင်းများဖြစ်လျှင်

ငှက်ပျောပင်၏ သတ္တုရည်ကို ခြေဖဝါးတွင် လိမ်းကျံ ပေးပါ။ (သို့မဟုတ်) အဝတ်သန့်သန့်တွင် ငှက်ပျောပင်၏ သတ္တုရည်ကိုဆွတ်ပြီး အနာပေါ်တွင် အုပ်ထားပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ ချောင်းခြောက်များဆိုးနေလျှင်

ငှက်ပျောသီးဖီးကြမ်း ပျော့ပျော့ကို သကြားထည့်မွှေကာ ထမင်းလွတ်စားပေးပါက ချောင်းခြောက်ဆိုးမှ ကင်းပျောက်သွားပါလိမ့်မည်။

## ၂၆။ ခေါင်းကိုက်သက်သာလိုလျှင်

ငှက်ပျောသီးအစိမ်းကို ပါးပါးလှီး၍ နားထင်တွင် ကပ်ထားပေးပါက ခေါင်းထိုးခြင်း၊ ခေါင်းကိုက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ (ငှက်ပျောသီးခြောက်သွားပါက အသစ်လဲ၍ ကပ်ပေးပါ။)

## ၂၇။ ကလေးသူငယ်နာကင်းလိုလျှင်

သူငယ်စာငှက်ပျော (သို့မဟုတ်) ဖီးကြမ်းငှက်ပျောကို အခွံပါ မီးဖုတ်၍ အသားကိုကျွေးပေးပါ။ ကလေးသူငယ်နာ ကင်းပသွားပါလိမ့်မည်

## ၂၈။ အမျိုးသမီးများ အဖြူရည်ဆင်းလျှင်

ငှက်ပျောသီးမှည့် ကောင်းကောင်း တစ်လုံးကို အခွံနွှာ၍ ထောပတ် ခြောက်ပဲသားနှင့် နေ့စဉ်နံနက်တိုင်းစားပေးပါ။ ထို့အတူ ညနေပိုင်းတွင်လည်း စားပေးပါ။ နံနက်နှင့်ည အချိန်မှန်မှန် တစ်ပတ်မှ နှစ်ပတ်အထိ ဆက်၍စားပေးပါက အမျိုးသမီးများ၌ဖြစ်တတ်သော အဖြူရည်ဆင်းရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၂၉။ ပန်းနာရင်ကျပ် ဖြစ်ခဲ့သော်

ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံးအား အခွံမနွှာဘဲ အမြှောင့်အရှည်လိုက်ခွဲပါ။ ထိုခွဲထားသော ငှက်ပျောသီးထဲသို့ ငရုတ်ကောင်းမှုန့် နှစ်ပဲသားခန့်ထည့်ပြီး အခွံကို ပြန်ပိတ်လိုက်ပါ။ ထို့နောက် အဆိုပါငှက်ပျောသီးကို ငှက်ပျောရွက်နှင့်ပတ်ကာ ချည်ငင်ကြိုးနှင့်ချည်ပြီး နှစ်နာရီ၊ သုံးနာရီခန့်ထားပါ။

ထို့နောက် ငှက်ပျောသီးကို မီးဖြိုက်ပါ။ ငှက်ပျောရွက်များ မီးလောင်သွားပါလိမ့်မည်။ အေးသွားသောအခါ ငှက်ပျောသီးကို အခွံနွှာ၍စားပါ။ နေ့စဉ် နံနက်ပိုင်းတွင် ငှက်ပျောသီးကို ငရုတ်ကောင်းမှုန့်ထည့်၍ ညနေမှာ မီးဖြိုက်ပြီးစားပါ။ ၁၅ ရက်မှ ရက် ၂၀ အတွင်း ပန်းနာရင်ကျပ်ဝေဒနာ သိသိသာသာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၃၀။ အူ (သို့မဟုတ်) ဝမ်းဗိုက်၌ အနာဖြစ်လျှင်

အစာမစားမီ ၁၅ မိနစ်ခန့်အလိုတွင် ငှက်ပျောသီးတစ်လုံးနှင့် ထောပတ်ကောင်းကောင်း တစ်ဇွန်းမျှစားပေးပါ။ ငရုတ်သီး၊ မဆလာ၊ အချဉ်နှင့် အကြော်အလှော်များကို ရှောင်ကြဉ်ရပါမည်။ သုံးပတ်ခန့်စားပေးပါက အနာများပင် မခွဲမစိတ်ရဘဲ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၃၁။ သက်တံ၊ ကိုနှရာထွက်နေလျှင်

ရခိုင်ငှက်ပျောသီးမှည့်မှည့်ကို အဖုအကြိတ်ဖြစ်နေသော သက်တံ၊ ကိုနှရာနာများပေါ်သို့အုံပြီး ပတ်တီးစည်းပေးထားပါ။ (ထိုဆေးနည်းကို အသုံးပြုနေစဉ်ကာလအတွင်း ရခိုင်ငှက်ပျောသီးကို လုံးဝမစားရပါ။)

## ၃၂။ အပူလောင်လျှင်

ငှက်ပျောအူခါအရည်ကိုညှစ်၍ အနာပေါ်သို့လောင်းပေးပါက အပူလောင်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ငှက်ပျောသီးမှည့်မှည့်အုံပေးပါက မကြာမီအေး၍ အဖုမပေါက်နိုင်ပါ။

## ၃၃။ ခရုသင်းရောဂါစွဲကပ်လျှင်

ငှက်ပျောပင်တစ်ပင်လုံး၏ ပြာကို နှမ်းနှင့်ရော၍ လိမ်းပေးပါက ခရုသင်းဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။


■ သုတေသီဆရာငြိမ်း

(09-250174878)

www.burmeseclassic.com

# စကြာပုံ (SWASTIKA) တံဆိပ်အမှတ်အသား

**မောင်မောင်စန်းထွေး**



စကြာပုံတံဆိပ် အမှတ်အသားသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ကတည်းက အိန္ဒိယနိုင်ငံတွင် စတင်ခဲ့သည်ဟု ယုံကြည်ရသည်။ စကြာပုံကို ဘာသာရေးအထိမ်းအမှတ် သင်္ကေတအဖြစ်အသုံးပြုသည်။ စကြာပုံသည် ဟိန္ဒူနတ်ဘုရားဂနက်ရှာ(GANESHA)၏ အမှတ်သညာဟုလည်း ခေါ်ဆိုကြသည်။ စကြာပုံနှစ်မျိုးရှိရာ နာရီလက်တံအတိုင်းပုံ (CLOCK WISE)နှင့် နာရီလက်တံ ပြောင်းပြန်ပုံ (ANTI-CLOCK-WISE)တို့ ဖြစ်သည်။ စကြာပုံတွင် တစ်ခါတစ်ရံ လက်တံတစ်ခုနှင့်တစ်ခုကြား အစက်တစ်စက်ဖြင့် ပုံဖော်ထားသည်ကိုလည်း တွေ့ရသည်။

နာရီလက်တံပြောင်းပြန် စကြာပုံသည် ကာလီနတ်ဘုရားမ (GODDESS KALI) ကို ကိုယ်စားပြုသည်ဟု ဆိုသည်။ ကာလီနတ်ဘုရားမသည် ဖျက်ဆီးသော မိခင်နတ်ဘုရားမ(THE DESTRUCTIVE MOTHER GODDESS) ဖြစ်သည်။ မိခင်ကာလီနတ်ဘုရားမသည် မကောင်းဆိုးရွားနတ်မိစ္ဆာများကို ဖျက်ဆီးသည်ဟု ဆို



www.burmeseclassic.com

www.burmeseclassic.com

သည်။ နာရီလက်တံ စကြာပုံသည် စာရင်းအင်းစာအုပ်များ၊ မှန်ဦးများနှင့် ပူဇော်သက္ကာရ (PUJA)၊ တစ်နည်း ဝတ္တနာဆုတောင်းခြင်း (PRAYER) တို့တွင် အသုံးပြုသည်။ ဗြိတိသျှစာရေးဆရာ ရုတ်ယတ်ကစ်ပလင်း (RUDYARD KIPLING)သည် သူ၏ စာအုပ်အဖုံးများပေါ်တွင် စကြာပုံများ ထားရှိသည်ကို တွေ့ရလေသည်။ စကြာပုံကို ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ခြေဖဝါးတော်တွင် တွေ့ရပြီး ဂေါတမမြတ်စွာဘုရား၏ ခြေရာတော် အမှတ်သင်္ကေတဖြစ်သည်။ ဂေါတမမြတ်စွာဘုရား၏ ရင်ဘတ်တော်နှင့် လက်ဖဝါးတော်တို့တွင် စကြာပုံထားရှိခြင်းသည် မြတ်စွာဘုရားက သတ္တဝါများအပေါ် ကြင်နာမေတ္တာနှင့် ကောင်းမြတ်တော်မူခြင်းတို့ကို ပြသသည်ဟု ယူဆကြသည်။

စကြာ(SWASTIKA)ဆိုသော နာမည်သည် ကနေဒါနိုင်ငံ အွန်တေရီယို (ONTARIO)ပြည်နယ်ရှိ သတ္တုထုတ်လုပ်သောမြို့တစ်မြို့၏ အမည်လည်းရှိသေးကြောင်းသိရသည်။ ခရစ်ယာန်အချို့က စကြာပုံကို လက်ဝါးကပ်တိုင်အမှတ်သညာအဖြစ် မှတ်ယူကြသည်။ မိုင်ကင်း၊ ဂျိန်း၊ ဗုဒ္ဓဘာသာ၊ ဂရိ၊ တောင်နှင့်မြောက် အမေရိကအင်ဒီးယန်းများက စကြာပုံကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝသော သင်္ကေတဟု မှတ်ယူကြသည်။ စကြာပုံကို ကျောက်ဆောင်များနှင့် လိုဏ်ဂူနံရံပေါ်ရှိ ပန်းချီကားများတွင်လည်းကောင်း၊ ဘိုင်ဇန်တိုင်းအဆောက်အအုံများ(BYZANTING)ပေါ်တွင်လည်းကောင်း၊ ဆဲလတစ်တို့၏ အထိမ်းအမှတ်ကျောက်တိုင် (CELTIC MONUMENTS) များတွင်လည်းကောင်း၊ ရှေးဟောင်းထရွိုင်နှင့် ဂရိမြို့များ (ANCIENT CITY OF TROY AND GREEK COINS) အကြွင်းအကျန်တို့မှ ရရှိသော ဒင်္ဂါးပြားများပေါ်တွင်လည်းကောင်း တွေ့ရသည်ဆို၏။ ဒီဇိုင်းနှစ်ခု (နာရီလက်တံနှင့် လက်တံပြောင်းပြန်) တို့ကို ပူးတွဲရေးဆွဲထားသည့် စကြာပုံကို ပြင်သစ်နိုင်ငံ အားမီးယန်းကယ်သီဒယ် ဘုရားကျောင်းတော်ကြီး (CATHEDRAL OF AMIENS)၏ ကြမ်းခင်းပေါ်တွင် တွေ့ရသည်။ စကြာပုံသည် ဂျာမန်နှင့် အာရီယန် (ARYANS) တို့၏ အမှတ်သင်္ကေတဖြစ်ပြီး ဂျာမန်တို့က ၎င်းတို့၏ ဘိုးဘေးများနှင့် မဟာလူမျိုးကြီးအဖြစ် ခံယူကြသည်။ နာဇီပါတီက စကြာပုံကို တရားဝင် ဟာကင်းခရုစ် (HEKENKR EUS)၊ သို့မဟုတ် ငါးများချိတ် လက်ဝါးကပ်တိုင် (HOOKED CROSS)ဟု ခေါ်ဆိုကြသည်။ နာဇီတို့၏ စကြာပုံသည် ထောင့် ၄၅ ဒီဂရီတိမ်းစောင်းသည်။ ထိုအချက်ကြောင့် စကြာပုံသည် နာဇီဂျာမနီ၏ အမှတ်သင်္ကေတဖြစ်လာခဲ့သည်။ ထို့အတူ လူအများ အမုန်းတီးဆုံးသင်္ကေတလည်း ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ အမေရိကန်လေသူရဲများသည် ပထမကမ္ဘာစစ်အတွင်း စကြာပုံများကို လေယာဉ်များပေါ်တွင် ပန်းချီရေးဆွဲထားခဲ့ကြသည်ဟု ဆို၏။ ထို့ကြောင့် စကြာပုံကို ကောင်းမြတ်ခြင်း၊ ကံကောင်းခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု အဓိပ္ပာယ်ဆောင်သည်။ လက်ျာရစ်စကြာပုံသည် စကြဝဠာတစ်ခုလုံးကို ပတ်လည်ဝန်းရံထားပြီး အကာအကွယ်ပေးထားသည့် ယာဉ်ရထားလို နာရီလက်တံအတိုင်း ရွေ့လျားလျက် အရပ်လေးမျက်နှာရှိ နေရာများကို ညွှန်ပြနေရာ တည်ငြိမ်မှုဖော်ဆောင်သည်ဟု ယူဆကြလေသည်။

■ **မောင်မောင်စန်းထွေး**

*The Indian* စာစောင် *March, 2005* မှ *"THE SWASTIKA"* ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။

### စကြာတံဆိပ်ပုံကို

တနင်္ဂနွေသားသမီးများ သောကြာနေ့နံနက်တွင် ဆောင်ပါ။

တနင်္လာသားသမီးများ တနင်္လာနေ့နံနက်တွင် ဆောင်ပါ။

အင်္ဂါသားသမီးများ အင်္ဂါနေ့နံနက်တွင် ဆောင်ပါ။

ဗုဒ္ဓဟူးသားသမီးများ ဗုဒ္ဓဟူးနေ့နံနက်တွင် ဆောင်ပါ။

ကြာသပတေးသားသမီးများ အင်္ဂါနေ့နံနက်တွင် ဆောင်ပါ။

သောကြာသားသမီးများ ကြာသပတေးနေ့နံနက်တွင် ဆောင်ပါ။


စနေသားသမီးများ တနင်္ဂနွေနေ့နံနက်တွင် ဆောင်ပါ။

ရာဟုသားသမီးများ ကြာသပတေးနေ့နံနက်တွင် ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အမှုအခင်း ဖယ်ခွာကင်း အောင်မြင်းနိုင်မှာ သည်ဂါထာ

□ ဂမ္ဘီရဆရာငြိမ်း

ရွှေတိဂုံဘုရား အဂါထောင့်တွင် ရေသပ္ပာယ်နေသော ကျွန်ုပ်၏ဘေးသို့ အမျိုးသမီးကြီးတစ်ဦး တိုးဝှေ့ဝင်လာရာ ကျွန်ုပ်မှာ ဘေးသို့ အသာကလေးဖယ် ပေးလိုက်ရသည်။

ထိုအမျိုးသမီးကြီးသည် မျက်နှာ ညှိုးငယ်စွာဖြင့် ပါးစပ်မှ တစ်ခုခုကို တဖွဖွရွတ်ဆိုရင်းက ရုပ်ပွားတော်အား ရေသပ္ပာယ်လျက် ရှိနေလေသည်။

ကျွန်ုပ်လည်း ရေသပ္ပာယ်၍ ပြီးစီး သွားသဖြင့် အဂါထောင့်ရှိ ဗောဓိညောင် ပင်အောက်သို့ သွားရောက်ကာ မေတ္တာ ပုတီးစိပ်နေခဲ့သည်။

ထိုသို့ ကျွန်ုပ် ပုတီးစိပ်နေစဉ်မှာ ပင် စောစောက ကျွန်ုပ်နှင့်ဆုံတွေ့ခဲ့သော အမျိုးသမီးကြီးသည် ဗောဓိညောင်ပင် အောက်သို့ ရောက်လာပြန်ပါသည်။

သူမသည် ဗောဓိညောင်ခြေရင်း တွင် ဝါးခြမ်းပြားကလေးများကိုထောက် ထားဟန်ပြုကာ လက်အုပ်ချီပြီး နှုတ်မှ တဖွဖွရွတ်ဆိုနေပြန်ပါတော့သည်။

ကျွန်ုပ်လည်း သူမကို ကြည့်ပြီး စိတ်ဝင်စားနေရာမှ သူမက ကျွန်ုပ်အား စိုက်ကြည့်ရင်းက ရုတ်တရက် နှုတ်ဆက် စကားဆိုသည်။

"ဆရာ···ဆရာ ကျိုက်ထီးရိုးမှာ တွေ့ခဲ့တဲ့ ဆရာငြိမ်းများလားရှင်"

"ဗျာ···ခင်ဗျားက···"

"ကျွန်မက မြောက်ဥက္ကလာပက ဒေါ်မြလေ။ ဆရာငြိမ်းနဲ့ ကျိုက်ထီးရိုးဘု ရားပေါ်မှာ ဆုံခဲ့ဖူးပါတယ်။ ဆရာငြိမ်း အဓိဋ္ဌာန်ဝင်ခဲ့တုန်းကပါ"

ဒေါ်မြက အစဖော်လိုက်ပါလေမှ ကျွန်ုပ်မှာ တဖြည်းဖြည်း အမှတ်ရလာ သည်။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဆရာ ဂန္ဓာရီ ခရီး လှည့်လည်ရင်း ကျိုက်ထီးရိုးဘုရား တွင် အဓိဋ္ဌာန်ဝင်ခဲ့စဉ်က ကျွန်ုပ်တို့အား ထမင်းတစ်နပ် အလှူဒါနပြုခဲ့သော ဒေါ်မြ တို့သားအမိကို သတိရသွားပါတော့သည်။ ကျွန်ုပ် မမှတ်မိသည်ကို စိတ်မကောင်း လည်း ဖြစ်သွားသည်။

"စိတ်မရှိပါနဲ့ ဒေါ်မြရယ်။ နှစ်တွေ က ကြာသွားပြီပဲဗျာ။ ပြီးတော့ ဒေါ်မြက အရင်ကနဲ့မတူတော့ဘဲ တော်တော်ဝိန် သွားတာကိုး"

"ဝိန်ဆို ဆရာငြိမ်းရေ··အပူသည် ဖြစ်နေရလို့ပါ"

"ဘာကြောင့် အပူသည်ဖြစ်ရတာ လဲ ဒေါ်မြရဲ့"

"ဆရာငြိမ်းတို့နဲ့ဆုံခဲ့တဲ့ ကျွန်မ သမီးလေး မြလေးညို အမှုဖြစ်နေလို့ပါ ဆရာငြိမ်းရယ်"

"ဩော်···မြလေးညို၊ မြလေးညို သူက ဘာအမှုဖြစ်လို့လဲ"

"ဆရာငြိမ်းတို့နဲ့တွေ့ပြီး နောက် တစ်နှစ်မှာဘွဲ့ရခဲ့ပါတယ်။ ဘွဲ့ရပြီး ကုမ္ပဏီ တစ်ခုမှာဝင်လုပ်နေခဲ့တာ ကြာပါပြီ။ အဲ အဲဒီကုမ္ပဏီက ပစ္စည်းတွေ လျော့နည်း နေလို့ စတိုမှာတာဝန်ရှိတဲ့ သမီးမြလေး ညိုကို အမှုဖွင့်ထားပါတယ်။ အခု တရား ရုံးမှာ ရင်ဆိုင်နေရတယ်လေ။ ရှေ့နေ သွားလာစရိတ်နဲ့ ငွေကုန်လူပန်း နွမ်းကိုယ်ကြေနဲ့ သေချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ ဆရာငြိမ်းရယ်။ အခုလည်း သမီး လေးအတွက် ဘုရားမှာလာပြီး ယတြာ ချေတာပါ”

“အင်း . . .ကြားရတာ စိတ် မကောင်းပါဘူးဗျာ။ မြလေးညိုဘက်က သူ့ရှိးသားတဲ့အကြောင်း အထောက် အထားမပြနိုင်ဘူးလား”

“အထောက်အထားပြပြီး ရှေ့နေနဲ့ လျှောက်လဲနေတာပဲ ဆရာငြိမ်းရယ်။ ပစ္စည်းခိုးသူတွေကိုလည်း မိထားပါပြီ။ ဒါပေမယ့် မြလေးညိုကို ကြံရာပါထဲမှာ ထည့်စွဲထားပါတယ်”

“အဲဒီလို ထည့်စွဲထားရုံနဲ့ ရရော လားဗျ”

“သူ့နေရာကို လိုချင်တဲ့သူတွေက ခြေထိုးတာလည်း ပါတာပေါ့ ဆရာငြိမ်း ရယ်”

ကျွန်ုပ်မှာ ထမင်းတစ်နပ်အလှူရှင် ဒေါ်မြတို့သားအမိ၏ ဖြစ်အင်ကို ကြား လိုက်ရသောအခါ စိတ်ထဲမှာ သနားသွား ပြီး ပြန်လည်ကျေးဇူးဆပ်ချင်စိတ် ပေါ် ပေါက်သွားသည်။

“ကဲ . . .ဒေါ်မြရေ ကျွန်တော် ကူညီနိုင်တာ တစ်ခုတော့ရှိတယ်။ အဲဒါ ကတော့ ‘အမှုအခင်းဖယ်ခွာကင်း အောင် မြင်းနိုင်မှာသည်ဂါထာ’ဆိုတာပဲ။ အဲဒီ ဂါထာကို မြလေးညိုကို ပေးလိုက်ပါ။ နံနက် အိပ်ရာထမှာ (၉)ခေါက် ရွတ်ပါ။ ညအိပ်ရာဝင်မှာ (၉)ခေါက် ရွတ်ပါ။ တရားရုံးမှာ ရင်ဆိုင်ခါနီးမှာ (၉)ခေါက် ရွတ်ပါ။ ကိုယ့်ဘက်ကသာမှန်ရင် အမှု [illegible] နိုင်မှာသေချာပါတယ်ဗျာ”

“ကျေးဇူးတင်လိုက်တာ ဆရာငြိမ်း ရယ်။ အဲဒီဂါထာလေးကို ကျွန်မကို ရေး [illegible]လိုက်ပါနော်”

ကျွန်ုပ်လည်း ကျွန်ုပ်၏ လွယ်အိတ် ထဲတွင်ပါသော ဗလာစာအုပ်မှ စာရွက် လွတ်ကို ဆွဲထုတ်ကာ ရေးပေးလိုက်ပါ တော့သည်။

**အမှုအခင်း ဖယ်ခွာကင်း**
**အောင်မြင်းနိုင်မှာ သည်ဂါထာ**

✦ သီလ ပါဠာဒိ ဘာဝနာ၊
သိဇ္ဈိတွာ တုဌေပါရမိ၊
သိဇ္ဈိပေတိ သဗ္ဗသတ္တေ၊
သိဇ္ဈိတိ အမတံ ပဒံ။
✦ သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ သိဒ္ဓိကာယံ
သိဒ္ဓိလာဘံ တထာဂတံ။
✦ သိဒ္ဓိကဠေဝ သမ္ဗာရံ၊
သိဒ္ဓိယာ ပန တေ နမော။

မြတ်စွာဘုရား . . .ဘုရားတပည့် တော်သည် မြတ်စွာဘုရားတည်းဟူသော သီလစောင့်ခြင်း၊ ရွတ်ဖတ်ခြင်း စသော ဘာဝနာကိုပြီးစေ၍ သတ္တဝါခပ်သိမ်းကို လည်း ပြီးစီးတော်မူပေထသော သေခြင်း ကင်းသော အကြောင်းကိုလည်း ပြီးစီး တော်မူပေထသော မြတ်စွာဘုရားအား ကြိမ်ဖန်များစွာ ကန်တော့ပါသည်ဘုရား။ ကန်တော့ရသော အကျိုးအားကြောင့် အမှုကိစ္စအဝဝသည် ငြိမ်းချမ်းပြီးစီးပါစေ သတည်း။ မကောင်းကြံ၊ မကောင်းပြော၊ မကောင်းပြုသူတို့၏ ကံခပ်သိမ်းသည် ပြတ်ငြိမ်းပြီးစီးပါစေသတည်း။

“ကဲ . . .ဒေါ်မြရေ ဒီဂါထာကို ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုဖို့ပြောပြပါ။ ပြီးတော့ ရတနာသုံးပါး၊ ဆရာမိဘတွေ ကို ထာဝရ ဦးထိပ်ပန်ဆင်ပြီး အလုပ် အကျွေးပြုနေသမျှ ဘယ်တော့မှ ဒုက္ခ မရောက်စေဘူးလို့လည်း မြလေးညိုကို ပြောပြလိုက်ပါဗျာ”

“စိတ်ချပါ ဆရာငြိမ်းရယ်။ နောင် ဆရာငြိမ်းကို တွေ့ချင်ရင် ဘယ်မှာတွေ့ ရမလဲရှင်”

“ကျွန်တော် ဥပုသ်နေ့တိုင်း ဒီအဂါ ထောင့်မှာ ရှိနေပါတယ်ဗျာ”

“ကျွန်မ ဆရာငြိမ်းဆီ လာခဲ့ပါဦး မယ်”

ဒေါ်မြသည် ကျွန်ုပ်ပေးသောဂါထာ ကိုယူကာ ပေါ်ပါးဖျတ်လတ်စွာ ဘုရားရင် ပြင်တော်ပေါ်မှ ဆင်းသွားလေတော့သည်။

နောက် သုံးလခန့်ကြာသောအခါ ဒေါ်မြနှင့် မြလေးညိုတို့ သားအမိနှစ် ယောက် ရွှေတိဂုံဘုရား အဂါထောင့် ကျွန်ုပ်ရှိရာသို့ ရောက်ချလာပါတော့သည်။

“ဆရာငြိမ်းရေ . . .သမီးလေးအမှု ပြီးသွားပြီ၊ နိုင်သွားပြီဆိုပါတော့။ ခိုးတဲ့သူ နဲ့ ကြံရာပါတွေ ပေါ်သွားပြီလေ။ ခိုးတဲ့ သူက ဖော်လိုက်တာ။ သမီးလေးကို အကောက်ကြံတဲ့သူက ကြံရာပါဖြစ်နေ ရာယ်လေ။ အခုတော့ သမီးကို ရာထူး တောင်တိုးပေးလိုက်ပါတယ်။ အဲဒါ ဆရာ ငြိမ်းပေးလိုက်တဲ့ အမှုနိုင်ဂါထာကြောင့်ပါ။ အခု သမီးလေးက ဆရာငြိမ်းကို လာပြီး ကန်တော့တာပါ”

“အမှုနိုင်တယ်ဆိုတာ ကိုယ့်ဘက် ကလည်း မှန်လို့ပါ။ စေတနာမှန်သော ကံတရားပေါ့ဗျာ။ တရားကို နတ်စောင့် တာပေါ့။ ရတနာသုံးပါးရဲ့ ကျေးဇူးပဲဗျ။ အဲဒါ အဓိကပဲ။ ကျွန်တော့်ကို ကျေးဇူး တင်ရင် ရတနာသုံးပါးကို မပြတ်ဆည်း ကပ်ကြပေါ့ဗျာ”

ကျွန်ုပ်၏စကားကို သားအမိနှစ် ယောက် ခေါင်းညိတ်လျက် လက်ခံနေ ကြလေသည်။

ဂမ္ဘီရဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ နှစ်သစ်ကူး

# အဘမင်းသိခ် အောက်မေ့သတိရ အမှတ်တရ

## ဒေါက်တာစောယုနွယ်

၂၀၁၅-ခုနှစ် ကုန်ခါနီး ၂၀၁၆ နှစ်သစ်ကူးတဲ့ ကာလကို ရောက်လာပြန်ပြီပေါ့။ နှစ်ဟောင်းကုန်တော့လည်း ကျွန်မတို့တစ်တွေနဲ့ ကျွန်မတို့အဘ ဆရာကြီး မင်းသိခ် ခရစ္စမတ်ညတွေမှာ စုပေါင်းပြီး 'ဦး' ရွတ်တာတွေ သတိရ မိသေးတယ်။ အဲဒီလိုပဲ နှစ်သစ်ကူးတဲ့ Happy New Year ညမှာလည်း အဘက ခြံထဲမှာ နှစ်သစ်ကူးပွဲတော်တွေ အမြဲ တမ်း လုပ်ပါတယ်။ သူမှာရှိတဲ့ အဝတ်အစားတွေ၊ လှူဒါန်း ထားတဲ့ ပစ္စည်းတွေ၊ သူလက်ဆောင်ရထားတဲ့ ပစ္စည်းတွေကို တပည့်တပန်းတွေကို ပြန်ပြီးမဲဖောက်ပေးတဲ့ တပည့်တွေကို ချီးမြှင့်တဲ့ပွဲလေးတွေကိုလည်း သတိရနေပါသေးတယ်။ နေ့တိုင်း အချိန်တိုင်း မဟုတ်ပေမယ့် အဘရဲ့ အယူတော် မင်္ဂလာခြံကြီးမှာ လတိုင်းလိုလို သူ့လအလျောက် ပွဲတော် လေးတွေ ရှိနေတော့ အဲဒီလ အဲဒီနေ့ရောက်တိုင်း အထူး သတိရပါတော့တယ်။ အဲဒီလိုနေ့မျိုး အဲဒီလိုညမျိုးမှာ အဘ ဟာ ဝိုးချဲလ်ကြီးပေါ်ကနေ ပြုံးပြုံးကြီးထိုင်ပြီး တူမှုယာ လွင်ပြင်ကြီးမှာ သူ့ရဲ့ ချစ်လှစွာသော တပည့်တွေ ဝယ်လာ တဲ့ စားစရာတွေကို တပည့်တွေအားလုံး ကျေနပ်အောင် မှိုဟာ နည်းနည်းစားပြ၊ ဒီဟာ နည်းနည်းစားပြတဲ့ ပြုံးပြုံး ကြီး တပည့်တွေနဲ့ ပျော်နေပါတော့တယ်။ သူ့ရဲ့ တပည့်တွေ လူမစုံမချင်း လမ်းမကိုကြည့်ပြီး မျှော်နေတာ 'ဟော့ စောရန် နိုင်တော့ မလာသေးဘူးကွ' 'သိုးကောင်းတစ်ယောက် အပြင်သွားတာ ကြာလှပြီကွ' ဟု ရေရွတ်ပြီး ခြံဝကိုကြည့်ပြီး မျှော်နေတတ်ပါတယ်။ တကယ့်ကို သားသမီးတွေ မလာ သေးလို့ စောင့်ကြိုနေတဲ့ အဖေအိုကြီးတစ်ယောက်လိုပါပဲ။ လူစုံပြီဆိုတာနဲ့ ထမင်းဝိုင်းကြီးချပြီး ထမင်းကျွေးတော့တာ ပါပဲ။ ထမင်းကျွေးပြီးပြီ ဆိုတာနဲ့ အဘဟာ ကျွန်မတို့တွေ ကို ဗဟုသုတရစရာအကြောင်း ပညာရပ်နဲ့ ပတ်သက်တာ တင်မဟုတ်ဘဲ စီကာပတ်ကုံး ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ ပြောပြလေ့ ရှိပါ တယ်။ လွန်ခဲ့သော နှစ်တစ်နှစ်ရဲ့ နှစ်သစ်ကူးညလေးမှာ တော့ အဘဟာ မေတ္တာတရား ကြီးမားတဲ့ မေတ္တာရှင် မိခင်တစ်ယောက်အကြောင်းကို ကျွန်မကို နားထဲစွဲနေအောင် နှလုံးသားထဲ စွဲနေအောင် ပြောပြခဲ့ပါတယ်။

အဘပြောပြတဲ့ ဇာတ်လမ်းလေးကတော့ မေတ္တာရှင် မိခင်တစ်ယောက်ရဲ့ အကြောင်းလေးပါ။ အဘပြောပြတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝံ့ပြင်လေးရဲ့ အစက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဗာရာဏသီပြည့်ရှင် ထီးနန်းစိုးစံလျက် ရှိခဲ့တယ်တဲ့။ အဲဒီ ဗာရာဏသီပြည့်ရှင်မင်းကြီးဟာ မိမိရဲ့ နန်းတွင်းသူ နန်းတွင်းသားတွေအပေါ်ရော၊ တိုင်းသူပြည်သားတွေအပေါ်ရော မိမိရဲ့ ရင်ဝယ်သားကဲ့သို့ ဉာဏ်အမြော်အမြင် ကြီးမားစွာနဲ့ တိုင်းပြည်ကို စည်ပင်တိုးတက်အောင် သာယာဝပြောအောင် အေးချမ်းသာယာအောင် အုပ်ချုပ်ကြီးပမ်း ဆောင်ရွက်ခဲ့တယ်။ အဲဒီတော့ ဘုရင်ကြီးဟာ တော်ရုံတန်ရုံ လူမှုရေးတွေကို မိဖုရားနဲ့ အဆက်အသွယ် အကူးအသန်း သိပ်မရှိတော့ဘူးပေါ့။ ႈမိဖုရားရဲ့ နန်းတော်ဆောင်တွေ မကူးနိုင်ခဲ့ဘူး။

လူစုံပြီဆိုတာနဲ့ ထမင်းဝိုင်းကြီးချပြီး

ထမင်းကျွေးတော့တာ ပါပဲ။

ထမင်းကျွေးပြီးပြီ ဆိုတာနဲ့ အဘဟာ

ကျွန်မတို့တွေကို

ဗဟုသုတရစရာအကြောင်း ပညာရပ်နဲ့

ပတ်သက်တာတင် မဟုတ်ဘဲ

စီကာပတ်ကုံး ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ ပြောပြလေ့

ရှိပါတယ်။

လွန်ခဲ့သော နှစ်တစ်နှစ်ရဲ့

နှစ်သစ်ကူးညလေးမှာတော့

အဘဟာ . . .

အဲဒါနဲ့ မိဖုရားကြီးက ဘုရင်ကြီး မကြွလာနိုင်တာကို အကြောင်းပြုပြီး သူ့ကို အမြဲခယ အကြိုက်ဆောင်ပေးတဲ့ မင်းမှုထမ်းတစ်ယောက်နဲ့ ငြိစွန်းသွားပါတော့တယ်တဲ့၊

ဘုရင်ကြီးကတော့ ဒါကို သတိမပြုမိဘဲ တိုင်းရေးပြည်ရာတွေနဲ့ ဆက်ပြီး အလုပ်တွေ ရှုပ်နေတာပေါ့။ ဒါပေမဲ့လည်း မင်းကြီးဘေးမှာ ခစားနေတဲ့ မှူးမတ်သေနာပတိတွေက မိဖုရားကြီးရဲ့ ဖောက်ပြန်မှုတွေကို သိရှိသွားတဲ့အခါမှာ နိုင်ငံရဲ့ အထွတ်အထိပ် မိဖုရား ဖြစ်နေတာရယ်၊ နန်းတွင်းရေးရာ ကိစ္စတွေ ဖြစ်နေတာကြောင့်ရယ် မင်းကြီးကို အသိပေးလျှောက်တင်လိုက်ကြတာပေါ့။

ဒါပေမဲ့လည်း မင်းတရားကြီးက မှူးမတ်တွေရဲ့ ပြောစကားကို အလေးအနက်တော့ ထားပါရဲ့၊ မိဖုရားကိုလည်း ယုံကြည်တဲ့စိတ်ကလည်း အပြည့်အဝ ရှိနေပါသေးတယ်။ ဒါပေမဲ့လည်း မင်းမှူးထမ်းတွေရဲ့ ပြောစကားတွေကြားပါများတော့ ဉာဏ်အမြော်အမြင် ကြီးမားပေမယ့် ရှက်သွားတာပေါ့။ စိတ်ထဲမှာလည်း သာယာချမ်းမြေ့မှု မရှိတော့ဘူး။ စိတ်ကလည်း ဆင်းရဲ၊ ကိုယ်ကလည်း ဆင်းရဲနဲ့ သောကမီးတွေ တောက်လောင်တာပေါ့။ ဒါနဲ့ပဲ ဉာဏ်အမြော်အမြင် ကြီးမားတဲ့ မင်းတရားကြီးက ဒီလိုဖြစ်ပျက်နေတာကို တခြားတိုင်းပြည်တွေက သိသွားခဲ့ရင် ပျံ့နှံ့သွားခဲ့ရင် နိုင်ငံတစ်ခုလုံးတော့ ရှက်ဖွယ်ဖြစ်ပါရဲ့လို့ တွေးတောပြီး မင်းကြီးက မိဖုရားကြီးကို ခေါ်ပြီး မေးတယ်တဲ့။

"ငါ့ရဲ့ အသက်မက ချစ်လှတဲ့ မိဖုရားကြီး ငါ အရှင်ပေါ်မှာ ဘယ်အရာတွေကို မကျေနပ်စရာရှိသလဲ၊ ဘယ်ဟာတွေ အလိုဆန္ဒ မပြည့်ဝပါသလဲ"

လို့ မေးလိုက်တဲ့အခါမှာ မိဖုရားကြီးလည်း သူပြုလုပ်ခဲ့တဲ့ အပြုအမူတွေကို နောင်တရပြီး မိဖုရားကြီးက မင်းတရားကြီးကို ဒီလိုပြန်ပြီး လျှောက်တင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

“စိတ်နှလုံးကောင်းလှသော မင်းယောကျ်ားတို့၏ ဘုန်းပညာနှင့် ပြည့်စုံသော အရှင်မင်းကြီး၏ မိဖုရားကြီး အဖြစ် မတောင့်မတ စိတ်ကျန်းမာ ကိုယ်ချမ်းသာနဲ့ အလို ဆန္ဒတွေ ပြည့်ပြည့်ဝဝနဲ့ ပျော်ပျော်ရွှင်ရွှင် ခံစားရပါတယ်”

လို့ ပြန်လည်လျှောက်တင်လိုက်ပါတယ်။

အဲဒီတော့ မင်းတရားကြီးက စိတ်ထဲမှာ လှိုက်ခနဲ စိတ်ချမ်းသာသွားပြီး…

“ဒါဖြင့်ရင် အဘယ်အတွက်နဲ့ တခြားသော ယောကျ်ားဖြင့် လွန်ကျူးရပါသလဲ”

လို့ ထပ်ပြီး မေးတော်မူလိုက်ပါတယ်။

အဲဒီအခါမှာ မိဖုရားကြီးလည်း ရုတ်ကနဲ မျက်နှာ လေးပျက်ပြီး မိဖုရားကြီးက အမှန်ကို ဝန်မခံဘဲ ငြင်းဆို လိုက်ပါတော့တယ်။ ငြင်းဆိုတဲ့အပြင် အရှင်မင်းကြီးရဲ့ ကျွန်တော်မျိုးမသည် အရှင်မင်းကြီးမှလွဲ၍ တခြားသော ယောကျ်ားသားနှင့် မကျူးလွန်ခဲ့ပါဟု ပြောပြီး ဘုရင်ကြီး ယုံကြည်မှု ရှိစေရန်အတွက် ထပ်မံပြီး ကျိန်ဆိုလိုက်ပါတော့ တယ်။ မည်သည့်ယောကျ်ားနှင့်မှ မင်းတရားကြီးမှလွဲ၍ မကျူးလွန်ခဲ့ပါ။ ဤသစ္စာစကားသည် အမှန်ပါ။ အကယ်၍ ဘုရင်ကြီးမှလွဲ၍ တခြားယောကျ်ားသားနှင့် ငြိစွန်းမိခဲ့ပါက ကျွန်တော်မျိုးမသည် လူ၏အသားကို စားသော ဘီလူး၊ အသားစား ဘီလူးမ ဖြစ်ရပါစေသား ဆိုပြီး ကျိန်ဆိုလိုက်ပါ တော့တယ်တဲ့။

နောက် မိဖုရားကြီး ကွယ်လွန်တဲ့အခါမှာ သူဟာ ဘုရင်ကြီးကို ကျိန်တွယ်ပြောဆိုခဲ့သလို လူသားစားဘီလူးမ အဿမုခီရယ်လို့ ဖြစ်ပေါ်လာပါသတဲ့။ အဲဒီအခါမှာ နတ်တို့ ရဲ့ အကြီးအကဲ နတ်မင်းကြီး ဝေသဝဏ်ထံမှာ လူသားစား ဘီလူးမကြီး အဿမုခီဟာ (၃)နှစ်တိတိ အပါးတော်မှာ နေရပြီး နတ်မင်းကြီးရဲ့ တာဝန်ပေးမှုတွေ၊ စေခိုင်းမှုတွေကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့အတွက် နတ်မင်းကြီးက လွန်စွာ သဘောကျပြီး တောတောင်ရေမြေ သဘာဝအလှနဲ့ ပြည့်စုံပြီး အင်မတန်မှ လှသားတွေ ပျော်ရွှင်ဖွယ်၊ အနားယူဖွယ် ကောင်းတဲ့ တောမြိုင်ကြီးတစ်ခုနဲ့ တစ်ဆက်တည်း တောင် ကြီးတစ်လုံးကို ဆုလာဘ်အဖြစ် သတ်မှတ်ပြီး အဿမုခီ ဘီလူးမကြီးရဲ့ အပိုင်စား ပေးသနားတော်မူလိုက်သတဲ့။

လူသားအားလုံးကိုလည်း အဿမုခီသဘော အတိုင်း ဆုပေးချီးမြှင့်တော်မူလိုက်သတဲ့။

အဘက ဆက်ပြောတာကတော့ အဲဒီတောမြိုင် ကြီးရဲ့ မနီးမဝေးမှ စည်ကားသာယာလှတဲ့ လူသားတွေ နေထိုင်တဲ့ ရွာကြီးမှာ ပစ္စည်းဥစ္စာ ကြွယ်ဝပြီး စွမ်းအင်တွေနဲ့ ပြည့်စုံနေတဲ့ လုလင်ပျိုတစ်ယောက်က နေထိုင်ပါသတဲ့။

---

“သားရယ် အမေ့ဆီ
ပြန်မလာချင်လည်း
နေပါစေတော့၊
ဒါပေမဲ့
လောကအလယ်မှာ
လူ့ဘုံလောကမှာ
သားမျက်နှာ မငယ်ရအောင်
အမေ့စကားကို
နားထောင်ပြီးမှ သွားပါ”

---



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ အဲဒီလုလင်ပျိုလေးဟာ သူ့မိတ်ဆွေတွေနဲ့ အတူတကွ တောလည်ကစားရင်းနဲ့ အဿမုခီ အပိုင်စားရထားတဲ့ အဲဒီတောတောင်ထဲကို ရောက်ရှိသွားပါတော့တယ်။ အဲဒီအခါ သူ့နယ်ထဲကို ရောက်လာတဲ့ အဿမုခီ ဘီလူးမဟာ သူ့ဆီကို နယ်ကျူးရောက်လာတဲ့ လူတွေကို ဖမ်းဆီးရာမှာ တခြားသူငယ်တွေကို မဖမ်းမိဘဲ ခုန လုလင်ပျိုတစ်ယောက်ကိုသာ ဖမ်းမိခဲ့တယ်။ လုလင်ပျိုဟာ ဘီလူးမကြီးကို တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် မူးမေ့ပြီး သတိမေ့သွားသတဲ့။ ဘီလူးမကြီးလည်း အဲဒီလုလင်လေးကို ချက်ချင်းမစားဘဲ တောင်ကြီးရဲ့အောက်က လိုဏ်ဂူကြီးထဲကို ဘီလူးမကြီးက ခေါ်သွားတယ်။ လိုဏ်ဂူထဲ ရောက်တဲ့အခါမှာ သတိမလည်သေးဘဲ လုလင်ပျိုလေးကို ကြည့်ပြီး အဿမုခီဟာ ရှေးဘဝက ကုသိုလ်ကံစေတနာ ရေစက်တွေကြောင့် မဖော်ပြနိုင်တဲ့ ကြီးမားတဲ့ မေတ္တာတွေနဲ့ လုလင်ပျိုလေးကို သံယောဇဉ်တွယ်သွားတာပေါ့။

ဒါနဲ့ လုလင်ပျိုလေး သတိရလာတဲ့အခါ အဿမုခီနဲ့ တစ်ဂူတည်းနေရတဲ့အခါ အတင်းကြောက်လန့်ပြီး ထွက်ပြေးဖို့ ကြိုးစားသေးတာပေါ့။ ဒါပေမဲ့ အဿမုခီရဲ့ ပျော့ပြောင်းစွာ ဆက်ဆံမှုတွေရယ်၊ ထွက်ပြေးလို့ မလွတ်နိုင်တာရယ်ကြောင့် အဿမုခီနဲ့ အတူတကွ နေထိုင်ဖြစ်သွားတာပေါ့။ အဿမုခီကို မချစ်သော်လည်း သူ့ အသက်ချမ်းသာဖို့ကြောင့် မချစ်သော်လည်း အောင့်ကာနမ်းပြီး အတူတကွ နေလိုက်ကြတယ်။

အဲဒီလို အဿမုခီနဲ့ လူသားလုလင် အတူတကွ ပေါင်းသင်းပြီး နှစ်အတော်ကြာတဲ့အခါ ဘီလူးမကြီးမှာ သားယောကျ်ားလေးတစ်ယောက် ဖွားမြင်လာတယ်။

အဿမုခီဟာ သူ့ရဲ့လင်ယောကျ်ားကို ဘုရားသဖွယ်ထားပြီး သားယောကျ်ားလေးကို သခင်လို သဘောထားပြီး ရှာဖွေကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်။ ဒါနဲ့ နှစ်အတန်ကြာတဲ့အခါ အဿမုခီ သားလေး အရွယ်ရောက်လာတဲ့အခါ သူ့သားလေးက စဉ်းစားတယ်။ အဖေနဲ့ အမေဟာ မျက်နှာချင်းလည်း မတူပါလား၊ အဖေက ချောမောပြီး မိခင်က ရုပ်ဆိုးလှပါလားလို့ ဖခင်ကို မေးမြန်းတယ်။

အဲဒီမှာ ဖခင်ကလည်း သူဟာ လူသားစင်စစ်ဖြစ်ပြီး မင်းရဲ့မိခင်ကတော့ လူသားစားဘီလူးမ ဖြစ်ကြောင်း ပြောပြသတဲ့။ အဲဒီအခါမှာ ဘီလူးမကြီးကို သားယောကျ်ားလေးက အလွန်ကြောက်ရွံ့ပြီး မိမိတို့ နေထိုင်တဲ့ လိုဏ်ဂူကြီးကနေ ထွက်ပြေးဖို့ ဖခင်ကို တိုက်တွန်းတော့တယ်။

ဒါကြောင့် မိခင်ဟာ ဘယ်နားအထိ ပိုင်သလဲ၊ ဘယ်လမ်းနားထိ လိုက်လာနိုင်သလဲလို့ ဖခင်ကို မေးတဲ့အခါ ဖခင်က သူ မသိကြောင်း၊ မိခင်သာ သိကြောင်း မိခင်ကို မေးရန်သာ ပြောပြလိုက်တဲ့အခါ သားငယ်ဖြစ်သူက သူ့မိခင်ကို ချော့မော့ပြီး ချစ်စဖွယ်ကောင်းအောင် မေးမြန်းတဲ့အခါမှာ သူ့မိခင်က ဘယ်နေရာ၊ ဘယ်ဒေသအထိ သူပိုင်ဆိုင်ကြောင်း ပြောပြပါတယ်။ ဒါကြောင့် အဲဒီနယ်မြေအတွင်းမှာသာ နေထိုင်ဖို့ သူ့သားငယ်ကို မှာကြားသတဲ့။ ဒီလိုနဲ့ အဿမုခီဟာ သူ့ယောကျ်ားအတွက်ရယ်၊ သူ့သားအတွက်ရယ် အစာရှာဖို့ ထွက်သွားပြန်တယ်။

အဲဒီအခါမှာ သားယောကျ်ားလေးက ဖခင်ဖြစ်သူကို ထမ်းပြီး လိုဏ်ဂူထဲက ထွက်ပြေးတာယ်။ အဲဒါကို အစာရှာထွက်သွားတဲ့ အဿမုခီဟာ အစာရှာရာကနေ နောက်မှ သိရတော့ နောက်ကနေ အမှီလိုက်တာပေါ့။ ဒါပေမဲ့ သူသိလိုက်တဲ့အချိန်မှာ သူ့ယောကျ်ားနဲ့ သူ့သားဟာ သူပိုင်တဲ့ နယ်မြေကိုကျော်ပြီး တခြားတစ်ဖက်ဖြစ်တဲ့ မြစ်တစ်ခုရဲ့ ကမ်းပါးပေါ် ရောက်နေကြပြီ။

အဲဒီမှာ အဿမုခီဟာ ဟိုဘက်လည်း လိုက်လို့



www.burmeseclassic.com

www.burmeseclassic.com

မရစာကြောင့် ငိုယိုပြီး သူ့ကို မကြောက်ဖို့၊ သူ့ဆီ ပြန်လာဖို့၊ အတူတကွနေဖို့ ပြောဆိုအော်ဟစ် တောင်းပန်ပါတယ်။ ဒါပေမဲ့ သားနဲ့ ယောက်ျားကလည်း လူသားနဲ့ ဘီလူး ဘယ်လိုမှ အတူနေထိုင်ဖို့ မဖြစ်နိုင်ကြောင်း ပြောတဲ့အခါမှာ အသသမုခိလည်း သူ့ရင်နဲ့ လွယ်ထားတဲ့ သားရတနာဟာ လူ့ဘောင်လူ့လောက ရောက်တဲ့အခါ ဘယ်သို့ နေထိုင်စားသောက်တတ်ပါ့မလဲလို့ တွေးတောပူပန်မိပြီး ငိုယိုပြီး ထပ်ပြီး ပြောပြန်ပါတယ်။

"သားရယ် အမေ့ဆီ ပြန်မလာချင်လည်း နေပါစေတော့၊ ဒါပေမဲ့ လောကအလယ်မှာ လူ့ဘုံလော၊ ဝမှာ သားမျက်နှာ မငယ်ရအောင် အမေ့စကားကို နားထောင်ပြီးမှ သွားပါ"

လို့ ငိုကြွေးပြီး လှမ်းပြောလိုက်ပါတယ်တဲ့။

ဒီတော့ သားကလည်း အမေ့စကားကို နားထောင်ပါ့မယ်လို့ လှမ်းပြောလိုက်တဲ့အခါ ဘီလူးမ အသသမုခိက…

"သားရေ…အမေ အခု သင်ပေးလိုက်တဲ့ ပညာဟာ မန္တရားပညာလို့ ခေါ်တယ်။ အဲဒီမန္တရားကို ပါးစပ်က ရွတ်ဆိုပြီး စက္ခုအာရုံနဲ့ ကြည့်တဲ့အခါ လွန်ခဲ့တဲ့ (၁၀)နှစ်က ပစ္စည်းပျောက်တွေ သူခိုးက ခိုးယူပြီး ဖွက်ထားတဲ့ ပစ္စည်းတွေ၊ သူခိုးရဲ့ ခြေရာကို မြင်ရပြီး အဲဒီသူခိုးဟာ မည်သူမည်ဝါဖြစ်ကြောင်း သိနိုင်တဲ့ ပညာရပ်"

လို့ ပြောပြီး သူ့ရဲ့သားကို အဲဒီမန္တရားကို အလွတ်ရတဲ့အထိ မြစ်တစ်ဖက်ကမ်းကနေ နှုတ်တိုက်သင်ပေးတယ်။ သားဖြစ်သူ မန္တရားတစ်ခုလုံးကို နှုတ်တိုက်ရွတ်ဆိုနိုင်တဲ့အခါမှာတော့ လူသားစား ဘီလူးမ အသသမုခိလည်း ရင်ကွဲနာကျပြီး မြစ်ရဲ့တစ်ဖက်ကမ်းမှာတင် သေဆုံးသွားတယ်တဲ့။

ဒါနဲ့ပဲ သားနဲ့ ခင်ပွန်းဟာ အသသမုခိ ဘီလူးမကို ကောင်းကောင်းမွန်မွန်နဲ့ မြှုပ်နှံပြီး ဘီလူးမ ဖြစ်ပေမယ့် မိမိရဲ့ သားသမီးရတနာအပေါ် လွန်စွာမေတ္တာထားတဲ့ မေတ္တာရှင်မကြီးတစ်ယောက်ဖြစ်တဲ့အကြောင်း ကျွန်မတို့ကို ကြေကွဲသွားအောင် စကားလုံးလှလှလေးနဲ့ ပြောပြခဲ့ဖူးပါတယ်။

အဲဒီအသသမုခိ သူ့သားလှရတနာကို သင်ပေးတဲ့ မန္တရားလေးကိုတော့ ကျွန်မတို့ကို အဘက ချက်ချင်းမပြောပြခဲ့သေးပါဘူး။ ကျွန်မတို့ကလည်း အဲဒီဂါထာကို မေးတဲ့အခါ နောက်တော့…နောက်တော့…လူစုံရင် နင်တို့ နှုတ်တိုက်ရတဲ့အထိ သင်ပေးမယ်လို့ ပြောခဲ့ပါတယ်။

ကျွန်မတို့က လိုချင်လွန်းလို့ တောင်းယူခဲ့ပါတယ်။ ကျွန်မရဲ့ ချစ်လှစွာသော မိတ်ဆွေတွေ၊ ကျွန်မရဲ့ ချစ်လှစွာသော သားတပည့်၊ သမီးတပည့်တွေ သင်တို့တွေရော မလိုချင်ကြဘူးလား။

………………………………

………………………………

………………………………

………………………………

………………………………

သိပ်ပြီး ချစ်ဖို့ကောင်းသော ကျွန်မတို့ တစ်သက်တာတွင် ဘယ်လိုမှ မေ့လို့မရသော အဘမင်းသိခ်နှင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက နှစ်သစ်ကူးပွဲတော်ကို အောက်မေ့သတိရခြင်း များစွာဖြင့်…..

ချမ်းသာကိုယ်စိတ် မြဲပါစေ

ဒေါက်တာစောယုနွယ်



www.burmeseclassic.com

www.burmeseclassic.com

## သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ်၏ | နည်းစနစ်အတိုင်းဟော.သည့်

# ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရှုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ် မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ ကိုယ့်ကို ဖိနှိပ်ထားတဲ့သူတွေက ပခုံးပေါ် ထမ်းတင်ထားမယ့်အချိန် ဖြစ်ပါတယ်။ ချစ်တဲ့သူတွေလည်း ဝိုင်းဝိုင်းလည်နေတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်မှာ ဖြစ်ပါတယ်။ အလှူအတန်းများ လုပ်ရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ရွှေ ရတနာပစ္စည်းများ ဝင်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ ယခုကာလတွင် ငွေရှာရ လွယ်ကူပေမယ့် စုဆောင်းလို့ မရတာမျိုး ဖြစ်နေတတ်တယ်။ ငွေဝင်လာလျှင် ကိုင်ထားခြင်း၊ စုထားခြင်း မလုပ်ဘဲ ရွှေဝယ်ထားလိုက်ပါ။ ကွဲကွာနေသော မိတ်ဟောင်း၊ ချစ်သူဟောင်းများနဲ့ ပြန်လည်ဆုံတွေ့ရတတ်တယ်။ ငွေကြေးဂရုစိုက်ပါ။ အလိမ်ခံရတတ်တယ်။ မိမိ၏ အောက်လက်ငယ်သားတို့က ဒုက္ခပေးတတ်တယ်။ သစ်၊ သံ၊ သွပ် တစ်ပတ်ရစ်ပစ္စည်းများ လက်မခံပါနှင့်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းပေးရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်ခြင်း၊ အိမ်ရောင်းခြင်းများ မပြုလုပ်သင့်ပါ။ ကားအသစ်တစ်စီး ဝင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှားခြင်း၊ အစာမှားခြင်း ဖြစ်တတ်တယ်။ အဆိပ်ရှိတဲ့အကောင်လည်း ကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၅၊ ၂၃

### အထူးသတိပြုရန်

ယခုကာလတွင် ကိုယ်၊ စိတ်၊ နှုတ် သုံးပါးကို မဖော်မပြန်
ထိန်းသိမ်းနိုင်သူများ တန်ဖိုးကြီးမားသော ဘဝသို့ ရောက်နိုင်ပါတယ်။
ယခုကာလတွင် ဆိတ်သား မစားရ၊ သစ္စာပန်း မထိုးရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်က ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း
ကော်ရည်ခေါက်ဆွဲ(၆)ပန်းကန်၊ ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် တခြားအချိန်တွေနဲ့ မတူဘဲ စည်းစိမ်ဥစ္စာတွေ တိုးတက်လာပြီး လုပ်ဖော်ကိုင်ဖက်တွေကလည်း ကိုယ့်ကို အစစအရာရာ ထောက်ပံ့နေတဲ့အချိန် ဖြစ်ပါတယ်။ စီးပွားတွေလည်း သိသိသာသာ တက်မယ်။ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအဖို့ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပြီး လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ခရီးတွေလည်း သွားရတတ်တယ်။ ထိုခရီးတွေဟာလည်း စိတ်ချမ်းသာစရာ ခရီးများ ဖြစ်တတ်ပါတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် သွားပါ။ သင်တန်းတစ်ခု တက်ရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အိမ်ထောင် ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ အထူးသဖြင့် ဗုဒ္ဓဟူးသားသမီး၊ စနေသားသမီးတို့အတွက် စိုးရိမ်ရတတ်တယ်။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ လူမှုရေး၊ အိမ်ထောင်ရေးကို ဂရုစိုက်ပါ။ ကိုယ့်ကို မလိုမုန်းထား သိက္ခာကျအောင် လုပ်တတ်သူ ပေါ်လာတတ်တယ်။ ဇနီးဖြစ်သူနှင့် အဆင်မပြေဖြစ်ခြင်း၊ စိတ်ဝမ်းကွဲခြင်းကြောင့် ခွဲခွာရတာမျိုး ဖြစ်တတ်တယ်။ လူမှုရေး၊ စီးပွားရေးအနေဖြင့် ပူစရာမရှိပေမယ့် ကျန်းမာရေး ဂရုစိုက်ပါ။ ရုတ်တရက် ထိခိုက်မှုများ ဖြစ်တတ်တယ်။ အသည်းနှင့် ပတ်သက်သော ဝေဒနာများ ဖြစ်တတ်တယ်။ ယာဉ်တိုက်မှု ဖြစ်ခြင်း၊ ရေနစ်ခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့် (၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညွှန့်များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၃၂၊ ၃၅

### အထူးသတိပြုရန်

ရွှေများကွာနေသော ဘုရားရုပ်ပွားတော်တစ်ဆူရှိလျှင် လာဘ်ပိတ်တတ်ပါတယ်။ ရွှေများ ပြန်ချလိုက်ပါ။ ယခုကာလအတွင်း ဆိတ်သား မစားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်းစုံ(၅)မျိုးနှင့် ပေါက်ပေါက်ဆွမ်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာလိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ခရီးဝေးတွေလည်း သွားရတတ်တယ်။ အိမ်ထောင် မရှိသေးသူများ အိမ်ထောင်ကျတတ်တယ်။ ဘာသာရေး များများလုပ်ပေးပါ။ ကုသိုလ်တရား နည်းပြီး အကုသိုလ်တရား များနေလျှင် အမှုအခင်း ကြုံရတတ်တယ်။ ဆေးရုံ ဆေးခန်း ရောက်တတ်တယ်။ မကြာခဏ သက်သတ်လွတ် စားပေးပါ။ ကောင်းကျိုးပေးတဲ့ ကာလဖြစ်လို့ ဝီရိယ အားထုတ်ပါက ချမ်းသာမယ့် အချိန် ဖြစ်ပါတယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်ပုံ၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်မယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရမယ်။ ရပ်ဝေးမှ ဆွေမျိုးသစ်းချင်းများ ရောက်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေ၊ အမွေနှင့် ပတ်သက်၍ စကားပြောရတတ်တယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မြေဝင်လျှင် ကြာသပတေးနံ ပညာရေးနှင့် ပတ်သက်သောပစ္စည်း လှူဒါန်းလိုက်ပါ။ မိတ်ဆွေရင်း၊ လုပ်ဖော်ကိုင်ဖက်တို့က ဒုက္ခပေးတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်သောကာလဖြစ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ အိမ်ကိစ္စတွေကိုတော့ ဒီကာလမှာ မဖြေရှင်းပါနဲ့ဦး။ ကျန်းမာရေးအနေဖြင့် ပါး၊ ပေါင်၊ မျက်စိမှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မျက်စိနှင့် ပတ်သက်ပြီး ခွဲစိတ်ကုသမှု ကြုံရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွှန့်(၁၀)ညွှန့်၊ အုန်းညွှန့်(၆)ညွှန့်၊ ငြိုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၁၊ ၄၆၊ ၆၄၊ ၆၃

### အထူးသတိပြုရန်

ယခုကာလတွင် မိမိ မပိုင်ဆိုင်သောငွေကို လက်မခံပါနှင့်။
လက်ခံလိုက်လျှင် မိမိထံသို့ ဝင်လာမည့်ငွေများ မဝင်ဘဲ ဖြစ်လိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ရှောက်သီးသုပ်တစ်ပန်းကန်(ငရုတ်သီးမထည့်ရ)၊ မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကျန်းမာခြင်း၊ ချမ်းသာခြင်းတွေနဲ့အတူ ဂုဏ်သတင်း မြင့်မယ့်အချိန် ဖြစ်ပါတယ်။ လာဘ်အလွန်ရွှင်ပြီး ဘုန်းတန်ခိုးတက်မယ့်အချိန် ဖြစ်ပါတယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ အလှူအတန်းကိစ္စများ မုချလုပ်ရမယ်။ ယခုကာလတွင် သာမန်အခြေအနေမျိုးမှနေ၍ စီးပွားအရှိန်အဟုန်တက်ကာ အိမ်ပိုင်၊ ကားပိုင် ဖြစ်သွားတတ်တယ်။ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ သင့်အိမ်သို့ ကိုယ်ဝန်ဆောင်သည် ရောက်လာပြီး ညအိပ်ညဥ့်နေလာရောက် တည်းခိုပါက(သို့မဟုတ်)မိမိအိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိခဲ့လျှင် ထီဆုကြီး ပေါက်တတ်ပါတယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သောကာလဖြစ်တယ်။ ယေ်ရွယ်သူတွေအဖို့ အချစ်ရေးကံကောင်းပြီး ချစ်သူနှင့်တွေ့ရတတ်တယ်။ အိမ်ထောင်လည်း ကျတတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ လက်အောက်ငယ်သားများအတွက် သောကရောက်ရတတ်တယ်။ လက်ရှိအလုပ်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်များ ပေါ်လာလိမ့်မယ်။ မပြောင်းပါနှင့်ဦး။ မိမိအားပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ ယခုကာလတွင် ဘာတွေပဲ ဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် မျက်စိအားနည်းတတ်တယ်။ ဦးခေါင်းနှင့် ဝမ်းဗိုက် ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်အဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၇၊ ၂၅၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် ခိုင်မာသော စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထားပါ။ ရရန်ရှိသော အကြွေးများကို ယခုကာလတွင် တောင်းပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း နှင်းကြီးသုပ်(၉)ပန်းကန်(ငရုတ်သီး မထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရတတ်တယ်။ အလုပ်တွေ တစ်ခုပြီး တစ်ခု လုပ်နေရတတ်တယ်။ အကျိုးရှိတဲ့ အလုပ်တွေတော့ မဟုတ်ဘူး။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ အလုပ်ပြောင်းဖို့ စိတ်မကူးပါနဲ့ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ ယခုကာလတွင် စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးတွေမှာ အခက်အခဲတွေနဲ့ ကြုံရတတ်တယ်။ လူလိမ်တွေနဲ့ ကြုံတွေ့ရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရသော ကိစ္စများ ပေါ်လာလိမ့်မယ်။ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်မယ်။ မြေဝင်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီလိမ့်မယ်။ ငယ်ရွယ်သူများအဖို့ အိမ်ထောင်ကျတတ်တယ်။ သားသမီးရတနာများလည်း ထွန်းကားတတ်တယ်။ ယခုရောက်နေတဲ့ ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါနေရင်တော့ ဂရုစိုက်ပါ။ လူများ၏ ခြောက်လှန့်မှု ခံရတတ်တယ်။ ငွေကြေး ဆုံးရှုံးတတ်တယ်။ ကိုယ့်ကို ကူညီနိုင်မယ့်သူတွေက ကိုယ်နဲ့ ဝေးနေတတ်တယ်။ ဆွေမျိုးသားချင်းထဲမှာ နာရေးဖြစ်တတ်တယ်။ မျှော်လင့်မထားဘဲ တိုက်ခန်းတစ်ခန်း ဝင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်၊ ကျော၊ ခြေထောက်များတွင် အနာရောဂါများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၄၅၊ ၄၂

### အထူးသတိပြုရန်

တနင်္လာ၊ သောကြာ နာမည်ပိုင်ရှင်များနှင့် စပ်တူရှယ်ယာ ပြုလုပ်ခြင်းကို ရှောင်ပါ။ လောင်းကစားကိစ္စ၊ အပျော်အပါးကိစ္စများကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် နှင်းဆီ၊ ပျားရည်၊ ထောပတ်များနှင့် ရောစပ်ထားသော နို့ဆွမ်းကို လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်နေကျ လုပ်ငန်းကိုရပ်ပြီး လုပ်ငန်းသစ် ပြောင်းလုပ်ဖို့ စိတ်ကူးတွေ ပေါ်လာတတ်တယ်။ ဒါပေမဲ့ ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ ဝင်စရာရှိတဲ့ ငွေတွေလည်း မဝင်ဘဲဖြစ်နေတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အိမ်ကို ဘိုးတော်တု၊ ဆရာတုများရောက်လာတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် ကောင်းပါတယ်။ အပျိုလူပျိုတွေအဖို့ စန်းပွင့်ပြီး ချစ်သူ ရတတ်တယ်။ ယခုရောက်နေတဲ့ကာလတွင် တပေါင်းလနှင့် ကဆုန်လများ ပါနေရင် ဆုံးရှုံးထားတဲ့ငွေများ ပြန်ရတတ်တယ်။ ရွှေထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်မှ ထွက်သွားတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးပါနှင့်။ မည်သည့်ကိစ္စမဆို တစ်ပိုင်းတစ်စ ဖြစ်နေပြီး အနာခံမှ အသာစံရလိမ့်မယ်။ ပစ္စည်းအသစ်တစ်ခု ဝင်တတ်တယ်။ စက်ရုံတစ်ခု တည်ဆောက်ဖို့ လာရောက်ကမ်းလှမ်းခြင်းမျိုး ကြုံရ တတ်တယ်။ စပ်တူလုပ်မှသာ လုပ်ငန်းတိုးချဲ့ခြင်းများ လုပ်သင့်တယ်။ ပတ်ဝန်းကျင်မှ မိတ်ဆွေ အကူအညီကောင်းများရလျှင် မိမိလုပ်ငန်း အောင်မြင်မှု ရရှိမယ်။ မိသားစုနှင့် ပတ်သက်ပြီး ပြဿနာလေးတွေ ပေါ်တတ်တယ်။ စိတ်တိုင်းမကျမှုလေးတွေ ဖြစ်ရတယ်တယ်။ ဖခင်ဖြစ်သူနဲ့ အတိုက်အခံ ဖြစ်ရတာမျိုး၊ ဖခင်နှင့် ဝေးရာသို့ ထွက်သွားရတာမျိုး ဖြစ်တတ်တယ်။ ယခုရောက် နေတဲ့ကာလတွင် တပေါင်းလနှင့် ကဆုန်လများပါရင် စိတ်ချမ်းသာရပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ် ကိုက်ခဲခြင်း မျိုး ဖြစ်တတ်တယ်။ လေနှင့်ပတ်သက်သော ဝေဒနာ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် တနင်္ဂနွေဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၁၄၊ ၁၃၊ ၃၁၊ ၃၆

**အထူးသတိပြုရန်**

မိမိကိုယ်တိုင် စွန့်စားလုပ်ကိုင်ခြင်းထက် အခွင့်အရေးပေါ်မှ လုပ်ခြင်းသည် အကျိုးကျေးဇူးများစွာ ခံစားပေါလိမ့်မယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဆွမ်းကို ဆီဆမ်း၊ ဆားဖြူး၊ အုန်းသီးစိတ်ထည့်၍ ဆွမ်းအုပ်ဖြင့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် လက်ရှိအလုပ်မှ တခြားအလုပ်ကို ပြောင်းချင်စိတ်ပေါ်တတ်တယ်။ မပြောင်းပါနှင့်၊ လက်ရှိအလုပ်က တော်ပါသေးတယ်၊ နောက်ပြောင်းမယ့်အလုပ်က အကျိုးမပေးပါဘူး။ ကိုယ့်ပတ်ဝန်းကျင်နဲ့ မိသားစုမှာလည်း စိတ်ဝမ်းကွဲမှုများ၊ အမြင်မကြည်လင်မှုများ ဖြစ်ပေါ်တတ်တယ်။ ဘုရားဆင်းတုတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ မရည်ရွယ်သော ခရီးများသွားရတတ်တယ်။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ မနာလိုသူတွေ ပေါများလိမ့်မယ်။ မိမိထက် မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်သောအချိန်ဖြစ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အိမ်ထောင်ဖက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ မကြားချင်တာ စကားများရတတ်တယ်။ အပေါင်းအသင်းတွေကလည်း အားမကိုးရဘဲ ကိုယ့်ကို ဒုက္ခပေးမယ့်သူတွေပဲ ဖြစ်နေတတ်တယ်။ မမျှော်လင့်ဘဲ အမှုအခင်းတွေ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ယခုကာလတွင် ကဆုန်၊ ဝါခေါင်၊ တပို့တွဲလများ ပါနေရင် အနောက်မြောက်အရပ်၊ အရှေ့မြောက်အရပ်သို့ ခရီးမသွားပါနှင့်။ ကျန်းမာရေး ညံ့သွားတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ငွေရတာ နည်းပေမယ့် ထိပေါက်တတ်တယ်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် ကျောဒုက္ခပေးခြင်း၊ ကိုယ်လက်အင်္ဂါ ခွဲစိတ်ခံရခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေ ... 

ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၂၊ ၅၃၊ ၃၅

### အထူးသတိပြုရန်

မနက်စောစောထပြီး သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ပေးပါ။ ယခုကာလတွင် သချိုင်းမြေ မနင်းရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း နှီထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ညစ်စရာကတစ်ဖက်၊ ပျော်စရာကတစ်ဖက် ကြုံတွေ့ရမယ်။ ဆိုးတာပဲဖြစ်ဖြစ်၊ ကောင်းတာပဲဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ ကိုယ်မလုပ်ဘဲ သူများလုပ်ထားတဲ့ ကိစ္စတွေကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ခရီးတွေလည်း မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးထူးစေပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ အသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ အလုပ်၌ ထိခိုက်မှု ဖြစ်တတ်တယ်။ ပြဿနာကြီးစွာ ဖြေရှင်းရတတ်တယ်။ မိမိ၏ လက်အောက်ငယ်သားများက ပြိုင်ဘက်ဆီ ရောက်သွားတတ်တယ်။ ယခုကာလတွင် အစစအရာရာ သတိကြီးစွာထားရန် လိုပါ ...ယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ မိမိပေါင်းသင်းသော သူများ၏ ကဲ့ရဲ့ပြစ်တင်ခြင်း ...ခံရတတ်တယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ဝန်ထမ်းများ ... ဌာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလိမ့်မယ်။ လူမျိုးခြားနှင့် ပတ်သက်သော ...များ အခက်အခဲ တွေ့တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ မထင်မှတ်ဘဲ မြေဝင်တတ်တယ်။ အိမ်ထောင်ရေး ...င်မပြေတာမျိုး ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ရေနွေးပူလောင်ခြင်း၊ မီးဟပ်ခံရခြင်းမျိုး ဖြစ်တတ်တယ်။ ဆေးမှား ...များလည်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေဒေါင့်၌ ...ရှိသော ဘုရားတစ်ဆူ ...နံထောင့်၌ ထန်းညွှန့်(၁၀)ညွှန့်၊ အုန်းညွှန့်(၆)ညွှန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၁၊ ၆၆

### အထူးသတိပြုရန်

- ယခုကာလတွင် မာန်မာနတွေကို ချပါ။ အစားအသောက် စည်းစိမ်မခံပါနှင့်။ အလှူကြီး၊ အတန်းကြီးမျိုး မပြုလုပ်ပါနှင့်ဦး။ အဝတ်အစား နွမ်းနွမ်းဝတ်ဆင်ခြင်းသာ အကောင်းဆုံး ယတြာဖြစ်ပါတယ်။ သူခိုးဝင်တတ်တယ် ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်းညွှန့်(၆)ညွှန့်၊ သီဟိုဠ်(၂၁)ညွှန့်တို့ကို ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ မတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

---

## တနင်္ဂနွေသားသမီးများအတွက်

ငွေရှာရလွယ်သလောက် အဖတ်မတင် ဖြစ်တတ်တယ်။ အများနှင့်ယှဉ်ရင် အောင်မြင်မယ်။ ကွဲကွာနေတဲ့ မိတ်ဆွေဟောင်းတွေနဲ့ တွေ့မယ်။ အောက်လက်ငယ်သား ဒုက္ခပေးမယ်။ လုပ်ငန်းအသစ်များနှင့် ရင်ဆိုင်ရလိမ့်မယ်။

**ယတြာ**

ကလေးများကို မုန့်ကျွေးပါ။

---

## တနင်္လာသားသမီးများအတွက်

သင်တန်းတစ်ခု တက်ရမယ်။ အလုပ်နှင့် ပတ်သက်သော သင်တန်းဖြစ်မယ်။ သင်တန်းတက်ပြီး ရာထူးတိုးမယ်။ အလုပ်နှင့် ပတ်သက်ပြီး ငွေဝင်မယ်။ အောက်လက်ငယ်သား ဒုက္ခပေးမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စပါကလင် ဝယ်တိုက်ပါ။

---



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်ပြောင်း၊ နေရာပြောင်းရမယ်။ အိမ်လည်း ပြောင်းရမယ်။ နေရာကောင်းဖြစ်မယ်။ အိမ်ထောင်ရေး အဆင်ပြေမယ်။ ကွဲကွာနေသူများနှင့် ပြန်ဆုံရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အချိုရည်တစ်ဘူး လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

ငွေအစုလိုက် အပုံလိုက်ဝင်မယ်။ လက်ရှိအခြေအနေထက် အောင်မြင်မယ်။ လူမျိုးခြား နိုင်ငံခြားသားနှင့် အကျိုးပေးမယ်။ အထက်လူကြီးကြောင့် စိတ်ညစ်ရမယ်။ ရွှေထွက်တတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဓာတ်ဗူးတစ်ဘူး လက်ဆောင်ပေးပါ။

---

## ကြာသ၊၊တေးသားသမီးများအတွက်

စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရမယ့်အချိန်ဖြစ်တယ်။ မတည်မငြိမ် လှုပ်ရှားမှုတွေ များနေလိမ့်မယ်။ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး အခက်အခဲ အများကြီး ကြုံရလိမ့်မယ်။ အမွေရသကဲ့သို့ ငွေများ ဝင်နေလိမ့်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

ငွေမဝင်ဘဲ လာဘ်ပိတ်နေမယ်။ အိမ်ထောင်ပြုလျှင် ကံကောင်းမယ့်အချိန်ဖြစ်တယ်။ ချစ်သူရတတ်တယ်။ ပစ္စည်းအသစ်တစ်ခု ဝင်တတ်တယ်။ ရွှေဝယ်မိလျှင် ဇနီး ခင်ပွန်းနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ မည်သည့်ကိစ္စမဆို တစ်ပိုင်းတစ်စ ဖြစ်နေမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို
အုန်းသီးနှင့်လုပ်သောမုန့်
လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

အလုပ်ပြောင်းချင်စိတ်ပေါ်မယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးမယ်။ မနာလိုသူတွေပေါ်မယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ ငွေရတာနည်းပေမယ့် ထီရှုတ်တရက် ပေါက်တတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို
ထောပတ်ပါသောမုန့် ဝယ်ကျွေးပါ။

---

## ရာဟုသားသမီးများအတွက်

စိတ်ညစ်စရာတစ်ဖက်၊ ပျော်စရာတစ်ဖက် ဖြစ်နေမယ်။ ဘာလုပ်လုပ် နှစ်ခါပြန် လုပ်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရမယ်။ မထင်မှတ်ဘဲ ပညာသင်တစ်ခု သင်ကြားရခြင်း ကြုံမယ်။ လက်အောက်ငယ်သားတွေ ပြိုင်ဘက်ဆီ ရောက်သွားမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေသန့်တစ်ဘူး ဝယ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## (၆၆)နှစ်မြောက် မဟာစည် ဩဝါဒခံယူပွဲ

မဟာစည် ဆရာတော်ဘုရားကြီးအား ဦးထိပ်ရွက်ပန်ဆင်ကာ နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာစည် ဩဝါဒခံယူပွဲ (၆၆)နှစ်မြောက်ကို မဟာစည်ရိပ်သာ ကျောင်းကြီး၌ (၂၅-၁၂-၂၀၁၅) မှ (၂၇-၁၂-၂၀၁၅)ထိ (၃)ရက် ကျင်းပရာ တိုင်းနှင့် ပြည်နယ် မဟာစည်တိုက်ခွဲများမှ ကမ္မဋ္ဌာနစရိယ ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်ကြီးများနှင့် တပည့်သာဝကများ စုံညီစွာ တက်ရောက်ခဲ့ပါသည်။ မဟာစည် သာသနာ့နုဂ္ဂဟ အဖွဲ့ချုပ် ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ ဟိတေသီအသင်းအမှုဆောင်များ၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေး အမှုဆောင်နှင့် အသင်းသားများ စုစုပေါင်း (၂၀၀၀) ကျော် နေ့စဉ် တက်ရောက်ကြည်ညို ပူဇော်ကြပါသည်။

ဒီဇင်ဘာ ၂၅၊ ၂၆ ရက်များတွင် ဓမ္မပူဇာတရားပွဲများကျင်းပပြီး (၂၇-၁၂-၂၀၁၅)နေ့တွင် ဥသျှောင်ဩဝါဒစရိယ ဆရာတော်ကြီးများထံမှ အဖွဲ့ကြီး(၃)ဖွဲ့မှ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒခံယူကာ ရေစက်သွန်းချ အမျှပေးဝေပြီး အောင်မြင်စွာ ပြီးဆုံးခဲ့ပါကြောင်း သိရှိရပါသည်။

ဒေါက်တာသက်ဆွေ

## ကော်သ ဗျာကရဏာဗေဒ ပညာရှင်များ၏ ပညာဒါန

ဆရာကြီး ဒေါက်တာမင်းသိန်၏ ပညာအမွေလက်ဆင့်ကမ်းပွဲဖြစ်သော ကော်သ ဗျာကရဏာဗေဒ ပညာရှင်များ၏ ပညာဒါနကို လစဉ်လတိုင်း (၂၅)ရက်နေ့တွင် ဖွင့်လှစ်နေပြီ ဖြစ်ပါသည်။

သင်တန်းအချိန်မှာ ညနေ ၂ နာရီမှ ၅ နာရီအထိဖြစ်ပြီး သင်တန်းနေရာမှာ ဆရာမ ဒေါက်တာ စောယုနွယ်၏ "သာယာရွှေပြည်ဟိန်း ဓာတ်စခန်း" ရှိသော အမှတ်-၂၀၅(က)၊ ပိတောက်-၅ လမ်း၊ မြို့သစ်(၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်တွင် ဖြစ်ပါသည်။

စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းအစမှအဆုံး "အခမဲ့" ဖြစ်၍ သင်တန်း လာရောက်တက်ကြသူများကို လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်များတို့ဖြင့်လည်း ကျွေးမွေးကြောင်း သိရှိရပါသည်။

သင်တန်းတက်ရောက်လိုကြသူများ သင်တန်းပုံစံများကို "သာယာရွှေပြည်ဟိန်း ဓာတ်စခန်း" နှင့် "ဘုန်းရောင်ဂျာနယ်တိုက်"တို့တွင် နံနက် ၁၀ နာရီမှ နေ့လယ် ၃ နာရီအတွင်း လာရောက်ယူနိုင်ကြောင်း သိရှိရပါသည်။

အင်ကြင်း

## (၁၉)ကြိမ်မြောက်၊ ချမ်းအေးဓမ္မစာဆို ပူဇော်ပွဲ ကျင်းပ

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ချမ်းအေးဓမ္မစာဆို ပူဇော်ပွဲကို (၁၉)ကြိမ်မြောက်အဖြစ် မြန်မာသက္ကရာဇ် ၁၃၇၇-ခုနှစ်၊ နတ်တော်လဆုတ်(၁၁)ရက်၊ (၆-၁-၂၀၁၆) ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီက ရန်ကုန်မြို့ ၄၄-လမ်း (အောက်)ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ချမ်းအေးဓမ္မစာဆို ပူဇော်ပွဲတွင် ပူဇော်ခံပုဂ္ဂိုလ်များ ဖြစ်ကြသည့် အရှင်တေဇောသာရ(ထနောင်းကန်)၊ အရှင်သုမင်္ဂလ(စစ်ကိုင်း)၊ အရှင်သံဝရာလင်္ကာရ (ဓမ္မပိယဆရာတော်)၊ ဆရာကြီးအောင်ညွှန့်ဝင်း၊ ဆရာကြီး ဦးလှသိန်းထွဋ်တို့၏ ထေရုပ္ပတ္တိအကျဉ်းနှင့် အတ္ထုပ္ပတ္တိအကျဉ်းတို့အား ချမ်းအေးဓမ္မစာဆို ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဝင်တို့က ဖတ်ကြားကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ကြွရောက်လာကြသူအပေါင်းအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ချမ်းအေးဓမ္မစာဆို ပူဇော်ပွဲကို နှစ်စဉ် ကျင်းပလေ့ရှိပြီး ယခင်နှစ်များက ရဟန်းစာဆို သံဃာတော်ငါးပါး၊ လူစာဆိုပုဂ္ဂိုလ် ငါးဦးတို့အား ရွေးချယ်ပူဇော်ခဲ့ကြသော်လည်း ယခုနှစ်တွင် ဘဏ္ဍာရေး အခြေအနေအရ သံဃာသုံးပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့ကိုသာ အပူဇော်ခံပုဂ္ဂိုလ်များအဖြစ် ရွေးချယ်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ကိုရင်သာခ

www.burmeseclassic.com

www.burmeseclassic.com

## ချောင်းဝဆရာတော်ဘုရားကြီး သက်တော်(၉၈)၊ သိက္ခာတော်(၇၈)နှစ်ပြည့် မွေးနေ့ ရည်စူး ကုသိုလ်



[illegible]

ကျေးရွာရှင် သိဒ္ဓိ မဟိဒ္ဓိရှင် ချောင်းဝဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဂုဏသာမိ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါပြည့် မွေးနေ့အမှတ်တရ ရည်စူး ကုသိုလ်ကောင်းမှု အစုစုတို့ကို (၂၆-၁၂-၂၀၁၅)မှ (၂၇-၁၂-၂၀၁၅)နေ့ရက်များတွင် ရွှေတိဂုံစေတီတော်နှင့် ကြီးငါးကြီး ဆုတောင်းပြည့် မြတ်စွာဘုရား ကျောင်းတော်ကြီးတွင် ပြုလုပ်ခဲ့ကြပါသည်။

ထိုလှူဒါန်းပွဲကို ဦးနန္ဒ+ဒေါ်ခင်သူသူလင်း (စိန်ညီအစ်ကို မိသားစု)၊ သမီး-စောယုနန္ဒာ၊ စောယုနွယ်ဇင်တို့မှ ဦးဆောင်ကာ ကုသိုလ်ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

ကြီးငါးကြီးဘုရားအတွက် တစ်သိန်း၊ ပဌာန်းပွဲအတွက် ငါးသောင်း၊ သံဃာတော်များ နေ့ဆွမ်းကပ်၊ ညောင်ပရိသတ်များကို နံနက်စာကျွေး ပုံတော်၊ ပေါင်မုန့်၊ သပြေညွှန့်၊ ပွဲများ လှူခြင်း ကုသိုလ်ကောင်းမှု အစုစုကို ဆောင်ရွက်ခဲ့ကြပါသည်။

ဆရာမျိုး

## စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲများ ကျင်းပ


မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာရေးဆရာအသင်း ဂုဏ်ထူးဆောင် နာယကဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)နှင့် ဥက္ကဋ္ဌ ဒေါက်တာသက်ဆွေ(ရေနံဆောင်တင်ဆွေ)တို့ ဦးဆောင်ပြီး အမှုဆောင်များသည် မြို့နယ်အတွင်းရှိ အ·ထ·က(၆)ကျောင်းနှင့် အ·လ·က(၂)ကျောင်းရှိ ကျောင်းသူ၊ ကျောင်းသားများအား ပညာပေး ဟောပြောပွဲများကို (၇-၁-၂၀၁၆) မှ (၁၃-၁-၂၀၁၆)နေ့ထိ ကျင်းပပြုလုပ်သွားကြောင်း သတင်းရရှိပါသည်။

ရေနံဆောင်တင်ဆွေ

www.burmeseclassic.com



# သတိပဋ္ဌာန်လမ်း မိသားစု သောကြာပတ် ဝါတွင်း-ဝါပ ဆွမ်းလောင်းအဖွဲ့၏ ဘုရားအနေကဏတင်နှင့် မွေးရုံရေစက်ချ လှူဒါန်းပွဲ
















တာမွေမြို့နယ်၊ မလွှကုန်း ဈေးကြွယ်(က) ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း။ အ·လ·က(၁) တာမွေ ကျောင်းရှေ့တွင် တည်ရှိသော သောကြာပတ် ဝါတွင်း- ဝါပ ဆွမ်းလောင်းအဖွဲ့၏ ဘုရားအနေကဏတင်ခြင်း၊ မွေးရုံရေစက် လှူဒါန်းခြင်းနှင့် အခြားပစ္စည်း၊ ဝတ္ထုငွေ လှူဒါန်းခြင်းအစုစုတို့ စုပေါင်း ရေစက်ချ လှူဒါန်းပွဲကို (၁၉-၁၂-၂၀၁၅)စနေနေ့ နံနက် (၁၀)နာရီအချိန်တွင် သတိပဋ္ဌာန်လမ်း အ·လ·က(၁) တာမွေ ကျောင်းရှေ့၌ရှိသော သောကြာပတ် ဝါတွင်း-ဝါပ ဆွမ်းလောင်း အဖွဲ့မွေးရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

သားငယ်

www.burmeseclassic.com

# အင်္ဂပူမြို့ စံကျောင်းဆရာတော်ကြီး၏ ဝိဇာတ မွေးနေ့မင်္ဂလာ





အင်္ဂပူမြို့ စံကျောင်းဆရာတော်ကြီး၏ (၆၈)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို(၂၅-၁၂-၂၀၁၅) ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

မွေးနေ့အကြိုအဖြစ် (၂၄-၁၂-၂၀၁၅)ရက်နေ့ ည(၇)နာရီခန့်တွင် စံကျောင်းတိုက်ဝင်းအတွင်းရှိ သဒ္ဒမ္မရံသီအေးစေတီတော်ကို ဆီမီး(၁၀၀၀)ဖြင့် ပူဇော်ကြပြီး ဆိုင်းအဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပါသည်။

(၂၅-၁၂-၂၀၁၅) နံနက် ၉း၃၀ နာရီတွင် သုခမ္မာ ပရိယတ္တိ မွေ့ရုံကြီးအတွင်း၌ ဧည့်ပရိသတ်များ စုဝေးပြီး ပင့်ဖိတ်ထားသော ဆရာတော် (၆၈)ပါးလည်း အပူဇော်ခံ ရောက်ရှိခဲ့ကြပါသည်။

ပင့်သံဃာ (၆၈)ပါးအား တစ်ပါးလျှင် ဝတ္ထုငွေ ၁၀၀၀၀ ကျပ်၊ လက်ကိုင်အိတ်၊ မျက်နှာသုတ်ပုဝါ စောင်နှင့် မွေ့စာအုပ်များ။ မွေးနေ့မင်္ဂလာ ယပ်တောင်များကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဟင်္သာတမြို့ ပဲကြီးကျွန်းကျေးရွာနေ ဆရာတော်ကြီး၏ ဒကာရင်းဖြစ်သော ဦးကျော်သန်း+ဒေါ်တိုးမြင့် မိသားစုတို့က ဆရာတော်ကြီးအား ငွေကျပ် (၁၈)သိန်းတန် ကြာသင်္ကန်းကို ဆက်ကပ်သီကွာထပ်၍ ကြွရောက်လာသော ပင့်သံဃာများကို နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်ပရိသတ်များအား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ကိုမိုး(ရွှေပြည်သာ)





www.burmeseclassic.com



အလှူဒါနပြုတဲ့အခါမှာ သန္ဓာ ဒါနဟု ခေါ်သော ချစ်ခင်စေလို၍ ပေးလှူခြင်း ရှိပါ၏။ အလှူဒါန ပြုသူတို့ကို အများသူငါတို့က ချစ်ခင်လေ့ ရှိပါ၏။ ထိုသို့ လာရင်ဖြင့် ပေးလှူတော့မှာပဲ၊ ဒါနရှင်ကြီး လာနေပြီ စသဖြင့် အလှူခံပုဂ္ဂိုလ်တို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၏။

မည်သို့ပင်ဆိုစေ မိမိအလှူဒါနကြောင့် အများသူငါတို့ ကျေနပ်ဝမ်းမြောက်မှုတို့သည် လှူသူတို့၏ ရင်ဝယ် ပီတိပြည့်စေမည်မှာ အမှန်ဖြစ်ကြောင်း ဆိုရမည် ဆိုလျှင်···